
www.foreverspace.com.mm

# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း
No. 181,AUGUST, 2010



## ဒီမိုကရေစီလူ့ဘောင်

## ခေါင်းဆောင်ကောင်း၊ နောက်လိုက်ကောင်းနှင့်

## မြန်မာ့စီးပွားဆဋ္ဌမရိုက်ချက်

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂ ။ ဤစာအုပ်၏ မြန်မာ့စီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

# Editorial

## ဒီမိုကရေစီပန်းတိုင်နှင့် ခေါင်းဆောင်ကောင်း

'အကြီးအမှူးပြုသူ'ဟု အနက်ပေးထားသည့် 'ခေါင်းဆောင်'တို့၏ အရည်အချင်းနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုး သတ်မှတ်ချက်အဖုံဖုံဖြင့် အဓိပ္ပာယ်ကောက်ဖော်ပြလေ့ရှိပါသည်။ မည်သို့သော အဓိပ္ပာယ်သတ်မှတ်ချက်များရှိစေကာမူ လူ့အဖွဲ့အစည်းနှင့် ခေါင်းဆောင်ကောင်းတို့မည်သည် ခွဲခြားထား၍မရသော ခေါင်းနှင့်ပန်းဟုဆိုကဆိုနိုင်ပေသည်။

သမိုင်းတို့မည်သည် လူ့အဖွဲ့အစည်းအသီးသီးအလိုက် ခေတ်ကာလအခြေအနေအလျောက် ပေါ်ထွက်ခဲ့သော ခေါင်းဆောင်တို့၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်အပေါ်မူတည်ကာ သမိုင်းမှတ်တမ်းများ ကိုယ်စီကိုယ်ငှ ရေးထိုးခဲ့ခြင်းဟုဆိုလျှင် မမှားနိုင်ပေ။ သမိုင်းတွင်ပေါ်ထွန်းခဲ့သော ခေါင်းဆောင်ကောင်းများက ဂုဏ်သိက္ခာရှိသော လူ့သမိုင်း၊ လူ့ယဉ်ကျေးမှု မှတ်တမ်းကောင်းများ မော်ကွန်းတင်ခဲ့ကြသည့်နည်းတူ ခေါင်းဆောင်ဆိုးများကြောင့် မဲညစ်ပေကျံသော၊ သွေးရောင်လွှမ်းသော မှတ်တမ်းများအဖြစ် သမိုင်းတွင်ခဲ့ကြသည်ကို တွေ့ရပေသည်။

များစွာထင်ရှားသည်မှာ ခေါင်းဆောင်ကောင်းနှင့်ကြုံရသော လူ့အဖွဲ့အစည်းတို့သည် တည်ဆဲအခြေအနေတစ်ရပ်မှ နောက်တစ်ဆင့်သို့ ဖွံ့ဖြိုးတိုးတက်သွားတတ်ပြီး ခေါင်းဆောင်ဆိုးနှင့်ကြုံရပါက ယင်းအခြေအနေနှင့် ဆန့်ကျင်ဘက်ရလဒ်များ မြင်တွေ့ရတတ်သည်ဆိုသောအချက်ဖြစ်ပါသည်။ ကမ္ဘာ့သမိုင်းနှင့် မြန်မာ့သမိုင်းရှိ ခေါင်းဆောင်များကြောင့်ဖြစ်ပေါ်ခဲ့ရသော အဆိုးအကောင်းမှတ်တမ်းများက ထိုအချက် ခိုင်မာကြောင်း သက်သေပြနေပေသည်။

လက်ရှိကမ္ဘာပေါ်တွင် ကြုံတွေ့နေရသော ရန်လိုမုန်းတီးမှုများ၊ အထင်လွဲသံသယများ၊ ခွဲခြားဆက်ဆံမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ မပြေမလည်ရန်စောင်မှုများ၊ တစ်ဖက်သတ်အပေါ်စီးယူခြင်းများ၊ လွန်လွန်ကဲကဲ အတ္တအကျိုးစီးပွားကာကွယ်မှုများ၊ ဖိနှိပ်ရက်စက်မှုများ၊ ကြီးကြီးကျယ်ကျယ် အကောက်ကြံလိမ်လည်မှုများ၊ အင်အားအလွန်အကျွံသုံး စွက်ဖက်မှုများ၊ မျက်စိစုံမှိတ်ဘက်လိုက်မှုများ စသည့် အနုတ်လက္ခဏာသဘောသည် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ ပြည်သူလူထုကို ကိုယ်စားပြုသော ခေါင်းဆောင်များ၏ အရည်အချင်း ရှိလျှင်ရှိသလောက် အပေါင်းလက္ခဏာဆောင်သော ရလဒ်များအဖြစ်သို့ပြောင်းကာ ပို၍ငြိမ်းချမ်းလာမည်ဖြစ်ပေသည်။

ခေါင်းဆောင်ကောင်းဟု ဆိုလိုက်သည်နှင့် မိမိအကြီးအမှူးပြုထားသော အနိမ့်ဆုံးအသင်းအဖွဲ့အစည်းတစ်ခုမှသည် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခု ထိုမှတစ်ဆင့် လူ့ဘောင်လောကတစ်ခုလုံး အကျိုးအတွက်အထိ အမြင့်ဆုံးထားကာ အဓိကစဉ်းစားလုပ်ဆောင်သူဟု အလိုလို နားလည်သဘောပေါက်ထားကြပြီး ဖြစ်ပေသည်။ ဤအချက်များကိုကြည့်လျှင် လူ့အဖွဲ့အစည်းတစ်ခုအတွက် ခေါင်းဆောင်ကောင်း မည်မျှအရေးကြီးသည်ဆိုမှာ ဆိုဖွယ်မရှိပေ။

နိုင်ငံသူနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကတစ်ခုတည်ဆောက်ရန် ပြင်ဆင်နေဆဲမျက်မှောက်မြန်မာနိုင်ငံတွင်လည်း သက်ဆိုင်ရာနယ်ပယ်အသီးသီးအလိုက်ရှိနေကြသော ခေါင်းဆောင်ကောင်းများ၏ အသိပညာရေချိန်၊ စွမ်းဆောင်ရည်၊ သဘောထားကြီးရင့်ကျက်မှုနှင့် ရှေ့ကိုမြော်မြင်နိုင်စွမ်းတို့ အထူးလိုအပ်နေချိန်ဖြစ်ပါသည်။

မြန်မာနိုင်ငံသား ဒီမိုကရေစီလိုလားသူခေါင်းဆောင်များ အချင်းချင်းအကြားတွင် ဒီမိုကရေစီ၏ အခြေခံအကျဆုံး ဒီမိုကရေစီသဘောတရားကိုပင် လက်တွေ့မကျင့်သုံးနိုင်၊ သဘောထားမကြီးနိုင်ကြသေးလျှင်ကား ဒီမိုကရေစီပန်းတိုင်နှင့် အလှမ်းဝေးနေဦးမည်ဖြစ်ပါကြောင်း။

အယ်ဒီတာ

(၁၅-၇-၂၀၁၀)

www.foreverspace.com.mm

# LIVING COLOR

LIVING COLOR. No.181, AUGUST. 2010.

1 အယ်ဒီတာ့အာဘော်

5 ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

6 ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

7 ယခုလသတင်းအညွှန်း

8 မြန်မာ့စီးပွားရေးသတင်း

22 (14) မျက်နှာဖုံးဆောင်းပါး
ဒီမိုကရေစီလူ့ဘောင်နှင့် ခေါင်းဆောင်ကောင်း၊ နောက်လိုက်ကောင်း — ကျော်ဇေယျာထွန်း

22 (20) မြန်မာ့စီးပွားဆဋ္ဌမရိုက်ချက် — ကျော်ဆန်းမင်း

22 (21) "Policy Maker တွေ ဘောဂဗေဒအသိရှိဖို့လိုတယ်"
စီးပွားရေးပညာရှင် ဒေါက်တာတင်စိုးနှင့် တွေ့ဆုံခြင်း — ကျော်ဆန်းမင်း

22 (24) စီးပွားရေးပညာရှင် ဒေါက်တာမောင်မောင်စိုးနှင့် တွေ့ဆုံခြင်း — ကျော်ဆန်းမင်း

22 (27) "လူတိုင်း အလုပ်လုပ်ခွင့်ပေးဖို့ပဲ"
Myanmar Egress Capacity Building သင်တန်းကျောင်း၏ Program Director ဒေါက်တာနေဝင်းမောင်နှင့်တွေ့ဆုံခြင်း — ကျော်ဆန်းမင်း

30 မြန်မာ့စီးပွားရေးမြင်ကွင်း
စီးပွားရေးမူဝါဒအပြောင်းအလဲနှင့် အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ — ကြူကြူသင်း ၊ မိုးခိုင်

38 ရေချိန်တက်လာသည့် မြန်မာလူငယ်နှင့် စီးပွားရေးအခွင့်အလမ်း — မြနှင်းအေး

46 လမင်းကိုချိန်ပစ်ပါ — ခွန်းသု

50 ပြည်ပသွားသော အနက်ရောင်ဘုရင်မ — အေးကျော့ခိုင်

58 ရန်ကုန် ကုန်စည်ဈေးကွက် — နိုင်မင်းဝေ ၊ ဇာလီကျော်

66 ရက်စွဲမှတ်တမ်း

70 တွေ့ဆုံဆွေးနွေးမှုများ

72 တွေ့ဆုံခြင်း
"အစိုးရရုံးတွေ၊ လုပ်ငန်းတွေမှာ ကိုယ်ကကျွန်ဖြစ်ရင် သခင်တွေက ဘယ်သူလဲ၊ ပြည်သူပဲ"
ပါမောက္ခဒေါက်တာအောင်ထွန်းသက်နှင့် တွေ့ဆုံခြင်း — ကျော်ဇေယျာထွန်း

78 မြန်မာ့စီးပွားရေးအမြင်
နျူကလီးယားစွမ်းအင်နှင့် နိုင်ငံတကာအသွင်အပြင် — မောင်ခေတ်

90 ဦးဆောင်မှု အယူအဆအမှားများ — ပါမောက္ခဒေါက်တာအောင်ထွန်းသက်



www.foreverspace.com.mm

# ပန်းဝါ

LIVING COLOR. No.181, AUGUST. 2010.


94 အောင်မြင်သောကုမ္ပဏီတို့၏ ဝိသေသလက္ခဏာများ

မှူးခန့်စံ

98 ဈေးဝယ်လမ်းညွှန်

100 ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ

စိုးသော်တာ

113 မြန်မာပြည်တွင်လုပ်သည်

114 ဘယ်ပစ္စည်းဘာ့ကြောင့်

118 တစ်ဦးတည်းကိုယ်စားလှယ်

119 ကုန်ဈေးနှုန်း

124 အတွေးအမြင်

တစ်ခါတုန်းကပန်းဂေါ်ဇီ

မြသန်းသန်းနု

128 ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ

မောင်မောင်တင်

134 ကိုယ့်အလုပ် ကိုယ်လေးစားဖို့ လိုပါသည်

ဂျီအောင်ဘန်း

140 လုံခြုံရေးဆိုတာ

ကိုဝမ်း

146 သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၅)

ဦးလှဝင်း (လေသူရဲတစ်ဦး)

152 ဆူပာတိုပြောသည့် သူ့သမိုင်း (၁၃)

တင်ညွန့်




www.foreverspace.com.mm

# Contents


## Board of Editors

**Chief Editor** – ကျော်မင်းဆွေ
**Deputy Chief Editor** – ဇေယျာသူ
**Editor In Charge (Production)** – မင်းဇင်
**Managing Editor** – ကျော်နိုင်
**Senior Executive Editor** – ရဲမင်းဦး
**Executive Editors** – ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ သီရိဇော်
**News Editor** – ကျော်ဆန်းမင်း
**Editors** – လှိုင်းသစ်ဇင်ဝေ၊ မြနှင်းအေး
**Photo Editor** – မိုးကျော်လွင်
**Chief Reporter** – ကျော်ကျော်မင်း
**Senior Reporters** – တင်လင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်
**Research & Development** – ချမ်းငြိမ်းဖြူ
**Editorial Assistant** – ဆွေငြိမ်းအေး၊ ဆုနှင်းဝေ
**Staff Reporters** – အောင်စိုး၊ ကျော်ဇေယျာထွန်း၊ ကျော်မျိုးထွန်း၊ မင်းမျိုး၊ ဇာဏီထွဏ်း၊ ကြူကြူသင်း(မိုးမြေ)
**Freelance Reporters** – Associated News ၊ ဖြိုးဝေစိုး၊ မိုးခိုင်၊ နွယ်နွယ်၊ မင်းသုခိုင်၊ ရဲဝင်းနိုင်၊ ရဲဝင်းနောင်၊ နေလင်းထိုက်၊ အေးကျော့ခိုင်

## DTP Department

**Manager** – မခိုင်
**Assistant Manager** – ၄ဝါခိုင်
**Senior Operator** – အေးမို့မို့အောင်
**Staff Operators** – ချိုချိုဇင်

## Finance Department

**General Manager** – ဖေအောင်ဇင်
**Manager (Admin and Finance)** – စန်းသီတာ
**Deputy Manager (Account)** – ထက်ထက်ငြိမ်း
**Assistant Manager** – နုဝါဝင်း
**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း
**Deputy Manager** – ဖြူဖြူသီ
**Assistant Manager** – စန္ဒာလှိုင်
**Marketing Supervisors** – မင်းအောင်၊ ပြည့်ဖြိုးအောင်
**Marketing Assistant** – လဲ့ရည်ဦး
**Designer** – သိန်းအောင်ထွဋ်
**Receptionist** – ဆုအိန္ဒြေဦး

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**General Manager** – မင်းဇင်
**Manager** – ထက်ခေါင်
**Deputy Manager** – ခင်မျိုးချစ်
**Distribution Assistants** – ဂျက်တူးတူး၊ ထက်အောင်

## Creation Department

**Art Director** – စိုးသော်တာ
**Cover Idea / Design** – ဖေသစ်တည်
**Cover Logo** – အောင်မင်း၊ ဘငွေးကြည်၊ မြင့်မောင်ကျော်
**Illustrator** – ဖေသစ်တည်



## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်
နဝဒေးရပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ဖက်စ်– ၂၄၂၄၂၄၊ ၃၉၃၁၉၂၊
Marketing –၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၇၃၀၃၀၀၄၇၊ ၀၉–၅၁၇၆၈၃၅၊
Distribution –၀၉–၅၁၇၆၈၃၁

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site Link - www. foreverspace.com.mm

Photographer – မိုးကျော်လွင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၇၇၆၀၈၁၀
Circulation – ၁၀၀၀
Distribution Price – ၁၆၅၀ ကျပ်

Copyright – Living Color ( **ကြော်ငြာနှင့်စျေးဝယ်လမ်းညွှန်** )


### ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်စျေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်န်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm



# PRODUCT OF THE MONTH

# ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

ယခုလအကြိုက်ဆုံးကုန်ပစ္စည်းအဖြစ် Myanmar Consolidated Media က ၂၀၁၀ ပြည့်နှစ် ဇွန်လ ၁၁ ရက်မှ ဇူလိုင်လ ၁၃ ရက်နေ့အထိ နေ့စဉ် ပုံနှိပ်ထုတ်ဝေခဲ့သော မြန်မာတိုင်းမ်ကမ္ဘာ့ဖလားနေ့စဉ်သတင်းစာစောင်ကို ရွေးချယ်လိုက်ပါသည်။ မြန်မာနိုင်ငံ၌ အဆိုပါကမ္ဘာ့ဖလားဘောလုံးပွဲစဉ်သတင်းများကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြနိုင်ရန်အတွက် ပုဂ္ဂလိကသတင်းစာစောင်လေးခုကို ထူးခြားစွာ နေ့စဉ်ပုံနှိပ်ထုတ်ဝေဖြန့်ချိခွင့်ပြုခဲ့ရာ မြန်မာတိုင်းမ်ကမ္ဘာ့ဖလားနေ့စဉ်သည် အပြင်အဆင်၊ ဒီဇိုင်းနှင့် တင်ဆက်ပုံကောင်းမွန်ပြီး သတင်းစာဟန် ပီသခြင်း၊ စာအကျအပေါက်နှင့် သတ်ပုံအမှားကင်းစင်ခြင်း၊ ဘောလုံးပွဲသုံးသပ်ချက်ဆောင်းပါးများ ပြည့်စုံကောင်းမွန်ခြင်း၊ နိုင်ငံခြားသားများပါ ဖတ်ရှုနိုင်ရန် အင်္ဂလိပ်ဘာသာဖြင့် သီးခြားဖော်ပြထားခြင်း၊ စောင်ရေအများဆုံးရောင်းချရခြင်း၊ ပုရိသတို့အကြိုက် ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်သတင်းများကိုသာမက ကမ္ဘာ့ဖလားအလှမယ်မြန်မာမော်ဒယ်လ်များကို မငြီးငွေ့ရအောင် ရွေးချယ်ဖော်ပြထားခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ ဘောလုံးပွဲရလဒ်ကို မျက်နှာဖုံးပေါ်၌ ထင်ရှားစွာဖော်ပြထားခြင်း၊ တောင်အမေရိက ဒေသတွင်း ဆက်စပ်သတင်းများကိုပါ ထည့်သွင်းဖော်ပြပေးခြင်း စသည့်အားသာချက်များကြောင့် ယခုကဲ့သို့ ရွေးချယ်လိုက်ရခြင်း ဖြစ်ပါသည်။

**အယ်ဒီတာ**




www.foreverspace.com.mm

## SERVICE OF THE MONTH

# ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

ယခုလအကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် ရန်ကုန်မြို့တွင်းရှိ ခရီးသည်တင်ယာဉ်ရပ်နားရန်နေရာများတွင် အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် ရေးသားဖော်ပြစိုက်ထူထားသော လမ်းညွှန်ဆိုင်းဘုတ်များကို ရွေးချယ်လိုက်ပါတယ်။ ရန်ကုန်မြို့တွင်း ခရီးသွားလာကြသူ ပြည်တွင်း ပြည်ပခရီးသည်များ ရောက်ရှိနေသည့်နေရာ၊ ခရီးသည်တင်ယာဉ်လိုင်းများနှင့် ယင်းတို့၏လမ်းကြောင်းများ၊ မှတ်တိုင်များကို အသေးစိတ်ဖော်ပြထားသဖြင့် လွယ်လင့်တကူခရီးသွားလာနိုင်ကြသောကြောင့် ယခုကဲ့သို့ရွေးချယ်ဖော်ပြရခြင်းဖြစ်ပါသည်။

**အယ်ဒီတာ**




www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလ သတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာ အဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**


ပဲခူးတိုင်းအရှေ့ခြမ်းရှိ မြို့နယ်အချို့တွင် ကြွက်ဝမ်းဖြူများအုပ်စုလိုက်ဝင်ရောက်ဖျက်ဆီးခဲ့

ပျက်စီးဆုံးရှုံးခဲ့ရသောမိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက်

စပါးပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ကြွက်နှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိ

ကြွက်သေများအား အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ဓာတ်ခွဲစစ်ဆေးစေခဲ့ရာမည်သည့်ရောဂါပိုးမျှ မတွေ့ရှိရ

နေပြည်တော် ဇူလိုင် ၉

(သတင်းစဉ်)

ယခုလသတင်းအညွှန်းအဖြစ် ဇူလိုင်လ ၁၀ ရက်နေ့ထုတ် နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပါရှိသော ပဲခူးတိုင်းအရှေ့ခြမ်းရှိ မြို့နယ်အချို့တွင် ကြွက်ဝမ်းဖြူများ အုပ်စုလိုက်ဝင်ရောက်ခဲ့ကြောင်းနှင့် မည်သည့်ရောဂါပိုးမျှ မတွေ့ရှိရကြောင်းသတင်းကို ရွေးချယ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

BUSINESS NEWS

အမှတ် ၁၈၁ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ

## ဧရာဝတီတိုင်း လယ်သမားများသို့ ဘဏ်ချေးငွေ ၃၅ ဘီလီယံ ထုတ်ချေးမည်

**ပုသိမ်၊ ဇူလိုင် ၁**

ဧရာဝတီတိုင်းအတွင်းရှိ လယ်သမားများအတွက် ယခုနှစ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ငွေကျပ် ၃၅ ဘီလီယံ အထိထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ဧရာဝတီတိုင်း) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က လယ်သမားတစ်ဦးလျှင် တစ်ဧက ၂၀,၀၀၀ ကျပ်နှုန်းဖြင့် ၁၀ ဧကအထိ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် ချေးငွေစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်ကို ထုတ်ချေးပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အထူးအထွက်တိုးအောင်စိုက်ပျိုးမယ်ဆိုပြီး လက်မှတ်ထိုးတဲ့သူဆိုရင် ၁၅ ဧကအထိ ထုတ်ချေးပေးတာမျိုးတွေ ရှိပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ယခင်နှစ်က လယ်သမားများအတွက် တစ်ဧက ၁၀၀၀၀ ကျပ်နှုန်းဖြင့် ၁၀ ဧက ချေးပေးခဲ့ပြီး စုစုပေါင်းချေးငွေ ၁၇၂၇၅ ဒသမ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း၊ ချေးငွေထုတ်ချေးရာတွင် လယ်သမားငါးဦး ၊ ၁၀ ဦးကိုစုဖွဲ့၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ချေးငွေအတိုးနှုန်းကိုလည်း တစ်နှစ်ပတ်လုံးအတွက် ၁၀၀ ကျပ်လျှင် ၁၇ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း၊ အဆိုပါချေးငွေနှင့် အတိုးကိုလည်း သီးနှံပေါ်သည့်အချိန်၌ ပြန်လည်ပေးဆပ်ရန် သတ်မှတ်ထားကြောင်း ပုသိမ်မြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တာဝန်ရှိသူတစ်ဦးက ဆိုသည်။



## ခရုတုတ်ငှက်များ အင်းလေးကန်အတွင်း ပြန်လည်ကျက်စား

**ရန်ကုန်၊ ဇူလိုင် ၁၀**

မြေများပေါ်သည်အထိ ရေနည်းပါးလာကာ ရွှံ့နွံတောများပေါ်များလာသောကြောင့် အင်းလေးကန်အပိုင်းတွင်ကျရောက်ကျက်စားလေ့မရှိသော ခရုတုတ်ငှက်များ အုပ်စုလိုက်လာရောက်ကျက်စားလာသည်ကိုတွေ့ရကြောင်း အင်းလေးကန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က ပြောကြားသည်။

၂၀၀၁ ခုနှစ် ငှက်စာရင်းမှတ်တမ်းများအရ အင်းလေးကန်နှင့်ဆက်စပ်ဧရိယာဖြစ်သော သာစည်ကန်နှင့်နဒီကန်တို့တွင် ခရုတုတ် Asian Open Bill၊ ချည်ခင်စွပ် (Stoke) နှင့် အရှေ့တိုင်းကြိုးကြာ (Eastern Sarus Crane) မျိုးစိတ်များ လာရောက်ကျက်စားသည်ကိုတွေ့ရကြောင်း၊ ကြိုးကြာငှက်မျိုးစိတ်များကို နောင်နှစ်များတွင် ဆက်လက်တွေ့ရှိရသော်လည်း ခရုတုတ်ငှက်များမှာ ၂၀၀၂ ခုနှစ်မှ စတင်၍ ၂၀၀၉ ခုနှစ်အထိ တွေ့ရှိရခြင်းမရှိကြောင်း၊ အကြောင်းမှာ ၂၀၀၂ ခုနှစ်မှစ၍ ခရုတုတ်နှင့် ကြိုးကြာငှက်များကျက်စားရာ နဒီကန်နှင့် သာစည်ကန်တို့တွင် ငါးမွေးမြူရေးကန်များ တူးဖော်၍ စီးပွားဖြစ်လုပ်ကိုင်လာကြသဖြင့် ၎င်းတို့အတွက် နေရင်းဒေသများ ပျက်စီးသွား၍ဖြစ်ကြောင်း ၎င်းက ဇူလိုင်လ ၁

www.foreverspace.com.mm



ရက်နေ့ နေပြည်တော်၌ ကျင်းပသော အင်းလေးကန်ပတ်ဝန်းကျင်ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

သို့သော် ခရုတုတ်များကို အင်းလေးကန်တိမ်ကောလာ၍ ရေနည်းမှုဖြစ်စဉ်နှင့်ကြုံတွေ့ရသော ၂၀၁၀ ပြည့်နှစ်တွင် အင်းလေးကန် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဇရိယာအတွင်း၌ ဧပြီလ ၂၂ ရက်နေ့မှစ၍ မေလ ၅ ရက်နေ့အထိ အုပ်စုလိုက် ကျက်စားနေသည်ကို တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့သည်ဟု ၎င်းကဆိုသည်။

ယင်းသို့လာရောက်ကျက်စားရခြင်းမှာ ၂၀၁၀ ပြည့်နှစ်အတွင်း ၎င်းတို့၏ ကျက်စားရာဒေသဖြစ်သော ရွှံ့နွံတောများ အင်းလေးကန်အတွင်း ဖြစ်ပေါ်လာခြင်းကြောင့် လာရောက်ကျက်စားခြင်းဖြစ်သည်ဟု ၎င်းကသုံးသပ်သည်။

အင်းလေးကန်ရေနည်းလာခြင်းကြောင့် နှစ်ထပ်ငှက်ကြည့်စင်အနီးရှိ ထိန်းသိမ်းရေးဇရိယာအတွင်း၌ရေမှော်များထူထပ်စွာ တင်ကျန်ကာ ရွှံ့နွံများဖြစ်ပေါ်လာပြီး စားကျက်မြေပြောင်းလဲဖြစ်ပေါ်လာမှု နှင့်အတူ ရေညှိ၊ ရေမှော်များတွင်နေထိုင်ကျက်စားသော ရေကြက်၊ မယ်ညို၊ ရေဒေါင်း၊ ခရုစုပ်၊ စစ္စလီ၊ ဝေသာလီဗျိုင်း၊ သာယာဝတီဗျိုင်း၊ ကျွဲကျောင်းဗျိုင်းတို့ကို လေ့လာတွေ့ရှိခဲ့ရသည်ဟု စာရင်းများအရ သိရသည်။



**ကန်၏သဘာဝပတ်ဝန်းကျင်ကို စနစ်တကျထိန်းသိမ်းရန် လိုအပ်နေပြီဖြစ်သည်**

အင်းလေးကန်သည် Central Asia Flyway နှင့် South East Asia Flyway တို့အတွင်း ကျရောက်လျက်ရှိပြီး ဆောင်းခိုငှက်မျိုးစိတ် ၉၀ ကျော်အထိ ကျရောက်ကျက်စားရာ ရေချိုရေတိမ်ဒေသတစ်ခုလည်း ဖြစ်သည်။

အင်းလေးကန်တွင် ကြိုးကြာငှက် အပါအဝင် ငှက်မျိုးစိတ်စုစုပေါင်း ၂၄၀ ကျော်၊ ငါးဖိန်း၊ ငါးသဖွဲ၊ ငါးနီစိမ်း၊ ငါးအုံမက်၊ ငါးပုတ်ဆန်းမကြား၊ ငါးဖြူစိမ်း၊ ငါးပြားသမတို့ အပါအဝင်ငါးမျိုးစိတ် ၅၀ မျိုး၊ လိပ်မျိုးစိတ် သုံးမျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၃၀ မျိုး၊ လိပ်ပြာမျိုးစိတ် ၇၀ ကျော်၊ ခရု၊ ဂုံး၊ မျောက်ညို၊ တောယုန်၊ တောခွေး၊ ခွေးအ၊ ကျားသစ်၊ တောကြောင်၊ ရှူးပုံ၊ လင်းဆွဲ၊ ပွေး၊ ကြွက် စသည့် နို့တိုက်သတ္တဝါများ နေထိုင်ကျက် စားလျက်ရှိသည်။

# ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ပြည်တွင်းကိုယ်စားလှယ်ကုမ္ပဏီအချို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများဖြင့် ဈေးကွက်မြှင့်တင်

**သတင်းဆောင်းပါး – အေးကျော့ခိုင်၊ ဓာတ်ပုံ–Lucky Bird Co., Ltd.၊ (၁၂–၇–၂၀၁၀)**

**ကွန်ပျူတာ Keyboard ခလုတ်များကို ရိုက်နေကျ ဒေါ်မေဖြူသွယ်၏လက်များသည် သစ်ပင်စိုက်ရန်အတွက် Myanmar Info-Tech က သတ်မှတ်ပေးထားသော မြေနေရာတွင် တူရွင်းတစ်လက်ဖြင့် တူးဆွနေသည်။ မြေကြီးတူးဆွရသည်မှာ ကွန်ပျူတာ Keyboard ရိုက်သကဲ့သို့ မသွက်လှသော်လည်း ပီတိဖြစ်နေမိသည်မှာအမှန်ပင်။**

ဆော့ဖ်ဝဲ၊ ဟာ့ဒ်ဝဲနှင့် မိုက်ခရိုချစ်ပ်ပြားများကို အလွယ်တကူ အမျိုးအစားခွဲခြားနေကြဖြစ်သော်လည်း ကျွန်းပင်၊ အင်ကြင်း၊ ပျဉ်းမနှင့် အခြား အမျိုးအမည်မသိအပင်အစုံကို သပ်သပ်စီခွဲစိုက်ရန်အတွက်မူ အတန်ပင် စဉ်းစားစီစဉ်ခဲ့ရသည်ဟု ဂျပန်နိုင်ငံအခြေစိုက် တိုရှီဘာနည်းပညာကုမ္ပဏီ၏ ပြည်တွင်းကိုယ်စားလှယ် Lucky Bird ကုမ္ပဏီမှ ဒါရိုက်တာ ဒေါ်မေဖြူသွယ်က Living Color ကို ရှင်းပြသည်။

"တိုရှီဘာရုံးချုပ်ရဲ့ ၂၀၁၀ ပြည့်နှစ် Go Green အစီအစဉ်အရ e-Studio အမှတ်တံဆိပ် Copier မိတ္တူစက်တစ်လုံး ဝယ်သူတိုင်းအတွက် ဒီလိုအပင်တွေစိုက်ပေးတဲ့အစီအစဉ်ကို လုပ်ပေးဖြစ်တာပါ" ဟု

www.foreverspace.com.mm



**ဂေဟာဗေဒစနစ် မယိုယွင်းရန် ထိန်းသိမ်းခြင်းဖြစ်သည်**

၎င်းက ဆိုသည်။

၂၀၁၀ ပြည့်နှစ်အတွင်း တိုရှီဘာ အပါအဝင် နာမည်ရကွန်ပျူတာနှင့် အခြားနည်းပညာပစ္စည်းပြည်တွင်းကိုယ်စားလှယ်ကုမ္ပဏီကြီးအချို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများဖြင့်သာမက သဘာဝပတ်ဝန်းကျင် (Ecosystem) ကို အထောက်အကူပြုစေသော နည်းပညာများကို ၎င်းတို့တင်သွင်းသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများတွင် ထည့်သွင်းပေးရန် သက်ဆိုင်ရာရုံးချုပ်များသို့ အစီရင်ခံတင်သွင်းခြင်းဖြင့်ပါ ဈေးကွက်ဝေစုတိုးမြင့်ရရှိစေရန် ဆောင်ရွက်လာသည်ကို လေ့လာတွေ့ရှိရသည်ဟု မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း (MCIA) မှ ဦးသိန်းထွန်းက ဆိုသည်။

"ASUS အမှတ်တံဆိပ် Notebook တွေမှာ ဘက်ထရီစားတာ သက်သာအောင် Battery Saving Mode နဲ့ တခြား Function တွေထည့်ပေးထားတယ်"ဟု ASUS၏ ပြည်တွင်းကိုယ်စားလှယ် Golden Power Technology မှ ဒါရိုက်တာဦးသန့်ဇော်ထွန်းက ရှင်းပြသည်။ ထို့အပြင် ASUS Notebook များတွင် ဘက်ထရီအချိန်ကို ဆွဲဆန့်ပေးရန်အထောက်အကူဖြစ်သော Quite Mood(အငြိမ်သုံး) ကဲ့သို့ Function များကို ထည့်သွင်းထားကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ eco-function များကို ထပ်မံဖြည့်စွက်ထည့်သွင်းပေးရန်ရှိသော်လည်း သစ်ပင်စိုက်ခြင်း အစီအစဉ်အတွက်မူ စီစဉ်နေဆဲဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ကွန်ပျူတာနှင့် အိုင်တီပစ္စည်းဈေးကွက်အတွင်း နာမည်ရတံဆိပ်များဖြစ်သော Viewsonic ကွန်ပျူတာမော်နီတာ၊ Liteon DVD-ROM၊ ACER နှင့် Canon ကင်မရာတို့မှ ရန်ကုန်မြို့တော်အခြေစိုက် တာဝန်ရှိသူများကလည်း ယခုနှစ် ၂၀၁၀ သည် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP)၏ Year of Biodiversity (ဇီဝမျိုးစုံမျိုးကွဲများနှစ်) ဖြစ်သည့်အတိုင်း သဘာဝပတ်ဝန်းကျင်အတွက် အိုင်တီနည်းပညာဘက်မှ ပြန်လည်ပေးဆပ်ခြင်းအနေဖြင့် သစ်ပင်စိုက်ခြင်း၊ ပူပြင်းသောနေ့များတွင် ရေလှူခြင်းတို့ကို ဝယ်ယူသူများကိုယ်စားဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ရန်ရှိကြောင်း ပြောကြားသည်။

**စီးပွားရေးလုပ်ငန်းတိုင်း ပါဝင်ဆောင်ရွက်သင့်သည်**




ယခုကဲ့သို့နည်းပညာကုမ္ပဏီများအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများဖြင့် ဈေးကွက်အတွင်း အပြိုင်အဆိုင်ဝေစုများပြားအောင်ပြုလုပ်လာခြင်းသည် ကောင်းသောလက္ခဏာဖြစ်ကြောင်း ရန်ကုန်မြို့တော်အခြေစိုက် IBIZ ကုမ္ပဏီ၏ Website ဒီဇိုင်းရေးသူ (Web Designer) ဒေါ်မဥ္ဇူက သုံးသပ်သည်။

"Laptop ပဲဖြစ်ဖြစ်၊ Desktop ပဲဖြစ်ဖြစ် ပစ္စည်းသုံးမရတော့တဲ့အခါ စွန့်ပစ်လိုက်ရတာပဲ။ Laptop က ဘက်ထရီတုံးတို့၊ Desktop ထဲက Motherboard တို့က

www.foreverspace.com.mm

မြေကြီးထဲရောက်သွားရင် မြေဆီမြေလွှာအတွက် အန္တရာယ်ရှိတာပဲ။ အခုလိုသစ်ပင်စိုက်တာတွေ၊ eco-function ထည့်တာတွေ များများလုပ်လေကောင်းလေပဲ" ဟု သူမ၏ အမြင်ကို ပြောဆိုသည်။

Desktop ကွန်ပျူတာများထက်စာလျှင် Laptop ကွန်ပျူတာများက အပူထွက်မှု (Heat Transmission) နည်းသည့်အတွက် Laptop များကို အသုံးပြုမှုများခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် ဖန်လုံအိမ်အာနိသင် (Green House Affect) အတွက် ကောင်းသောလက္ခဏာဖြစ်သည်ဟု စာရေးဆရာမဂျူးက ၂၀၁၀ ပြည့်နှစ်အတွင်းပြုလုပ်ခဲ့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာဟောပြောပွဲတစ်ခုတွင် မှတ်ချက်ပြုပြောကြားခဲ့သည်။

တိုရှီဘာအမှတ်တံဆိပ်နောက်ဆုံးပေါ် Notebook ကွန်ပျူတာများတွင် eco-function သီးသန့်အဖြစ် အစိမ်းရောင်ကီးခလုတ်တစ်ခု ထည့်သွင်းထားကြောင်း၊ အဆိုပါကီးခလုတ်နှိပ်ထားပါက Notebook ၏ ဘက်ထရီမှပါဝါစားမှု သက်သာသွားမည်ဖြစ်ကာ အပူထွက်မှုနှုန်းလည်း သာမန်အချိန်ထက်နည်းသွားရန် စီစဉ်ထားကြောင်း လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာတစ်ဦးလည်းဖြစ်သူ ဒါရိုက်တာဒေါ်မေဖြူသွယ်က ရှင်းပြသည်။

"ကျွန်မတို့ သစ်ပင်စိုက်တဲ့ အစီအစဉ်ကို ဇွန်လ ၂၆ ရက်နေ့မှာလုပ်ခဲ့ပြီး အပင်တွေကို ရေလောင်းတာတို့၊ ခြံခတ်တာတို့ကို



ရေရှည်ပြုပြင်စောင့်ရှောက်ထိန်းသိမ်းရန်လည်း လိုအပ်သည်

အမြဲမပြတ်သွားကြည့်ဖြစ်တယ်။ Myanmar Info-Tech ကပေးသလောက်နေရာမှာပဲ နောက်ထပ်စိုက်ဖို့ရှိတယ်" ဟု ၎င်းကဆိုသည်။ e-studio Copier များဝယ်ယူသူများအတွက် သစ်ပင်များကို အဓိကစိုက်ပျိုးခြင်းဖြစ်ပြီး မိတ္တူကူးစက်မှာ စာရွက်များများ အသုံးပြုဖြုန်းတီးရခြင်းဖြစ်သောကြောင့် ယခုလို စီစဉ်ခြင်းဖြစ်သည်ဟု ၎င်းကထပ်မံပြောဆိုသည်။

ပြည်တွင်း ကွန်ပျူတာကိုယ်စားလှယ်ကုမ္ပဏီကြီးများ၏အဆိုအရ လက်ရှိဈေးကွက်တွင် Laptop များမှာ Desktop များနှင့် ရောင်းလိုအား မကွာဘဲရှိနေပြီး ၄၅ း ၅၅ အချိုးရှိကြောင်း သိရသည်။

ပြည်တွင်းအားကစား၊ ဖက်ရှင်၊ ကျန်းမာရေးနှင့် ၂၀၁၀ ကမ္ဘာ့ဖလားအွန်လိုင်းခန့်မှန်းပြိုင်ပွဲပြုလုပ်ခဲ့သော Myanmar events Website ၏ နည်းပညာအကြံပေးနှင့် IBIZ ကုမ္ပဏီအကြီးအကဲ ဦးဝင်းထွန်းက "အိုင်တီကုမ္ပဏီတွေရဲ့ ဈေးကွက်မြှင့်တင်မှု Model အသစ်ပါ။ ဒါပေမဲ့ သဘာဝပတ်ဝန်းကျင်ကိုဖေးပေးပြီးလုပ်တာမို့ ကြိုဆိုပါတယ်" ဟု သုံးသပ်ပြောကြားသည်။

## နေပြည်တော်တွင် ဟိုတယ်၊ ဈေးဝယ်စင်တာများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်

**ရန်ကုန်၊ ဇွန် ၃၀**

မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုယန္တရားများ ပြောင်းရွှေ့ရုံးစိုက်ရာနေရာဖြစ်သော နေပြည်တော်တွင် ဟိုတယ်နှင့်ဈေးဝယ်စင်တာများအပါအဝင် စီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ထားကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နေပြည်တော် ပုဗ္ဗသီရိမြို့သစ်မြို့အုပ်ချုပ်ရေးရုံးအနီးတွင် ဟိုတယ်နှင့်ဈေးဝယ်စင်တာများ၊ Shopping Complex များ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သဖြင့် မြေနေရာများလာရောက်ကြည့်ရှုလျှောက်ထားနိုင်ကြောင်း၊ ထို့ပြင် ဓါတ်ဆီ... ဓါဝကဆေးဆိုင်ခန်းများဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ဆောက်လုပ်ပြီးဆိုင်ခန်းများရောင်းချခြင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်များ စိစစ်ခွင့်ပြုပေးမည်ဖြစ်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ် အရ သိရသည်။

"စိတ်ဝင်စားရင် မြေနေရာကို အရင်

www.foreverspace.com.mm

လာကြည့်ပြီးမှ ကျန်တာတွေကို ဆက်ဆွေးနွေးရပါမယ်" ဟု နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သို့မဟုတ် နိုင်ငံခြားဖက်စပ်ရင်းနှီးမြှုပ်နှံမှုများကို လက်ခံမှုရှိ၊ မရှိကို ဇွန်လ ၂၈ ရက်နေ့က တယ်လီဖုန်းနှင့် ဆက်သွယ်မေးမြန်းရာတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီတာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားသည်။

အလားတူပင်နေပြည်တော် ဇမ္ဗူသီရိမြို့ရှိ သပြေကုန်းဈေး တောင်ဘက်နှင့် ရှိုင်ရယ်မြန်မာဂေါက်ကွင်းကြားတွင် ဓါတ (ဇီဝက) ဆေးဆိုင်ခန်းများဆောက်လုပ်လျက်ရှိရာ အလျားပေ ၄၀၊ အနံ ဖ၈ ပေ အကျယ်ရှိ နှစ်ထပ်ဆိုင်ခန်းများတွင် ဆေးဝါးနှင့်ပတ်သက်သောလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုလာရောက်ပြုလုပ်နိုင်ကြောင်းလည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီက နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ဖိတ်ခေါ်မှုပြုလုပ်ထားသည်။



ဆောက်လုပ်ရေးပစ္စည်းများ၏ အကြီးမားဆုံးဈေးကွက်ဖြစ်သည်

"ဆေးခန်းလိုမျိုးက ကိစ္စမရှိဘူး။ ဟိုတယ်ဆိုတာမျိုးက ဒေသဆိုင်ရာခွင့်ပြုချက်တစ်ခုတည်းနဲ့ဆောက်လို့မရဘူး၊ ဟိုတယ်/ ခရီးက ခွင့်ပြုချက်တွေကအစ လိုပါတယ်။ စီးပွားရေးတွက်ခြေကိုက်နိုင်ခြေ ရှိ၊ မရှိဆိုတာတွေ အများကြီးထည့်စဉ်းစားပြီးမှ ရင်းနှီးမြှုပ်နှံရတာမျိုးပါ" ဟု ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အဆိုပါဆိုင်ခန်းများတွင် အထူးကုဆေးခန်းများဖွင့်လှစ်နိုင်ရန် စီစဉ်ထားရှိပြီး အပေါ်ထပ်တွင် စမ်းသပ်ခန်းများ၊ နားနေခန်းများ၊ ရုံးခန်းများထားရှိနိုင်ရန် စီစဉ်ထားရှိကာ အောက်ထပ်တွင် ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ရန် စီစဉ်ထားကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

မြေကွက်နှင့် ဆိုင်ခန်းများအနေအထား၊ ဈေးနှုန်းတို့နှင့် ပတ်သက်၍ မေးမြန်းရာတွင်မူ ပြန်လည်ဖြေကြားခြင်း မရှိပေ။

# ချင်းတွင်းရတနာဈေး မီးသင့်ဆိုင်ခန်းများကို ငွေထုတ်ချေးမည်ဟုဆို

**မန္တလေး၊ ဇွန် ၂၄**

မုံရွာမြို့ ချင်းတွင်းရတနာဈေးကြီး မီးလောင်မှု၌ပါဝင်သည့် မီးလောင်ကျွမ်းခံရသော ဆိုင်ခန်းပိုင်ရှင်များကို သက်ဆိုင်ရာက ငွေထုတ်ချေးမည်ဖြစ်ကြောင်း ယင်းဈေးအကျိုးတော်ဆောင်အဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

မီးလောင်မှုအပြီး ဈေးအကျိုးတော်ဆောင်အဖွဲ့၊ ဆိုင်ခန်းပိုင်ရှင်များနှင့် တွေ့ဆုံရာတွင် ဒေသဆိုင်ရာအာဏာပိုင်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

"မြန်မာ့စီးပွားရေးဘဏ်ကပဲလား၊ ပုဂ္ဂလိကဘဏ်တစ်ခုခုကပဲလားဆိုတာတော့ သေချာမသိရသေးဘူး" ဟု ၎င်းက ဆိုသည်။

ချင်းတွင်းရတနာဈေးမီးလောင်မှု၌ အရှေ့ဘက်ခြမ်းအဆောင်ရှိ အပေါ်ထပ်ဆိုင်ခန်း ၂၅၃ ခန်း၊ အောက်ထပ်ဆိုင်ခန်း ၁၅၃ ခန်း၊ စုစုပေါင်း ၄၀၆ ခန်း မီးလောင်ကျွမ်းခဲ့ကာ ယင်းနေရာ၌ အဆောက်အအုံသစ် ပြန်လည်တည်ဆောက်သွားရန်ရှိကြောင်း၊ မီးသင့်ဆိုင်ခန်းပိုင်ရှင်များကို ပြန်လည်ရောင်းချမည်ဖြစ်ပြီး လတ်တလောငွေပေးချေရမည်မဟုတ်ဘဲ အရစ်ကျဖြင့်ငွေပေးချေရမည်ဖြစ်ကြောင်း မုံရွာမြို့ခံများထံမှ စုံစမ်းသိရှိသည်။

"မီးမလောင်ဘဲကျန်ခဲ့တဲ့ အနောက်ဘက်ခြမ်းဈေးဆိုင်တွေကတော့ ဇွန်လ ၆ ရက်နေ့ကစပြီး ပြန်ရောင်းနေပါပြီ" ဟု ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးခင်မောင်ကြည်က ပြောကြားသည်။

အဆိုပါဈေးမှာ ဇွန်လ ၃ ရက်နေ့က မီးလောင်ခဲ့ပြီးနောက် မီးသင့်ဆိုင်ခန်းများကို သုံးနေရာခွဲ၍ နေရာချထားပေးရန် ယာယီစီစဉ်ထားပြီးဖြစ် (သတင်းဖော်ပြပြီး - The Voice Weekly Vol.6/ No.31) သည်။

**Mdy-News**

www.foreverspace.com.mm



# မြန်မာ့စက်မှုလက်မှုဘဏ် ရောင်းရန်ကျန်သည့် အစုရှယ်ယာ ၆၀၀၀ ထပ်မံရောင်းချမည်

**ရန်ကုန်၊ ဇူလိုင် ၃**

မြန်မာ့စက်မှုလက်မှုဘဏ်သည် မတည်ငွေရင်း ကျပ်သန်းတစ်သောင်းသို့ တိုးမြှင့်ခဲ့ပြီးနောက် အစုရှယ်ယာ ၁၄၀၀ စု၊ ကျပ် သန်း ၇၀၀၀ ကို ရောင်းချနိုင်ခဲ့ရာ အပ်နှံငွေများပြည့်မီသွားပါက ရောင်းရန်ကျန်ရှိသည့် အစုရှယ်ယာ ၆၀၀၀ ကို ထပ်မံရောင်းချပေးသွားမည်ဖြစ်ကြောင်း အဆိုပါဘဏ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောကြားသည်။

"ရောင်းပြီးကျန်တဲ့ ကျပ်သန်း ၇၀၀၀ ရဲ့ ၁၀ ဆကို အပ်နှံငွေအဖြစ် လက်ခံမှာဖြစ်တယ်။ အခုအခြေအနေမှာ အပ်နှံငွေပြည့်မီမှုမရှိသေးပါဘူး။ အပ်နှံငွေ ပြည့်မီသွားရင်တော့ ကျန်တဲ့ရှယ်ယာတွေ ထပ်ပြီးရောင်းမှာပါ" ဟု ၎င်းက ဆိုသည်။

ယင်းသို့ အပ်နှံငွေပြည့်မီမှသာ Quality Lone (ပိုင်ဆိုင်မှုပြ အာမခံထားသောချေးငွေ) များကို ထုတ်ချေးသွားနိုင်မည်ဖြစ်သည့်အပြင် အစုရှယ်ယာရှင်များကို အမြတ်ငွေများတိုးပြီး ခွဲဝေသွားနိုင်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။



**အပ်နှံငွေများပြည့်မီပါက ရောင်းချပေးမည်ဖြစ်သည်**

အဆိုပါဘဏ်က ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွက် အစုရှယ်ယာရှင်များကို ကျပ်ငါးသိန်းတန်အစုရှယ်ယာတစ်စုလျှင် ၂၂ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အကျိုးအမြတ်ငွေကျပ် တစ်သိန်းတစ်သောင်းနှစ်ထောင့်ငါးရာကို ဇွန်လ ၂၈ ရက်မှစ၍ ထုတ်ပေးလျက်ရှိကြောင်း၊ ယင်းကိုအမြတ်ငွေ ကျပ်သန်း ၂၃၂၇ ဒသမ ၃၂ မှ ထပ်ဆင့်ခွဲဝေပေးခြင်းဖြစ်ကြောင်း ဆိုပါဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ဖြည့်စွက်ပြောကြားသည်။

# နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် မြစ်ဝကျွန်းပေါ် ဒီရေတောဧက ကိုးသောင်းကျော် ပျက်စီး၊ မူလဒီရေတောများ၏ ၇၅ ရာခိုင်နှုန်းခန့်ပျောက်ပျက်နေခြင်းကြောင့်ဟုဆို

**သတင်းဆောင်းပါး - ကျော်နိုင် ၊ ဓာတ်ပုံ-ကျော်နိုင်၊ မိုးကျော်လွင် (၁၄-၇-၂၀၁၀)**

**မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့တို့တွင် တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် မြစ်ဝကျွန်းပေါ်ဒေသ၌ သဘာဝအလျောက်ကျန်ရှိသည့် ဒီရေတောနှင့် ပြန်လည်စိုက်ပျိုးထားသော ဒီရေတောစုစုပေါင်း ၃၈,၀၀၀ ဟက်တာ (၉၃,၉၀၀ ဧက) ကျော် ပျက်စီးဆုံးရှုံးခဲ့ပြီး လယ်မြေ ၆၃ ရာခိုင်နှုန်းကျော် ပင်လယ်ရေဖုံးလွှမ်းကာ သောက်သုံးရေကန်များ၏ ၄၃ ရာခိုင်နှုန်းပျက်စီးခဲ့ကြောင်း ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) ၏ ၂၀၁၀ ပြည့်နှစ်အတွင်းထုတ်ပြန်သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းမှရရှိသည့် သင်ခန်းစာလေ့လာချက်စာတမ်းတွင် ဖော်ပြထားသည်။**

မုန်တိုင်းဒဏ်ကို အဓိကခံခဲ့ရသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် မြန်မာ့သမိုင်း၌ အဆိုးရွားဆုံးဘေးဒုက္ခကပ်တစ်ခုဖြစ်ပေါ်ခဲ့ပြီး ပြည်သူတစ်သိန်းလေးသောင်းကျော်အသက်ဆုံးရှုံးခဲ့ရသည်။ မုန်တိုင်းမတိုင်မီကပင် တည်ရှိနေသည့် ဒီရေတောများပြုန်းတီးပျက်စီးမှု၊ ရေလုပ်ငန်းကဲ့သို့သော စီးပွားရေးလုပ်ငန်းများက သဘာဝအရင်းအမြစ်များကိုအလွန်အကျွံထုတ်ယူမှု၊ မြေဆီလွှာတိုက်စားမှု စသည့်သဘာဝပတ်ဝန်းကျင်ယိုယွင်းမှု အခြေအနေများသည် နာဂစ်မုန်တိုင်း၏ထိခိုက်မှုများကို ပိုမိုဆိုးရွား

www.foreverspace.com.mm



စေခဲ့ကြောင်း၊ မုန်တိုင်းဒီရေကြောင့် ယခုကဲ့သို့ လူအသေအပျောက် အလွန်များပြားခဲ့ရခြင်းဖြစ်ပြီး ယင်းမှာ မုန်တိုင်းဒဏ်ခံဒေသများ၏ မုန်တိုင်းဒီရေဒဏ်ကို ကြားခံအဖြစ်ဆောင်ရွက်ပေးနေသော မူလဒီရေတောများ၏ ၇၅ ရာခိုင်နှုန်းခန့် ပျောက်ပျက်နေခြင်းက အခြေခံအကြောင်းအရင်းဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်က ဆိုသည်။

နာဂစ်မုန်တိုင်းဒဏ်ကြောင့် မြန်မာနိုင်ငံ၏အကြီးဆုံးစီးပွားရေးမြို့တော်ရန်ကုန်မြို့အပါအဝင် ရန်ကုန်တိုင်းနှင့် မြန်မာနိုင်ငံ၏ အဓိကစပါးကျီဖြစ်သော ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၅၀ ကျော်ထိခိုက်ပျက်စီးခဲ့ပြီး လူဦးရေ နှစ်သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကာ စုစုပေါင်းကျပ် ငါးဘီလီယံကျော်ဆုံးရှုံးခဲ့ရကြောင်း သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ (TGG) က ထုတ်ပြန်ထားသည်။ ယင်းသို့ ဧရာဝတီနှင့်ရန်ကုန်တိုင်းဒေသအတွင်းပျက်စီးဆုံးရှုံးမှုများကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပါအဝင် ရေရှည်ဖွံ့ဖြိုးမှုရရှိစေရေးအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့ရကြောင်း UNEP က ဆိုသည်။


မုန်တိုင်းဒဏ်ကြောင့် သဘာဝဒီရေတော ၁၆,၈၀၀ ဟက်တာခန့်နှင့် ဒီရေတောစိုက်ခင်းဟက်တာ ၂၁,၀၀၀ ခန့် စုစုပေါင်း ၃၈,၀၀၀ ဟက်တာခန့် ပျက်စီးခဲ့ရသည်။ ယင်းဒီရေတောများသည် မုန်တိုင်းတိုက်ခတ်မှုနှင့် မြစ်ရေလျှံတက်ခြင်းတို့မှကာကွယ်ပေးသော သဘာဝအတားအဆီးများဖြစ်ရုံသာမက ဇီဝမျိုးစုံမျိုးကွဲများစွာ မှီတင်းနေထိုင်ရာနှင့် ငါးများဥချရန်နေရာလည်းဖြစ်ကြောင်း သတ္တဗေဒပညာရှင်တစ်ဦးက ပြောကြားသည်။



ဒီရေတောပင်မျိုးစိတ်တစ်မျိုးဖြစ်သည့် အဖိုးတန်ဓနိပင်များ

လူတို့၏ဆောင်ရွက်ချက်များကြောင့် လွန်ခဲ့သည့်နှစ်ပေါင်း ၈၀ ကျော်အတွင်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ၏ ၇၅ ရာခိုင်နှုန်းနီးပါးပျောက်ဆုံးသွားခဲ့ကြောင်း၊ ၁၉၂၄ ခုနှစ်က ဒီရေတောဟက်တာ ၂၆၀,၀၀၀ ခန့်ပေါက်ရောက်ရှင်သန်ခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ဒီရေတော ၆၇,၀၀၀ ဟက်တာခန့်သာ ကျန်ရှိတော့ကြောင်း၊ ဒီရေတောထက်ဝက်နီးပါးမှာ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း သိသိသာသာလျော့ကျခဲ့ခြင်းဖြစ်ကြောင်း၊ ဒီရေတောများပျက်စီးဆုံးရှုံးရသည့်အကြောင်းအရင်းများမှာ အိမ်သုံးရန်နှင့် ဝင်ငွေရလုပ်ငန်းအဖြစ်ပြန်လည်ရောင်းချရန်အတွက် ထင်းနှင့်မီးသွေးထုတ်ရန် သစ်ခုတ်ခြင်းကြောင့်ဖြစ်ကြောင်း၊ အခြားအကြောင်းအရင်းများမှာ စိုက်ပျိုးမြေ၊ ဆားကွင်းနှင့် ပုစွန်ကန်များအဖြစ်ပြောင်းလဲခြင်းနှင့် ကျေးရွာများတိုးချဲ့ထူထောင်ခြင်းတို့ပင်ဖြစ်ကြောင်း (UNEP) ၏မှတ်တမ်းများအရ သိရသည်။

ဒေသခံတို့ကို ဘက်စုံအကျိုးပြုရုံမက အသက်အန္တရာယ်မှပင် ကာကွယ်ပေးခဲ့သည်



မြန်မာနိုင်ငံ၌ ဒီရေတောပင်မျိုးစိတ်အစုံလင်ဆုံးပေါက်ရောက်ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်ထိန်းသိမ်းကာကွယ်ထားသည့် ဘိုကလေးမြို့နယ်အတွင်းရှိ မိန်းမလှကျွန်းသည်ပင် မုန်တိုင်းဒဏ်ကြောင့် ၆၀ရာခိုင်နှုန်းခန့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သစ်တောဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။ ဧရိယာ ၅၂ ဒသမ ၇၈ စတုရန်းမိုင် ၃၃,၇၇၉ ဧကကျယ်ဝန်းပြီး မြန်မာနိုင်ငံ၏ သဘာဝအခြေခံခရီးသွားဒေသ ၁၅ ခုအနက် တစ်ခုအပါအဝင်ဖြစ်သော မိန်းမလှကျွန်းဘေးမဲ့တောတွင် ဆောင်းခိုငှက်များအပါအဝင် ငှက်မျိုးစိတ်

www.foreverspace.com.mm





**နာဂစ်မုန်တိုင်းတိုက်ပြီး တစ်နှစ်အကြာ မိန်းမလှကျွန်းမြင်ကွင်း**

စုစုပေါင်း ၁၁၇ မျိုး၊ လိပ်ပြာ ၃၅ မျိုး၊ သစ်ခွ ၁၁ မျိုး၊ အပင် ၄၁ မျိုး၊ မြွေ ၂၉ မျိုး၊ ပရဆေးပင် ၅၁ မျိုး၊ ရေချိုရေငန်စပ်မိကျောင်း *(Crocodylus porosus)*၊ ဧရာဝတီလင်းပိုင်၊ မျောက်တံငါ၊ မြွေပါ၊ တောခွေး၊ ဖျံ စသည့် သားငှက်တိရစ္ဆာန်များနေထိုင်ကျက်စားကြသည်။

မြစ်ဝကျွန်းပေါ်ဒေသ၌ နာဂစ်မုန်တိုင်းဒဏ်မှလွတ်မြောက်၍ အသက်ရှင်ကျန်ရစ်ခဲ့သူအများစုသည်ဒီရေတောများ၏ အကူအညီနှင့်အကာအကွယ်ကြောင့်ပင်ဖြစ်ကြောင်း ဒေသခံများက တညီတညွတ်တည်း Living Color သို့ ပြောကြားကြသည်။ ပတ်ပတ်လည်တွင် ဒီရေတောရှိနေသောကျေးရွာများသည် ဒီရေတောမရှိသောရွာများထက် အသက်ရှင်ကျန်ရစ်သူနှုန်းပိုမိုများပြားသည်ကိုတွေ့ရှိရသည်။ ရွာသားအများစုသည် ဒီရေတောပင် အထူးသဖြင့် သမဲ့ပင် *(Avicennia)* များကို တစ်ညလုံးဆွဲကိုင်တွယ်ဖက်ထားကြသဖြင့် ဒီရေလှိုင်းဒဏ်မှ လွတ်မြောက်ခဲ့ကြရသည်။ ဒီရေတောမရှိသည့် (သို့မဟုတ်) ပျက်စီးနေသည့်ဒေသများတွင် ကုန်းတွင်းပိုင်းအထိ မုန်တိုင်းဒီရေဝင်ရောက်နိုင်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ၊ နေအိမ်များ၊ လယ်ယာမြေများကို တံမြက်စည်းဖြင့် ရေဆေးချလိုက်သကဲ့သို့ သိမ်းကျုံးဆွဲယူသွားခဲ့သည်။

လူအသေအပျောက်အများဆုံးဒေသဖြစ်သော လပွတ္တာမြို့နယ်အတွင်း ကျေးရွာသားများ စုပေါင်းစိုက်ပျိုးထိန်းသိမ်းထားခဲ့ကြသော ဒီရေတော ၃၆၀ ဟက်တာ (၆၄၀ဧက) ရှိသည့် ကန့်ဗလာတစ်ပင်ကျေးရွာတွင် ရွာသား ၃၀၀ ဦးကျော်ရှိသည့်အနက် မုန်တိုင်းဒီရေကြောင့် ခုနစ်ဦးသာသေဆုံးခဲ့ကြောင်း၊ ထို့အတူ ဒီရေတော ပင်သမဲ့ကြီးစိုက်ခင်းတွင် စိုက်ခင်းလုပ်သားများအဖြစ်လုပ်ကိုင်ကြသည့် ရွာသားများနေထိုင်ရာ ငမွေးတန်းရွာသည် မုန်တိုင်းလမ်းကြောင်းတည့်တည့်တွင် ရှိခဲ့သော်လည်း ရွာသားစုစုပေါင်း၏ သုံးပုံနှစ်ပုံဖြစ်သည့် ၂၀၀ ဦးခန့်မှာ ဒီရေတောပင် အကာအကွယ်ကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) မှ အကြံပေးပုဂ္ဂိုလ် ဦးထွန်းပေါ်ဦးက ဆိုသည်။

ထို့အတူ မုန်တိုင်းဒဏ်ကို ဆိုးဆိုးရွားရွားခံစားခဲ့ရသည့် ဒေးဒရဲမြို့နယ် ကျုံဒါတ်ကျေးရွာအုပ်စု သံဒိတ်မြစ်ဝပင်လယ်ကမ်းခြေအနီးရှိ ဥတို၊ ရေတွင်းကုန်းနှင့် သံဒိတ်ကျေးရွာတို့တွင် မုန်တိုင်းဒဏ်ကြောင့် ရွာသုံးရွာစလုံးရွာလုံးကျွတ်နီးပါးပျက်စီးပြီး လူဦးရေ ၂၀၀ နီးပါးသေဆုံး/ပျောက်ဆုံးခဲ့ရရာ ထူးခြားချက်မှာ ယင်းသေဆုံးသူအားလုံးမှာ ပင်လယ်နှင့်အလှမ်းဝေးကွာသည့် ဥတိုနှင့် ရေတွင်းကုန်းကျေးရွာတို့မှဖြစ်ပြီး ပင်လယ်နှင့်ထိစပ်နေသည့် သံဒိတ်ကျေးရွာမှ တစ်ဦးတစ်ယောက်မှမပါဝင်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် သံဒိတ်ကျေးရွာ၌ မခုတ်ဘဲသဘာဝအတိုင်းကျန်ရှိနေသေးသည့် ဒီရေတောပင်အုပ်စုက ယင်းရွာသားများ၏ အသက်ကို အကာအကွယ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ယင်းကျေးရွာသုံးခုမှ



**ဘိုကလေးမြို့နယ် အမာကျေးရွာ၌ အိမ်မိုးဓနိပြုလုပ်နေသူဒေသခံတစ်ဦး**

www.foreverspace.com.mm

ဒေသခံများအားလုံး ဒီရေတော၏ကျေးဇူးကိုပိုမိုသိရှိပြီး ဒီရေတောပင်ပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နေကြပြီဖြစ်ကြောင်း ယင်းဒေသ၌ ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးလုပ်ငန်းများကိုတာဝန်ယူဆောင်ရွက်လျက်ရှိသော တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်းမှတာဝန်ရှိသူတစ်ဦးက ဆိုသည်။



မြန်မာနိုင်ငံ၌ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများသို့ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့်လူမှုရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသော၊ ဆောင်ရွက်ခဲ့သော



ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း ၂၀၀ နီးပါးရှိခဲ့သည့်အနက် ဒီရေတောပင်များပြန်လည်ပြုစုပျိုးထောင်သည့်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည့်အဖွဲ့အစည်းမှာ လက် ၁၀ ချောင်းပင်မပြည့်သည်ကို တွေ့ရသည်။

"ဒီရေတောတွေက ရေဝတီမြစ်ဝကျွန်းပေါ်ရဲ့ အသည်းနှလုံးပဲ။ နာဂစ်မတိုင်မီကမူလအခြေအနေအတိုင်းပြန်ရောက်ဖို့ကို ငါးနှစ်လောက် စီမံကိန်းတွေချပြီး လုပ်မှရမယ်။ ကျွန်တော်တို့ တစ်ဖွဲ့နှစ်ဖွဲ့နဲ့ မပြီးဘူး။ အားလုံးနဲ့ဆိုင်တယ်" ဟု ဒီရေတောပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသည့် သစ်တောသယံဇာတပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (FREDA)၏ အထွေထွေအတွင်းရေးမှူး ဦးအုန်းက သုံးသပ်ပြောကြားသည်။

# နေပြည်တော် တပ်ကုန်းမြို့ရှိ ကျောင်းရွာသည် လွန်ခဲ့သောနှစ်ပေါင်း ၃၅၀ က တည်ထောင်ခဲ့ဟုဆို

**နေပြည်တော်၊ ဇူလိုင် ၇**

နေပြည်တော် တပ်ကုန်းမြို့ အနောက်မြောက်ဘက် ငါးမိုင်ခန့်အကွာ ယခုလက်ရှိနေပြည်တော်မြန်မာ့အသံနှင့် ပိတောက်မြေအသံလွှင့်ဌာနကြားရှိ ကျောင်းရွာသည် သက်တမ်းနှစ်ပေါင်း ၃၅၀ ခန့်ရှိပြီး တပ်ကုန်းမြို့နယ်အတွင်း ရှေးအကျဆုံး ရွာကြီး ၁၅ ရွာထဲတွင် တစ်ရွာအပါအဝင်ဖြစ်ကာ ဘိုးတော်မင်းမတိုင်ခင် မြန်မာမင်းအဆက်ဆက် နှစ် ၈၀ အကြာ အခွန်ဆက်ခဲ့သည့် ရွာကြီး ၁၅ ရွာအနက် တစ်ရွာဖြစ်ကြောင်း ဘိုးတော်မင်းတရားကြီး၏ စစ်တမ်းစာအုပ်တွင် ဖော်ပြထားချက်အရ သိရသည်။

သက်တမ်း ၃၅၀ ရှိ ကျောင်းရွာသည် အင်းဝခေတ် သာလွန်မင်းတရားကြီး၏သားတော် ပင်းတလဲမင်း၏ အလယ်နန်းမိဖုရားမှမွေးဖွားသော ကိုဉက္ကာ၊ ကိုကံသာတို့ညီနောင်နှစ်ပါးက ကောဇာသက္ကရာဇ် ၁၀၂၄ ခု ခရစ်သက္ကရာဇ် ၁၆၆၂ ခုနှစ်တွင် ဉာဏ်တော်အမြင့် ငါးတောင်ခန့်ရှိ သစ်သားရွှေချာဘုရားတစ်ဆူကို တည်ထားခဲ့ပြီး ယင်းဘုရားနေရာအနီးတွင် ရွာတစ်ရွာကိုပါ တည်ထောင်ခဲ့ကြောင်း၊ ယင်းဘုရားကိုငံ၍ မဟာကလျာဏီသိမ်တော်ကိုတည်ဆောက်ပြီး မဟာကလျာဏီသိမ်တော်သည် ရှင်အရဟံသိမ်သမုတ်ပြီးတည်ထားခဲ့သောသိမ်ကိုးသိမ်တွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ကျောင်းရွာမှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးနိုင်ဝင်းက ပြောပြသည်။

နေပြည်တော်တပ်ကုန်းမြို့ ကျောင်းရွာရှိ ရှေးအကျဆုံးသိမ်တော်တစ်ခုဖြစ်သည့် မဟာကလျာဏီသိမ်တော်ကြီးကို အခြေခံပြီး ယင်းသိမ်အနီးတွင် ဉာဏ်တော်အမြင့် ၁၀ တောင်ရှိ မဟာလောကပါလဘုရားလေးဆူကို တည်ထားခဲ့ကြောင်း၊ ယခုအခါ ယင်းရွာသည် လူနေအိမ်ခြေ ၅၀၀ ခန့်ရှိနေပြီး လူဦးရေ ၂၅၀၀ ကျော်နေထိုင်ကြကြောင်း ဒေသခံတစ်ဦးကပြောကြားသည်။

**မင်းသုခိုင်**

www.foreverspace.com.mm

# ၂၀၀၉-၂၀၁၀ ဝါစိုက်ရာသီ နေပြည်တော်တပ်ကုန်းမြို့နယ် ဝါအများဆုံးထွက်ရှိဟုဆို

**နေပြည်တော် (တပ်ကုန်း)၊ ဇူလိုင် ၇**

မြန်မာနိုင်ငံ၏ ဝါစိုက်ဒေသတစ်ခုဖြစ်သော နေပြည်တော်တပ်ကုန်းမြို့နယ်တွင် ၂၀၀၉–၂၀၁၀ ဝါစိုက်ရာသီအတွင်း ငွေချည် (၆) မိုးနှောင်း ချည်မျှင်ရှည်ဝါပိဿာချိန် သိန်း ၅၀ ကျော် ထွက်ရှိခဲ့ပြီး မြန်မာနိုင်ငံ၌ ဝါအများဆုံးထွက်ရှိခဲ့သည့်မြို့နယ်ဖြစ်ကြောင်း နေပြည်တော်တပ်ကုန်းမြို့ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း ဝါဌာနမှ မန်နေဂျာ ဦးထွန်းညွန့်က ပြောကြားသည်။

နေပြည်တော် တပ်ကုန်းမြို့နယ်တွင်းရှိ ဝါစိုက်ကျေးရွာများတွင် ယခုနှစ် ၂၀၁၀–၂၀၁၁ ခုနှစ် ဝါစိုက်ရာသီ၌ ငွေချည် (၆)၊ မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးဧက ၈၅၀၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး အဆိုပါဝါစိုက်ပျိုးရေးကာလကို ဩဂုတ်လမှ စက်တင်ဘာလထိ သတ်မှတ်ထားရှိကာ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယင်းမြို့နယ်တွင် မိုးကြိုချည်မျှင်ရှည်ဝါနှင့် မိုးလယ်ချည်မျှင်ရှည်ဝါကို မစိုက်ပျိုးကြဘဲ မိုးနှောင်းချည်မျှင်ရှည်ဝါတစ်ခုတည်းသာစိုက်ပျိုးကြကြောင်း၊ ယခုနှစ် ဝါစိုက်ရာသီတွင် နေပြည်တော်တပ်ကုန်းမြို့နယ်တွင်းရှိ ကျေးရွာအုပ်စု ၃၂ အုပ်စု၌ ငွေချည် (၆) မိုးနှောင်းချည်မျှင်ရှည်ဝါကို စိုက်ပျိုးကြကြောင်း၊ ဝါစိုက်ဒေသများအနက် မြောက်မြိုက်၊ အလယ်ကုန်း၊ လက်ပံ၊ ဝွေ့ကြီး၊ အင်ပင်၊ ကြိုးကြာအင်၊ ရှားတော၊ ရေအေး၊ ညောင်ကုန်းအိုင်၊ ခရမ်းစပ် ကျေးရွာတို့တွင် ဧကအများဆုံးစိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယမန်နှစ် ဝါစိုက်ရာသီတွင် နေပြည်တော်တပ်ကုန်းမြို့နယ်တွင်းရှိ ကျေးရွာအုပ်စု ၃၂ အုပ်စု၌ ငွေချည် (၆) မိုးနှောင်းချည်မျှင်ရှည်ဝါ ၇,၈၇၁ ဧက စိုက်ပျိုးခဲ့ပြီး တစ်မြို့နယ်လုံး ပျမ်းမျှဝါထွက်ရှိမှု တစ်ဧက ၈၁၀ ပိဿာ နှုန်းထွက်ရှိခဲ့ကြောင်း၊ ငွေချည် (၆) မိုးနှောင်းချည်မျှင်ရှည်ဝါကို ဝါစိုက်တောင်သူများနှင့် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းဝါဌာန၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာပံ့ပိုးခြင်း၊ သမဝါယမဘဏ်နှင့် စိုက်ပျိုးရေးဘဏ်တို့မှ ငွေချေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြောင်း ဦးထွန်းညွန့်က ပြောကြားသည်။

ယမန်နှစ် ၂၀၀၉–၂၀၁၀ ပြည့်နှစ်က ငွေချည် (၆) မိုးနှောင်းချည်မျှင်ရှည်ဝါများကို နေပြည်တော် တပ်ကုန်းမြို့တွင် ဝါအဝယ်ဒိုင်သုံးဒိုင်ဖွင့်လှစ်၍ ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ လက်ခံဝယ်ယူခဲ့ကြပြီး အမှတ် (၁) စက်မှုဝန်ကြီးဌာနက ဝါပိဿာချိန် ၄၀,၉၈၈ ပိဿာ၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းဝါဌာနက ဝါပိဿာချိန် ၉၇,၀၀၀၊ ပုဂ္ဂလိကကုမ္ပဏီပေါင်း ၃၀ ကျော်က ဝါပိဿာချိန် သိန်း ၅၀ ခန့် ဝယ်ယူခဲ့ကြကြောင်း ဝါတစ်ပိဿာ ၁၀၀၀ ကျပ် ဈေးနှုန်းပေါက်ခဲ့ကြောင်း ယင်းဌာနထံမှ စုံစမ်းသိရှိရသည်။

**မင်းသုခိုင်**

# ပုံတူကြေးသွန်းလုပ်ငန်း သိသာစွာဖွံ့ဖြိုး

**သတင်းဆောင်းပါး – နိုင်မင်းဝေ (၂၆–၆–၂၀၁၀)**

**မြန်မာ့ရိုးရာလက်မှုအနုပညာကြေးသွန်းလုပ်ငန်းသည် အစဉ်အလာအရ ဘုရားဆင်းတုတော်များကို အဓိက သွန်းလောင်းနေခဲ့ရရာမှ လွန်ခဲ့သည့် ငါးနှစ်ခန့်မှစ၍ ပုံတူကြေးသွန်းလောင်းခြင်းကို သိသိသာသာလက်ခံလုပ်ကိုင်နေရကြောင်း မန္တလေးမြို့ တမ္ပဝတီရပ်ကွက်ရှိ ကြေးသွန်းလုပ်ငန်းရှင်များက ပြောကြားသည်။**

ဘုရားမတင်နတ်မဝင် လူတွင်ဆယ်ပွင့်ပန်းဆိုသည့် မြန်မာ့လက်မှုအနုပညာလုပ်ငန်း ၁၀ မျိုးအနက် ကြေးသွန်းလုပ်ငန်းသည် ပန်းတဉ်းလုပ်ငန်းကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်တွင် လုပ်ကိုင်သူ ၂၅၀ ကျော်ခန့်ရှိသည်ဟု ကြေးသွန်းလုပ်ငန်းရှင်များက ဆိုသည်။

"လွန်ခဲ့တဲ့လေးနှစ်က ဆရာဇော်ဂျီ၊ ပြီးတော့ ပုဂံပြတိုက်အတွက် ပျူစောထီး၊ ကျန်စစ်သား၊ ပြီးခဲ့တဲ့နှစ်က ပုဂံဗိုလ်ချို၊ သီတဂူဆရာတော်ပုံသွန်းခဲ့ပြီး အခု ဆရာမြို့မငြိမ်းပုံကြမ်းလောင်းနေတယ်" ဟု တမ္ပဝတီရပ် ပြည့်ဝမြန်မာ့လက်မှု ကြေးသွန်းအနုပညာလုပ်ငန်းမှ ဦးအောင်အောင်မိုးက ဆိုသည်။

လွန်ခဲ့သည့်အနှစ် ၂၀ ကျော် လမ်းစဉ်ပါတီခေတ်က ပုဂ္ဂိုလ်ဆိုင်ရာရုပ်တုများ သွန်းလုပ်ခြင်းတွင် ဗိုလ်ချုပ်အောင်ဆန်းပုံတူများလောက်သာ လုပ်ခွင့်ရှိကြောင်း ၁၉၉၀ ပြည့်နောက်ပိုင်းတွင် အခြားဂုဏ်ပြုထိုက်သူများ၏ရုပ်တုများ ထုလုပ်ခွင့်ရလာကြောင်း မြို့မငြိမ်းနှစ် ၁၀၀ ပြည့် ကြေးသွန်းရုပ်ဖြစ်မြောက်ရေးကော်မတီဝင် စာရေးဆရာဆူးငှက်က ဆိုသည်။

ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ Central Hotel တွင် ဇွန်လ ၁၈ ရက်နေ့က သခင်တင်ဦး၏ ကြေးရုပ်ဖြစ်မြောက်

www.foreverspace.com.mm



**ကမ္ဘဝတီရပ်ကွက်၌ ကြေးသွန်းဘုရားဆင်းတု ထုလုပ်နေသူတစ်ဦး**

ရေးရန်ပုံငွေပွဲကို ကျင်းပခဲ့ပြီး ဂျွန်ဆရာစံ၊ လန်ဒန်အက်ဦးအုန်းမောင်၊ ဆရာပီမိုးနင်း၊ ဦးဘကလေး (ဦးရွှေရိုးအက တီထွင်သူ)၊ ဦးဖိုးစိန်တို့၏ကြေးရုပ်များထုလုပ်ရေးအတွက် အဖွဲ့အစည်းများ လုပ်ဆောင်နိုင်ရန် ရန်ပုံငွေပဒေသာပင် မတည်ပေးခဲ့ကြောင်း သိရှိရသည်။

ဆရာဗိုလ်သခင်အမည်နှင့် စာပေရေးရာ ဆောင်းပါးများလည်း ရေးသားသူ သခင်တင်ဦးက “အိန္ဒိယက လမ်းမတိုင်းလိုလိုပေါ်မှာ အထိမ်းအမှတ်ပုံတူကြေးရုပ်တွေရှိတယ်” ဟု ဆိုသည်။


ကြေးသွန်းလုပ်ငန်းတွင် ပန်းပုပညာသည် အဓိကကျပြီး ပုံကြမ်းဖော်သည့်အခါ မြေနီစေး၊ စပါးခွံ၊ နုန်းမြေ၊ မြေနု၊ မြက်ခြောက်မှုန့်၊ ဖယောင်းတို့ကို အသုံးပြုရပြီး မြေပုံနှင့် ပုံကြမ်းလောင်းရကာ ယေဘုယျအားဖြင့် ဖယောင်းအောက်တွင် မြေမှုန့်ဆင့်၊ ဖယောင်းပေါ်တွင် မြေနှစ်ဆင့်ရှိပြီး မိမိလိုချင်သည့်ကြေးထုသည် ဖယောင်းထုပင်ဖြစ်သည်ဟု ဦးအောင်အောင်မိုးက ပြောကြားသည်။ ပုံတူများသွန်းလုပ်ရာတွင် ရိုးရိုးကြေးရုပ်နှင့် လုပ်ငန်းအဆင့်တူညီသော်လည်း ပုံတူသွန်းရာတွင် အချိန်လနှင့် ချီ၍ယူရကြောင်း၊ အထူးသဖြင့် ပုံတူသွန်းလောင်းမည့်သူ၏ အသက်ရှင်သန်စဉ်က နေထိုင်ပြုမူခဲ့ပုံများနှင့် လုပ်ဆောင်ချက်များပါအောင် ပုံဖော်ရကြောင်း၊ အထူးသဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်၏အဇ္ဈတ္တ (အတွင်းစိတ်သဏ္ဍာန်) ကိုပေါ်လွင်အောင် ပုံကြမ်းဖော်ရကြောင်း၊ ကြေးသည် ပလတ်စတာရုပ်များကဲ့သို့ အရောင်သုံးမရသဖြင့် ပိုမိုလက်ဝင်ပြီး အနုစိတ်ကြောင်း နှစ်ပေါင်း ၄၀ ကျော် ကြေးသွန်းလုပ်ငန်းကို လုပ်ကိုင်သူဦးလှမြင့်က ဆိုသည်။

လက်ရှိ ဆရာမြို့မငြိမ်းပုံကြမ်းပြုလုပ်နေသူ ဦးလှမြင့်က ဆရာဇော်ဂျီကြေးရုပ်သွန်းစဉ်က မျိုးချစ်စာဆိုကြီးဆိုသည့်အသိဖြင့် ပထမပိုင်းတွင် ခပ်မာမာပုံကြမ်းလောင်းထားခဲ့ကြောင်း၊ ဆရာဇော်ဂျီ၏ မိသားစုဝင်များနှင့်တွေ့ပြီးနောက် ဆရာဇော်ဂျီသည် မေတ္တာတရားကြီးမားပြီး အေးချမ်းသိမ့်မွေ့သူ၊ တည်ငြိမ်အေးချမ်းသူဆိုသည့် စရိုက်လက္ခဏာမျိုးရှိ၍ ပုံကြမ်းကိုပြန်လည်ပြုပြင်သွန်းလောင်းခဲ့ကြောင်း ကြေးသွန်းဆင်းတုနှင့် ကြေးသွန်းပုံတူကွာခြားချက်ကို ပြောကြားသည်။

“ပုံနှစ်ပုံကို သေချာကြည့်။ တူတော့



www.foreverspace.com.mm





**ဂုဏ်ပြုထိုက်သူများ၏ရုပ်တုများကို ထုဆစ်ပြုလုပ်ကြခြင်းဖြစ်သည်**

တူတယ်၊ မတူဘူး။ ဒီပုံက ဆရာဇော်ဂျီ သမီးတွေ မျက်ရည်တောင်ကျတယ်" ဟု ဆရာဇော်ဂျီ၏ မြေပုံကြမ်းနမူနာပုံနှစ်ပုံကို ယှဉ်ပြ၍ ဦးလှမြင့်က ဆိုသည်။

ကြေးသွန်းလုပ်ငန်းသည် အိမ်နီးချင်းထိုင်းနိုင်ငံတွင်လည်းရှိပြီး မြန်မာနိုင်ငံ၏ ကြေးသွန်းရုပ်များသည် ဈေးနှုန်းအားဖြင့် ထက်ဝက်ခန့်သက်သာသည်ဟု မြန်မာမှု ကြေးသွန်းလုပ်ငန်း ဦးဝင်းမောင်၏သမီး ဒေါ်ညွန့်ညွန့်ဝင်းက ပြောကြားသည်။

"ပန်းပုက အသားကို ထွင်းထုတ်ပစ်ရတယ်။ ကြေးသွန်းရုပ်ကတော့ ဖယောင်းကို မွေးရတယ်၊ ဖြည့်ယူရတယ်။ လူပုံကတော့ လက်ကအကြောတွေပါအောင်၊ ပေါ်အောင်လုပ်ရတော့ အချိန်ပိုပေးရတယ်" ဟု လက်ရှိအိန္ဒိယစက်မှုပညာရှင်တစ်ဦး၏ ပုံတူကိုသွန်းနေသော ဒေါ်ညွန့်ညွန့်ဝင်းက ဆိုသည်။

ပြည်တွင်းအလှူရှင်များ၊ ပင်လယ်ရပ်ခြား မျိုးချစ်မြန်မာများ၏သဒ္ဓါကြည်ညိုစိတ်ဖြင့် မျိုးချစ်ပုဂ္ဂိုလ်များ၊ ဆရာတော်များ၊ အနုပညာရှင်များ၏ အထိမ်းအမှတ်ရုပ်တုများ ပိုမိုသွန်းလုပ်လာရမည်ဟု ကြေးသွန်းလုပ်ငန်းရှင်များက လက်ခံယုံကြည်ထားကြသည်ကို တွေ့ရသည်။

# ပြည်တွင်း၌ သေဆုံးသောသင်္ဘောသားများပါ လျော်ကြေးငွေ အပြည့်အဝရရှိမည်ဟုဆို

**ရန်ကုန်၊ ဇူလိုင် ၇**

အသက်အာမခံထားရှိသော သင်္ဘောသားများ ပြည်တွင်း၌သေဆုံးခဲ့ပါက လျော်ကြေးငွေထက်ဝက် ကျပ် ၂၅ သိန်းသာ ပေးလျော်ခဲ့ရာမှ ဇူလိုင်လမှ စပြီး ကျပ်သိန်း ၅၀ အပြည့်အဝပေးလျော်တော့မည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းအထွေထွေမန်နေဂျာဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။

ဇူလိုင်လ ၇ ရက်နေ့တွင် ပြုလုပ်သော ဒုတိယအကြိမ် အသက်အာမခံလျော်ကြေးပေးအပ်ပွဲအခမ်းအနားတွင် ပြည်တွင်း၌ သေဆုံးသော သင်္ဘောသားများ အာမခံလျော်ကြေးအပြည့်အဝရရှိစေရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့ ညှိနှိုင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ဒေါက်တာမောင်မောင်သိမ်းက ထပ်မံပြောကြားသည်။

သင်္ဘောသားအသက်အာမခံအတွက် ပရီမီယံကြေးမှာ နှစ်သောင်းငါးထောင်ကျပ်ဖြစ်ပြီး သေဆုံးမှုဖြစ်ပွားပါက လျော်ကြေးငွေသိန်း ၅၀ ဖြစ်သည်ဟု အာမခံလျော်ကြေးငွေရရှိသူတစ်ဦးက ဆိုသည်။

မြန်မာ့အာမခံလုပ်ငန်းမှ ၂၀၁၀ ပြည့်နှစ် ဇွန်လအတွင်း အာမခံလျော်ကြေးအဖြစ် ကျပ်သိန်း ၆၄၃ သိန်း ပေးလျော်ခဲ့ကြောင်း မြန်မာ့အာမခံလုပ်ငန်း၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

■

www.foreverspace.com.mm



# နာဂစ်ဒဏ်ခံဒေသ ကျန်းမာရေးဌာနများ လူတစ်သိန်းခွဲလိုအပ်ချက်ဖြည့်နိုင်ဟုဆို

**ရန်ကုန်၊ ဇွန် ၂၆**

နာဂစ်မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းရှိ မြို့နယ် ၁၂ မြို့နယ်တွင်တည်ဆောက်ပြီးစီးခဲ့သည့် ကျေးလက်ကျန်းမာရေးဌာန ၂၄ ခုသည် ယင်းဒေသရှိ လူပေါင်းတစ်သိန်းခွဲ၏ ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သည်ဟု ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ ထုတ်ပြန်ချက်ရ သိရသည်။

အဆိုပါကျေးလက်ကျန်းမာရေးဌာနများတွင် လိုအပ်သည့်ဆေးဝါးများ ရနိုင်ပြီး သားဖွားခန်းသီးသန့်ပါရှိကြောင်း၊ သားဖွားခုတင်၊ ဆေးပစ္စည်းကိရိယာများ၊ ဆေးဝါးနှင့် အရေးကြီးမှတ်တမ်းများ ထားရှိရန် ဗီရို စသည့် ပရိဘောဂများ အပြင် မီးစက်တစ်လုံးစီလည်းပါရှိကြောင်း UNICEF မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယင်းဒေသ ကျေးလက်ကျန်းမာရေးဌာနဖြည့်ဆည်းမှုများနှင့်ပတ်သက်၍ "မလုံလောက်ဘူး။ ကျန်းမာရေးဝန်ထမ်းတွေ၊ ဆေးဝါးတွေ လုံလုံလောက်လောက် ဖြည့်ဆည်းပေးရမယ်။ ဖြစ်နိုင်ရင် အခမဲ့ကုသခွင့်ရရှိအောင် စီစဉ်ပေးနိုင်ရင်ကောင်းမယ်" ဟု နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ယင်းဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးနေသော တက္ကသိုလ်များ ခြေလျင်တောင်တက်အသင်းဆေးကုသပေးရေးအဖွဲ့တာဝန်ခံက ဆိုသည်။

နာဂစ်မုန်တိုင်းပြီးနောက် စီးပွားရေးအဆင်ပြေရေး အာရုံစိုက်နေရခြင်းကြောင့် ကျန်းမာရေးကို ဂရုမစိုက်နိုင်ကြောင်း၊ အခြေခံကျန်းမာရေးအသိပညာအားနည်းနေပြီး အခပေးကုသသည့် ဆေးပေးခန်းများကိုမသွားနိုင်ကြကြောင်း၊ အများစုသည် ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးဌာနများနှင့် အလှမ်းဝေးသည့်နေရာများတွင် နေထိုင်ကြကြောင်း ၎င်းက ရှင်းပြသည်။

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းရှိ နာဂစ်မုန်တိုင်းသင့်လူဦးရေမှာ စုစုပေါင်း နှစ်သန်းခန့်ရှိကြောင်း PONJA (Post-Nargis Joint Assessment) အစီရင်ခံစာအရ သိရသည်။

# မြန်မာရုပ်ရှင်ဇာတ်ကားတွင် ကြော်ငြာများကို တိုက်ရိုက်ပြကွက်များဖြင့် ထည့်သွင်းရိုက်ကူးပြသ

**ရန်ကုန်၊ ဇွန် ၁၃**



မြန်မာရုပ်ရှင်ဇာတ်ကားများ၌ ကုန်ပစ္စည်းကြော်ငြာများကို တိုက်ရိုက်ပြကွက်များဖြင့် ထည့်သွင်းပြသမှုများ ရှိလာကြောင်း ရုပ်ရှင်ကြည့်ပရိသတ်များနှင့် ရုပ်ရှင်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

ယခင်က ရုပ်ရှင်၊ ဗီဒီယိုကားများတွင် ကုန်ပစ္စည်းများကို မသိမသာထည့်သွင်းကြော်ငြာရိုက်ကူးရာမှ ယခုအခါ ယင်းသို့ ထည့်သွင်းလာခြင်းဖြစ်ကြောင်း ၎င်းတို့ထံမှ သိရှိရသည်။

လက်ရှိသမ္မတရုပ်ရှင်ရုံ၌ ရုံတင်ပြသလျက်ရှိသည့် ဆွေတစ်ရာမောင်တစ်ကျိပ် ရုပ်ရှင်ဇာတ်ကား၌ ဆူပါကော်ဖီမစ်နှင့် ဖူဂျီဆပ်ပြာကြော်ငြာများကို တိုက်ရိုက်စကားလုံးများသုံးကာ ကြော်ငြာခြင်းများပင်ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါဇာတ်ကား၌ပင်

www.foreverspace.com.mm

အခြားကုန်ပစ္စည်းများဖြစ်သည့် ဝမ်းတီး နဲ့ဆီ၊ My Boy နဲ့ဆီနှင့် အဖော် (ကွန်ဒုံး) စသည့် ကုန်ပစ္စည်းများကိုလည်း သွယ်ဝိုက်ကြော်ငြာခြင်းများပြုခဲ့ကြောင်း၊ ယင်းဇာတ်ကား၌ ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သည့် အဆိုတော်အေးသင်ချိုဆွေ၏ အခန်းမှာ ဖူဂျီဆပ်ပြာကြော်ငြာအတွက် သီးသန့်ဇာတ်ရုပ်အဖြစ် ပါဝင်ခဲ့ခြင်းသာ ဖြစ်ကြောင်း၊ ထို့အတူ သရုပ်ဆောင် ခန့်စည်သူမှာလည်း ဆူပါကော်ဖီမစ်၊ My Boy နဲ့ဆီနှင့် အဖော် (ကွန်ဒုံး) စသည့်ကုန်ပစ္စည်းကြော်ငြာများရိုက်နှိပ်ထားသော အင်္ကျီများဝတ်ဆင်၍ သွယ်ဝိုက်ကြော်ငြာမှုများပြုလုပ်ပေးသည်ကို တွေ့ရကြောင်း အသက်သုံးဆယ်ဝန်းကျင်အရွယ်ရှိ ရုပ်ရှင်ဝါသနာရှင်တစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့ ရုပ်ရှင်ဇာတ်ကားကြီးများ၌ပါ ကြော်ငြာကို သိသိသာသာဖော်ပြလာခြင်းကို စိတ်ပျက်မိကြောင်း၊ စီးပွားရေးသဘောအရ ကုန်ပစ္စည်းကြော်ငြာများကို လက်ခံရိုက်ကူးရသည်ဟုဆိုသော်လည်း ယခုကဲ့သို့ ကြော်ငြာတိုက်ရိုက်ပြကွက်များကို ထည့်သွင်းပြသလာခြင်းသည် ရုပ်ရှင်ကြည့်ပရိသတ်ကို အလေးအနက်မထားရာ ရောက်ကြောင်း၊ ဇာတ်လမ်းနှင့် ဆက်စပ်မှု မရှိသည့် ကြော်ငြာကဏ္ဍကို ပြကွက်တစ်ကွက် သီးသန့်နေရာပေးတင်ဆက်မှုမှာ ဇာတ်လမ်း၏ အနှစ်သာရကိုလည်း ထိခိုက်မှုရှိကြောင်း ၎င်း၏အမြင်ကိုပြောကြားသည်။

ယင်းကဲ့သို့ ရုပ်ရှင်ဇာတ်ကားများ၌ ကုန်ပစ္စည်းကြော်ငြာများ ကြားညှပ်ရိုက်ကူးခြင်းသည် မြန်မာရုပ်ရှင်ဇာတ်ကားများတွင်သာမက နိုင်ငံတကာရုပ်ရှင်ဇာတ်ကားများ၌လည်း ရိုက်ကူးပြသမှုများရှိကြောင်း၊ သို့ရာတွင် ပရိသတ်သိသာမြင်သာရှိစေမည့် တိုက်ရိုက်ပုံစံရိုက်ချက်မှာ မည်သည့်နိုင်ငံရုပ်ရှင်တွင်မျှမရှိကြောင်း၊ သွယ်ဝိုက်ရိုက်ကူးကြော်ငြာမှုသာရှိကြောင်း၊ ယင်းကဲ့သို့ ရုပ်ရှင်ဇာတ်ကားများအကြား ကြော်ငြာထည့်သွင်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက် တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်းမရှိသော်လည်း ရုပ်ရှင်ဇာတ်ကားများအကြား ကြော်ငြာထည့်သွင်းမှုမှာ ပရိသတ်လက်ခံနိုင်သည့်အတိုင်းအတာတစ်ခုထိသာ ဖော်ပြသင့်ပြီး အလွန်အကျွံမဖော်ပြသင့်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“မြန်မာဇာတ်ကားမှာဆိုရင် ပဌလက်ရင်ခွင်ဇာတ်ကားမှာ ဒွေးနဲ့ ထက်ထက်မိုးဦးက Aphrodite အလှကုန်ပစ္စည်းကုမ္ပဏီရဲ့ဝန်ထမ်းတွေအနေနဲ့ အဲဒီကုန်ပစ္စည်းကို ကြော်ငြာပါးပါးလေးလုပ်သွားတာရှိတယ်။ အဲဒီလိုကြော်ငြာပါးပါးလေးရိုက်ပြသွားတဲ့ ကားတွေ အများကြီးပဲ။ နိုင်ငံခြားကားမှာဆိုလည်း ဂျိန်းစ်ဘွန်းဇာတ်ကား၊ So Close ဇာတ်ကားတွေမှာ ကုန်ပစ္စည်းကြော်ငြာတွေ ထည့်ရိုက်သွားကြတာပဲ။ ဒါပေမဲ့ ကြော်ငြာကတော့ ကြော်ငြာပေါ့၊ ရုပ်ရှင်ကတော့ ရုပ်ရှင်ဖြစ်ရမှာပေါ့။ တိုက်ရိုက်ပြတာတော့ ဘယ်မှာမှမရှိဘူး။ အတိုင်းအတာတစ်ခုထိပဲ ကောင်းတယ်။ လွန်လွန်ကျူးကျူးဖြစ်လာရင်မကောင်းဘူး” ဟု မြန်မာရုပ်ရှင်ဇာတ်ကားများအကြား ကြော်ငြာများကို တိုက်ရိုက်စကားလုံးများဖြင့် သုံးနှုန်းရိုက်ကူးလာမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အစည်းအရုံးတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ဆွေတစ်ရာမောင်တစ်ကျိပ် ရုပ်ရှင်ဇာတ်ကားကို ဇာတ်ညွှန်းရေးပေးခဲ့သည့် ဒါရိုက်တာမောင်သီအနေဖြင့် ကုန်ပစ္စည်းကြော်ငြာကို တိုက်ရိုက်ဖော်ပြသည့် ဇာတ်ညွှန်းရေးပေးခြင်းမှာ လက်ရှိသမ္မတရုပ်ရှင်ရုံ၌ပြသနေသည့် ဆွေတစ်ရာမောင်တစ်ကျိပ်ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ညွှန်းမှာ

# အရှည်ဆုံးတံတားဖြစ်လာမည့် ဧရာဝတီတံတား (ပခုက္ကူ) ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အပြီးတည်ဆောက်မည်ဟုဆို

**ရန်ကုန်၊ ဇွန် ၁၄**

မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားဖြစ်လာမည့် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၀–၂၀၁၁ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ဇွန်လ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပါရှိသည်။

အဆိုပါတံတားကြီးကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဧရာဝတီမြစ်ကိုဖြတ်ကာ ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်နှင့် ပခုက္ကူမြို့ကို ဆက်သွယ်ထားခြင်းဖြစ်ကြောင်း၊ တံတားကြီးသည် အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်လမ်းမကြီး (India-Myanmar-Thai Tripartite Highway)ပေါ်တွင် တည်ရှိမည်ဖြစ်ကြောင်း၊ ယခုအခါ လုပ်ငန်းပြီးစီးမှု အခြေအနေမှာ ၄၁ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာတွင် ဖော်ပြပါရှိသည်။

ဧရာဝတီတံတား(ပခုက္ကူ) သည် ရထားလမ်းနှင့် ကားလမ်းပါရှိမည့် တံတားဖြစ်ပြီး ကားလမ်းတံတားအရှည် ၁၃,၄၆၅ ပေနှင့် ရထားလမ်းအရှည် ၁၉,၄၅၇ ပေ ရှိမည်ဖြစ်ကြောင်း၊ ပင်မတံတားအရှည်မှာ ၁၁,၄၃၁ ပေရှိပြီး အကျယ် ၂၈ ပေရှိ နှစ်လမ်းသွားကားလမ်း၊ အကျယ် ၁၄ ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် အကျယ် သုံးပေသုံးလက်မရှိ လူသွားလမ်းတို့ပါရှိမည်ဖြစ်ကြောင်း၊ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံတွင် လက်ရှိအရှည်ဆုံးတံတားမှာ သံလွင်တံတား (မော်လမြိုင်) ဖြစ်ပြီး ၁၁,၅၇၅ ပေ ရှည်လျားသည်။

www.foreverspace.com.mm

ပထမဆုံးဇာတ်ညွှန်းဖြစ်ကြောင်း၊ အခြားသောဇာတ်ညွှန်းများ၌ ကြော်ငြာခပ်ပါးပါး ပုံစံဖြင့်သာ ရေးခဲ့ဖူးကြောင်း၊ ယင်းကဲ့သို့ ရုပ်ရှင်ဇာတ်ကားများ၌ ကြော်ငြာဖော်ပြမှု ပုံစံအနေအထားမှာ ဇာတ်လမ်းကို လက်ခံရိုက်ကူးသည့် ဒါရိုက်တာပေါ်၌မူတည်ကြောင်း ဒါရိုက်တာမောင်သီက ပြောကြားသည်။

အဆိုပါဆွေတစ်ရာမောင်တစ်ကျိပ် ရုပ်ရှင်ဇာတ်ကားရုံတင်ရက်ရသည့် အချိန်ကာလမှာ မိုးရာသီကျောင်းဖွင့်ချိန်နှင့် တိုက်ဆိုင်နေသော်လည်း ပရိသတ်အားပေးမှုရှိသဖြင့် သမ္မတရုံ၌ လေးပတ်ခန့် ရုံတင်ပြသခွင့်ရကြောင်း၊ ယင်းရုပ်ရှင်ဇာတ်ကားကို မေလ ၂၈ ရက်နေ့တွင် သမ္မတရုံ၌ စတင်ပြသခဲ့ရာ မေလ ၂၉ ရက်နေ့တွင် ရုံပြည့်နှစ်ပွဲ၊ မေလ ၃၀ ရက်နေ့တွင် ရုံပြည့် လေးပွဲနှင့် ဇွန်လ ၆ ရက်နေ့တွင် ရုံပြည့်သုံးပွဲခန့် ပရိသတ်အားပေးမှုရရှိခဲ့ပြီး ဝင်ငွေစံချိန်မှာလည်း ၈၅ ဒသမ ၅၆ ရာခိုင်နှုန်းခန့်အထိ ဝင်ငွေကောင်းခဲ့ကြောင်း၊ ယင်းဇာတ်ကား၌ ဆူပါကော်ဖီကြော်ငြာတိုက်ရိုက်ပုံစံမျိုး ပါဝင်သွားမှုမှာ ယင်းဇာတ်ကား၏ ရိုက်ကွင်း ၈၅ ရာခိုင်နှုန်းသည် လက်ဖက်ရည်ဆိုင်ရိုက်ကွင်းဖြစ်နေ၍ဖြစ်ကြောင်း၊ ဖူဂျီဆပ်ပြာကြော်ငြာမှာလည်း လူမှုရေးအရ မေတ္တာဖြင့်လုပ်ဆောင်ပေးခြင်းသာဖြစ်ကြောင်း၊ အဆိုပါဆွေတစ်ရာမောင်တစ်ကျိပ် ရုပ်ရှင်ဇာတ်ကားကို စီးပွားရေးအရ လုပ်ကိုင်ခဲ့ခြင်းမဟုတ်ဘဲ ဇနီးသည် ရုပ်ရှင်သရုပ်ဆောင် မြင့်မြင့်ခိုင်၏ အနုပညာဝါသနာကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း ဆွေတစ်ရာမောင်တစ်ကျိပ်ရုပ်ရှင်ဇာတ်ကားကို စီစဉ်ထုတ်လုပ်သူ ဒေါက်တာသာညဏ်က ပြောကြားသည်။

# ငွေဆောင်အဆင့်မြင့် လူနေခန်းပါဈေး ခရီးသွားရာသီအစတွင် ဖွင့်မည်

**ရန်ကုန်၊ ဇွန် ၁၉**

ဆောက်လုပ်လျက်ရှိသည့် ငွေဆောင်အဆင့်မြင့်လူနေခန်းပါဈေးကို လာမည့် ခရီးသွားရာသီအစတွင် ဖွင့်လှစ်သွားရန် ရှိကြောင်း ငွေဆောင်ဇုန်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာအောင်ဌေးလင်းက ပြောကြားသည်။

"ငွေဆောင်ဟာ မြို့အဆင့်ဖြစ်နေပြီ။ ဈေးတစ်ခုပဲကျန်တော့တယ်" ဟု ၎င်းက ဆိုသည်။ အဆိုပါဈေးကို ဒေသဆိုင်ရာ အာဏာပိုင်များ၏ခွင့်ပြုချက်ဖြင့် ပုသိမ် SS ကုမ္ပဏီက ဆောက်လုပ်နေပြီး ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ ယင်းဈေးပြီးစီးပါက ငွေဆောင်ဟိုတယ်များအနေဖြင့် ဟင်းသီးဟင်းရွက်၊ အသားငါးများကို နေ့စဉ်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



"ဒီဈေးရှိရင်တော့ အရင်ကလို ပုပ်သိုးတဲ့ပစ္စည်းတွေ ဝယ်ထားစရာမလိုတော့ဘူး။ ပုသိမ်ကနေ ဟင်းရွက်တွေ လာရောင်းတာရှိပေမယ့် မီးမရှိတော့အဆင်မပြေဘူး၊ ကြာကြာထားလို့မရဘူး။ အခုဆိုရာသီမရွေး ဝယ်လို့ရပြီ" ဟု ဒေါက်တာအောင်ဌေးလင်းက ဆိုသည်။

ယင်းဈေးသည် ငွေဆောင်ရွာ၏အနောက်ဘက် ငွေဆောင်မြို့ပတ်လမ်းနှင့် မြို့မလမ်းသွယ် (၁) နှင့် (၂) ကြားတွင်ရှိပြီး ၁၀ ပေ× ၁၅ ပေရှိသော အခန်း ၆၀၊ ပါဝင်သည့် လူနေခန်းထပ်ခိုးပါ ဆိုင်ခန်းများအပြင် ၆ ပေ× ၆ ပေ ရှိသော အခန်း ၄၂ ခန်းပါ ဈေးဆိုင်ခန်းများ ပါဝင်မည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

■

www.foreverspace.com.mm



# နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းများ နေ့စဉ်အုတ်လိုအပ်ချက် တစ်သိန်းနှင့် ငါးသိန်းကြားရှိ

**နေပြည်တော် ၊ ဇူလိုင် ၁၄**

မြန်မာနိုင်ငံတွင် တည်ဆောက်ရေးစီမံကိန်းဇုန်အများဆုံးတည်ရှိသည့် နေပြည်တော်၌ နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းခွင် မြို့ပြအဆောက်အအုံ၊ ဟိုတယ်ဇုန်၊ ရန်ကုန်–မန္တလေးလမ်းမကြီး၊ လမ်းတံတား၊ ဥယျာဉ်ပန်းမန်၊ ပလက်ဖောင်း၊ ယာဉ်ရပ်နားနေရာ၊ မြေထိန်းနံရံ စသည်ဖြင့် တည်ဆောက်ရေးစီမံကိန်းများအတွက် နေ့စဉ်အုတ်အရေအတွက် တစ်သိန်းကျော် အသုံးပြုနေပြီး သတ်မှတ်ကာလအပြီးတည်ဆောက်ရမည့် စီမံကိန်းများနှင့် ကြုံကြိုက်သည့်ကာလများတွင်မူ အုတ်အရေအတွက် ငါးသိန်းခန့်အထိအသုံးပြုနေကြောင်း နေပြည်တော်ဆောက်လုပ်ရေးကုမ္ပဏီများသို့ အုတ်ပေးသွင်းနေသည့် အုတ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

နေပြည်တော်တည်ဆောက်ရေးစီမံကိန်းများတွင် နေ့စဉ်အုတ်လိုအပ်ချက်ကို ဖြည့်ဆည်းထုတ်လုပ်ပေးနေသော အုတ်ထုတ်လုပ်ဒေသများမှာ နေပြည်တော်ဒေသအတွင်းရှိ မင်းကုန်း၊ ကျွဲရှင်း၊ ငါးလိုက်၊ ဇာလောင်း၊ မောင်းရမ်း၊ ငန်းစပ်ဒေသများက အုတ်ဖုတ်ထုတ်လုပ်နေကြပြီး အုတ်(လက်အုတ်) ဈေးကွက်အနေဖြင့် မတ်တတ်အုတ်ထုတ်လုပ်မှုနှင့် လှောင်အုတ်ဈေးကွက်နှစ်မျိုးရှိကြောင်း၊ အုတ်ဈေးမှာ အတက်၊ အကျရှိတတ်ပြီး ဇန်နဝါရီလမှ မတ်လထိ ပွင့်လင်းရာသီ၌ ကျတတ်သလို မေလမှ နိုဝင်ဘာလအထိ မိုးတွင်းကာလတွင် အုတ်ဈေးတက်တတ်ကြောင်း ၎င်းက ဆိုသည်။

နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ အုတ်သယ်ပို့သည့် ကားကြီး (အုတ် ၁၀၀၀၀ ဆံ့)၊ ကားလတ် (အုတ် ၆၀၀၀ဆံ့)၊ ကားငယ် (အုတ် ၅၀၀၀ဆံ့) များဖြင့် တင်ပို့လျက်ရှိနေပြီး ယခုလက်ရှိ ဈေးနှုန်းမှာ ပေးပို့ရသော နေရာအနီးအဝေးပေါ်မူတည်၍ ဈေးနှုန်းအနည်းအများရှိကြောင်း၊ မတ်တတ်အုတ်တစ်လုံး ၃၈ ကျပ်၊ လှောင်အုတ်တစ်လုံး(နေရာဝေးလျှင်) ၄၅ ကျပ်၊ နေရာနီးလျှင် တစ်လုံး ၄၀ ကျပ်၊ ၄၂ ကျပ်ရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

**မင်းသုခိုင်**

# နေပြည်တော်၌ အဆင့်မြင့်မြေတိုင်းသင်တန်း ပထမဦးဆုံးအကြိမ် ဖွင့်လှစ်

**နေပြည်တော်၊ ဇွန် ၂၈**

အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်များ အများဆုံးတည်ရှိပြီး အစိုးရရုံးစိုက်ရာမြို့သစ်ဖြစ်သည့် နေပြည်တော်၌ အဆင့်မြင့်မြေတိုင်းသင်တန်းကို Concordia International Co.,Ltd. က နေပြည်တော် ဇမ္ဗူသီရိမြို့ သီရိရတနာအဆင့်မြင့်ဈေး Shopping Complex ၌ ဇွန်လ ၁ ရက်မှ ၁၈ ရက်နေ့အထိ ပထမဦးဆုံးအကြိမ်ဖွင့်လှစ်ပို့ချခဲ့ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါသင်တန်းကို ခေတ်မီ မြေတိုင်းကိရိယာများဖြင့် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးပြီး သင်တန်းပြီးဆုံးပါက အောင်လက်မှတ် ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ ယင်းသင်တန်းကို ရန်ကုန်မြို့တော်၌ အမှတ်စဉ် (၈) အထိ ဖွင့်လှစ်ခဲ့ပြီး ယခုသင်တန်းမှာ နေပြည်တော်မြို့သစ်၌ ပထမဦးဆုံးအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသို့ အနိမ့်ဆုံးပညာအရည်အချင်း တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိကာ ကွန်ပျူတာကျွမ်းကျင်သူများ တက်ရောက်နိုင်ကြောင်း၊ သင်တန်းတွင် Total Station ,Differential GPS, Hand Held GPS စသည်တို့ကို အဓိကထားသင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းကြေးကို တစ်ဦးလျှင် ၈၀,၀၀၀ ကျပ် သတ်မှတ်ထားပြီး အစိုးရဝန်ထမ်းဖြစ်ပါက ၆၄,၀၀၀ ကျပ် သတ်မှတ်ထားကြောင်း ၎င်းက ဆိုသည်။

အဆိုပါ အဆင့်မြင့် မြေတိုင်းသင်တန်း၏သင်တန်းဆင်း အောင်လက်မှတ် ရရှိပြီးပါက ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများရှိသကဲ့သို့ ကုမ္ပဏီ၏ လုပ်ငန်းခွင်များတွင်လည်း ဝင်ရောက်လျှောက်ထားနိုင်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

Concordia International Co., Ltd. သည် ဂျပန်နိုင်ငံမှ TopCon အမှတ်တံဆိပ် အဆင့်မီ မြေတိုင်းကိရိယာများနှင့် အမေရိကန်ပြည်ထောင်စုမှ Garmin အမှတ်တံဆိပ် GPS များကို ပြည်တွင်းသို့ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိသည်။

**မင်းသုခိုင်**

■

www.foreverspace.com.mm

# မော်ဘီနာရေးကူညီမှုလုပ်ငန်း အလှူငွေလိုအပ်

**ရန်ကုန်၊ ဇွန် ၂၂**

မော်ဘီမြို့နယ်တွင် အခမဲ့နာရေးပို့ဆောင်ခြင်းနှင့် မီးသင်္ဂြိုဟ်ခြင်းလုပ်ငန်းများကို ကူညီလုပ်ဆောင်ပေးနေသော မော်ဘီမြို့နယ်အသင်းတွင် အဆိုပါလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် အလှူငွေများ လိုအပ်လျက်ရှိကြောင်း အသင်းဥက္ကဋ္ဌ ဦးညွန့်အောင်က ပြောကြားသည်။

၂၀၀၃ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော မော်ဘီမြို့နယ် လူမှုရေးအသင်းအနေဖြင့် အခမဲ့နာရေးပို့ဆောင်မှုနှင့် မီးသင်္ဂြိုဟ်ခြင်းကိစ္စရပ်များဆောင်ရွက်ပေးခဲ့ရာတွင် နာရေးတစ်ခု မီးသင်္ဂြိုဟ်တိုင်းနာရေးရှင်ထံမှ ကျပ် ၆၀၀၀ သာ ကောက်ခံပြီး အသင်းက ကျပ် ၉၀၀၀ ခန့် ကျခံသုံးစွဲပေးနေရကြောင်း၊ နာရေးပို့ဆောင်မှုလုပ်ငန်းများအတွက် လစဉ်အလှူရှင် ၆၀၀ ကျော်ရှိသော်လည်း လုံလောက်ခြင်းမရှိသေးကြောင်း အသင်းဥက္ကဋ္ဌက ဆိုသည်။

အခမဲ့နာရေးပို့ဆောင်မှုလုပ်ငန်းများကို ၂၀၀၆ ခုနှစ် ဇူလိုင်လမှစတင်ဆောင်ရွက်ပေးခဲ့ပြီး မီးသင်္ဂြိုဟ်ခြင်းလုပ်ငန်းများကို ၂၀၀၈ ခုနှစ် မတ်လမှ စတင်တည်ထောင်ပေးခဲ့ရာ နာရေးပို့ဆောင်မှု ၈၇၈ ကြိမ်နှင့် မီးသင်္ဂြိုဟ်မှု ၂၆၇ ကြိမ်အတွက် ကျပ်သိန်းပေါင်း တစ်ရာ့သုံးဆယ်ကျော် သုံးစွဲခဲ့ရကြောင်း အဆိုပါအသင်း အတွင်းရေးမှူးက ဆိုသည်။

နာရေးကူညီမှုလုပ်ငန်းများဆောင်ရွက်ပေးနေသော မော်ဘီမြို့နယ် လူမှုရေးအသင်းသို့ လှူဒါန်းလိုသူများအနေဖြင့် ဦးညွန့်အောင် (ဥက္ကဋ္ဌ) ဖုန်း-၆၂၀၈၀၃ နှင့် ဦးထွန်းထွန်းဦး (အတွင်းရေးမှူး) ဖုန်း-၆၂၀၈၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း မော်ဘီမြို့ခံများထံမှ သိရှိရသည်။

**ဆုနှင်းဝေ**

# နေပြည်တော် ပျဉ်းမနားမြို့ဈေးကြီးများ မီးဘေးအန္တရာယ်ကင်းရှင်းရေးလေ့ကျင့်မှုများ ဆက်တိုက်ပြုလုပ်သွားမည်ဟုဆို

**နေပြည်တော် ပျဉ်းမနား၊ ဇွန် ၁၄**

နေပြည်တော် ပျဉ်းမနားမြို့ အမှတ် (၁) မြို့မဈေးကြီးတွင် မီးဘေးလုံခြုံရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို ဇွန်လ ၁၁ ရက်နေ့က ပထမဦးဆုံး ကျင်းပပြုလုပ်ခဲ့ရာ နေပြည်တော်ခရိုင်အတွင်းရှိ နေပြည်တော်စည်ပင်သာယာရေးဈေးများနှင့် နေပြည်တော်ပျဉ်းမနားမြို့ရှိ အာဟာရသုခဈေးနှင့် ယုဇနဈေးများတွင်လည်း ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ မီးသတ်ဦးစီးဌာနထံမှ သတင်းရရှိသည်။



နေပြည်တော်ပျဉ်းမနားမြို့ရှိ ဈေးကြီးများတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက်တစ်ခုအဖြစ် ပျဉ်းမနားမြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပျဉ်းမနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ နေပြည်တော်ပျဉ်းမနားမြို့ အမှတ် (၁) မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို ဇွန်လ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် ပြုလုပ်ကျင်းပခဲ့ရာ ပျဉ်းမနားမြို့နယ် မီးသတ်ဦးစီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ မီးသတ်ယာဉ်နှစ်စီးနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် ဈေးဝန်ထမ်းကိုးဦးတို့က လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း နေပြည်

www.foreverspace.com.mm



တော်ပျဉ်းမနားမြို့ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါမီးဘေးလုံခြုံရေးသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခန်းလုပ်ငန်းဆောင်ရွက်မှုကို နေပြည်တော်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ရဲကျော်သူ၊ ရဲသူရဦးသန်းကျော်ကျော်၊ ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ရဲကျော်စွာဦးဝင်းမြင့်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ ဌာနမှူး ဦးမောင်မောင်စန်းတို့က စစ်ဆေးကြည့်ရှုခဲ့ကြသည်။

**မင်းသုခိုင်**

# နှိမ်နင်းရေးအဖွဲ့များဖြင့် ကြွက်ဝမ်းဖြူနှိမ်နင်း

**ရန်ကုန်၊ ဇူလိုင် ၁၂**

မြန်မာနိုင်ငံ၏ ဒုတိယဆန်အိုးကြီးဖြစ်သည့် ပဲခူးတိုင်းအရှေ့ခြမ်းမြို့နယ်များတွင် အုပ်စုလိုက် ဝင်ရောက်ဖျက်ဆီးခဲ့သည့် ကြွက်ဝမ်းဖြူများကို ကြွက်နှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်း၍ နှိမ်နင်းလျက်ရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဇူလိုင်လ ၁၁ ရက်နေ့က ဖော်ပြပါရှိသည်။

ကြွက်ဝမ်းဖြူများ အုပ်စုလိုက်ဝင်ရောက်ဖျက်ဆီးခဲ့မှုကြောင့် ပဲခူးတိုင်းအရှေ့ခြမ်းရှိမြို့နယ်အချို့တွင် ကြွက်ဝမ်းဖြူများ အုပ်စုလိုက်ဝင်ရောက်ပြီး မိုးစပါးကြဲခင်းနှင့် ပျိုးခင်းများကို ကိုက်ဖြတ်ဖျက်ဆီးခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြထားသည်။

ကြွက်များ၏ဖျက်ဆီးခံရမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ ကြွက်နှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်း၍ ပျက်စီးမှုများ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ကြွက်နှိမ်နင်းအစာတုံးနှင့် ထောင်ချောက်များ အသုံးပြုဖမ်းဆီးနှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားချက်အရ သိရှိရသည်။

စားကျက်ရှားပါးမှုကြောင့် ပဲခူးရိုးမှ ရွှေ့ပြောင်းလာသော ကြွက်ဝမ်းဖြူများမှာ ရန်ကုန်မြို့သို့ ဝင်ရောက်နိုင်ဖွယ်မရှိကြောင်း ဇူလိုင်လ ၆ ရက်နေ့တွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အပတ်စဉ်ပုံမှန်အစည်းအဝေးပွဲ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ယင်းအစည်းအဝေးသို့တက်ရောက်ခဲ့သူ အဆင့်မြင့်အရာရှိတစ်ဦးက ဇူလိုင်လ ၈ ရက်နေ့က ပြောကြားသည်။

အဆိုပါကြွက်များမှာ ပဲခူးရိုးမမှတစ်ဆင့် ရန်ကုန်–နေပြည်တော် အမြန်လမ်းမနှင့် ပဲခူးမြို့သို့ဖြတ်ကာ တောင်ငူမြို့ဘက်သို့ဆက်လက်တက်သွားသဖြင့် ရန်ကုန်မြို့သို့ဝင်ရောက်ဖွယ်မရှိကြောင်း၊ ဝင်ရောက်လာပါက နှိမ်နင်းသွားရန် သက်ဆိုင်ရာက စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း စိုက်ပျိုးရေးလုပ်ငန်းမှ အရာရှိ၏ပြောကြားချက်ကို ၎င်းက ဆက်လက်ပြောကြားသည်။ ကြွက်ဝမ်းဖြူများသည် ပဲခူးရိုးမအတွင်း ပေါက်ရောက်သည့်ဝါးတစ်မျိုး၏ ဝါးပွင့်သောအချိန်တွင် ယင်းဝါးပွင့်ကိုစားသုံးခြင်းကြောင့် ကြွက်ပေါက်ဖွားနှုန်းမြန်ဆန်၍ အကောင်ရေများပြားကြောင်း၊ ယင်းကြွက်များအတွက် အစာအဖြစ် စားကျက်မြေအလုံအလောက်မရှိခြင်းကြောင့် အစားအစာရှာဖွေရန် အစားအစာပေါများရာဒေသသို့ပြောင်းရွှေ့ခြင်းဖြစ်နိုင်ကြောင်း အဆိုပါစိုက်ပျိုးရေးအရာရှိ၏ပြောကြားချက်ကို ၎င်းကထပ်ဆင့်ပြောကြားသည်။

ကြွက်ဝမ်းဖြူများမှာ ပဲခူးတိုင်း ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့သို့ ဇွန်လနောက်ဆုံးပတ်တွင် ရောက်ရှိလာပြီး ယခုအခါ ကြွက်များကို အုပ်စုလိုက် မတွေ့ရတော့သော်လည်း ယင်းဒေသတွင် ယခင်ထက် ကြွက်များ သိသာစွာ များပြားကာ မျိုးချစပါးများကို ဖျက်ဆီးလျက်ရှိကြောင်း၊ လယ်ကြွက်များဖြစ်ပေါ်ပါက စပါးခင်းအတွက်စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း ပြည်တွင်းထုတ်ပုဂ္ဂလိကဂျာနယ်တစ်စောင်တွင် ဖော်ပြထားသည်။

ယင်းနှင့်ပတ်သက်၍ "အဲဒီအကြောင်း ကျွန်တော်ကြားလည်း မကြားပါဘူး။ သိလည်းမသိပါဘူး" ဟု နေပြည်တော်အခြေစိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး ဒေါက်တာစန်းဝင်းက ဇူလိုင်လ ၇ ရက်နေ့ ညနေ ၅ နာရီခန့်တွင် Living Color ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

ကြွက်များပြောင်းရွှေ့လာခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်လာနိုင်သည်ဟု လူအများက ယူဆနေကြသော်လည်း အဆိုပါဒေသတွင် သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ပေါ်လာဖွယ်ရှိသည်ဆိုခြင်းမှာ မဖြစ်နိုင်ကြောင်း၊ သဘာဝဘေးအန္တရာယ်များအနေဖြင့် ဖြစ်ပေါ်ခဲ့သောအကြိမ်ရေနှင့် လှုပ်ခတ်ခဲ့သောနှစ်များကို စနစ်တကျတွက်ချက်မှသာ သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေကို ခန့်မှန်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒပညာရှင်များနှင့်နီးစပ်သောအသိုင်းအဝိုင်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ၎င်း၏အတွေ့အကြုံပေါ်မူတည်၍ သုံးသပ်ပြောကြားသည်။

အဆိုပါကြွက်ဝမ်းဖြူများကို ဇွန်လ ၂၆ ရက်နေ့တွင် ရန်ကုန်–နေပြည်တော် အဝေးပြေးအမြန်လမ်းမကြီးဘေးတွင် အုပ်စုလိုက် သွားလာလျက်ရှိကြောင်း အင်တာနက် Website များတွင် သတင်းများ ပျံ့နှံ့လျက်ရှိသည်။

ယခုအချိန်တွင် ကြွက်များအုပ်စုဖွဲ့သွားလာဖျက်ဆီးမှုမရှိတော့ကြောင်း သေဆုံးခဲ့သည့် ကြွက်သေများကို အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ဓာတ်ခွဲစစ်ဆေးခဲ့ရာ မည်သည့်ရောဂါပိုးမျှ မတွေ့ရှိရကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသောသတင်းတစ်ရပ်အရ သိရသည်။

www.foreverspace.com.mm



# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး UMTA ဦးဆောင် ဆောင်ရွက်စေလိုဟု ဒု-ဝန်ကြီးဆို

**ရန်ကုန်၊ ဇူလိုင် ၂**

မြန်မာနိုင်ငံ၏ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း(UMTA) က ဦးဆောင်ဆောင်ရွက်စေလိုကြောင်း ရန်ကုန်မြို့ Parkroyal ဟိုတယ်၌ ဇွန်လ ၂ ရက်နေ့ ကကျင်းပသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ပြောကြားသည်။

ဝန်ကြီးက ခရီးသွားလုပ်ငန်းရှင်များ အနေဖြင့် ဤအသင်းတွင်ပါဝင်ဆောင်ရွက်စေလိုကြောင်း၊ ယခုကဲ့သို့သော အစည်းအဝေးကို ခြောက်လတစ်ကြိမ် ကျင်းပစေလိုကြောင်း၊ Private Sector များအား ပေးမှုကိုအကြောင်းပြု၍ လူငယ်များအပေါ် အခွင့်အရေးမယူစေလိုကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ခရီးသွားလုပ်ငန်းနယ်ပယ်ကို ကမ္ဘာက သိအောင် စွမ်းစွမ်းတမံလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဒေသအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၏အကြံနှင့် ပိုကောင်းအောင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ထောက်ပံ့မှုနှင့် အသင်းမှ အင်ဒိုနီးရှားနိုင်ငံသို့ Internship Course တက်ရောက်ရန် ခြောက်ဦး စေလွှတ်ရန်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးအောင်ဆောင်ရွက်ရာတွင် ကိုယ်ရေးကိုယ်တာကိစ္စများကို ဘေးဖယ်ပြီး ဝိုင်းဝန်းဆောင်ရွက်စေလိုကြောင်း အစည်းအဝေးတွင် တိုက်တွန်းပြောကြားသည်။

အဆိုပါနှစ်ပတ်လည်အစည်းအဝေးတွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ၂၀၁၀-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ကိုရွေးချယ်တင်မြှောက်ခဲ့ကြသည်။

**အောင်အောင်ထွန်း**

# ရွှေ့ပြောင်းလုပ်သားများ ထိုင်းအစိုးရ စိစစ်အရေးယူ

**ရန်ကုန်၊ ဇူလိုင် ၁၂**

ရွှေ့ပြောင်းလုပ်သားများကို ဇူလိုင်လ ပထမပတ်အတွင်း စတင်ဖမ်းဆီးနေကြောင်း ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားအချို့က ပြောကြားသည်။

နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန် ပျက်ကွက်သော ရွှေ့ပြောင်းလုပ်သားများကို ထိုင်းအစိုးရက ဖမ်းဆီးပြီး ပြန်ပို့ရန်စီစဉ်နေကြောင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို ဖေဖော်ဝါရီလ နောက်ဆုံး သတ်မှတ်ထားပြီး ယင်းလုပ်ငန်းစဉ်တွင် ပါဝင်သည့် မြန်မာအများစုပါဝင်သော လုပ်သားသုံးသိန်းခန့်ကို စစ်ဆေးဖမ်းဆီးရန် အထူးရဲအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း ထိုင်းလူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်မှုဖောင်ဒေးရှင်း (HDRF) က ဆိုသည်။

အလုပ်လုပ်ခွင့်ပါမစ်ထုတ်မပေးမီ မိခင်နိုင်ငံအစိုးရထံမှ အသိအမှတ်ပြု ယာယီနိုင်ငံကူးလက်မှတ်ရရှိရန်လိုသည်ဟု ဆိုသော်လည်း လက်တွေ့အလုပ်လုပ်ခွင့်လက်မှတ် (အစစ်) ရှိသူများသာ ယာယီနိုင်ငံကူးလက်မှတ်လုပ်ရန်လွယ်ကူကြောင်း အလုပ်သမားအရေး စေတနာ့ဝန်ထမ်း

www.foreverspace.com.mm



လုပ်ဆောင်နေသူ ဦးတင့်လွင်ဦးက ဆိုသည်။

"အဓိကက ဘတ်ပဲ၊ ဘတ်ရှိရင် အားလုံးအဆင်ပြေတယ်" ဟု အလုပ်လုပ်ခွင့် ပါမစ်အရေးပါပုံကို ဦးတင့်လွင်က ရှင်းပြသည်။

ဇူလိုင်လ ၄ ရက်နေ့က ဘန်ကောက်မှ မြဝတီမြို့တွင် နိုင်ငံကူးလက်မှတ်သွားရောက်လုပ်ကိုင်နေသူ အသက် ၂၅ နှစ်အရွယ် ကရင်အမျိုးသမီး နော်ဖောဖောက "သွေးစစ်ခ၊ ဓာတ်ပုံဖိုး၊ ယာယီနိုင်ငံကူးလက်မှတ်ခအပါအဝင် စုစုပေါင်း ဘတ် ၆၀၀၀ လောက်ကုန်ကျတယ်" ဟု ဆိုသည်။

မြန်မာအလုပ်သမားများသည် နိုင်ငံကူးလက်မှတ်ပြုလုပ်ရာတွင် ပွဲစားခမတတ်နိုင်ခြင်း၊ လုပ်ထုံးလုပ်နည်းများကို သဘောမပေါက်ခြင်း၊ မှတ်ပုံတင်မရှိခြင်း၊ ထို့အပြင် ထိုင်းနိုင်ငံအတွင်း ခရီးသွားလာရာတွင် အခက်အခဲများရှိသည်ဟု နော်ဖောဖောက ဆိုသည်။

ဇူလိုင်လ ပထမပတ်အတွင်း စက်ရုံများသို့ တရားဝင်စာရွက်စာတမ်း ဝင်ရောက်စစ်ဆေးပြီး အလုပ်လုပ်ခွင့်လက်မှတ်မရှိသူများနှင့် သက်တမ်းကုန်ဆုံးနေသူများကို စစ်ဆေးကြောင်း ဦးတင့်လွင်ဦးက ဆိုသည်။

"တချို့တစ်ဝက်က ဘတ် ၃၀၀၀ နဲ့ စိုက်ရွေးပေးတာမျိုးရှိတယ်" ဟု သဘောထားကောင်းမွန်သည့် အလုပ်ရှင်က ပြန်ရွေးသည့်အကြောင်း ဦးတင့်လွင်ဦးက ဆက်လက်ရှင်းပြသည်။

နိုင်ငံသားစိစစ်ရေးပြုလုပ်ရန် အဆိုပြုထားသူပေါင်း ရှစ်သိန်းကျော်ခန့်ရှိပြီး ရွှေ့ပြောင်းလုပ်သား တစ်သိန်းနီးပါးကို ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးထားကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာနက နောက်ဆုံးသတင်း ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်နှစ်က အလုပ်လုပ်ခွင့်မှတ်ပုံတင်ထားသူ ရွှေ့ပြောင်းလုပ်သား တစ်သိန်းကျော်ရှိသော်လည်း မြန်မာ အပါအဝင် လာအို၊ ကမ္ဘောဒီးယားရွှေ့ပြောင်းလုပ်သား သုံးသိန်းခန့်သာ အလုပ်လုပ်ခွင့်လက်မှတ်ကို သက်တမ်းတိုးခဲ့၍ တရားမဝင်လုပ်သားအဖြစ် ရောက်ရှိသွားသူများကို ထိုင်းအစိုးရက စိစစ်ပြုလုပ်ပေးနေခြင်းဖြစ်သည်ဟု ဆိုသည်။

"တစ်ရက်မှာ ဘတ် ၁၈၀ လောက်ရတာ။ ဘတ် ၆၀၀၀၊ ၁၀၀၀၀ ဆိုတာ အလုပ်သမားအတွက် မလွယ်ဘူး" ဟု ၎င်းက အလုပ်သမားများ၏ အဓိကအခက်အခဲကို ပြောကြားသည်။

ရွှေ့ပြောင်းလုပ်သားများ မိုးတွင်းကာလတွင် သွားရေးလာရေး လွယ်ကူစေရန် မြန်မာနိုင်ငံတောင်ဘက်ခြမ်း ကော့သောင်းမြို့ရှိ ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးသည့်ရုံးကို ထိုင်းနိုင်ငံဘက်ခြမ်း ရနောင်းမြို့သို့ ဇူလိုင်လ ၁ ရက်နေ့က ရွှေ့ပြောင်းပြီး တစ်ရက်လျှင် နိုင်ငံကူးလက်မှတ်စာအုပ် ၈၀၀ ခန့် ထုတ်ပေးရန်ရှိကာ စက်တင်ဘာလကုန်အထိထားရှိမည်ဟု ထိုင်းတာဝန်ရှိသူများက ဆိုသည်။

ရွှေ့ပြောင်းလုပ်သားများအပေါ် ဈေးပေါသောကာယလုပ်သားရင်းမြစ်အဖြစ် မှီခိုနေရသော ထိုင်းနိုင်ငံ၏မူဝါဒသည် တရားဝင် အလုပ်လုပ်ခွင့်နှင့် ကောင်းမွန်သော လူမှုရေးဝန်ဆောင်မှုရရှိရန် ရည်ရွယ်သည်ဟု ၎င်းတို့က ဆိုသည်။

မည်သို့ပင်ဖြစ်စေ မူဝါဒကောင်းမွန်သော်လည်း မြန်မာအလုပ်သမားများအတွက် လက်တွေ့ဖော်ဆောင်ရာတွင် အချိန်ကာလတိုတောင်းမှု၊ ဘန်ကောက်တွင်သာ လုပ်ခွင့်ရရန် လိုအပ်နေသည်ဟု အလုပ်သမားက ဆိုသည်။

# မြန်မာ ၂၂ ဦးပါ ဓာတုဗေဒပစ္စည်းတင်သင်္ဘော မီးလောင်

**ရန်ကုန်၊ ဇွန် ၁၃**

မြန်မာသင်္ဘောသား ၂၂ ဦး လိုက်ပါတာဝန်ထမ်းဆောင်နေသော စင်ကာပူနိုင်ငံအခြေစိုက် Unix Line Private Ltd. သင်္ဘောကုမ္ပဏီပိုင်ဓာတုဗေဒပစ္စည်းတင် Eastern Honesty သင်္ဘောသည် ဇူလိုင်လ ၁၂ ရက်နေ့ ဒေသစံတော်ချိန် ၉ နာရီ ၄၅ မိနစ်တွင် မလေးရှားနိုင်ငံ ကွမ်တမ် (KUANTAN) ဆိပ်ကမ်းအနီး၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မလေးရှား ပင်လယ်ရေကြောင်းအေဂျင်စီ (MMEA) ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသင်္ဘောမှာ ဗီယက်နမ်မှ မလေးရှား ကွမ်တမ်ဆိပ်ကမ်းသို့အလာ ပစ္စည်းတင်သိုလှောင်ကန်များကို သန့်ရှင်းရေးပြုလုပ်စဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း MMEA ၏စီမံဒါရိုက်တာ မိုဟက်ဖက်ဇီ ဆစ်ဒ်ဟက်ဆန်က အတည်ပြုပြောကြားသည်။

ယင်းမီးလောင်မှုဖြစ်ပွားစဉ်တွင် မြန်မာသင်္ဘောသားတစ်ဦးဖြစ်သူ အသက် ၂၃ နှစ်အရွယ် ကိုဝေဖြိုးစံမှာ သင်္ဘောမှ လွင့်စဉ်ပျောက်ဆုံးလျက်ရှိကြောင်း၊ မီးလောင်မှုကြောင့် အခြားသင်္ဘောသားနှစ်ဦးဖြစ်သည့် အသက် ၃၀ နှစ်အရွယ်ရှိ ဦးဝဏ္ဏထွန်းနှင့် အသက် ၃၉ နှစ်ရှိသူ ဦးထွန်းထွန်းဝင်းတို့မှာ ဒဏ်ရာများရရှိခဲ့၍ မလေးရှားနိုင်ငံ Tengku Ampuan Afzan ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြောင်း ကွမ်တမ်မြို့မှလာသော သတင်းများက ဆိုသည်။

"အဲဒီပျောက်ဆုံးနေတဲ့ သင်္ဘော

www.foreverspace.com.mm

သားကို ရဟာတ်ယာဉ်သုံးပြီး ရှာနေပါတယ်။ ကယ်ဆယ်ရေးသင်္ဘောလည်း သုံးပြီးရှာနေတုန်းပဲ” ဟု Unix Line Private Ltd. ၏ ရန်ကုန်အခြေစိုက်မြန်မာနိုင်ငံရုံးခွဲကိုယ်စားလှယ်က Living Color ၏ ဆက်သွယ်မေးမြန်းမှုကို အတည်ပြုပြောကြားသည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်၌ ဓာတုဗေဒသိုလှောင်ကန်များကို သန့်ရှင်းရေးပြုလုပ်နေစဉ် အပူချိန်ဖိအားကြောင့် မတော်တဆမီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု ယူဆရကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

“သူတို့ကို အစွမ်းကုန်ကူညီဖို့ ကြိုးစားနေပါတယ်။ သူတို့ရဲ့ မိသားစုဝင်တွေကိုတော့ ဒီနေ့ပဲ အကြောင်းကြားလိုက်တယ်” ဟု မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း (MOSA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဓာတုဗေဒသိုလှောင်ကန်များကို သန့်ရှင်းရေးပြုလုပ်ရာတွင် သတိကြီးစွာထားရကြောင်း၊ မီးလောင်ပေါက်ကွဲမှုဖြစ်ပါက အခြားကန်များသို့ပါ ကူးစက်၍ သင်္ဘောတစ်စင်းလုံးပေါက်ကွဲလေ့ရှိကြောင်း၊ ယခုဖြစ်စဉ်တွင် သိုလှောင်ကန်တစ်ခုတည်းသာမီးလောင်ခဲ့ပြီး အခြားကန်များသို့ ကူးစက်ခြင်းမရှိ၍ များစွာကံကောင်းကြောင်း ရန်ကုန်မြို့တော်တွင်နေထိုင်သူ အသက် ၅၅ နှစ်အရွယ် ဝါရင့်သင်္ဘောအရာရှိတစ်ဦးက ဆိုသည်။

ယခုပျောက်ဆုံးနေသော သင်္ဘောသားဖြစ်သူ ကိုဝေဖြိုးစံမှာ ရေကြောင်းပညာတက္ကသိုလ် (MMU) မှ Nautical Science ဘာသာရပ်ဖြင့် ဘွဲ့ရရှိထားသူ တစ်ဦးဖြစ်ပြီး ၎င်း၏ ပထမဦးဆုံးအတွေ့အကြုံအဖြစ် ယခုသင်္ဘောတွင် လိုက်ပါတာဝန်ထမ်းဆောင်ခြင်းဖြစ်ကြောင်း အဆိုပါ Unix Line ကုမ္ပဏီတွင် ၎င်းနှင့် လုပ်ဖော်ကိုင်ဖက်ရင်းနှီးသူတစ်ဦး၏ အဆိုအရ သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၂၆ ရက်နေ့တွင်လည်း အမေရိကန်ပြည်ထောင်စု အလက်စကားပြည်နယ်ကမ်းလွန်ပင်လယ်ပြင်တွင် ပေ ၈၀၀ နီးပါးရှိသော ကွန်တိန်နာသင်္ဘောပေါ်မှ မြန်မာသင်္ဘောသားတစ်ဦး ပြုတ်ကျ၍ ပျောက်ဆုံးခဲ့ပြီး ၂၇ ရက်နေ့ ညနေ ၃ နာရီ ၁၄ မိနစ်တွင် အဆိုပါသင်္ဘောသားကို ရှာဖွေမှုရပ်ဆိုင်းလိုက်ကြောင်း ပြည်တွင်းမီဒီယာမှတ်တမ်းများအရ သိရသည်။

**Arrow News**

# ဧည့်လမ်းညွှန် ဝန်ဆောင်မှုတိုးတက်ရေး ဟောပြောပွဲများ တစ်လလျှင် နှစ်ကြိမ်ပြုလုပ်မည်

**ရန်ကုန်၊ ဇွန် ၁၉**



မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းတွင်ထားရှိသည့် ဧည့်လမ်းညွှန်များဝန်ဆောင်မှုကော်မတီသည် ဧည့်လမ်းညွှန်များကို ဧည့်လမ်းညွှန်ဝန်ဆောင်မှုတိုးတက်စေရေးအတွက် ဟောပြောပွဲကို တစ်လလျှင် နှစ်ကြိမ်ပြုလုပ်နိုင်ရန် ကြိုးစားစီစဉ်လျက်ရှိကြောင်း အဆိုပါကော်မတီ၏ ဝါရင့်ဧည့်လမ်းညွှန် ဦးအုန်းကျော်ကပြောကြားသည်။

အဆိုပါကော်မတီသည် ဧည့်လမ်းညွှန်များနှင့်ပတ်သက်သည့် ဝန်ဆောင်မှု၊ လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်လှုပ်ရှားဆောင်ရွက်သွားရာတွင် ယခုကဲ့သို့ဟောပြောပွဲများပြုလုပ်ခြင်းဖြင့် ဧည့်လမ်းညွှန်အချင်းချင်း စုစုစည်းစည်းဆက်သွယ်နိုင်ခြင်း၊ ပညာဖလှယ်နိုင်ခြင်းများ ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်လုပ်ဆောင်

www.foreverspace.com.mm

ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ဒီလိုမျိုး စုစည်းတဲ့ ဟောပြောပွဲဆိုတာလည်း ဧည့်လမ်းညွှန်တွေအလုပ်ပါးတတ်တဲ့ မိုးတွင်းမှာပဲလုပ်နိုင်မှာပါ။ ဒါပေမဲ့ တစ်လကို နှစ်ကြိမ်လုပ်ဖို့ ကြိုးစားနေပါတယ်" ဟု ဦးအုန်းကျော်က ဆိုသည်။

မြန်မာနိုင်ငံသို့ လာမည့်ခရီးသွားနှစ်တွင်လည်း ခရီးသွားတိုးတက်မည်ဟု ခန့်မှန်းရပြီး မြန်မာနိုင်ငံတွင် ဧည့်လမ်းညွှန်လိုအပ်ချက်များပြားလျက်ရှိကြောင်း၊ ဧည့်လမ်းညွှန်သင်တန်းတက်ပြီးသူ အားလုံးသည်လည်း ဧည့်လမ်းညွှန်အလုပ်ကို လုပ်ကိုင်ခြင်းမရှိ၍ အရည်အချင်းရှိသည့် ဧည့်လမ်းညွှန်များ ပေါ်ပေါက်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် အသိအမှတ်ပြုလိုင်စင်ရရှိထားသည့် ဧည့်လမ်းညွှန်ပေါင်း ငါးထောင်ကျော်ရှိပြီး တစ်ထောင်ကျော်သာ ဧည့်လမ်းညွှန်အဖြစ်လုပ်ကိုင်လျက်ရှိကြောင်း ၎င်း၏အဆိုအရ သိရသည်။

# အရပ်အပုဆုံးလူ ဂင်းနစ်စံချိန်ဝင်နိုင်ရန် မြန်မာနိုင်ငံကြိုးစား

**ရန်ကုန်၊ ဇွန် ၂၂**

ကမ္ဘာ့အရပ်အပုဆုံးလူသားဖြစ်နိုင်ခြေရှိသော ဗလကြီး (ခေါ်) ဇော်ဗလအောင်ကို ကမ္ဘာ့ဂင်းနစ် (Guinnes) စံချိန်မှတ်တမ်းဝင်နိုင်ရန် ဂင်းနစ်စံချိန်လေ့လာရေးအဖွဲ့သို့ အကြောင်းကြားထားပြီဖြစ်ကြောင်း အဆိုပါလူပုလေးကို ရှာဖွေတွေ့ရှိခဲ့သူ သတင်းထောက်ခင်က ပြောကြားသည်။

"အသက် ၁၄ နှစ်ဆိုရင် ဝင်ပြိုင်လို့ရပြီ" ဟု ၎င်းက ဆိုသည်။ ၎င်းသည် ယခုအခါအသက် ၁၁ နှစ်ရှိပြီဖြစ်ပြီး ခြေဖနောင့်မှ ဦးခေါင်းအထိအရှည် ၂၅ လက်မသာရှိကြောင်း၊ ထိုအရွယ်အထိ ယင်းသို့ဖြစ်ခြင်းသည် အရိုးကြီးထွားမှုနှုန်းရပ်သွားခြင်းကြောင့်ဖြစ်ကြောင်း သတင်းထောက်ခင် က ကလေးအထူးကုဆရာဝန်ကြီး ဦးဝင်းမြတ်အေး၏ ကျန်းမာရေးစစ်ဆေးချက်အဖြေကို ကိုးကား၍ ရှင်းပြသည်။

ဗလကြီး (ခေါ်) ဇော်ဗလအောင်ကို ၁၉၉၉ ခုနှစ်က အဖဦးဝင်းလွင်၊ အမိဒေါ်ခင်လှတို့က မြန်မာနိုင်ငံအလယ်ပိုင်း ကျောက်ပန်းတောင်းမြို့နယ်နှင့် ၁၈မိုင်အကွာ ထန်းပေါက်ကုန်းကျေးရွာတွင် မွေးဖွားခဲ့ကြောင်း၊ အမိဝမ်းထဲ၌ လိမ္မော်သီးအရွယ်ရှိလေပူဖောင်းတစ်လုံးထဲတွင်ရှိခဲ့ပြီး ဓားဖြင့်ခွဲစိတ်သည့်အခါ ထိုအလုံးထဲမှ ခန္ဓာကိုယ်လက်ခလယ်အရွယ်ရှိ ဗလကြီးကိုမွေးဖွားခဲ့ကြောင်း၊ ၎င်းသည် မိခင်နို့ကိုသောက်စို့ရာတွင် နို့သီးခေါင်းနှင့်ပါးစပ်မဆံ့သောကြောင့် နို့ရည်ကို ခွက်ဖြင့်



www.foreverspace.com.mm

ခံကာ နို့တိုက်မွေးမြူခဲ့ရကြောင်း ၎င်း၏မိခင်နှင့် ဖခင်ဖြစ်သူတို့၏ ပြောကြားချက်အရသိရသည်။

လက်ရှိကိုယ်အလေးချိန် ၁၀ ပေါင်ရှိသည့် ဗလကြီး၏လည်ကုပ် ပခုံးတွင် ကျိုက်ထီးရိုးစေတီအမှတ်ပါရှိပြီး မြီးညောင်းရိုး၌ အမှတ်ဖြူအမှတ်အသားပါရှိကြောင်း ဖခင်ဖြစ်သူ၏အဆိုအရ သိရသည်။ ဗလကြီးသည် မွေးချင်းလေးဦးရှိသည့်အနက် ဒုတိယမြောက်သားဖြစ်ပြီး အစ်ကိုဖြစ်သူ စန်းခင်ဦး အသက် ၁၂နှစ်၊ ညီမများဖြစ်သော ခိုင်ရတနာဦး အသက် ရှစ်နှစ်နှင့် ခင်လပြည့်ဝင်း အသက် တစ်နှစ်တို့နှင့်အတူ ထန်းပေါက်ကုန်းကျေးရွာတွင် နေထိုင်လျက်ရှိကြောင်း သတင်းထောက်ခင်၏ ပြောကြားချက်အရ သိရသည်။

ကမ္ဘာ့အရပ်ပုဆုံးအမျိုးသားအဖြစ် ဂင်းနစ်စံချိန်တင်ထားသူမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသား He Pingping ဆိုသူဖြစ်ပြီး အရပ်အမြင့် ၂၉လက်မသာရှိကြောင်း၊ ၂၀၁၀ပြည့်နှစ် မတ်လတွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း wiki. answer. com တွင် ဖော်ပြထားသည်။

# စက်မှုဘဏ်ထုတ်ချေးငွေများ၏ ၄၃ ဒသမ ၁ ရာခိုင်နှုန်း စက်မှုကဏ္ဍတွင်ပါဝင်

**ရန်ကုန်၊ ဇွန် ၂၈**

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှ စီးပွားရေးလုပ်ငန်းများသို့ ချေးငွေများ ထုတ်ပေးခဲ့ရာတွင် ၂၀၀၉–၂၀၁၀ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းချေးငွေ၏ ၄၃ ဒသမ ၁ ရာခိုင်နှုန်းသည် စက်မှုလုပ်ငန်းကဏ္ဍအတွက်ဖြစ်ကြောင်း အဆိုပါဘဏ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောကြားသည်။

စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများသို့ ငွေကျပ် သန်းထောင်ပေါင်း ၃၄ ဒသမ ၉၆၃ အထိ ထုတ်ချေးခဲ့ရာတွင် စက်မှုလက်မှုလုပ်ငန်းများအတွက် ငွေကျပ် သန်းထောင်ပေါင်း ၁၅ အထိပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"နိုင်ငံတော်မှာ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရင်းအနှီးလိုအပ်တယ်ဆိုတာ အဓိကအကြောင်းတစ်ရပ်ပါ" ဟု ၎င်းက ဆိုသည်။

စက်မှုလုပ်ငန်းရှင်များသို့ အရင်းအနှီးများကို ထုတ်ချေးပေးရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီသာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ဆိုသည်။

"စက်မှုဇုန်တွေက လုပ်ငန်းရှင်တွေမှာ အရင်းအနှီးလိုကြတယ်။ ဒါဟာ ဘဏ်အနေနဲ့ အကူအညီပေးဖို့တာဝန်ရှိတယ်" ဟု ၎င်းကဆိုသည်။ စက်မှုလုပ်ငန်းရှင်များအနေဖြင့် ဘဏ်၏တည်ငြိမ်မှု၊ သွက်လက်မြန်ဆန်တိုးတက်မှုများကြောင့် ယုံကြည်မှုခိုင်မာပြီး ယခုလို ငွေချေးယူမှုတိုးတက်လာခြင်းဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

၂၀၀၉–၂၀၁၀ ဘဏ္ဍာနှစ်အတွင်း စက်မှုလုပ်ငန်းသို့ ငွေကျပ်သန်း ၁၅၀၆၈ ဒသမ ၉၆ ကုန်သွယ်မှုလုပ်ငန်းသို့ ငွေကျပ်သန်း ၉၂၆၇ ဒသမ ၁၁၊ ဝန်ဆောင်မှုလုပ်ငန်း သို့ ငွေကျပ်သန်း ၇၁၉၀ ဒသမ ၁၀၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းသို့ ငွေကျပ်သန်း ၈၈၉ ဒသမ ၇၇ နှင့် ဆောက်လုပ်ရေးလုပ်ငန်းသို့ ငွေကျပ်သန်း ၂၅၄၇ ဒသမ ၂၇၊ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၄၉၆၃ ဒသမ ၂၁ ကို ထုတ်ချေးခဲ့ကြောင်းလည်း အစီရင်ခံစာပါစာရင်းအရ သိရသည်။

လျှပ်စစ်ဓာတ်အား ပုံမှန်ရရှိရန်လည်းလိုအပ်သည်



www.foreverspace.com.mm



# ရန်ကုန်မြို့၏ အကြီးဆုံး LED Board ပန်းဆိုးတန်းခုံးကျော်တံတားအနီး တပ်ဆင်မည်

ရန်ကုန်၊ ဇူလိုင် ၁၂

မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော် ဖြစ်သော ရန်ကုန်မြို့တော်၌ အကြီးဆုံး LED Board ကို ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းခုံးကျော်တံတား အလယ်တွင် တပ်ဆင်ရန် စီစဉ်လျက်ရှိကြောင်း Ruby Mart Shopping Center ကို လုပ်ကိုင်သည့် မြဝတီထရေးဒင်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုတပ်ဆင်မည့် LED Board မှာ အလျား ၂၆ ပေ၊ အနံ ၁၅ ပေ ၄ လက်မရှိမည်ဖြစ်ပြီး ဘရဏီမီဒီယာက တပ်ဆင်ထားသည့် အလျား ၁၃ ပေ၊ အနံ ၂၄ ပေရှိ အကြီးဆုံး LED Board ထက် အရွယ်အစားပိုမိုကြီးမားမည်ဖြစ်ကြောင်း၊ အဆိုပါ LED Board ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့တွင် အပ်နှံထားပြီး ဇူလိုင်လအတွင်း ပန်းဆိုးတန်းတံတားတွင် စတီးသံဖရိန်တပ်ဆင်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း LED Board တပ်ဆင်ရန် စီစဉ်လျက်ရှိသည့် Ruby Mart Shopping Center တည်ဆောက်ရေးအဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

LED Board တွင် Welcome to Ruby Mart ဟု လေဆာဖြင့် စာတန်းထိုးရန်နှင့် အပူချိန်၊ နေ့ရက်၊ အချိန်တို့ကို ဖော်ပြရန်ညှိနှိုင်းနေကြောင်း တံတားထိပ်တွင် သံဖရိန်များဖြင့် တည်ဆောက်တပ်ဆင်မည်ဖြစ်ပြီး အဆိုပါ LED Board တွင် ကြော်ငြာထည့်သွင်းနိုင်မည်ဖြစ်ကြောင်း အထက်ပါအဖွဲ့က ဆိုသည်။

အဆိုပါ LED Board ၌ Ruby Mart Shopping Center တွင်ရှိသည့်



ကြော်ငြာရှင်များအတွက် ရည်ရွယ်ခြင်းဖြစ်သည်

ကုန်ပစ္စည်းများကို ကြော်ငြာသွားမည်ဖြစ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ ဈေးနှုန်းသက်သာစွာကြော်ငြာနိုင်ရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ရုံဘက်အခြမ်းတွင် တပ်ဆင်ကာ မော်တော်ယာဉ်ဖြင့်လာသူများနှင့် ရထားဖြင့်လာရောက်သူ၊ လမ်းလျှောက်လာသူများမှာ အဝေးမှ ထင်ရှားစွာမြင်စေနိုင်မည်ဖြစ်ကြောင်း အဆိုပါထရေးဒင်းမှ တာဝန်ရှိသူက ပြောကြားသည်။

"သံဖရိန်တွေတပ်ပြီးရင်တော့ LED ဘုတ်တင်လို့ရပြီ။ ဒီအတိုင်း တံတားအပေါ်တင်မယ်ဆိုရင်လည်း တင်လို့ရတယ်၊ ဒါပေမဲ့ သံဖရိန်နဲ့ကျတော့ ပိုကြံ့ခိုင်မှုရှိတယ်" ဟု ၎င်းက ဆိုသည်။

ရန်ကုန်မြို့တော်၏ လက်ရှိ အကြီးဆုံး LED Board မှာ ဘရဏီမီဒီယာက မြေနီကုန်း ဒဂုံစင်တာအနီးတွင် တပ်ဆင်ထားသည့် အလျား ၁၃ ပေ၊ အနံ ၂၄ ပေရှိ LED Board ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် အလျား ၁၃ ပေ၊ အနံ ၂၄ ပေ၊ စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ နာရီစင်တွင် အလျား ၅ပေ၊ အနံ ၈ပေ၊ ဧရာဝတီတိုင်း၊ ပုသိမ်မြို့ ကမ်းနားလမ်းတွင် အလျား ၁၅ပေ၊ အနံပေ ၂၀ LED Board များကိုလည်း တပ်ဆင်ထားကြောင်း ဘရဏီမီဒီယာထံမှ စုံစမ်းသိရှိရသည်။

ကြည်ကြည်လွင်

www.foreverspace.com.mm

# အင်းလေးကြာရက်ကန်းလုပ်ငန်းများ ကုန်ကြမ်းရှား

**ရန်ကုန်၊ ဇူလိုင် ၁၁**

အပူချိန်ပြင်းထန်ခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးလာခြင်းနှင့် အခြားအကြောင်းများကြောင့် စံချိန်တင် ရေကျဆင်းလာသော အင်းလေးကန်အတွင်း ကြာဖြင့်သက်န်းနှင့် အဝတ်အထည်ရက်လုပ်သော ရက်ကန်းလုပ်ငန်းများ ကုန်ကြမ်းရှားပါးမှုနှင့်ကြုံတွေ့နေရကြောင်း ဒေသခံများက ပြောကြားသည်။

အင်းလေးကန်အတွင်း ရေတိမ်လာမှုကြောင့် ကြာရိုးကြာစွယ်များ တိုတောင်းသွားကြသည့်အတွက် ကြာရိုးကုန်ကြမ်းရှားပါးလာကြောင်းနှင့် အချို့လုပ်ငန်းများမှာ ကြာသက်န်းရက်လုပ်မှုကို ရပ်နားထားကြောင်း ၎င်းတို့က ဆိုသည်။

ယင်းကြောင့် အင်းလေးကန်၏ ရေအနက်လျော့နည်းလာမှုအချိန်ကြာမြင့်မည်ဆိုပါက အဆိုပါ ကြာရက်ကန်းလုပ်ငန်းများ လာမည့်နှစ်တွင် ပိုမိုခက်ခဲလာနိုင်ကြောင်း အင်းလေးရှိ ဒေသခံ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောဆိုသည်။

ယခုအခါ အင်းလေးကန်ရေပြင်



**ကန်ရေပမာဏလျော့ပါးလာ၍ဖြစ်သည်**

ဧရိယာသည် ပိုမိုကျဉ်းမြောင်းလာပြီး ကမ်းစပ်ရေတိမ်ပိုင်းများတွင် ခြောက်သွေ့လာမှု၊ ကျွန်းရိုင်းများမှာ ကျွန်းသေများအဖြစ်ပြောင်းလဲတည်ရှိမှု၊ ကန်ရေပြင်ဧရိယာလျော့ကျလာသည်နှင့်အမျှ ကန်အတွင်း သိုလှောင်နိုင်သည့် ရေထုထည်ပမာဏလျော့ကျလာမှုတို့ကြောင့် အဆိုပါကန်အတွင်း မှီတင်းနေထိုင်သော ဇီဝမျိုးစုံမျိုးကွဲများနှင့် အင်းလေးဒေသခံများအတွက် အခက်အခဲများကြုံတွေ့လာရကြောင်း ဒေသခံတို့က ပြောကြားသည်။

အင်းလေးကန်မှာ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေ၊ ပင်လောင်းနှင့် ဖယ်ခုံမြို့နယ်တို့အတွင်း တည်ရှိသော ကုန်းမြင့်ရေတိမ်ဒေသတစ်ခုဖြစ်ပြီး အကျယ်အဝန်းမှာ မူလက အလျား ၃၆ မိုင်၊ အနံ ရှစ်မိုင် (၁၀၀ စတုရန်းမိုင်) ရှိခဲ့ရာမှ ယခုအခါ အလျား ၁၁ မိုင်၊ အနံ လေးမိုင် (၂၄ စတုရန်းမိုင်) ခန့်သာရှိသည်။

ဒေသခံအင်းသားတို့မှာ စိုက်ပျိုးရေးကိုအခြေခံ၍ ရေပေါ်ကျွန်းမျောနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးကြပြီး ပိုးထည်၊ ချည်ထည်၊ ရက်ကန်း၊ ငွေပန်းထိမ်လုပ်ငန်းနှင့် ပန်းပဲလုပ်ငန်းတို့ လုပ်ကိုင်ကြသည်။

# ပျဉ်းမနားမြို့အခြေစိုက် ရွှေမြို့တော်ယာဉ်ငယ်လိုင်း ၂၀၁၀ ပြည့်နှစ် မေလတွင် ခရီးသည်ဦးရေ တစ်သိန်းကျော်စီးနင်းဟုဆို

**နေပြည်တော် ပျဉ်းမနား ၊ ဇွန် ၁၄**



နေပြည်တော်နှင့် နေပြည်တော်ပျဉ်းမနား မြို့နယ်တွင်းပြေးဆွဲနေသည့် ရွှေမြို့တော်မော်တော်ယာဉ်ငယ်လိုင်းသည် ၂၀၁၀ ပြည့်နှစ် မေလတစ်လအတွင်း ယာဉ်လိုင်းပြေးဆွဲမှုအခေါက်ရေ ၃၇၀၁ ခေါက်ပြေးဆွဲခဲ့ပြီး ခရီးသည်စီးနင်းမှုနှင့် ပို့ဆောင်ပေးခဲ့သည့် ခရီးသည်ဦးရေ ၁၁၁,၀၀၀ ဦးရှိကြောင်း ယာဉ်လိုင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းယာဉ်လိုင်းကို နေပြည်တော်

www.foreverspace.com.mm



ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ၂၀၀၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့မှစတင်ပြေးဆွဲခဲ့ပြီး နေပြည်တော်နှင့် ပျဉ်းမနားမြို့နယ်တွင် ယာဉ်လိုင်းခုနစ်လိုင်းခွဲ၍ ပြေးဆွဲလျက်ရှိကြောင်း ၎င်းကဆိုသည်။

ရွှေမြို့တော်ယာဉ်ငယ်လိုင်းကို နေပြည်တော်ပျဉ်းမနားမြို့အမှတ် (၁) မြို့မဈေးတွင် အခြေစိုက်ပြေးဆွဲခဲ့ရာမှ ယခုအခါ ဘောဂသီရိအဝေးပြေးယာဉ် ရပ်နားစခန်းဝင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း၊ ယင်းမော်တော် ယာဉ်ငယ်လိုင်းတွင် ယာဉ်အစီးရေ ၁၀၀ ကျော်ရှိပြီး ယာဉ်လိုင်းခုနစ်လိုင်းနှင့် ပြေးဆွဲနေရာမှ ဘောဂသီရိကားဝင်းမှ ကျည်တောင်ခေါ်မအထိ ယာဉ်လိုင်း တစ်လိုင်းတိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း အဆိုပါယာဉ်လိုင်းထံမှ စုံစမ်းသိရှိရသည်။

**မင်းသုခိုင်**


အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ

(၂၀၁၀-ဩဂုတ်လ)

၁။ ကလေးအသက်(၆)လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးပါ။


၂။ အသက်(၆)လမှ (၅)နှစ်အောက် ကလေးများကို ဗီတာမင်အေ ဆေးလုံးတိုက်ပါ။
၃။ အသက်(၂)နှစ်မှ (၅)နှစ်အောက် ကလေးများနှင့် မူလတန်းအရွယ်ကလေးများအား (၆)လတစ်ကြိမ် သန်ချဆေးတိုက်ပါ။

၄။ အမျိုးသမီးများ သံဓာတ်အားဆေး မှီဝဲပါ။
၅။ ကိုယ်ဝန်(၃)လအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေးတစ်ကြိမ်တိုက်ပါ။
၆။ ကိုယ်ဝန်နောက်ဆုံးလမှ မွေးဖွားပြီး(၃)လအထိ ဗီတာမင်ဘီဝမ်းဆေးပြား တိုက်ကျွေးပါ။

၇။ မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
၈။ အသက်အရွယ်မရွေး အာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားပါ။

unicef

www.foreverspace.com.mm



# ဒီမိုကရေစီလူ့ဘောင်
# ခေါင်းဆောင်ကောင်း၊ နောက်လိုက်ကောင်းနှင့်
# မြန်မာ့စီးပွားဆဋ္ဌမရိုက်ချက်

ကျော်ဇေယျာထွန်း၊ ကျော်ဆန်းမင်း

www.foreverspace.com.mm



**မြန်**မာနိုင်ငံတွင် ၂၀၁၀ပြည့်နှစ်၌ ရွေးကောက်ပွဲများ ကျင်းပတော့မည်ဖြစ်ရာ ရွေးကောက်ပွဲတွင် ပါဝင်ကြမည့် နိုင်ငံရေးပါတီများလည်း အသီးသီးတည်ထောင်ဖွဲ့စည်းထားကြပြီး ဖြစ်သည်။ ပါတီကို ဦးဆောင်မည့်သူများနှင့် ပါတီ၏ မူဝါဒများကိုလည်း ပြည်တွင်းဂျာနယ်၊ စာစောင်များတွင် မြင်တွေ့နေရပြီဖြစ်သည်။ အဆိုပါပါတီများ မှပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲလွန်ကာလများတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်ကြီးများကို ပြည်သူလူထုကိုယ်စား ဦးဆောင်ဦးရွက် ပြုသွားမည့်သူများဖြစ်ရာအကောင်းဆုံးသော ဦးဆောင်မှုပေးနိုင်ရန် အရေးကြီးသကဲ့သို့ နောက်လိုက်များအနေဖြင့်လည်း မိမိကိုဦးဆောင်မည့် ခေါင်းဆောင်ကောင်းကို နောက်လိုက်ကောင်းများ ပီသစွာ ရွေးချယ်နိုင်ရန်မှာလည်း အထူးအရေးကြီးလှသည်။



## ခေါင်းဆောင်အရည်အချင်း

လူ့သမိုင်းတစ်လျှောက်တွင် လူတို့သည် မိမိထက် အသက်ကြီးသူ၊ မိမိထက် မြင့်မြတ်သူ၊ မိမိထက် တိုက်ရည်ခိုက်ရည်စွမ်းရည်မြင့်မားသူ၊ မိမိနှစ်သက်လေးစားသော အရည်အချင်းရှိသူများကို ခေါင်းဆောင်တစ်ဦးအဖြစ် သတ်မှတ်ကာ နှစ်ပေါင်းများစွာကို လူသားမျိုးနွယ်တို့ ဖြတ်သန်းလာခဲ့သည်။

ခေတ်များ၊ စနစ်များ မည်သို့ပင် ပြောင်းလဲသွားသော်လည်း လူ့အဖွဲ့အစည်းကို ဦးဆောင်မည့်သူသည် ခေတ်တိုင်း၊ စနစ်တိုင်းတွင်ရှိ၍နေသည်။ လူ့အဖွဲ့အစည်းဟုဆိုရာ၌ လူမှုရေးနှင့် စီးပွားရေး အဖွဲ့အစည်းငယ်လေးများမှအစ တိုင်းပြည်နိုင်ငံများအထိ ဦးဆောင်သည့်ခေါင်းဆောင်များ အရည်အချင်းပေါ်မူတည်၍ အောင်မြင်မှု၊ ကြီးပွားချမ်းသာမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ကွဲပြားခြားနားကြသည်။ ထို့ကြောင့် လူမှုရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် နိုင်ငံရေးရာကိစ္စရပ်များ အောင်မြင်တိုးတက်စေရန်အတွက်မှာ ခေါင်းဆောင်ကောင်းက ဦးဆောင်မှုပေးနိုင်ရန် အလွန်အရေးကြီးလှသည်။

ဤသို့ဆိုလျှင် မည်သို့သောပုဂ္ဂိုလ်များသည် ခေါင်းဆောင်ဟုဆိုနိုင်သနည်း။ ခေါင်းဆောင်ကောင်းတို့တွင် မည်သို့သော အရည်အချင်းများရှိသနည်း ဆိုသောမေးခွန်းများကို ခေါင်းဆောင်မှုဆိုင်ရာသီအိုရီသဘောများ လေ့လာတတ်ကျွမ်းသူများနှင့်လက်တွေ့အသုံးချခဲ့ဖူးသူအချို့က အမျိုးမျိုးမှတ်ချက်ပြုကြသည်။

“ခေါင်းဆောင်ကောင်းတွေမှာ ရှိသင့်တဲ့ အင်္ဂါရပ်တွေကတော့ နာယကဂုဏ်ခြောက်ပါးပဲ။ ထကြွ၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဤခြောက်ခု ပြုမှုနာယကတဲ့။ ထကြွဆိုတာက အမြဲတမ်း လူက Action အပြည့်ဖြစ်နေတာကိုပြောတာ။ နိုးကြားဆိုတာက Alert ဖြစ်တာ။ နိုင်ငံတကာအခြေအနေတွေ၊ ပြည်တွင်းအခြေအနေတွေ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုအကြောင်း၊ စီးပွားရေး Trend၊ ဗဟုသုတ ဒါတွေနဲ့ပြည့်စုံရမယ်။ သနားဆိုတဲ့အခါမှာလည်း ကရုဏာထားတတ်ရမယ်၊ ကျောသားရင်သားမခွဲခြားရဘူး။ ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင်လုပ်ရမယ်။

www.foreverspace.com.mm

သည်းခံဆိုတာကလည်း အပင်မြင့်ရင်လေတိုက်မှာပဲ။ လေတိုက်ခံရမှာပဲ။ ဝေဖန်မှုကို သည်းခံရမယ်၊ သဘောထားကြီးရမယ်။ ဝေဖန်မှုကနေ ပညာယူရမယ်။ ဝေဖန်တဲ့အခါမှာလည်း ကိုယ်ကသိမှ ဝေဖန်နိုင်မှာ။ ကျယ်ပြန့်တဲ့ ဗဟုသုတရှိရမယ်။ ဒါမှ အမှားအမှန်ကို ဝေဖန်သုံးသပ်နိုင်မှာ။ နောက်ဆုံးက ထောက်ရှုက ရှေ့ရေး၊ နောက်ရေး ကြည့်တာ။ ရေရှည်မျှော်တတ်ရမယ်၊ နောက်ကြောင်း ပြန်သုံးသပ်၊ ရှေ့ရေးကိုမျှော်တွေးပြီး ဆုံးဖြတ်ချက်တွေ ချပေးရမယ်။ ဒါတွေဟာ ခေါင်းဆောင်ကောင်းတစ်ယောက်မှာ ရှိသင့်တဲ့ အင်္ဂါရပ်တွေပါ”ဟု ခေါင်းဆောင်မှုဆိုင်ရာစာအုပ်များ ရေးသားသူ စာရေးဆရာကြည်မင်းက ရှင်းပြသည်။

ခေါင်းဆောင်ကောင်းနှင့် ပတ်သက်၍ ပညာရှင်အမျိုးမျိုးက ဖွင့်ဆိုချက်အမျိုးမျိုးဖြင့် ပြောဆိုရေးသားနေကြသော်လည်း အဓိပ္ပာယ်နှင့်အနှစ်သာရ ကွဲပြားခြားနားမှုမရှိသည်ကို တွေ့ရသည်။


ခေါင်းဆောင်ကောင်းတစ်ဦးအနေဖြင့် အခြားသောသူများကို ဦးဆောင်မှုမပေးခင် ဦးစွာဦးဆောင်မှုပေးရမည့်သူမှာ မိမိကိုယ်တိုင်သာ ဖြစ်သည်။ ယင်းမှာ ခေါင်းဆောင်ကောင်းတစ်ဦးအတွက် မရှိမဖြစ်သော အခြေခံစရိုက်လက္ခဏာများဖြစ်သည်။ မိမိကိုယ်တိုင်က ကောင်းသောအရာများကို ရှေ့ဆောင်လမ်းပြ လုပ်ဆောင်နိုင်မှသာလျှင် မိမိနောက်လိုက်များက မိမိကိုယုံကြည်နိုင်မည်ဖြစ်သည်။

ခေါင်းဆောင်ကောင်းတွင် ရှိသင့်ရှိထိုက်သော အရည်အချင်းများနှင့်ပတ်သက်၍ ပညာရှင်များက ပြောကြားရာတွင် ခေါင်းဆောင်ကောင်းတစ်ယောက်သည် မိမိ၏အရည်အချင်းနှင့် မိမိကိုယ်ကိုယ်ယုံကြည်ရန်၊ ရိုးသားဖြောင့်မတ်ပြီး အကျင့်စာရိတ္တကောင်းမွန်ရန်၊ ပေါင်းသင်းဆက်ဆံရေးပြေပြစ်ရန်၊ ပညာဗဟုသုတပြည့်ဝသောသူဖြစ်စေရန်၊ အပြန်အလှန်လေးစားမှုရှိစေရန်၊ မိမိသွားလိုသော၊ ဖြစ်လိုသော ရည်မှန်းချက်ထားရန် စသည့် စရိုက်လက္ခဏာများ ပြည့်စုံရမည်ဖြစ်ကြောင်း မိန့်ဆိုထားကြသည်။

“လူတစ်ယောက်မှာ ဒီလိုအရည်အချင်းတွေ အားလုံးရှိဖို့ဆိုတာ အတော်ခက်တယ်။ အခုနောက်ပိုင်းကျတော့ Team Leadership သဘောဖြစ်လာတယ်။ ဆိုလိုတာက တစ်ဦးမှာမရှိတဲ့ အရည်အချင်းက တစ်ဦးမှာရှိတယ်။ အဲဒီလို အပြန်အလှန် ဆွေးနွေးတိုင်ပင် ပြီးလုပ်လာတယ်”ဟု လူတစ်ယောက်တည်းက ဦးဆောင်မှုပေးသောပုံစံမှ အားလုံးအကြံဉာဏ်ပေးကာ အပြန်အလှန် ဆွေးနွေးတိုင်ပင်သည့် Team Leadership သဘောကို ပြောပြသူမှာ ခေါင်းဆောင်မှုဆိုင်ရာကိုယ်ရည်ကိုယ်သွေးများနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးပွဲများ ပုံမှန်ပြုလုပ်နေသူ ပါမောက္ခဒေါက်တာ အောင်ထွန်းသက်ဖြစ်သည်။

## လေ့ကျင့်လို့ရသလား

မည်သို့ပင်ဆိုစေ အထက်တွင်ဖော်ပြခဲ့သော ခေါင်းဆောင်ကောင်း၏ လက္ခဏာအရည်အချင်းများသည် ခေါင်းဆောင်ကောင်း



မြန်မာ့ဂုဏ်ဆောင်
ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်

www.foreverspace.com.mm



တစ်ယောက်တွင် ရှိသင့်ရှိထိုက်သည့်အရာများသာဖြစ်သည်။ ဤသို့ဆိုလျှင် ယင်းအရည်အချင်းများသည် ခေါင်းဆောင်တစ်ဦးအတွက် မွေးရာပါလား၊ လေ့ကျင့်ယူ၍ရသလားဆိုသည်မှာလည်း မေးစရာတစ်ခုဖြစ်လာသည်။

"စင်ကာပူနိုင်ငံရဲ့ဖခင်ကြီး လီကွမ်ယုက ခေါင်းဆောင်ဖြစ်ဖို့ အလားအလာရှိသူတွေကို ခေါင်းဆောင်ကောင်းဖြစ်အောင် လေ့ကျင့်ပေးလိုက်တယ်လို့ ဖြေဖူးတယ်။ ခေါင်းဆောင်ဆိုတာ မွေးရာပါအရည်အချင်းရှိသူကို လေ့ကျင့်ယူရင် အကောင်းဆုံးလို့ဆိုတာပဲ။ နှစ်ခုပေါင်းထားရင် အကောင်းဆုံးပေါ့။ မိုင်းတွေရှာတဲ့ခွေးတွေ လေ့ကျင့်ပေးရာမှာ နာမည်ကျော် သင်တန်းဆရာပြောသလိုပေါ့။ သူက ခွေးတွေ သားပေါက်ချိန်မှာ မျက်လုံးအရောင်အလက်ဆုံး ခွေးလေးတွေကို ရွေးထုတ်ပြီး ကျင့်ပေးတယ်တဲ့။ ဒီနည်းနဲ့သူ အကောင်းဆုံးခွေးတွေရတယ်တဲ့ Nature Plus Nurture သဘာဝနဲ့ ပြုစုပျိုးထောင်တာ ပေါင်းထားတာပေါ့"ဟု ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် Myanmar Egress Capacity Development Center၌ ခေါင်းဆောင်မှုဘာသာရပ်ကို သင်ကြားပေးနေသူ ဦးဇေယျာသူက ပြောကြားသည်။

"ခေါင်းဆောင်ကောင်းဆိုတာ မွေးရာပါမဟုတ်ဘူး။ မွေးကတည်းက ပါလာတာ မဟုတ်ဘူး။ မွေးရာပါပါတာက ခေါင်းဆောင်ရဲ့တဲ့သတ္တိ၊ အဲဒီတော့ ခေါင်းဆောင်က Training လိုတယ်။ Training ပေးရမယ်"ဟု ခေါင်းဆောင်ကောင်းဖြစ်အောင် လေ့ကျင့်နိုင်သည့်အကြောင်းကို စာရေးဆရာကြည်မင်းက ဆိုသည်။

ထို့ကြောင့် လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံကို ဦးဆောင်မည့် ခေါင်းဆောင်များသည် မွေးရာပါအရည်အချင်းရှိရန် မလိုအပ်ဘဲ လေ့ကျင့်၍ရနိုင်သည်ဖြစ်ရာ ခေါင်းဆောင်ချင်စိတ်ရှိသူများအနေဖြင့် ခေါင်းဆောင်ကောင်းဖြစ်ရန်မှာ လွန်စွာနီးစပ်လှသည်။ ခေါင်းဆောင်ကောင်းနှင့် ပတ်သက်သည့် စာအုပ်ပေါင်းများစွာလည်း ထုတ်ဝေထားသည်ဖြစ်ရာ လေ့လာသင်ယူမည်ဆိုပါက အလွယ်တကူ သင်ယူနိုင်ကြသည်။

## အချိန်အခါအလိုက်ပေါ်တဲ့ခေါင်းဆောင်

ထို့ပြင် ခေါင်းဆောင်များသည် အခြေအနေ အချိန်အခါကို လိုက်၍ ခေါင်းဆောင်များပေါ်တတ်ကြသည်။ မည်သူသည် ခေါင်းဆောင်အရည်အချင်းများရှိသည်၊ မည်သူသည် ခေါင်းဆောင်ဖြစ်နိုင်သည်ဟု ကြိုတင်ခန့်မှန်းခြင်းမရှိသလို မိမိကိုယ်တိုင်၌ပင် ခေါင်းဆောင်အရည်အချင်းရှိကြောင်းကို မသိနိုင်ပေ။ သို့သော် အခြေအနေနှင့် အချိန်အခါပေါ်မူတည်၍ ခေါင်းဆောင်အရည်အချင်းများ ပေါ်ထွက်လာကာ ခေါင်းဆောင်တစ်ဦးအဖြစ် အများအသိအမှတ်ပြုခြင်းကိုခံလာရသည်။ ယင်းအခြေအနေသို့ရောက်ရန်အတွက်လည်း မိမိ၌ ကိုယ်ပိုင်အရည်အချင်းများ အသင့်ဖြစ်နေရန် လိုအပ်နေသေးသည်။

"ခေါင်းဆောင်ဆိုတာ အချိန်အခါနဲ့လိုက်ပြီး ပေါ်တာ။ ဥပမာ–ဂျွန်ဆရာစံ ဒီခေတ်ပေါ်လို့မရဘူး။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဒီခေတ်ပေါ်လို့မရဘူး။ သူ့ခေတ်မှာ သူပေါ်မှ ခေါင်းဆောင်ဖြစ်မှာ။ အဲဒီတော့ ခေါင်းဆောင်ဆိုတာ အချိန်အခါနဲ့လိုက်တယ်"ဟု ဆရာကြည်မင်းက ရှင်းပြသည်။

"ခေါင်းဆောင်ပေါ်တယ်ဆိုတာ ပတ်ဝန်းကျင်နဲ့ ဆိုင်တယ်။ ဥပမာ–အပျော်စီးသင်္ဘောတစ်စီးမြုပ်တော့မယ်။ သင်္ဘောပေါ်မှာ ကမ္ဘာကျော်သူဌေးကြီးတွေ၊ အပျော်စီးပင်လယ်ကူး နိုင်ငံရေးခေါင်းဆောင်ကြီးတွေ စတဲ့ နယ်ပယ်အသီးသီးက ခေါင်းဆောင်တွေ ခရီးသည်အဖြစ်ပါလာကြတယ်။ အဲဒီအချိန်မှာ အားလုံးဟာ ယောက်ယက်ခတ်နေကြတယ်။ ဒါပေမဲ့ သန့်ရှင်းရေးလုပ်တဲ့ ကောင်လေးကျတော့ တည်တည်ငြိမ်ငြိမ်နဲ့ပဲ ကလေးတွေ၊ အမျိုးသမီးတွေ အသက်ကယ်လှေပေါ်တက်၊ ဘယ်သူကတော့ ဘယ်မှာနေပေးပါဆိုတာမျိုး လိုက်လုပ်တယ်။ အဲဒီအချိန်မှာ သူဟာ ခေါင်းဆောင်ပဲ။ ဒါပေမဲ့ သူ့မှာ အဲဒီလို ခေါင်းဆောင်အရည်အချင်းရှိမှန်း သူကိုယ်တိုင်လည်း မသိဘူး။ တခြားသူတွေလည်း မသိဘူး။ ဒီအခြေအနေပေါ်လာလို့ကြောင့်သာ သူ့ရဲ့ ခေါင်းဆောင်အရည်အချင်းပေါ်လာတာ။ ဒါပေမဲ့ သူ့ရဲ့ အရည်အချင်းကတော့ အရင်ကတည်းက ရှိနေရမှာပေါ့"ဟု ပတ်ဝန်းကျင်အခြေအနေကိုလိုက်၍ ခေါင်းဆောင်ပေါ်တတ်ပုံကို ဆရာဇေယျာသူက ရှင်းပြသည်။

## ခေါင်းဆောင်ရှားသလား

မတူကွဲပြားသည့် လူ့အဖွဲ့အစည်းပေါ်မူတည်၍ ခေါင်းဆောင်ရှားခြင်းနှင့် ခေါင်းဆောင်မှုပုံစံ မတူညီခြင်းလည်းရှိ၍နေသည်။ လူ့အဖွဲ့အစည်းတစ်ခု၌ ခေါင်းဆောင်ရှားသည်ဆိုရာတွင် ခေါင်းဆောင်မှုပုံစံမတူကွဲပြားနေခြင်းကြောင့်သာ ခေါင်းဆောင်ရှားပါးနေခြင်းဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ ဒေါက်တာအောင်ထွန်းသက်က ယခုကဲ့သို့ ရှင်းပြသည်။

"ဦးဆောင်တဲ့ပုံစံက နေရာတိုင်းမှာရှိနေရင် ကျောင်းမှာလည်း ဦးဆောင်တာရှိတယ်၊ ဆေးရုံမှာလည်း ဦးဆောင်တာရှိတယ်၊ ရပ်ကွက်မှာလည်း ဦးဆောင်တာရှိတယ်။ ဦးဆောင်တဲ့ အခွင့်အရေးတွေဟာ ပျံ့နေရင် တစ်ဦးတစ်ယောက်တည်းချုန်ပြီး ဦးဆောင်တာမျိုးက လျော့သွားတယ်။ ချမ်းသာတဲ့နိုင်ငံတွေမှာ တစ်ယောက်တည်းဦးဆောင်တာထက် ဥပမာ–အိုဘားမားက သမ္မတဖြစ်ပေမယ့် ဆီနိတ်တာကလည်း သူ့နေရာနဲ့သူ၊ စီးပွားရေးလုပ်တဲ့သူကလည်း သူ့နေရာနဲ့သူ၊ ကာကွယ်ရေးလုပ်တဲ့သူကလည်း သူ့တာဝန်နဲ့သူ။ တစ်ယောက်တည်းချုန်လုပ်နေတာက ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ အတွေ့ရနည်းတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ အခုလို Leadership က ပျံ့မနေဘူး။ တစ်ဦးတည်းမှာပဲ သွားစုတယ်လို့ပြောတယ်။ အီဂျစ်လိုနိုင်ငံမှာဆို မူဘာရက်သွားစုတယ်။ ကျူးဘား၊ မြောက်ကိုရီးယား၊ အီရတ်မှာဆို ဆက်ဒမ်၊ အင်ဒိုနီးရှားမှာဆို ဆူဟာတို။ ဘာကြောင့် ဒီလိုဖြစ်နေတာလဲဆိုရင် နိုင်ငံရဲ့ ရင့်ကျက်မှု လိုတယ်လို့ပြောတယ်။ အဆင့်မြင့်တဲ့နိုင်ငံတွေမှာဆိုရင် ဦးဆောင်

www.foreverspace.com.mm

တဲ့သူက တစ်နေရာတည်း ဦးဆောင်တာမျိုးမဟုတ်တော့ဘူး။ သူ့နေရာနဲ့သူ ဦးဆောင်ကြတာ။ တက္ကသိုလ်ဦးဆောင်တဲ့သူကလည်း ခေါင်းဆောင်၊ ဆေးရုံကို ဦးဆောင်တဲ့သူကလည်း ကမ္ဘာကျော်။ အဲတော့ သူ့နေရာနဲ့သူ Leadership တွေက အများကြီးပဲ။ ဆိုတဲ့ အခါမှာ ဆရာတို့အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ မရှိတော့ဘူးလို့ ပြောကြတယ်"

## နောက်လိုက်ကောင်း

ခေါင်းဆောင်ကောင်းဟု ဆိုရာတွင် နောက်လိုက်ကောင်းများရှိရန်အတွက်ကိုလည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ခေါင်းဆောင်ကောင်းမဖြစ်ခင် နောက်လိုက်ကောင်းပီသစွာ အရင်ဦးဆုံးကျင့်ကြံအားထုတ်ရမည် ဖြစ်သည်။ ခေါင်းဆောင်၏ နောက်လိုက်ဟုဆိုသော်လည်း နောက်လိုက်၏ အကျင့်စရိုက်များမှာ ခေါင်းဆောင်တစ်ဦး၏ အကျင့်စရိုက်နှင့် ကွာခြားခြင်းမရှိပေ။ သို့သော် နောက်လိုက်ကောင်းများအနေဖြင့် မှန်ကန်သော ခေါင်းဆောင်ကောင်းများကို ရွေးချယ်တတ်ရန်မှာ နောက်လိုက်ကောင်းတစ်ဦးအတွက် အလွန်အရေးကြီးသော အရည်အချင်းတစ်ခုပင် ဖြစ်သည်။

"ခေါင်းဆောင်ကောင်းနဲ့ နောက်လိုက်ကောင်းဟာ အညမညသဘောရှိတယ်။ နောက်လိုက်ကောင်းရှိမှ ခေါင်းဆောင်ကောင်းရှိမယ်။ ခေါင်းဆောင်ကောင်းရှိမှလည်း နောက်လိုက်ကောင်းရှိမယ်။ ခေါင်းဆောင်ကောင်းရော၊ နောက်လိုက်ကောင်းရောလိုတယ်။ ခေါင်းဆောင်ကောင်းပြီး နောက်လိုက်မကောင်းရင်လည်း အလကားပဲ။ နောက်လိုက်ကောင်းပြီး ခေါင်းဆောင်မကောင်းရင်လည်း မဟုတ်တဲ့မှုတွေချပြီး အကုန်ဒုက္ခရောက်မှာပဲ"ဟု စာရေးဆရာကြည်မင်းက ပြောကြားသည်။

လူ့အဖွဲ့အစည်းတစ်ခုတွင် အချို့သောနောက်လိုက်များသည် ဦးဆောင်သောသူ၏ ခိုင်းသမျှ၊ ပြောသမျှကို စဉ်းစားတွေးခေါ်ခြင်း မရှိဘဲ လုပ်ကိုင်တတ်ကြသည်။ အချို့မှာ တွေးခေါ်နိုင်စွမ်းရှိသော်လည်း ခေါင်းဆောင်ကို မည်သည့်အကြံဉာဏ်မျှမပေးဘဲ နေတတ်ကြသည်။ သို့သော် နောက်လိုက်ကောင်းတစ်ဦးသည် မိမိအဖွဲ့အစည်း၏ အဆိုးအကောင်းမှန်သမျှကို တွေးခေါ်စဉ်းစားပြီး ဦးဆောင်သူကို အကြံဉာဏ်ပေးခြင်းသည်သာ မှန်ကန်သော နောက်လိုက်ကောင်းတစ်ဦးဖြစ်မည်။

"နောက်လိုက်ကို ပုံစံငါးမျိုးခွဲလို့ရတယ်။ ဥပမာ–အဖွဲ့အစည်းတစ်ခုမှာ စိတ်မပါ၊ မစဉ်းစားတတ်တဲ့ သိုးလိုနောက်လိုက်။ စိတ်မပါဘူး၊ တွေးတယ် ဒါပေမဲ့ ဘာမှမပြောတဲ့ ကြိုယ်သားလို နောက်လိုက်။ စိတ်တော့ပါတယ်၊ မတွေးဘူး၊ ဒါက Yes, Sir သမားတွေ။ နောက်တစ်ခုက စိတ်လည်း သိပ်မပါဘူး၊ သိပ်လည်းမတွေးဘူး၊ သူက မလုပ်၊ မရှုပ်၊ မပြုတ်သမား။ ထိရောက်တဲ့သူကျတော့ စိတ်ပါတယ်၊ တွေးတယ်၊ ဝင်ပြီးတော့လည်း ဆွေးနွေးတယ်၊ အကြံဉာဏ်ပေးတယ်"ဟု နောက်လိုက်ပုံစံငါးမျိုးနှင့်ပတ်သက်၍ ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

## စစ်တမ်းကပြောတဲ့ ခေါင်းဆောင်ကောင်း

ခေါင်းဆောင်ကောင်းနှင့် ပတ်သက်၍ Living Color မဂ္ဂဇင်းက အသက် ၂၀ မှ ၃၀ ကြားရှိသူ ၄၇ ဦးကို စစ်တမ်းငယ်တစ်ခုကောက်ယူခဲ့ရာ လူ့အဖွဲ့အစည်းတွင် ခေါင်းဆောင်လိုအပ်သည်ဟု အားလုံးက တညီတညွတ်တည်း ပြောဆိုကြသည်။

မိမိ၏ပတ်ဝန်းကျင်ရှိ ခေါင်းဆောင်ကောင်းဟု ယူဆရသောသူနှင့် တွေ့ကြုံဖူးပါသလားဟူသော မေးခွန်းကို တွေ့ကြုံဖူးသည်ဟု ဖြေဆိုသူ ၃၁ ဦး၊ မတွေ့ကြုံဖူးပါဟု ဖြေဆိုသူ ၁၂ ဦး၊ မသိပါဟု ဖြေဆိုသူ လေးဦးရှိသည်။

ခေါင်းဆောင်မှုဘာသာရပ်ကို လေ့လာဖူးပါသလားဟူသော မေးခွန်းကို ဖြေဆိုရာတွင် လေ့လာဖူးသူ ၄၂ ဦး၊ မလေ့လာ ဖူးသူမှာ ငါးဦးရှိသည်ကို တွေ့ရသည်။ မိမိကိုယ်တိုင်ခေါင်းဆောင်ဖြစ်ချင်ပါသလား ဟူသော မေးခွန်းကို ဖြေဆိုကြရာတွင် ဖြစ်ချင်သူ ၄၃ ဦး၊ မဖြစ်ချင်သူ သုံးဦးနှင့် မသိသူတစ်ဦးရှိသည်။

ခေါင်းဆောင်တစ်ယောက်တွင် ရှိသင့်ရှိထိုက်သည့် စရိုက်လက္ခဏာငါးခုကို ရွေးချယ်ရာတွင် ရိုးသားခြင်း၊ ဆုံးဖြတ်ချက်ပြတ်သားခြင်း၊ တန်းတူဆက်ဆံတတ်ခြင်း၊ မိမိကိုယ်ကိုယ် ယုံကြည်မှုရှိခြင်းနှင့် အခြားသူများ စိတ်ဓာတ်တက်ကြွအောင်လုပ်ပေးနိုင်ခြင်း စသည်တို့ကိုအများစုက ရွေးချယ်ကြသည်ကို တွေ့ရသည်။

ထပ်မံ၍ မိမိအထက်လူကြီးနှင့် မိမိကို ဦးဆောင်သောသူများတွင် မိမိကိုယ်တိုင် မကြိုက်မနှစ်သက်သော အရည်အချင်း ငါးခုကိုရွေးချယ်ရာတွင် အခြားသူများ၏စကားကို နားမထောင်ခြင်း၊ ဆုံးဖြတ်ချက်မပြတ်သားခြင်း၊ နားလည်မှုမပေးခြင်း၊ အပြောနှင့်အလုပ်မညီခြင်း၊ နောက်လိုက်များနှင့် အဆက်အဆံမလုပ်ခြင်း စသည့်အချက်များကို အများစုက ရွေးချယ်ကြသည်။

## ခေါင်းဆောင်ကောင်း၊ နောက်လိုက်ကောင်းနှင့်ဒီမိုကရေစီလူ့ဘောင်

မည်သို့ပင်ဆိုစေ မိသားစုတွင် ဦးဆောင်သူမှအစ လူမှုရေး၊ စီးပွားရေးလုပ်ငန်းအလယ်၊ နိုင်ငံရေး၌ ဦးဆောင်သူအဆုံး ဦးဆောင်မှုပေးသည်ဆိုရာ၌ ခေါင်းဆောင်ကောင်း၏ အင်္ဂါရပ်များနှင့်ပြည့်စုံရန် အထူးလိုအပ်ကြောင်း၊ အလားတူ နောက်လိုက်များမှာလည်း ဦးဆောင်သူ၏နောက်တွင် နောက်လိုက်ကောင်းအင်္ဂါရပ်များနှင့်ညီညွတ်ရန်လိုအပ်ကြောင်းနှင့် ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်း အပြန်အလှန်အမှီပြုနိုင်မှသာ လူ့အဖွဲ့အစည်း၏ အောင်မြင်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည်ကြောင်း အစရှိသည့် ခေါင်းဆောင်မှုဆိုင်ရာ သီအိုရီသဘောတရားများ၏ အဆိုကို အားလုံးသိရှိထားကြပြီးဖြစ်သည်။

သို့သော် လက်တွေ့တွင် ဤသို့မဖြစ်ပေါ်နိုင်သော လူ့အဖွဲ့

www.foreverspace.com.mm



အစည်းတို့ ရှိနေပါသေးသည်။

၂၀ ရာစုအလယ်ကာလမှ ၁၉ ရာစုမတိုင်ခင်ကာလများက ထူးချွန်ထက်မြက်လှသော တစ်ဦးတစ်ယောက်၏ခေါင်းဆောင်မှုဖြင့် နိုင်ငံတစ်ခုမှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး အပြောင်းအလဲကို ဖြစ်ပေါ်စေနိုင်ခဲ့သည်။ ၂၀ ရာစုနှောင်းပိုင်းမှ ယနေ့ ၂၁ ရာစုတွင်မူ ပြောင်းလဲကျင့်သုံးလာသော စနစ်များကြောင့် အရည်အချင်းရှိသောလူအများက စုဖွဲ့ ခေါင်းဆောင်မှုပေးလာကြသည်ကို တွေ့ရသည်။ အထူးသဖြင့် စက်မှုတော်လှန်ရေး ဗွေဆော်ဦးဖြစ်ပေါ်ခဲ့သော အနောက်ကမ္ဘာတွင် ဤစနစ်တွင်ကျယ်ခဲ့သည်မှာ ယနေ့ကာလအထိတိုင်ဖြစ်သည်။ ထိုကာလများက သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်မှ ရုန်းမထွက်နိုင်သေးသော အရှေ့တိုင်းသည်ကား အင်အားကြီး၊ ဩဇာကြီး၊ အရှိန်အဝါကြီး၊ အစဉ်အလာကြီးမားသော ခေါင်းဆောင်တစ်ဦးတစ်ယောက်အပေါ်တွင်သာ မှီတည်သည့်စနစ်ကို အနောက်ထက်ပို၍ ကာလကြာရှည် ဖက်တွယ်ထားခဲ့သည်။ ယနေ့ အနောက်ကဲ့သို့ အများစုဖွဲ့ခေါင်းဆောင်သည့်စနစ်ကျင့်သုံးလာသော အရှေ့တိုင်းနိုင်ငံအချို့ပင်လျှင် အတိတ်ကစွဲမြဲခဲ့သော တစ်ဦးကောင်း တစ်ယောက်ကောင်းအပေါ် မှီခိုမျှော်လင့်လွန်းသည့် စရိုက်တို့ အတော်ကြီးဖျောက်ရခက်နေသေးသည်။ ထိုအချက်ကို အရှေ့တိုင်းနိုင်ငံများ၏ မျက်မှောက်နိုင်ငံရေးအပြောင်းအလဲများက သက်သေပြသကဲ့သို့ ရှိနေသည်။


ဝန်ကြီးချုပ်ဟောင်း ဦးနု

မြန်မာ့သမိုင်းဖြစ်စဉ်တစ်လျှောက်ကြည့်မည်ဆိုလျှင်လည်း ဤသို့ပင်။ ဆရာကြည်မင်း မှတ်ချက်ပြုသကဲ့သို့ နယ်ချဲ့စနစ်ကြောင့်၊ ဖက်ဆစ်စနစ်ကြောင့် ခေါင်းဆောင်ကောင်းများ ပေါ်လာခဲ့ရသည်မှာ တစ်နည်းအားဖြင့် ခေတ်နောက်ကျနေခဲ့သော အရှေ့တိုင်း နိုင်ငံတစ်ခု၏ ဝိသေသလက္ခဏာတစ်ရပ်ဟု ပြောရမလားပင်။ ဗိုလ်ချုပ်အောင်ဆန်းတည်းဟူသော ခေါင်းဆောင်ကောင်း၏ ရှေ့ဆောင်မှုကို တစ်တိုင်းတစ်ပြည်လုံးက နောက်လိုက်ကောင်း ပီသစွာ တစ်သဝေမတိမ်းနာယူလိုက်ပါခဲ့သောကြောင့် ယနေ့လွတ်လပ်ရေး အသီးအပွင့်ကို မြန်မာနိုင်ငံသူနိုင်ငံသား အားလုံး ရရှိခံစားနေရသည် မဟုတ်ပါလော။

ထို့အတူ ရှေ့ဆက်ရမည့် ဒီမိုကရေစီလူ့ဘောင်တစ်ရပ်ဆီသို့ အရောက်သွားဖို့ ဟန်ပြင်နေသော ယနေ့မျက်မှောက်မြန်မာနိုင်ငံသည်လည်း နယ်ပယ်ကဏ္ဍအသီးသီးရှိခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းတို့၏အရည်အချင်း၊ သဘောထားကြီးမှု၊ ရေရှည်မျှော်တွေးနိုင်စွမ်းနှင့် အသိပညာ ရေချိန်တို့အပေါ်တွင် မူတည်နေပေသည်။

**ကျော်ဇေယျာထွန်း**

www.foreverspace.com.mm




ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုလိုက်ပြီဖြစ်သည်

# မြန်မာ့စီးပွားဆဋ္ဌမရိုက်ချက်

ကျော်ဆန်းမင်း

**နိုင်ငံရေးမူဝါဒနှင့် စီးပွားရေးစနစ်မှာ အပြန်အလှန်အမှီသဟဲပြုနေကြသည့်နည်းတူ နိုင်ငံရေးစနစ်ပြောင်းလဲမှုက စီးပွားရေးစနစ်ကို ပြောင်းလဲစေသကဲ့သို့ စီးပွားရေးစနစ်ပြောင်းလဲမှုကလည်း နိုင်ငံရေးစနစ်ကို ပြောင်းလဲရန် တွန်းအားပေးလေ့ရှိသည်။ ယနေ့မြန်မာနိုင်ငံတွင်လည်း နိုင်ငံရေးစနစ်အပြောင်းအလဲ ရောင်ခြည်သန်းလာသည်နှင့်အမျှ မြန်မာ့စီးပွားရေးအခင်းအကျင်းလည်း လိုက်ပါပြောင်းလဲစပြုနေပြီဖြစ်ရာ လက်ရှိမြန်မာ့စီးပွားရေးမှာ ပြုပြင်ပြောင်းလဲရေးအတွက် စပ်ကူးမပ်ကူးကာလကို ရောက်ရှိနေသည်ကိုတွေ့ရသည်။ ယင်းစီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ ကုန်းဘောင်ခေတ်မှစ၍ ယနေ့အထိဆိုလျှင် မြန်မာနိုင်ငံသမိုင်း၌ ခြောက်ကြိမ်မြောက် စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်ပေရာ မြန်မာ့စီးပွားဆဋ္ဌမရိုက်ချက် မည်သို့ပုံပေါ်လာမည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလာသည်။**

## ပထမရိုက်ချက်

မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုများကို လက်လှမ်းမီသလောက်လေ့လာကြည့်ချက်အရ ကုန်းဘောင်ခေတ်မတိုင်ခင်အထိ မြန်မာ့စီးပွားရေးမှာ ပဒေသရာဇ်အုပ်ချုပ်မှုအောက်တွင် မိရိုးဖလာစိုက်ပျိုး မွေးမြူရေးနှင့် နိုင်ငံနယ်နိမိတ်အတွင်း ကူးသန်းရောင်းဝယ်မှုလောက်သာရှိနေရာမှ ကုန်းဘောင်ခေတ်က မွေး

www.foreverspace.com.mm



ထုတ်လိုက်သော ယောမင်းကြီး သို့မဟုတ် ယောအတွင်းဝန် ဦးဘိုးလှိုင်လက်ထက်တွင် ခေတ်မီသောစီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးရန်အယူအဆများ ပထမဆုံး ထုံလွှမ်းလာသည်။

ယောမင်းကြီး၏ပြုပြင်ပြောင်းလဲလိုသော စီးပွားစနစ်သစ်မှာ ထိုခေတ်ကာလက စက်မှုလုပ်ငန်းများ ထွန်းကားနေပြီဖြစ်သော အနောက်နိုင်ငံများတွင် ခေတ်စားနေသည့် လစ်ဘရယ်အရင်းရှင်စနစ်ဖြစ်ကြောင်း တွေ့ရသည်။

ယောမင်းကြီး၏ စီးပွားရေးအယူအဆများမှာ လွတ်လပ်စွာကူးသန်းရောင်းဝယ်မှုကို အားပေးကြောင်း ရာဇဓမ္မသင်္ဂဟကျမ်းတွင် သင်္ဂဟတရားလေးပါးနှင့်ပတ်သက်၍ ရှင်းလင်းထားရာ၌–

'ကုန်သည်လယ်လုပ်တို့ကိုလုပ်အောင် ကူးသန်းအားရှိအောင် အပိတ်အပင်မရှိဖွင့်၍ အခွင့်ပေးခြင်း၊ ဤကဲ့သို့ နှောင့်ယှက်ဖျက်ဆီးရှိလျှင် ကုန်သည်တို့လည်း ကောင်းစွာကူးသန်းရောင်းဝယ်ခြင်းကို မပြုနိုင်ရာ လယ်ယာလုပ်ဆောင်သည့် တောင်သူတို့လည်း လယ်ယာကို ကောင်းမွန်စွာ မလုပ်ဆောင်နိုင်ရာ။ ဤသို့အကူးအသန်းအရောင်းအဝယ်လုပ်ဆောင်ရအောင် အကြီးအအုပ်နှင့်တကွ အစောင့်အရှောက် အထိန်းအသိမ်းထားပြီးမှ ကောင်းမွန်စွာ ကူးသန်းရောင်းဝယ်ရအောင် လုပ်ဆောင်ရာသည်' ဟု ဖော်ထုတ်ထားကို



နိုင်ငံရေးစနစ်ပြောင်းလဲသည်နှင့်အမျှ စီးပွားရေးစနစ်ကိုပါ ပြောင်းလဲစေသည်

# "Policy Maker တွေ ဘောဂဗေဒအသိရှိဖို့လိုတယ်"

## စီးပွားရေးပညာရှင် ဒေါက်တာတင်စိုးနှင့် တွေ့ဆုံခြင်း

ကျော်ဆန်းမင်း

**L.C ။ ။ မြန်မာနိုင်ငံရဲ့စီးပွားရေး စနစ်ကို ပြုပြင်ပြောင်းလဲမှုတွေလုပ်လာတဲ့အပေါ် ဆရာ့အမြင်လေး သိပါရစေ။ အောင်မြင်တဲ့ ပြုပြင်ပြောင်းလဲရေးတစ်ခုအတွက် အခြေခံလိုအပ်ချက်က ဘာလဲဆိုတာ ရှင်းပြပေးပါဦး။**

**Dr.TS** ။ ။ ကုန်းဘောင်ခေတ်ကနေ ဒီနေ့အထိဆို မြန်မာနိုင်ငံမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်လာတာ ငါးကြိမ်ရှိပြီ။ အရင်က အတွေ့အကြုံတွေအရ အောင်မြင်တဲ့စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်အောင် ဘာလုပ်ရမလဲဆိုတာ သုံးသပ်ဖို့လိုလာပြီ။ ခေတ်အဆက်ဆက် စီးပွားရေးပြုပြင်ပြောင်းလဲဖို့ စနိုးဆော်တာဘယ်သူလဲ။ အပြင်လူလား၊ အတွင်းလူလား။ အပြင်လူတွေများတယ်။ တကယ့် Policy Maker တွေက ပြုပြင်သင့်တယ်လို့ လက်ခံပြုပြင်တာမျိုး မရှိဘူး။ တကယ်လုပ်နေတဲ့သူတွေ၊ ပြုပြင်ပြောင်းလဲပေးဖို့အော်တဲ့သူတွေ ပြုပြင်ပြောင်းလဲမှုလုပ်ရာမှာ မပါဘူး။ စီမံကိန်းဆွဲတဲ့သူက တစ်ယောက်၊ တကယ် လုပ်ရတဲ့သူကတစ်ယောက် ဖြစ်နေတယ်။ နောက် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ရာမှာ မထိတထိလုပ်လို့မရဘူး။ ဒီနေ့အထိလုပ်ခဲ့တဲ့ စီးပွာရေးပြုပြင်ပြောင်းလဲမှုတွေကို လေ့လာရင် စီမံကိန်းတစ်ခုလုံး ခြုံလွှမ်းလုပ်ဆောင်ခဲ့တာ

www.foreverspace.com.mm

ရေ့လာကြည့်လျှင် လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှုကို အလေးအနက်တိုက်တွန်းထားသည်ကို တွေ့ရသည်။

စီးပွားရေးနှင့် အစိုးရ၏တာဝန်နှင့်ပတ်သတ်၍ ယောမင်းကြီး၏အယူအဆမှာ အစိုးရက စီးပွားရေးတွင် ဝင်မစွက်သင့်၊ အစိုးရ၏တာဝန်မှာ စီးပွားရေးစနစ်ကြီး ကောင်းစွာလည်ပတ်ရန်ကိုသာ ထိန်းကျောင်းပေးရမည်ဟူသော အစိုးရ အချုပ်အချယ်ကင်းသည့် စီးပွားရေးလွတ်လပ်မှုဝါဒကို ကျင့်သုံးစေလိုခဲ့သည်ကို တွေ့ရသည်။

စင်စစ်ယောမင်းကြီး၏ စီးပွားရေးအယူအဆသည် ၁၈ ရာစု ဘောဂဗေဒခေါင်းကိုင်ဖခင် အဒမ်စမစ်၏ သီအိုရီဖော်ထုတ်ချက်နှင့် အလားသဏ္ဍာန်တူနေသည်မှာ ထူးခြားချက်ဖြစ်သည်။


နိုင်ငံ၏ ဓနအင်အားဖန်တီးနိုင်သော ကုန်သည်နှင့်လယ်လုပ်အင်အား ကြီးပွားချမ်းသာမှသာ နိုင်ငံတွင် အခွန်အတုပ်ပိုမိုရလာမည်ဖြစ်၍ ကုန်သည်လယ်လုပ်တို့ ကြီးပွားချမ်းသာအောင် နိုင်ငံတော်တွင်တာဝန်ရှိသည်ဟုလည်းကောင်း၊ အနောက်နိုင်ငံများကဲ့သို့ ငွေတိုက်ထွန်းကားမှ တိုင်းပြည်စည်ပင်ဝေဖြာမည်ဟုလည်းကောင်း၊ တိုင်းပြည်ဘဏ္ဍာ အလွန်အကျွံသုံးစွဲနေမှုကို ကန့်သတ်လိုသဖြင့် ဘုရင်ကစ မောင်းမမိဿံ၊ ချွေရံသင်းပင်း အပါအဝင် မင်းမှုထမ်းများအဆုံး လစာချွေတာယူကြရန် တိုက်တွန်းမှုတို့သည်လည်းကောင်း ယောမင်းကြီး၏ ထူးခြားသော၊ ခေတ်မီဆန်းသစ်သော စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အယူအဆများဖြစ်ကြောင်း တွေ့ရသည်။

ယင်းစီးပွားရေးအယူအဆများနှင့်အညီ မြန်မာ့စီးပွားရေးကို ပြုပြင်ပြောင်းလဲရန် ပြုပြင်ပြောင်းလဲမြှင့်တင်လိုသူ (Economic reform implementer) တစ်ဦးဖြစ်ပြီး Policy Maker တစ်ဦးလည်းဖြစ်သော ကနောင်မင်းသားကြီးက ဦးဆောင်လုပ်ကိုင်ခဲ့ရာ



လွတ်လပ်စွာတင်သွင်းဖြန့်ချိရောင်းချခွင့် ရရှိပြီဖြစ်သည်

အထက်မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းများ အစပျိုးလုပ်ကိုင်နိုင်လာရုံမက ပြည်ပနိုင်ငံများသို့ ပညာတော်သင်များ စေလွှတ်လာသည်အထိ ဖွံ့ဖြိုးလာခဲ့သော်လည်း ကနောင်မင်းသားကြီးသည် ထီးနန်းလုပ်ကြံခံရမှုကြောင့် စောစီးစွာ ကွယ်လွန်သွားခဲ့ရသည်။



'စီးပွားရေးအောင်မြင်မှုသည် နိုင်ငံရေးစနစ်ကို ပီပြင်စေတယ်၊ တည်ငြိမ်စေတယ်'

မဟုတ်ဘူး။ အစိတ်အပိုင်းအလိုက်ဖြတ်ပြီး လုပ်တာ။ ဟိုစပ်စပ်၊ ဒီစပ်စပ်ပြုပြင်ပြောင်းလဲတာနဲ့ အောင်မြင်တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု မဖြစ်နိုင်ဘူး။ စီမံကိန်းကြီးထဲမှာ စီမံကိန်းငယ်တွေပါဝင်ရမယ်။ ဥပမာ–စပါးအထွက်တိုးအောင် လုပ်မယ်ဆိုရင် ဘယ်လိုလုပ်မလဲ၊ စိုက်ဧကတိုးချဲ့မလား၊ စိုက်ပျိုးနည်းစနစ်ပြောင်းမလား။ ဒါတွေမပါဘဲ အောင်မြင်တယ်၊ အောင်မြင်တယ်လို့ ပြောနေလို့မရဘူး။ စီမံကိန်းကပြည့်စုံတဲ့ စီမံကိန်းဖြစ်ရမယ်။ Comprehensive ဖြစ်ရမယ်။ ဦးနှင်းပဲ့ထောင် မဖြစ်ရဘူး။ ဦးဆောင်တဲ့သူတွေက ဘောဂဗေဒနားလည်ရမယ်။ နောက်စီမံကိန်းရေးဆွဲပြီးရင် ဒီစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်မယ့်သူ မရှိလို့မဖြစ်ဘူး။ လက်ရှိလုပ်နေတဲ့သူတွေ မလုပ်နိုင်လို့ စီးပွားရေး ပြုပြင်ပြောင်းလဲရတာ သူတို့ပဲပြန်ခိုင်းလို့ အောင်မြင်ပါ့မလား။ အောင်မြင်အောင် ဘယ်လိုလုပ်မလဲ။ သဘောက ကျွမ်းကျင်တဲ့ စီမံကိန်းအကောင်

www.foreverspace.com.mm




ပြည်တွင်းစားသုံးမှုဖူလုံရန် အရေးကြီးသည်

ယင်းဖြစ်စဉ်မှာ သန္ဓေတည်စ ပထမဆုံး မြန်မာ့ခေတ်မီ စီးပွားရေးပြုပြင်ပြောင်းလဲမှု သို့မဟုတ် မြန်မာ့စီးပွား ပထမရိုက်ချက် ဆုံးခန်းတိုင်ခဲ့ရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်မည်ဟု ယူဆစရာရှိသည်။

## ဒုတိယရိုက်ချက်

၁၉ ရာစုအတွင်း မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ အဆင့်ဆင့်နယ်ချဲ့သိမ်းပိုက်ပြီးသည့်နောက်ပိုင်း ဗြိတိသျှတို့က မြန်မာနိုင်ငံကို ကမ္ဘာ့စီးပွားရေးဈေးကွက်နှင့် တံခါးဖွင့်တွေ့ဆုံစေခဲ့ရာ မြန်မာ့စီးပွားရေးမှာ အိမ်နီးချင်းတိုင်းပြည်များထက် သာလွန်ကောင်းမွန်ခဲ့သည်။

ဗြိတိသျှတို့ အုပ်ချုပ်သောကိုလိုနီအောက်မြန်မာနိုင်ငံကို နိုင်ငံတကာဈေးကွက်သို့ ၁၈၅၂ ခုနှစ်တွင် တံခါးဖွင့်ပေးခဲ့ပြီး ကမ္ဘာ့ဈေးကွက်နှင့် ချိတ်ဆက်ပေးခဲ့သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို ကိုလိုနီပြုခဲ့ပြီးနောက် ကမ္ဘာ့ဆန်ဈေးကွက်သို့ ဆန်တင်ပို့ရောင်းချခဲ့မှုကြောင့် အထက်မြန်မာပြည်မှ လယ်သမားများပင် မြစ်ဝကျွန်းပေါ် ဒေသကို ပြောင်းရွှေ့အခြေချလာခဲ့ကြသည်။ ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် ဆန်စပါးတင်ပို့မှု သိသိသာသာ တိုးတက်လာပြီး တစ်နှစ်ပုံမှန် ဆန်တန်ချိန် သုံးသန်း တင်ပို့နိုင်သော အနေအထား ရောက်ခဲ့သည်။

ဗြိတိသျှအုပ်ချုပ်မှုအောက်တွင် ကျွန်းသစ်နှင့်သစ်မာ ထုတ်လုပ်တင်ပို့မှုများ၊ ရေနံ၊ ခဲ၊ သံဖြူ စသော တွင်းထွက်အရင်းအမြစ် ထုတ်လုပ်တင်ပို့မှုများ စသော အခြခံပို့ကုန်များကို ပြည်ပတင်ပို့မှုမှ နိုင်ငံခြားငွေများစွာ ရရှိခဲ့ကြသည်။

၎င်းတို့လက်ထက်တွင် အခြေခံထုတ်ကုန်များ ပြည်ပတင်ပို့ရာတွင်အဆင်ပြေစေရန် မီးရထားလမ်းများ မြောက်မှတောင်သို့ ဆက်သွယ်ဖောက်လုပ်ခဲ့ကြပြီး မြို့ပေါင်းတစ်ရာကျော်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။ ယင်းအပြင် လူနည်းစုအလွှာအချို့သာ သင်ကြားနိုင်သည်ဟုဆိုသော်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်း

အထည်ဖော်သူရှိရမယ်။ Reform Implementer ပေါ့။ ဒါရှိရမယ်။ နောက်ဆုံးတစ်ချက်က စီမံကိန်းအပေါ်သုံးသပ်မှု။ အောင်မြင်မှုဘယ်လောက်ရှိလဲ၊ မအောင်မြင်ရင် ဘာ့ကြောင့်လဲ။ ဒါတွေဆန်းစစ်သုံးသပ်နေဖို့လိုတယ်။ ဒါတွေတွေ့မှ ပြင်သင့်တာ ပြင်နိုင်မယ်။ Reform လုပ်ရာမှာ Reform Management ကောင်းဖို့လိုပါတယ်။ ဒါမရှိလို့ ဘယ်လိုမှ မရဘူး။

**L.C ။ ။ စီးပွားရေးစနစ်နဲ့ နိုင်ငံရေးစနစ်ကချိတ်ဆက်နေတော့ စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ နိုင်ငံရေးစနစ်ပေါ် တည်နေတယ်ဆိုတဲ့ အယူအဆပေါ် ဆရာဘယ်လို သုံးသပ်မိပါသလဲ။**



**Dr.TS** ။ ။ စီးပွားရေးစနစ်နဲ့ နိုင်ငံရေးစနစ်က ချိတ်ဆက်နေတာတော့ ဟုတ်တယ်။ ဒါပေမဲ့ ကျွန်တော်မသိတာက စီးပွားရေးစနစ်ကပိုအရေးကြီးသလား၊ နိုင်ငံရေးစနစ်က ပိုအရေးကြီးသလား ဆိုတာတော့ မသိဘူး။ ကျွန်တော်မြင်တာကတော့ စီးပွားရေးအောင်မြင်မှုသည် နိုင်ငံရေးစနစ်ကိုပီပြင်စေတယ်၊ တည်ငြိမ်စေတယ်။ ဒီတော့ စီးပွားရေးအောင်မြင်ဖို့လိုတယ်။ Policy Maker တွေ ဘောဂဗေဒအသိရှိဖို့လိုတယ်။ မသိရင်လေ့လာရမယ်။ မတတ်လို့တော့မရဘူး။ စီးပွားရေးဖွံ့ဖြိုးတဲ့ဘယ်နိုင်ငံမှာမဆို Policy Maker တွေက ဘောဂဗေဒကျွမ်းကျင်နားလည်ကြတယ်။ ဒီပေတံနဲ့ တိုင်းတာရမယ်။

www.foreverspace.com.mm



လိုအပ်ပါက ပုဂ္ဂလိကသို့ လွှဲပြောင်းဝန်ဆောင်မှုပေးသင့်သည်

နိုင်သော ပညာရေးကို ဖန်တီးပေးခဲ့သည်။ (ထိုစဉ်က ရန်ကုန်တက္ကသိုလ်မှာ အရှေ့တောင်အာရှနိုင်ငံများတွင် အကောင်းဆုံးတက္ကသိုလ်တစ်ခုဖြစ်သည်)

ကိုလိုနီခေတ် မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ အတိုင်းအတာတစ်ရပ်အထိ အောင်မြင်ခဲ့သော်လည်း နယ်ချဲ့စနစ်၏ တရားမျှတမှုမရှိသော၊ တန်းတူညီတူမရှိသော သဘောထားများ တရားကိုယ်ကပင် ပါလာသောကြောင့် မြန်မာနိုင်ငံသားတိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝကျပ်တည်းခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင်သာ လုပ်ကိုင်နိုင်ပြီး စက်မှုကဏ္ဍကို တိုင်းရင်းသားများ လုပ်ဆောင်ရန် အခွင့်အလမ်းမရှိခြင်း၊ အခြေခံအဆောက်အဦများမှာ ကိုလိုနီစီးပွားရေးစနစ် ချောမွေ့စေရန်သာ တည်ဆောက်ထားခြင်း စသောအချက်များကြောင့် မြန်မာနိုင်ငံသား တိုင်းရင်းသားလူမျိုးများအတွက် အကျိုးကျေးဇူးနည်းပါးသော စီးပွားရေးပြုပြင်ပြောင်းလဲမှုတစ်ရပ်သာ ဖြစ်ခဲ့သည်။

ကိုလိုနီစနစ်၏ အကြီးမားဆုံးဆိုးကျိုးဟု ဆိုနိုင်သောအချက်မှာ မြန်မာနိုင်ငံရေးခေါင်းဆောင်များ၊ မြန်မာပညာရှင်များနှင့် ပြည်သူလူထုက နိုင်ငံတကာကုန်သွယ်ရေးအပေါ် ယုံကြည်မှုကင်းမဲ့ကာ အကြောက်တရား လွှမ်းမိုးသွားခြင်းပင်ဖြစ်သည်။ ယင်းကြောင့် မြန်မာ့လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်အဆက်ဆက်အစိုးရများမှာ ပြည်တွင်းစီးပွားရေးကို ကန့်သတ်ထားရန် စဉ်းစားခဲ့ကြသည်။ ဤသည်တို့မှာ ဒုတိယမြောက် မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲမှု သို့မဟုတ် မြန်မာ့စီးပွားရေး ဒုတိယရိုက်ချက်၏ သွင်ပြင်လက္ခဏာများပင်ဖြစ်ပေသည်။

## တတိယရိုက်ချက်

လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံ၏ ကနဦးဖြတ်သန်းခဲ့ရသည့် စီးပွားရေးစနစ်မှာ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံနှင့် အံဝင်မည်ဟု ယူဆရသော ဆိုရှယ်လစ်တစ်ပိုင်း ဈေးကွက်စီးပွားရေးစနစ် တစ်နည်းအားဖြင့် ရောပြွန်းစီးပွားရေးစနစ်နှင့်ဆင်တူသော စနစ်တစ်မျိုးဖြင့် ဖြတ်သန်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော စီးပွားရေးစနစ်မှာ ယင်း

## စီးပွားရေးပညာရှင် ဒေါက်တာမောင်မောင်စိုးနှင့် တွေ့ဆုံခြင်း

ကျော်ဆန်းမင်း

**L.C ။ ။ မြန်မာ့စီးပွားရေးကဏ္ဍမှာ ၂၀၁၀ အတွင်း သိသိသာသာ အပြောင်းအလဲတွေ စလုပ်နေတာတွေ့ရပါတယ်။ ဒီလိုစီးပွားရေးပြုပြင်ပြောင်းလဲမှု အစပျိုးလာတဲ့အပေါ် ဆရာ့အမြင်လေး ပြောပြပေးပါဦး။**



**Dr.MMS** ။ ။ မူဝါဒတစ်ခုချမှတ်တဲ့နေရာမှာ သီအိုရီသဘောအရပြောရရင် Transparency ပွင့်လင်းမြင်သာမှုရှိရမယ်။ တစ်နည်းအားဖြင့် အစိုးရလုပ်တာကို လူထုကသိရှိရမယ်။ Policy တိုင်းသည် လူထုအတွက်ချမှတ်တာဖြစ်တယ်။ အစိုးရက Policy ချပေးတယ်။ လူထုက လိုက်နာရတယ်။ ဒီတော့ Policy မှန်ရင် လူထုနဲ့ တိုက်ရိုက်သက်ဆိုင်တယ်။ ဒီတော့ လူထုသိရမယ်။ အခု ဓာတ်ဆီဆိုင်တွေမှာ ဆီစာအုပ်

www.foreverspace.com.mm



ကာလက ဒေသတွင်းနိုင်ငံများတွင် ကျင့်သုံးနေသော ရောပြွန်းစီးပွားရေးစနစ်ဖြစ်သည်။ ယင်းစနစ်အရ ပုဂ္ဂလိကကဏ္ဍကို လုပ်ပိုင်ခွင့်အချို့ပေးခဲ့သော်လည်း အဓိကမောင်းနှင်အားကို အစိုးရက ရယူထားခဲ့သည်။

လွတ်လပ်ရေးရပြီးကာလ နောက်ပိုင်းတွင် စိုက်ပျိုးနိုင်သောလယ်မြေများကို ပြည်သူပိုင်သိမ်းခဲ့ပြီး လယ်သမားများထံ အများဆုံး ၁၀ ဧကအထိသတ်မှတ်၍ ပြန်လည်ခွဲဝေပေးခဲ့သည်။ ပြည်ပကုန်သွယ်ရေးဆိုင်ရာစည်းမျဉ်းမူဝါဒများ၊ လစာထုတ်ပေးသောနှုန်းထားများကိုလည်း ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။ နိုင်ငံခြားငွေလဲလှယ်မှုကို တင်းကျပ်စွာ ထိန်းချုပ်ထားခဲ့ပြီး သွင်းကုန်များကိုလည်း သွင်းကုန်လိုင်စင်စနစ်ဖြင့် ထိန်းချုပ်ထားခဲ့သည်။

သွင်းကုန်လိုင်စင်ကို အကန့်အသတ်ဖြင့်သာ ထုတ်ပေးခဲ့ပြီး သွင်းကုန်လိုင်စင်ရသူများမှာ လုပ်ငန်းမလုပ်တတ်သူများဖြစ်ကြသဖြင့် လုပ်ငန်းလုပ်တတ်သူများကို လိုင်စင်ပြန်ရောင်းသည့် ဈေးကွက်ပေါ်ပေါက်လာခဲ့ပြီး သွင်းကုန်များ ဈေးနှုန်းမြင့်တက်လာသည်။

သို့သော် မထင်မှတ်ဘဲရသည့် ကောင်းကျိုးတစ်ရပ်မှာ သွင်းကုန်များဈေးမြင့်၍ သွင်းကုန်အစားထိုး ကုန်စည်များထုတ်လုပ်ရန် စက်မှုလုပ်ငန်းများထူထောင်လာကြသဖြင့် ၁၉၅၅ ခုနှစ်ဝန်းကျင်တွင် လူသုံးကုန်စည်များ ထုတ်လုပ်သည့်လုပ်ငန်းများ အများအပြား ပေါ်ပေါက်လာခဲ့သည်။

ပြည်ပတင်ပို့မှုတွင် ဆန်တင်ပို့မှုနှင့်ကျွန်းသစ်တင်ပို့မှုကို အစိုးရကသာ လုပ်ပိုင်ခွင့်ရယူထားသည့်အပြင် နိုင်ငံတော်ကောက်ပဲ သီးနှံအဖွဲ့ကိုဖွဲ့စည်းခဲ့ပြီး လယ်သမားများထံမှ စပါးကို ပေါက်ဈေးထက် နိမ့်သောနှုန်းထားဖြင့် ဝယ်ယူခဲ့သည်။ ယင်းကြောင့် ဆန်ပေါက်ဈေးမှာ နိုင်ငံတကာပေါက်ဈေးအောက်ရောက်ရှိနေ၍ ပြည်တွင်းဝယ်ယူမှုပမာဏမြင့်မားခဲ့ပြီး ပြည်ပတင်ပို့မှုပမာဏ ပိုမိုကျဆင်းခဲ့သည်။

ဤကာလအတွင်း မအောင်မြင်ရသော အဓိကအခြေခံအကြောင်းရင်းမှာ စိုက်ပျိုးရေးကဏ္ဍအတွက် မက်လုံးပေးဆော်မှုမရှိခြင်းပင်ဖြစ်သည်။

သို့သော် ကိုရီးယားစစ်ပွဲကာလဖြစ်သော ၁၉၅၀ ပြည့်နှစ်အတွင်း နိုင်ငံခြားငွေများ ဖောဖောသီသီရရှိခဲ့သည်။ ယင်းစစ်ပွဲ



မလိုဘဲ ထုတ်ခွင့်ရတာ၊ လွတ်လွတ်လပ်လပ်ဝယ်ခွင့်ရတာ ကောင်းပါတယ်။ ဒါကိုကြိုဆိုပါတယ်။ စက်သုံးဆီဆိုတာ အခြေခံကုန်စည်ထဲမှာပါလို့ တည်ငြိမ်ဖို့တော့လို တယ်။ နောက်ကျောင်းတွေပညာရေးပေါ့။ ပညာရေးက တခြားကဏ္ဍတွေနဲ့ မတူဘူး။ ပုဂ္ဂလိကကို ရာနှုန်းပြည့်လွှဲလို့မရဘူး။ အစိုးရပိုင်လည်း ရှိရမယ်။ အစိုးရပိုင်မရှိရင် စံပျောက်သွားမယ်။ ဒီလိုပဲ ပုဂ္ဂလိကမရှိဘဲ အစိုးရပိုင်တွေပဲဆိုရင်လည်း စံပျောက်သွားမယ်။ ဒီလိုကဏ္ဍတွေကတော့ အစိုးရနဲ့ပုဂ္ဂလိက အပြိုင်ရပ်တည်သင့်တဲ့ကဏ္ဍတွေပဲ။ Policy Transparency ရှိရမယ်ဆိုတာ သိပ်အရေးကြီးတယ်။ သိသူဖော်စား မသိသူကျော်သွားဖြစ်လို့ မရဘူး။ ဒါကျွန်တော့်သီအိုရီအရ ပြောတာပါ။ သတိထားရမှာပါ။

**L.C** ။ ။ **နိုင်ငံရေးစနစ်နဲ့ စီးပွားရေးစနစ်က ယှဉ်တွဲနေတာဆိုတော့ နိုင်ငံရေးစနစ်ပြောင်းရင် စီးပွားရေးစနစ်ပါလိုက် ပြောင်းလေ့ရှိတယ်။ အခုနိုင်ငံရေးစနစ်သစ်မှာ ဘယ်လိုစီးပွားရေးစနစ်ဖြစ်မယ်လို့ ယူဆထားပါသလဲ။**

**Dr.MMS** ။ ။ စီးပွားရေးပြုပြင်ပြောင်းလဲတယ်ဆိုတာ Political System ကပေးတဲ့ခွင်ထဲမှာပဲ ပြောင်းတာ။ သီအိုရီသဘောအရဆိုရင် လူအုပ်ချုပ်တဲ့ နိုင်ငံရေးစနစ်မှာ ဈေးကွက်စီးပွားရေး မထွန်းကားဘူး။ နိုင်ငံရေးစနစ်က Command System ဖြစ်နေရင် Market Economy ကို Reform လုပ်ချင်လို့မရဘူး။ သူ့နိုင်ငံရေးစနစ်မှာပေးတဲ့ ခွင်ထဲကနေပဲ စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်လို့ရတယ်။ အကြမ်းဖျင်း ပြောရရင် လစ်ဘရယ်ဒီမိုကရေစီစနစ်မှာ ဈေးကွက်စီးပွားရေးစနစ်ကို Reform လုပ်လို့ရတယ်။ ဒီလိုမဟုတ်ဘဲ တခြားနိုင်ငံရေးစနစ်မှာ ဈေးကွက်စီးပွားရေးစနစ်ကို Reform လုပ်ချင်လို့မရဘူး။

www.foreverspace.com.mm


ဘဏ်နှင့်ငွေကြေးစနစ် ဖွံ့ဖြိုးပီပြင်ရန်လိုအပ်နေသေးသည်

ကိုအကြောင်းပြု၍ပေါ်ထွက်လာသော ပြည်တော်သာစီမံကိန်းမှာလည်း နိုင်ငံတကာဆန်ဈေးကွက်တွင် ဆန်စပါးဈေးနှုန်းကျဆင်းလာမှုကြောင့် ရန်ပုံငွေခက်ခဲလာခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် ရပ်ဆိုင်းသွားခဲ့သည်။

၁၉၅၆ ခုနှစ် ပြည်တော်သာစီမံကိန်းရပ်ဆိုင်းပြီးနောက်တွင် ပုဂ္ဂလိကကဏ္ဍမပါဝင်ဘဲ စီးပွားရေးဖွံ့ဖြိုးစေရန် မဆောင်ရွက်နိုင်ကြောင်း တွေ့ရှိလာသည်။ ယင်း၏နောက်ဆက်တွဲ ကောင်းကျိုးအနေဖြင့် ၁၉၅၇ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေမူကြမ်းကို စီးပွားရေးနှင့် လူမှုရေးဘုတ်အဖွဲ့က အတည်ပြုပေးခဲ့သည်။

ယင်းသို့ဖြင့် မြန်မာ့စီးပွားရေးမှာ ၁၉၆၀ ပြည့်နှစ် ဝန်းကျင်တွင် ပွင့်လင်းသော အရင်းရှင်စီးပွားရေးစနစ် (ဈေးကွက်စီးပွားရေးစနစ်)သို့ ဦးတည်ရွေ့ပြောင်းလာခဲ့ပြီဖြစ်သည်။ သို့သော် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ၁၉၆၂ ခုနှစ်တွင် အစိုးရမူဝါဒအပြောင်းအလဲနှင့်အတူ အရင်းရှင်လမ်းကြောင်းပေါ်ရောက်နေသည့် မြန်မာ့စီးပွားရေးကဏ္ဍ တစ်ခန်းရပ်ကာ ဆိုရှယ်လစ်စီးပွားရေးလမ်းကြောင်းကို လျှောက်ခဲ့ရသည်။ ယင်းမှာ မြန်မာ့စီးပွားရေးသမိုင်းတွင် တတိယမြောက်စီးပွားရေးပြုပြင်ပြောင်းလဲမှုကို တစ်ခန်းရပ်စေကာ ယင်းစီးပွားရေးစနစ်နှင့် လုံးလုံးလျားလျားဆန့်ကျင်သော စတုတ္ထမြောက်စီးပွားရေး ပြုပြင်ပြောင်းလဲရေးတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

## စတုတ္ထရိုက်ချက်

၁၉၆၂ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သည့် မြန်မာ့နိုင်ငံရေးစနစ် အပြောင်း

**L.C ။ ။ ဈေးကွက်စီးပွားရေးစနစ်ဖြစ်ဖို့ အခြေခံလိုအပ်ချက်က ဘာလို့သုံးသပ်မိပါသလဲ။**

**Dr.MMS ။ ။** Market Economy ဖြစ်ဖို့၊ Fair Competition(မျှတတဲ့ယှဉ်ပြိုင်မှု) ရှိရမယ်။ ဒါကိုဖန်တီးပေး နိုင်ရမယ်။ လုပ်ငန်းလုပ်ကိုင်နိုင်သူ၊လုပ် ကိုင်ချင်သူတိုင်း လုပ်ကိုင်နိုင်စွမ်းရှိရမယ်။ လုပ်ကိုင်ခွင့်ရှိရမယ်။ လူတိုင်းတစ်ပြေးညီလုပ်ကိုင်နိုင်တာ ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံပဲ။


ပွင့်လင်းမြင်သာမှုရှိရမယ်

www.foreverspace.com.mm

အလဲနှင့်အတူ စီးပွားရေးစနစ်မှာလည်း ပြည်ပကမ္ဘာနှင့် အဆက်ဖြတ်ကာ တခါးပိတ်ဝါဒကျင့်သုံးခဲ့သည့် မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ပြုပြင်ပြောင်းလဲခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖွဲ့စည်းပုံစည်းမျဉ်း အခန်း (၁)၊ ပုဒ်မ (၁၄) တွင် "ဆိုရှယ်လစ်စီးပွားရေးသည် လူတစ်ဦး၊ လူတစ်စု၊ လူတစ်ဖွဲ့၊ လူတန်းစားတစ်ရပ်နှင့် ပါတီဝင်လူတန်းစားတစ်သိုက်၏ ကျဉ်းမြောင်းသောကိုယ်ကျိုးများအတွက် မလုပ်ဆောင်ဘဲ တိုင်းသူပြည်သားများ၏ လူနေမှုဘဝနှင့်ဆိုင်သော လိုအပ်ချက်များကို ဖြည့်စွမ်းပေးရန်အတွက်သာလျှင် ရည်ရွယ်ချက်ထားပြီး ဆောင်ရွက်သည်" ဟု ဆိုထားသည်။

ယင်းအပြင် ပုဒ်မ(၁၇)တွင်လည်း ကုန်ထုတ်လုပ်ငန်း၊ ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးလုပ်ငန်းမှန်သမျှ နိုင်ငံပိုင်လုပ်ရမည်ဟု ဖော်ပြထားသည်။

ယင်းဆိုရှယ်လစ်စီးပွားရေးသဘောတရားကို အခြေခံပြီး ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံပိုင်သိမ်းခြင်း၊ နိုင်ငံပိုင်လုပ်ငန်း ထူထောင်ခြင်းစသည့်နည်းလမ်းတို့ကြောင့် ဗဟိုမှဦးစီးထိန်းချုပ်သော စီမံကိန်းစီးပွားရေးစနစ် ပေါ်ထွန်းခဲ့သည်။

ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ကသာပြုလုပ်ခဲ့ပြီး ပုဂ္ဂလိက အခန်းကဏ္ဍကို နှိပ်ကွပ်ချိုးနှိမ်ခဲ့သဖြင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များ၏အခန်းကဏ္ဍပျောက်ဆုံး ခဲ့သည်။

ယခင်စီးပွားရေးစနစ်တွင်အစပျိုးခဲ့သော သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများကို ချဲ့ထွင်ရန်ကြိုးပမ်းခဲ့သည်။ ထွန်စက်ထုတ်လုပ်ရေးနှင့်မော်တော်ကားတပ်ဆင်ရေးစက်ရုံများ၊ ကြွေထည်စက်ရုံ၊ မှန်စက်ရုံနှင့် အခြားစက်ရုံများ တိုးချဲ့လုပ်ကိုင်ခဲ့သည်။ သို့သော် ပြည်ပမှတင်သွင်းလာသောစက်မှုကုန်ကြမ်းများနှင့် စက်များပေါ်တွင် မှီခိုနေရခြင်း၊ အခြေခံထုတ်ကုန်တင်ပို့မှုကျဆင်းလာခြင်းနှင့်အတူ နိုင်ငံခြားငွေရရှိမှုကျဆင်းလာ၍ စက်မှုလုပ်ငန်းများတွင် ကုန်ကြမ်းနှင့်နည်းပညာ ဖြည့်ဆည်းအသုံးချနိုင်မှု ကျဆင်းလာခြင်း၊ တံခါးပိတ်ထားမှုကြောင့် စက်မှုနည်းပညာသစ်များရရှိနိုင်သော အခွင့်


ဆက်သွယ်ရေးအခြေခံအဆောက်အဦ ကောင်းမွန်ရေးသည် အရေးကြီးသည်

## "လူတိုင်းအလုပ်လုပ်ခွင့်ပေးဖို့ပဲ"

### Myanmar Egress Capacity Building သင်တန်းကျောင်း၏ Program Director ဒေါက်တာနေဝင်းမောင်နှင့် တွေ့ဆုံခြင်း

ကျော်ဆန်းမင်း

**L.C ။ ။ အခုမြန်မာ့စီးပွားရေးကဏ္ဍမှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်လာတာတွေ့ရတယ်။ မြန်မာ့စီးပွားရေးသမိုင်းမှာ Economic Reform လုပ်တာ ငါးကြိမ်ရှိခဲ့ပါပြီ။ အခုခြောက်ကြိမ်မြောက် ပြုပြင်ပြောင်းလဲရေးကို ဆရာ့အနေနဲ့ ဘယ်လိုသုံးသပ်မိပါသလဲ။**

**Dr.NWM** ။ ။ ဒီမေးခွန်းကိုဖြေရရင် အခုဖြစ်နေတဲ့ အခြေအနေကို Economic Reform လို့ယူဆမလား၊ မယူဆဘူးလားပေါ့။ ဒါပေမဲ့ ထားပါတော့။ ကျွန်တော်တို့ စကားလုံးတွေနဲ့ ပိတ်နေတာမျိုး မလုပ်ဘဲပြောရရင် မြန်မာနိုင်ငံမှာ Economic Reform လုပ်ခဲ့တဲ့ ၁၉၈၈ နောက်ပိုင်းကိုပြန်ကြည့်ရင် ဘာလုပ်လိုက်တာလဲဆိုတော့ အရင်ကမရှိသေးတဲ့ ပုဂ္ဂလိကကဏ္ဍကို ဖွင့်ပေးလိုက်တာ။ Economic Reform လုပ်တယ်ဆိုရာမှာ ပုဂ္ဂလိကကဏ္ဍရှိရုံနဲ့မလုံလောက်ဘူး။ နိုင်ငံတစ်ခုရဲ့ စီးပွားရေးတည်ဆောက်တဲ့နေရာမှာ အဲဒီနိုင်ငံမှာရှိတဲ့ နိုင်ငံသားတိုင်းကို

www.foreverspace.com.mm



အရေးများဆုံးရှုံးခဲ့ရခြင်းတို့ ကြုံတွေ့လာရသည်။

ထို့အပြင် အစိုးရအနေဖြင့် နိုင်ငံပိုင်လုပ်ငန်းများကို ဦးစီးဆောင်ရွက်ရာတွင် လုပ်ငန်းအတွေ့အကြုံမရှိခြင်း၊ ဝန်ထမ်းများ၏ ကိုယ်ကျင့်တရားကောင်းမွန်ရေး ထိန်းချုပ်နိုင်စွမ်းမရှိခြင်း စသည်တို့ကြောင့် စီးပွားရေးယိုယွင်းပြီး ဆိုရှယ်လစ်ပုံစံစီးပွားရေးစနစ်အောက်တွင် မပြည့်စုံမှုများ၊ လိုအပ်ချက်များနှင့်အတူ ပြည်သူနှင့် အုပ်ချုပ်သူအစိုးရအကြား ယုံကြည်မှုပြိုကွဲကာ ၁၉၈၈ ခုနှစ်တွင် လူထုအုံကြွမှုကြောင့် နိုင်ငံရေးစနစ်အပြောင်းအလဲဖြစ်ခဲ့ကာ စတုတ္ထမြောက်စီးပွားရေး ပြုပြင်ပြောင်းလဲမှုမှာ တိုင်းပြည်ကိုပြာပုံဘဝပြန်ရောက်စေခြင်းဖြင့် ချုပ်ငြိမ်းခဲ့ရသည်။

၁၉၆၂ ခုနှစ်မှ ၁၉၇၁ ခုနှစ် ကိုးနှစ်တာကာလအတွင်း ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုမရခဲ့သည့် အဓိကအချက်များကို 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ'၏ 'နှစ်တိုနှစ်ရှည် စီးပွားရေးမူဝါဒများ' စာအုပ်တွင်–

၁။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် နိုင်ငံရေးလမ်းစဉ်တစ်ရပ်ကို အတိအကျချမှတ်နိုင်ခဲ့သော်လည်း စီးပွားရေးလမ်းစဉ်နှင့် နှစ်ရှည်စီးပွားရေးမူဝါဒများကို အတိအကျမချမှတ်နိုင်ခဲ့ခြင်း၊


၂။ အစိုးရဌာနများသည် ကောင်းနိုးရာရာ စီးပွားရေး မူဝါဒများကို ချမှတ်လုပ်ကိုင်နေကြရာတွင် ဌာနအချင်းချင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အားနည်းခြင်း၊ ဌာနများ၏ စီးပွားရေးမူဝါဒများ တစ်ခုနှင့်တစ်ခု ညီညွတ်မှုမရှိခြင်း၊


၃။ တိုင်းရင်းသားလူမျိုးများအားလုံး၏ စီးပွားရေးကို စီမံကိန်းဖြင့် ထိရောက်စွာ အကောင်အထည်မဖော်နိုင်ခဲ့ခြင်း၊

၄။ အစိုးရဌာနများနှင့် ပြည်သူပိုင်လုပ်ငန်းများတွင် စီမံခန့်ခွဲသူများသည် စီးပွားရေးလုပ်ငန်းများကို စီးပွားရေးဆန်ဆန် မဆောင်ရွက်ဘဲ အုပ်ချုပ်ရေးဆန်ဆန် တာဝန်ကျေသဘောသာ လုပ်ဆောင်နေကြခြင်း၊

၅။ အစိုးရဌာနများနှင့် ပြည်သူပိုင်လုပ်ငန်းများတွင် စီမံခန့်ခွဲသူများသည် အဆင့်ဆင့်တာဝန်ယူမှု အားနည်းနေခြင်းနှင့် အလုပ်သမားများအား စနစ်တကျ ဦးဆောင်ကွပ်ကဲမှုမပေးနိုင်သည့်အတွက် လုပ်ငန်းခွင်စည်းကမ်းလျော့ရဲမှုရှိလာခြင်း၊

ကောက်ပဲသီးနှံများအဓိကရောင်းဝယ်ရာ ဘုရင့်နောင်ပွဲရုံ





'စီးပွားရေးလွတ်လပ်ခွင့်တကယ်ပေးရင် နိုင်ငံရေးလွတ်လပ်ခွင့်လည်းရှိမယ်'

တန်းတူညီမျှလုပ်ခွင့်ပေးမလား၊ မပေးဘူးလားဆိုတာ အရေးကြီးတယ်။

**L.C ။ ။ နိုင်ငံရေးနဲ့ စီးပွားရေးစနစ်က အပြန်အလှန် အမှီပြုနေတာဆိုတော့ လက်ရှိနိုင်ငံရေးစနစ်ပေါ်မှာ ဘယ်လို စီးပွားရေးစနစ်ပုံ ပေါ်လာမယ်ထင်ပါသလဲ။**

**Dr.NWM** ။ ။ နိုင်ငံရေးနဲ့ စီးပွားရေးက ခွဲလို့မရဘူး။ နိုင်ငံရေးစနစ်နဲ့ စီးပွားရေးစနစ်က ချိတ်နေတယ်။ စီးပွားရေးမှာ လွတ်လပ်ခွင့် ဘယ်အတိုင်းအတာထိ ပေးမလဲဆိုတာ နိုင်ငံရေးမှာလည်း ဘယ်အတိုင်းအတာအထိ ပေးမလဲဆိုတာနဲ့ အချိုးညီတယ်။ စီးပွားရေးလွတ်လပ်ခွင့်တကယ်ပေးရင် နိုင်ငံရေးလွတ်လပ်ခွင့်လည်းရှိမယ်။ အဲဒီတော့ ဒီမှာစီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်၊ မဖြစ်ဆိုတာ လွှတ်တော်ပေါ်လာပြီးနောက်မှာ ဘယ်လိုနိုင်ငံရေးစနစ်ဖြစ်မလဲ ဆိုတဲ့အပေါ်မှာတည်တယ်။

**L.C ။ ။ Economic Reform လုပ်ရာမှာ ဦးဆောင်**

www.foreverspace.com.mm

၆။ အလုပ်သမားများအပိုင်းကလည်း ရပိုင်ခွင့်များ တိုးတက်ရရှိသလောက် တာဝန်ကျေပွန်မှုအပိုင်းတွင် အားနည်းလာကြခြင်း၊

၇။ ပြည်သူပိုင်ပစ္စည်း ပျက်စီးဆုံးရှုံးလာမှုများနှင့် အလွဲသုံးစားလုပ်မှုများ များပြားလာခြင်း၊ ထိရောက်စွာအရေးယူ အပြစ်ပေးမှုနည်းလာခြင်း၊

၈။ အချို့စက်ရုံ၊ အလုပ်ရုံများတွင် ဘဏ္ဍာရေးကြီးကြပ်ကွပ်ကဲမှုစနစ်သည် အံဝင်ခွင်ကျမရှိသည့်အတွက် ကုန်ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အဟန့်အတားဖြစ်စေခဲ့ခြင်း၊

၉။ စက်ရုံထွက်ပစ္စည်းများကို ကုန်ကျစရိတ်အတိုင်း ကုန်သွယ်ရေးသို့ လွှဲပြောင်းပေးနေရသည့်စနစ်ကြောင့် ကုန်ထုတ်လုပ်မှုစရိတ်များကြီးမြင့်ခြင်းအပြင် လုပ်ငန်း လုပ်ဆောင်ရည်များလည်း ကျဆင်း လာခြင်း၊

၁၀။ ဘဏ္ဍာရေးအခက်အခဲကြောင့် အချို့ကုန်ပစ္စည်းများအပေါ်တွင် ရောင်းဈေးတိုးမြှင့်သတ်မှတ်လိုက်ရသဖြင့် ကုန်ဈေးနှုန်းကြီးမြင့်ကာ လုပ်သားပြည်သူများ စားဝတ်နေရေးကျပ်တည်းလာခြင်း၊

၁၁။ စီးပွားရေးလုပ်ငန်းများတွင် ပြည်သူပိုင်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေကာမူ ဆိုရှယ်လစ်စီးပွားရေးဘောင်ထဲတွင် ပုဂ္ဂလိကပိုင်အနေဖြင့် ခွင့်ပြုနိုင်သော စီးပွားရေးလုပ်ငန်းများအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ခွင့်မပြုသည့်အတွက် တိုင်းပြည်၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ကျဆင်းခဲ့ရခြင်း၊

၁၂။ စီးပွားရေးလုပ်ငန်းများတွင် ပုဂ္ဂလိက၏အခန်းကဏ္ဍကိုလည်းခွင့်မပြု၊ ပြည်သူပိုင်လုပ်ငန်းများကလည်း စွမ်းဆောင်မှုမပေးနိုင်သဖြင့် အလုပ်လက်မဲ့များနှင့်မှောင်ခိုလုပ်ငန်းများပေါ်များလာခြင်း၊

၁၃။ လုပ်သားအင်အားစီမံကိန်းများကို စနစ်တကျ မရေးဆွဲနိုင်သဖြင့် လက်ရှိပညာရေးစနစ်သည် စီးပွားရေးလုပ်ငန်းများနှင့် အံဝင်ခွင်ကျမဖြစ်ခြင်း၊

၁၄။ လုပ်သားအင်အားနေရာချထားရေးတွင်လည်း အုပ်ချုပ်မှုအပိုင်းကို အဓိကထားပြီး ကုန်ထုတ်လုပ်မှုအပိုင်းကို သာမညထားကာ လုပ်ဆောင်နေသောကြောင့် အုပ်ချုပ်မှုစရိတ်ကြီးလေးပြီး ကုန်ထုတ်လုပ်မှုအား လျော့လာခြင်း၊


နိုင်ငံဖွံ့ဖြိုးမှုအတွက် ပဓာနအကျဆုံးကဏ္ဍဖြစ်သည်

**ဦးရွက်ပြုသူတွေရဲ့အခန်းကဏ္ဍက အရေးပါတယ်ဆိုတဲ့ အယူအဆအပေါ် ဆရာဘယ်လိုမြင်ပါသလဲ။**

**Dr.NWM** ။ ။ ဦးဆောင်ဦးရွက်ပြုသူတွေဆိုတာ Policy Maker ကိုညွှန်းတာဆိုရင် ပိုမှန်ပါမယ်။ Policy Maker တွေဘာသိရမလဲဆိုတော့ ဈေးကွက်စီးပွားရေးမှာ နိုင်ငံတော်များရဲ့တာဝန်က နိုင်ငံသားတိုင်းကို အလုပ်လုပ်နိုင်ဖို့ လုပ်ဆောင်ပေးတာ၊ လုပ်ခွင့်ပေးတာဖြစ်တယ်။ နိုင်ငံသားတိုင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရလာရင် နိုင်ငံတော်လည်း ပန်းတိုင်ရောက်၊ နိုင်ငံသားတွေလည်း ပန်းတိုင်ရောက်မယ်။ ဒီလိုရောက်အောင် လုပ်ရမယ်။ အဲဒီအခြေအနေကို သဘောမပေါက်သေးရင် ကျွန်တော်တို့ ပန်းတိုင်မရောက်သေးဘူး။ ဒီတော့ Policy Maker တွေအနေနဲ့ နိုင်ငံရေးဘောဂဗေဒကို တတ်ကျွမ်းနားလည်ထားရမယ်။

**L.C** ။ ။ **ကျွန်တော်တို့နိုင်ငံလို လူလတ်တန်းစားအားနည်းတဲ့နိုင်ငံမှာ စီးပွားရေးပြုပြင်ပြောင်းလဲရာမှာ မူလစီးပွားရေးစနစ်ထဲက လူတွေနဲ့ပဲသွားလို့ရပါ့မလား။**

**Dr.NWM** ။ ။ တကယ်ဆိုရင် နိုင်ငံသားတိုင်း အလုပ်လုပ်ခွင့် ဖန်တီးပေးတာနဲ့ ဒီပြဿနာ ပြေလည်သွားမယ်။ လူလတ်တန်းစားမရှိလို့ မလုပ်ရဘူး၊ လုပ်မရဘူးဆိုတာ မဖြစ်သင့်ဘူး။ ဒါလမ်းလျှောက်သင်တဲ့ကလေးကို လမ်းလျှောက်ခွင့်မပေးတာနဲ့ အတူတူပဲ။ လူတိုင်းအလုပ်လုပ်ကိုင်နိုင်ဖို့ ဖန်တီးပေးလိုက်တာနဲ့ လူလတ်တန်းစားပေါ်လာပြီး ဈေးကွက်စီးပွားရေးစနစ်ဆိုတာ မည်သည့်နိုင်ငံသားမဆို အလုပ်လုပ်ကိုင်နိုင်တဲ့၊ ရှင်သန်နိုင်တဲ့ စီးပွားရေးဝန်းကျင်ရှိရမယ်။ အဲဒီလိုနိုင်ငံသားတိုင်း အလုပ်လုပ်ခွင့်၊ လုပ်ကိုင်နိုင်ခွင့်ရှိတဲ့ဝန်းကျင်မရှိဘဲ လုပ်ကိုင်နေသူတွေက စီးပွားရေးသမားမဟုတ်ဘူး။ စီးပွားရေးသမားမှန်ရင် တူညီတဲ့ကစားကွင်းထဲမှာ ကစားရမယ့် Rules of the Game ရှိရမယ်။

**L.C** ။ ။ **စီးပွားရေး ပြုပြင်ပြောင်းလဲရာမှာ အောင်**

www.foreverspace.com.mm






၁၅။ ပြည်ပနိုင်ငံများနှင့် စီးပွားရေးဆက်သွယ်မှုအားနည်းခြင်းဟူ၍ ဝေဖန်ဆန်းစစ်ထားကြောင်း တွေ့ရသည်။

အထက်ပါအချက်များသည် ဆိုရှယ်လစ်စီးပွားရေးစနစ်မအောင်မြင်ခဲ့ရခြင်း၏ အဓိကအချက်များဖြစ်ခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ထိုအားနည်းချက်များကို ပြုပြင်ရန်ဟူသောရည်ရွယ်ချက်များဖြင့် အမိန့်ကြော်ငြာစာအမှတ် ၁/၈၈ ကို စတင်ထုတ်ပြန်ကာ ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှ ပဋ္ဌမမျိုးဆက် မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲမှု သို့မဟုတ် မြန်မာ့စီးပွား ပဋ္ဌမရိုက်ချက်ကိုဖြစ်ထွန်းစေခဲ့သည်။

## ပဋ္ဌမရိုက်ချက်

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် မြန်မာ့နည်းမြန်မာ့ဟန်ဆိုရှယ်လစ်စနစ်၏ အားနည်းချက်များကို ပြုပြင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် အမိန့်ကြော်ငြာစာအမှတ် ၁/၈၈ ကို စတင် ထုတ်ပြန်ကာ ပုဂ္ဂလိကစီးပွားရေးအခန်းကဏ္ဍကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှ ပဋ္ဌမမျိုးဆက် မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲမှုတစ်ရပ် ပေါ်ပေါက်လာသည်။

၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လုပ်ကိုင်ခွင့်ပိတ်ပင်သော ကြေညာချက်များကို ရုပ်သိမ်းသည့် အမိန့်ကြော်ငြာစာ အမှတ် (၁/၈၈) ကို ထုတ်ပြန်ခဲ့သည်။

ထိုအမိန့်ကြော်ငြာစာ အမှတ် ၁/၈၈ တွင်–

"ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူပြည်သားများ စားဝတ်နေရေး ချောင်လည်စေရန်နှင့် နိုင်ငံတော် စီးပွားရေးဘက်စုံဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံပိုင်အဖွဲ့အစည်းများသာမကဘဲ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍတို့ကပါ ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိကြောင်း" ဖော်ပြထားသည်။

ထို့အပြင် ထိုထုတ်ပြန်ချက်အရ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်

---

**မြင်ဖို့ ဘယ်လိုစီမံကိန်းမျိုးနဲ့ သွားသင့်ပါသလဲ။**

**Dr.NWM ။** ။ သီအိုရီအရလျှောက်ပြောနေရင်တော့ အရှည်ကြီးပဲ။ နံပါတ်တစ် စီမံကိန်းဆိုတဲ့ကိစ္စကို သိပ်အလေးမထားစေလိုဘူး။ ဘာလို့လဲဆိုတော့ စီမံကိန်းဆိုတဲ့စကားရပ်ကို ဒီနိုင်ငံမှာ နားလည်ထားတာက တစ်မျိုးဖြစ်နေတယ်။ လူတိုင်းနားလည်အောင်ပြောရရင် လူတိုင်းအလုပ်လုပ်ခွင့်ပေးဖို့ပဲ။ လူတိုင်းအလုပ်လုပ်ဖို့ဆိုရင် မှုန့်ဖြတ်မှုရမယ်။ ဒီကနေ နောက်တစ်ဆင့်တက်ပြီး အဲဒီမှုကို ဝေဖန်ပိုင်းခြားခွင့် Check & Balance ပေးနိုင်ရင် အကောင်းဆုံးပဲ။ စီးပွားရေးမှာ Policy ကို Check & Balance ပေးရင် နိုင်ငံရေးစနစ်မှာလည်း Check & Balance ဖြစ်သွားတယ်။ ဒီလိုပေးနိုင်ရင် နိုင်ငံသားတိုင်း ပန်းတိုင်ရောက်၊ နိုင်ငံတော်လည်း ပန်းတိုင်ရောက်ဖြစ်မယ်။ လူလတ်တန်းစားပေါ်ထွန်းလာမယ်။ မူကိုဆန်းစစ်ဝေဖန်နိုင်တဲ့ Check & Balance ပေးမယ်ဆိုရင် ဒါ Institutionalization လုပ်တာလို့ ပြောလို့ရသွားပြီ။

www.foreverspace.com.mm



ငွေများနှင့်ပတ်သက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လုပ်ကိုင်ခွင့်ကို ပိတ်ပင်တားမြစ်ခဲ့သော သတင်းကြေညာချက်များ၊ အမိန့်များ စသည်တို့ကို ရုပ်သိမ်းလိုက်ကြောင်း ဖြင့် ထိုအမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံကြသူများအနေဖြင့် ထိုက်သင့်သောအကျိုးအမြတ်များရရှိခွင့်၊ ရရှိသောအကျိုးအမြတ်များကို နိုင်ငံခြားသို့ပြန်ပို့ခွင့်၊ လုပ်ငန်းပြီးဆုံးသည့်အခါတွင် ပြန်လည်ယူဆောင်ခွင့်၊ အခွန်ကင်းလွတ်ခွင့် အပါအဝင် သက်သာခွင့်များနှင့် လုပ်ငန်းလုပ်ကိုင်နေစဉ် ပြည်သူပိုင်ပြုလုပ်ခြင်းမပြုပါဆိုသည့် အာမခံချက်များကို ခိုင်လုံစွာ ပေးအပ်ထားကြောင်း ယင်းထုတ်ပြန်ချက်အရ တွေ့ရသည်။

နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေကို ၁၉၈၉ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေ၏ အဓိကအချက်မှာ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့်လုပ်ငန်းများဖြစ်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အစိုးရကသာ လုပ်ကိုင်ခွင့်ရှိသည့် လုပ်ငန်း ၁၂ မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်း

၂။ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း

၃။ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ ထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချခြင်းလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း

၄။ ပုလဲ၊ ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာပစ္စည်းများ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်း

၅။ အစိုးရက သုတေသနပြုလုပ်ရန် သတ်မှတ်ထားသော အင်းများ၌ ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း

၆။ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း

၇။ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့် မီးရထားပို့ဆောင်ရေးလုပ်ငန်း

၈။ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်း

၉။ အသံလွှင့်လုပ်ငန်းနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်း

၁၀။ သတ္တုရှာဖွေခြင်းလုပ်ငန်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်း

၁၁။ ဥပဒေအရ ပုဂ္ဂလိကနှင့် သမဝါယမတို့အား သတ်မှတ်ခွင့်ပြုထားသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှအပ အခြားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

၁၂။ အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်သည်။

၎င်းဥပဒေအရ အထက်ဖော်ပြပါလုပ်ငန်း ၁၂ မျိုးအနက် တစ်ရပ်ရပ်ကို မြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ အစိုးရနှင့် အခြား မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) မည်သည့်စီးပွားရေးအဖွဲ့အစည်းမဆို ဖက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး (သို့မဟုတ်) စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတစ်ခုခုက စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ အမိန့်ကြော်ငြာစာထုတ်ပြန်၍ခွင့်ပြုနိုင်သည်ဟူ၍လည်း ပြဋ္ဌာန်းချက်တွင် တွေ့ရ



သိသာထင်ရှားသည့် ဆဋ္ဌမရိုက်ချက်ဖြစ်သည်

www.foreverspace.com.mm

သည်။

ပဉ္စမမျိုးဆက် မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲမှု၏ မှန်ကန်သောဆုံးဖြတ်ချက်တစ်ခုဖြစ်သည့် တံခါးဖွင့်စီးပွားရေးစနစ်ပြန်လည်ကျင့်သုံးခဲ့သည့်အတွက် သွင်းကုန်ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးလာခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် တွင်းထွက်ပစ္စည်းများ ပြည်ပတင်ပို့မှုမြင့်တက်ခဲ့သည်။ သို့သော် သဘာဝအခြေခံထွက်ကုန်များသာ ပိုမိုတင်ပို့နိုင်ခဲ့ပြီး တန်ဖိုးမြင့်ထုတ်ကုန်တင်ပို့နိုင်မှု နည်းပါးနေသေးသည်။

ယင်းသို့ဖြင့် မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်အမည်ခံ စီးပွားရေးစနစ်တစ်မျိုးဖြစ်သည့် (Command Market Economy) အောက်တွင် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှ ယနေ့အထိ ဖြတ်သန်းနေသည်ကို တွေ့ရသည်။

## ဆဋ္ဌမရိုက်ချက်

ယေဘုယျအားဖြင့် စီးပွားရေးမူဝါဒများမှာ နိုင်ငံရေးစနစ်ပေါ်တွင် အခြေတည်ပေါက်ဖွားလာကြခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ နိုင်ငံရေးစနစ်တစ်ရပ်မှာ စီးပွားရေးစနစ်နှင့် အပြန်အလှန်အမှီပြုနေသည်ဖြစ်ရာ လွတ်လပ်ပွင့်လင်းသောစီးပွားရေးပြောင်းလဲမှုမှာ နိုင်ငံရေးပြောင်းလဲမှုဖြစ်ပြီး နိုင်ငံရေးပြောင်းလဲမှုမှာ စီးပွားရေးပြောင်းလဲမှုပင်ဖြစ်သည်။

ယင်းကြောင့် ဈေးကွက်စီးပွားရေးစနစ်ဟုဆိုလျှင် ယေဘူယျအားဖြင့် ဒီမိုကရေစီစနစ်တွင်သာ ရှင်သန်လေ့ရှိကာ နိုင်ငံရေးနှုန်းစံနှင့်အညီ စီးပွားရေး၏ လစ်ဘရယ်နှုန်းစံမှာလည်း လိုက်ပါပြောင်းလဲလေ့ရှိကြောင်း တွေ့ရသည်။

၂၀၁၀ ပြည့်နှစ်အတွင်း ထင်ရှားသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများမှာ ကျန်းမာရေးကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍကို ပူးပေါင်းလုပ်ဆောင်နိုင်စေရန် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းဥပဒေကိုအသက်သွင်းပေးကာ တရားဝင်လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုခဲ့ခြင်း၊ အခြေခံပညာရေးကဏ္ဍတွင် ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှ လုပ်ငန်းအချို့ကိုရွေး၍ ဘော်ဒါဆောင်စနစ် တရားဝင်ခွင့်ပြုပေးခဲ့ခြင်း၊ နှစ်ပေါင်းများစွာ အစိုးရက ထိန်းချုပ်ထားသော မော်တော်ယာဉ်သုံးလောင်စာဆီအရောင်းဆိုင်များကို ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်ပေးခဲ့ခြင်း၊ ဆိပ်ကမ်းနှင့်လေဆိပ်များကို ပုဂ္ဂလိကသို့လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခဲ့ခြင်း စသဖြင့် နိုင်ငံတော်ကချုပ်ကိုင်ထားသောလုပ်ငန်းတော်တော်များများကို ပုဂ္ဂလိကအားဝင်ရောက်လုပ်ကိုင်ခွင့်ပြုခဲ့သည်။

၂၀၀၈ ခုနှစ်တွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် 'နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ' ကို ပြဋ္ဌာန်းပေးရာတွင်လည်း –

**ပုဒ်မ–၃၅ ၌**

နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်ဟုဆိုထားရုံသာမက

ပုဒ်မ (၃၇၀) တွင် "နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်" ဟူ၍လည်းကောင်း၊

ပုဒ်မ (၃၇၁) တွင် "နိုင်ငံတော်သည် အမျိုးသား စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ရရှိစေရန် ကူညီရမည်" ဟူ၍လည်းကောင်းဖော်ပြထားသည်။

ဈေးကွက်စီးပွားရေးကို ဖော်ဆောင်မည်ဆိုလျှင် သတိပြုရမည့်အချက်များကို ပညာရှင်များက–




ပီပြင်သောဈေးကွက်စီးပွားရေးစနစ်ပေါ်ထွန်းရန်မှာ အပြည့်အဝပြိုင်ဆိုင်မှုရှိသောဈေးကွက်ပေါ်တွင်အခြေခံသည်

www.foreverspace.com.mm





ကုန်ကြမ်းထက် ကုန်ချောထုတ်လုပ်တင်ပို့နိုင်ပါက
ဝင်ငွေများစွာရရှိစေမည်ဖြစ်သည်

၁။ ဗဟိုက ဦးစီးပြီး ထိန်းချုပ်လုပ်ကိုင်မှုကို ပယ်ဖျက်ပေးရုံ၊ စီးပွားရေးလွတ်လပ်ခွင့်ပေးပြီး လုပ်ကိုင်စေရုံမျှဖြင့် ပီပြင်သော ဈေးကွက်စီးပွားရေးစနစ်ကြီး အလိုအလျောက် ဖြစ်ထွန်းလာနိုင်ခြင်းမရှိပါ။

၂။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ထွန်းလာရန်မှာ ထိန်းကျောင်းပေးမှု (Regulation) လိုအပ်ပါသည်။ စီးပွားရေးတွင် အစိုးရပါဝင်သော အခန်းကဏ္ဍကို နည်းနိုင်သမျှနည်းအောင် လျှော့ချနိုင်စေကာမူ လုံးဝမပါဝင်ဘဲ မဖြစ်နိုင်ပါ။

၃။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရန် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်သာသော ပတ်ဝန်းကျင် အခြေအနေများ ဖန်တီးထူထောင်ပေးရန် လိုအပ်ပါသည်။ ယင်းကို အစိုးရကသာ ဦးဆောင်ကာ ဖော်ဆောင်ပေးနိုင်ပါလိမ့်မည်။

၄။ ဈေးကွက်စီးပွားရေးစနစ် ပုံဖော်တည်ဆောက်မှုဖြစ်စဉ်နှင့် ယင်းကာလအတွင်း နိုင်ငံသားများ လူမှုစီးပွားရေးအရ ထိခိုက်နစ်နာမှုများမဖြစ်စေရန် ကြိုတင်ပြင်ဆင်မှုများ၊ ကာကွယ်မှုများ ပြုလုပ်ထားရန်လိုပါသည်။

၅။ ဈေးကွက်စီးပွားရေးစနစ် တိုးတက်ဖြစ်ထွန်းမှုပုံစံနှင့် ဦးတည်လမ်းကြောင်းတို့ကို အမျိုးသားရေးဦးတည်ချက်များမှ သွေဖည်မသွားစေရန် စဉ်ဆက်မပြတ် ကြီးကြပ်လမ်းညွှန်ထိန်းကျောင်းရေး လိုအပ်ပါသည်။

၆။ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရန် လုပ်ယူမှု၊ ဆောင်ရွက်ယူမှုရှိနိုင်ပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တစ်ခုတွင် အစိုးရ မပါဝင်ရဟူသည့် သတ်မှတ်ချက်မျိုးမရှိပါ။ အစိုးရမပါဝင်သည့် စီးပွားရေးမျိုးလည်း မရှိနိုင်ပါ။ ယခုအခါ စီးပွားရေးတွင် အစိုးရ ပါဝင်ရေး မပါဝင်ရေးထက်

(က) စီးပွားရေးတွင် အစိုးရက မည်သည့်အခန်းကဏ္ဍမှ မည်သို့ပါဝင်မည်နည်း၊

(ခ) မည်သည့်အတိုင်းအတာအထိ ပါဝင်ရမည်နည်း၊

(ဂ) မည်သည့်လုပ်ငန်း၊ နယ်ပယ်ကဏ္ဍများတွင် ပါဝင်ရမည်နည်း ဟူသည့်အချက်များကိုသာ စီးပွားရေးပညာရှင်များက သုံးသပ်ဆုံးဖြတ်လေ့ရှိကြပါသည်။

မြန်မာနိုင်ငံဈေးကွက်စီးပွားရေးတွင်

– နိုင်ငံပိုင်ကဏ္ဍ

– သမဝါယမကဏ္ဍ

– ဖက်စပ်ကဏ္ဍ

– ပုဂ္ဂလိကကဏ္ဍ ဟူ၍ ကွဲပြားနေသည်ကို တွေ့ရသည်။

နိုင်ငံအသီးသီးတွင် ကျင့်သုံးနေကြသည့် စီးပွားရေးစနစ်များကို သုံးသပ်ကြည့်လျှင် အဓိကအားဖြင့် နှစ်မျိုးသာ တွေ့ရမည်ဖြစ်သည်။ ယင်းတို့မှာ ဗဟိုကချုပ်ကိုင်သည့် စီးပွားရေးစနစ်နှင့် ဈေးကွက်ကို အခြေခံသော စီးပွားရေးစနစ်တို့ဖြစ်သည်။ ပုဂ္ဂလိကစီးပွားရေး၏ အခန်းကဏ္ဍကို အောင်မြင်စေရန် အကောင်အထည်ဖော်ကြရာတွင် ဈေးကွက်စီးပွားရေးစနစ်က အထူးအရေးကြီးလှပေသည်။

ဈေးကွက်စီးပွားရေးစနစ်မူဝါဒအခြေခံသဘောတရားများတွင် ယေဘုယျအားဖြင့် အောက်ပါအချက်များ ပါဝင်နေပါသည်။

(က) အပြည့်အဝပြိုင်ဆိုင်မှုရှိသော ဈေးကွက်အပေါ်တွင် အခြေခံခြင်း၊

(ခ) ကုန်ထုတ်အရင်းအနှီးများပိုင်ဆိုင်မှု၊ ကုန်သွယ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်မှု၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ စီးဆင်းလွှဲပြောင်းပေးမှုတို့တွင် လွတ်လပ်မှုရှိစေခြင်း၊

(ဂ) နိုင်ငံ၏စီးပွားရေးတွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပဓာနကျသည်ဟု အသိအမှတ်ပြုခြင်း၊

(ဃ) ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လိုအပ်သောစည်းမျဉ်းစည်းကမ်းဥပဒေများနှင့် ထိန်းကျောင်းသည်မှအပ အစိုးရ၏စွက်ဖက်မှု နည်းနိုင်သမျှနည်းစေပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရန်အားပေးလျက် စီးပွားရေးပိတ်ပင် တားမြစ်ချက်များကို ဖယ်ရှားခြင်း၊

(င) ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုများသည် ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံများဖြစ်သော ဝယ်လိုအားနှင့် ရောင်းလိုအားတို့၏ ချိန်ညှိမှုအပေါ်အခြေခံခြင်း၊

(စ) ပြည်တွင်း၌သာမက ပြည်ပ၏ ရင်းနှီးမြှုပ်နှံမှုများကို

www.foreverspace.com.mm

နှစ်ပေါက်အကျိုးတူ ပူးပေါင်းမှုအခြေခံဖြင့် သတ်မှတ်ထားသော စီးပွားရေးနယ်ပယ်အသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခွင့်ပြုခြင်းတို့ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်သည် ဒီမိုကရေစီရေးကို အခြေခံသည့် နိုင်ငံရေးနှင့်လည်း ကိုက်ညီမှုရှိသည့် စီးပွားရေးစနစ်လည်းဖြစ်သည်။ ထို့ပြင် လူတစ်ဦးချင်းလွတ်လပ်မှု၏ အခြေခံသဘောတရားအပေါ် တည်မှီနေသောကြောင့် ထုတ်လုပ်သူ၊ ရောင်းဝယ်သူများအနေဖြင့် ထုတ်လုပ်ရာတွင်ဖြစ်စေ၊ ရောင်းဝယ်ရာတွင်ဖြစ်စေ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်ကြသည်။

စားသုံးသူများအနေဖြင့်လည်း လွတ်လပ်စွာ ဝယ်ယူစားသုံးနိုင်ခြင်း၊ ထုတ်လုပ်သူများအနေဖြင့် အပြိုင်အဆိုင်ထုတ်လုပ် ဖြန့်ဖြူးရောင်းချနိုင်ခြင်းတို့ကြောင့် ဈေးကွက်၏ အခြေခံသဘောတရားအရ ဖြစ်ပေါ်လာမည့် ပကတိရောင်းလိုအားနှင့် ဝယ်လိုအားတို့အကြား ညီညွတ်မျှတမှုရှိလာနိုင်ပေသည်။ ယင်းမှတစ်ဆင့် တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်းဖြစ်ပေါ်လာမည်ဖြစ်သည်။


သိသာထင်ရှားသည့် ပဋ္ဌမရိုက်ချက်တစ်ခုဖြစ်သည်

ယင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီပြောင်းလဲလာမည့်စနစ်သစ် မြန်မာ့စီးပွားရေးကဏ္ဍတွင် ယခင်နှင့်မတူသော လွတ်လပ်မှုရှိသည့် ဗဟိုထိန်းချုပ်မှုနည်းသည့်ပိုပြင်သော ဈေးကွက်စီးပွားရေးစနစ်တစ်ရပ်ပေါ်ပေါက်လာဖွယ်ရှိပေရာ ၂၀၁၀ အလွန်တွင် ပိုပိုပြင်ပြင်လုပ်ဆောင်ရတော့မည့်ဆဋ္ဌမမြောက်မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုမှာ မည်သို့သောသဏ္ဍာန်ဖြင့် နိဒါန်းပျိုးကာမည် သည့်အဆင့်ဖြင့်အဆုံးသတ်မည်ဆိုသည်မှာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

## ရိုက်ချက်ထိမိရေး

မြန်မာနိုင်ငံမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှု ငါးကြိမ်ဖြတ်သန်းခဲ့ပြီး ယခုအကြိမ်မှာ ခြောက်ကြိမ်မြောက်ပြုပြင်ပြောင်းလဲမှုဖြစ်သည်။ ယခင်ပြုပြင်ပြောင်းလဲခဲ့သော ငါးကြိမ်စလုံးတွင် လိုအပ်ချက်ပေါင်းများစွာဖြင့် ထိထိမိမိ ပြုပြင်ပြောင်းလဲနိုင်ခဲ့သည်မျိုးမရှိသေးသည်နှင့်အမျှ မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ရေချိန်မှာများစွာ နောက်ရောက်နေနိုင်ပေသေးသည်။

ဆိုခဲ့ပါရိုက်ချက်များနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် မအောင်မြင်ရသည့် အကြောင်းအရင်းကို ဆန်းစစ်ကြည့်ရာ လိုအပ်ချက်များစွာရှိသော်လည်း တူညီနေသည့်အခြေခံအချက် နှစ်ရပ်ရှိကြောင်း တွေ့ရသည်။ ယင်းတို့မှာ အင်စတီကျူးရှင်းခေါ် စည်းမျဉ်းစည်းကမ်းဥပဒေမူဘောင်များ အားကောင်းမှုမရှိသေးခြင်းနှင့် ပြုပြင်ပြောင်းလဲလိုသော အရင်းခံစိတ်ဓာတ်ချို့တဲ့ခြင်းတို့ဖြစ်သည်။

သို့သော် ယနေ့ကာလသည် အိမ်နီးချင်းနိုင်ငံများတွင်သာမက ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့ နိုင်ငံ့စီးပွားရေးလုပ်ဆောင်နေသောအခြေအနေ နည်းနိသယျများကို ကြိုတင်လေ့လာသုံးသပ်ခြင်း၊ သင်ခန်းစာယူ ဆင်ခြင်ခြင်း၊ အတုယူသင့်သည်များကို ဆောင်ခြင်း စသော အခွင့်အရေးတို့ကို အလွယ်တကူထိုင်ရာမထ ရရှိနေပြီဖြစ်သည်။ ဤအတွက် နိုင်ငံကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လိုစိတ်ရှိသူများ၊ ကိုယ်ကျိုးအတ္တကာကွယ်ရေးထက် အများအတွက် ဦးစားပေးစဉ်းစားသူများ၊ ရိုးသားဖြောင့်မတ်သော နိုင်ငံသားများအပေါ်တွင်မူတည်၍ နိုင်ငံစီးပွားရေးရေချိန်မြှင့်တင်နိုင်ပေသည်။

မည်သို့ပင်ဆိုစေ ယခုအချိန်တွင် မြန်မာ့စီးပွားရေးကဏ္ဍ၌ ရေခံမြေခံကောင်းများ အထိုက်အလျောက်ရှိနေပြီဖြစ်ပေရာ မကြာခင်မြင်တွေ့ရတော့မည့် ခြောက်ကြိမ်မြောက် မြန်မာ့စီးပွာရေးပြုပြင်ပြောင်းလဲမှု သို့မဟုတ် မြန်မာ့စီးပွားဆဋ္ဌမရိုက်ချက်မှာ ပြောင်းနေသော မျက်မှောက်ကမ္ဘာကြီးနှင့် တိုးယိုပေါက် ချိတ်ဆက်ထားလာနိုင်သောကြောင့် ယခင်စီးပွားရေးပြုပြင်ပြောင်းလဲမှု ငါးကြိမ်စလုံးနှင့်စာလျှင် အားသာချက်များစွာရှိနေသည်။ ထိုအခြေအနေများကြောင့် မြန်မာ့စီးပွား ဆဋ္ဌမရိုက်ချက်တွင် မြန်မာ့စီးပွားရေးနယ်ပယ်ကြီးတစ်ခုလုံး ထိရောက်သောတိုးတက်မှုများရှိလိမ့်မည်ဟု မျှော်လင့်ရပေသည်။

**ကျော်ဆန်းမင်း**

**မှီငြမ်း–Economic Development A vision and a strategy**
**ရွှေပြည်တော်မျှော်မဝေးပြီမို့–စည်သူအောင်နှင့်မောင်မှတ်၊**
**ယောမင်းကြီး၏စီးပွားရေးအတွေးအခေါ်–မောင်စူးစမ်း၊**
**မြန်မာ့နိုင်ငံရေးဘောဂဗေဒသမိုင်း–ဂျေအက်စ်ဖာနီဗယ်နှင့်**
**အခြားစာရွက်စာတမ်းများ။**

www.foreverspace.com.mm


ဤကဏ္ဍတွင် . . . . .

၃၀ စီးပွားရေးမူဝါဒအပြောင်းအလဲနှင့် အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ

၃၈ ရေရှိန်တက်လာသည့် မြန်မာလူငယ်နှင့် စီးပွားရေးအခွင့်အလမ်း

၄၆ လမင်းကိုချိန်ပစ်ပါ

၅၀ ပြည်ပသွားသော အနက်ရောင်ဘုရင်မ

၅၈ ရန်ကုန် ကုန်စည်ဈေးကွက်


မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ နှစ်ပေါင်း၂၀ကျော် ကျင့်သုံးခဲ့သည့်ဈေးကွက်စီးပွားရေးစနစ်၏ စီးပွားရေးဆိုင်ရာမူဝါဒများသည် ကုန်လုပ်စွမ်းအားစုများကို အလုံးစုံထိန်းချုပ်ခွင့်မှသည် တစ်ဆင့်မြင့်သော အလွယ်တကူရယူသုံးစွဲခွင့်ဆီသို့ အသွင်ကူးပြောင်းရန် ဦးတည်လျက်ရှိသည်။ နိုင်ငံတော်ဟုခေါ်သည့် State သည် အသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ်တက်လှမ်းလာချိန်၌ နိုင်ငံ့စီးပွားရေး၏ အဓိကမောင်းနှင်အား အင်ဂျင်သဖွယ်ဖြစ်သော ပုဂ္ဂလိကကဏ္ဍကိုကိုယ်စားပြုသည့် အသင်းအဖွဲ့အသီးသီး၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်များသည်လည်း ယခုထက်ပိုမိုသောအဆင့်သို့ လိုက်ပါပြောင်းလဲမြှင့်တင်ရန် လိုအပ်လာပြီဖြစ်သည်။

# စီးပွားရေးမူဝါဒအပြောင်းအလဲနှင့် အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ

ကြူကြူသင်း ၊ မိုးခိုင်



www.foreverspace.com.mm





## အေးစက်စက်စီးပွားရေးအင်ဂျင်နှင့် သက်ဝင်မှုမဲ့ အသင်းအဖွဲ့

၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်အာဏာကို ရယူခဲ့သော တော်လှန်ရေးကောင်စီသည် နိုင်ငံတည်ဆောက်ရေးကို ဆိုရှယ်လစ်စနစ်ဖြင့် ပြောင်းလဲကျင့်သုံးခဲ့သည်။ အဆိုပါဆိုရှယ်လစ်စီးပွားရေးစနစ်သည် နိုင်ငံတော်ဗဟိုပြုစနစ်ဖြစ်၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တည်ရှိခွင့်မပြုဘဲ State က ကုန်လုပ်စွမ်းအားစုများအားလုံးကို ထိန်းချုပ်ထားပြီး စီးပွားရေးလုပ်ငန်းအားလုံးကိုလည်း နိုင်ငံပိုင်ပြုခဲ့သည်။ ယင်းတော်လှန်ရေးကောင်စီသည် နိုင်ငံရေးပြိုင်ဘက်များမပေါ်ပေါက်စေရန်အလို့ငှာ မည်သည့်စီးပွားရေးလုပ်ငန်းမျှ လုပ်ကိုင်ခွင့်မပြုခဲ့သည့်အတွက် ထိုအချိန်က စီးပွားရေးနှင့်ဆက်နွယ်သည့် အသင်းအဖွဲ့များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများရှင်သန်လှုပ်ရှားရန် အခွင့်အလမ်းမှာလည်း မရရှိခဲ့ပေ။

ယင်းနောက် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်အာဏာကို ထိန်းချုပ်လိုက်သည့် တပ်မတော်အစိုးရသည် ယခင်အစိုးရကျင့်သုံးခဲ့သည့် နိုင်ငံတော်ဗဟိုပြုစနစ်ကို ဖျက်သိမ်း၍ ဈေးကွက်စီးပွားရေးစနစ်ဟုဆိုကာ ပြောင်းလဲကျင့်သုံးခဲ့သည်။

စီးပွားရေးဆိုင်ရာစီမံကိန်းများ၊ မူဝါဒရေးရာများနှင့် ရည်မှန်းချက်ပန်းတိုင်များကို ပုံဖော်ရာတွင် Civil Society ခေါ် လူ့အဖွဲ့အစည်း၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးလှသည်။ ယင်းကြောင့် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးချိန်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အပါအဝင် သက်ဆိုင်ရာကဏ္ဍအသီးသီးကို ကိုယ်စားပြုသောအသင်းအဖွဲ့အသီးသီးသည်လည်း ရှင်သန်လှုပ်ရှားရန် အခွင့်အလမ်းရလာခဲ့သည်။

"အသင်းအဖွဲ့တွေ ဖွံ့ဖြိုးလာတာ ငါးနှစ်၊ ဆယ်နှစ်ဝန်းကျင်ပဲ ရှိသေးတယ်။ အသင်းတစ်ခုရဲ့ ထိရောက်မှုက အစိုးရနဲ့ မဆိုင်ဘူး။ ကိုယ်ကိုယ်တိုင် ဘယ်လိုလုပ်မလဲဆိုတာနဲ့ပဲဆိုင်တယ်" ဟု စီးပွားရေးပညာရှင် ဒေါက်တာမိုးမိုးခိုင်က အသင်းအဖွဲ့များအနေဖြင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းနေမှုအပိုင်းနှင့်ပတ်သက်၍ ၎င်းအမြင်ကို ရှင်းလင်းပြောကြားသည်။

သို့သော် ဗဟိုချုပ်ကိုင်မှုရှိသော နိုင်ငံတို့ရှိ အသင်းအဖွဲ့တို့တွင်မူ တည်ဆဲအစိုးရ၏ မူဝါဒနှင့် အသင်းအဖွဲ့များအပေါ်ထားရှိသည့် သဘောထားတို့အပေါ် မူတည်ပြီး ထိုအသင်းအဖွဲ့တစ်ခု ရှင်သန်ရပ်တည်အောင်မြင်ရေး ပဓာနကျနေသေးသည်ဟု

www.foreverspace.com.mm

ရှုမြင်သူက အများအပြားဖြစ်နေသေးသည်။ ထို့သို့ရှုမြင်စေရန်လည်း ကုန်ခဲ့သည့် နှစ်ငါးဆယ်အတွင်း တည်ရှိလာခဲ့သော အသင်းအဖွဲ့အများစု၏ စွမ်းဆောင်ရည်နှင့် အောင်မြင်မှုအတိုင်းအတာတို့က ပုံဖော်ပေးနေသည်။

## ရပ်လုံးပီပြင်မှုအားနည်းသည့် ပေါင်းကူးတံတားများ

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများကို တည်ဆဲစီးပွားရေး၊ လူမှုရေးမူဝါဒချို့ယွင်းချက်များကို ပြုပြင်နိုင်သည့်တွန်းအားတစ်ရပ်အဖြစ် ရှုမြင်ကြသည်။ ထိုနည်းတူ အရပ်ဘက်လူ့အဖွဲ့အစည်းခေါင်းစဉ်အောက်တွင် ပါဝင်လျက်ရှိသည့် မြန်မာနိုင်ငံရှိ လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့အများစုသည်လည်း ၎င်းတို့သည် မူဝါဒချမှတ်သူအစိုးရနှင့် အမှန်တကယ်မူဝါဒကို လိုက်နာအကောင်အထည်ဖော်မည့်ပုဂ္ဂလိကကြားတွင် ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးနေသူများဟု မှတ်ယူလက်ခံထားကြသည်။

စီးပွားရေးနယ်ပယ်တွင် မူဝါဒများကြောင့် ရှောရှောရှူရှူဖြစ်ခြင်း၊ မဖြစ်ခြင်း၊ အခက်အခဲရှိခြင်း၊ မရှိခြင်း စသည်များသည် ပုဂ္ဂလိကစီးပွားရေးနယ်ပယ်တွင်သာ ဖြစ်ပေါ်လေ့ရှိပြီး မူဝါဒသဘောတရားဆိုင်ရာသွင်းအားစုများသည် ထိုနယ်ပယ်မှ အခြေခံလေ့ရှိကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင်လည်း ယင်းကဲ့သို့ သွင်းအားစုများ စနစ်တကျပီပီပြင်ပြင်ဖြစ်လာစေရန် အင်အားကောင်းသည့်ကွန်ရက်များရှိနေပြီး ထိုကွန်ရက်များတွင် ပါဝင်ပတ်သက်နေကြသူများကို အဓိကအားဖြင့် အမျိုးအစားသုံးမျိုးခွဲခြားနိုင်ကြောင်း၊ အဆိုပါအမျိုးအစားသုံးမျိုးတွင် သက်ဆိုင်ရာနယ်ပယ်တစ်ခုခု၏ အကျိုးစီးပွားအတွက် တစ်စုတစ်စည်းတည်း ကိုယ်စားပြုနိုင်အောင် စုစည်းထူထောင်ထားသော Interest Group သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း စီးပွားရေးပညာရှင်အချို့က သုံးသပ်ကြသည်။



လက်ရှိတွင် မြန်မာနိုင်ငံ၌ အဆိုပါ Interest Group များ စတင်တည်ရှိနေပြီဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ စီးပွားရေးစွမ်းဆောင်ရှင်များအသင်း စသည်တို့သည် Interest Group များဖြစ်ပြီး သက်ဆိုင်ရာနယ်ပယ်ကို စနစ်တကျကိုယ်စားပြုရသည့် အသင်းအဖွဲ့များလည်း ဖြစ်သည်။

သို့ရာတွင် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသည့်အချိန်မှစ၍ အသင်းအဖွဲ့များကို ဖွဲ့စည်းခွင့်ပြုထားသည်ဟုဆိုသော်လည်း မြန်မာနိုင်ငံ၌ အသင်းအဖွဲ့အများစုဖွံ့ဖြိုးလာသည်မှာ ခုနစ်နှစ်ဝန်းကျင်ခန့်သာရှိသေးကြောင်း၊ ယင်းမတိုင်မီက အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်သာရှိပြီး အသင်းအဖွဲ့၏ လုပ်ငန်းတာဝန်ကို သည်ဘက်နှစ်များကဲ့သို့ လွတ်လပ်ပွင့်လင်းစွာ လုပ်ပိုင်ခွင့်အနေအထားမရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ဆိုသည်။

တံခါးဖွင့်စီးပွားရေးစနစ်စတင်ကျင့်သုံးခဲ့သည့်အချိန်မှစ၍ ၂၀၀၃ ခုနှစ်အထိ ဆယ်စုနှစ်ကျော်ကာလအတွင်း တည်ရှိခဲ့

www.foreverspace.com.mm



သော အရပ်ဘက်လူ့အဖွဲ့အစည်းတွင်ပါဝင်သည့်အသင်းအဖွဲ့များ၏ ကဏ္ဍသည် ရုပ်လုံးပီပြင်မှုအားနည်းနေသည့် ပေါင်းကူးတံတားသဖွယ်ဖြစ်တည်နေသည်ဟုလည်း ဆိုကောင်းဆိုရပါမည်။

## အသင်းအဖွဲ့၏အား

ဈေးကွက်စီးပွားရေးစနစ်သို့ လျှောက်လှမ်းနေသော နိုင်ငံတစ်နိုင်ငံအတွက် ပုဂ္ဂလိက၏အခန်းကဏ္ဍသည် လွန်စွာအရေးပါလှသလို အဆိုပါစနစ်ကို ဖော်ဆောင်ပေးသော အစိုးရ၏ ဒေါက်တိုင်ကြီးတစ်ခုလည်း ဖြစ်ပါသည်။ ဤသို့ဆိုလျှင် ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြုသောအသင်းအဖွဲ့များသည် နိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလတွင် မည်မျှအရေးပါမည်ဆိုသည်ကို တွေးဆကြည့်ရုံနှင့် သိနိုင်မည်ဖြစ်သည်။

ဤနေရာတွင် အဓိကအရေးကြီးသည့်အချက်တစ်ခုမှာ အဆိုပါ အသင်းအဖွဲ့များတွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စွမ်းဆောင်ရည်ပင် ဖြစ်ပါသည်။ အဆိုပါအသင်းအဖွဲ့များသည် စီးပွားရေးစီမံကိန်းများ၊ စီးပွားရေးမူဝါဒများ ချမှတ်ရေးအတွက် အဓိကတာဝန်ရှိသည်မဟုတ်သော်လည်း သွင်းအားစုများအဖြစ် တည်ရှိနေသူများဖြစ်၍ ၎င်းတို့၏ အရည်အသွေးထက်မြက်သည်နှင့်အမျှ ကောင်းမွန်သည့်ပြောင်းလဲမှုရလဒ်များလည်း ရရှိလာမည်ဖြစ်သည်။ "တစ်ဦးချင်းတစ်ယောက်ချင်းအနေနဲ့ အစိုးရဌာနတွေနဲ့ ဆက်သွယ်လုပ်ကိုင်ရတာ မလွယ်ဘူး။ အသင်းအဖွဲ့တွေနဲ့ လုပ်တဲ့အခါကျတော့ တစ်ဦးချင်းအနေနဲ့ ကောင်းသလို အစိုးရပိုင်းကလည်း တစ်စုတစ်စည်းလုပ်ပေးရတာမို့လို့ တစ်ဦးချင်းကို ဖြေရှင်းရတာထက် ပိုအဆင်ပြေတယ်။ ဒါက အသင်းအဖွဲ့ရှိခြင်းရဲ့ အကျိုးကျေးဇူးပေါ့" ဟု စီးပွားရေးပညာရှင် ပါမောက္ခ

**ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည့်အချိန်မှစ၍ အသင်းအဖွဲ့များကို ဖွဲ့စည်းခွင့်ပြုထားသည်ဟုဆိုသော်လည်း မြန်မာနိုင်ငံ၌ အသင်းအဖွဲ့အများစုဖွံ့ဖြိုးလာသည်မှာ ခုနစ်နှစ်ဝန်းကျင်ခန့်သာရှိသေးကြောင်း၊ ယင်းမတိုင်မီက အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်သာရှိပြီး အသင်းအဖွဲ့၏လုပ်ငန်းတာဝန်ကို သည်ဘက်နှစ်များကဲ့သို့ လွတ်လပ်ပွင့်လင်းစွာ လုပ်ပိုင်ခွင့်အနေအထားမရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ဆိုသည်။**



www.foreverspace.com.mm






ဒေါက်တာဒေါ်မိုးမိုးခိုင်က သုံးသပ်ပြောကြားသည်။

ဗဟိုဦးစီးစနစ်ဖြတ်သန်းခဲ့သော မြန်မာနိုင်ငံ၏ ပုဂ္ဂလိကအခန်းကဏ္ဍသည် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲပြီး နှစ်အတန်ကြာအောင် တသီးတသန့်တည်ရှိနေခဲ့သည်။ ယင်းနောက် ၁၉၉၅ ခုနှစ်ပိုင်းမှစ၍ ပုဂ္ဂလိကအခန်းကဏ္ဍသည် ထင်ရှားမြင်သာသည့် အနေအထားတစ်ခုသို့ တက်လှမ်းလာနိုင်သည်။ ထို့အတူ ပုဂ္ဂလိကကဏ္ဍ၏ ကိုယ်စားပြုအသင်းအဖွဲ့များ၏ အခန်းကဏ္ဍမှာလည်း ပိုမိုဖွံ့ဖြိုးသည့်အခြေအနေတစ်ရပ်သို့ ပုဂ္ဂလိကကဏ္ဍနှင့်အတူ လိုက်ပါတိုးတက်လာခဲ့သည်။ ယင်းမှတစ်ဆင့် ၂၀၀၃ ခုနှစ်နောက်ပိုင်းနှစ်များတွင် State ကချမှတ်သော ပုဂ္ဂလိကလိုက်နာရန်ခက်ခဲသည့်မူဝါဒများကိုပင် ဆွေးနွေးညှိနှိုင်းလာနိုင်သည့်အဆင့်ဆီသို့ တက်လှမ်းလာနိုင်သည်ကို တွေ့ရသည်။

သာဓကတစ်ခုကို ပြရမည်ဆိုလျှင် အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သည် ၂၀၀၅ ခုနှစ် မေလခန့်မှစ၍ ငါးလုပ်ငန်းဦးစီးဌာနဆိုင်ရာ အကြီးတန်းအရာရှိများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်လက်အောက်ရှိ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများသည် အပတ်စဉ် အင်္ဂါနေ့တိုင်းတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံ၌ တွေ့ဆုံ၍ မူဝါဒလိုအပ်ချက်များကို ထောက်ပြညှိနှိုင်းမှုများပြုလုပ်လာသည်မှာ ငါးနှစ်ကျော်အချိန်သို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။

ယင်းကဲ့သို့အသင်းအဖွဲ့များသည် State ၏မူဝါဒပြောင်းလဲမှုများတွင် အားနည်းချက်၊ လိုအပ်ချက်များ ဆွေးနွေးညှိနှိုင်းဖြေရှင်းခွင့်ရလာပြီး ယခင်ကပုဂ္ဂလိကတစ်ဦးချင်းတစ်ယောက်ချင်းအနေဖြင့် သက်ဆိုင်ရာဌာနနယ်ပယ်များသို့တင်ပြဖြေရှင်းရန်ခက်ခဲခဲ့သည့် ကိစ္စရပ်များသည် ယခုအခါ အသင်းအဖွဲ့များ၏ ကြားဝင်ညှိနှိုင်းဖြေရှင်းပေးမှုကြောင့် အဆင်ပြေလွယ်ကူစွာ ဖြတ်သန်းလာနိုင်မှုများရှိလာသည်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးနှင်းဦးက ပြောကြားသည်။

## ပြောင်းလဲမှုနှင့် အတူ

ပြောင်းလဲမှုမြန်ဆန်သော ယနေ့ခေတ်တွင် အသင်းအဖွဲ့များသည် သမားရိုးကျအမြင်များဖြင့် မလုံလောက်တော့ပေ။ လမ်းဟောင်းများမှ ဖောက်ထွက်ရန်လိုအပ်သည်။ ထို့အတူ နှစ်အတန်ကြာက ဖွဲ့စည်းခဲ့သောအသင်းအဖွဲ့များ၏ သင်းဖွဲ့စည်းမျဉ်းနှင့် ဖွဲ့စည်းပုံများလည်းပြောင်းလဲသောအခြေအနေများနှင့် လိုက်လျောညီထွေရှိရန် ပုံစံသစ်များဖြစ်ပေါ်ရန် လိုအပ်လာပြီဖြစ်သည်။ ဖွဲ့စည်းပုံအသစ်နှင့်အတူ စီမံခန့်ခွဲမှုပုံစံများလည်း ခြားနားလာရမည်ဖြစ်ရာ အသင်းအဖွဲ့များတွင် တာဝန်ယူဆောင်ရွက်နေသူများမှာ အနာဂတ်အမြင်များရှိရန် ပိုမိုလိုအပ်လာပြီ ဖြစ်သည်။

မြန်မာနိုင်ငံ၌ ဖွဲ့စည်းခွင့်ရထားသော အသင်းအဖွဲ့အတော်များများ၏ သင်းဖွဲ့စည်းမျဉ်းတွင် ပါတီနိုင်ငံရေးအဖွဲ့အစည်းများ၌ ပါဝင်ခြင်း ကင်းရှင်းရမည်ဆိုသည့် စည်းကမ်းချက်ပါဝင်ခဲ့သည်။ အဆိုပါစည်းကမ်းချက်သည် ယင်းအသင်းအဖွဲ့များတွင် ပါဝင်သူများကို ၂၀၁၀ ပြည့်နှစ်တွင်ကျင်းပမည့်ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကြီးမားသည့်အဟန့်အတားတစ်ခု ဖြစ်လာသည်။

www.foreverspace.com.mm



သို့ရာတွင် နိုင်ငံ၏ပြောင်းလဲနေမှု အနေအထားကို လိုက်ပါပြောင်းလဲနိုင်သည့် အနာဂတ်အမြင်ရှိသော အသင်းဝင်အချို့၏ လိုအပ်မှုကို ဖြည့်စွက်နိုင်စွမ်းကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များထဲမှ အထင်ကရအသင်းကြီးအချို့တွင် အဆိုပါအသင်းဝင်တိုင်း ပါတီနိုင်ငံရေးကင်းရှင်းရမည်ဆိုသည့် စည်းကမ်းချက်ကို ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ အချိန်မီပြင်ဆင်နိုင်ခဲ့ခြင်းများ ရှိခဲ့သည်။

ထိုသင်းဖွဲ့စည်းမျဉ်းကို အချိန်မီ ပြင်ဆင်နိုင်ခဲ့သည့် အသင်းအဖွဲ့များတွင် ၁၉၉၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်တွင်ကျင်းပခဲ့သည့် အသင်းချုပ်၏နှစ်ပတ်လည်အခမ်းအနားတွင် အဆိုပါစည်းကမ်းချက်ကိုပြင်ဆင်နိုင်ခဲ့သည်။

ထို့အတူ ၂၀၀၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းသည်လည်း ယခုနှစ်မတ်လတွင်ကျင်းပခဲ့သည့် ယင်းအသင်း၏ အသင်းသားစုံညီအစည်းအဝေးတွင် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဆိုသော စည်းကမ်းချက်ကို ပယ်ဖျက်ခဲ့ပြီဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အလားတူ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သစ်ဆီသို့ ဦးတည်သွားနေသည့်အတွက် နိုင်ငံအတွင်းရှိ အသင်းအဖွဲ့များ ဖွဲ့စည်းရာတွင် ဒီမိုကရေစီနည်းလမ်းကျကျ အများသဘောထားဆန္ဒဖြင့် မဲပေး

**ပြောင်းလဲမှုမြန်ဆန်သော ယနေ့ခေတ်တွင် အသင်းအဖွဲ့များသည် သမားရိုးကျအမြင်များဖြင့် မလုံလောက်တော့ပေ။ လမ်းဟောင်းများမှ ဖောက်ထွက်ရန် လိုအပ်သည်။ ထို့အတူ နှစ်အတန်ကြာကဖွဲ့စည်းခဲ့သောအသင်းအဖွဲ့များ၏ သင်းဖွဲ့စည်းမျဉ်းနှင့် ဖွဲ့စည်းပုံများလည်းပြောင်းလဲသောအခြေအနေများနှင့် လိုက်လျောညီထွေရှိရန် ပုံစံသစ်များဖြစ်ပေါ်ရန် လိုအပ်လာပြီဖြစ်သည်။**



www.foreverspace.com.mm

**နိုင်ငံတိုင်းတွင် မှန်မြတ်သော ရည်ရွယ်ချက်ဖြင့် လှုပ်ရှားနေသည့် အသင်းအဖွဲ့များသာမက အခြား ရည်ရွယ်ချက်အမျိုးမျိုးရှိနေကြသော အသင်းအဖွဲ့များလည်းရှိနေကြပါသည်။ အဆိုပါ အသင်းအဖွဲ့အားလုံးသည် အရပ်ဘက်လူ့အဖွဲ့အစည်းခေါင်းစဉ် အောက်တွင် ပါဝင်နေသည့်အလျောက် ပုဂ္ဂလိကကဏ္ဍကိုကိုယ်စားပြုသူများ လည်း ဖြစ်သည်။**

ရွေးချယ်လာသည်မှာ အားရဖွယ် အပေါင်း လက္ခဏာပြောင်းလဲမှုများဖြစ်သည်။ ထိုအထဲတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းတို့ ပါဝင်သည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း အသင်းကို ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလတွင် ဖွဲ့စည်းခဲ့ပြီး အသင်း၏ ၂ နှစ်ပြည့်မြောက်ပြီးလျှင် အသင်းဖွဲ့စည်းမှုကို အောက်ခြေမြို့နယ်အဆင့်မှ တိုင်းအဆင့်သို့လည်းကောင်း၊ တိုင်းမှ ဗဟိုအဆင့်သို့လည်းကောင်း အောက်ခြေမှ အထက်သို့ အဆင့်ဆင့်မဲစနစ်ဖြင့် ပြန်လည်ရွေးချယ်တင်မြှောက်သွားရန် စီစဉ်ထားကြောင်း၊ ယခုလက်ရှိတွင် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း တိုင်းနှင့် မြို့နယ်အသင်းခွဲများဖွဲ့စည်းမှုကို ဗဟိုအသင်းကြီးက ရွေးချယ်ခြင်းပြုလုပ်ခဲ့သည်ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောကြားသည်။

အထက်တွင်ဖော်ပြခဲ့သည့် အချက်အလက်များသည် အချိန်အခါနှင့် အခြေအနေအကြောင်းတရားများအရ ဖြစ်ပေါ်ပြောင်းလဲနေမှုကို အမီလိုက်ကာ ပြောင်းလဲလာနိုင်မှု၏ပြယုဂ်ဟုပင် ဆိုရမည်ဖြစ်သည်။ ပြောင်းလဲခြင်းဟုဆိုရာ၌ ကောင်းသောဘက်သို့ပြောင်းလဲခြင်းလား သို့မဟုတ် ဆိုးသောဘက်သို့ ပြောင်းလဲခြင်းလား ဆိုသည့်အချက်မှာမူ အရပ်ဘက်လူ့အဖွဲ့အစည်းအတွင်းရှိ လက်ခံပြောင်းလဲမည့် အသင်းအဖွဲ့များ၏ စွမ်းဆောင်ထိန်းကျောင်းနိုင်မှုပေါ်တွင် များစွာမူတည်လျက်ရှိသည်။

## မှန်မြတ်သောစိတ်ထားနှင့် အနာဂတ်အမြင်

နိုင်ငံတိုင်းတွင် မှန်မြတ်သော ရည်ရွယ်ချက်ဖြင့် လှုပ်ရှားနေသည့်အသင်းအဖွဲ့များသာမက အခြားရည်ရွယ်ချက်အမျိုးမျိုးရှိနေကြသော အသင်းအဖွဲ့များလည်းရှိနေကြပါသည်။ အဆိုပါအသင်းအဖွဲ့အားလုံးသည် အရပ်ဘက်လူ့အဖွဲ့အစည်းခေါင်းစဉ်အောက်တွင် ပါဝင်နေသည့်အလျောက် ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြုသူများလည်း ဖြစ်သည်။

Civil Society တွင်ပါဝင်တာဝန်ယူလုပ်ကိုင်နေသူအားလုံးသည် အသွင်ကူးပြောင်းရေးကာလအခြေအနေနှင့်အနှစ်သာရကို ပီပီပြင်ပြင်သိရှိနားလည်ရန်လိုအပ်သည်။ လူ့အဖွဲ့အစည်းနှင့်ဆိုင်သော ပြောင်းလဲမှုတိုင်းတွင် မည်သည့်အခါမျှ အဆင်သင့်မဖြစ်ဟု အချို့သောပုဂ္ဂိုလ်များက ဆိုကြသည်။ သို့ရာတွင် ပြောင်းလဲမှုတိုင်းအတွက် အဆင်သင့်မဖြစ်သော်လည်း ပြောင်းလဲမှု မစမီကပင် လိုအပ်မည့်စွမ်းဆောင်ရည်များကို ဖြည့်ဆည်းသိုမှီးထားမည်ဆိုလျှင် အကောင်းကြီးမဟုတ်တောင် အဆိုးဆုံးအခြေအနေတစ်ခုတော့ မရောက်နိုင်ပါ။

အသင်းအဖွဲ့တိုင်းသည်ပြောင်းလဲမှုဖြစ်စဉ်များကို အမီလိုက်နိုင်ရန်အတွက်ဆိုလျှင် အသင်းအဖွဲ့တွင်ပါဝင်သူများ၏ ခေါင်းဆောင်မှုစွမ်းရည်နှင့်အသိပညာရေချိန်ကို မြင့်သထက်မြင့်အောင်ကြိုးစားနေရန် လိုအပ်ပါသည်။ အသင်းအဖွဲ့များတွင် ကောင်းမွန်သော စိတ်ထားနှင့်အနာဂတ်ကို ကြိုမြင်တတ်သော အတွေးအခေါ်အယူအဆကောင်းရှိသူများများပါဝင်လာလေလေ အဆိုပါအသင်းအဖွဲ့၏ရပ်တည်မှုသည်လည်း ကောင်းသောဘက်သို့ ဦးတည်လေဖြစ်သည်။

ကောင်းသောလူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးလာခြင်းသည် နိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော အရင်းအမြစ်ပင်ဖြစ်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းအသင်းအဖွဲ့အားကောင်းလာခြင်းသည် နိုင်ငံအတွက် အကျိုးမယုတ်နိုင်။ တစ်နည်းအားဖြင့် State ၏အခန်းကဏ္ဍကို ပိုမိုလင်းလက်လာစေနိုင်သည်။ ၎င်းတို့ကြီးထွားလာမှုမှာ State ၏အခန်းကဏ္ဍကို မှေးမှိန်သွားစေခြင်းမရှိပါ။ အရပ်ဘက်လူ့အဖွဲ့အစည်းအတွင်းရှိ အသင်းအဖွဲ့များသည် State နှင့် ပုဂ္ဂလိကကဏ္ဍကြားမှ ကြားခံပေါင်းကူးတံတားများဖြစ်သည်နှင့်အညီ State ၏ မူဝါဒအလွဲများကို ထောက်ပြဝေဖန်နိုင်လောက်သော အသိပညာရေချိန်မြင့်ရန်လည်း များစွာလိုအပ်ပါသည်။ သို့မှသာ အရပ်ဘက်လူ့အဖွဲ့အစည်းအတွင်းရှိ အားသည် နိုင်ငံ၏ စီးပွားရေး၊ မူဝါဒအပြောင်းအလဲများတွင်သာမက လူမှုရေး၊ နိုင်ငံရေးမူဝါဒ အပြောင်းအလဲများကိုပါ ဖြစ်စေနိုင်မည်ဖြစ်သည်။

အလားတူတက်ကြွသော အရပ်ဘက်လူ့အဖွဲ့အစည်းနှင့်အသင်းအဖွဲ့များက နိုင်ငံကို စီးပွားရေးကျဆင်းမှုနွံတွင်းမရောက်အောင် ကာကွယ်ပေးနိုင်စွမ်းရှိသည်ဟူသော အဆိုများလည်း ရှိထားပါသည်။ ဤသို့ဆိုလျှင် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် အသင်းအဖွဲ့များသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင်သာမက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင်ပါအရေးပါလျက်ရှိပြီး အဓိကတာဝန်ရှိနေသူများဟုလည်း ဆိုနိုင်ပေသည်။

**ကြူကြူသင်း ၊ မိုးခိုင်**

■

www.foreverspace.com.mm



# ရေချိန်တက်လာသည့် မြန်မာလူငယ်နှင့် စီးပွားရေးအခွင့်အလမ်း

မြနှင်းအေး

ကမ္ဘာ ကျော်ကွန်ပျူတာကုမ္ပဏီကြီးဖြစ်သည့် မိုက်ခရိုဆော့ဖ်ကုမ္ပဏီကြီးကိုတည်ထောင်သူ ဘီလ်ဂိတ်၊ ကမ္ဘာကျော် လူမှုကွန်ရက်ဝက်ဘ်ဆိုက် **Facebook** ဖန်တီးသူ မာ့ခ်အီးလီးယော့ဇူကာဘာက် အပါအဝင် ယနေ့နိုင်ငံတကာတွင် ထိပ်တန်းရောက်နေသော နိုင်ငံတကာစီးပွားရေးကုမ္ပဏီလုပ်ငန်းရှင်ကြီးအများစုသည် အသက် ၂၀ ကျော် လူငယ်ဘဝကတည်းကပင် ၎င်းတို့စိတ်ဝင်စားရာစီးပွားရေးလုပ်ငန်းများတွင် ခက်ခဲစွာ ရင်းနှီးမြှုပ်နှံကြိုးစားရင်း အောင်မြင်လာကြသူများဖြစ်သည်။ သူတို့တစ်တွေ ယနေ့အောင်မြင်ကြီးကျယ်သောဘဝသို့ရောက်ရှိလာစေရန် စေ့ဆော်ဖန်တီးပေးသော အကြောင်းအချက်များစွာရှိသည့်အနက် ကြိုးစားအားထုတ်မှုရှိလျှင်ရှိသလောက်၊ အရည်အချင်းရှိလျှင်ရှိသလောက်၊ ကံ၊ ဉာဏ်၊ ဝီရိယပေါင်းစပ်၍ အစွမ်းကုန်ကြီးပွားတိုးတက်နိုင်သော ပတ်ဝန်းကျင်ဖြစ်နေခြင်းက အဓိကအကြောင်းအချက်ဖြစ်နေသည်။ ထိုအခြေအနေနှင့် လုံးဝမတူညီသောနေရာဒေသတို့တွင်မူ သူတို့တစ်တွေလောက် အောင်မြင်မှုမရနိုင်ကြပါ။ သို့သော် ထိုနေရာဒေသရှိ လူငယ်များသည်လည်း စွမ်းသရွေ့ကြိုးစားအားထုတ်လျက်ရှိသည်။ ထိုအထဲတွင် မြန်မာလူငယ်များလည်းပါဝင်သည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းအထူးစိတ်ဝင်စားသည့် လူငယ်အရေအတွက် မြင့်တက်လာပြီး မိမိတို့တတ်နိုင်သော ငွေကြေးအခြေအနေများဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လာကြသည်ကို တွေ့မြင်လာရသည်။

www.foreverspace.com.mm



## အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်

"ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ လူငယ်တွေက စူးစမ်းကြတယ်။ စွန့်စားကြတယ်။ တီထွင်ကြတယ်။ ဒါက ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ အောင်မြင်ခြင်းလျှို့ဝှက်ချက်ပဲ" ဟု ပြောဆိုလိုက်သူမှာ အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီအခြေစိုက် အပြည်ပြည်ဆိုင်ရာ မီဒီယာကြီးတစ်ခုတွင် အယ်ဒီတာအဖြစ်တာဝန်ထမ်းဆောင်နေသူ စာရေးဆရာမနှင့် သတင်းစာဆရာမတစ်ဦးဖြစ်သည်။ ဝါရှင်တန်ဒီစီအခြေစိုက် အပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံကုမ္ပဏီကြီးဖြစ်သည့် Capital Communication Group, Inc ကုမ္ပဏီဥက္ကဋ္ဌ Mr.Akram Elias ကလည်း ထိုအမြင်ကို သဘောတူသည်။ ကွဲပြားခြားနားသောလူမျိုးအသီးသီးမှ နယ်ပျိုငယ်ရွယ်သောလူငယ်များ၏ စိတ်ကူးအိပ်မက်များကို အကောင်အထည်ဖော်နိုင်ရန် အခြေအနေများဖန်တီးပေးခြင်းသည် အမေရိကကို ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်စေသော အကြောင်းအရင်းတစ်ခုဟု သူကဆိုသည်။

'ယနေ့လူငယ်၊ နောင်ဝယ်လူကြီး' ဆိုသော မြန်မာစကားပုံအရ လူငယ်မျိုးဆက်သစ်များကို ပညာကောင်းမွန်စွာ သင်ကြားပေးခြင်း၊ စီးပွားရေးအရ အခွင့်အလမ်းများဖန်တီးပေးခြင်း၊ နေရာပေးခြင်းသည် နောင်အနာဂတ်တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေရန် သေချာသော ရင်းနှီးမြှုပ်နှံမှုဆိုသည့်အချက်ကို မြန်မာပညာရှင်များနှင့် နိုင်ငံတကာပညာရှင်အများစုက ခြွင်းချက်မရှိ သဘောတူညီကြသည်။

## မြန်မာလူငယ်

ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံမှ လူငယ်များ၏ အခြေအနေမှာမူ ဖွံ့ဖြိုးပြီးနိုင်ငံများမှ လူငယ်များ၏အခြေအနေနှင့်နှိုင်းယှဉ်လျှင် ကွဲလွဲချက်များစွာရှိနေသည်။ နိုင်ငံ၏ရပ်တည်ချက်အပေါ်မူတည်ပြီး လူငယ်များမှာ အခွင့်အလမ်းရရှိနိုင်မှု ကျဉ်းမြောင်းနေသော်လည်း ကန့်သတ်ချက်နည်းပါးသော တစ်နိုင်တစ်ပိုင် စီးပွားရေးနယ်ပယ်များအတွင်းသို့ မြန်မာလူငယ်များ စီးဆင်းဝင်ရောက်မှုနှုန်း ပိုမိုမြင့်တက်လာသည်။

လက်ဖက်ရည်ဆိုင်တွင် စကားပြောဆိုအချိန်ဖြုန်းခြင်း၊ အင်တာနက် ချက်တင်နှင့်အချိန်ဖြုန်းနေခြင်းတို့နှင့်စာလျှင် လူငယ်များ စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်စားလာကြသည်မှာ ကောင်းမွန်သည့်လက္ခဏာရပ်ဟုဆိုနိုင်သော်လည်း အနာဂတ်မြန်မာ့ပညာရေး၊ တီထွင်ဆန်းသစ်မှုအပိုင်း အပါအဝင် ခေတ်မီနည်းပညာဆိုင်ရာများတွင် နောက်ကျကျန်ရစ်စေနိုင်ပါသည်။

သို့သော် ရည်မှန်းချက်ပျောက်ပြီး လမ်းမများပေါ်တွင် အချိန်ကုန်နေသော လူငယ်အရေအတွက်နှင့်နှိုင်းယှဉ်လျှင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် လူငယ်အရေအတွက်မှာ အလွန်နည်းပါးလှပေသည်။

ကိုယ်ပိုင်စီးပွားရေး ထူထောင်လုပ်ကိုင်ကြသည့် လူငယ်အများစုသည် မြို့ပြဒေသကြီးများတွင် နေထိုင်ကြသူများဖြစ်သည်ကို တွေ့ရသည်။

## လူငယ်နှင့် စီးပွားရေး

"ဝန်ထမ်း မလုပ်ချင်ဘူး"၊ "သူများအလုပ် မလုပ်ချင်ဘူး"၊ "နိုင်ငံခြားမှာ ပညာသင်ဖို့ မတတ်နိုင်ဘူး"၊ "ပိုက်ဆံရှိရင် ဘာမဆိုဖြစ်နိုင်တယ်"၊ "မိဘစီးပွားရေး လက်ငုတ်လက်ရင်းလေးမို့လုပ်ဖြစ်တာ" ဟုဆိုသောအသံများမှာ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများထူထောင်လုပ်ကိုင်နေကြသည့် မြန်မာလူငယ်များ၏ အဘယ့်ကြောင့် စီးပွားရေးနယ်ပယ်အတွင်းသို့ ဝင်ရောက်လာခဲ့သည်ဆိုသောအမေးကို ပြန်လည်ဖြေဆိုကြသံများ ဖြစ်သည်။

ဒဂုံတက္ကသိုလ်မှ ပထဝီဝင်ဘာသာရပ်အထူးပြု ဒုတိယနှစ်ကျောင်းသားဖြစ်သူ အသက် ၁၉ နှစ်အရွယ် မောင်အောင်သူတစ်ယောက်ကျောင်းဆက်မတက်တော့ဘဲ အင်တာနက်ဆိုင်ထူထောင်ရန် ဆုံးဖြတ်ခဲ့သည်။ သူနေထိုင်ရာ မရမ်းကုန်းမြို့နယ်တွင်ပင် အင်တာနက်ဆိုင်ဖွင့်ရန် ပြင်ဆင်ပြီး သူငယ်ချင်းများဖြစ်သော တက္ကသိုလ်ကျောင်းသားများနှင့်အတူ စုပေါင်းစပ်ပေါင်းစနစ်ဖြင့် စီးပွားရေး စတင်လုပ်ဆောင်ခဲ့သည်။

"တစ်နေ့ တစ်နေ့ ကျောင်းသွား၊ ကျောင်းတက်နဲ့ အချိန်ကုန်နေရာကနေ သူငယ်ချင်းတွေနဲ့ စီးပွားရေးလုပ်ဖို့ စပြီးစကားပြောဖြစ်တယ်။ သူတို့တွေလည်း စိတ်ဝင်စားကြတယ်။ အားလုံး သူငယ်ချင်းစုစုပေါင်းလေးယောက်ပေါင်းပြီး အင်တာနက်ဆိုင်ဖွင့်တာ" ဟု မောင်အောင်သူက ရှင်းပြသည်။

တစ်ဦးလျှင် ငွေကျပ် သိန်း ၂၀ စီမျှဖြင့် သူငယ်ချင်းလေးယောက် စုပေါင်းစပ်ပေါင်းပြီး အကောင်အထည်ဖော်ထားသည့် အင်တာနက်ဆိုင်လေးမှာ တစ်နှစ်ခန့်အကြာတွင် တစ်ရက်ဝင်ငွေ ကျပ်တစ်သိန်းကျော်ဝင်သော အင်တာနက်ဆိုင်ကြီးဖြစ်လာပြီး ကွန်ပျူတာအပိုပစ္စည်းရောင်းချခြင်းနှင့် ကွန်ပျူတာပစ္စည်းများပြုပြင်ဝန်ဆောင်မှုပေးသည့် နာမည်ရဆိုင်တစ်ခုဖြစ်လာသည်။

ပညာရေးဆုံးခန်းမတိုင်မီစတင်ခဲ့သော မောင်အောင်သူနှင့် သူငယ်ချင်းတစ်စု၏ ရင်းနှီးမြှုပ်နှံမှုမှာ အထိုက်အလျောက်အောင်မြင်သောအခြေအနေတွင် ရောက်ရှိနေပြီဟုဆိုရမည်ဖြစ်သည်။

မောင်အောင်သူနှင့် သူငယ်ချင်းတစ်စုကဲ့သို့ လူငယ်စီးပွားရေးသမားများစွာ မြန်မာနိုင်ငံတွင် ရှိနေပါသည်။

ကရဝိက်ဥယျာဉ်တွင် ဝန်ထမ်းအဖြစ်လုပ်ကိုင်ခဲ့ဖူးပြီး ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းပေါ်တွင် အမျိုးသားဝတ်အင်္ကျီများရောင်းချသည့် Fashion Media အမည်ရဖက်ရှင်ဆိုင်ဖွင့်လှစ်ထားသူ အသက် ၃၅ နှစ်အရွယ် မစန္ဒာမြင့်ကမူ ဖက်ရှင်ဆိုင်တစ်ဆိုင်အောင်မြင်စေရေးအတွက် စိန်ခေါ်မှုများအကြား ကြိုးစားနေရကြောင်း ယခုလို ရှင်းပြသည်။

"ကိုယ်ပိုင်စီးပွားရေးလုပ်ချင်နေကြတဲ့သူတွေအတွက် လုပ်ငန်းဆိုတာ သေးမှ၊ ကြီးမှ မဟုတ်ပါဘူး။ ဘာကိုပဲလုပ်ချင်ချင်

www.foreverspace.com.mm






ကြိုးကြိုးစားစားလုပ်ပြီး အာရုံစူးစိုက်မှုနဲ့ ကံ၊ ဉာဏ်၊ ဝီရိယရှိရင် အောင်မြင်မယ်လို့ ယုံကြည်တယ်”

မရမ်းကုန်းမြို့နယ်မှ လူငယ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ကိုသက်ထွန်းအဖြစ်ကမူ အခြားလူငယ်စီးပွားရေးလုပ်ငန်းရှင်များနှင့် မတူပေ။

ဆေးတက္ကသိုလ် (၂) တွင် ပညာဆုံးခန်းတိုင်အောင်သင်ကြားခဲ့ပြီး ဆရာဝန်အဖြစ် နယ်ဆေးရုံများသို့ တာဝန်ထမ်းဆောင်လိုသော်လည်း မိဘဆွေမျိုးများက မျက်စိအောက်ကအပျောက်မခံဘဲ စီးပွားရေးလုပ်ရန်သာ တိုက်တွန်းခဲ့သည်။

မိဘတိုက်တွန်းချက်ကြောင့် စတိုးဆိုင်တစ်ခုဖွင့်လှစ်ခဲ့ပြီး ကုန်သည်ဘဝသို့ ကူးပြောင်းခဲ့သော သူ့အနေဖြင့် ဆေးတက္ကသိုလ်မှ သင်ကြားခဲ့သည့်ဆေးပညာရပ်များကို မေ့စပြုနေပြီဟု ဆိုသည်။

“ပထမတော့ စတိုးဆိုင်ကို စိတ်မဝင်စားဘူး။ ဒါပေမဲ့လည်း မိဘက ကောင်းစေချင်လို့ စီစဥ်တာပဲလေဆိုပြီး လုပ်ရင်းကိုင်ရင်း ကုန်သည်ဘဝရောက်သွားတယ်” ဟု သူက ပြောကြားသည်။

ရန်ကုန်မြို့လယ်ရှိ BAK ဈေးဝယ်စင်တာတွင် Lady's Answer အမည်ရှိ ဖက်ရှင်ဆိုင် တည်ထောင်ထားသူ ကိုကျော်သူမြင့်ကလည်း ပညာရေးစိတ်မဝင်စားသည့်အတွက် တက္ကသိုလ်ပညာတစ်ပိုင်းတစ်စဖြင့် ဖက်ရှင်ဆိုင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

လူငယ်အများစု ဖွင့်လှစ်လုပ်ကိုင်ကြသည့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများသည် တီထွင်ဆန်းသစ်မှုများကြောင့် သူ့အတိုင်းအတာနှင့်သူအောင်မြင်မှုရှိကြကြောင်း လူငယ်စီးပွားရေးသမားများထံမှ သိရှိရသည်။

“ဝယ်သူကို စိတ်ရင်းစေတနာမှန်နဲ့ ဆက်ဆံပါ။ လိမ်ပြီးမရောင်းနဲ့၊ မှန်မှန်ကန်ကန်ရောင်း။ အချိန်ကြာလာတာနဲ့အမျှ အကျိုးရှိလာမယ်။ အကျိုးအမြတ်ရလာတယ်” ဟု ရန်ကုန်မြို့ BAK ဈေးဝယ်စင်တာတွင် A&Z ဖက်ရှင်ဆိုင်ဖွင့်လှစ်ထားသူ လူငယ်

www.foreverspace.com.mm

စီးပွားရေးလုပ်ငန်းရှင် မမျိုးသူဇာဝင်းက ရှင်းပြသည်။

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် Junction Zawana တွင် White lotus အမည်ရှိဖက်ရှင်ဆိုင်ဖွင့်လှစ်ထားသော မပြည့်ရွှေစင်က “အစ်မက ရောင်းရတာကို ဝါသနာကိုပါတာ။ အစ်မအရင်က အဝတ်အထည်ရောင်းတဲ့ဆိုင်ကြီးတစ်ဆိုင်မှာ ခြောက်နှစ်လောက် လုပ်ဖူးတယ်။ အဲဒီအတွေ့အကြုံက အခုကိုယ်ပိုင်ဆိုင်ဖွင့်ဖြစ်တော့ အများကြီး အကျိုးကျေးဇူးရခဲ့တယ်။ အဆင်ပြေရင် ဆိုင်ခွဲတွေထပ်ဖွင့်ဖို့ ရည်မှန်းထားပါတယ်” ဟုပြောဆိုသည်။

## ကိုယ်ပိုင်စီးပွား ဘာ့ကြောင့်ထူထောင်

ဇူလိုင်လ ၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် မြန်မာတစ်နိုင်ငံလုံးတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၉ ခုရှိပြီး အဆိုပါ တက္ကသိုလ်၊ ကောလိပ်များတွင် တက်ရောက်နေသော ကျောင်းသားအရေအတွက်မှာ ငါးသောင်းကျော်ရှိသည်ဟု ဖော်ပြထားသည်။

အဆိုပါ နှစ်စဉ်ငါးသောင်းကျော်သော ဘွဲ့ရလူငယ်များအတွက် ပြည်တွင်းတွင် ၎င်းတို့နှင့်သင့်လျော်ရာ လုပ်ငန်းခွင်များ၌ အလုပ်လုပ်ကိုင်ခွင့်ရကြပါ၏လော၊ တစ်နှစ်လျှင် အလုပ်လက်မဲ့နှုန်း မည်မျှရှိမည်နည်း၊ ပြည်ပသို့ ဦးနှောက်ယိုစီးမှုကော စသည့်မေးခွန်းများမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။


“တစ်နှစ်ကို သောင်းနဲ့ချီတဲ့ Graduated (ဘွဲ့ရ) တွေကို အလုပ်မပေးနိုင်ဘူးဆိုရင် ကိုယ်ပိုင်လုပ်ငန်းတွေထူထောင်ခွင့်အတွက် အစိုးရက စီမံချက်ချပေးရမယ်။ အဲဒါဆိုရင် အလုပ်လက်မဲ့ပြဿနာကိုလည်း ဖြေရှင်းပြီးသား ဖြစ်သွားမယ်။ အဲလိုမှမဟုတ်ရင် နိုင်ငံထဲကနေ ဦးနှောက်ယိုစီးမှုလည်း ဖြစ်သွားမယ်။ လုပ်အားယိုစီးမှုလည်း ဖြစ်သွားမယ်” ဟု စီးပွားရေးဆိုင်ရာဆောင်းပါးများရေးသားလျက်ရှိသည့် အသက် ၆၅ နှစ်ခန့်အရွယ်ရှိသူ စာရေးဆရာတစ်ဦးက ပြောကြားသည်။

ပညာရေးဆုံးခန်းတိုင်လာသော လူငယ်ဘွဲ့ရများအတွက် အစိုးရနှင့် ပုဂ္ဂလိကအလုပ်အကိုင်အခွင့်အလမ်းများသည် ဘဝရပ်တည်ရေးအတွက် ခိုင်မာလုံခြုံမှုရှိရန်မှာလည်း အရေးကြီးသည်ဟု ပြည်တွင်းမီဒီယာတစ်ခုတွင် လုပ်သက်ခြောက်နှစ်ခန့်ရှိနေပြီဖြစ်သည့် လူငယ်သတင်းထောက်တစ်ဦးက ဆိုသည်။

“အခု မန်နေဂျာဆိုတဲ့ရာထူးကတောင် တစ်လမှ ရှစ်သောင်း၊ ကိုးသောင်းပဲ လစာပေးတယ်။ တကယ်တမ်း ဒီငွေကြေးက လူငယ်တစ်ဦးရဲ့မိသားစုမပြောနဲ့၊ တစ်ကိုယ်ရေ စားဝတ်နေရေးနဲ့ ဘဝလုံခြုံရေးအတွက် မလုံလောက်ဘူး။ ဒါကြောင့် လူငယ်တွေ ကိုယ်ပိုင်စီးပွားရေးလုပ်ကြတယ်။ လုပ်ချင်ကြတယ်” ဟု ၎င်းက ရှင်းပြသည်။

ဒုတိယပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာမောင်မောင်စံကလည်း ဘွဲ့ရလူငယ်များ၏ အရည်အချင်းနှင့် အလုပ်အကိုင်အခြေအနေကို ယခုကဲ့သို့ မှတ်ချက်ပြုသုံးသပ်သည်။

“တက္ကသိုလ်တွေက ဘွဲ့ရလာတဲ့လူငယ်လေးတွေဟာ အစိုးရအလုပ်လည်း လုပ်ရမယ်။ ကုမ္ပဏီလုပ်ငန်းလည်း လုပ်ရမယ်။ ကိုယ်ပိုင်အလုပ်လည်း လုပ်ရမယ်။ Employment ဆိုတဲ့အခါမှာ နိုင်ငံတစ်နိုင်ငံဟာ ပညာတတ်ကိုလည်း ထုတ်ပေးရမယ်။ ပြီးတော့ Human Resource ကိုလည်း နေရာချတတ်ရတယ်။ နေရာမချတတ်တဲ့



www.foreverspace.com.mm

အခါမှာ Underemployment လို့ခေါ်တဲ့ မတန်တဆနဲ့ ဝင်လုပ်ရတာတို့၊ Miss- employment လို့ခေါ်တဲ့ ကိုယ်နဲ့မဆိုင်တဲ့ လုပ်ငန်းတွေမှာ ဝင်လုပ်တာတို့ ဖြစ်လာတတ်တယ်”

စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်ရာတွင် တက္ကသိုလ်အောင်မြင်ရန်လို၊ မလို ဆိုသည်မှာ မေးခွန်းထုတ်စရာဖြစ်လာသည်။

မည်သို့ပင်ဖြစ်စေကာမူ မိမိအတွက် အကျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အတန်းပညာရပ်များကို ဆုံးခန်းတိုင်အောင် သင်ကြားရန် လိုအပ်လှသည်။

ကိုယ်ပိုင်စီးပွားရေးထူထောင်ကြသည့် လူငယ်အများစုသည် ပညာရေး၌ မိမိဘဝအတွက်စိတ်ချရသည့် အသက်မွေးဝမ်းကျောင်းအလုပ်ကို အထောက်အကူပြုစေမည့် ပညာကို ရွေးချယ်သင်ကြားခွင့်မရခဲ့ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းနှင့် ရှိနေသော အလုပ်အကိုင်များက ဘဝလုံခြုံရေး အာမခံချက်နည်းပါးခြင်းတို့ကြောင့်လည်းဖြစ်သည်ကို တွေ့ရသည်။

## လူငယ်စီးပွား ဘယ်လိုအားပေးမလဲ

အမှန်တကယ်ဝါသနာပါ၍လုပ်ကိုင်သော မည်သည့်လုပ်ငန်းကိုမဆို အားပေးရမည်ဖြစ်ပြီး ယင်းလုပ်ငန်းမျိုးများအတွက် အစိုးရကလည်း စီမံကိန်းများရှိနေရမည်ဖြစ်ကြောင်း၊ ဘဏ်မှတစ်ဆင့် ငွေချေးပေးခြင်းမျိုးကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်အားပေးသင့်ကြောင်း ပညာရေးဝန်ထမ်းတစ်ဦးက အကြံပြုသည်။

“အဲလိုလုပ်ပေးဖို့ ဘာကြောင့်လိုအပ်တာလဲဆိုတော့ လူငယ်လေးတွေဟာ အစိုးရဝန်ထမ်းမှာ ပြိုတိုးပြီးတော့ မနေတော့ဘူး။ နိုင်ငံခြားကို ထွက်မသွားဘူး။ ကိုယ့်နိုင်ငံထဲမှာပဲ Business တွေ ထူထောင်လာကြတယ်”ဟု ၎င်းကဆိုသည်။

အခြားနိုင်ငံများရှိ လူငယ်များမှာလည်း ၎င်းတို့တွင် ပိုင်ဆိုင်ရင်းနှီးငွေမရှိသော်လည်း ဘဏ်ချေးငွေဖြင့် လုပ်ငန်းစတင်လည်ပတ်ခဲ့ပြီး နောက်ဆုံးတွင် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်များဖြစ်သွားပုံကို ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ် ဘီလ်ဂိတ်နှင့် Apple တည်ထောင်သူ စတိဗ်ဂျော့ တို့က သက်သေပြသကဲ့သို့ရှိသည်။

သို့သော် မြန်မာနိုင်ငံစီးပွားရေးလောကအတွင်းရှိ လူငယ်၊ လူရွယ်များကို မေးမြန်းကြည့်သည့် အချက်အလက်များအရ မိမိကိုယ်ပိုင်ငွေကြေး သို့မဟုတ် မိဘများတွင် ငွေကြေးရှိမှသာ စီးပွားရေးလုပ်ငန်းများကို ဖွင့်လှစ်တည်ထောင်နိုင်ကြသည်ဟု ပြောကြားကြသည်။

“ပိုက်ဆံမရှိတဲ့ ဆင်းရဲတဲ့လူငယ်လေးတွေမှာလည်း အိုင်ဒီယာတွေရှိကြမှာပဲ။ အိပ်မက်တွေရှိကြမှာပဲ။ အိုင်ဒီယာရှိတဲ့ လူငယ်တွေအတွက် ပံ့ပိုးမှုလိုတယ်။ ပံ့ပိုးမှုမရှိရင် အဲဒီကလေးတွေရဲ့အစွမ်းသတ္တိက မှေးမှိန်သွားနိုင်တယ်။ အမှန်က အဲလိုမဖြစ်သင့်ဘူး”ဟု စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ စာအုပ်များ အစဉ်တစိုက်ရေးသားနေသော စာရေးဆရာကြည်မင်းက ပံ့ပိုးပေးရန် လိုအပ်နေသေးသည့်ကျန်ရှိနေသေးသော ကိစ္စရပ်များကို ထောက်ပြပြောဆိုသည်။

## စီမံခန့်ခွဲမှု

စီးပွားရေးဆိုင်ရာ အမြင်ရှိရေး၊ ခေါင်းဆောင်ကောင်းဖြစ်ရေးတို့မှာ မိမိဘာသာ လေ့လာလိုက်စားရမည်ဖြစ်ပြီး ပင်ကိုယ်အရည်အသွေးလည်း ရှိရမည်ဖြစ်သည်။

ယင်းအပြင် စီမံခန့်ခွဲမှုပညာရပ်မှာလည်း လုပ်ငန်းတစ်ခုအောင်မြင်မှုတွင် အခရာကျနေသည်။

လူငယ်များအပါအဝင် လုပ်ငန်းများတည်ထောင်လုပ်ကိုင်နေကြသူများအတွက် သိရှိထားရမည့် စီမံခန့်ခွဲမှုဆိုင်ရာအချက်သုံးချက်ကို စီးပွားရေးပညာရှင်တစ်ဦးက အောက်ပါအတိုင်း ပြောပြသည်။

“(၁) လူကို Management လုပ်ရတာ၊ ကိုယ်ကိုယ်တိုင်အပါအဝင် လက်အောက်ဝန်ထမ်းတွေကို Manage လုပ်ရတာ၊ အဲဒါ သိပ်ခက်တယ်။ လုပ်သားမြဲအောင်ထားရတယ်။ ပျော်အောင်ထားရတယ်။ (၂) Time Management အချိန်ကို



www.foreverspace.com.mm

နားလည်ရမယ်၊ နမြောတတ်ရမယ်။ အချိန်ကိုစီမံခန့်ခွဲတတ်မှ လူတစ်ယောက်ဟာ အောင်မြင်တာ။ အောင်မြင်တဲ့လူဟာ ၂၄ နာရီကို အကျိုးရှိရှိ အသုံးချတတ်ကြတယ်။ (၃)က Money Management ပဲ။ ဘယ်နေရာမှာ အကျိုးရှိအောင် သုံးမလဲ။ ဘယ်လိုပြန်လည်မလဲ။ အဲဒီငွေကို စီမံခန့်ခွဲတတ်ဖို့လိုတယ်။ အဲဒီအချက် သုံးချက်က အဓိကပဲ”

“တကယ်လိုတာက စီးပွားရေး ‘အ’ သုံးလုံး Business Literacy ပဲ။ စီးပွားရေးလုပ်ငန်းလုပ်တာနဲ့ပတ်သက်တဲ့ ရေးတတ်၊ ပြောတတ်၊ ဖတ်တတ်ဖို့လိုတယ်။ Business Literacy ရှိမှ ဆိုင်လေးတွေဖွင့်တဲ့ လူငယ်လေးတွေအတွက် အထောက်အကူဖြစ်မယ်။ ဒီလိုဆိုင်လေးတွေ ဖွင့်ကြတာလည်း စွန့်ထွင်ဦးစီးပဲ” ဟု ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

စီးပွားရေးလုပ်ငန်းများလုပ်ကိုင်သည့်အခါတွင် အရေးကြီးသည်မှာ ဈေးနှုန်းသတ်မှတ်ခြင်းဖြစ်သည်ဟုလည်း ၎င်းက ဆိုပြန်သည်။

အလုပ်ကို ခပ်ပေါ့ပေါ့ အပျော်သဘောမျိုးမလုပ်ဘဲ အလုပ်ကို အလုပ်နှင့်တူအောင်လုပ်တတ်ရန်လည်း လိုအပ်ပေသည်။

အရှည်မြော်မြင်နိုင်ရမည်၊ ရှင်းလင်းရမည်၊ တိကျရမည်၊ ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်ရမည်၊ အချိန်မီပြီးစီးရမည်၊ အမြဲလေ့လာ၊ လေ့ကျင့်၊ သုံးသပ်၊ ပြုပြင်မွမ်းမံနေရမည်ဆိုသည့် အလုပ်၏ အခြေခံဥပဒေသ ခြောက်ခုကို လိုက်နာကျင့်သုံးရန်လိုအပ်ကြောင်းလည်း ချစ်နိုင် (စိတ်ပညာ) က ရေးသားဖူးသည်။

မည်သည့်လုပ်ငန်းကိုမဆို လူငယ်များ ဦးစီးလုပ်သည်ဖြစ်စေ၊ လူရွယ်လူလတ်ပိုင်းများ ဦးစီးလုပ်သည်ဖြစ်စေ လုပ်ငန်းတစ်ခုကို အောင်မြင်စေသည်မှာ မိမိလုပ်ကိုင်မည့် လုပ်ငန်းနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို လေ့လာအားထုတ်မှုရှိခြင်းပင်ဖြစ်သည်။

“ဒီနေရာမှာ ဆိုင်ဖွင့်ဖို့လိုအပ်သလား၊ အဆင်ပြေနိုင်မလား။ အဲဒါမျိုးတွေကို အကျအနလေ့လာရမယ်။ ပြီးတော့ ဝန်ထမ်းတွေကို ဘယ်လိုရှာရမလဲ၊ ဈေးကွက်ကို ဘယ်လိုထိုးဖောက်မလဲ။ အဲဒါတွေ အကုန်လုံးကို လေ့လာတတ်မြောက်ကျွမ်းကျင်တဲ့ လူငယ်တွေအားလုံး အောင်မြင်မှာပဲ။ မဟုတ်ဘဲနဲ့ အလုပ်မရှိလို့ ထလုပ်ရင်တော့ အောင်မြင်မှာမဟုတ်ဘူး” ဟု တက္ကသိုလ်ပညာရေးလောကတွင် စီးပွားရေးဘာသာရပ်သင်ကြားနေသော ဆရာတစ်ဦးက ပြောကြားသည်။

လုပ်ငန်းတစ်ခုအောင်မြင်ရာတွင်လည်း စီးပွားရေးဆိုင်ရာအခြေခံသဘောတရားများကို တီးမိခေါက်မိရှိနေရမည်ဖြစ်ပြီး စီးပွားရေးနှင့်သက်ဆိုင်သည့် ပညာရပ်များကို သင်ကြားပေးနေသော သင်တန်းများကိုလည်း တက်ထားသင့်ကာ အဆိုပါသင်တန်းမျိုးများကိုလည်း ပညာဒါနဖြစ်ဖြစ်၊ အခကြေးငွေဖြင့်ဖြစ်ဖြစ် ဖွင့်လှစ်ပေးသင့်သည်ဟု စီးပွားရေးပညာရှင်အချို့က ထောက်ပြပြောဆိုသည်။

“တကယ်တမ်းတော့ စီးပွားရေးတက္ကသိုလ်တို့ ဘာတို့မှာ ဖွင့်တဲ့သင်တန်းတွေမှာ အခုလို တကယ်ကို လူငယ်ထဲက လူငယ်စွန့်ဦးတီထွင် Young Enterpreneur ပေါ့။ ကိုယ့်ဘာသာကိုယ် ပိုက်ဆံစုပြီး ဆိုင်လေးတွေ တည်ထောင်ထားတဲ့ လူငယ်တွေကို အခမဲ့ သင်ပေးစေချင်တယ်” ဟု ဒေါက်တာအောင်ထွန်းသက်က သင်တန်းများဖွင့်လှစ်ပေးရန်လိုအပ်ကြောင်း အကြံပြုသုံးသပ်သည်။

## အကြောင်းဆုံလျှင် အကျိုးရမည်

မည်သို့သောအကြောင်းကြောင့် လူငယ်များ တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်စီးပွားရေး ထူထောင်ကြစေကာမူ ထူထောင်ထားသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာလျှင် နိုင်ငံ၏စီးပွားရေး တစ်ဖက်တစ်လမ်းမှ တိုးတက်လာနိုင်ပါသည်။ အမေရိကန်ပြည်ထောင်စုအခြေစိုက်အတိုင်ပင်ခံ Capital Communication Group, Inc ကုမ္ပဏီဥက္ကဋ္ဌ Mr.Akram Elias ကမူ ဖွံ့ဖြိုးနေသော အမေရိကန်စီးပွားရေးတွင် တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ၏ အောင်မြင်မှုက အဓိကအခန်းကဏ္ဍမှပါဝင်နေသည်ဟု ပြောကြားသည်။ ထို့ကြောင့် လူငယ်များ၏ တစ်နိုင်တစ်ပိုင်ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအောင်မြင်ရေးမှသည် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးရေးဆီသို့ရောက်ရှိစေရေးအတွက် အစိုးရအပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးက ဖေးမကူညီရန် အလွန်အရေးကြီးသည်ဟု ဆိုရပေမည်။

မြင့်မားသော သို့မဟုတ် ဖွံ့ဖြိုးသော အခြေအနေတစ်ခုကို လိုချင်ရချင်သည်ဆိုပါက ထိုအခြေအနေသည် အကျိုးတရားနှင့်တူသည်။ ထိုအကျိုးတရားဖြစ်ပေါ်လာစေရန် စေ့ဆော်ဖန်တီးပေးသော အကြောင်းတရားများရှိနေရသည်။ မြန်မာလူငယ်များ၏ စီးပွားအခွင့်အလမ်းသည်လည်း ထိုအကျိုးအကြောင်း လျော်ညီရန်လိုသည်။

ထို့အတွက် နိုင်ငံအတွင်းရှိနေသော လူငယ်အားလုံး မိမိဝါသနာပါ စိတ်ဝင်စားသည့် အသက်မွေးဝမ်းကျောင်းပညာရပ်ကို ရွေးချယ်နိုင်ခွင့်၊ အမှတ်စနစ်ကြောင့် စိတ်မဝင်စားသည့် ဘာသာရပ်ကို ဝတ်ကျေတမ်းကျေ သင်ကြားမှုမှ ကင်းလွတ်ခွင့်၊ သက်ဆိုင်ရာဘာသာရပ်အလိုက်၊ အတတ်ပညာများအလိုက် အရည်အချင်းပြည့်မီသော ဆရာများ သင်ကြားပို့ချသည့် တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ကြားခွင့်၊ မိမိတို့ကျွမ်းကျင်သည့်နယ်ပယ်အလိုက် စီးပွားရေးလုပ်ငန်းများ လွတ်လပ်စွာ ထူထောင်လုပ်ကိုင်ခွင့်၊ အခွင့်အရေးတူ၊ သတ်မှတ်စည်းကမ်းဥပဒေတူသောအခြေအနေတစ်ရပ်တွင် တစ်ပြေးညီယှဉ်ပြိုင်ခွင့်၊ စီးပွားရေးလုပ်ငန်းများ ထူထောင်ရာတွင် လွယ်ကူမြန်ဆန်သော၊ ကြိုးနီစနစ်နည်းပါးသော ရေခံမြေခံကောင်းများ အရန်သင့်ထိတွေ့ခွင့်စသည့်အချက်များနှင့်ပြည့်စုံပါက မြန်မာလူငယ် စွန့်ဦးတီထွင်များ နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး စွမ်းစွမ်းတမံ ကူညီဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

**မြနှင်းအေး**

www.foreverspace.com.mm

**သူ** တို့သည် ပိတ်နေသည်ဟုထင်ရသော တံခါးများကို တွန်းကြည့်သူဖြစ်သည်။ အချို့ကား မဖြစ်နိုင်ဟူသောလုပ်ငန်းများကို စွန့်စားလုပ်ကိုင်ရင်း အောင်မြင်မှုအသီးအပွင့်များရလာသည်။ တိုင်းပြည်စီးပွားရေးတိုးတက်မှုကို ဦးဆောင်သွားသူများဖြစ်သည်။ သူတို့ကို ဈေးကွက်စီးပွားရေးကို အခြေခံသောစီးပွားရေးစနစ်များတွင် မရှိမဖြစ် လိုအပ်သည်။ သူတို့ကား မြန်မာနိုင်ငံ ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့သော စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖြစ်သည်။

# လမင်းကို ချိန်ပစ်ပါ

ခွန်းသု



"စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေအပေါ်မှာ ယုံကြည်မှုလွဲမှားခြင်းဟာ တိုင်းပြည်တိုးတက်မှုမရှိနိုင်ပါဘူး" ဟု ဆန်တန်ချိန်သိန်းချီနှစ်စဉ်တင်ပို့နေသည့် ထိုင်းကုမ္ပဏီဖြစ်သော Riceland ကုမ္ပဏီတည်ထောင်သူ မစ္စတာဗီချိုင်းက ပြောဆိုသည်။ မစ္စတာဗီချိုင်းပြောဆိုသကဲ့သို့ပင် နိုင်ငံစီးပွားရေးတိုးတက်မှုအတွက် Entrepreneurs ဟုခေါ်သော စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ကဏ္ဍမှာ များစွာအရေးပါပြီး အစိုးရအနေဖြင့် ၎င်းတို့လုပ်နိုင်ကိုင်နိုင်စွမ်းရှိစေရန် လမ်းထွင်ပေးသင့်ကြောင်း စီးပွားရေးနှင့်စီမံခန့်ခွဲမှုပညာရှင်များက တညီတညွတ်တည်း ပြောကြားသည်။ သို့ဆိုလျှင် ပြင်သစ်ဝေါဟာရ Entreperneur မှဆင်းသက်လာသော စွန့်ဦးတီထွင်သူများဆိုသည်မှာ မည်ကဲ့သို့သောသူများကို ဆိုလိုသနည်း။

ထင်သာမြင်သာလုပ်ငန်းကြီးလုပ်ကိုင်သူများကိုသာ စွန့်ဦးတီထွင်လုပ်ငန်းရှင်ဟု အမည်တပ်နိုင်သည်မဟုတ်ပါ။ ပစ္စည်းအသစ်တစ်ခုကို ထုတ်လုပ်တီထွင်ရောင်းချသော လမ်းဘေးဈေးသည်မှ ပို့ကုန်လုပ်ငန်းရှင်များအထိ ပါဝင်သည်။

စွန့်ဦးတီထွင်သူ၏ ဆိုလိုရင်းကို ဂျာနယ်၊ မဂ္ဂဇင်းများတွင် စီးပွားရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာဆောင်းပါးများရေးသားလျက်ရှိသော ရဲမြင့် (စွန့်ဦးတီတွင်) ကမူ အောက်ပါအချက်ငါးချက်နှင့် ကိုက်ညီပါက စီးပွားရေးလုပ်ငန်းများကို တည်ထောင်ဦးဆောင်သည့် စွန့်ဦးတီထွင်သူများဟု ခေါ်ဆိုနိုင်ကြောင်း ပြောဆိုသည်။

(၁) ကိုယ်တိုင်ဖွဲ့စည်းတည်ထောင်သူ၊

(၂) လုပ်ငန်းအတွက် အသုံးပြုမည့် ပိုင်ဆိုင်ပစ္စည်းကို အချောင်ရခြင်းမဟုတ်ဘဲ လက်ငင်းပေါက်ဈေးဖြင့် ဝယ်ယူရရှိသူ၊

(၃) ကိုယ်တိုင် စီမံချက်ရေးဆွဲ ဦးဆောင်တီထွင်သူ၊

(၄) တွက်ချက်စွန့်စားတတ်သူ၊

(၅) သတ်မှတ်အခွန်အခ မှန်ကန်စွာ ပေးသွင်းသူတို့ ဖြစ်သည်။

စွန့်ဦးတီထွင်သူများမှာ လက်ငင်းအနေအထားမှ ဖောက်ထွက်ကာ လမ်းသစ်ရှာစီးပွားရေးလုပ်ကိုင်သူများဖြစ်ကြောင်း စီမံခန့်ခွဲမှုပညာရှင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ပြောဆိုသည်။

"Entrepreneur ဆိုတာ ရှိနေတာတစ်ခုကို ပျက်အောင်လုပ်နိုင်တာ။ အပြုသဘောနဲ့ပျက်အောင်လုပ်တာ" ဟု ၎င်းက ပြောကြားသည်။

သို့ဆိုလျှင် စွန့်ဦးတီထွင်လုပ်ငန်းရှင်များမှာ မွေးရာပါ ဖြစ်ပါသလော။

www.foreverspace.com.mm



ဒေါက်တာအောင်ထွန်းသက်ကမူ အချို့စွန့်ဦးတီထွင်မှုနှင့် သက်ဆိုင်သောလုပ်ငန်းကျောင်းများတွင် စွန့်ဦးတီထွင်သူဖြစ်လာနိုင်ခြေရှိသောသူများကိုသာ စမ်းသပ်ရွေးချယ်ခေါ်ယူသော်လည်း လေ့ကျင့် ပျိုးထောင်ပေးနိုင်သည်ဟု ယူဆသူများလည်း ရှိကြောင်း ရှင်းပြသည်။

"လက်ရှိအခြေအနေအတိုင်း မှေးနေလို့ကတော့ ကျွန်မတို့လိုချင်တဲ့အခြေအနေဖြစ်မလာနိုင်ဘူး" ဟူသော အော်ပရာဝင်းဖရေး၏ဆိုစကားအတိုင်းပင် 'စွန့်ဦးတီထွင်လုပ်ငန်းရှင်' များ၏ အရည်အချင်းတွင် မူလအခြေအနေတခုကို 'ဖျက်' ကာ စွန့်စားလုပ်ကိုင်ခြင်းလည်း ပါဝင်ပေသည်။

"ကျွန်မရဲ့ လက်ရှိအနေအထားကို မကြိုက်ဘူး။ အခုအလုပ်က လခကောင်းတာတော့မှန်တယ်။ ဒါပေမဲ့ ကျွန်မက စီးပွားရေးကို လွတ်လွတ်လပ်လပ်လုပ်ချင်တာ" ဟု ရန်ကုန်မြို့တော်ရှိ နာမည်ကြီးသွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းတစ်ခု၏ မန်နေဂျာတစ်ဦးဖြစ်သူ ဒေါ်မြတ်စု (အမည်လွှဲပြောင်း) က ညည်းတွားပြောဆိုသည်။

ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်ရန် စိတ်ကူးစိတ်သန်းရှိသော်ငြားလည်း အလုပ်မှနုတ်ထွက်ကာ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်သည်အထိလည်း မစွန့်စားရဲသေးဟု သူက ထပ်လောင်းပြောဆိုလေသည်။

သူ၏အကြောင်းပြချက်က အရင်းအနှီးမရှိခြင်း။

အခါအခွင့်သင့်တိုင်း ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းထူထောင်ရန် ကြိုးစားနေသူများလည်းရှိသည်။ ထိုသို့စွန့်စားလုပ်ကိုင်ရန်အတွက် အရင်းအနှီးအပြင် မိမိလုပ်ကိုင်မည့်လုပ်ငန်းနှင့် ဈေးကွက်သဘောကို နားလည်တတ်သိမှု၊ အဆက်အသွယ်ကောင်းပေါများခြင်းတို့သည်လည်း အရေးပါကြောင်း လုပ်ငန်းထူထောင်လုပ်ကိုင်သူအချို့က ယူဆကြသည်။

အလုပ်ထွက်ပြီးတော့ မိတ်ဆွေတွေနဲ့ ပေါင်းပြီး စီးပွားရေးလုပ်ငန်းလေး လုပ်ဖြစ်တယ်။ အရင် သူများဝန်ထမ်းလုပ်ခဲ့တာနဲ့ ဘာမှကိုမဆိုင်တော့ဘူး။ ဈေးကွက်သဘောကိုပိုပြီး ခြုံပြီးသိလာတယ်။ ပင်ပန်းတယ်ဆိုပေမယ့် လွတ်လွတ်လပ်လပ်လုပ်လို့ရတယ်ဟု လေအေးပေးစက်ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းတစ်ခုကို ထူထောင်လုပ်ကိုင်လျက်ရှိသူ အင်ဂျင်နီယာတစ်ဦးက သူကြုံတွေ့ရပုံကို ပြောပြသည်။

သူသည် မူလက နာမည်ကျော်ပုဂ္ဂလိကဆေးခန်းတစ်ခု၏ အင်ဂျင်နီယာဌာနတွင် ခေါင်းဆောင်တစ်ဦးဖြစ်ပြီး လခကောင်းသောနေရာဖြစ်သော်လည်း 'လွတ်လပ်မှုနှင့် အတွေ့အကြုံသစ်' ကို လိုလားသဖြင့် ထိုနေရာကိုစွန့်ခွာကာ အရင်းအနှီး စိုက်ထုတ်နိုင်သောမိတ်ဆွေနှင့် ပူးပေါင်းကာ အထက်ပါလုပ်ငန်းကို ထူထောင်လုပ်ကိုင်ဖြစ်ခြင်းဖြစ်သည်ဟု ဆိုသည်။

Oxford တက္ကသိုလ်၏ စစ်တမ်းတစ်ရပ်အဆိုအရ စွန့်ဦးတီထွင်သူများကို လှုံ့ဆော်ပေးသောအရာများမှာ လွတ်လပ်အမှီအခိုကင်းမှုက ၃၉ ရာခိုင်နှုန်း၊ စိန်ခေါ်မှု ၃၀ ရာခိုင်နှုန်း၊ ငွေကြေး ၁၂ ရာခိုင်နှုန်းနှင့် အခြား ၁၉ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း 1000



www.foreverspace.com.mm



Ventures.com တွင် ဖော်ပြထားသည်။

အထက်ပါစစ်တမ်းအရ စွန့်ဦးတီထွင်သူများမှာ ငွေကြေးတစ်ခုတည်းကြောင့် လုပ်ကိုင်ခြင်းမဟုတ်ဘဲ လွတ်လပ်မှု၊ စိန်ခေါ်မှုများတွင် ပိုမိုပျော်မွေ့ကြောင်း တွေ့နိုင်ပါသည်။ "Entrepreneur ဆိုတာ Risk ယူရတာကို ပျော်နေတာ" ဟု စီးပွားရေးပညာရှင်တစ်ဦးက ဆိုသည်။

စွန့်ဦးတီထွင်လုပ်ငန်းရှင်ဆိုသည်မှာ ငါးပွက်ရာငါးစာချသော စီးပွားရေးသမား၊ အချောင်သမားမဟုတ်ပေ။ အထူးအခွင့်အရေးများကြောင့် ကြီးပွားလာသူများမဟုတ်ဘဲ ရိုးရိုးသားသားဖြင့် တီထွင်ကြံဆလုပ်ကိုင်သူများကိုသာ Entrepreneur ဟု ကောက်ယူနိုင်ကြောင်း ရဲမြင့် (စွန့်ဦးတီထွင်) က ပြောဆိုသည်။

"စံအတိုင်းသာဆိုရင် မြန်မာနိုင်ငံမှာ Entrepreneur ရှိတော့ရှိတယ် ရှားတယ်လို့ပြောရမှာပဲ" ဟု ၎င်းက ဆိုသည်။ သို့သော် အခြေအနေအရ စွန့်ဦးတီထွင်လုပ်ငန်းများ မြန်မာနိုင်ငံတွင် များစွာရှိပါကြောင်း သူက ဆိုသည်။

ကမ္ဘာ့စီးပွားရေးဂျာနယ် အယ်ဒီတာချုပ် ခင်မောင်ညို (ဘောဂဗေဒ) ကမူ မြန်မာနိုင်ငံကဲ့သို့သော စီးပွားရေးအခင်းအကျင်းအပြောင်းအလဲများလေ့ရှိသောနိုင်ငံတွင် Risk ယူကာ လုပ်ကိုင်ဝံ့သဖြင့် Entrepreneur များသည် ဟုပင်ဆိုနိုင်ကြောင်း ပြောဆိုသည်။

"မြန်မာတစ်ယောက် အမေရိကားမှာ လုပ်ငန်းသွားလုပ်ဖို့လွယ်တယ်။ မြန်မာပြည်မှာ အမေရိကန်တစ်ယောက် လာလုပ်ဖို့ဆိုတာ သိပ်မလွယ်ဘူး" ဟု သူက နှိုင်းယှဉ်ပြသည်။




တိုင်းပြည်စီးပွားရေးတိုးတက်မှုအတွက် အရေးပါသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည် ဈေးကွက်စီးပွားရေးကို အခြေခံလုပ်ကိုင်ကြရာ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ပေါက်ရန် စစ်မှန်သော ဈေးကွက်စီးပွားရေးအခင်းအကျင်းရှိရန်လိုအပ်ကြောင်း စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာရှင်များက ပြောဆိုကြသည်။

ဈေးကွက်စီးပွားရေးကို အခြေခံလုပ်ကိုင်ရသဖြင့် ဈေးကွက်အတွင်း လွတ်လပ်စွာယှဉ်ပြိုင်နိုင်ရေးမှာ စွန့်ဦးတီထွင်သူများအတွက် 'အသက်' ပင်ဖြစ်ကြောင်း မစ္စတာဗီချိုင်းအပါအဝင် စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာရှင်များက သုံးသပ်ပြောကြားကြသည်။

"ပြိုင်ဆိုင်မှု အရေးကြီးပါတယ်။ ပြိုင်ဆိုင်မှုမျှရင် လုပ်အားမရှိနိုင်ဘူး။ မျှတတဲ့ပြိုင်ဆိုင်မှုဖြစ်အောင် ဖန်တီးပေးရပါမယ်" ဟု ဒေါက်တာအောင်ထွန်းသက်က ဆိုသည်။

စွန့်ဦးတီထွင်သူများ၏ ကစားကွင်းဖြစ်သော ပုဂ္ဂလိကအပိုင်းရှိ လုပ်ငန်းများအတွက် လုပ်ခင်းသာသော ရေခံမြေခံကို အစိုးရများအနေဖြင့် ဖန်တီးပေးရန်လိုအပ်သည်။ ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်ဖြစ်လာရန်၊ လာဘ်ပေးလာဘ်ယူမှုကင်းစင်ရန်၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများတွင် အခွင့်အရေးတန်းတူရရှိရန်လည်း ဆောင်ရွက်သင့်ကြောင်း ပညာရှင်အချို့က အကြံပြုကြသည်။ အစိုးရအဖွဲ့အစည်းများသည် စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများသာဖြစ်သင့်ကြောင်း ရန်ကုန်အခြေစိုက်ကုန်သည်အချို့နှင့် ပညာရှင်များက ပြောဆိုကြသည်။

စီးပွားရေးလုပ်ငန်းတစ်ခုကို လွယ်ကူစွာ ဝင်ရောက်လုပ်ကိုင်နိုင်မှု အပါအဝင် ညီညွတ်မျှတသော ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာလည်း 'ခွင်' ချောင်းနေသူများမဟုတ်သော စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွန်းလာရန်များစွာ အထောက်

www.foreverspace.com.mm





အပ့ံဖြစ်စေကြောင်း ၎င်းတို့က ပြောဆိုကြသည်။

နောက်ထပ် အရေးပါသောအချက်တစ်ခုမှာ မစ္စတာဗီချိုင်းပြောသော 'Entrepreneur လုပ်ငန်းရှင်များကိုယုံပါ' ဟူသောအချက် ဖြစ်သည်။

ခုနစ်နှစ်ကျော်ကြာ တိမ်မြုပ်နေသောပုဂ္ဂလိကဘဏ်လုပ်ငန်းများ များမကြာမီပေါ်ထွန်းလာမည်ဟု မျှော်လင့်နိုင်ရာ ဘဏ်များအနေဖြင့် စွန့်ဦးတီထွင်သူများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန်အတွက် မတည်ငွေများ ဖန်တီးပေးသင့်ကြောင်း ဒေါက်တာအောင်ထွန်းသက်က ဆိုသည်။ သို့မှသာ အရင်းအနှီးရှာသူ စွန့်ဦးတီထွင်လုပ်ငန်းရှင်လောင်းများအနေဖြင့် လုပ်ငန်းရှင်ဘဝကို ရောက်လာကြမည်။ စွန့်ရဲလာကြမည်။ သူတို့၏စိတ်ကူးအကြံဉာဏ်များကို လက်တွေ့လုပ်ကိုင်နိုင်မည်။

" Entrepreneur ဆိုတာ စာကိုတတ်နေရမယ်" ဟု ရဲမြင့် (စွန့်ဦးတီထွင်) က ဆိုသည်။

သို့သော် ဝင်းသိန်းဦး ဘာသာပြန်ဆိုသော 'ထိုသို့စွန့်ထွင်အောင်မြင်ခဲ့ကြသည်' စာအုပ်ပါ Lulu.com တည်ထောင်သူ ရောဘတ်ဘော့ယန်းအကြောင်းရေးသားထားသော 'ငတုံးငအ အဲန်ထပရာနေ့ာသီအိုရီ' အခန်းတွင် ဘော့ယန်း၏ပြောဆိုချက်ကို အောက်ပါအတိုင်း ရေးသားထားသည်။

"ကျောင်းပညာရေးမှာ ကျရှုံးသူအများအပြားဟာ ဘာကြောင့် ဘယ်လိုကနေဘယ်လို စွမ်းရည်ထက်မြက်ပြီး အောင်မြင်တဲ့ အဲန်ထရာပရာနေ့ာတွေ ဖြစ်လာကြပါလိမ့်။ . . . ကျွန်တော့်ရဲ့ လေ့လာတွေ့ရှိချက်ကတော့ ကျွန်တော်တို့ ကျင်လည်ကျက်စားရာစနစ်ကြီးမှာ အောင်မြင်မှုရအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို ငယ်စဉ်ကတည်းက ဆည်းပူးလေ့လာသိရှိနားလည်ခဲ့သူတွေဟာ အောင်မြင်တဲ့ အဲန်ထရာပရာနေ့ာတွေ ဖြစ်လာကြတယ်"

မည်သို့ဆိုစေ မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်သူများစွာရှိနေပြီး အခြေအနေအကြောင်းကြောင်းကြောင့် ပေါ်ထွန်းမလာသေးသော စွန့်ဦးတီထွင်သူများလည်း ရှိနေပါဦးမည်။ သက်ဆိုင်ရာ မူဝါဒချမှတ်သူများကလည်း သူတို့လုပ်သာကိုင်သာရှိမည့် အခင်းအကျင်းဖော်ဆောင်ပေးရန် လိုပေသည်။

မြုပ်နေရသေးသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များသည်လည်း 'လမင်းကြီးကိုချိန်ပစ်ပါ။ လွဲသွားရင်လည်း ကြယ်တစ်ပွင့်ပွင့်ကိုတော့ထိမှန်မှာပါ' ဟူသော စကားကို အမှတ်ရရန် လိုပေမည်။

**ခွန်းသု**

www.foreverspace.com.mm

# ပြည်ပသွားသော အနက်ရောင်ဘုရင်မ

**အေးကျော့ခိုင်**

**စပျစ်ဖိုးငွေ ကျပ်ဆယ့်နှစ်သိန်းကို သူ၏ဘဏ်စာရင်းသို့ လွှဲပြောင်းလိုက်ပြီဟူသော တောင်ကြီးမှ ကုန်သည်ပို့လိုက်သည့် တယ်လီဖုန်းမက်ဆေ့ချ် (Message) ကို ဦးစကြာက ဖတ်ရှုနေသည်။ ထို့နောက် စင်ကာပူနှင့် တရုတ်နိုင်ငံ ရွှေလီ၊ ကြယ်ဂေါင်၊ ကူမင်းတို့မှ ကုန်သည်များကြိုတင်မှာယူထားသော စပျစ်ပုံးများကို စစ်ဆေးရင်း "Black Queen တွေကို စက္ကူပုံးတွေထဲ ထည့်ဖို့ပြင်တော့"ဟု အလုပ်သမားများဘက်သို့လှည့်ကာပြောလိုက်သည်။ "နှစ်စင်ခွဲထည့်"ဟုလည်း ညွှန်ကြားနေသည်။**

ရမည်းသင်းမြို့နယ် ရွာတန်းရွာမ အုပ်စု ရွာတန်းရွာတွင် တည်ရှိသော သူ၏ ဘိုးဘွားပိုင် တစ်ဧကနီးပါးကျယ်ဝန်းသည့် စပျစ်ခြံထဲတွင် အနက်ရောင်ဘုရင်မ (Black Queen -BQ) မျိုး စပျစ်သီးများမှာ စင်မြင့်ကြီးများပေါ်တွင် အခိုင်လိုက်၊ အခိုင်လိုက် တွဲရရွဲကျကာ အခူးအဆွတ်ခံရန် စောင့်ဆိုင်းနေသည်။ မနှစ်က ဦးစကြာ၏ခြံထွက် အနက်ရောင်ဘုရင်မ အပါအဝင် စပျစ်သီးများ ရောင်းရငွေမှာ ကျပ်သိန်း ၅၀ ကျော်ရှိခဲ့သည်။ ဒါတောင် သူ့ခြံသည် စပျစ်ပင် ပေါင်း ၆၇၀ ကျော်ခန့်သာရှိသော ခြံတစ်ခြံသာဖြစ်သည်ဟု ဦးစကြာက စပျစ်အချိုရည် တိုင်းသောကိရိယာပုံစံပါသည့် Newes-week စာစောင်ဟောင်းတစ်စောင်ကိုကြည့်ရှုနေရင်းက Living Color သို့ ရှင်းပြသည်။

## အနက်ရောင်ဘုရင်မနှင့် အမျိုးများတည်ရှိရာ

ရွာတန်းရွာမအုပ်စုတွင် ကျေးရွာပေါင်း ၂၄ ရွာရှိသည့်အနက် ၁၄ ရွာမှာ



www.foreverspace.com.mm


စပျစ်ခြံစိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ပြီး ၂၀၀၇ ခုနှစ်မှစ၍ ရှာတန်းအုပ်စုထွက် စပျစ်များကို တရုတ်၊ စင်ကာပူတို့မှတိုက်ရိုက်အော်ဒါအမှာများ လက်ခံရရှိခဲ့ကာ ၂၀၀၉ ခုနှစ်အတွင်းတွင် ရွှေလီ၊ ကြယ်ဂေါင်တို့မှ ကုန်သည်များကိုယ်တိုင် ရှာတန်းသို့ စပျစ်သီးလာရောက်ဝယ်ယူလာကြသည်ဟု ရှာတန်းရှိ စပျစ်စိုက်ပျိုးသူ ဒေသခံများက ဆိုသည်။

ယခုနှစ် ၂၀၁၀ သည် စပျစ်ခြံလုပ်ငန်းရှင်များကို ဈေးကွက်ကျယ်ပြန့်မှုနှင့် ယခင်ထက်များပြားသော အကျိုးအမြတ်ရရှိစေရန်ကံကောင်းခြင်းများ ဆောင်ကြဉ်းလာနိုင်မည်ဟု မျှော်လင့်ကြောင်း ဦးစကြာအပါအဝင် ဒေသခံစပျစ်စိုက်ပျိုးသူများက ပြောပြကြသည်။

"ရှာတန်းက အနက်ရောင်ဘုရင်မကို နိုင်ငံခြားက သိသွားပြီပေါ့ဗျာ" ဟု ဦးစကြာက ကျေနပ်စွာပြုံး၍ ပြောဆိုသည်။ ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်၏ စီးပွားရေးအထောက်အကူပြုရာနေရာတစ်နေရာဖြစ်သော ရှာတန်းရွာမကြီးတွင် အိမ်ထောင်စုပေါင်း ၁၇၆၀ ရှိကာ လူဦးရေ (ကျား/မ) စုစုပေါင်း တစ်သောင်းခြောက်ထောင်ကျော်ရှိသည်ဟု ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရ.ယ.က) ၏ စာရင်းများအရ သိရသည်။

ရှာတန်းရွာမတွင် ရှာတန်း၊ ကုလားမျော၊ ပေါက်တော၊ တိမ်းညွတ်ကုန်း၊ ကျီအင်း၊ ခံဘူး၊ သဲကျွန်း၊ ဆည်ထိပ်၊ အုတ်ဖို၊ လက်ပန်ခါးလှ၊ အိုင်ဘုတ်၊ သရက်ကျွန်း၊ ရွာမ၊ ဥသျှစ်ပင်ဟူသော ရွာပေါင်း ၁၄ ရွာ၏ စုစုပေါင်းစပျစ်ခြံဧကမှာ ဧကတစ်ရာ့ငါးဆယ်ကျော်ရှိသည်ဟု ရ.ယ.က ၏ မှတ်တမ်းများအရ သိရသည်။

ရှာတန်းရွာမတစ်ရွာတည်းတွင်ပင် စပျစ်ခြံဧကစုစုပေါင်းသုံးဆယ်ခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း၊ စပျစ်ခြံလုပ်ငန်းရှင်များအဖွဲ့၏တာဝန်ရှိသူတစ်ဦးလည်းဖြစ်၊ စပျစ်ခြံပိုင်ရှင်တစ်ဦးလည်းဖြစ်သူ ဦးစကြာက ရှင်းပြသည်။



"ရှာတန်းမှာတော့ အကြီးဆုံး စပျစ်ခြံက ခြောက်ဧကကျော်ရှိတယ်။ အဲဒီမှာ စပျစ်ပင်အမျိုးအစား အစုံအလင်ရှိပြီးတော့ အပင်ပေါင်းငါးထောင်ကျော်ရှိတယ်" ဟု ၎င်းက ဆိုသည်။

## အမျိုးအစား အစုံအလင်စိုက်ကြသည်

ရှာတန်းဒေသရှိ ဒေသခံများအတွက် စပျစ်ခြံစိုက်ပျိုးခြင်းလုပ်ငန်းသည် ကျွမ်းကျင်ရာအလုပ်တစ်ခုဖြစ်ပြီး ၂၀၀၉ ခုနှစ်အတွက် ရှာတန်းအုပ်စုကျေးရွာအားလုံး၏ စပျစ်ခြံမှရရှိသောဝင်ငွေမှာ ကျပ်ငွေ တစ်ဘီလီယံ (ကျပ်ငွေသိန်းတစ်ထောင်) ကျော်ဖြစ်သည်ဟု ဒေသခံဝါရင့်စပျစ်စိုက်ပျိုးသူများက တွက်ချက်ပြောပြကြသည်။

"စပျစ်ပင် အပင်နှစ်ရာကို သိန်းဆယ်ဂဏန်းအထက်ရတယ်၊ မနှစ်က စပျစ်ကရတဲ့ ပိုက်ဆံနဲ့ သားတွေကို ရှင်ပြုပေးနိုင်ခဲ့တယ်" ဟု ဝါရင့်စပျစ်ခြံစိုက်ပျိုးသူ ဒေသခံ ဦးထွန်းမြင့်က ဆိုသည်။

လက်ရှိရှာတန်းတွင် စိုက်ပျိုးသော စပျစ်အမျိုးအစားများမှာ အနက်ရောင်ဘုရင်မ (Black Queen-BQ)၊ ကာရီနာ၊ အီတလီနံပါတ် (၃) စပျစ်အညို၊ ချွန်းရွှေဝါ၊ ချွန်းညိုသြီး၊ ချွန်းဖြူ (ခေါ်) White Guava (ဝှိုက်မာလာကာ/ ဒေသအခေါ်)၊ Red Gllope (R.G) ခေါ် စပျစ်နီအလုံးကြီးမျိုး၊ စပျစ်အမဲအကြီးသီး (Big Black/BB)

www.foreverspace.com.mm

နှင့် ဝိုင်ချက်လုပ်ရန်သီးသန့်စိုက်ပျိုးသော ဩစတြေးလျမျိုး စပျစ်သီးများဖြစ်ကြောင်း စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Ag) ရရှိထားပြီး စပျစ်ခြံ ကိုယ်ပိုင်စိုက်ပျိုးနေသူ ဦးလှမျိုး က ရှင်းပြသည်။

## အနက်ရောင်ဘုရင်မ Black Queen ဆိုတာ

ရှာတန်းအုပ်စုတွင် အလုံးအရင်း ထွက်ရှိသော အနက်ရောင်ဘုရင်မစပျစ်သီး များမှာ မည်းနက်၍အသားထူကာ၊ အရည် လည် (ရွှမ်း)ပြီး အချိုဒီဂရီမြင့်မားမှု ၂၈ ဒီဂရီကျော်သည်ဟု ဦးလှမြင့်က ရှင်းပြ သည်။ BQ မျိုး စပျစ်သီးများ အသီးထွက် ရှိရန် လေးလကြာစောင့်ဆိုင်းရကြောင်း၊ ရှာတန်းအပါအဝင် စပျစ်စိုက်ပျိုးသည့် ရွာအားလုံးမှာ စပျစ်ကို ကိုင်းဖြတ်စိုက်ပျိုး သောနည်းစနစ်ကို အများဆုံးအသုံးပြုကြောင်း၊ BQ မှာ ကိုင်းဖြတ်ပြီး စိုက်ပျိုးသည့်ကာလ မှ လေးလအတွင်းအသီးမှည့်ကြောင်း ၎င်း ကဆိုသည်။ Black Queen ၏ သိပ္ပံအမည် မှာ Vitis Amurensis ဖြစ်ပြီး အာရှမျိုးရင်း ဖြစ်ကြောင်း နာမည်ကျော်အွန်လိုင်းစွယ်စုံ ကျမ်း ဝီကီပီးဒီးယားတွင် ဖော်ပြထား သည်။

ယခင်က BQ မျိုးစပျစ်များကို ရန်ကုန် သီရိမင်္ဂလာဈေး၊ မန္တလေး တရုတ် တန်းဈေး၊ ညဈေး၊ ယခင် ရတနာပုံဈေး ဟောင်း၊ ဈေးချို၊ မော်လမြိုင်၊ ပဲခူး၊ တောင် ကြီးဈေးကွက်များသို့သာတင်ပို့ရပြီး ယခု အချိန်တွင် ပြည်ပသို့တင်ပို့ရောင်းချနေရပြီ ဖြစ်သည်။

အနက်ရောင်ဘုရင်မမျိုး စပျစ်မည်း သီးများကို တရုတ်နိုင်ငံရှိ ကြယ်ဂေါင်မှ စတင်ကမ်းလှမ်းဝယ်ယူခြင်းဖြစ်ပြီး နောက် ပိုင်းတွင် စင်ကာပူနိုင်ငံကပါ ဝယ်ယူလာ ကြောင်း၊ အနက်ရောင်ဘုရင်မမျိုး စပျစ်များ မှာ စိုက်ပျိုးရာ၌ လက်ဝင်ခက်ခဲခြင်းမျိုးမရှိဘဲ ရှာတန်းဒေသခံစိုက်ပျိုးသူများက ဒေသနည်း စနစ်ဖြင့်သာ အစဉ်တစိုက် စိုက်ပျိုးလာ ခြင်းဖြစ်ကြောင်း ဒေသခံများက ဆိုသည်။

"၂၀၀၈ ခုနှစ်တုန်းက ဩစတြေးလျ မျိုး စပျစ်မည်းသီးတွေကို ဝိုင်လုပ်ငန်းရှင် နိုင်ငံခြားသူတစ်ဦးက ရှာတန်းမှာလာစိုက် တယ်။ သူက ရှာတန်းမှာစိုက်သလို တိုင် ထောင်ပြီးစိုက်တာမဟုတ်တော့ အစပိုင်းက အဲဒီမျိုးတွေမဖြစ်ဘူး" ဟု ဦးစကြာက ပြော ကြားသည်။

နောက်ပိုင်းတွင် ယင်းအမျိုးသမီးကို ဒေသခံများက ဒေသရင်းစိုက်ပျိုးနည်းဖြစ် သည့် ဝါးလုံးများဖြင့် စင်မြင့်ကြီးများ



www.foreverspace.com.mm

ပြုလုပ်စိုက်ပျိုးသောစနစ်ကို အသုံးပြုရန် ဝိုင်းဝန်းတိုက်တွန်းရာမှ စိုက်ပျိုးမှု အဆင်ပြေသွားသည်ဟု ဆိုသည်။

သက်တမ်းရှည်ဆွတ်ခူးနိုင်သော နွယ်ပင်အမျိုးအစားဖြစ်သည့် စပျစ်စင်များအတွက် အမြင့်မှာ ၆ ပေ အနည်းဆုံးရှိရမည်ဖြစ်သည်။ ရွာတန်းတွင်ရှိသော အချို့စပျစ်ပင်ကြီးများ၏သက်တမ်းမှာ နှစ် ၃၀ ကျော်ရှိပြီး သူ၏ခြံထဲတွင် ၂၂ နှစ်သား အရွယ်စပျစ်ပင် အများဆုံးရှိကြောင်း ဦးစကြာက ဆိုသည်။

## ဒေသရင်းစိုက်ပျိုးမှုနည်းပညာ

ရွာတန်းအုပ်စုကျေးရွာများတွင် စပျစ်ခြံစိုက်ပျိုးခြင်းလုပ်ငန်းကို ဒေသဆိုင်ရာ စိုက်ပျိုးမှုပုံသဏ္ဍာန်၊ နည်းပညာဖြင့် စိုက်ပျိုးကြခြင်းဖြစ်ပြီး ရမည်းသင်းခရိုင်တွင် အခြားစပျစ်ထွက်ရှိသည့် သိမ်ကုန်း၊ ရွှေဒါးစသော ရွာကြီးများထက် ထွက်အားပိုမိုကောင်းမွန်သည်ဟု ရွာတန်းစပျစ်များကို အလုံးအရင်း ဝယ်ယူရောင်းဝယ်ဖောက်ကားနေသူ ရန်ကုန် သီရိမင်္ဂလာကုန်စိမ်းဈေးမှ 'မြသပြေ' စပျစ်ပွဲရုံပိုင်ရှင် ဦးကျော်ဇော (အမည်ပြောင်း) က ပြောကြားသည်။

စပျစ်စိုက်ပျိုးရာတွင် ရာသီဥတုဒဏ်ကို ခံနိုင်သည့် စပျစ်အရိုင်းမျိုးအပင်များကို အမျိုးအစားစုံလင်စွာစိုက်ပျိုးကြပြီး အဝယ်များသော (High Demand) BQ၊ အီတလီနံပါတ် (၃) စပျစ်ညို၊ ပိုက်မာလကာ (ခေါ်) စပျစ်အချွန်သီးနှင့် အချွန်းသီးအညိုတို့ကို ပိုမိုစိုက်ပျိုးလေ့ရှိသည်။

စပျစ်ကို ကိုင်းဖြတ်စိုက်ကူးခြင်းနှင့် အစေ့မျိုးထုတ်ခြင်းတို့ဖြင့် စိုက်ပျိုး၍ရပြီး ရွာတန်းအုပ်စု စပျစ်ပျိုးသည့် ရွာအားလုံးတွင် ကိုင်းဖြတ်စိုက်ပျိုးခြင်းကိုသာ ဒေသခံအများစု အသုံးပြုကြသည်ကို တွေ့ရသည်။

စပျစ်ကို တစ်နှစ်ပတ်လုံး အသီးသုံးသီးစားခန့်ခူးဆွတ်နိုင်ပြီး ဒီဇင်ဘာတွင် စတင်စိုက်ပျိုးပါက ဧပြီလတွင် စင်ပေါ်၌ အသီးများရောက်ရှိကာ အခိုင်လိုက်တွေ့မြင်နိုင်ပြီ ဖြစ်သည်။



မြန်မာနိုင်ငံတစ်ဝန်းတွင် အခြားစပျစ်ထွက်ရှိရာ ဒေသများဖြစ်သော ပခုက္ကူ၊ မြင်းခြံ၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း စသောနယ်များမှ စပျစ်များနှင့် ဈေးကွက်အတွင်းယှဉ်ပြိုင်ရသောကြောင့် အသီးလှပြီး အနာအဆာကင်းသော၊ သီးညှက်မပါသော စပျစ်ခိုင်များရရှိရန် နည်းစနစ်မှာ အရေးကြီးကြောင်း ဒေသခံခြံပိုင်ရှင်များက တညီတညွတ်တည်း ပြောဆိုသည်။

Red Gllope ခေါ် အနီရောင်ရဲရဲ စပျစ်အလုံးကြီးမျိုးများကို စမှည့်ခါနီး အချိန်တွင် စက္ကူအိတ်များဖြင့် စွပ်ထားရပြီး အိတ်စွပ်ခြင်းကို ၁၀ ရက်ခန့်ပြုလုပ်ပြီးမှ အသီးခူးရပြီး ဂရုစိုက်ရမှုမှာ အခြားမျိုးများထက် ပိုမိုသောကြောင့် လက်ဝင်သည်ဟု ဆိုနိုင်ကြောင်း ဦးစကြာအပါအဝင် စပျစ်ခြံပိုင်ရှင်များက ရှင်းပြသည်။

## ဂရုစိုက်ရသော ရောဂါနှင့်ပိုး

ကိုင်းမွေးပြီး တစ်လခွဲအတွင်းတွင် စပျစ်ခြံတောင်သူများ အကြောက်ဆုံးရောဂါမှာ မှိုရောဂါဖြစ်သည်။ မှိုအရောင်မှာ အဖြူရောင်၊ သံချေးရောင်၊ အနီရောင်ဟူ၍ရှိပြီး အဖြူရောင်မှာ အကြောက်ရဆုံးသော ရောဂါဖြစ်သည်ဟု စိုက်ပျိုးရေးပညာရှင်များနှင့် ဝါရင့်ဒေသခံ ခြံစိုက်ပျိုးသူများက ရှင်းပြသည်။ ယင်းမှိုအဖြူမှာ စပျစ်ရွက်၏အောက်ခြေတွင် စွဲကျတတ်ပြီး အသီးဖြစ်မည့်အဖူးကို ကူးသွားတတ်ကြောင်း၊ အဖူးများမှ တစ်ဆင့် သီးကင်းများသို့ ဆက်လက်ကူးစက်ပါက အသီးဆက်၍ သီးတော့မည်မဟုတ်ဘဲ အပင် အလုပ်လုပ်ခြင်းရပ်ဆိုင်းသွားကြောင်း စိုက်ပျိုးရေးဘွဲ့ရ ဦးလှမြင့်က ပြောဆိုသည်။

ရောဂါနှိမ်နင်းဆေးနှင့် ပိုးသတ်ဆေးအဖြစ် မှိုအဖြူ စတင်စွဲကပ်ကာစကတည်း




www.foreverspace.com.mm

က မက်တယ်လက်ဆီ (Metalaxi)၊ ကာပင်ဒါဇင်(Carpandazin)၊ ကော့ပါးအောက်ဆီကလိုရိုက် (Copper Oxi Chloride)၊ ဒိုင်မီသိုမော့ (Diamethomol)၊ ကော့ပါးဟိုက်ဒရောဆိုက် (Copper Hydroside)၊ ဟက်ဆာဂေါနာဇော (Hexaghonal Zoal) ကဲ့သို့ဓာတ်ပေါင်းများပါသော ပိုးသတ်ဆေးများကို သူ့အချိုးအစားအတိုင်း ရောစပ်၍ ဆေးဖျန်းပေးရကြောင်း၊ အဖူးကို မကူးမီအချိန်မီမသတ်နိုင်ပါက စပျစ်ခြံတစ်ခြံလုံးပစ်ရပြီဖြစ်ကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။

မှိုသံချေးရောင်နှင့် အနီရောင်တို့မှာ အရွက်များ ဝါ၍ခြောက်သွေ့သွားအောင်ပြုလုပ်နိုင်ပြီး အသီးညှက်ခြင်းကိုဖြစ်စေနိုင်ကြောင်း၊ မှိုအဖြူကဲ့သို့ ဆိုးဆိုးဝါးဝါး အန္တရာယ်ပေးခြင်းမျိုးမရှိကြောင်း၊ ရောဂါစွဲပြီး ဂရုတစိုက်ပိုးသတ်ပေးပါက ပျောက်လွယ်ကြောင်း ၎င်းက ထပ်မံရှင်းပြသည်။

အခြားရောဂါနှင့်ပိုးကောင်များမှာ အသီးနှင့်ကိုင်းများတွင်ဖြစ်တတ်သော မင်စက်ခေါ် မဲ့ခြောက်စွန်းရောဂါ၊ ဒေါင်းနီး (ခေါ်) ရွက်ခြောက်ရောဂါ၊ လှေးပိုးနှင့် စုပ်ပိုးများမှာ အဏုကြည့်မှန်ပြောင်း (Microscope)နှင့်ကြည့်မှသာမြင်နိုင်ပြီး မိမိ၏ခြံတွင် ယင်းပိုးများရှိ၊ မရှိစမ်းသပ်လိုပါက စပျစ်ရွက်ကို လက်မဖြင့် ပွတ်ကြည့်ရပြီး အဖြူရောင်စွန်းပါက လှေးပိုး၊ အနီရောင်စွန်းပါက စုပ်ပိုးဟူ၍ခွဲခြားသိရှိနိုင်ပြီး စိုက်ပျိုးရေးဆေးဆိုင်များတွင် ယင်းပိုးများအတွက် အေမီလာဂရိုဗစ် (Amillergrovit) ကဲ့သို့ဆေးများ သို့မဟုတ် ဆာလ်ဖာ (Sulphur) ကန့် Compound အဆင့်ကို ဝယ်ယူ၍ သုံးစွဲပိုးသတ်နိုင်သည်။

အနက်ရောင်ဘုရင်မ(BQ)၊ အီတလီနံပါတ် ၃ အညိုနှင့် ချွန်းညိုသီးများ၏ အချိုဒီဂရီမှာ မြင့်မားများပြားသည့်အတွက် အသီးမှည့်ချိန်တွင် ပင့်ကူနီ (Red Spider) (ခေါ်) သီးဖျက်ပိုး/သီးစားပိုးကို တွေ့ရလေ့ရှိပြီး ဆာလ်ဖာ(ကန့်)ကို ကြောက်သည်။



## အသီးခူးချိန်တွင် ဆောင်ရန်ရှောင်ရန်

အဆိပ်ပြင်းသော ပိုးသတ်ဆေးများကိုဆယ်ရက်ကြိုဖြတ်ရကြောင်း၊ အသီးများကို လေးလကျော်တွင် စတင်ခူးဆွတ်နိုင်ကာ ငါးလအတွင်း ကုန်စင်အောင် နံနက်ခင်းအစောပိုင်းတွင် ခူးဆွတ်လေ့ရှိပြီး ဈေးကွက်အတွင်းသို့ပို့ရန် ရှာတန်းကားဂိတ်သို့ ၁၂ နာရီနောက်ဆုံးထားပို့ရကြောင်း ဒေသခံများက ရှင်းပြသည်။

စပျစ်ပန်းဟုခေါ်သော စပျစ်ကိုင်းမှ အဖူးဖြစ်မည့် အခက်အလက်များပွင့်သည့်အတောအတွင်း၌ နံနက်လင်းရောင်ခြည်ရချိန်မှစ၍ နံနက် ၉ နာရီထိ မည်သည့်ဆေးမှမဖျန်းရကြောင်း၊ မဖြစ်မနေဖျန်းမည်ဆိုလျှင် နံနက် ၁၀ နာရီနောက်ပိုင်းမှ ဖျန်းရန်ဖြစ်ကြောင်း၊ ဖျန်းမည့်ဆေးတွင် E.C ဟုခေါ်သည့် ရေကျလျှင်ဖြူသွားသောဆေးပြင်း လုံးဝမထည့်ရကြောင်း စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (F.A.O) စိုက်ပျိုးရေး (အကြံပေး) ပညာရှင်(ငြိမ်း) ဦးငွေအန့် က ရှင်းပြသည်။

## ပြည်တွင်းဈေးကွက်

လက်ရှိအချိန်တွင် ရှာတန်း ၁၄ ရှာထွက် စပျစ်များ၏ ပြည်တွင်းဈေးကွက်မှာ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင် ၊ ပဲခူး၊ တောင်ကြီး၊ မူဆယ်နှင့် တာချီလိတ်တို့ဖြစ်

www.foreverspace.com.mm



သည်။

ရန်ကုန်-မန္တလေးသို့ တင်ပို့သော စပျစ်ပုံးတစ်ပုံး၏ အသားတင်အလေးချိန်မှာ သုံးပိဿာခွဲဖြစ်ပြီး မော်လမြိုင်၊ ပဲခူးဘက်သို့ တင်ပို့သော ပုံးများ၏အလေးချိန်မှာ တစ်ပုံးလျှင် ခုနစ်ပိဿာခွဲဆံ့ကြောင်း သိရသည်။ တောင်ကြီး၊ မူဆယ်နှင့် တာချီလိတ်မြို့များကဲ့သို့ ဝေးလံသောဒေသများအတွက် သစ်သားသေတ္တာပုံးကြီးများကို အသုံးပြုရပြီး တစ်ပုံးလျှင် ဆယ်ပိဿာဆံ့ကြောင်း ဒေသခံများက ရှင်းပြသည်။

ဈေးနှုန်းများမှာ အီတလီနံပါတ် (၃) အညိုတစ်ပိဿာ အနိမ့်ဆုံးဈေး ကျပ် ၆၅၀ မှ ၁၅၀၀ အထိ၊ အနက်ရောင်ဘုရင်မ ကျပ် ၂၀၀၀ မှ ၃၅၀၀ အထိ၊ Big Black တစ်ပိဿာ ၁၅၀၀ မှ ၂၀၀၀၊ ချွန်းရွှေဝါတစ်ပိဿာ ၁၈၀၀ ဝန်းကျင်၊ အညိုချွန်း ၂၂၀၀ ကျပ်၊ ပိုက်မာလကာ ကျပ် ၂၈၀၀ မှ ၃၀၀၀၊ R.G သီးတစ်ပိဿာ ၄၀၀၀ ကျပ် အသီးသီး ဖြစ်သည်။

R.G သီးများမှာ နီရဲ၍ ခရမ်းချဉ်သီးလုံးနီးပါးအလုံးကြီးပြီး တစ်ခိုင်လျှင် အလုံး ၃၀ ကျော်ပါရှိကာ အလေးချိန်တစ်ပိဿာနှင့် ၂၅ ကျပ်သားစီးကြောင်း ဒေသခံ များက ရှင်းပြသည်။

ရန်ကုန်-မန္တလေးနှင့်မြို့ကြီးများရှိ Shopping Centre နှင့် Mall များက R.G သီးများကို လှပစွာထုပ်ပိုး၍ ရောင်းချတတ်ပြီး အသီးအနံ့ပုံပါရှိသော Wall Sheet (နံရံကပ်ပိုစတာများ) တွင် ရိုက်နှိပ်ဖော်ပြလေ့ရှိသည်။

## ပြည်ပဈေးကွက်

ရှာတန်းထွက် စပျစ်များကို ပြည်ပမှ ဝယ်ယူရာ၌ တရုတ်နိုင်ငံအတွင်းမှ အနက်ရောင်ဘုရင်မ (BQ) မျိုးများကို အများဆုံးဝယ်ယူလေ့ရှိပြီး ဒုတိယအများဆုံးအဖြစ် အီတလီနံပါတ် (၃) စပျစ်အညိုကို ဝယ်ယူလေ့ရှိကြောင်း၊ ချွန်းညိုသီး၊ ချွန်းရွှေဝါနှင့် ပိုက်မာလကာတို့မှာ ဝယ်လိုအားအဆင့် အသီးသီးလိုက်ပြီး စင်ကာပူနိုင်ငံက ပိုက်



မာလကာနှင့် BQ ကို အများဆုံးဝယ်ယူကြောင်း ရန်ကုန်မြို့တော်သီရိမင်္ဂလာဈေးရှိ စပျစ်ပွဲရုံများထံမှ သိရသည်။

ရှာတန်းမှ ပြည်ပသို့တင်ပို့မည့် စပျစ်များကို စပျစ်ခြံအသားတံဆိပ်ရိုက်ထားသော စက္ကူ(ဂျပ်ထူ)ပုံးထဲတွင် ဖော့များခံ၍ ထည့်ရသည်။ ယင်းပုံးများတွင် စပျစ်သီး အလေးချိန်တစ်ပိဿာ ပါဝင်သည်။ ရှာတန်းစပျစ်ခြံပိုင်ရှင်များနှင့် စပျစ်ပွဲရုံပိုင်ရှင်များ အကြား နားလည်မှုစာချုပ်ချုပ်ဆိုကာ ခြံအပြတ် အသီးဝယ်ယူလေ့ရှိကြောင်း သိရသည်။

ရှာတန်းရွာမတွင် အပင်ပေါင်း ၅၀၀၀ ကျော်ဖြင့် ဧကအများဆုံးရှိသော စပျစ်ခြံမှ ၂၀၀၉ ခုနှစ် တစ်နှစ်တာအတွက် စပျစ်ရောင်းရငွေမှာ ကျပ်သိန်း လေးရာ့ငါးဆယ်ကျော်ဖြစ်ပြီး ယင်းမှာ ဆေးဖိုးနှင့် အလုပ်သမားခများနုတ်ပြီး အသားတင်အမြတ်ဖြစ်သည်ဟု စပျစ်ခြံလုပ်ငန်းရှင်များထံမှသိရသည်။

"အပင်တစ်ထောင်ကို သိန်း ၆၀ က နေ ၇၀ ကြားနှုန်းနဲ့တွက်ကြည့်ရင် အရင်းအနှီးထုတ်ပြီး အသားတင်အမြတ်က အဲဒီလောက်ကျန်တာပေါ့" ဟု စပျစ်ခြံလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အတည်ပြုပြောဆိုသည်။

## ကမ္ဘာပေါ်တွင် စပျစ်အများဆုံးထွက်ရှိရာနေရာများ

ကမ္ဘာအနှံ့အပြား စပျစ်အမျိုးအစား ၄၀ ကျော်ကို နိုင်ငံပေါင်း ၉၀ တွင် စုစုပေါင်းမြေဧက ၁၉ သန်းကျော်ဖြင့် စိုက်ပျိုးလျက်ရှိပြီး ၂၀၁၀ ပြည့်နှစ်အတွက် စပျစ်အထွက်နှုန်းအကောင်းဆုံးနိုင်ငံများမှာ အီတလီ၊ တရုတ်၊ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ စပိန်၊ တူရကီ၊ အီရန်၊ အာဂျင်တီးနား၊ ချီလီနှင့် အိန္ဒိယတို့ဖြစ်ကြောင်း http://yourdictionary. com/answers တွင် ဖော်ပြထားသည်။

စပျစ်များ၏ ရင်းမြစ်အစမှာ တူရကီနိုင်ငံတောင်ပိုင်းဖြစ်ပြီး ၁၃ ရာစုခန့်တွင် အစပျိုးစားသုံးကြသည်ဟု ခန့်မှန်းရ၍ ယင်းမှ နိုင်ငံအသီးသီးသို့ ပျံ့နှံ့သွားခြင်းဖြစ်ကြောင်း၊ စပျစ်သီးများမှာ ကျန်းမာရေးအတွက် အတော်ပင်အထောက်အကူပြုသောအသီးအနှံဖြစ်ပြီး စပျစ်သီးတစ်ရာဂရမ်တွင် ကယ်လိုရီ ခုနစ်ဆယ်၊ သကြားဓာတ် ၁၆၊ အဆီဓာတ်နှင့် ပရိုတင်း တစ်

www.foreverspace.com.mm

ဂရမ်လျော့လျော့ပါဝင်ကြောင်း၊ ထို့အပြင် ဗီတာမင်စီ၊ ဗီတာမင်ကေ၊ ဗီတာမင်ဘီနှင့် မဂ္ဂနီဓာတ်များပါဝင်ကြောင်း ယင်းဝက်ဘ်ဆိုက်တွင် သုတေသနပြုထားသော ဆေးပညာရှင်များ၏ လေ့လာဖော်ထုတ်ချက်ကို ကိုးကားဖော်ပြထားသည်။

ကမ္ဘာပေါ်တွင် အကောင်းဆုံးဝိုင်ကို စပိန်၊ ပြင်သစ်၊ အီတလီ၊ တူရကီ၊ အမေရိကန်၊ အီရန်၊ ရိုမေးနီးယား၊ ပေါ်တူဂီ၊ အာဂျင်တီးနား၊ သြစတြေးလျနိုင်ငံများမှ နှစ်စဉ်အပြိုင်အဆိုင်ထုတ်လုပ်လျက်ရှိကြောင်းလည်း ယင်းဝက်ဘ်ဆိုက်မှတစ်ဆင့် သိရှိရသည်။ ယခုအခါတွင် ဂျာမနီနိုင်ငံမှ ဝိုင်များလည်း ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းရပြီး အောင်မြင်နေကြောင်း ကမ္ဘာ့အဆင့်နံပါတ် ၁၂ လိုက်ကြောင်း ယင်း Website တွင် ဖော်ပြပါရှိသည်။

## ခေတ်မီနည်းပညာနှင့် အနာဂတ် စပျစ်ခြံ အလားအလာ

အမှန်စင်စစ် ရှာတန်းအုပ်စုကျေးရွာများတွင် စိုက်ပျိုးသောနည်းစနစ်မှာ ကိုရီးယားနိုင်ငံ အပူပိုင်းဒေသများနှင့် တရုတ်နိုင်ငံကစိုက်ပျိုးသော နည်းပညာများမှာ များစွာကွာခြားမှုမရှိပဲ ခေတ်မီပါကြောင်း FAO မှ အငြိမ်းစားအကြံပေးပညာရှင် ဦးဌေးအန့်က သုံးသပ်ပြောကြားသည်။



စပျစ်ခြံပိုင်ရှင်များအနေဖြင့် ဖျက်ပိုး၊ ရောဂါပိုးများကို အတွေ့အကြုံအရ ခေတ်မီကိရိယာအကူအညီမလိုဘဲ ခွဲခြားသုံးသပ်နိုင်ပြီး ဆုံးရှုံးမှုအနည်းငယ်သာကြုံတွေ့ဖူးကြောင်း ဒေသခံများက ဆိုသည်။

သို့သော်စပျစ်အချိုရည်တိုင်းပြကိရိယာ၊ စပျစ်ခင်းထွန်း လစ်သီယွန်မီးအိမ်အကြီးစား၊ ပိုးဖမ်းကိရိယာနှင့် အခြားစပျစ်ခြံသုံး ခေတ်မီနည်းပညာ (High Tech) ပစ္စည်းများကို ပြည်ပဈေးကွက်အတွင်း စံချိန်မီ ဈေးကောင်းရရန်အထောက်အကူအဖြစ် စမ်းသပ်သုံးစွဲကြည့်ရန်လိုသည်ဟု ဦးဌေးအန့်က အကြံပြုသည်။

"ကျွန်တော်တို့တစ်သက် စပျစ်စိုက်စားလာတာ အနှစ်အစိတ်ရှိပြီ။ တစ်နှစ်မှ ခြံပျက်လို့ ပစ်လိုက်ရတာ မကြုံသေးဘူး" ဟု အိုင်ဘုတ်ရွာမှ အသက် လေးဆယ်အရွယ် စပျစ်ခြံပိုင်ရှင် ဦးစည်သူက ရှင်းပြသည်။

"စပျစ်သီးချို၊ မချိုသိဖို့ ပါးစပ်ထဲ ထည့်ဝါးကြည့်ရင်ရတာပါပဲ။ ကိရိယာအဲဒီလောက် မလိုပါဘူး" ဟု ဝါရင့်စပျစ်ခြံလုပ်ငန်းလုပ်ကိုင်သူ ရှာတန်းအုပ်စုလက်ပန်ခါးလှရွာမှ ဦးအုန်းမြင့်က ပြုံးပြုံးရယ်ရယ်ပြောကြားသည်။

၂၀၀၈ ခုနှစ်တွင် စပျစ်ဝိုင်လုပ်ငန်းလုပ်ကိုင်သူ ဂျာမနီနိုင်ငံမှ Mr. Barret Boz John ဆိုသူမှ စပျစ်အချိုရည်မြင့်မားမှုပမာဏတိုင်းကိရိယာကို ရှာတန်းသို့ ယူဆောင်လာဖူးကြောင်း၊ အဆိုပါကိရိယာမှာ လူကြီးလက်ညှိုးခန့်တုတ်ပြီး ပြဒါးအမှတ်အသားတိုင် နှစ်တိုင်ပါရှိကာ ကိရိယာ၏ထိပ်ဖျားတွင် ခွက်ပုံသဏ္ဍာန်ပါရှိကြောင်း၊ Newsweek စာစောင်ထဲမှ ကိရိယာနှင့် ပုံသဏ္ဍာန်တစ်ထပ်တည်းတူကြောင်း ဦးစကြာက ရှင်းပြသည်။

အဆိုပါ ကိရိယာကို အသုံးပြုရန်အတွက် အချိုရည်တိုင်းလိုသော စပျစ်သီးမျိုးမှ တစ်လုံးကိုယူကာ ကိရိယာ၏ ခွက်ထဲ

www.foreverspace.com.mm





သို့ အရည်ညှစ်ထည့်ပါက ပြဒါးတိုင်မှ အချိုရည်ဒီဂရီပမာဏ အနည်း၊ အများကို ပြသပေးသည်ဟု ၎င်းကဆက်လက် ပြောပြသည်။

“ဒီတစ်ခါ အနက်ရောင်ဘုရင်မတွေကို စင်ကာပူပို့ပြီးရင်တော့ ဂျာမနီကနေ အဲဒီလိုစပျစ်အချိုရည်တိုင်းကိရိယာအခုတစ်ရာကျော်မှာယူဖို့ စီစဉ်နေပါတယ်”ဟု ဦးစကြာက တွေးတွေးဆဆ ပြောပြသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတိုက်ရှိ နိုင်ငံများပင်လျှင် စပျစ်ပင်များကို ပိုးသတ်ဆေးမသုံးဘဲ စိုက်ပျိုးသောနည်း (Organic Farming) ကိုအနည်းငယ်သာ ဆောင်ရွက်လုပ်ကိုင်နိုင်ကြောင်း၊ စပျစ်ပင်၏မူလဇာစ်မြစ်ဗီဇမှာ ပိုးကောင်နှင့်ရောဂါ အလွယ်တကူဝင်ရောက်နိုင်သောမျိုးရိုးဖြစ်သောကြောင့် ပိုးသတ်ဆေးကို မသုံးမနေ သုံးနေရကြောင်း ကမ္ဘာကျော် The Vogue မဂ္ဂဇင်း၏ ၂၀၀၉ ခုနှစ် ဇန်နဝါရီလထုတ် စပျစ်ဆောင်းပါးတစ်ပုဒ်တွင် ဖတ်ရှုရသည်။

ပိုးသတ်ဆေးများကို အသီးမခူးမီ ၁၅ ရက် သို့မဟုတ် ၁၀ ရက်ကြိုဖြတ်ထားခြင်းသည် ၇၀ ရာခိုင်နှုန်းအန္တရာယ်ကင်းပြီး စပျစ်သီးများကို မစားမီ ရေစင်အောင် ဆေး၍စားခြင်းဖြင့် ကျန်သည့် ၃၀ ရာခိုင်နှုန်းကို Safe side ဖြစ်နိုင်ပါ့မလားဟူသော ဆောင်းပါးရှင်၏အမေးကို ဝိုင်ကျွမ်းကျင်သူနှင့် စပျစ်ပညာရှင် Dr. Tim Maritinson က ၃၀ ရာခိုင်နှုန်း အတိအကျမဟုတ်လျှင်တောင် ၂၈ ရာခိုင်နှုန်းခန့် အန္တရာယ်ကင်းနိုင်ပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်ကို တွေ့ရှိရသည်။

ဘိုးဘွားပိုင် စပျစ်ခြံကို အမွေဆက်ခံကာ စပျစ်စိုက်ပျိုးခြင်းလုပ်ငန်းကို အသက် ၁၇ နှစ်သားအရွယ်မှစ၍ လုပ်ကိုင်ခဲ့သူ ဦးစကြာအတွက် စပျစ်မှ လက်ရှိရရှိနေသောဝင်ငွေမှာ ယခင်နှစ်များထက် များစွာ ကျေနပ်ဖွယ်ကောင်းနေပါသည်။

“အနက်ရောင် ဘုရင်မမျိုးစပျစ်တွေနဲ့ အကောင်းစားဝိုင်တွေကိုချက်ပြီး ရွာတန်း ရွာတံဆိပ်နဲ့ နိုင်ငံတကာဈေးကွက်ထဲရောက်အောင်ကြိုးစားဦးမယ်”ဟု ဦးစကြာက သူ၏ အိပ်မက်ကို တက်တက်ကြွကြွ ယုံကြည်ချက်အပြည့်ဖြင့် ပြောလိုက်သံမှာ စပျစ်ခြံတစ်ခုလုံးကို ဖုံးလွှမ်းသွားသကဲ့သို့ရှိသည်။

**အေးကျော့ခိုင်**

www.foreverspace.com.mm

# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

## ဘုရင့်နောင်ကုန်စည်ဈေးကွက်

လယ်ယာထွက်ကုန်သီးနှံ မျိုးစုံ ရောင်းဝယ်ရေးဗဟိုဈေးကွက်ဖြစ်သည့် ဘုရင့်နောင်ပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ် ရပ်နားစခန်းတွင် ဇွန်လအတွင်း၌ လျှောင်လက်ကြီးအချို့ ဆန်ထုတ်ရောင်း၍ ဆန်ဈေးများ အနည်းငယ်ကျဆင်းလာပြီး ပြည်ပပို့ကုန် ပဲမျိုးစုံမှာမူ လဆန်းပိုင်းက အရောင်းအဝယ် သိသိသာသာဖြစ်ခဲ့သော်လည်း လကုန်ပိုင်းတွင်မူ အရောင်းအဝယ် ရပ်သွားသည်ကို တွေ့မြင်ရသည်။

ကျောင်းဖွင့်ရာသီဖြစ်သည့်အတွက် စားဖိုဆောင်သီးနှံများ အရောင်းအဝယ် သိသိသာသာကျဲပါးခဲ့ပြီး စားအုန်းဆီဈေးမှာမူ လကုန်ရက်တွင် သိသိသာသာ မြင့်တက်ခဲ့သည်။

နှစ်စဉ်မိုးဦးကျတွင် ရေလျှံလေ့ရှိသော ဘုရင့်နောင်မြောင်းများသည် ယခုနှစ်တွင် မိုးသိပ်မများဘဲ ရေနှစ်ကြိမ်ခန့်လျှံခဲ့သည်ဟု ပွဲရုံလုပ်ငန်းရှင်များက ဆိုသည်။

ရေမြောင်းများပိတ်နေသည့်အကျိုးဆက်အနေဖြင့် ခြင်များသိသိသာသာပေါများနေ၍ ငွေသိမ်း၊ စာရင်းမှတ်စားပွဲခုံများကို ခြင်အကိုက်သက်သာရန် အလင်းရောင်ရှိသည့်နေရာသို့ ထုတ်ထားကြပြီး ခြင်ရိုက်ဘက်တံ တဖျတ်ဖျတ်နှင့် ရိုက်နေကြသလို ပွဲရုံအားလုံးလိုလိုတွင် ခြင်ဆေးခွေငွေ့တလူလူကိုလည်း ခပ်စိတ်စိတ် တွေ့မြင်ရသည်။

## ပြည်တွင်းဈေးမြင့်ပဲ

ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်တွင် သဘောင်္တင်မှုအများအပြားမရှိဘဲ ဇွန်လဆန်းအတွင်းက တစ်ရက်လျှင် ကွန်တိန်နာ ၅၀၊ ၁၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တန်ချိန်အားဖြင့် ပဲတန်ချိန် သောင်းဂဏန်းခန့် ဖြစ်ထွန်းခဲ့ကြောင်း၊ သက်ဆိုင်ရာက ပဲကုန်သည်အချို့၏လက်ဝယ်တွင် ပဲအမှန်တကယ်ရှိ၊ မရှိ စစ်ဆေးသည့်သတင်းများ ထွက်ပေါ်လာပြီးနောက် ဇွန်လကုန်တွင် ပဲအရောင်း



www.foreverspace.com.mm

အဝယ်ရပ်ဆိုင်းသည်အထိ ဖြစ်ခဲ့ကြောင်း ပဲပြည်ပတင်ပို့နေသူတစ်ဦးက ပြောကြားသည်။

ပြည်ပတင်ပို့မှုကြီးကြီးမားမားမရှိဘဲ ပြည်တွင်းအရောင်းအဝယ်သက်သက်ဈေးမြင့်နေခဲ့ပြီး ပြည်ပဈေးသည် ပြည်တွင်းဈေးထက်နိမ့်နေကြောင်း စိန်ပန်းလမ်းရှိ ပဲရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ဇူလိုင်လဆန်းပိုင်းတွင် ကုန်စည်ဒိုင်သို့ လက်ကြီးသမားများလာရောက်မှု နည်းပါးနေသဖြင့် အရောင်းအဝယ်တုံ့ဆိုင်းနေသော်လည်း ရန်ကုန်မြို့လယ် ဗိုလ်ဆွန်ပက်လမ်း ညနေခင်းပဲဈေးကွက်၌ လူအနည်းငယ်စည်နေသည်ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ဇူလိုင်လပထမပတ်အတွင်း မတ်ပဲ RC တစ်တန် ကျပ်ကိုးသိန်းခြောက်သောင်းမှ ကိုးသိန်းခုနစ်သောင်းငါးထောင်ကျော်၊ ကိုးသိန်းရှစ်သောင်းငါးထောင်ကျော်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး FOB တစ်တန် အမေရိကန်ဒေါ်လာ ၁၀၈၀၊ ၁၀၉၀ ခန့်၊ မတ်ပဲ SQRC တစ်တန် ကျပ် ၁၀သိန်းကိုးသောင်းခန့် ဈေးပေါက်လျက်ရှိကြောင်း ကုန်စည်ဒိုင်အရောင်းအဝယ်စာရင်းများအရ သိရှိရသည်။

## လျှောင်လက်ထုတ်သည့်ဆန်

သကြင်္န်ပြီးနောက်ပိုင်း တဖြည်းဖြည်းမြင့်တက်ခဲ့သော ဆန်ကြမ်းဈေးနှုန်းများသည် ဇွန်လဆန်းပိုင်းတွင် နွေအကြမ်းရှယ်တစ်အိတ်လျှင် ၁၈၇၀၀ ကျပ်အထိမြင့်တက်ခဲ့ပြီး ဇွန်လနောက်ဆုံးပတ်တွင်မူ လှောင်လက်ကြီးများနှင့် ပြည်ပတင်ပို့ရန် ဝယ်ယူထားသူများ ပြန်လည်ထုတ်ရောင်းလာသဖြင့် ဆန်ကြမ်းတစ်အိတ် ကျပ် ၁၀၀၀ မှ ၂၀၀၀ ကြား ကျဆင်းလာပြီး ဇူလိုင်လပထမပတ်တွင် ၁၇၀၀၀ ကျပ်ဝန်းကျင်ခန့်သာရှိတော့ကြောင်း အသောကလမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆန်ချောရှယ်စများမှာမူ ပစ္စည်းရှားသဖြင့် ဈေးသိပ်မကျဘဲ တင်းခံနေသော်လည်း အလတ်စနှင့် အောက်စများမှာမူ ဈေးချရောင်းသူများရှိကြောင်း၊ ပေါ်ဆန်းတစ်အိတ် ၂၈၀၀၀၊ ၂၂၀၀၀ ကျပ်ကြားရှိကြောင်း ပိတောက်လမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၊ ၃၁၀ ခန့်သာရရှိချိန်တွင် ပို့ကုန်ရငွေ လဲလှယ်နှုန်းမှာလည်း ၁၀၁၀၊ ၁၀၂၀ ဝန်းကျင်ခန့်သာရှိ၍ ပြည်ပသို့ဆန်တင်ပို့ရောင်းချနေသူများ တွက်ခြေမကိုက်ကြောင်း ပိတောက်လမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လာမည့်လများ၌ နယ်စပါးဈေးဆက်လက်မြင့်တက်နေနိုင်ပြီး ရန်ကုန်ဆန်ဈေးနိမ့်ပါးကာ နယ်မှရန်ကုန်သို့ ဆန်အဝင်လျော့နည်းနိုင်ပြီး ဈေးမာနိုင်ကြောင်း၊ သို့ရာတွင် ဆန်လက်ကျန်များရှိနေသေး၍ ပြောင်းလဲမှုမပြင်းထန်နိုင်ကြောင်း ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## ပဲဆီဈေးမြင့်

ပဲဆီကြိတ်သည့် မြေပဲဆန်စိုက်ပျိုးချိန်ရောက်ရှိနေသဖြင့် မြေပဲဆန်ဈေးမြင့်မှုနှင့်အတူ ပဲဆီဈေးသည်(ပီပါဈေး) တစ်ပိဿာ ၄၀၀၀ မှ ၄၄၀၀ ကျပ်သို့ ပြောင်းလဲခဲ့ကြောင်း၊ မြေပဲဆန်မှာမူ တစ်ပိဿာ ၂၀၀၀ ကျပ်ဝန်းကျင်ခန့်ရှိကြောင်း ၄၀လမ်းရှိ ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အခြေခံလူတန်းစားများ စားသုံးသည့် စားအုန်းဆီဈေးကွက်တွင် မလေးရှားနယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံကိုဖြတ်ကျော်ဝင်ရောက်လာသည့် စားသုံးရန်မသင့်သောပုံးအဝါဆီများကို သက်ဆိုင်ရာက



www.foreverspace.com.mm

စိစစ်မှုများပြုလုပ်ပြီးနောက် စားအုန်းဆီ ကန်ဆီဈေးနှုန်းသည် တစ်ပိဿာ ၁၈၀၀ ကျပ်ခန့်မှ တစ်ပတ်အတွင်း တစ်ပိဿာ ကျပ် ၂၀၀၀၊ ၂၂၀၀၊ ၂၃၀၀ အထိမြင့်တက်ခဲ့သော်လည်း ဇူလိုင်လဆန်းတွင်မူ တစ်ပိဿာ ၁၉၉၀ ကျပ်ဝန်းကျင်၌ အပြောင်းအလဲနည်းပါးစွာဖြင့် ရောင်းဝယ်လျက်ရှိသည်ဟု ဆီလက်ကားဈေးကွက်အတွင်းမှ သိရှိရသည်။

သီတင်းပတ်ပေါင်းများစွာအပြောင်းအလဲမရှိခဲ့သော ဆီကိုယ်စားလှယ်များ၏ ဘဏ်သွင်းဈေးသည် ဇူလိုင်လ ပထမပတ်အတွင်း ၁၆၄၆ ကျပ်မှ ၁၆၄၀ ကျပ်သို့ ပြောင်းလဲခဲ့သဖြင့် စားအုန်းဆီတစ်ပိဿာလျှင် ခြောက်ကျပ်ခန့်ကျဆင်းလာကြောင်း ဆီကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

## စားဖိုဆောင်သီးနှံ

စားဖိုဆောင်သီးနှံဈေးကွက်တွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့မှာ ဈေးကျဆင်းပြီး ငရုတ်နှင့်အာလူးမှာမူ ဈေးမြင့်နေကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ရာသီဥတုကြောင့် အာလူးအထွက်နှုန်းလျော့ကျခဲ့ပြီး အာလူးလက်ကျန်ကုန်လုနီးပါးဖြစ်နေကြောင်း၊ ဇူလိုင်လကုန်မှသာ အာလူးအသစ်ပေါ်နိုင်ကြောင်း၊ အာလူး တစ်ပိဿာ ကျပ် ၁၁၀၀၊ ၁၂၂၀၊ ၁၂၆၀၊ ၁၂၈၀၊ ၁၃၀၀ ခန့်အထိရှိပြီး အာလူးအမြင့်စသည် တစ်ပိဿာ ကျပ် ၁၀၀၀မှ တစ်လအတွင်း ၃၀၀ ခန့်တက်လာပြီး တစ်ပိဿာ ၁၃၀၀ ကျပ်ဖြစ်လာကြောင်း အောင်သပြေလမ်းရှိ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



ငရုတ်မှာလည်း အဝယ်ပါးပြီး လဆန်းပိုင်းက ဈေးကျနေသော်လည်း လကုန်ပိုင်းတွင်မူ အဝယ်လိုက်သဖြင့် ဈေးအနည်းငယ်ပြန်မြင့်လာကြောင်း၊ ကုန်သည်များ၏ ဝယ်ရင်းဈေးမြင့်နေသဖြင့် များစွာ ဈေးချမရောင်းနိုင်ကြောင်း၊ ငရုတ်သီး တစ်ပိဿာ ကျပ် ၅၀ လောက်ကွာရုံနှင့် တစ်အိတ် ကျပ် ၉၀၀၊ ၁၀၀၀ ခန့် ဈေးကွာဟသွားကြောင်း၊ ငရုတ်ရှည်တစ်ပိဿာ ကျပ် ၂၄၀၀မှ ၂၅၀၀၊ မြစ်ဝ အစ ၁၇၂၅ မှ ၁၇၇၅ ကျပ်အထိဖြစ်ပြီး စိမ်းစားငရုတ် တစ်ပိဿာ (အပု) ကျပ် ၄၈၀၀ မှ ၅၀၀၀ ကြားရှိကြောင်း သိရှိရသည်။

ကြက်သွန်ဖြူပေါ်ချိန်ဖြစ်၍ အဝင်များနေပြီး ဈေးအနိမ့်၌ ငြိမ်နေကြောင်း၊ တစ်ရက်လျှင် ကြက်သွန်ဖြူအိတ် ၅၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းသည် အကျဘက်သို့ဦးတည်နေကြောင်း၊ ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၂၀၀၀ မှ ၂၃၀၀ ခန့်ရှိကြောင်း၊ ကြူကုတ်တစ်ပိဿာ ကျပ် ၃၀၀၀ ခန့်ရှိကြောင်း၊ ဝယ်လိုအားမှာ ပုံမှန်သာရှိကြောင်း အောင်သပြေလမ်းမှ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ဇောက်ထိုးဆင်းသည့် ကြက်သွန်နီ

ထုတ်လုပ်မှုစရိတ်အောက်ရောက်သည်အထိကျဆင်းနေသော ကြက်သွန်နီဈေးနှုန်းသည် ကြက်သွန်နီကားများ နေ့စဉ် ၂၅စီးအထက်ပုံမှန်ဝင်ရောက်နေသဖြင့် ဈေးထပ်မံပြုတ်ကျသွားခဲ့ကြောင်း၊ ပြီးခဲ့သည့်ဒီဇင်ဘာလက အထားမခံသော မိုးကြက်သွန်ပေါ်ချိန်က တစ်ပိဿာ ၁၀၀၀ ကျပ်အထိဈေးရခဲ့သော ကြက်သွန်နီသည် တစ်နှစ်ပတ်လုံးလှောင်ထားနိုင်သည့် ဆောင်းကြက်သွန်ပေါ်ချိန်တွင် တစ်ပိဿာ ကျပ်

www.foreverspace.com.mm

၁၅၀၊ ၂၀၀ ခန့်သာရှိ၍ တောင်သူများ မိုးကြက်သွန်စိုက်ပျိုးမှု လျော့ကျနိုင်ကြောင်း၊ ယခုနှစ်သည် ရာသီဥတု ဆိုးဆိုးရွားရွား ဖောက်ပြန်ခဲ့ပြီး ရာသီဥတုအပေါ်မှီခိုနေရသည့် သီးနှံစိုက်ပျိုးမှုများ အနည်းနှင့်အများထိခိုက်နိုင်ကြောင်း၊ အထူးသဖြင့် မိုးအဝင်နောက်ကျသဖြင့် စပါးစိုက်ပျိုးချိန်နောက်ကျခဲ့ပြီး စပါးသိမ်းချိန်တွင် မိုးရွာပါက စပါးထွက်ရှိမှုအပေါ် ရိုက်ခတ်မှုရှိနိုင်ကြောင်း၊ လွတ်လပ်သောဈေးကွက်တစ်ခုဖြစ်ပေါ်စေရန်မှာ အစိုးရ၏ကြီးကြပ်မှု၊ ပုဂ္ဂလိကလုပ်ငန်းရှင်တို့၏ လုပ်ပိုင်ခွင့်ချိန်ခွင်လျှာမျှတရန်လိုအပ်ပြီး လွတ်လပ်သောဈေးကွက်၏ ထိန်းချုပ်မောင်းနှင်မှုဖြင့် ထုတ်လုပ်မှုတိုးရန် မက်လုံးပေးအစီအမံများ တင်ကြိုချမှတ်ထားသင့်ကြောင်း၊ ဈေးကွက်၊ ပုဂ္ဂလိကပိုင်ဆိုင်မှု၊ အစိုးရကဏ္ဍတို့ သုံးနားညီတြိဂံလိုအပ်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

## ညောင်ပင်လေးပလာဇာဈေးကွက်

တစ်ပတ်လျှင် ခြောက်ရက် (အခါတွင်း ဥပုသ်ရက်များ၊ နေ့ထူးနေ့မြတ်ပိတ်ရက်များမှအပ) ပုံမှန်ဖွင့်လှစ်ထားသည့် မြန်မာနိုင်ငံအောက်ပိုင်းဒေသသို့ ကုန်စည်စီးဆင်းရာ ညောင်ပင်လေးပလာဇာတွင် ပိတ်ရက်ခံ၍ ဈေးပြန်ဖွင့်သည့်ရက်များနှင့် ဈေးပိတ်ရက်နီးသည့် ရက်အနည်းငယ်ခန့်တွင်သာ ဈေးကွက်ဖြစ်ထွန်းလှေ့ရှိသည့်အတွက် တစ်ပတ်လျှင် သုံးရက်မှ လေးရက်ခန့်အထိသာ အရောင်းအဝယ်ရှိနေကြောင်း ဖျော်ရည်နှင့်စားဖွယ်စုံများ၊ အခြေခံလူသုံးကုန်ပစ္စည်းဈေးကွက်အတွင်းမှ သိရသည်။

ညောင်ပင်လေးပလာဇာ မြေအောက်ထပ်ရှိ အခြေခံစားသောက်ကုန်များရောင်းချရာဈေးကွက်တွင်မူ ဝယ်သူကျဲနေပြီး မရှိမဖြစ် စားကုန်များဖြစ်နေ၍သာ ဝယ်သူလုံးဝပြတ်မသွားခြင်းဖြစ်ကြောင်း တွေ့ရသည်။

## သွင်းအားမျှော် သကြား

ပြည်တွင်းသကြားဈေးကွက်တွင် သကြားဈေးမှာ နိုင်ငံတကာပေါက်ဈေးထက် နှစ်ဆကျော်မြင့်တက်နေခြင်းကြောင့် အနည်းဆုံး အိန္ဒိယနိုင်ငံမှ သကြားများတင်သွင်းလျှင် တွက်ခြေကိုက်နိုင်ပြီး ပြည်တွင်းသကြားဈေးမြင့်တက်နေမှုကို ကုစားနိုင်မည်ဟူသောအသံများ ဈေးကွက်အတွင်းမှ ကြားလာရသည်။

လက်ရှိတွင်သကြားဈေးများမှာ ပြည်တွင်းဈေးကွက်တွင် ကျပ် ၁၂၀၀ ဖြင့်ငြိမ်နေရာမှ ဇူလိုင်လ ၃ ရက်နှင့် ၄ ရက်နေ့တို့တွင် အဖြူစမှာ တစ်ပိဿာလျှင် ၁၃၀၀ ကျပ်နှင့် ၁၄၀၀ ကျပ်တို့သို့ ရောက်ရှိသွားခဲ့ကြောင်း ဘုရင့်နောင်ရှိ သကြားပွဲရုံဈေး



www.foreverspace.com.mm

ကွက်အတွင်းမှ သိရသည်။

ညောင်ပင်လေးပလာဇာတွင်မူ ဇူလိုင်လ ၇ ရက်နေ့ နံနက်ပိုင်းက အဖြူစ တစ်ပိဿာလျှင် ၁၄၅၀ ကျပ်သို့ ထပ်မံရောက်ရှိသွားသည်။

ပြည်ပသကြားဈေးကွက်၏ပေါက်ဈေးမှာမူ မြန်မာကျပ်ငွေဖြင့် နှိုင်းယှဉ်ပါက ၂၀၁၀ ဇူလိုင်လတွင် တစ်ပိဿာ ၁၁၀၀ ကျပ်မှ ကျဆင်းလာခဲ့ရာ မေလတွင် ၅၅၀ ကျပ်၊ ဇွန်လကုန်တွင် ၆၅၀ ကျပ် စသည့် ပေါက်ဈေးများတွင်ရှိနေသည်ကို တွေ့ရသည်။

ပြီးခဲ့သည့် ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်များအတွင်းကစ၍ သကြားဈေးများကျဆင်းနေခဲ့ခြင်းကြောင့် ကြံစိုက်တောင်သူများမှာ တွက်ခြေမကိုက်တော့သည့်အတွက် ကြံစိုက်ပျိုးမှုမှ အခြားအလုပ်များသို့ ပြောင်းရွှေ့လုပ်ကိုင်လာကြပြီး ကြံစိုက်ပျိုးမှုများလည်း လျော့နည်းသွားခဲ့ကြောင်း အဆိုပါလုပ်ငန်းဆောင်ရွက်သူ အသိုင်းအဝိုင်း၏ပြောကြားချက်များအရ သိရသည်။

ထို့ပြင် ရာသီဥတုဖောက်ပြန်ရိုက်ခတ်မှုများကြောင့်လည်း ယခုနှစ်အတွင်း ကြံအထွက်လျော့ခဲ့သည့်အတွက် ကုန်သည်များက လက်ဦးမှုရရှိရန် ဝယ်ယူခဲ့ရာ လှောင်လက်များ၏ ကုန်ကြမ်းဈေးမှာ ယခင်က ၄၀၀ ကျပ်ကျော်ကျော်သာရှိခဲ့သည့် ပွက်ရည်ဈေးနှုန်းမှာ ၈၀၀ ကျော်သည်အထိ ဈေးမြင့်သွားခဲ့သည်။

ယင်းသို့ ၈၀၀ ကျပ်နှင့် ၇၀၀ ကျပ် စွန်းစွန်းကြားတွင် ဈေးနှုန်းလှိုင်းထနေခဲ့သော ပွက်ရည်ဈေးမှာ ဇွန်လအတွင်းက ၇၂၀ ကျပ်သာရှိခဲ့သော်လည်း ဇူလိုင်လဆန်းတွင် ၈၀၀ ကျပ်သို့ ပြန်လည်ရောက်ရှိခဲ့ပြန်သည်။

ယင်းအခြေအနေများကြောင့် ပြည်တွင်းပေါက်ဈေးထက် နှစ်ဆကျော်ခန့်နိမ့်နေသည့် ပြည်ပမှသကြားများ ပြည်တွင်းသကြားဈေးကွက်သို့ အပြိုင်ဝင်ရောက်နိုင်ပါက လက်ရှိမြင့်မားနေသည့် ပြည်တွင်းသကြားဈေးကွက်တွင် ဈေးနှုန်းကျဆင်းသည့် အကျိုးသက်ရောက်မှုရှိသွားစေနိုင်မည်ဟု ရောင်းလိုအားတိုးလိုသူ သကြားလုပ်ငန်းရှင်အချို့က ၎င်းတို့၏ဆန္ဒကို ပြောပြသည်။

လတ်တလောတွင် ထိုင်းနိုင်ငံမှ ဝင်ရောက်လာသည့် ကြယ်အမှတ်တံဆိပ် သကြားမှာ စိစစ်မှုများရှိနေခြင်းကြောင့် နယ်စပ်လမ်းကြောင်းကို အဝင်နည်းသွား၍ ဈေးနှုန်းမှာလည်း ၁၄၀၀ ကျပ်ကျော် ဖြစ်သွားကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။



သကြားဈေးမြင့်တက်မှုနှင့်အတူ ထန်းလျက်ဈေးနှုန်းများလည်း ယခုဇူလိုင်လဆန်းရက်များအတွင်းမြင့်တက်သွားခဲ့သည်။

ညောင်ဦးဆေးခပ်ထန်းလျက်မှာ ဇူလိုင်လ ၃ ရက်နေ့တွင် တစ်ပိဿာ ၉၂၀ ကျပ်မှ ၁၀၅၀ ကျပ်သို့ရောက်ရှိခဲ့ပြီး မလှိုင်ထန်းလျက်မှာ ၇၈၀ ကျပ်မှ ၈၅၀ ကျပ်သို့ ရောက်ရှိခဲ့သည်။

ဇူလိုင်လ ၇ ရက်နေ့အတွင်း သိရှိရသည့် ထန်းလျက်ဈေးနှုန်းများအရ ညောင်ဦးဆေးခပ်ထန်းလျက်မှာ ကျပ် ၁၁၀၀ စွန်းစွန်းသို့ ထပ်မံမြင့်တက်သွားခဲ့သည်။

ထန်းလျက်များများထွက်ရှိနိုင်မည့် ထန်းမအထွက်နည်းခြင်းကြောင့် ဈေးကွက်အတွင်း ထန်းလျက်ထုတ်လုပ်မှုနည်းခဲ့ရပြီး ပစ္စည်းရှားပါးခြင်းကြောင့် ယခုကဲ့သို့ ဈေးနှုန်း

www.foreverspace.com.mm



များမြင့်တက်ခြင်းဖြစ်သည်ဟု ထန်းလျက်ဈေးကွက်ကျွမ်းကျင်သူတစ်ဦးကသုံးသပ်သည်။

## သုံးဆတက် အချိုရည်

ပုံမှန်အားဖြင့် မိုးရွာသွန်းသည့်လများတွင် အချိုရည်သောက်သုံးမှု လျော့ကျလေ့ရှိသည့်အတွက် အရောင်းအေးသွားတတ်သောအချိုရည်များမှာ ယခုအခါ ပြည်ပမှဝင်ရောက်သည့် အချိုရည်တို့ ပစ္စည်းပြတ်၍ ဈေးနှုန်းသုံးဆခန့်မြင့်တက်သွားကြောင်း ညောင်ပင်လေးပလာဇာရှိ (ပြည်ပထုတ်) အချိုရည်ဈေးကွက်အတွင်းမှသိရှိရသည်။

ယခုအခါ နယ်စပ်လမ်းကြောင်းဖြင့် ဝင်ရောက်သည့် အချိုရည်များမှာ အဆိုပါလမ်းကြောင်းတွင်စစ်ဆေးမှုများရှိနေသည့်အတွက် ဈေးကွက်တွင်းသို့ ဝင်ရောက်မှုနည်းပါးနေခဲ့သည်မှာ လဝက်ကျော်လာခဲ့ပြီဖြစ်ကြောင်းလည်း ယင်းအချိုရည် တင်သွင်းသူတစ်ဦးက ဆိုသည်။

ပုံမှန်ပြန်ရောက်မည့်အချိန်ကိုမူ ဈေးကွက်အတွင်းရှိ ဝါရင့်အတွေ့အကြုံရှိကုန်သည်ကြီးများ မခန့်မှန်းနိုင်ကြဘဲ အတွေ့အကြုံများအရ ယခုကဲ့သို့သော အနေအထားတွင် ပစ္စည်းများများ ဝယ်ယူသိုလှောင်မထားဘဲ တစ်နိုင်ရောင်းရန် ပစ္စည်းတို့သာထားရှိထားသည်ဟု အရောင်းအဝယ်လုပ်ငန်း နှစ်ပေါင်း ၂၀ ကျော်လုပ်ကိုင်လာခဲ့သူတစ်ဦးထံမှ သိရသည်။

ပြည်ပအချိုရည်တို့ ဈေးမြင့်မားနေသော်လည်း ပြည်တွင်းအချိုရည်တို့မှာမူ ဈေးပြောင်းလဲမှုမရှိဘဲ ဈေးကွက်တွင်း ပုံမှန်အတိုင်း ဝင်ရောက်မှုရှိနေသည်။

ယခုအခါ ပြည်ပထုတ်အချိုရည်များတွင် ထိုင်းနိုင်ငံထုတ်များသာမက ကိုရီးယားနိုင်ငံထုတ် အစားအစာနှင့် အချိုရည်တို့ကိုပါ ပြည်တွင်းဈေးကွက်တွင် တွေ့မြင်လာရသည်။ သို့သော် ယင်းတို့မှာ သီးသန့်ရောင်းချသည့်ဆိုင်များနှင့် Shopping Center ကြီးများတွင်သာ ဝင်ရောက်နေပြီး စားကုန်များ လက်ကားဖြန့်ဖြူးသည့် ဈေးကွက်တွင်မူ ထိုင်းနိုင်ငံထုတ်ပစ္စည်းများသာ စိုးမိုးနေဆဲဖြစ်သည်ကို တွေ့ရှိရသည်။

## ဈေးအမြင့် ခေါက်ဆွဲခြောက်၊ အသားဘူး

ခေါက်ဆွဲခြောက်ဈေးကွက်တွင် ထိုင်းနိုင်ငံမှဝင်ရောက်သည့် ခေါက်ဆွဲခြောက်အချို့မှာလည်း တစ်ဖာလျှင် ကျပ်တစ်ထောင်ခန့် ဈေးမြင့်ခဲ့သည်။

ထို့အတူ လအတော်ကြာသည်အထိ ငြိမ်သက်စွာရှိနေခဲ့သော ထိုင်းမှဝင်ရောက်သည့် တြိဂံအမှတ်တံဆိပ် မျှော်စင်၊ Hi-Q စသည့်အမှတ်တံဆိပ်များမှာလည်း ကျပ်ရာဂဏန်းကျော်ခန့် ကွာဟမြင့်တက်နေသည်ကို တွေ့ရသည်။

## တစ်ရာမကျော်ကြေး ယှဉ်ရခက်ကော်ဖီမစ်

ယှဉ်ပြိုင်မှုများဖြင့်ရှိနေခဲ့သော်လည်း ပြည်တွင်းထုတ်ကော်ဖီမစ်များသာ ဆက်လက်ကြီးစိုးထားဆဲဖြစ်သည်။ ထိုင်းနိုင်ငံထုတ် Birdy နှင့် Master Cup အမှတ်တံဆိပ်ကော်ဖီမစ်တို့မှာလည်း 20 g တစ်ထုတ်လျှင် တစ်ရာကျပ်ဝန်းကျင်သာ ပေါက်ဈေးရှိသည့် ပြည်တွင်းထုတ်ကော်ဖီမစ်လက်လီဈေးကွက်တွင် တစ်ရာမကျော်ရေး ယှဉ်ပြိုင်နေရသောကြောင့် ပြည်တွင်းသို့ဝင်ရောက်စဉ်ကထက် ဈေးများတဖြည်းဖြည်းနှင့် ဆက်တိုက်ကျဆင်းလာခဲ့ရသည်။ သို့သော် ယခုအခါတွင် သယ်ယူပို့ဆောင်ရေးအခက်အခဲများအတွက် အထုပ်ကြီးတစ်ထုတ်လျှင် ကျပ်ရာဂဏန်းကျော်သည်အထိ မြင့်တက်ခဲ့ရသည်။

## ဈေးကွက်ထဲဝင်စမ်းတဲ့ ဆပ်ပြာသစ်

ဆပ်ပြာတောင့်ဈေးကွက်အတွင်းသို့ ဇူလိုင်လဆန်းရက်အတွင်း LIKE ၊ The Great နှင့် စိန်အုံးသီးအမှတ်တံဆိပ်ဆပ်ပြာ



www.foreverspace.com.mm

တို့ နမူနာအဖြစ် စမ်းသပ်ဝင်ရောက်လာကြကြောင်း ညောင်ပင်လေးပလာဇာရှိဆပ်ပြာဖြန့်ဖြူးသည့်ဆိုင်အချို့ထံမှ သိရသည်။

အသစ်ဝင်ရောက်သည့် ဆပ်ပြာများတွင် အတောင့် ၈၀ ပါ Like အဝတ်လျှော်ဆပ်ပြာမွှေးမှာ တစ်ဖာလျှင် ၉,၄၀၀ ကျပ်၊ စိန်အုံးသီးမှာ ၁၃,၅၀၀ ကျပ်၊ The Great မှာ ၁၄,၅၀၀ ကျပ်စသည်ဖြင့် အသီးသီးရှိနေသည်။

လက်ရှိဆပ်ပြာတောင့်ဈေးကွက်တွင်မူ ပြီးခဲ့သည့်လအနည်းငယ်ကစတင်၍ ဈေးကွက်တွင်းဝင်ရောက်ခဲ့သည့် 'ဝါမွှေး' နှင့် 'ဝါ' ဆပ်ပြာတောင့်တို့မှာ ပိုမိုအရောင်းသွက်သည့်အနေအထားတွင်ရှိနေကြောင်း ဆပ်ပြာတောင့် ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များထံမှ သိရသည်။

အဆိုပါ 'ဝါမွှေး' ဆပ်ပြာတောင့်မှာ အတောင့် ၈၀ ပါ တစ်ဖာလျှင် ၈,၀၀၀ ကျပ်ဖြင့်သာရှိနေသော်လည်း 'ဝါ' မှာမူ ၈၀၀၀ ကျပ်ကျော်ကျော်မှ ယခုဇူလိုင်လဆန်းတွင်သိရသည့် ဈေးနှုန်းများအရ ၉,၄၀၀ ကျပ်ကျော်သို့ ဈေးမြင့်သွားခဲ့သည်။

ထို့ပြင် အခြားပုဂ္ဂလိကထုတ်ဆပ်ပြာတောင့်များနှင့် ဆပ်ပြာမှုန့်များမှာ ဈေးနှုန်းအလှုပ်အခတ်နည်း၍ ငြိမ်နေကြောင်းလည်း ဈေးကွက်အတွင်းမှ သိရသည်။

## ယုံကြည်မှုတည်ဆောက်ရေး

ကမ္ဘာနှင့်အဝန်းမကြုံဖူးလောက်အောင်ဆိုးရွားလှသော ရာသီဥတုအပြောင်းအလဲများက မြန်မာနိုင်ငံသို့လည်း ပြင်းပြင်းထန်ထန် သက်ရောက်မှုရှိနေသည်။ အထူးသဖြင့် ယခုနှစ်မိုးဦးနောက်ကျခြင်းကြောင့် စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံအတွက် ကြီးစွာသော စိန်ခေါ်မှုတစ်ခုကို မကြာမတင် ရင်ဆိုင်ရဖွယ်ရှိနေသည်။ တစ်ဖန် လိုသည်ထက်ပို၍ နောက်ကျမိုးသည်းထန်စွာရွာသွန်းခြင်းကလည်း သီးနှံများ ပုံမှန်လိုအပ်နေသောပမာဏထက်ကျော်လွန်နေပြန်ရာ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီးတစ်ခုလုံးအတွက် များစွာစိုးရိမ်စရာဖြစ်နေပြန်သည်။ ဤအခြေအနေကြားကပင် မိမိတို့ တစ်ဦးတစ်ယောက်၊ တစ်ဦးတစ်ဖွဲ့ အကျိုးအမြတ်ကိုသာ ဦးတည်၍ လက်ဝါးကြီးအုပ် အမြတ်ရှာလိုသူအချို့ကလည်း အခွင့်ကောင်းယူပြီး သီးနှံအချို့ပေါက်ဈေးကို ခြယ်လှယ်ရန် ကြိုးပမ်းလာသည့်သဘော တွေ့မြင်ရသည်။



စီးပွားရေးနယ်ပယ်တစ်ခုအတွက်သာမက မည်သည့်နယ်ပယ်တွင်မဆို အခြေခံကျကျ အရေးအကြီးဆုံး ယုံကြည်မှုအုတ်မြစ်ကို နယ်ပယ်အတွင်းရှိသူအားလုံး ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်သည်။ ထိုအုတ်မြစ်ခိုင်မာသထက်ခိုင်မာလာမှသာ ဈေးကွက်တစ်ခု၊ စီးပွားရေးလောကနယ်ပယ်တစ်ရပ်နှင့် မဖြစ်မနေချိတ်ဆက်နေသော ကျန်နိုင်ငံ့အရေးအရာအားလုံး အချိုးညီဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။ ထိုအခြေအနေဖြစ်ပေါ်စေရန်မှာ မူလမဆွကတည်းကရှိနေသော ဥပဒေစည်းမျဉ်းစည်းကမ်းများအားလုံးကို မည်သည့်အဆင့်တွင်ရှိသည့်နိုင်ငံသားမဆို လေးစားလိုက်နာရေး၊ စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ပါကလည်း တည်ဆဲဥပဒေများအတိုင်း မည်သူ့ကိုမဆို၊ မည်သည့်အဆင့်တွင်ရှိသည့် နိုင်ငံသားကိုမဆို ကျောသားရင်သားမခွဲခြားဘဲ အရေးယူကြပ်မတ်နိုင်ရေးအပေါ်တွင် လုံးဝမူတည်နေပါကြောင်း အစဉ်တစိုက် ဈေးကွက်စောင့်ကြည့်လေ့လာနေသူများက သုံးသပ်အကြံပြုကြသည်။

**နိုင်မင်းဝေ**

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၅-၆-၂၀၁၀*** ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum on East Asia) သို့တက်ရောက်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ။ ဇွန်လ ၇ ရက်တွင် ပြန်လည်ရောက်ရှိ။

* ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ သံတမန်ဆက်ဆံရေးထူထောင်သည့်နှစ် (၆၀) ပြည့် အထိမ်းအမှတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံယဉ်ကျေးမှုပဒေသာကပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပ။

**၆-၆-၂၀၁၀*** ဦးသိန်းလွင် (ခ) ဒါရိုက်တာဇမ္ဗူထွန်းမြတ်ထွန်းနိုင် (ဇမ္ဗူထွန်းရုပ်ရှင်) အသက် ၈၂ နှစ်ကွယ်လွန်။

* နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဟိုချီမင်းမြို့၌ Inter Continental Asiana Saigon Hotel, Plenery Hall ၌ကျင်းပသည့် ၂၀၁၀ ပြည့်နှစ် (၁၉) ကြိမ်မြောက် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်။

* အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးသည့်အခမ်းအနားကို ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် လှော်ကားရှိ နယ်မြေခံရဲတပ်ရင်းကွင်းပြင်၌ ကျင်းပ။

**၇-၆-၂၀၁၀*** နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ကျင်းပခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် နှစ် (၆၀) ပြည့်အခမ်းအနားနှီးနှောဖလှယ်ပွဲနှင့် ညစာစားပွဲ တက်ရောက်ခဲ့ပြီးနောက်ပြန်လည်ရောက်ရှိ။ အဆိုပါခရီးစဉ်အတွင်း ကချင်ပြည်နယ်မြစ်ကြီးနားမြို့နှင့် ယူနန်ပြည်နယ် ပေါင်စန်းမြို့တို့အကြား ချစ်ကြည်ရေးမြို့တော်ထူထောင်သည့် သဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်။

**၈-၆-၂၀၁၀*** ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၃/၂၀၁၀) ဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကို ထုတ်ပြန်ကြေညာ။

**၈-၆-၂၀၁၀*** မုတ္တမကမ်းလွန်ပင်လယ်ပြင်ရှိ ရတနာသဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးမှ ရတနာ-ရန်ကုန် ၂၄ လက်မကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်။

**၉-၆-၂၀၁၀*** ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Jinan Military Region Command မှ စစ်ဒေသမှူး General Fan Changlong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ။

**၁၁-၆-၂၀၁၀*** နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍မြန်မာနိုင်ငံအပေါ် မမှန်မကန်စွပ်စွဲပြောကြားချက်များနှင့် စပ်လျဉ်းပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်။

* မြန်မာနိုင်ငံ၏ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေးနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်။

* ပြည်ထောင်စုမြန်မာနိုင်ငံတော် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးအတွက်သဘောတူစာချုပ်များကို ရန်ကုန်မြို့ Parkroyal ဟိုတယ်တွင် လက်မှတ်ရေးထိုး။

* နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဇွန်လ ၇ ရက်နေ့တွင်စတင်၍ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာမှ ပြန်လည်ရောက်ရှိ။

**၁၂-၆-၂၀၁၀*** ကာတာနိုင်ငံ-ဒိုဟာမြို့၌ ဌာနချုပ်ထားရှိပြီး

www.foreverspace.com.mm



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ဌာနခွဲတစ်ခုဖွင့်လှစ်ထားသော အယ်လ်ဂျာဇီးရားရုပ်မြင်သံကြားအစီအစဉ်က မြန်မာနိုင်ငံအနေဖြင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့်ပူးပေါင်း၍ နျူကလီးယားလက်နက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သတင်းများကိုထုတ်လွှင့်ခြင်းနှင့်ပတ်သက်၍မှန်ကန်မှုမရှိကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဇွန်လ ၉ ရက်နေ့တွင် ရောက်ရှိလာသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Brigadier General Bouasieng CHAMPA PHANH ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ။

* ခရီးမိုင်အရှည် ၂၂ မိုင်ရှိပြီး လမ်းခရီးတွင် ပေ ၁၈၀ အထက်တံတားတစ်စင်း၊ ပေ ၁၈၀ အောက်တံတား ၅၃ စင်း စုစုပေါင်းတံတား ၅၄ စင်းပါဝင်သော ဆိပ်ဖြူ–ယောချောင်းရထားလမ်းပိုင်း (ကြံခင်း–ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း) ဖွင့်လှစ်။

**၁၃-၆-၂၀၁၀*** မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ Myanmar Entrepreneurs Investment Group (MEIG) နှင့် ASV Holdings (ဗီယက်နမ်) တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး သဘောတူလက်မှတ်ရေးထိုး။

**၁၆-၆-၂၀၁၀*** ဇွန်လ ၁၅ ရက်နံနက် ၉ နာရီခွဲအချိန်တွင် မောင်တောမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၃၄၂ မီလီမီတာ (၁၃ ဒသမ ၄၇ လက်မ) သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၃၈ နှစ်အတွင်း ဇွန်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်ကြောင်း၊ ယခင်စံချိန်ဟောင်းမှာ ၃၂၅ မီလီမီတာ (၁၂ ဒသမ ၈၀ လက်မ) ဖြစ်ပြီး ၁၉၉၀ ပြည့်နှစ် ဇွန်လ ၂၄ ရက်နေ့တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၅/၂၀၁၀) ဖြင့်တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ Ethanic National Development Party (ENDP) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်းကို ထုတ်ပြန်ကြေညာ။

* စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corporation Limited (NPCC) တို့သည် ကုန်းပိုင်းလုပ်ကွက် F (ငလှိုင်တွင်းဒေသ) ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) ကို နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

**၁၇-၆-၂၀၁၀*** ရခိုင်ပြည်နယ်အတွင်းရှိ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် ဇွန်လ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက်တို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ အဆောက်အအုံများ ပျက်စီးမှု၊ ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* ဇွန်လ ၁၅ ရက်နေ့တွင်ရောက်ရှိလာသော အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက်အလီဖာသိုလာဟီ ခေါင်းဆောင်သည့် အီရန်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ။

**၁၈-၆-၂၀၁၀*** သောင်းကျန်းသူများထောင်ထားသည့်မိုင်းများကြောင့် ဇွန်လ ၈ ရက်နေ့တွင် ရှမ်းပြည်နယ် လင်းခေးမြို့နယ်၌ နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရပြီး ဇွန်လ ၁၃ ရက်နေ့က ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်တွင် တစ်ဦးသေဆုံးကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

* ငရုတ်သီးမဟုတ်သည့် အမှုန့်များကိုရောနှော၍ အနီရောင်ဆိုးထားခြင်းတို့တွေ့ရှိရ၍ စားသုံးရန်မသင့်ဟုဆိုသော ငရုတ်သီးအရောင်တင်မှုန့်ရှစ်မျိုးကို နိုင်ငံပိုင်သတင်းမီဒီယာများတွင်ဖော်ပြ။

* ဒေါက်တာနိုင်ပန်းလှ၊ သုတေသနမှူး (ငြိမ်း) ရှေးဟောင်းသုတေသနဦးစီးဌာန၊ ယခင်ပါမောက္ခ၊ မေယိုတက္ကသိုလ်၊ အိုကီနာဝါကျွန်း၊ အသက် ၈၈ နှစ် ကွယ်လွန်။

* နံနက် ၉ နာရီ ၅၁ မိနစ် ၅၂ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေလျင်စခန်းမှ အနောက်ဘက် မိုင် ၁၈၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဘင်္ဂလားပင်လယ်အော်) နေရာကိုဗဟို

www.foreverspace.com.mm

ပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်။

* ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးသိန်းအောင် ဇွန်လ ၁၆ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ပြုလုပ်သော ဒုတိယအကြိမ် အရှေ့အာရှဒေသရာသီဥတု ပြောင်းလဲခြင်း ဆိုင်ရာဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ။

**၁၉-၆-၂၀၁၀*** မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောကြားလျက်ရှိသည့် နျူကလီးယားအစီအစဉ်များနှင့် စပ်လျဉ်း၍ IAEA ဆိုင်ရာ မြန်မာကိုယ်စားလှယ်နှင့် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးတင်ဝင်းက IAEA မှ Division of Operations A, Department of Safeguards ၏ ညွှန်ကြားရေးမှူးဖြစ်သူ Mr.Marco Marzo ထံသို့ ပြန်ကြားစာ ပေးပို့ခြင်းကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

**၂၀-၆-၂၀၁၀*** ဒေါက်တာဦးအုန်းခိုင်၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သမိုင်းသုတေသနဦးစီးဌာန၊ အသက် ၈၇ နှစ် ကွယ်လွန်။

**၂၁-၆-၂၀၁၀*** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/၂၀၁၀) ဖြင့် နိုင်ငံရေးပါတီများ ပါတီဝင်အင်အား စုဆောင်းခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်။

* လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်းဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ။

**၂၃-၆-၂၀၁၀*** အမှတ် (၂) စက်မှုဝန်ကြီးဌာနက အသစ်ထုတ်လုပ်လိုက်သည့်မော်တော်ယာဉ်များနှင့် နေရောင်ခြည်စွမ်းအင်သုံး (Solar)ဖြင့် ဆက်စပ်အသုံးပြုနိုင်သည့် ပစ္စည်းများပြပွဲကို နေပြည်တော် အမှတ် (၂) စက်မှုဝန်ကြီးဌာနတွင် ကျင်းပ။

**၂၄-၆-၂၀၁၀** * မန္တလေးတိုင်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၂ လမ်းတွင် အရိုးအထူးကုဆေးရုံကြီး ဖွင့်လှစ်။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E.Mr.Zhou Tienong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိ။

**၂၈-၆-၂၀၁၀*** ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ အမှတ်-၄၆၀၊ လေးလွှာတွင် ပါတီရုံးချုပ်တည်ရှိသော ကမန်အမျိုးသားတိုးတက်ရေးပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၁၇-၆-၂၀၁၀ တွင် သတင်းစာများ၌ ထည့်သွင်းကြော်ငြာခဲ့ရာ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်မှုများရှိခဲ့သည့်အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင်လည်း ယင်းအလံနှင့်တံဆိပ်တို့ကို ဆက်လက်အသုံးပြုရန် မသင့်လျော်ကြောင်း တွေ့ရှိရသဖြင့် ပြင်ဆင်စေခဲ့ကြောင်း၊ ယခုပြင်ဆင်တင်ပြလာသည့် အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ကြော်ငြာသည့်နေ့မှ ခုနစ်ရက်အတွင်း ကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ထုတ်ပြန်။

**၂၉-၆-၂၀၁၀*** ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်း စင်ကာပူသမ္မတနိုင်ငံသို့ သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ။

* ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တောဆင်ငါးကောင်အုပ်ထဲတွင် ဆင်ဖြူတစ်စီးပါဝင်ကြောင်း ဒေသခံတို့၏ သတင်းပေးပို့ချက်အရ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဖမ်းအဖွဲ့များက ဇွန်လ ၂၆ ရက်နေ့ ညနေ ၄ နာရီ ၂၅ မိနစ်ခန့်တွင် အရပ် ၇ ပေ ၄ လက်မ၊ လုံးပတ် ၁၀ ပေ ၁၁ လက်မ၊ အသက် ၃၈ နှစ်ရှိ ဆင်မတစ်ကောင်ကို ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

* ဦးညွှန့်တင် (ပန်းချီမောင်ငြိမ်းချမ်း-စိုင်းဖေဒါ) အသက် ၆၂ နှစ် ကွယ်လွန်။

**၃၀-၆-၂၀၁၀*** ဦးစိန်ညွှန့် (စာရေးဆရာ၊ ဒါရိုက်တာမောင်နေမျိုး) အသက် ၇၉ နှစ် ကွယ်လွန်။

**၁-၇-၂၀၁၀*** ယခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မေလတို့အတွင်း တြိဂံဒေသတိုင်း၊ အရှေ့ပိုင်းတိုင်း၊ အရှေ့တောင်တိုင်း၊ ကမ်းရိုးတမ်းဒေသတိုင်း၊ အနောက်ပိုင်းတိုင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေများရှိ KNU၊ SSA (ရှမ်းဆစ်)၊ ABSDF မွန်ခွဲထွက်အဖွဲ့၊ ပါလီမန်ဒီမိုကရေစီပါတီ (PDP)၊ ALP တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များမှ စုစုပေါင်း ၁၂ ဦး လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

**၂-၇-၂၀၁၀*** ဦးကျော်သိန်း (ခ) ကျော်သိန်းမောင် (တေးရေး)၊

www.foreverspace.com.mm



ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ အသက် ၆၇ နှစ် ကွယ်လွန်။

**၃-၇-၂၀၁၀**✳ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ထွက်ခွာ။ ဇူလိုင်လ ၁၂ ရက်တွင် ပြန်လည်ရောက်ရှိ။

✳ဗိုလ်မှူးကြီးကျော်ငြိမ်း (ငြိမ်း)၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး (ငြိမ်း) အသက် ၈၇ နှစ် ကွယ်လွန်။

✳ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဇွန်လ ၂၈ ရက်မှ ဇူလိုင်လ ၂ ရက်နေ့အထိ ကျင်းပသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့ တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိများ ဘဏ္ဍာရေးဆိုင်ရာအစည်းအဝေးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ဘဏ္ဍာရေးသုံးစွဲမှုစနစ်နှင့် ငွေကြေးချမှတ်မှုဆိုင်ရာ အစည်းအဝေးများ (High-Level Preparatory (HLP) Meeting for the 63rd Session of WHO/SEA Regional Committee) သို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ။

✳စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက) Unity And Democracy Party of Kachin State (UDPKS) အဖွဲ့က နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

✳အတ္တလန္တိတ်သမုဒ္ဒရာအတွင်း မုန်တိုင်းမိ၍ သမုဒ္ဒရာအတွင်း မျောလွင့်နေသော UK Yacht Octagon အပျော်စီးရွက်သင်္ဘောပေါ်မှ ဗြိတိန်နိုင်ငံသားလေးဦးကို ဇွန်လ ၁၀ ရက်နေ့နံနက် ၄ နာရီဝန်းကျင်တွင် မြန်မာနိုင်ငံသားသင်္ဘောကပ္ပတိန်ဦးဆောင်သည့်သင်္ဘောသားအဖွဲ့က ရာသီဥတုဆိုးရွားနေချိန်တွင် ကယ်တင်နိုင်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

**၅-၇-၂၀၁၀**✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၇/ ၂၀၁၀) ဖြင့် မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress) ပါတီကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၇၈/ ၂၀၁၀) ဖြင့် မြို့တိုင်းရင်းသားပါတီကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၇၉/ ၂၀၁၀) ဖြင့် ကမန်အမျိုးသားတိုးတက်ရေးပါတီကိုလည်းကောင်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များပြုလိုက်ကြောင်း ကြေညာ။

**၉-၇-၂၀၁၀**✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၀/ ၂၀၁၀) ဖြင့် ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ကြေညာချက်အမှတ် (၈၁/ ၂၀၀၈) ဖြင့် အမျိုးသားဒီမိုကရေစီအင်အားစု (National Democratic Force) ပါတီတို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာ။

**၁၀-၇-၂၀၁၀**✳ ဇွန်လနောက်ဆုံးရက်သတ္တပတ်ဝန်းကျင်က ပဲခူးတိုင်းအရှေ့ခြမ်းရှိ မြို့နယ်အချို့တွင် ကြွက်ဝမ်းဖြူများ အုပ်စုလိုက်ဝင်ရောက်ပြီး မိုးစပါးကြဲခင်းနှင့်ပျိုးခင်းများကို ကိုက်ဖြတ်ဖျက်ဆီးမှုများဖြစ်ပွားခဲ့ကြောင်း၊ ယခုအခါ ကြွက်များအုပ်စုဖွဲ့သွားလာဖျက်ဆီးမှုများမရှိတော့ကြောင်းနှင့် သေဆုံးခဲ့သည့်ကြွက်သေများကို အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ဓာတ်ခွဲစစ်ဆေးခဲ့ရာ မည်သည့်ရောဂါပိုးမျှမတွေ့ရှိရကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြ။

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite) ၊ အမှတ် ( ၅ ) ၊
အလံပြဘုရားလမ်း ၊ ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။ ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm


# တွေ့ဆုံဆွေးနွေးမှုများ

### ၆-၆-၂၀၁၀

* ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ရောက်ရှိနေသော မြန်မာနိုင်ငံ ဝန်ကြီးချုပ်ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Nguyen Tan Dzung နှင့်လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတငုယင်မင်ကျစ်နှင့်လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်းနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

### ၈-၆-၂၀၁၀

* သြစတြေးလျနိုင်ငံ အစိုးရအကူအညီပေးရေးအေဂျင်စီ (Aus AIDS) မှ Assistant Director General, Mr. Michael Wilson နှင့် မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျ ဓနသဟာယနိုင်ငံသံအမတ်ကြီး H.E Ms. Michelle Su Wen Chan တို့သည် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

### ၉-၆-၂၀၁၀

* စင်ကာပူသမ္မတနိုင်ငံ Wildlife Reserves Singapore Group CEO Ms. Fanny Lai ဦးဆောင်သောအဖွဲ့သည် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်နှင့် တွေ့ဆုံဆွေးနွေး။

### ၁၆-၆-၂၀၁၀

* မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာ မိုဟာမက်အလီဖာသိုလာဟီသည် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးလွန်းသီနှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

* အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက်အလီဖာသိုလာဟီ ခေါင်းဆောင်သော အီရန်ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး။

### ၁၇-၆-၂၀၁၀

* အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ မိုဟာမက်အလီဖာသိုလာဟီ ခေါင်းဆောင်သော အီရန်ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

### ၂၁-၆-၂၀၁၀

* မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

### ၂၂-၆-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr.Zeljko Bosnjak သည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဦးစိုးနိုင်နှင့် တွေ့ဆုံဆွေးနွေး။

* မြန်မာနိုင်ငံဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဇယ်ဂျကိုဘော့စ်ညက်သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဂျူဗင်စီယိုဒေဂျေဇူးစ်မာတင်စ်

www.foreverspace.com.mm



သည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

* မြန်မာနိုင်ငံဆိုင်ရာ ခရိုအေးရှားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဇယ်ဂျကို ဘောဇ်ညက်သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဂျူဇင်စီယိုဒေဂျေဇူးစ်မာတင်စ် သည်လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၃-၆-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီးမစ္စတာ မာကီး ယန်ချူချတ်သည် နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးဉာဏ်ထွန်းအောင်နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၄-၆-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးH.E. Mr. Aloke Sen သည်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) နှင့် တွေ့ဆုံဆွေးနွေး။

* တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံစစ်သံမှူး Colonel Manoj Mukund Naravane နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Rajesh Kumar တို့သည်လည်းကောင်း၊ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး Colonel Mitsuji SARATANI နှင့် စစ်သံမှူးအသစ်အဖြစ်တာဝန်ထမ်းဆောင်မည့် Colonel Yuji SATO တို့သည်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၅-၆-၂၀၁၀

* ဘီလာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr.Sergei Aleinik ဦးဆောင်သောအဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၆-၂၀၁၀

* မြန်မာနိုင်ငံတွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအသင်းဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr.Zhou Tienong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၉-၆-၂၀၁၀

* ဩစတြေးလျနေသဟာယနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး လက်ထောက်ဝန်ကြီး Mr.Hugh Borrowman နှင့်အဖွဲ့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးနှင့် တွေ့ဆုံဆွေးနွေး။

## ၆-၇-၂၀၁၀

* အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ MJB International Limited မှ Reginal Manager, Mr. John Giblett သည် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

* ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund Mission) မှ Portfolio Manager, Mr. Chrishan Thuraising han ဦးဆောင်သောအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တွေ့ဆုံဆွေးနွေး။

## ၈-၇-၂၀၁၀

* ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ရုံးစိုက်သည့် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အဂ္ဂတဲလ်လက်စ်ရီတိုင်ရှိသည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တွေ့ဆုံဆွေးနွေး။

■

www.foreverspace.com.mm

# “အစိုးရရုံးတွေ၊ လုပ်ငန်းတွေမှာ ကိုယ်ကကျွန်ဖြစ်ရင် သခင်တွေကဘယ်သူလဲ ပြည်သူပဲ”

## ပါမောက္ခဒေါက်တာအောင်ထွန်းသက်နှင့်တွေ့ဆုံခြင်း

ကျော်ဇေယျာထွန်း

**မြန်မာနိုင်ငံ၌ မကြာမီ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲကြီးကျင်းပတော့မည်ဖြစ်ရာ နိုင်ငံ၏အနာဂတ်ကို ဦးဆောင်မည့် ခေါင်းဆောင်သစ်များ ပေါ်ထွန်းလာတော့မည်ဖြစ်ပါသည်။ နိုင်ငံ့ခေါင်းဆောင်တို့မည်သည် နိုင်ငံ၏အနာဂတ်ကို ဖော်ဆောင်ရမည့်သူများဖြစ်ပေရာ ခေါင်းဆောင်ကောင်းတစ်ဦး၏ လိုအပ်သည့်အရည်အချင်းနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှုပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်ကို Living Clolor မဂ္ဂဇင်းက တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**L.C ။ ။ ခေါင်းဆောင်ကောင်းတစ်ယောက်မှာ ဘယ်လိုအရည်အချင်းတွေ ရှိပါသလဲ။**

**Dr.ATT ။ ။** အမှန်တော့ ဦးဆောင်တဲ့သူတစ်ယောက်လို့တော့ ပြောချင်တယ်။ ခေါင်းဆောင်လို့ပြောလိုက်ရင် အဓိပ္ပာယ် နည်းနည်းလွဲနေဦးမယ်။ အဲတော့ ဦးဆောင်သူ၊ ခေါင်းဆောင်တဲ့သူတွေမှာ ဘယ်လိုအရည်အချင်းတွေရှိမှဆိုတဲ့ အယူအဆက နည်းနည်းပြန်စဉ်းစားလာကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအရည်အချင်းရှိမှဦးဆောင်တဲ့သူ ဖြစ်မယ်။ အရည်အချင်းမရှိရင် ဦးဆောင်နိုင်မှာမဟုတ်ဘူး။ အဲတော့ ဒီမေးခွန်းပေါ်မှာ နည်းနည်းသတိထားရတယ်။

အရင်တုန်းက လက်ခံထားတာက Great Man Theory ပေါ့။ ဦးဆောင်တဲ့သူ၊ ခေါင်းဆောင်တဲ့သူဟာ ရှေ့မှာနေမယ်။ မြင်းကြီးစီးပြီး ဓားကြီးဆွဲပြီးတော့ပေါ့။ အဲဒီလိုလူတွေမှာ ဘယ်လိုအရည်အချင်းတွေရှိတယ်ဆိုတာ မေးလေ့ရှိတယ်။ အဓိပ္ပာယ်က ကိုယ်လည်း ခေါင်းဆောင်ဖြစ်အောင်၊ အဲဒီအရည်အချင်းတွေရှိအောင်ကို ကြိုးစားရမယ်ဆိုပြီး ဖြစ်လာတယ်။ ဒါပေမဲ့ နောက်ပိုင်းစဉ်းစားလာကြတာက Great Man Theory လို့ဆိုရင် ခက်တာက ဆရာတို့မေးရမယ့်မေးခွန်းက ခေါင်းဆောင်တဲ့သူ၊ ဦးဆောင်တဲ့သူရဲ့ အရည်အချင်းက မွေးရာပါလား။ ပြုစုပျိုးထောင်လို့ရသလား။ Great Man Theory ရဲ့လက်ခံမှုကတော့ မွေးရာပါအရည်အချင်းပေါ့။ လူမှာ ခေါင်းဆောင်တဲ့အရည်အချင်း မွေးကတည်းကပါတယ်။ ဆရာတို့လက်ခံတာကတော့ Leaders are making ပေါ့။ ခေါင်းဆောင်ကို ပြုစုပျိုးထောင်လို့ရတယ်ပေါ့။ ဘာတွေပြုစုပျိုးထောင်လို့ရလဲဆိုတော့ ခုနက မေးခွန်းပြန်ဖြေရရင် အဓိကဘာလဲ၊ ဦးဆောင်တဲ့သူမှာ ရှိသင့်ရှိအပ်တာပေါ့။ ဆရာတို့စဉ်းစားတာတော့ လုပ်ငန်းအဖွဲ့အစည်းနဲ့ဆိုင်တဲ့ ဦးဆောင်မှုပေါ့။ နိုင်ငံတော်မှာလည်း သုံးလို့ရတာပဲ။ အဓိကက သူ့မှာ Vision ရှိရမယ်။ ဥပမာ–ကုမ္ပဏီတစ်ခု နောင်ငါးနှစ်ဆို ဘာဖြစ်မလဲ။ ၁၀ နှစ်ဆို ဘာဖြစ်မယ်။ သူကိုယ်တိုင် ကျကျလည်လည်သိဖို့လိုတယ်။ အရည်အချင်းလို့ပြောရင် ကြည်လင်ပြတ်သားတဲ့အနာဂတ်ကို ပုံဖော်နိုင်မယ်။ ရုပ်ဖော်နိုင်တယ်ဆိုတာ အဓိကဖြစ်တယ်။ ဆရာတို့ပေးတဲ့အကောင်းဆုံးဥပမာတစ်ခုကတော့ လီကွမ်ယုပဲ။ သူလန်ဒန်မှာ ဥပဒေဘွဲ့သွားယူတဲ့အခါ From Third to First။ စကားလုံးကပြတ်တယ်။ သူ့နိုင်ငံကို တတိယကမ္ဘာကနေ ပထမကမ္ဘာဖြစ်လာစေခဲ့တယ်။ ဒါသူ့ရဲ့ Vision ပဲ။ ဒီလိုပဲ ဂျပန်မှာရှိတဲ့ကုမ္ပဏီက လူကြီးတွေလည်း Vision ရှိတယ်။ ဒီလိုပဲ အိမ်နီးနားချင်းတိုင်းပြည်တွေမှာလည်း Vision တွေရှိတယ်။ Vision ရှိမှ ကိုယ့်အဖွဲ့အစည်း ဘယ်ရောက်တယ်ဆိုတာ သိမှာ။ ကိုယ့်အဖွဲ့အစည်းမှာ လုပ်တဲ့သူတွေကို အားပေးနိုင်မယ်၊ ညွှန်ကြားနိုင်မယ်။

ပြီးတော့ ဦးဆောင်တဲ့သူမှာ လိုအပ်တာက Communication။ သူသွားချင်တာကို ကျန်တဲ့သူတွေက ဒီလူကြီးသွားချင်လို့ လိုက်ရတာမဟုတ်ဘဲ သူပြောတတ်လွန်းလို့ ဒီသွားတဲ့လမ်းဟာ သူ့ဟာသူသွားချင်တဲ့လမ်းဖြစ်သွားတယ်။ ဒါကြောင့် Communication က အရမ်းအရေးကြီးတယ်။ ပြီးတော့ Leading လုပ်


www.foreverspace.com.mm



ဦးဆောင်တဲ့အခါမှာ အရှေ့က ဦးဆောင်သူလုပ်သလို အနောက်က နေတတ်ဖို့လည်း လိုအပ်တယ်။ ဒါက တော်တော်လေးအရေးပါတဲ့ အရည်အချင်းတစ်ခုပဲ။ ဒါက နည်းနည်းခက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေဆိုတာ ဦးဆောင်တယ်ဆိုရင် ရှေ့မှာပဲနေချင်တာ။ အခုခေတ်မှာဆိုရင် ဆရာတို့ အမြဲတမ်းပြောတာ အဖွဲ့အစည်းတွေမှာ လူငယ်တွေကို နေရာပေးဖို့ကောင်းပြီ။ လူကြီးတွေက နောက်ကနေထိန်းထိန်းသိမ်းသိမ်း လမ်းကြောင်းပေးရမယ်။ ဦးဆောင်တဲ့သူကို ဘယ်လိုသတ်မှတ်မလဲဆိုရင် ဆပ်ကပ်ထဲမှာ ကိုယ့်ရဲ့ဝန်ထမ်းတွေ၊ လူငယ်တွေ ဘားကျွမ်းကစားနေတဲ့အချိန်မှာ ကိုယ်က ဘာလုပ်ရမယ်ဆိုရင် ပြုတ်ကျရင် မြေကြီးမဆောင့်အောင် ကိုယ်က ပိုက်ခံထားရမယ်။ ဆိုလိုတာက ကိုယ့်အရှေ့ကနေ ပရိသတ်ကို အစွမ်းပြဖို့ရာ ကိုယ့်တာဝန် မဟုတ်တော့ဘူး။ ကိုယ့်အလှည့်မဟုတ်တော့ဘူး။ ကိုယ်က ဦးဆောင်တဲ့သူ။ ဆရာတို့ပြောလေ့ရှိတာက ကိုယ် အဲဒီအခြေအနေမရောက်ခင်တော့ ကိုယ့်ကိုယ်ကိုယ် ဖြည့်ရမယ်။ ဦးဆောင်တဲ့နေရာရောက်သွားရင်တော့ ကိုယ့်အတွက်မဟုတ်တော့ဘူး။ အများအတွက် ဖြစ်သွားပြီ။ ကိုယ်က MD ဖြစ်သွားပြီ၊ ဦးဆောင်တဲ့သူဖြစ်သွားပြီဆိုရင် ကိုယ့်ရဲ့အောက်က ဝန်ထမ်းတွေအတွက်၊ အောက်ကလူတွေအတွက် ဖြစ်သွားပြီ။ Support လုပ်ပေးရမယ်။ အဲဒါလိုအပ်တယ်။

ဆရာတို့မှာ Leading လို့ပြောတဲ့အခါမှာ ကိုယ်ရဲ့ဝန်ထမ်းတွေလုပ်နိုင်ကိုင်နိုင်အောင် ကိုယ်က ဖန်တီးပေးရမယ်။ ဘေးကနေ ကိုယ်ကဘာလုပ်ပေးရမယ်ဆိုတာ ဖန်တီးပေးရမယ်။ နောက်အရည်အချင်းတစ်ခု စဉ်းစားရင် Trust ယုံကြည်မှုပေါ့။ လုပ်ငန်းတော်တော်များများမှာ လူကြီးတွေက အလုပ်အရမ်းများတာ ဘာကြောင့်လဲဆိုတော့ ယုံကြည်မှုအားနည်းတာကိုး။ ဦးဆောင်မှုပေးတဲ့အခါ အရေးကြီးဆုံးက Delegation အလုပ်အကိုင်လုပ်ငန်းခွဲဝေပေးမှုပဲ။ ကိုယ်ချည်းလုပ်နေရင် ကိုယ်မခံနိုင်ဘူး။ အဲတော့ သူများကို သင့်တော်ရာခွဲဝေပေးမှုပဲ။ ကိုယ့်လူတွေကိုယုံရမယ်။ လုပ်ငန်းတော်တော်များများမှာ "ဆရာရယ် မခွဲပေးနိုင်ဘူး။ ကျွန်တော့်မှာ စိတ်မချလို့"။ "ဒါပေမဲ့ ဘယ်တော့ စိတ်ချရမှာလဲ"။ ဆရာ ဒါကို အမြဲတမ်းမေးတယ်။ စမ်းကြည့်မှရမယ်။ ကိုယ့်လူငယ်တွေကို လွှဲလိုက်လို့ လူငယ်တွေမှားမှာပဲ။ ဒီလိုမှားရင်းနဲ့ သူတို့အလေ့အကျင့်တွေရလာမယ်။ ဒီလို Delegation နဲ့ Trust က တစ်ပိုင်းပေါ့။ ပြီးတော့မှ Leadership မှာ C နှစ်လုံးလို့ ပြောတယ်။ တစ်ဖက်က Character ဦးဆောင်တဲ့သူမှာ အကျင့်စရိုက်က တကယ့်ကို အရေးကြီးတယ်။

ဒီခေတ်ပိုင်းမှာ လူငယ်တွေကို အားပေးချင်တယ်။ အကျင့်စာရိတ္တပိုင်းကို မလျှော့နဲ့တော့။ Dignity လို့ခေါ်တဲ့ သမာဓိတည်တာ၊ ဖြောင့်မတ်တာတို့၊ အကျင့်သီလနဲ့ညီတာ၊ လူ့ကျင့်ဝတ်နဲ့ညီတာ။ ဒီ Character အပိုင်းဟာ အထိမခံဘူး။ ဆရာရယ် ဘာဖြစ်လို့လဲ



နိုင်ငံခြားတွေမှာလည်း ဒီလိုပဲ မဟုတ်တာလုပ်တယ်။ ဥပဒေအတွင်း လျှင်ရင်လျှင်သလို စားတယ်ဆိုတဲ့အတွေးတွေကို ဖျက်စေချင်တယ်။ လျှင်ရင်လျှင်သလိုစားတာက တစ်ပိုင်း။ ဒါပေမဲ့ ကိုယ့် Character ကိုတော့ မပျက်စေချင်ဘူး။

နောက်တစ်ခုက Competence ကျွမ်းကျင်မှု၊ Leader လုပ်တဲ့သူက ကျွမ်းကျင်ရမယ်။ ဒီအလုပ်ကိုမှ မကျွမ်းကျင်ရင် သူ့အောက်ကလူတွေကို ဘယ်လိုမှ ဦးဆောင်တဲ့သူမဖြစ်နိုင်ဘူး။ တစ်ချိန်တုန်းကပြောကြတာက လူတော်လူကောင်းပေါ့။ တော်လည်းတော်ရမယ်။ ကောင်းလည်းကောင်းရမယ်ပေါ့။ Character နဲ့ Competence ပေါ့။

နောက်တစ်ခုက Leader လို့ပြောလိုက်ရင် နောက်လိုက်ကို မေ့နေကြတယ်။ Leadership ကိုပြောတဲ့အခါမှာ Followership ကို မေ့လို့မရဘူး။ တချို့ကိစ္စတွေမှာ နောက်လိုက်တွေ အားနည်းလို့ ရှေ့ကလူတွေ ဒုက္ခရောက်တာရှိတယ်။ အဲတော့ Effected Followership က အရမ်းအရေးကြီးတယ်။ အဲတော့ Leader လိုသလို Follower လည်း လိုတယ်။ အခြေအနေတစ်ခုနဲ့တစ်ခုက မတူဘူး။ ဥပမာ–မီးလောင်နေတဲ့အခြေအနေမှာ ဦးဆောင်တဲ့သူရဲ့ ပုံစံက အေးအေးဆေးဆေးတွေးလို့၊ ခေါ်လို့ရတဲ့အခြေအနေနဲ့တူမှာ

www.foreverspace.com.mm



မဟုတ်ဘူး။ ဟိုမှာက တိုင်ပင်ဆွေးနွေးလို့ အကြံညာဏ်ပေးလို့ရတယ်။ မီးလောင်တဲ့အခါကျတော့ အရေးပေါ်အခြေအနေမှာ ဘယ်လိုမှတိုင်ပင်နိုင်မှာမဟုတ်ဘူး။ ဒီလိုအခြေအနေမှာတော့ ဗဟိုဦးစီးစနစ်ပဲခေါ်ခေါ် သူပြောတာကိုပဲ လိုက်လုပ်ရတယ်။

နောက်တစ်ခုက Style ဟန်ပေါ့။ လူတစ်ယောက်ကို ဦးဆောင်မှုပေးတဲ့အခါမှာ ဟန်အမျိုးမျိုးရှိတယ်။ တချို့ကျတော့ Authoritarian ပေါ့။ အာဏာရှင်ဆန်တဲ့အပြုအမူနဲ့ လုပ်တယ်။ ငါခိုင်းတာလုပ် ငါ့ညွှန်ကြားချက်ကိုလိုက်နာ။ တချို့အဖွဲ့အစည်းတွေမှာ လုပ်တတ်တယ်။ သူ့အခွင့်အာဏာနဲ့ အခြေခံပြီးဆောင်ရွက်တဲ့ ဦးဆောင်မှုပုံစံပေါ့။ နောက်တစ်ခုက အကြမ်းခေါ်တော့ Democratic လို့ ပြောတာ။ တကယ်တမ်းတော့ ဦးဆောင်တဲ့အခါမှာ နောက်လိုက်တွေဆီက သဘောထားဆန္ဒကိုခံယူတယ်။ တိုင်ပင်တယ်။ ဆွေးနွေးတယ်။ ညှိနှိုင်းတယ်။ ပြီးတော့မှ စီမံအုပ်ချုပ်တယ်။ ဒါဟာ ဒုတိယပုံစံပေါ့။ အဓိကကတော့ ယေဘုယျ ဟန်သုံးမျိုးပဲသတ်မှတ်တယ်။ တချို့နေရာတွေမှာတော့ ဥပမာလုပ်ငန်းတစ်ခုမှာပေါ့။ အတတ်ပညာရှင်၊ အသိပညာရှင်ကို ယုံကြည်စိတ်ချတဲ့ တတိယပုံစံက ဆရာတို့အခေါ် Laissez Faire သူ့ဘာသာသူ လုပ်ခွင့်ပေးလိုက်တယ်။ ကိုယ်ကဝင်မစွက်ဖက်ဘူး။ သူဘာလုပ်တတ်လဲ၊ ကိုယ်ဝင်မပါဘူး။ လိုအပ်လို့ရှိရင် ကိုယ့်ဆီအကူအညီလာတောင်း။ လုပ်ချင်တာလုပ်။ ပထမပုံစံလို ကိုယ်က ညွှန်ကြားတာမဟုတ်တော့ဘူး။ ဒုတိယပုံစံလို တိုင်ပင်တာမဟုတ်တော့ဘူး။ တတိယပုံစံကတော့ ကိုယ့်အောက်က ဝန်ထမ်းတွေ၊ အဖွဲ့သားတွေကို ယုံယုံကြည်ကြည် လွှတ်ပေးလိုက်တာ။ ဒီသုံးခုက အခြေအနေကိစ္စမျိုးတိုင်းမှာ ဥပမာ–နာဂစ်လိုကိစ္စမျိုးမှာဆိုရင် Authoritarian (အမိန့်) နဲ့ လုပ်ရတာမျိုး ရှိရင်ရှိမယ်။ ဒါပေမဲ့ နေရာတိုင်းမှာတော့ ဒီဟာ သုံးလို့မရဘူး။

ဆရာတို့ အကြံပြုတာကတော့ ဒုတိယပုံစံကို သုံးဖို့ အကြံပေးလိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အောက်ကလုပ်နေတဲ့သူတွေကို ကိုယ်ယုံတယ်။ လူတိုင်းမှာ အကြံညာဏ်ရှိတယ်။ အယူအဆရှိမယ်။ ကိုယ့်အယူအဆကို နောက်ထားလိုက်မယ်။ သူတို့အယူအဆကို မေးကြည့်မယ်။ နားထောင်ကြည့်မယ်။ ခုနကဟာကို ပြန်သုံးသပ်ရင် ဦးဆောင်တဲ့သူမှာ အခြေခံလိုအပ်ချက်တစ်ခုပေါ့။ အဲဒါက နားထောင်တတ်တဲ့စွမ်းရည် လိုတယ်။ ရာထူးကြီးလာလေလေ ငါအားလုံးသိတယ်ဆိုတာမျိုးဖြစ်တတ်တယ်။ အဲတော့ အစကတည်းက Listening Skill ကို သင်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာတို့ စီးပွားရေးတက္ကသိုလ်မှာ စီမံခန့်ခွဲမှုပညာတွေမှာ နောက် Effected Speaking Skill သင်တန်းတွေမှာ ဘာမသင်လဲဆိုတော့ Listening Skill မသင်တာတွေ့ရတယ်။ အရေးကြီးဆုံး နားထောင်တတ်ဖို့အတွက်ကို မသင်ဘူး။ အပြောကိုသင်တယ်။ အဲတော့ အပြောတတ်တဲ့လူတွေကြီးပဲမွေးထုတ်နေတာ ဖြစ်နေတယ်။ နားထောင်တတ်တဲ့သူမရှိဘူး။ ဆရာတို့က ပြောင်းပြန် ပြန်စဉ်းစားတယ်။ နားထောင်တဲ့အင်အားသာရှိရင် ကိုယ့်လူတွေ ကိုယ်ယုံရင် လုပ်ငန်းက ပြီးတယ်။ တချို့ကျတော့ စိတ်ပူတော့ အရာရာမှာ Micro Manage တွေသွားလုပ်တယ်။ အရာရာမှာ အသေးစိတ်သွားလုပ်တော့ အောက်ကသူတွေက မလုပ်တတ်တော့ဘူး။ အဲတော့ Leadership မှာ ကိုယ့်လူတွေ ကိုယ်ယုံတဲ့သတ္တိက အရေးကြီးတယ်။ Leadership မှာ Value based Leadership လူတန်ဖိုးထားမှုကို အခြေခံတဲ့ Value တွေ လူတွေမှာ တရားတာ၊ မတရားတာ။ ခမ္မ၊ အခမ္မလူတိုင်းသိတယ်။ ကိုယ်ဦးဆောင်တဲ့အခါမှာ တရားသောနည်းနဲ့ ဦးဆောင်တာတို့။

နောက်တစ်ခုက Compassion ပေါ့။ သူများကို ကရုဏာထားတတ်တဲ့သတ္တိကလိုတယ်။ ပြီးတော့ Leadership မှာ လိုအပ်တာက EQ ပေါ့။ လူကြီးလုပ်တဲ့လူတစ်ယောက်မှာ အဲဒီအခြေခံ လိုအပ်တယ်။ Empathy လို့ခေါ်တဲ့ ကိုယ်ချင်းစာတတ်တဲ့စိတ်။ လူကြီးကသာ ကိုယ်ချင်းစာတတ်ရင် လူငယ်သက်သာတယ်။ ကိုယ်ချင်းစာတယ်ဆိုတာ လူငယ်ပြောတာကို သဘောတူလက်ခံတာမဟုတ်ဘူး။ သူ့ရဲ့အခြေအနေကို ကိုယ်နားလည်အောင်ကြိုးစားတာကို ပြောတာ။ Empathy က တစ်မျိုးနော်။ Sympathy က သနားတာ၊ ကရုဏာထားတာ တစ်မျိုး။ သူပြောတာကို နားလည်တယ်၊ သနားတယ်ဆိုတာ သူ့ကိုလက်ခံနိုင်းတယ်။ ဆရာတို့က လက်ခံခိုင်းတာမဟုတ်ဘူး။ လက်ခံဖို့အကြောင်းမရှိဘူး။ ဒါပေမဲ့ သူဘာကြောင့်ပြောတယ်ဆိုတာ သူနားလည်အောင် ကြိုးစား

**ဒီခေတ်ပိုင်းမှာ လူငယ်တွေကို အားပေးချင်တယ်။ အကျင့်စာရိတ္တပိုင်းကို မလျှော့နဲ့တော့။ Dignity လို့ခေါ်တဲ့ သမာဓိ တည်တာ၊ ဖြောင့်မတ်တာတို့၊ အကျင့်သီလနဲ့ညီတာ၊ လူ့ကျင့်ဝတ်နဲ့ညီတာ။ ဒီ Character အပိုင်းဟာ အထိမခံဘူး။ ဆရာရယ် ဘာဖြစ်လို့လဲ နိုင်ငံခြားတွေမှာလည်း ဒီလိုပဲ မဟုတ်တာလုပ်တယ်။ ဥပဒေအတွင်း လျှင်ရင်လျှင်သလို စားတယ်ဆိုတဲ့ အတွေးတွေကို ဖျက်စေချင်တယ်။ လျှင်ရင်လျှင်သလိုစားတာက တစ်ပိုင်း။ ဒါပေမဲ့ ကိုယ့် Character ကိုတော့ မပျက်စေချင်ဘူး။**

www.foreverspace.com.mm





ရမယ်။ ဂန္ဒီကြီးပြောတာကို ဆရာအမြဲတမ်း စဉ်းစားတယ်။ လူတစ်ယောက်ကိုနားလည်ချင်ရင် သူ့ဖိနပ်ကိုစီးပြီး တစ်မိုင်လောက်လျှောက်ကြည့်တဲ့။ ဒါက အဓိပ္ပာယ်ရှိတယ်။ ကိုယ်က သူ့နေရာမှာမရှိတော့ ကိုယ်ပြောချင်တာ ပြောလို့ရတယ်။ ဒါပေမဲ့ သူ့နေရာမှာ နေလိုက်ကြည့်။ သူ့အခြေအနေကိုယ်သိတာပေါ့။ ဦးဆောင်တဲ့လူတစ်ယောက်မှာ အဲဒီအင်အားတွေဟာ လိုအပ်တယ်။ ဒါကြောင့်လည်း Great Man Theory ဟာ အခုချိန်မှာ ခေတ်မစားတော့ဘူး။ ဒါပေမဲ့ အခုပြောခဲ့တဲ့ အရည်အချင်းတွေအားလုံး တစ်ယောက်တည်းမှာရှိဖို့ တော်တော်ခက်တယ်။ အဲဒါကြောင့် အခုနောက်ပိုင်းပြောလာတာက Team Leadership အဖွဲ့အစည်းတွေမှာ တစ်ဦးတစ်ယောက်တည်း Leadership လုပ်နေလို့ တစ်ယောက်တည်းမှာ မပြည့်စုံနိုင်ဘူး။ ဒါတွေအားလုံး မဖြစ်နိုင်ဘူး။ အင်မတန်ရှားပါးတဲ့အရည်အချင်းတွေ တစ်ဦးတစ်ယောက်တည်းမှာစုဖို့ဆိုတာ မမျှော်လင့်သင့်ဘူး။ ဒါဆိုလို့ရှိရင် ဥပမာ–လူလေးယောက်ရှိတယ်။ တစ်ယောက်ချင်းစီရဲ့အားတွေကို ပေါင်းစပ်လိုက်ရင်တော့ အဖွဲ့အစည်းအတွက် ကောင်းတယ်။ ဆရာတို့ကတော့ Team Leadership ကို အားပေးတယ်။ ဆရာဟောပြောပွဲတွေမှာလည်း ဥပမာပေးလေ့ရှိတယ်။

ဥပမာ–ဆောင်းခိုငှက်တွေ ပျံလာတဲ့အခါမှာ ကောင်းကင်ကိုကြည့်လိုက်ရင် V-Shape နဲ့ ပျံလာတာ တွေ့ရတယ်။ ထိပ်ဆုံးက ဦးဆောင်ပျံသန်းလာတဲ့ တစ်ကောင်ကို တွေ့ရမယ်။ ဒါဟာ Leadership ကိုတွေ့ရတာပဲ။ ဟိုးမိုင်ထောင်ချီပြီး ပျံလာတဲ့ငှက်တွေဟာ တစ်ကောင်တည်းရှေ့မှာ ဘယ်တော့မှ အမြဲတမ်းမနေဘူး။ အလှည့်ကျနေတာ။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့မှာနေတဲ့တစ်ကောင်တည်းဟာ Air Flow ပေါ့။ လေထုရဲ့ စီးဆင်းမှုကို သူက ထိပ်က ခံရတာ။ သူခံလိုက်တဲ့အတွက် V-Shape လုပ်ထားတဲ့ ကျန်တဲ့အကောင်တွေက သက်သာတယ်။ တဖြည်းဖြည်း နောက်ဆုံးကောင်က ဘာမှအခံမရှိတော့ဘူး။ ဒါပေမဲ့ အားလုံးကို ထိပ်ကကောင်မှာ သွားစုတာ။ ကြာရင် မခံနိုင်ဘူး။ ငှက်တွေမှာလည်း လဲကြတာပဲ။ ဒုတိယကောင်၊ တတိယကောင် ဟုတ်ချင်မှဟုတ်မယ်။ ဒီအုပ်စုထဲမှာ အားရှိတဲ့ကောင်၊ သင့်တော်တဲ့ကောင်မှ အလှည့်ကျတတ်တာ။ ဆရာထင်တယ် လုပ်ငန်းအဖွဲ့အစည်းတွေမှာလည်း ဒါဟာ ရှိသင့်တာပဲ။ နောက်တစ်ခုက တင်စားပြီးပြောတာဖြစ်ချင်ဖြစ်မယ်။ နောက်က ငှက်တွေဆီက အသံတွေကြားနေရတယ်။ နောက်အကောင်တွေက အော်နေတယ်။ ဒီအကောင်တွေ ဘာကြောင့်အော်လဲဆိုတော့ အရှေ့ကကောင်တွေကို အားပေးတာတဲ့။ မင်းအရှေ့ကနေရင် တို့က နောက်က အားပေးမယ်။ တို့မနာလိုလည်း မဖြစ်ဘူး။ လူတွေလို မဟုတ်ဘူး၊ လူတွေက အနောက်က လက်ထဲမှာ ဓားနဲ့ ကျောကိုထိုးဖို့ အဆင်သင့်ရှိတယ်။ ငှက်တွေက ဒီလိုမဟုတ်ဘူး။ နောက်ကနေ အားပေးတယ်။ ဒါက တကယ်စဉ်းစားဖို့လိုတယ်။

နောက်တစ်ခုက ဆရာတို့ပြောလေ့ရှိတဲ့ Slavery Leadership။ ဒီဦးဆောင်တဲ့လူဟာ အစေခံ။ ရင့်ရင့်သီးသီးပြောရင် ကျွန်လို့ပြောတာ။ ကျွန်ဆန်တဲ့ဦးဆောင်မှု။ ကျွန်ဆိုရင် သခင်က ဘယ်သူလဲ။ ဦးဆောင်တဲ့သူက ကျွန်ဖြစ်နေရင် သခင်က ဝန်ထမ်းတွေ။ အဲဒီလိုမြင်ဖို့ကောင်းတာ။ အစိုးရရုံးတွေ၊ လုပ်ငန်းတွေမှာ ကိုယ်က ကျွန်ဖြစ်ရင် သခင်တွေက ဘယ်သူလဲ ပြည်သူပဲ။ ကုမ္ပဏီတွေမှာ ကိုယ်ကကျွန်ဖြစ်ရင် သခင်တွေက ဘယ်သူတွေလဲဆိုရင် ကိုယ့်ဆီ ကပစ္စည်းတွေ လာဝယ်တဲ့သူတွေ။ အဲဒီလိုဆိုရင် ပုံစံက တစ်မျိုးပြောင်းသွားတယ်။ ကျွန်နဲ့သခင်ရဲ့ Relationship။ သခင်ခိုင်းသမျှ ကျွန်ကလုပ်ရတယ်။ ပြန်လည်း မပြောရဲဘူး။ ပြောဖို့လည်း အခွင့်အရေးမရှိဘူး။ အဲတော့ Leader တွေက အဲဒီလောက် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချမှုဖြစ်မှာ။ ငါ ဘာမှ မဟုတ်သေးဘူး။ ငါလည်း သူ့လိုပဲဆိုတဲ့ နှိမ့်ချရမယ်။ ဒီ Slavery Leadership က ခရစ်ယာန်ဘာသာ အယူအဆကလာတာ။ သခင်ယေရှုက ငါသည် မင်းတို့အားလုံးရဲ့ ကျွန်လို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်တယ်။ ဘာသာရေးတူတာ၊ မတူတာက အရေးမကြီးဘူး။ ဒါဟာ အားလုံးလက်ခံနိုင်တဲ့ အယူအဆတစ်ခုပါ။ ဒါကြောင့် ဝန်ထမ်းဆိုတဲ့စကားလုံးဟာ ဝန်တွေကိုထမ်းတဲ့လူ။ ဝန်ကြီး၊ ဝန်တွေကို အကြီးကြီးယူတဲ့သူ။ အဓိပ္ပာယ်က Service ကိုပြောတာ။ Leader ဟာ ကိုယ့်ကိုယ်ကိုယ် ငါသည် အများအတွက်ပေါ့။ သတိထားရမှာက နှိမ့်ချတဲ့အတွက် မဟုတ်တာကိုလည်း လက်ခံတာမဟုတ်ဘူး။ တစ်ဖက်ကလည်း သတိရှိတယ်။ Leadership Paradox လို့ခေါ်တယ်။ ဝိရောဓိပေါ့။ တစ်

www.foreverspace.com.mm

ဖက်က နူးညံ့တယ်။ နှိမ့်ချတယ်။ သူများကို အောက်ကျခံတယ်။ ဒါပေမဲ့ ကိုယ့်ပညာနဲ့ပတ်သက်လို့ လုံးဝအထိမခံဘူး။ လာပြောရင် ဆတ်ဆတ်ထိမခံ၊ လာပြောရင် မြွေဟောက်လိုပေါက်တယ်။ တစ်ချိန်တည်း လူတစ်ယောက်မှာ အကြမ်းနဲ့အနုပေါ့။ ဒါကို Manage လုပ်တတ်ရမယ်။ Leadership Paradox ပေါ့။

Leadership က တစ်ဖက်က မာရမယ်။ မာရမယ်ဆိုတာ ပြတ်သားရမယ်။ တိကျရမယ်။ တစ်ဖက်ကလည်း ပျော့ပျောင်းရမယ်။ ဒါကြောင့် တချို့က Leadership ကို Very Rare ပေါ့။ အင်မတန် ရှားတယ်ပေါ့။ ဘာကြောင့်လဲဆိုတော့ ဒီအရည်အချင်းတွေနဲ့ပြည့်စုံနိုင်ဖို့ဆိုတာမလွယ်ဘူး။ နောက်တစ်ခုက Leader ဟာ မှန်နဲ့ပြတင်းပေါက်ကို သုံးတာ။ လုပ်ငန်းတစ်ခုမှာ Leader ဟာ လုပ်ငန်းအောင်မြင်ရင် ပြတင်းပေါက်ကိုကြည့်ပြီး ဝန်ထမ်းတွေအားလုံးကြောင့်။ တစ်ခုခုအဆင်မပြေဘူးဆိုရင် Leader က ငါ့ကြောင့်။ ဦးဆောင်မှုပုံစံက အဲဒီလိုဖြစ်တယ်။ အောင်မြင်မှုဟာ အားလုံးကြောင့်၊ အခက်အခဲဟာ ငါ့မှာတာဝန်ရှိတယ်။ လူတော်တော်များများဟာ အဲဒီလိုမှ မဟုတ်တာ။ အောင်မြင်တယ်ဆိုရင် မှန်ထုတ်ကြည့်တယ်။ ငါ့ကြောင့်။ မအောင်မြင်ရင်တော့ မင်းတို့ကြောင့်။ မင်းတို့ငါခိုင်းထားတာ မင်းတို့မလုပ်လို့။ ဆရာတို့ အဲဒီ Management Style ဟန်ပေါ့။ Leadership ဟန် စဉ်းစားဖို့လိုတယ်။ အဲတော့ ဆရာတို့အနေနဲ့ Leadership အရည်အချင်း ဘာရှိလဲလို့မေးရင် အများကြီးစဉ်းစားလို့ရတယ်။ Leader Manager ရှိသေးတယ်။ ဦးဆောင်ဖို့လိုသလို စီမံဖို့လိုတယ်။ ဦးဆောင်နေပြီး မစီမံတတ်ရင်လည်း လုံးဝဖရိုဖရဲဖြစ်တယ်။ စီမံပြီး မဦးဆောင်ရင်လည်း လုပ်ငန်းက ဒီမှာပဲရပ်နေမှာ။ ရှေ့သွားဖို့ခက်တယ်။ တိကျတယ်၊ မှန်ကန်တယ်လုပ်နေတယ်၊ လုပ်သင့်လုပ်ထိုက်တာတွေကို။ ဒါပေမဲ့ ဘယ်သွားမလဲဆိုတာ မစဉ်းစားဘူး။ သိပ်မသိဘူး။ ဦးဆောင်တာရော၊ စီမံတာရော နှစ်ခုလုံးလုပ်ရမယ်။ လုပ်ငန်းတွေ၊ ကုမ္ပဏီတွေမှာ Leader Manager ရှိရမယ်။

**L.C ။ ။ နောက်လိုက်တွေမကောင်းတဲ့အခါမှာ အရှေ့က ဦးဆောင်တဲ့သူအဖို့ ပင်ပန်းတာမျိုးတွေ့ရတတ်တယ်။ နောက်လိုက်ကောင်းဖြစ်ဖို့အတွက်ကျတော့ရော ဘာတွေ လိုပါသလဲ။**

**Dr.ATT ။ ။** နောက်လိုက်ကို ပုံဖော်တဲ့အခါမှာ ဒါလည်း မြန်မာပြည်အတွက် စဉ်းစားဖို့ကောင်းတယ်။ နောက်လိုက်ကို ပုံဖော်တာ ငါးမျိုးရှိတယ်။ အဲဒီငါးခုက ဘာကိုအခြေခံလဲဆိုရင် နောက်လိုက်လုပ်သူက စဉ်းစားတတ်လား၊ မစဉ်းစားတတ်လား။ Thinking ပေါ့။ တချို့တွေက ဘာမှ မစဉ်းစားတော့ဘူး။ ပေးထားတဲ့အမိန့်ကို တစ်သဝေမတိမ်းလိုက်နာတဲ့သူရှိတယ်။ ပြောထားတဲ့ ကိစ္စကို အားလုံး ၏သည် မရွေး လက်ခံတယ်။ ကိုယ့်ဟာကိုယ် စဉ်းစားပြီး တွေးခေါ်တာမဟုတ်ဘူး။ တချို့နောက်လိုက်ကျတော့ တွေးတယ်။ ပြောသမျှအားလုံးကို ချင့်ချိန်တယ်။ ကိုယ့်အတွေ့အကြုံ၊ ကိုယ့်ပညာနဲ့ ဆင်ခြင်တယ်။

နောက်တစ်မျိုးက စိတ်ပါတဲ့သူနဲ့ စိတ်မပါတဲ့သူ။ ဆရာ အကြမ်းဖျင်းပြောတာနော်။ တချို့နောက်လိုက်တွေက အစည်းအဝေးတွေတက်တယ်။ သူတို့နဲ့မဆိုင်သလိုပဲ။ တချို့ကျတော့ စိတ်ပါတယ်။ ဆွေးနွေးတယ်။ သူများကိစ္စဟာ ကိုယ့်ကိစ္စလိုပဲ။ အဲဒီအပေါ်မှာ မူတည်ပြီးတော့ အကြမ်းဖျင်းလေးမျိုးရတယ်။ စိတ်မပါတဲ့သူရယ်၊ မစဉ်းစားတဲ့သူရယ်။ အဲဒီလူကို ဆရာတို့က သိုးလို့ခေါ်တယ်။ နောက်လိုက်တွေမှာ သိုးနဲ့တူတဲ့ နောက်လိုက်တွေရှိတယ်။ သိုးလိုပဲ မြက်စားဖို့ပဲရှိတယ်။ တချို့လုပ်ငန်းတွေမှာ လခရဖို့ပဲသိတယ်။ သိုးတွေရဲ့ပြဿနာက ဘာရှိလဲဆိုတော့ နောက်ကလိုက်လွန်းကြီးတော့ ရှေ့က ထောင်ချောက်ထဲကျရင်လည်း နောက်ကို လိုက်တာပဲ။ တချို့ကျတော့ မပါဘူးစဉ်းစားတတ်တယ်။ အစည်းအဝေးမှာ သူများပြောတာကို ကြည့်နေတယ်။ သူ့ခေါင်းထဲမှာ အကြံ အများကြီးရှိတယ်။ သူ့သာမေးရင် သူပြောနိုင်တယ်။ ဒါပေမဲ့ သူမပါဘူး။ အဲဒါကျတော့ တခြားကမ္ဘာကလာတဲ့ ဂြိုဟ်သားလို့ ပြောတယ်။

နောက်တစ်မျိုးက အစည်းအဝေးတွေတက်တယ်။ ဆွေးနွေးတယ်။ ဒါပေမဲ့ သူ့ကိုယ်ပိုင်အတွေး ဘာမှမရှိဘူး။ အဲဒါ ဘာလို့ခေါ်လဲဆိုတော့ Yes, Sir ပေါ့။ လူကြီးပြောရင် ဟုတ်တယ်၊ မှန် တယ်၊ ကောင်းတယ်။ ပြီးတော့ ဆရာတို့လိုချင်တဲ့သူ။ စဉ်းလည်းစဉ်းစားတယ်။ ပါလည်းပါတယ်။ အဲဒါထိရောက်တဲ့သူ။ ကုမ္ပဏီ

**နောက်တစ်မျိုးက အစည်းအဝေးတွေ တက်တယ်။ ဆွေးနွေးတယ်။ ဒါပေမဲ့ သူ ကိုယ်ပိုင်အတွေး ဘာမှမရှိဘူး။ အဲဒါဘာလို့ ခေါ်လဲဆိုတော့ Yes, Sir ပေါ့။ လူကြီး ပြောရင် ဟုတ်တယ်၊ မှန်တယ်၊ ကောင်း တယ်။ ပြီးတော့ ဆရာတို့လိုချင်တဲ့သူ။ စဉ်းလည်းစဉ်းစားတယ်။ ပါလည်းပါတယ်။ အဲဒါထိရောက်တဲ့သူ။ ကုမ္ပဏီတစ်ခုမှာ အဲဒီ လူမျိုးများရင် အဲဒီကုမ္ပဏီအောင်မြင်တယ်။ မြန်မာနိုင်ငံမှာရှိတဲ့လုပ်ငန်းတွေကို ကြည့် လိုက်တဲ့အခါမှာ Yes, Sir တွေက များတယ်။**

www.foreverspace.com.mm

တစ်ခုမှာ အဲဒီလူမျိုးများရင် အဲဒီကုမ္ပဏီအောင်မြင်တယ်။ မြန်မာနိုင်ငံမှာရှိတဲ့လုပ်ငန်းတွေကို ကြည့်လိုက်တဲ့အခါမှာ Yes, Sir တွေက များတယ်။

နောက်ဆုံးငါးခုမြောက်က ရှင်သန်ဖို့အတွက်ပဲ စဉ်းစားတဲ့သူ။ သိပ်လည်း မစဉ်းစားဘူး။ သိပ်လည်းမပါဘူး။ ဒီလူတွေက ဘာလဲဆိုတော့ မလုပ်၊ မရှုပ်၊ မပြုတ်တွေ။ ဆရာထင်တယ်၊ တိုင်းပြည်မှာ စနစ်ကများတယ်၊ ငါ့မှာတာဝန်ရှိတယ်၊ ငါ့လူကြီးအောင်မြင်ဖို့ရာ ငါ့မှာလည်း တာဝန်ရှိတယ်၊ အဲဒီလိုအတွေးနည်းတဲ့သူ။ အဲတော့ နောက်လိုက်ပုံစံငါးခုရှိတဲ့အခါမှာ ထိရောက်တဲ့ နောက်လိုက်ရှိဖို့အတွက်ကတော့ ကိုယ့်ရဲ့အတွေး၊ ကိုယ့်ရဲ့အယူအဆတွေကို တင်ပြဖို့လိုတယ်။ ဒီမှာလည်း ဆရာထင်တယ်။ ပညာရေးစနစ်နဲ့ဆိုင်တယ်။ အလွတ်ကျက်ပြီး အာဂုံဆောင်နိုင်တာမဟုတ်ဘဲနဲ့။ ကိုယ့်ရဲ့ကိုယ်ပိုင်စိတ်ကူးစိတ်သန်းနဲ့ တီထွင်နိုင်ဖို့လိုတယ်။ အဲဒီအကျင့်ကို ပြုစုပေးဖို့လည်းလိုမယ်။ အဲတော့ ကုမ္ပဏီတစ်ခုလုပ်ငန်းတစ်ခုရဲ့ ရည်ရွယ်ချက်နဲ့ ဝန်ထမ်းတွေရဲ့ ဦးတည်ချက် ဟန်ချက်ညီသွားရင် ဒီအဖွဲ့အစည်းအောင်မြင်တယ်။

တော်တော်များများ ဆရာတို့ဆီမှာ ခက်နေတာက အဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်ကိုပဲ ဝန်ထမ်းတွေက မျက်စိမှိတ်လုပ်နေရတယ်။ ဖြစ်သင့်တာတော့ ဝန်ထမ်းတစ်ဦးချင်းရဲ့ ရည်ရွယ်ချက်လည်း ပြည့်အောင်လုပ်ရင်းနဲ့ အဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်လည်း ပြည့်တယ်ဆိုရင် ဒါဟန်သွားပြီ။ ထိုနည်းမဟုတ် အဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်ကို ပြည့်အောင်လုပ်ရင်း ဝန်ထမ်းရဲ့ ရည်ရွယ်ချက်လည်း ပြည့်အောင်လုပ်ပေးရတယ်။ အခုသမားရိုးကျတွေးတာကတော့ ဝန်ထမ်းရည်ရွယ်ချက်က လခရဖို့ပဲ။ ကျန်တာ ဘာမှမစဉ်းစားဘူး။ ဟုတ်မှမဟုတ်တာ။ ပညာတတ်တဲ့လူငယ်တွေရဲ့ အတွေးအခေါ်တွေက ကိုယ့်ရဲ့အရည်အသွေး တိုးတက်ချင်တယ်။ ပညာတတ်ချင်တယ်။ ဖွံ့ဖြိုးချင်တယ်။ ကိုယ်လုပ်နိုင်တာထက် ပိုလုပ်ချင်တဲ့ဆန္ဒတွေရှိနေတဲ့အချိန်မှာ လခကြီးတိုးပေးလို့ မကျေနပ်ဘူးလေ။ ကိုယ်က လခစဉ်းစားနေတဲ့သူမဟုတ်ဘူး။ ကိုယ့်မှာ ကိုယ့်ပညာနဲ့ပတ်သက်လို့ တိုးတက်ချင်တာ။ ဒါမျိုးတွေရှိတော့ ဦးဆောင်တဲ့သူ၊ တာဝန်ရှိတဲ့သူက အချိန်တိုင်းမေးနေရမယ်။ သိအောင်လုပ်နေရမယ်။ တစ်ယောက်နဲ့တစ်ယောက် ရည်ရွယ်ချက်မတူဘူးလေ။ အရင်တုန်းက လက်ခံတာက ဝန်ထမ်းတွေအားလုံးမှာ ရည်ရွယ် ချက်တစ်ခုတည်းရှိတယ်။ အဲဒါ ဘာလဲဆိုရင် လခ၊ ဘောနပ်စ်၊ Promotion ။ အဲဒီလိုမှ မဟုတ်တာ။ တချို့က Promotion တောင်မယူဘူး။ UN မှာ သိပ်တွေ့ရတာ။ Promotion ယူလိုက်လို့ ကိုယ်စိတ်မပါတဲ့အလုပ်လုပ်ရရင် Promotion က မတန်ဘူးလေ။ အခုတွေးတဲ့ အတွေးအခေါ်တွေက အရင် ၁၈ ရာစုလောက်က အတွေးအခေါ်တွေ။

လူတစ်ယောက်ယောက်ဟာ အလုပ်ဝင်ရင် ထိပ်ဆုံးကို လှေကားထစ်တက်သလို တက်ချင်တယ်ပေါ့။ အရင်တုန်းက ဒုတိယလက်ထောက်၊ လက်ထောက် အဲဒီလိုတက်သွားတာ။ အခု အဲဒီလိုမဟုတ်တော့ဘူး။ ကိုယ်စိတ်ဝင်စားရင် ဘေးတိုက်ရွှေ့ရင် ရွှေ့မယ်။ လိုအပ်လို့ရှိရင် အောက်ဆင်းရင်ဆင်းမယ်။ ဒီအလုပ်ကိုစိတ်ဝင်စားတာကိုး။ လုပ်ခလစာက အရေးမကြီးဘူး။ ဝန်ထမ်းတွေ၊ ကြီးကြပ်တဲ့လူကြီးတွေ သိဖို့ကောင်းတယ်။ ၂၀၁၀ ရွေးကောက်ပွဲအကြောင်းကို ပြောနေတာကလည်းတစ်ပိုင်း။ အခြေခံ Fundamental တွေကိုလည်း ဆွေးနွေးဖို့ကောင်းတယ်။ တကယ်ကို ဈေးကွက်စီးပွားရေး အပြိုင်ဖြစ်ရင် ဒီကိစ္စတွေက စဉ်းစားဖို့လိုတယ်။ ပြန်သုံးသပ်ရင် တွေးတာတွေ ခေါ်တာတွေ ပြောင်းသွားရတော့မှာ။

**L.C ။ ။ လူ့အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုက သူ့မှာတော့ ခေါင်းဆောင်ရှိတယ်။ သူ့မှာတော့ ခေါင်းဆောင်တွေရှားတယ်။ အဲဒါမျိုးတွေရှိလား။ အဲဒါဘာကြောင့်ပါလဲ။**

**Dr.ATT** ။ ။ ဦးဆောင်တဲ့ပုံစံက နေရာတိုင်းမှာရှိနေရင် ဥပမာ–ကျောင်းတွေမှာရှိမယ်။ ဘာသာရေးအဖွဲ့အစည်းတွေမှာ ရှိတယ်။ ရပ်ကွက်မှာလည်း ဦးဆောင်လာတယ်။ အဲတော့ ဦးဆောင်နိုင်တဲ့အခွင့်အရေးဟာ ပြန့်နေရင် တစ်ဦးတစ်ယောက်တည်း စွန့်ပြီး ဦးဆောင်တဲ့ပုံစံက လျော့သွားတယ်။ ဥပမာ–အဓိပ္ပာယ်က ချမ်းသာတဲ့နိုင်ငံတွေမှာ တစ်ယောက်တည်း ဦးဆောင်တာထက် ဥပမာ–အိုဘားမားက သမ္မတဖြစ်ပေမယ့် ဆီးနိတ်တာကလည်း သူ့နေရာနဲ့သူတာဝန်ရှိတယ်။ စီးပွားရေးသမားကလည်း သူ့နေရာနဲ့သူတာဝန်ရှိတယ်။ ကာကွယ်ရေးတာဝန်ယူတဲ့ ဗိုလ်ချုပ်ကြီးကလည်း သူ့နေရာနဲ့သူတာဝန်ရှိတယ်။ နေရာတိုင်းမှာ ဦးဆောင်တဲ့ အခွင့်အရေးပေးထားတော့ တစ်ယောက်တည်းချွန်ပြီး ထွက်လာတဲ့ ခေါင်းဆောင်မှုပုံစံဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ အတွေ့နည်းတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ အခုလို Leadership က မပျံ့နေဘူး။ တစ်နေရာ တစ်ဦးတည်းမှာပဲ သွားစုတယ်ဆိုတာ တွေ့ရတယ်။ အီဂျစ်လိုနိုင်ငံမှာ မူဘာရက်၊ အီရတ်မှာဆို ဆက်ဒမ်၊ အလားတူ ကျူးဘားနိုင်ငံ၊ မြောက်ကိုရီးယား၊ အင်ဒိုနီးရှားမှာဆို ဆူဟာတို၊ ဇင်ဘာဘွေမှာဆိုရင် မူဂါဘီ။ အများမြင်သာထင်သာတဲ့ ထိုးထောင်နေတဲ့ခေါင်းဆောင်တွေ။ ဘာကြောင့် ဒီလိုဖြစ်နေတာလဲဆိုရင် နိုင်ငံရဲ့ရင့်ကျက်မှုလိုတယ်လို့ ပြောတယ်။

အဆင့်မြင့်တဲ့နိုင်ငံတွေမှာဆိုရင် ဦးဆောင်တဲ့သူက တစ်နေရာတည်းဦးဆောင်တာမျိုးမဟုတ်တော့ဘူး။ သူ့နေရာနဲ့သူ ဦးဆောင်ကြတယ်။ တက္ကသိုလ်ဦးဆောင်တဲ့သူကလည်း ခေါင်းဆောင်၊ ဆေးရုံကို ဦးဆောင်တဲ့သူကလည်း ကမ္ဘာကျော်။ အဲတော့ သူ့နေရာနဲ့သူ Leadership တွေက အများကြီးပဲ။ ဆိုတဲ့အခါမှာ ဆရာတို့အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ မရှိတော့ဘူးလို့ ပြောကြတယ်။

**ကျော်ဇေယျာထွန်း**

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .

၇၈ နျူကလီးယားစွမ်းအင်နှင့် နိုင်ငံတကာအသွင်အပြင်
၉၀ ဦးဆောင်မှု အယူအဆအမှားများ
၉၄ အောင်မြင်သောကုမ္ပဏီတို့၏ ဝိသေသလက္ခဏာများ

# နျူကလီးယားစွမ်းအင်နှင့် နိုင်ငံတကာအသွင်အပြင်


မောင်ခေတ်

## နျူကလီးယားခေတ်ထူထောင်လာမှုများ

ကမ္ဘာ့နျူကလီးယားစွမ်းအင် အသုံးပြုလာမှုများသည် အလျင်အမြန် တိုးတက်လျက်ရှိကြောင်းတွေ့ရသည်။ ၁၉၆၀ နှစ်ပိုင်းလောက်တွင် 1 gigawatt (GW) ခန့်သာ အသုံးပြုနေရာမှ ၁၉၇၀ တွင် 100 GW အထိ၊ ၁၉၈၀ တွင် 300 GW အထိ သုံးစွဲလာကြောင်း တွေ့ရသည်။ ၁၉၈၀ နောက်ပိုင်းတွင် တိုးတက်သုံးစွဲမှုနှုန်း ကျဆင်းသွားသည်။ ၂၀၀၅ တွင် 366 GW အထိသာ သုံးစွဲကြောင်း တွေ့ရသည်။ ၁၉၇၀ ဇန်နဝါရီလတွင် ကမ္ဘာ့နျူကလီးယားစက်ရုံ သုံးပုံနှစ်ပုံခန့် ရပ်ဆိုင်းသွားခဲ့သည်။ ၁၉၇၅ မှ ၁၉၈၀ အတွင်း အမေရိကန်နိုင်ငံတစ်ခုတည်းမှာပင် နျူကလီးယားဌာနပေါင်း ၆၃ ခုကို ဖျက်သိမ်းခဲ့ကြောင်း တွေ့ရသည်။

၁၉၇၃ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် ရေနံအကျပ်အတည်းသည် နိုင်ငံအတော်များများသို့ ဂယက်ရိုက်ခတ်ခဲ့သည်။ ဥပမာ– ပြင်သစ်နှင့် ဂျပန်တို့တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် ရေနံကိုသာ အဓိက အားထားနေခဲ့ရသည်။ (၃၉ ရာခိုင်နှုန်းနှင့် ၇၃ ရာခိုင်နှုန်း)။ သို့ဖြစ်ရာ နျူကလီးယားစွမ်းအင်ထုတ်လုပ်ရန်အတွက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာကြသည်။ ယနေ့ ပြင်သစ်နှင့် ဂျပန်တို့တွင် (၈၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်း) လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို နျူကလီးယားစွမ်းအင်ဖြင့် အသုံးပြုနေကြသည်။

တစ်ချိန်တည်းမှာပင် နျူကလီးယား



www.foreverspace.com.mm



ထုတ်လုပ်မှုကို ဆန့်ကျင်သည့်အဖွဲ့အစည်းများကလည်း ၂၀ ရာစုနှောင်းပိုင်းတွင် ပိုပြီးပြင်းထန်လာသည်။ အထူးသဖြင့် နျူကလီးယားမတော်တဆဖြစ်မှု၊ ရေဒီယိုဓာတ်သတ္တိများယိုစိမ့်မှု၊ နျူကလီးယားစွန့်ပစ်ပစ္စည်းများအန္တရာယ်၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်သိမ်းဆည်းမှုပြဿနာများကို အကြောင်းရှာပြီး ဝေဖန်တိုက်ခိုက်မှုများကို ပြုလုပ်လာကြသည်။ အထူးသဖြင့် ပြည်သူများ၏အသက်အန္တရာယ်နှင့် ကျန်းမာရေးကိုအကြောင်းပြကာ ဆန့်ကျင်လာကြသည်။

၁၉၇၉ ခုနှစ်တွင် Three Miles ကျွန်း၊ ၁၉၈၆ ခုနှစ်တွင် ချာနိုဘိုင်း နျူကလီးယားစက်ရုံပေါက်ကွဲမှုတို့ကြောင့် နိုင်ငံအမြောက်အမြားတွင် နျူကလီးယားထုတ်လုပ်မှုများ ရပ်ဆိုင်းခဲ့ကြသည်။ ထိုအချိန်က ရပ်ဆိုင်းရခြင်းမှာ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးတွင် အသုံးပြုမှုနည်းသေးသောကြောင့်ဟူ၍ ဘရွတ်ကင်းတက္ကသိုလ်မှ ပညာရှင်များက သုံးသပ်ကြသည်။

## နျူကလီးယားစွမ်းအား အသုံးပြုခြင်း

Nuclear Power ဟုဆိုလိုက်လျှင် ထိုစွမ်းအင်ကို ထုတ်လုပ်ရေးထက် ထိန်းချုပ်ရေးအတွက် အပြုသဘောဖြင့် စဉ်းစားသုံးသပ်တတ်ကြသည်။ ယခုအခါ နျူကလီးယာစွမ်းအင်ကို အပူစွမ်းအင်အဖြစ်ပြောင်းလဲပြီး ရေနွေးငွေ့ထုတ်ကာ ရေနွေးငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ပြောင်းလဲခြင်းဖြင့် လူ့ဘောင်လောကအကျိုးရှိရေးအတွက် ကြိုးဆောင်ကြိုးပမ်းနေကြသည့်ခေတ်ကာလဟု ဆိုနိုင်သည်။

၂၀၀၉ ခုနှစ်တွင် ကမ္ဘာ့လျှပ်စစ်စွမ်းအင်၏ ၁၃ မှ ၁၄ ရာခိုင်နှုန်းခန့်ကို နျူကလီးယားစွမ်းအင်မှ ထုတ်ယူသုံးစွဲနေရသည်။ ရေတပ်သုံး သင်္ဘောကြီးပေါင်း ၁၅၀ ကျော်သည်လည်း နျူကလီးယားစွမ်းအင်ကို အသုံးပြုပြီးမောင်းနှင်နိုင်ရန် တည်ဆောက်ထားသည်။

၂၀၀၅ ခုနှစ်တွင် ကမ္ဘာ့စွမ်းအင် ၆ ဒသမ ၃ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှ ထုတ်ယူရရှိသည်။ ကမ္ဘာ့လျှပ်စစ်စွမ်းအင်ကို နျူကလီးယားစွမ်းအင်မှ ၁၅ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲခဲ့ရသည်။ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နှင့် ဂျပန် သုံးနိုင်ငံ စုစုပေါင်းမှာ နျူကလီးယား လျှပ်စစ်စွမ်းအင်ထုတ်ယူသုံးစွဲမှုပမာဏ ၅၆ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်လာသည်။ ၂၀၀၇ ခုနှစ်တွင် IAEA ၏အစီရင်ခံစာ၌ ကမ္ဘာ့နိုင်ငံပေါင်း ၃၁ နိုင်ငံတွင် လက်ရှိအသုံးပြုနေသည့် နျူကလီးယားဓာတ်ပေါင်းဖို ၄၃၉ လုံးရှိသည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာတွင် နျူကလီးယားလျှပ်စစ်စွမ်းအင်အထုတ်လုပ်ဆုံးနိုင်ငံဖြစ်ပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု စုစုပေါင်း၏ ၁၉ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။ ပြင်သစ်နိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် လျှပ်စစ်စွမ်းအင်ကို နျူကလီးယားမှ ထုတ်လုပ်မှုပမာဏမှာ ၈၀ ရာခိုင်နှုန်းရှိသည်။ ဥရောပသုံ့ဈေးအဖွဲ့ဝင်နိုင်ငံများတွင် နျူကလီးယားလျှပ်စစ်စွမ်းအင်ထုတ်ယူသုံးစွဲမှုမှာ ၃၀ ရာခိုင်နှုန်းဖြစ်သည်။

နျူကလီးယားစွမ်းအင်ဆိုင်ရာမူဝါဒများသည် ဥရောပသုံ့ဈေး အဖွဲ့ဝင်နိုင်ငံများအတွင်း ကွဲပြားလျက်ရှိသည်။ သြစတြီးယား၊ အက်စတိုးနီးယားနှင့် အိုင်ယာလန်နိုင်ငံများတွင် နျူကလီးယားစွမ်းအင်ဌာနများ မထားရှိပေ။ သို့သော် ပြင်သစ်နိုင်ငံတွင် နျူကလီးယားစက်ရုံပေါင်း ၁၆ ရုံခန့် ဆောက်လုပ်ထားပြီး သုံးစွဲနေသည်။ အမေရိကန်ပြည်ထောင်စုတွင် ၂၀၁၃ ခုနှစ်တွင် ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့မှ လျှပ်စစ်စွမ်းအင်ကို ဒေါ်လာ ၈၅ ဘီလီယံဖိုး ထုတ်ယူသုံးစွဲရန် လျာထားပြီး နျူကလီးယားလောင်စာစွမ်းအင်မှ ဒေါ်လာ ၁၈ ဘီလီယံဖိုး ထုတ်ယူသုံးစွဲရန်ရှိသည်ဟု ဆိုသည်။

စစ်တပ်နှင့် အရပ်ဘက်သုံး (ဥပမာ– ရေခဲပြင်ခွဲ သင်္ဘောကြီးများ) ကို နျူကလီးယားစွမ်းအင်ဖြင့် မောင်းနှင်အသုံးပြုကြသည်။ အာကာသသို့လွှတ်တင်သော ဒုံးယာဉ်အချို့တွင်လည်း နျူကလီးယားလောင်စာကန်များကို ထည့်သွင်းအသုံးပြုကြသည်။ ဥပမာ–ဆိုဗီယက်တို့၏ဒုံးပျံ RORSAT များနှင့် အမေရိကန်ပြည်ထောင်စုထုတ် SNAP-10A ဒုံးပျံများ ဖြစ်သည်။

## နျူကလီးယားစွမ်းအင်ပေါ်လစီ

နျူကလီးယားစွမ်းအင်ပေါ်လစီ (Nuclear Energy Policy) ဆိုသည်မှာ အမျိုးသားရေးဆိုင်ရာမူဝါဒ၊ နိုင်ငံတကာဆိုင်ရာမူဝါဒဖြစ်သည်။ နျူကလီးယားစွမ်းအင်အသုံးချရေး၊ သိုလှောင်ရေး၊ ထုတ်လုပ်ရေးနှင့်ပတ်သက်၍ မူဝါဒများစီမံချမှတ်လုပ်ဆောင်ခြင်းကို ခေါ်ဆိုပါသည်။ အစိုးရသည် နျူကလီးယားအရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာနှင့် သဘောတူစာချုပ်များချုပ်ဆိုရန်၊ နျူကလီးယားနည်းပညာ၊ နျူကလီးယားလျှပ်စစ်၊ နျူကလီးယားစွန့်ပစ်ပစ္စည်းနှင့် ယူရေနီယံထုတ်လုပ်မှုများအတွက် တာဝန်ယူခြင်း၊ အထောက်အပံ့ပေးခြင်းများကို ပြုလုပ်ပေးရသည်။

နျူကလီးယားစွမ်းအင်နှင့် နျူကလီးယား လက်နက်နည်းပညာများသည် ဆက်စပ်နေသဖြင့် စစ်တပ်ကလည်း မဖြစ်မနေပါဝင်ပတ်သက်နေရမှုများ ရှိနိုင်သည်။ နိုင်ငံတကာ နျူကလီးယားစွမ်းအင်ဆိုင်ရာပေါ်လစီများချမှတ်ရာတွင် နျူကလီးယားလက်နက်ပြန့်ပွားမည်ကို စိုးရိမ်သောကပွားစရာတစ်ခုအနေဖြင့် ထည့်သွင်းစဉ်းစားလေ့ရှိသည်။

## ကမ္ဘာ့နျူကလီးယားရုပ်ပုံလွှာ

၁၉၈၆ နှစ်နောက်ပိုင်းတွင် ချာနိုဘိုင်းအဏုမြူစက်ရုံပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အဏုမြူဓာတ်သတ္တိကြွမှုများကို ပြည်သူတို့ စိုးရိမ်ထိတ်လန့်လာခဲ့သည်။ နိုင်ငံအများအပြားတွင် နျူကလီးယားထုတ်လုပ်မှုကို ရပ်ဆိုင်းရန်အထိ ထည့်သွင်းစဉ်းစားလာကြသည်။ သို့သော် တိုးပွားလာသည့် လူဦးရေပြဿနာနှင့် လိုအပ်

www.foreverspace.com.mm

ဂလာသည့်လောင်စာစွမ်းအင်ပြဿနာ၊ ရှားပါးလာသည့်လောင်စာ၊ ဈေးနှုန်းများကြီးမြင့်လာမှု၊ ပတ်ဝန်းကျင်စိမ်းလန်းရေး ဖိအားပေးလာမှုတို့ကြောင့် နျူကလီးယားကို ပြန်လည်စိတ်ဝင်စားမှုပြုလာကြသည်။

၂၀၀၇ ခုနှစ်တွင် နျူကလီးယားစက်ရုံပိုင်ဆိုင်သည့် နိုင်ငံပေါင်း ၃၁ နိုင်ငံရှိလာသည်။ လျှပ်စစ်စွမ်းအား ပြည်ထွန်းကားရေးအတွက် လျှပ်စစ်စွမ်းအင်ထုတ်နိုင်ရန် နျူကလီးယားစွမ်းအင် အကြီးအကျယ် ထူထောင်နေကြသည့်အထဲတွင် တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ ရုရှားနှင့် ဥရောပနိုင်ငံအများအပြား ပါဝင်လာသည်။


နျူကလီးယားအများဆုံးထုတ်သုံးစွဲသည့်နိုင်ငံစာရင်းတွင် အမေရိကန်သည် ကမ္ဘာ့နျူကလီးယားသုံးစွဲမှုစုစုပေါင်း၏ ၂၈ ရာခိုင်နှုန်း၊ ပြင်သစ် ၁၈ ရာခိုင်နှုန်း၊ ဂျပန်က ၁၂ ရာခိုင်နှုန်း ရှိသည်။ ၂၀၀၇ တွင် ကမ္ဘာအနှံ့ နျူကလီးယားလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စက်ရုံပေါင်း ၄၃၉ ရုံရှိသည်။ ထိုစက်ရုံများမှထုတ်သည့် စုစုပေါင်းလျှပ်စစ်ဓာတ်အားမှာ ၃၅၁ gigawatts ရှိသည်။ IAEA ၏အစီရင်ခံစာအရ ၂၀၀၈ စက်တင်ဘာလတွင် နျူကလီးယားစွမ်းအင်သည် ကမ္ဘာ့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၁၂.၄ ရာခိုင်နှုန်းမှ ၁၄.၄ ရာခိုင်နှုန်းလောက်သာ ရှိသေးသည်။ ၂၀၃၀ လောက်အထိ အခြားစွမ်းအင်ကို အဖြေရှာမရသေးပါလျှင် နျူကလီးယားကိုသာ မှီခိုအားထားစရာအကြောင်း ရှိပါသည်။

ကမ္ဘာ့နျူကလီးယားပိုင်ဆိုင်သည့် နိုင်ငံစာရင်းတွင် အာဂျင်တီးနား၊ အာမေးနီးယား၊ ဘရာဇီးလ်၊ ဘူလ်ဂေးရီးယား၊ ကနေဒါ၊ တရုတ်၊ ချက်သမ္မတနိုင်ငံ၊ အီဂျစ်၊ ဖင်လန်၊ ပြင်သစ်၊ ဟန်ဂေရီ၊ အီတလီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရန်၊ အစ္စရေး၊ ဂျပန်၊ လစ်သူယေးနီးယား၊ မက္ကဆီကို၊ မြောက်ကိုရီးယား၊ ရိုမေးနီးယား၊ ရုရှား၊ ပါကစ္စတန်၊ ပိုလန်၊ ဆလိုဗေးကီးယား၊ ဆလိုဗေးနီးယား၊ တောင်အာဖရိက၊ တောင်ကိုရီးယား၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တရုတ် (တိုင်ပေ)၊ ယူကရိန်း၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ဗီယက်နမ် နိုင်ငံများ ဖြစ်သည်။ ထိုနိုင်ငံများတွင် နျူကလီးယားအဏုမြူဓာတ်ပေါင်းဖိုများဆောက်ပြီး အဏုမြူခေတ်ကို တည်ဆောက်နေကြသည်။ ဂျာမနီ၊ နယ်သာလင်၊ စပိန်နိုင်ငံများတွင် အဏုမြူဓာတ်ပေါင်းဖိုများ ရှိသော်လည်း ထပ်မံတိုးချဲ့ထုတ်လုပ်ခြင်း မပြုတော့ဘဲ ရပ်ဆိုင်းထားကြသည်။ ဘယ်လ်ဂျီယံနိုင်ငံသည် နျူကလီးယား မထုတ်ရေးဥပဒေပြဋ္ဌာန်းထားသည့်နိုင်ငံဖြစ်သည်။ သြစတီးယား၊ ဒိန်းမတ်၊ ဂရိ၊ အိုင်ယာလန်နှင့် နော်ဝေနိုင်ငံများတွင် နျူကလီးယားစက်ရုံတွေမဆောက်ရန် ဆုံးဖြတ်ထားကြပြီး နျူကလီးယားခေတ်ထူထောင်ရေးကို အပြင်းအထန် ဆန့်ကျင်ကန့်ကွက်နေကြသည့်နိုင်ငံတွေစာရင်းတွင် ပါဝင်ကြသည်။

## နိုင်ငံအလိုက် နျူကလီးယားအနေအထား

### အယ်လ်ဂျီးရီးယား

၁၉၅၅ ခုနှစ်ကတည်းက ဒရားရီးယားနှင့် အင်အော်ဆာရာဒေသများတွင်



www.foreverspace.com.mm

နျူကလီးယားဓာတ်ပေါင်းဖိုများဆောက်လုပ်ပြီး သုတေသနပြုနေသည်။ ၂၀၀၇ ဇန်နဝါရီတွင် ရုရှားနှင့်လည်းကောင်း၊ ၂၀၀၇ ဇွန်လ၌ အမေရိကန်ပြည်ထောင်စုနှင့်လည်းကောင်း၊ ၂၀၀၈ မတ်လတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်လည်းကောင်း ပူးပေါင်းလုပ်ဆောင်ရန် သဘောတူလက်မှတ်များရေးထိုးထားသည်။ ပြင်သစ်နှင့်လည်း ပူးပေါင်းလုပ်ဆောင်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

## အီဂျစ်

၁၉၆၄ ခုနှစ်တွင် 150 MWe နှင့် ၁၉၇၄ ခုနှစ်တွင် 600 MWe အထိထုတ်လုပ်နိုင်ရေးအတွက် နျူကလီးယားစက်ရုံများကို တည်ဆောက်ရန် လျာထားခဲ့သည်။ NPPA (Nuclear Power Plants Authority) စီမံအုပ်ချုပ်ရေးအဖွဲ့ကို ၁၉၇၆ ခုနှစ်တွင်ထူထောင်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် မက်ဒီတာရေးနီးယန်းကမ်းခြေ၌ El Dabaa စက်ရုံကို တည်ဆောက်ခဲ့သည်။ ပထမပိုင်းတွင် လျာထားချက်များကို အကောင်အထည်မဖော်နိုင်ခဲ့ရခြင်းမှာ ချာနိုဘိုင်းနျူကလီးယားပြဿနာကြောင့် ဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် အီဂျစ်သည် နျူကလီးယားစွမ်းအင်ကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ၁၀ နှစ်အတွင်း El Dabaa အရပ်၌ ၁,၀၀၀ မီဂါဝပ် နျူကလီးယားစက်ရုံကြီးတစ်ရုံကို ထူထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ စက်ရုံတန်ကြေးမှာ အမေရိကန် ၁ ဒသမ ၅ ဘီလီယံဖြစ်ပြီး နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများ၏ အထောက်အပံ့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် မတ်လတွင် အီဂျစ်သည် ရုရှားနှင့် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုကြရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

## ဂါနာ

၂၀၀၇ ခုနှစ် ဧပြီလတွင် ဂါနာအစိုးရသည် ရင်ဆိုင်နေရသည့် စွမ်းအင်ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် နျူကလီးယားစွမ်းအင်ထုတ်ထုတ်လုပ်မှုကို ပြုလုပ်တော့မည်ဟုကြေညာခဲ့သည်။ ၁၉၉၄ ခုနှစ်ကတည်းက တရုတ်အဖွဲ့နှင့်ပူးပေါင်းပြီး အဏုမြူဆိုင်ရာ သုတေသနများကို ပြုလုပ်ခဲ့သည်။

## လစ်ဗျား

၂၀၀၆ ခုနှစ်တွင် လစ်ဗျားနှင့် ပြင်သစ်တို့သည် အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေး ပူးတွဲလက်မှတ်ရေးထိုးကြသည်။ ၂၀၀၇ ဇူလိုင်တွင် ထပ်မံပြီး အလယ်အလတ်အရွယ်အစား နျူကလီးယားစက်ရုံကိုတည်ဆောက်ရန် သဘောတူစာချုပ်ချုပ်ဆိုကြပြန်သည်။

## မော်ရိုကို

မော်ရိုကိုနိုင်ငံတွင် 2 MW Triga အဏုမြူဓာတ်ပေါင်းဖိုတစ်ခုကို သုတေသနပြုလုပ်ရန်တည်ဆောက်ထားသည်။ အစိုးရအနေဖြင့် ၂၀၁၆–၂၀၁၇ တွင် Sidi Boulbra အရပ်တွင် နျူကလီးယားစက်ရုံတစ်ရုံကို ရုရှားနှင့် ပူးပေါင်းတည်ဆောက်ရန် စီစဉ်ထားသည်။ အတ္တလန္တိတ်ပင်လယ်ကမ်းခြေရှိ Tan-Tan အရပ်တွင် တရုတ်နှင့်ပူးပေါင်းပြီး နျူကလီးယားထုတ်လုပ်ရန်အတွက် အသုံးပြုရန် ရေချိုထုတ်လုပ်ရေးစက်ရုံတစ်ရုံကိုလည်း စီစဉ်ထားသည်။

## နိုင်ဂျီးရီးယား

၂၀၀၄ ခုနှစ်ကတည်းက တရုတ်သုတေသီများနှင့်ပူးပေါင်းပြီး Ahmadu Bello တက္ကသိုလ်တွင် နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရန် သုတေသနပြုလုပ်ခဲ့သည်။ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏အကူအညီဖြင့် 4000 MWe နျူကလီးယားစွမ်းအင်ကို ၂၀၂၇ ခုနှစ်တွင် ထုတ်လုပ်ရန်လျာထားသည်။ နိုင်ဂျီးရီးယားသည် ၂၀၁၁ တွင် စက်ရုံကို စတင်ဆောက်လုပ်ရန် စီစဉ်ထားပြီး ၂၀၁၇ တွင် စတင်ထုတ်နိုင်လိမ့်မည်ဟု ခန့်မှန်းထားသည်။ ၂၀၀၇ ဇူလိုင် ၂၇ ရက်နေ့တွင် နိုင်ဂျီးရီးယားသမ္မတ အူမာယူယာအဒေါကလည်း နိုင်ငံအတွင်း လျှပ်စစ်စွမ်းအင်တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အားပေးကူညီလျက်ရှိသည်။

## တောင်အာဖရိက

တောင်အာဖရိကနိုင်ငံသည် အာဖရိကတိုက်အတွင်း တစ်ခုတည်းသော နျူကလီးယားစက်ရုံရှိသည့်နိုင်ငံဖြစ်သည်။ လျှပ်စစ်စွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်သည့် Eskom သည် ၂၀၂၅ ခုနှစ်တွင် နျူကလီးယားစွမ်းအင် 20 GW ကို ထုတ်လုပ်နိုင်သည့်စက်ရုံတစ်ရုံကို တည်ဆောက်နိုင်ရန် စီစဉ်ထားသည်။ ယခုလက်ရှိဆောက်လုပ်နေသည့် မီဂါဝပ် ၃၃၀၀ နှင့် ၄၀၀၀ အထိထုတ်လုပ်နိုင်သည့်စက်ရုံမှာ ၂၀၁၇ ခုနှစ်တွင် ပြီးမည်ဖြစ်သည်။

## တူနီးရှား

တူနီးရှားသည် 600MWe နျူကလီးယားစက်ရုံတစ်ရုံကိုတည်ဆောက်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၂၀၀၆ ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံနှင့် ပူးပေါင်းပြီး နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေး လက်မှတ်ရေးထိုးခဲ့သည်။ နျူကလီးယားစွမ်းအင်နှင့် ရေချိုထုတ်လုပ်ရေးတို့ကိုလည်းဆောင်ရွက်ရန် စီစဉ်ထားသည်။

## အာမေးနီးယား

အာမေးနီးယားသည် ဆိုဗီယက်တို့ဒီဇိုင်းထုတ်ထားသည့် VVER-440 နျူကလီးယားစက်ရုံတစ်ရုံကို Metsamor အရပ်တွင် စတင်လည်ပတ်နေပြီဖြစ်သည်။ နိုင်ငံအတွင်း လျှပ်စစ်စွမ်းအင်လိုအပ်ချက်၏ ၄၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနေကြောင်းလည်း သိရသည်။ ဥရောပဘုံဈေးအဖွဲ့ဝင်နိုင်ငံများနှင့် တူရကီနိုင်ငံကလည်း အထောက်အပံ့ပေးလျက်ရှိသည်။ အာမေးနီးယားစွမ်းအင်ဝန်ကြီးကလည်း အမေရိကန်ဒေါ်လာ ၂ ဘီလီယံတန်ဖိုးရှိ 1000 MWe စွမ်းအင်ထုတ်လုပ်နိုင်စွမ်းရှိသော နျူကလီးယားစက်ရုံတစ်ရုံကို ရုရှား၊ အမေရိကန်၊

www.foreverspace.com.mm

IAEA တို့၏အကူအညီဖြင့် တည်ဆောက်ရန် စီစဉ်နေကြောင်း ထုတ်ပြန်ထားသည်။ အမေရိကန်နိုင်ငံကလည်း ပဏာမစုံစမ်းစစ်ဆေးမှုများပြုကာ အကူအညီပေးရန် စီစဉ်နေကြောင်း သိရသည်။

## ဘင်္ဂလားဒေ့ရှ်

၁၉၆၁ ခုနှစ်တွင် ပထမဦးဆုံး နျူကလီးယားစက်ရုံကို တည်ဆောက်ခဲ့သည်။ နောက်ပိုင်း ပရောဂျက်ပေါင်းများစွာကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ၂၀၀၁ တွင် ဘင်္ဂလားဒေ့ရှ် အမျိုးသားစွမ်းအင်စီမံချက်ကို စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၇ ဇွန်လ ၂၄ ရက်နေ့တွင် အစိုးရသည် နျူကလီးယားပါဝါဖြင့် လျှပ်စစ်ဓာတ်အားရှားပါးပြတ်လပ်မှုကို အစားထိုးဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ပက်နာအရပ်ရှိ Rooppur နျူကလီးယားစက်ရုံမှ ၂၀၁၅ ခုနှစ် တွင် 700 MW မှ 1000 MW အတွင်းထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

## တရုတ်

တရုတ်တွင် အဏုမြူဓာတ်ပေါင်းဖို ၁၁ လုံးလည်ပတ်လျက်ရှိပြီး နောက်ထပ် အလုံးပေါင်း ၂၀ ခန့် ထပ်မံဆောက်လုပ်လျက်ရှိကြောင်းသိရသည်။ အဏုမြူဓာတ်ပေါင်းဖိုပေါင်း အလုံး ၁၀၀ ခန့်ထူထောင်သွားမည်ဟုဆိုသည်။ ၂၀၂၀ တွင် 60 GWe ခန့် ထုတ်လုပ်ပြီး၊ ၂၀၃၀ တွင် 120 မှ 160 GWe အထိထုတ်လုပ်ရန် စီစဉ်ထားကြောင်းသိရသည်။

## ပင်လယ်ကွေ့ဒေသများ

ပင်လယ်ကွေ့ဒေသများကောင်စီတွင် (ကူဝိတ်၊ ဆော်ဒီအာရေးဘီးယား၊ ဘာရိန်း၊ အာရပ်စော်ဘွားများနိုင်ငံ (UAE)၊ ကာတာ နှင့် အိုမန်နိုင်ငံများ ပါဝင်သည်။ ထို ပူးပေါင်းကောင်စီမှာ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၇ ဖေဖော်ဝါရီတွင် IAEA နှင့်ပူးပေါင်းကာ ဒေသတွင်း နျူကလီးယားစွမ်းအင်အသုံးချရေး၊ ရေချိုထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်စီစဉ်ထားကြောင်း သိရသည်။

အာရပ်စော်ဘွားများနိုင်ငံအနေဖြင့် ၂၀၀၈ ဇူလိုင်လတွင် နျူကလီးယားစွမ်းအင်ပေါ်လစီကို လက်ခံခဲ့ပြီး ၂၀၀၉ အောက်တိုဘာ ၄ ရက်နေ့တွင် အမျိုးသားနျူကလီးယားစွမ်းအင်ဥပဒေကို ပြဋ္ဌာန်းခဲ့ကြသည်။ ဥပဒေနှင့် ပေါ်လစီအရ အာရပ်စော်ဘွားနိုင်ငံများ နျူကလီးယားစွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးကို သဘောတူလက်ခံခဲ့ကြသည်။ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံများနှင့်လည်း နျူကလီးယားကို ငြိမ်းချမ်းပြီး အကျိုးရှိသည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ၂၀၀၉ ဒီဇင်ဘာလတွင် အာရပ်စော်ဘွားများနိုင်ငံ(UAE) တွင် APR1400 အမျိုးအစားအဏုမြူဓာတ်ပေါင်းဖို လေးလုံး အပါအဝင် နျူကလီးယားစက်ရုံတစ်ရုံဆောက်လုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၂၀၁၇ ခုနှစ်တွင် ကိုရီးယားအီလက်ထရစ်ပါဝါမှ ပထမဦးဆုံး အဏုမြူဓာတ်ပေါင်းဖိုကို စတင်တည်ပေးမည်ဖြစ်သည်။ ထိုနျူကလီးယားစက်ရုံသည် ရူဝါရီမှ ၃၃ မိုင်အကွာ ဘရာကာအရပ်တွင်ဆောက်လုပ်မည် ဖြစ်သည်။


၂၀၀၈ မတ်လ ၂၉ ရက်နေ့တွင် ဘာရိန်းသဘောတူစာချုပ်ကို အမေရိကန်နှင့် နျူကလီးယားစွမ်းအင်ပူးပေါင်းဆောင်ရွက်ရန် ချုပ်ဆိုခဲ့ကြသည်။

## အိန္ဒိယ

အိန္ဒိယနိုင်ငံတွင် အဏုမြူဓာတ်ပေါင်းဖို ၁၇ လုံး ရှိသည်။ ၆ လုံးမှာ တည်ဆောက်ဆဲဖြစ်ပြီး နောက်ထပ် ၄ လုံး ထပ်ဆောက်ရန် စီစဉ်ထားသည်။ ၁၅ လုံးအထိ တိုးမြှင့်ဆောက်လုပ်ရန် လျာထားသည်။

## အင်ဒိုနီးရှား

၁၉၉၀ ပြည့်နှစ်လယ်ပိုင်းလောက်တွင် အင်ဒိုနီးရှားနိုင်ငံသည် နျူကလီးယားစွမ်းအင်စက်ရုံ ၁၂ ရုံခန့်အထိ ဆောက်လုပ်ရန်လျာထားသည်။ ထိုစီမံချက်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၏ ကန့်ကွက်ချက်ကြောင့်လည်းကောင်း၊ ၁၉၉၇ ခုနှစ်က ကျရောက်ခဲ့သည့် အာရှဒေသစီးပွားရေးအကျပ်အတည်းကြောင့်လည်းကောင်း ရွှေ့ဆိုင်းခဲ့ရသည်။ ၂၀၀၆ ခုနှစ်တွင် အင်ဒိုနီးရှားအစိုးရသည် နျူကလီးယားပါဝါစက်ရုံတစ်ရုံကို ဂျာဗားကျွန်းအလယ်ပိုင်း၊ ဂျပါရာအရပ်ရှိ မူရီယားကျွန်းဆွယ်တွင် ၂၀၁၅ ခုနှစ်၌ တည်ဆောက်မည်ဟုကြေညာခဲ့သည်။ သို့သော် ထို



www.foreverspace.com.mm

ဆုံးဖြတ်ချက်မှာ အတည်မဖြစ်သေးပေ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၏ အပြင်းအထန် ဝေဖန်ဆန့်ကျင်မှုကို ခံနေရသောကြောင့် ဖြစ်သည်။ ၂၀၀၇ ဇွန်လတွင် ဂိုရှန်တာလိုအရပ်တွင် ရုရှားလုပ် 70 MW ထုတ်လုပ်နိုင်သော ရေပေါ် နျူကလီးယားစွမ်းအင်စက်ရုံတစ်ရုံကို တည်ဆောက်မည်ဟု ကြေညာထားသည်။

## အီရန်

၁၉၇၀ ပြည့် နှစ်လယ်လောက်တွင် အီရန်နိုင်ငံသည် နျူကလီးယားစွမ်းအင်စက်ရုံနှစ်ရုံကို Bushehr အရပ်တွင် စတင်ဆောက်လုပ်ခဲ့သည်။ သို့သော် ၁၉၇၉ တွင် ထိုပရောဂျက်ကို ရွှေ့ဆိုင်းလိုက်ရသည်။ ၁၉၉၄ ခုနှစ်တွင် ရုရှားနိုင်ငံက Bushehr အရပ်ရှိ စက်ရုံ Unit 1 ကို ပြန်လည်တည်ဆောက်ပေးခဲ့ရာ ၂၀၀၇ ခုနှစ်နှောင်းပိုင်းလောက်တွင် ပြီးဆုံးသွားခဲ့သည်။ ဒုတိယတစ်လုံးကိုလည်း ဆက်လက်တည်ဆောက်ပေးရန် စီစဉ်လျက်ရှိသည်။ နျူကလီးယားစက်ရုံသစ်ကို Darkhovin အရပ်တွင် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

## အစ္စရေး

အစ္စရေးနိုင်ငံတွင် နျူကလီးယားစက်ရုံ မရှိပေ။ သို့သော် ၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် ဆောက်လုပ်ရေးဝန်ကြီး ဘင်ယာမင်ဘန်အယ်လီဇာက နျူကလီးယားစွမ်းအင်ကို ပြည်သူများအကျိုးအတွက် ထုတ်လုပ်ရန် စဉ်းစားထားကြောင်း ပြောကြားသွားသည်။

## ဂျပန်

ဂျပန်သည် အဏုမြူဓာတ်ပေါင်းဖို ၅၅ လုံးရှိပြီး စုစုပေါင်း 49,580 MWe ထုတ်လုပ်ပေးလျက်ရှိသည်။ နောက်ထပ် 2,285 MWe ထုတ်လုပ်ပေးနိုင်မည့် အဏုမြူဓာတ်ပေါင်းဖို ၂ လုံး တည်ဆောက်နေပြီး 16,045 MWe ထုတ်လုပ်ပေးနိုင်မည့် အဏုမြူဓာတ်ပေါင်းဖို ၁၂ လုံးတည်ဆောက်ရန် လျာထားသည်။ ဂျပန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုပမာဏ၏ ၃၀ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှ ထုတ်လုပ်ခြင်းဖြစ်သည်။ စုစုပေါင်းပမာဏ 47,5 MWe ထုတ်ပေးနိုင်ခြင်းဖြစ်သည်။ ၂၀၀၉ တွင် ၃၇ ရာခိုင်နှုန်း၊ ၂၀၁၄ တွင် ၄၁ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်ရန် စီစဉ်ထားသည်။

၂၀၀၇ ဇူလိုင် ၁၆ တွင် လှုပ်ခတ်ခဲ့သည့်မြေငလျင်ကြောင့် တိုကျိုရှိ နျူကလီးယားလျှပ်စစ်စွမ်းအင်ထုတ်စက်ရုံတစ်ရုံ ပျက်စီးခဲ့ရသည်။ ထိုစက်ရုံ (Kashiwa-zaki-Kariwa) သည် ကမ္ဘာ့အကြီးဆုံး နျူကလီးယားစက်ရုံ ခုနစ်ရုံတွင် တစ်ရုံအပါအဝင်ဖြစ်သည်။ ထိုစက်ရုံကြီးကို တစ်နှစ်ခန့်ပိတ်ကာ ပြင်ဆင်ခဲ့ရသည်။

## ဂျော်ဒန်

ဂျော်ဒန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ကနေဒါ၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနိုင်ငံများနှင့် နျူကလီးယားသဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားသည်။ ၂၀၀၉ ဒီဇင်ဘာလတွင် ဂျော်ဒန်အဏုမြူစွမ်းအင်ကော်မရှင် (JAEC) မှ တောင်ကိုရီးယားနိုင်ငံ ဒေဝူးကုမ္ပဏီနှင့်ပူးပေါင်းပြီး 5 MW ပမာဏရှိ သုတေသန အဏုမြူဓာတ်ပေါင်းဖိုတစ်လုံးကို ပထမဦးဆုံး တည်ဆောက်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဂျော်ဒန်သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ သုတေသနလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ဖြစ်သည်။ ထိုသုတေသနအဏုမြူဓာတ်ပေါင်းဖိုနေရာသည် ဂျော်ဒန်နိုင်ငံအတွက် နျူကလီးယားနည်းပညာဌာနကြီးတစ်ခုဖြစ်လာစေရန် ရည်ရွယ်ထားသည်။ ထိုတက္ကသိုလ်ကြီးမှ အနာဂတ်အတွက် အဏုမြူကျွမ်းကျင်ပညာရှင်များအား မွေးထုတ်ပေးနိုင်ရန်လည်း ရည်ရွယ်ထားသည်။

ဂျော်ဒန်နိုင်ငံသည် နျူကလီးယားစက်ရုံတစ်ရုံကို အက္ကဘာမှ ၁၂ မိုင်ဝေးသည့်နေရာတွင် ၂၀၁၃ ခုနှစ်၌တည်ဆောက်ရန် စီစဉ်ထားသည်။ ထိုစက်ရုံမှ ထုတ်ပေးသည့် နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားနှင့် ရေချိုများကို ထုတ်လုပ်ပေးနိုင်ရန် ရည်ရွယ်ထားသည်။ ဂျော်ဒန်နိုင်ငံသည် ယူရေနီယမ်တူးဖော်ခွင့် ရရှိထားသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

## ကာဇက်စတန်

ကာဇက်စတန်နိုင်ငံသည် နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုကို ၁၉၉၉ ခုနှစ်ကတည်းက ပိတ်ပင်ထားခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် သတ္တုနှင့်စွမ်းအင်ဝန်ကြီးက နောက် ၁၅ နှစ်အကြာတွင် နျူကလီးယားစွမ်းအင်ကို ပြန်လည်ထုတ်လုပ်မည်ဟု ကြေညာခဲ့သည်။ လက်ရှိ နျူကလီးယားစက်ရုံသုံးရုံကို ကရာဂန်ဒါအရပ်ရှိ ဘာကာရှာကန်ကြီးဘေးတွင် တည်ဆောက်ထားသည်။

## မြောက်ကိုရီးယား

မြောက်ကိုရီးယားတွင် နျူကလီးယားစွမ်းအင်အသုံးပြုရေး အစီအစဉ်မရှိပေ။ ၂၀၀၃ နိုဝင်ဘာတွင် နျူကလီးယားတည်ဆောက်မှုလုပ်ငန်းမှန်သမျှ ရပ်ဆိုင်းထားကြောင်း သိရသည်။

၂၀၀၅ စက်တင်ဘာလ ၁၉ ရက်နေ့တွင် မြောက်ကိုရီးယားသည် နျူကလီးယားအစီအစဉ်များကို ဖျက်သိမ်းရန် သဘောတူခဲ့ပြီး နျူကလီးယားမထုတ်လုပ်ရေး သဘောတူစာချုပ်များတွင် လက်မှတ်ရေးထိုးခဲ့သည်။ နိုင်ငံတကာစစ်ဆေးမှုများကိုလည်း လက်ခံခဲ့ပြီး နျူကလီးယားစွမ်းအင်ကို အကျိုးရှိစွာ အသုံးပြုရေးအတွက် ဂျပန်၊ အမေရိကန်တို့နှင့် ဆက်ဆံမှုများရှိနေသည်။

## တောင်ကိုရီးယား

တောင်ကိုရီးယားတွင် လက်ရှိလည်ပတ်နေသည် နျူကလီးယားဓာတ်ပေါင်းဖို ၁၈ လုံးရှိသည်။ နောက်ထပ် နှစ်လုံးထပ်မံ

www.foreverspace.com.mm

တည်ဆောက်ဦးမည်ဟု သိရသည်။

## မလေးရှား

မလေးရှားနိုင်ငံတွင် နျူကလီးယား အေဂျင်စီကိုထားရှိသော်လည်း ဝေဖန်မှုများကို ရင်ဆိုင်နေရသည်။ လက်ရှိ နျူကလီးယားစွမ်းအင်ဆိုင်ရာထုတ်လုပ်နိုင်သည့် အနေအထားတွင်မရှိသေးသော်လည်း အနာဂတ်တွင် ထူထောင်လာနိုင်စရာ အကြောင်းရှိသည်။

## မြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂမှပြဋ္ဌာန်းထားသော ဆုံးဖြတ်ချက်များကို အစဉ်လေးစားလိုက်နာနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့အပြင် ဂျီနီဗာမြို့ရှိ လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ မူလအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် တက်ကြွစွာပါဝင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

မြန်မာနိုင်ငံသည် နျူကလီးယားလက်နက်မပြန့်ပွားရေး စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယင်းစာချုပ်နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ စောင့်ကြည့်မှုသဘောတူညီချက်ကိုလည်း ၁၉၉၅ ခုနှစ်တွင် IAEA နှင့် လက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။ ဒေသတွင်းအဆင့်တွင်လည်း မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန် စာချုပ်တွင်လည်း ပါဝင်ထားသည့် အာဆီယံအသင်းဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာရေး၊ ပညာရေးနယ်ပယ်များတွင် ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် အသုံးပြုရန်ကြိုးပမ်းမှုတစ်ရပ်အဖြစ် ရုရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများသို့ ပညာသင်များ စေလွှတ်ခြင်းအပြင် ရုရှားနိုင်ငံနှင့် ပူးပေါင်း၍ ၁၀ မဂ္ဂါဝပ်ရှိသော နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခုတည်ဆောက်ရန် သဘောတူညီချက်တစ်ခု ရှိခဲ့ဖူးသော်လည်း လုံလောက်သည့်အရင်းအမြစ်များမရှိခြင်း၊ နိုင်ငံတကာမှ နားလည်မှု လွဲမှားမည်စိုးခြင်းတို့ကြောင့် လက်တွေ့လုပ်ဆောင်နိုင်ခြင်း မရှိသေးဘဲ ရပ်ဆိုင်းထားခဲ့ပါသည်။ ယင်းစီမံကိန်းကိုလည်း IAEA ၏ စောင့်ကြည့်မှုအစီအစဉ်အောက်မှနေ၍ ဆောင်ရွက်ရန် စီစဉ်ခဲ့သည်။

နျူကလီးယားလက်နက်ထုတ်လုပ်ရန် မြန်မာနိုင်ငံအနေဖြင့် အခြေခံအဆောက်အဦနှင့် နည်းပညာအရလည်းကောင်း၊ ငွေကြေးအရင်းအမြစ်အရလည်းကောင်း လုံလောက်မှုမရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုသာဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ထုတ်လုပ်နိုင်သည့် အခြေအနေမရှိဟု ကျွမ်းကျင်သူအချို့က သုံးသပ်ကြပါသည်။



**(၁၂-၆-၂၀၁၀ နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသော နိုင်ငံခြားရေးဝန်ကြီးဌာန-နေပြည်တော်၏ သတင်းထုတ်ပြန်ချက်မှ ကောက်နုတ်ဖော်ပြသည်)**

## ပါကစ္စတန်

ပါကစ္စတန်နိုင်ငံတွင် အဏုမြူဓာတ်ပေါင်းဖိုနှစ်လုံးရှိသည်။ တတိယမြောက်ကိုလည်း တည်ဆောက်လျက်ရှိသည်။ လက်ရှိ နျူကလီးယားစွမ်းအင် ထုတ်လုပ်နိုင်စွမ်းပမာဏသည် 425 MWe ဖြစ်ကြောင်း သိရသည်။

## ဖိလစ်ပိုင်

၂၀၀၄ ခုနှစ်တွင် သမ္မတ ဂလိုရီယာ အာရိုယိုက စွမ်းအင်ပေါ်လစီကို ချမှတ်ခဲ့သည်။ ထိုအစီအစဉ်တွင် ဘာတန် နျူကလီးယားစွမ်းအင်စက်ရုံတည်ဆောက်ရေးဖြင့် သဘာဝဓာတ်ငွေ့သုံးစွဲမှုတွင် အစားထိုးသုံးစွဲရန် အစီအစဉ်တစ်ခု ပါဝင်လာသည်။

## ဆီးရီးယား

ချာနိုဘိုင်းပေါက်ကွဲမှုဖြစ်ပွားပြီးကတည်းက ဆီးရီးယားနိုင်ငံသည် VVER-440 အမျိုးအစား အဏုမြူဓာတ်ပေါင်းဖိုတစ်လုံးတည်ဆောက်နေမှုကို ရပ်ဆိုင်းထားလိုက်သည်။ ထိုအစီအစဉ်ကို ၂၀၀၀ ပြည့်နှစ်တွင် ပြန်လည်အကောင်အထည်ဖော်ခဲ့ပြီး ရုရှားနှင့်ပူးပေါင်းကာ နျူကလီးယားစက်ရုံတစ်ရုံတည်ဆောက်ရေး၊ ပင်လယ်ရေကို အဏုမြူစွမ်းအင်ဖြင့် ရေချိုရေသန့်

www.foreverspace.com.mm

ထုတ်လုပ်ရေးစက်ရုံများ တည်ဆောက်ရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဟု သိရသည်။

## ထိုင်ဝမ်

ထိုင်ဝမ်တွင် လက်ရှိလည်ပတ်နေသည် နျူကလီးယားဓာတ်ပေါင်းဖို ၆ လုံးရှိသည်။ သို့သော် နျူကလီးယားထုတ်လုပ်မှုကို အထောက်အပံ့ပေးရေးကိစ္စနှင့်ပတ်သက်ပြီး KMT ပါတီနှင့် DPP ပါတီတို့အကြား သဘောထားကွဲပြားမှုများရှိနေသည်။ နျူကလီးယားစွမ်းအင်ကို ၂၀၀၈ စွမ်းအင်ကောင်စီက သန့်စင်သောစွမ်းအင်အဖြစ် သတ်မှတ်ခဲ့သည်။

## ထိုင်း

ထိုင်းစွမ်းအင်ဝန်ကြီး၏အဆိုအရ နိုင်ငံတော်ပိုင် လျှပ်စစ်စွမ်းအင်ဦးစီးအဖွဲ့ (EGAT) က ဦးဆောင်ပြီး နျူကလီးယားစက်ရုံနှစ်ရုံကို ၂၀၂၁ တွင်ဆောက်လုပ်မည်ဟု သိရသည်။

ထိုဆုံးဖြတ်ချက်ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (Greenpeace) နှင့်လည်း ပြဿနာများ ရင်ဆိုင်နေရသည်။ ထိုင်းနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအားဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ရန်နှင့် ဇီဝလောင်စာစက်ရုံများ တည်ဆောက်ရေးတွင် အထောက်အကူပြုရန်အတွက် တည်ဆောက်ရန် တွန်းအားပေးခြင်းခံနေရသည်။

## ဗီယက်နမ်

၁၉၈၀ ခန့်ကတည်းက နျူကလီးယားစွမ်းအင်နှင့်ပတ်သက်ပြီး စတင်လေ့လာမှုများပြုခဲ့သည်။ လျှပ်စစ်စွမ်းအားအတွက် နျူကလီးယားမှထုတ်လုပ်ရန် အဓိကဦးတည်ထားသည်။ အမျိုးသားစွမ်းအင်စီမံကိန်းကို ၂၀၁၀ တွင် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ဖေဖော်ဝါရီလတွင် နိုင်ငံတော်က နျူကလီးယားစွမ်းအင်စက်ရုံတစ်ရုံကို ၂၀၁၇ တွင်တည်ဆောက်မည်ဟု ကြေညာထားသည်။

## ယီမင်

ယီမင်နိုင်ငံသည် အာရပ်အဏုမြူစွမ်းအင်အေဂျင်စီသို့ဝင်ထားပြီး နျူကလီးယားသုတေသီများကိုခေါ်ကာ သုတေသနပြုလုပ်လျက်ရှိသည်။ နျူကလီးယားကို ငြိမ်းချမ်းရေးအတွက် အသုံးပြုရန် အထူးသဖြင့် လျှပ်စစ်စွမ်းအင်အတွက် အသုံးပြုရန် ရည်ရွယ်ထားကြောင်း သိရသည်။

## ဩစတြေးလျ

ဩစတြေးလျတွင် နျူကလီးယားစက်ရုံ မရှိပေ။ သို့သော် ဩစတြေးလျနိုင်ငံတွင် ယူရေနီယံသတ္တုသိုက်များစွာရှိပြီး ကမ္ဘာ့ယူရေနီယံထုတ်လုပ်မှု၏ ၄၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ ကနေဒါနိုင်ငံပြီးလျှင် ကမ္ဘာ့ယူရေနီယံထုတ်လုပ်မှုတွင် ဒုတိယနေရာ၌ရှိနေသည်။ နိုင်ငံအတွင်း ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များ ပေါကြွယ်ဝသဖြင့် နျူကလီးယားစွမ်းအင်ကို ခိုင်ခိုင်မာမာ ဆန့်ကျင်ကာ မသုံးစွဲသေးသောနိုင်ငံလည်းဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် ဩစတြေးလျအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသုံးပြုပြဋ္ဌာန်းပြီး နျူကလီးယားဆန့်ကျင်သောအစိုးရအဖြစ် ရပ်တည်ခဲ့သည်။ တရုတ်အစိုးရနှင့်လည်း အကာအကွယ်ပေးရေးသဘောတူညီချက်များအရ ယူရေနီယံများကို ပေးပို့လျက် ရှိသည်။

ဩစတြေးလျ လေဘာပါတီအစိုးရအနေဖြင့်လည်း နောက်ထပ် သတ္တုမိုင်းအသစ်များ ထပ်မံတူးဖော်ခြင်းမပြုနိုင်ရေးအတွက် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည်။ ဂျွန်ဟိုးဝပ်သည် ၂၀၀၇ နိုဝင်ဘာတွင်ကျင်းပသည့် ပြည်နယ်ရွေးကောက်ပွဲတွင် နျူကလီးယားစွမ်းအင်ကို ထောက်ခံမှုဖြင့် စည်းရုံးလှုပ်ရှားခဲ့သော်လည်း လေဘာပါတီကို ရှုံးနိမ့်ခဲ့ရသည်။ လေဘာပါတီသည် နျူကလီးယားဆန့်ကျင်ရေးကိုဆောင်ရွက်နေသည့်ပါတီ ဖြစ်သည်။

## နယူးဇီလန်

နယူးဇီလန်နိုင်ငံသည် နျူကလီးယားကင်းမဲ့ဇုန်၊ လက်နက်ဖျက်သိမ်းရေးနှင့် လက်နက်ထိန်းချုပ်ရေးအက်ဥပဒေကို ၁၉၈၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေအရ နိုင်ငံအတွင်း နျူကလီးယားလက်နက်များမထုတ်လုပ်ရေး၊ နိုင်ငံပိုင်ရေနယ်နိမိတ်အတွင်း နျူကလီးယားလက်နက်တင်ဆောင်ထားသည့်သင်္ဘောများ၊ နျူကလီးယားစွမ်းအင်ဖြင့်မောင်းနှင်သည့်သင်္ဘောများ မဖြတ်သန်းရေးတို့ကို တားမြစ်ထားသည်။

သို့သော် ပါလီမန်ဥပဒေတွင် နျူကလီးယားစက်ရုံတည်ဆောက်ခြင်းကို တားမြစ်ထားခြင်း မရှိပေ။ ၂၀၀၈ ခုနှစ်စစ်တမ်းအရ နျူကလီးယားစွမ်းအင်ကို ထောက်ခံသူ အနည်းငယ်သာ ရှိသည်။

## အယ်လ်ဘေးနီးယား

နျူကလီးယားစက်ရုံမရှိပေ။ သို့သော် ၂၀၀၇ တွင် အစိုးရသည် နျူကလီးယားစွမ်းအင်စက်ရုံတစ်ရုံကို ဒါးရပ်စ်ဒေသတွင် ဆောက်လုပ်ရန် ဆွေးနွေးတင်ပြခဲ့ဖူးသည်။ ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် အိမ်နီးချင်း ဘော်လ်ကန်ဒေသများနှင့် အီတလီသို့ ရေအောက်ကြိုးများဖြင့် လျှပ်စစ်ဓာတ်အားကို ပို့ဆောင်ရောင်းချနိုင်ရေးအတွက် နျူကလီးယားစွမ်းအင်ကိုထုတ်လုပ်ရန် ရည်ရွယ်ခဲ့သည်။

၂၀၀၉ ဧပြီလတွင် အယ်လ်ဘေးနီးယားနှင့် ခရိုရေးရှားတို့ပူးပေါင်းပြီး 1,500 MWe နျူကလီးယားစွမ်းအင်စက်ရုံတစ်ရုံကို ရှာကိုးဒါးကန်ကြီးဘေးတွင်တည်ဆောက်ရန် ကြေညာခဲ့သည်။ ထိုဒေသသည် မွန်တီနီဂရိုးနှင့် အယ်လ်ဘေးနီးယား နယ်စပ်တွင် ရှိသည်။

## ဩစတြီးယား

၁၉၆၀ နှစ်ပိုင်းလောက်တွင် ဩစတြီးယားအစိုးရသည် နျူကလီးယားစွမ်းအင်အစီအစဉ်ကို စတင်ခဲ့သည်။ ပါလီမန်က

www.foreverspace.com.mm


တညီတညွတ်တည်း တည်ဆောက်ရန် ထောက်ခံခဲ့ကြခြင်း ဖြစ်သည်။ ၁၉၇၂ တွင် ဂျာမန်ကုမ္ပဏီတစ်ခုဖြစ်သည့် KWU သည် Zwentendorf အမည်ရှိ 700 MWe အဏုမြူဓာတ်ပေါင်းဖိုတစ်လုံးကို စတင်တည်ဆောက်ပေးခဲ့သည်။ ၁၉၇၆ နျူကလီးယားစွမ်းအင်စက်ရုံမဖွင့်မီ ၂ နှစ်ခန့် စောပြီး အစိုးရသည် နိုင်ငံသူနိုင်ငံသားများအတွက် နျူကလီးယားလုံခြုံရေးနှင့် အကျိုးရှိစွာသုံးစွဲမှုဖြစ်ကြောင်းကို ပညာပေးခဲ့သည်။ သို့သော် ၁၉၇၇ တွင် လူထုအတွင်း စည်းရုံးရေးသည် စက်ရုံကိုဆန့်ကျင်သည့်ဆန္ဒပြပွဲအသွင်သို့ ကူးပြောင်းသွားခဲ့ရသည်။ ၁၉၇၈ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် ဩစတြီးယားပါလီမန်က ၁၉၉၈ ခုနှစ်အထိ နျူကလီးယားစွမ်းအင်ကို အသုံးမပြုရန် ပိတ်ပင်လိုက်သည်။ ထိုဥပဒေအရ နိုင်ငံအတွင်း နျူကလီးယားပစ္စည်းများကိုပါ နိုင်ငံအတွင်း သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်းတို့ကို တားမြစ်ထားသည်။ ၁၉၉၇ ဇူလိုင် ၂ ရက်နေ့တွင် ဩစတြီးယားပါလီမန်သည် နျူကလီးယားဆန့်ကျင်သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားရန် ဆုံးဖြတ်ခဲ့သည်။

## ပြင်သစ်

၁၉၇၀ ခုနှစ်ပိုင်းလောက်ကတည်းက ရေနံလောင်စာပြဿနာကြောင့် ပြင်သစ်အစိုးရသည် ၁၉၇၄ တွင် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုတွင် လုံလောက်သည့်ပမာဏလောက်သာ နျူကလီးယားစွမ်းအင်ကို ထုတ်မည်ဟု ဆုံးဖြတ်ခဲ့သည်။ ယခုအခါ ပြည်တွင်း လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု၏ ၇၈ ဒသမ ၁ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှ ထုတ်လုပ်ပေးလျက်ရှိသည်။ ပြင်သစ်သည် နိုင်ငံအတွင်းသုံးစွဲမှုမှ ပိုလျှံသည့် နျူကလီးယားစွမ်းအင်များကို နိုင်ငံခြားသို့ တင်ပို့သည့်နိုင်ငံလည်း ဖြစ်သည်။ ထိုနိုင်ငံများတွင် နျူကလီးယားစွမ်းအင်အသုံးပြုရန် ဆန့်ကျင်ထားခြင်းခံရသည့် ဂျာမနီနိုင်ငံများလည်း ပါဝင်သည်။ ပြင်သစ်လျှပ်စစ်စွမ်းအင်ဘုတ်အဖွဲ့သည် 1630 MWe EPR ပမာဏထုတ်ပေးနိုင်သည့် နျူကလီးယားစက်ရုံတစ်ရုံကို နော်မန်ဒီကမ်းခြေရှိ ဖလာမန်ဗီးလ်အရပ်တွင် ၂၀၀၇ နှောင်းပိုင်း၌တည်ဆောက်လျက်ရှိပြီး ၂၀၁၂ တွင် ပြီးဆုံးမည်ဟု ခန့်မှန်းရသည်။

## ဂျာမနီ

၂၀၀၀ ပြည့်နှစ်တွင် ဂျာမန်အစိုးရသည် Green Party နှင့်ပူးပေါင်းပြီး ဂျာမနီနိုင်ငံတွင် နျူကလီးယားစွမ်းအင်ကို အဆင့်ဆင့်ရပ်ဆိုင်းသွားရန် ကြေညာထားသည်။ ထို့ကြောင့် နိုင်ငံအတွင်းရှိ စွမ်းအင်



ကုမ္ပဏီများနှင့် နျူကလီးယားစက်ရုံ ၁၉ ရုံလည်း ၂၀၂၀ တွင် ရပ်ဆိုင်းသွားရန် အလားအလာ ရှိနေသည်။ ဂျာမနီတွင် Nuclear Exit Law ကိုလည်း ထုတ်ပြန်ထားသည်။ Stade ဒေသနှင့် Obrigheim အရပ်ရှိ နျူကလီးယားစက်ရုံများကို ၂၀၀၃ နိုဝင်ဘာ ၁၄ နှင့် ၂၀၀၅ မေ ၁၁ တို့တွင် ပိတ်ခဲ့သည်။ ၂၀၀၇ အထိ အဆင့်ဆင့် စက်ရုံများကိုပိတ်ရန် စီစဉ်ခဲ့သည်။ သို့သော် Nuclear Exit Law တွင် Gronau အရပ်ရှိ နျူကလီးယားစက်ရုံကို ဆက်လက်ဖွင့်လှစ်ခွင့်ပေးထားသည်။

## အီတလီ

အီတလီတွင် ၁၉၈၆ ခုနှစ် ချာနိုဘိုင်းဒေသ နျူကလီးယားစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားပြီးကတည်းက တစ်နိုင်ငံလုံး အမျိုးသားညီလာခံမှ နျူကလီးယားစက်ရုံလေးရုံကို ပိတ်ပစ်ရန် သဘောတူခဲ့သည်။ နောက်ဆုံးစက်ရုံကို ၁၉၉၀ တွင် ပိတ်ပစ်နိုင်ခဲ့သည်။ ဆောက်လုပ်ဆဲစက်ရုံများကိုလည်း ၁၉၉၃ ခုနှစ်အထိ ရပ်ဆိုင်းထားခဲ့ပြီး ဆက်လက်ဆိုင်းငံ့ထားဆဲ ဖြစ်သည်။

ဝန်ကြီးချုပ် ဆဲလ်ဗီယို ဘာလုစ်ကိုနီသည် နျူကလီးယားစွမ်းအင်နှင့်ပတ်သက်ပြီး ၂၀၀၅ ခုနှစ်တွင် ပြန်လည်အသုံးပြုရေးအတွက်ဆွေးနွေးရာ အပြင်းအထန်ဝေဖန်ခြင်းခံရသည်။ အီတလီတွင် လက်ရှိ လျှပ်စစ်စွမ်းအင် ၈၅ ရာခိုင်နှုန်းကို နိုင်ငံခြားမှ ရယူနေရသဖြင့် ပြန်လည်စဉ်းစားလာကြခြင်းဖြစ်သည်။ ၂၀၀၇ နိုဝင်ဘာ ၁၃ ရက်နေ့က ရောမ၌ကျင်းပပြုလုပ်သည့် ကမ္ဘာ့စွမ်းအင်ကောင်စီတွင် အီတလီ၏ နျူကလီးယားရပ်တည်ချက်နှင့်ပတ်သက်ပြီး Paolo Scaroni ကုမ္ပဏီက CEO ဖြစ်သူ Eni က အပြင်းအထန်ဝေဖန်ခဲ့သည်။ ၂၀၀၈ မေလ ၂၂ ရက်တွင် အီတလီ စက်မှုဝန်ကြီးက ၂၀၁၃ ခုနှစ်တွင် နျူကလီးယားစွမ်းအင်စက်ရုံကို အသစ်ပြန်လည်တည်ဆောက်မည်ဟု ထုတ်ပြန်ကြေညာထားသည်။

www.foreverspace.com.mm



## ရုရှား

ရုရှားတွင် အဏုမြူဓာတ်ပေါင်းဖို ၃၁ လုံးရှိသည်။ နောက်ထပ် ၃ လုံးကိုဆောက်လုပ်ဆဲဖြစ်ပြီး ၂၇ လုံး ဆက်လက်ဆောက်လုပ်ရန်စီစဉ်ထားကြောင်းသိရသည်။ ရုရှားသည် ရေပေါ်နျူကလီးယားစက်ရုံစီမံကိန်းများကိုလည်း စတင်ဆောက်လုပ်အကောင်အထည်ဖော်နေသည်။ Lomonosov အမည်ရှိ ဒေါ်လာ ၂၀၄ ဒသမ ၉ သန်းတန် နျူကလီးယားထုတ်လုပ်မည့် သင်္ဘောကြီးတစ်စင်းကို ၂၀၁၀ တွင် အပြီးတည်ဆောက်ထားသည်။ ရုရှားနိုင်ငံတစ်ဝန်း စွမ်းအင်အညီအမျှရရှိရေးကို ရည်ရွယ်သည်ဟု ဆိုသည်။ ရုရှားကုန်းမြေပေါ်တွင် တည်ဆောက်ထားသည့် နျူကလီးယားစက်ရုံများသည် မြို့ပေါင်း ၂ သိန်းခန့်ကိုသာ လျှပ်စစ်စွမ်းအင်များပေးနိုင်ပြီး ပင်လယ်ရေချိုထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးနိုင်သည်။ နိုင်ငံတော်ပိုင် Rosatom ကုမ္ပဏီက နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ရေပေါ်နျူကလီးယားစက်ရုံသင်္ဘောများကို ဝယ်ယူရန် စိတ်ဝင်စားနေကြောင်း ပြောကြားခဲ့သည်။

## ဗြိတိန်

ဗြိတိန်၏အနာဂတ် နျူကလီးယားစွမ်းအင်အရေးကို ပြန်လည်သုံးသပ်ဆွေးနွေးနေကြပြီဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးတွင် အဏုမြူဓာတ်ပေါင်းဖိုများစွာရှိပြီး ထိုဓာတ်ပေါင်းဖိုများ၏သက်တမ်းကလည်း ကုန်ဆုံးတော့မည်ဖြစ်သည်။ ထိုဓာတ်ပေါင်းဖိုများနေရာတွင် မည်သည့်အစားထိုးမှုများပြုလုပ်မည်ကိုလည်း မဆုံးဖြတ်ရသေးပေ။ ဗြိတိန်သည် $CO_2$ ထုတ်လုပ်မှုကို လျှော့ချရန်ပျက်ကွက်လျက်ရှိသဖြင့် နောက်ထပ် နျူကလီးယားစက်ရုံအသစ်များ တည်ဆောက်ရန်လည်း မဖြစ်နိုင်သေးပေ။ နိုင်ငံအတွင်း သဘာဝဓာတ်ငွေ့လောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများရှိသော်လည်း ဓာတ်ငွေ့လောင်စာရရှိမှု အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

ဗြိတိန်အစိုးရသည် နျူကလီးယားကိုထောက်ခံသည့်အစိုးရလက်ထက် ၂၀၀၈ ဇန်နဝါရီတွင် နျူကလီးယားလောင်စာကို ရင်ဆိုင်နေရသည့် လျှပ်စစ်စွမ်းအင်ပြဿနာဖြေရှင်းရေးအတွက် စက်ရုံသစ်များဆောက်လုပ်ခွင့်ကို သဘောတူညီမှုရရှိခဲ့သည်။ ၂၀၂၀ တွင် ပထမဦးဆုံး စက်ရုံသစ်ကိုဆောက်လုပ်ရန် မျှော်လင့်ထားသည်။ သို့သော် စကော့တလန်အစိုးရက ထိုအစီအစဉ်ကို ပြောင်ပြောင်တင်းတင်း ကန့်ကွက်လျက်ရှိသည်။

## အမေရိက

၂၀၀၈ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စုတွင် နျူကလီးယားစက်ရုံပေါင်း ၁၀၄ ခုရှိသည်။ ၆၉ ခုမှာ ရေဖိအားသုံး အဏုမြူဓာတ်ပေါင်းဖိုများဖြစ်ပြီး ၃၅ ရုံမှာ ရေနွေးငွေ့အားသုံး ဓာတ်ပေါင်းဖိုများဖြစ်သည်။ လုပ်ငန်းသုံး နျူကလီးယားစက်ရုံများကို လိုင်စင်ယူပြီးမှ လည်ပတ်ခွင့်ရှိပြီး ယခုအခါ စုစုပေါင်း လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီပေါင်း ၈၀၆ ဒသမ ၂ ဘီလီယံ ထုတ်လုပ်ပေးလျက်ရှိသည်။ နိုင်ငံလျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏစုစုပေါင်း၏ ၁၉ ဒသမ ၆ ရာခိုင်နှုန်း ထုတ်လုပ်ပေးနေရခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် စီးပွားရေးလုပ်ငန်းသုံးနျူကလီးယားပါဝါကို အထုတ်လုပ်ဆုံးနိုင်ငံဟု ဆိုနိုင်သည်။ ၂၀၁၀ ဖေဖော်ဝါရီလတွင် သမ္မတအိုဘားမား၏ အုပ်ချုပ်ရေးအဖွဲ့မှ ဂျော်ဂျီယာနိုင်ငံတွင် နျူကလီးယားစက်ရုံနှစ်ရုံ ဆောက်လုပ်ရန် ဒေါ်လာ ၈ ဘီလီယံချေးငှားပေးမည်ဟု ခွင့်ပြုခဲ့သည်။ ထိုခွင့်ပြုငွေဖြင့်သာ နျူကလီးယားစက်ရုံများဆောက်မည်ဆိုလျှင် ၁၉၇၀ လောက်ကတည်းက ရပ်ဆိုင်းထားသည့် အဏုမြူစက်ရုံတည်ဆောက်ခြင်းကို ပြန်လည်စတင်ခြင်းဟု ဆိုရမည်။

အမေရိကအနေဖြင့် နျူကလီးယားတစ်ရေးပြန်နိုးလာခြင်းမှာ အကြောင်းရှိသည်။ ပြည်ထောင်စုအစိုးရအနေဖြင့် 'Nuclear Power 2010 Program' ဖြင့် နျူကလီးယားပြန်လည်ထုတ်လုပ်ရေးကို ခွင့်ပြုခဲ့သည်။ ထို့ပြင် 'Energy Policy Act' ကိုလည်း ပြဋ္ဌာန်းပေးပြီး လောင်စာစွမ်းအင်မြှင့်တင်ရေးကို အားပေးလုပ်ဆောင်ခဲ့သည်။

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် သမ္မတဘားရက်အိုဘားမားသည် ဂျော်ဂျီယာပြည်နယ်ရှိ Vogtle NPP ကုမ္ပဏီသို့ နျူကလီးယားစက်ရုံနှစ်ရုံ ဆောက်လုပ်ရေးအတွက် ချေးငွေများထုတ်ပေးရန် ကတိပြုခဲ့သည်။ ၂၀၀၉ မတ်လ ၉ ရက်နေ့ကတည်းက အမေရိကန်နျူကလီးယားထိန်းချုပ်ရေးအဖွဲ့သည် နျူကလီးယားစွမ်းအင်ထုတ်လုပ်ရန်အတွက် စက်ရုံသစ်ဆောက်လုပ်ရန် လျှောက်ထားသူပေါင်း ၂၆ ဦးထံမှ လျှောက်လွှာများ ရရှိခဲ့သည်။ နောက်ထပ် လုပ်ပိုင်ခွင့်လျှောက်ထားရန် ၇ ခုခန့် တက်လာနိုင်ကြောင်း သိရသည်။ ယခုအခါ အဏုမြူဓာတ်ပေါင်းဖို ၆ လုံးမှာယူပြီးဖြစ်သည်။

အမေရိကသည် ဒုတိယကမ္ဘာစစ်ပြီးကတည်းက အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေး သုတေသနပြုမည်ဟု ဆုံးဖြတ်ကာ အဏုမြူစွမ်းအင်ကော်မရှင်၏ ဦးဆောင်မှုကို ခံယူခဲ့သည်။ သို့ဖြစ်ရာ ၁၉၄၆ ခုနှစ်တွင် အဏုမြူစွမ်းအင်အက်ဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ ဆေးပညာရှင်များသည် အဏုမြူမှထုတ်လုပ်ရရှိသည့် ရေဒီယိုရောင်ခြည်ဓာတ်သတ္တိဖြင့် ကင်ဆာဆဲလ်များပွားများခြင်းကို တားဆီးပေးနိုင်မှုအား စိတ်ဝင်စားလာကြသည်။ သို့ဖြင့် အဏုမြူကို ရောဂါကုသရေးတွင် အသုံးပြုရန် ပစ္စည်းကိရိယာများတီထွင်မှုကို ဦးစားပေးလုပ်ဆောင်လာသည်။

၁၉၆၀ နောက်ပိုင်းတွင် နျူကလီးယားစွမ်းအင်အသုံးပြုမှုသည် အမေရိကန်နိုင်ငံတွင်ဖွံ့ဖြိုးလာပြီး အဏုမြူစွမ်းအင်ကော်မရှင်၏ ထိန်းချုပ်မှုအောက်တွင် အဏုမြူဓာတ်ပေါင်းဖို ၁,၀၀၀ ကျော်အထိ ၂၀၀၀ ပြည့်နှစ်တွင်ဖြစ်လာခဲ့သည်။ ၁၉၇၀ ပြည့်နှစ်ပိုင်းတွင် အဏုမြူလောင်စာစွမ်း

www.foreverspace.com.mm

အဆင်ဘေးအန္တရာယ်ကြောင့် စက်ရုံပေါင်း ၁၂၀ ကို ဖျက်သိမ်းခဲ့သည်။

၁၉၇၀ မှ ၁၉၉၂ ခုနှစ်အတွင်း နျူကလီးယားစွမ်းအင်အသုံးပြုမှုကြောင့် အမေရိကအတွင်း သေဆုံးမှုများကို IAEA မှအဖွဲ့တစ်ဖွဲ့နှင့် သုတေသီ ပေါလ်ရှာရာတို့က စုံစမ်းဖော်ထုတ်ခဲ့သည်။ သူတို့စာရင်းတွင် နျူကလီးယားစက်ရုံများတွင် အလုပ်လုပ်နေသူပေါင်း ၃၉ ဦးသေဆုံးခဲ့သည်။ ထိုနှစ်ပိုင်းအတွင်း ကျောက်မီးသွေးစွမ်းအင်သုံး စက်ရုံများတွင် အလုပ်လုပ်ရင်း သေဆုံးသည့်လုပ်သားမှာ ၆,၄၀၀၊ သဘာဝဓာတ်ငွေ့လောင်စာစက်ရုံများတွင် အလုပ်လုပ်ရင်းသေဆုံးသူ ၁,၂၀၀၊ ရေအားလျှပ်စစ်စက်ရုံများတွင် အလုပ်လုပ်ရင်းသေဆုံးသူမှာ ၄,၀၀၀ ခန့်ဖြစ်နေကြောင်း တွေ့ရသည်။ ကျောက်မီးသွေးလောင်စာစွမ်းအင်ထုတ်လုပ်မှုကြောင့် အမေရိကတွင် အဆုတ်ဝေဒနာခံစားရကာ နှစ်စဉ်လူပေါင်း ၂၄,၀၀၀ ခန့် အသက်ဆုံးရှုံးနေရပြီး လူပေါင်း ၄၀,၀၀၀ခန့်မှာ နှလုံးရောဂါဝေဒနာများ ခံစားနေရသည်ဟု ဆိုသည်။ အမေရိကန်သိပ္ပံမဂ္ဂဇင်းကြီး၏အဆိုအရ ကျောက်မီးသွေးလောင်စာစက်ရုံများမှစွန့်ထုတ်လိုက်သည့် မီးခိုးငွေ့များသည် နျူကလီးယားစွမ်းအင်စက်ရုံများမှထုတ်လွှတ်လိုက်သည့် ရေဒီယိုဓာတ်သတ္တိများထက် အဆပေါင်း ၁၀၀ ကျော် သက်ရောက်မှုပိုကြောင်း သိရသည်။

## နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ


## IAEA (International Atomic Energy Agency)

IAEA ကို ၁၉၅၇ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် စတင်ထူထောင်ခဲ့သည်။ ၁၉၅၆ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံတစ်ရပ်မှ IAEA ဥပဒေကို အတည်ပြုခဲ့သည်။ အတည်ပြုရန်စာတမ်းများကို နိုင်ငံပေါင်း ၁၈ နိုင်ငံတို့က တင်သွင်းကြပြီး ထိုနိုင်ငံများထဲတွင် ကနေဒါ၊ ပြင်သစ်၊ ရုရှား၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုတို့ ပါဝင်သည်။

IAEA အဖွဲ့လုပ်ငန်းများနှင့် ကုလသမဂ္ဂတို့ဆက်စပ်နေကြောင်း သဘောတူညီချက်တစ်ရပ်ကို ၁၉၅၇ ခုနှစ် အောက်တိုဘာ ၂၃ ရက်နေ့တွင် အဖွဲ့အထွေထွေညီလာခံမှလည်းကောင်း၊ ၁၉၅၇ ခုနှစ် နိုဝင်ဘာ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကလည်းကောင်း အတည်ပြုခဲ့ကြသည်။

IAEA အဖွဲ့ကြီး၏ ရည်ရွယ်ချက်များမှာ –

"အဏုမြူစွမ်းအင်၏ အထောက်အကူကို ကမ္ဘာတစ်ဝန်းလုံး ငြိမ်းချမ်းရေး၊ ကျန်းမာရေးနှင့် ချမ်းသာဝပြောရေးတို့အတွက်တိုးချဲ့ရန်နှင့် လျင်မြန်စွာဆောင်ရွက်ရန်"



"IAEA အဖွဲ့က ပေးအပ်သောသို့မဟုတ် အဖွဲ့၏မေတ္တာရပ်ခံချက်အရ ပေးအပ်သော သို့မဟုတ် အဖွဲ့၏ကြီးကြပ်မှုဖြင့်ဖြစ်စေ၊ ကွပ်ကဲမှုဖြင့်ဖြစ်စေ ပေးအပ်သော အကူအညီအား မည်သည့်စစ်ရေးကိစ္စကိုမဆို တိုးမြှင့်ရေးအတွက် အသုံးမပြုကြောင်း အာမခံရန်" တို့ ဖြစ်သည်။

ထိုရည်ရွယ်ချက်များ အောင်မြင်အထမြောက်ရေးအတွက် IAEA ၏ အဓိကတာဝန်ဝတ္တရားများမှာ

– ငြိမ်းချမ်းသော လုပ်ငန်း ကိစ္စများအတွက် အဏုမြူစွမ်းအင် အသုံးပြုမှုများကို မြှင့်တင်ပေးရန်

– အဏုမြူသုတေသနလုပ်ငန်းများနှင့် အဏုမြူအသုံးချမှုများကိုကူညီရန်

– ဆေးဝါးကုသရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မိုးလေဝသနှင့် ဇလဗေဒလုပ်ငန်း၊ စက်မှုလုပ်ငန်းများတွင်ရေဒီယိုဓာတ်သတ္တိများအသုံးပြုမှုကို မြှင့်တင်ပေးရန်

– သတင်းအချက်အလက်များ ဖလှယ်ရေး၊ ကျွမ်းကျင်မှု အကူအညီပေးရေး၊ ပညာတော်သင်များစေလွှတ်ရေး၊ ပစ္စည်းကိရိယာများထောက်ပံ့ရေးများကို ဆောင်ရွက်ရန်

– စစ်ရေးအတွက် အဏုမြူစွမ်းအင် လွှဲပြောင်းအသုံးပြုမှုအား တားမြစ်ရန်

– နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ်အရ ထိန်းသိမ်းကွပ်ကဲမှုများကို ပြုလုပ်ရန်

– လုံခြုံရေးအတွက် စံများသတ်မှတ်ရန်

– လုံခြုံရေးမစ်ရှင်အဖွဲ့များ စေလွှတ်ရန်

– ဥပဒေများနှင့် သဘောတူစာချုပ်များကို မူကြမ်းရေးဆွဲပြုစုရာတွင် ကူညီရန်

– နျူကလီးယားကိစ္စရပ်များ အကြောင်းရေးသားထုတ်ဝေထားသည့် စာအုပ်စာတမ်းများနှင့်ပတ်သက်၍ သိကောင်းစရာများအား စုဆောင်းဖြန့်ဖြူးပေးသည့် အပြည်ပြည်ဆိုင်ရာ ပြန်ကြားရေးစနစ် (INIS) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ ဖြစ်သည်။

အထွေထွေညီလာခံတွင် IAEA အဖွဲ့ဝင်များအားလုံးပါဝင်သည်။ ယင်းညီလာခံကို နှစ်စဉ်ပုံမှန်ကျင်းပပြီး အထူးအစည်းအဝေးများကို လိုအပ်သလို ကျင်းပသည်။ ညီလာခံတွင် IAEA ၏ ဥပဒေဘောင်အတွင်းရှိ မည်သည့်ပြဿနာရပ်များကိုမဆို ဆွေးနွေးနိုင်သည်။ IAEA ဌာနချုပ်ကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဖွင့်လှစ်ထားသည်။

## နျူကလီးယားဆန့်ကျင်ရေး

နျူကလီးယားဆန့်ကျင်ရေးကို စိုးရိမ်ကြောင့်ကျမှုကြီးစွာဖြင့် နိုင်ငံများတွင် ပြုလုပ်နေကြပါသည်။ နျူကလီးယားသည် ကြောက်ရွံ့စရာကောင်းသလောက် တန်ဖိုးကြီးလှသည်။ အဘယ်ကြောင့် သုံးရသနည်းဆိုသည့်မေးခွန်းများအပြင် အခြားယူဆချက်များကြောင့်လည်း စိုးရိမ်မှုများဖြစ်နိုင်သည်။

**၁။ နျူကလီးယား မတော်တဆမှု**

နျူကလီးယားစွမ်းအင်စက်ရုံကြီးသည် အပူရှိန်မြင့်တက်ပြီး ပေါက်ကွဲသွားနိုင်သည်။ ရေဒီယိုဓာတ်သတ္တိများကြွပြီး လူများ သေကျေပျက်စီးနိုင်သည်။

**၂။ နျူကလီးယားစွန့်ပစ်ပစ္စည်းများမှ ရေဒီယိုဓာတ်သတ္တိများထုတ်နိုင်သေးသည်**

နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုတွင် ရေဒီယိုသတ္တိကြွနိုင်သည့် စွန့်ပစ်ပစ္စည်းပေါင်းများစွာကိုလည်း စွန့်ထုတ်ရသည်။ ထိုစွန့်ပစ်ပစ္စည်းများသည် နှစ်ကာလရှည်ကြာလာလျှင် အန္တရာယ်ရှိလာလိမ့်မည်။

**၃။ နျူကလီးယားများတိုးပွားလာမည်**

နျူကလီးယားထုတ်လုပ်ရာတွင် လိုအပ်သည့်ပစ္စည်းများ၊ ကျွမ်းကျင်ပညာရှင်များပေါများလာလျှင် နျူကလီးယားလက်နက်ထုတ်လုပ်နိုင်သည့် အခြေအနေပေါင်းများစွာ တိုးပွားလာလိမ့်မည်။

**၄။ ဈေးနှုန်းမြင့်မားသည်**

နျူကလီးယားစက်ရုံတစ်ရုံ တည်ဆောက်ရန်အတွက် တိုင်းပြည်တစ်ပြည်တွင် ငွေကုန်ကြေးကျ အရမ်းများသည်။

**၅။ နျူကလီးယားအကြမ်းဖက်မှု**

နျူကလီးယားများ တိုးပွားလာလျှင် အကြမ်းဖက်သမားများအတွက် ကိုင်ဆောင်စရာနှင့် ခြိမ်းခြောက်စရာလက်နက်များလည်း တိုးပွားလာလိမ့်မည်။

**၆။ ပြည်သူတို့ လွတ်လပ်မှုများ လျော့နည်းသွားမည်**

နျူကလီးယား မတော်တဆမှုများ ဖြစ်ပွားလာလေမလားဆိုသည့် သောကပွားစရာများ ပြည်သူတို့တွင်ဖြစ်လာလိမ့်မည်။ အကြမ်းဖက်ဝါဒနှင့် ခြိမ်းခြောက်မှုများကြောင့် လူ့အခွင့်အရေးများ ဆုံးရှုံးလိမ့်မည်။

အထက်ပါအချက်များသည် ကမ္ဘာ့ပြည်သူများအတွက် နျူကလီးယားသောကများဖြစ်သည်။

မည်သို့ဆိုစေ ၂၁ ရာစုကို အားလုံးက 'နျူကလီးယားရီနေးဆန်းခေတ်' အနေဖြင့် သတ်မှတ်ကြရမည်သာဖြစ်သည်။ အဖျက်လုပ်ငန်းများထက် အပြုလုပ်ငန်းများအတွက် နိုင်ငံအများအပြားတွင် နျူကလီးယားကို သုံးနိုင်စွမ်းရှိသည်ဆိုသောအချက်ကိုလည်း မငြင်းနိုင်ပေ။

နျူကလီးယားနှင့်တွဲဖက်ပြီး စိုးရိမ်ကြသည့်အရေးမှာ နျူကလီးယားလက်နက်အရေးပင်ဖြစ်သည်။ ထိုနျူကလီးယားလက်နက်ကြောင့်ပင် ဒုတိယကမ္ဘာစစ်ကြီးကို အမြန်ဆုံး အဆုံးသတ်နိုင်ခဲ့သည်ဟု ပြောနိုင်သလို ထိုနျူကလီးယားမှ ထုတ်လုပ်သည့် စွမ်းအင်ဗုံးကြောင့်ပင် အပြစ်မဲ့ပြည်သူပေါင်းများစွာ သေကျေပျက်စီးခဲ့ကြရသည်။ အဆိုးနှင့်အကောင်း ဒွန်တွဲနေပါသည်။ သုံးစွဲသူတို့၏ စိတ်ဆန္ဒနှင့် ရည်ရွယ်ချက်အပေါ်တွင်သာ မူတည်သည်။

နျူကလီးယားကို ကမ္ဘာ့သဘာဝလောင်စာရှားပါးလာမှုကို ဖြေရှင်းရန်ထွက်ပေါက်တစ်ခုအနေဖြင့် ရှုမြင်ပြီး မကောင်းမှန်း၊ အန္တရာယ်ရှိမှန်းသိလျက်နှင့် ကြိုးစားပြီး ထိန်းသိမ်းကာ ပိုင်ဆိုင်နိုင်အောင်လုပ်နေကြသည်။ နျူကလီးယားပါဝါကို ပိုင်ဆိုင်ထားကြသည့် အင်အားကြီးနိုင်ငံများဖြစ်သော ရုရှားနှင့်အမေရိကန်တို့ ပဋိပက္ခ၊ အိန္ဒိယနှင့် ပါကစ္စတန်အငြင်းပွားမှုများတွင် နျူကလီးယားပါဝါကိုသုံး၍ ဖြေရှင်းခဲ့ကြခြင်းမရှိသည်က လူ့ဘောင်၏ ယဉ်ကျေးသောအယူအဆများကို လက်ကိုင်ထားနိုင်ကြကြောင်း ထင်ရှားပါသည်။

ဤနေရာတွင် နျူကလီးယားအကောင်းမြင်ဝါဒီ Kenneth Waltz ၏အဆိုနှစ်ခုဖြင့် နိဂုံးချုပ်ချင်ပါသည်။ သူက . .

– နျူကလီးယားဆိုသည်မှာ သုံးစွဲသူအပေါ်တွင် တာဝန်ရှိသည်။ နျူကလီးယားစစ်ဆိုသည်မှာ ဖြစ်တောင့်ဖြစ်ခဲစစ်ပွဲ ဖြစ်သည်။ နျူကလီးယားလက်နက်များကို ပိုင်ဆိုင်ထားသူတို့သည် ပိုပြီးသတိထားရလိမ့်မည်။

– နျူကလီးယားပါဝါ များများပိုင်ဆိုင်ထားခြင်းသည် ကြောက်စရာမဟုတ်။ ထိုင်ပြီးကြောက်နေမည့်အစား ကြိုးစားပြီး ပူးပေါင်းခြင်းဖြင့် အဖြေတစ်ခုခုတွေ့နိုင်မည်ဟု သုံးသပ်ထားသည်။

**မောင်ခေတ်**

Ref:
1.http://en.wikipedia.org
2. International Nuclear Politics by pierre Lellovche
3. Nuclear Politics in America by Robert J.Duffy
4. A Comeback for Nuclear Power? New York Times, Feb.16, 2010
5. Nuclear Strategy by Lawrence D.Freedman

www.foreverspace.com.mm

www.foreverspace.com.mm



# ဦးဆောင်မှု အယူအဆ အမှားများ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်


**စီမံခန့်ခွဲမှုပညာနဲ့ ဦးဆောင်မှုပညာရပ်ကို စာရေးသူစီးပွားရေးတက္ကသိုလ်မှာ ရှိစဉ်ကတည်းက စိတ်ဝင်စားခဲ့တယ်။ လေ့လာခဲ့တယ်၊ ဆည်းပူးခဲ့တယ်။ ဦးဆောင်မှုဘာသာရပ်ကို နှစ်ပေါင်း ၄၀ လောက် အခုလို လေ့လာတဲ့အခါ လူတချို့မှာစွဲနေတဲ့ မှားယွင်းတဲ့အယူအဆ အတွေးအခေါ်တွေကို သတိထားမိပါတယ်။ ဒီဆောင်းပါးမှာ အယူမှားနေတဲ့အတွေးအခေါ်စုနှစ်ရပ်ကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။**

## အယူအဆအမှား နံပါတ် (၁)

ရာထူးနဲ့ပတ်သက်တဲ့ အယူအဆအမှား။ ဦးဆောင်နိုင်ဖို့ ရာထူးရှိမှ၊ နေရာရှိမှ ဆောင်ရွက်နိုင်မယ်လို့ ထင်ကြပါတယ်။ အမှန် ဒီအယူအဆဟာ တကက်တကက်စင်လွဲမှားတဲ့ အတွေးတစ်ရပ်ဖြစ်ပါတယ်။ ဦးဆောင်နိုင်ဖို့ ရာထူးရှိစရာ မလိုအပ်ပါဘူး။ ဌာနအကြီးအကဲဖြစ်မှ ဦးဆောင်ပေးနိုင်မှာ မဟုတ်ပါဘူး။ ရာထူးရရုံနဲ့လည်း ဦးဆောင်မှုပေးနိုင်တယ်လို့ မယူဆသင့်ပါဘူး။ အမှန်တော့ ဦးဆောင်ခြင်းဆိုတာဟာ တခြားလူတွေအပေါ် ဩဇာလွှမ်းမိုးမှုရှိခြင်းသာဖြစ်ပါတယ်။ ရာထူးမဟုတ်ရင်၊ နေရာမရရင် ဦးဆောင်မှုမပြုနိုင်ဘူးလို့ ထင်ကြပါတယ်။


ဦးဆောင်မှုနဲ့ပတ်သက်လို့ အဆင့်ငါးဆင့်ရှိကြောင်း တွေ့ရှိရပါတယ်။ ပထမအဆင့်မှာ လူတွေဟာ ခေါင်းဆောင်လုပ်သူအနောက်လိုက်ရမှာမို့ လိုက်ရမှာဖြစ်ပါတယ်။ သူရဲ့ရာထူးအဆင့်အပေါ် မူတည်ပြီး လိုက်နာကြတာဖြစ်ပါတယ်။ ဒုတိယအဆင့်မှာတော့ လူတွေဟာ သူ့ရဲ့အနောက်ကို လိုက်ချင်တဲ့ဆန္ဒရှိလို့ လိုက်ကြကြောင်း တွေ့သိရပါတယ်။ နောက်တစ်ဆင့်မှာတော့ လူတွေဟာ ခေါင်းဆောင်လုပ်သူအနေနဲ့ လုပ်ငန်းအဖွဲ့အစည်းအတွက် ဆောင်ရွက်ပေးခဲ့တဲ့အပေါ်မူတည်ပြီး လိုက်ကြတာဖြစ်ပါတယ်။ စတုတ္ထအဆင့်မှာတော့ သူတို့အတွက် ဦးဆောင်သူက လုပ်ပေးနိုင်ခဲ့တဲ့အတွက် လိုက်ကြတာဖြစ်ပါတယ်။ နောက်ဆုံးအဆင့်မှာတော့ လူတွေဟာ ခေါင်းဆောင်လုပ်တဲ့သူကို ယုံကြည်လေးစားတဲ့နောက်လိုက်ခြင်း ဖြစ်ပါတယ်။

ဦးဆောင်မှုဆိုတာဟာ တစ်ဦးချင်းတစ်ယောက်ချင်းကို ဦးဆောင်ခြင်းဖြစ်ပါတယ်။ အခုလို အဆင့်ငါးဆင့်နဲ့ပတ်သက်လာရင် တစ်ဦးချင်းအလိုက် သုံးသပ်ရမှာဖြစ်ပါတယ်။



ပထမအဆင့်ကတော့ မိမိမှာရှိတဲ့ရာထူးကြောင့်ဖြစ်ပါတယ်။ ရာထူးနဲ့တွဲ

www.foreverspace.com.mm




ဖက်ပြီးပါလာတဲ့အခွင့်အရေးတွေသာဖြစ်ပါတယ်။ မိမိရဲ့ရာထူးအဆင့်အပေါ် အခြေခံပြီး ဦးဆောင်တဲ့သူကို လိုက်မှဖြစ်မှာမို့ နောက်လိုက်ကြတာဖြစ်ပါတယ်။ ဒါကြောင့်လည်း လိုက်ဖို့လိုသလောက်ပဲ လိုက်ကြပါတယ်။ ဒါပေမဲ့ မိမိရဲ့ဩဇာလွှမ်းမိုးမှုဟာ မိမိရဲ့ရာထူးအဆင့်ထက်ကျော်မြင့်ပြီး ပေးနိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။ ဒုတိယအဆင့်မှာတော့ မိမိဟာ ရာထူးအဆင့်အတန်းထက်ပိုမိုပြီး လွှမ်းမိုးနိုင်မှာဖြစ်တယ်။ ဦးဆောင်တဲ့သူတွေနဲ့ ဆက်ဆံဆက်သွယ်မှုတွေတည်ဆောက်နိုင်ပြီး သူတို့ကို တလေးတစားနဲ့ ထိတွေ့ဆက်ဆံပါတယ်။ သူတို့ကို ဝန်ထမ်းအနေနဲ့မစဉ်းစားဘဲ လူတစ်ယောက်အနေနဲ့တန်ဖိုးထားနိုင်သူ ဖြစ်ပါတယ်။ သူတို့ကို ဂရုစိုက်တာမို့ သူတို့ဟာ ကိုယ့်အပေါ်ယုံကြည်မှုအပြည့်ရှိတာတွေ့ရပါတယ်။ သူတို့ကို ဂရုစိုက်တာမို့ သူတို့က ကိုယ့်ကိုဦးဆောင်ခွင့်ပြုပါတယ်။ နောက်လိုက်တဲ့နေရာမှာ လိုက်ချင်တဲ့ဆန္ဒရှိတာမို့ လိုက်နာတာ ဖြစ်ပါတယ်။

တတိယအဆင့်မှာတော့ မိမိရဲ့အောင်မြင်မှုကြောင့် မိမိရဲ့ဦးဆောင်မှုကိုလက်ခံကြပါတယ်။ အဖွဲ့အစည်းအတွက်၊ အကျိုးကျေးဇူးပေးနိုင်တဲ့အတွက် လိုက်နာကြတာဖြစ်ပါတယ်။ စတုတ္ထအဆင့်မှာတော့ မိမိရဲ့နောက်လိုက်တွေရဲ့ တိုးတက်မှု၊ ဖွံ့ဖြိုးမှုကို အာရုံထားခြင်း ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ခေါင်းဆောင်မှုကို ဆင့်ပွားခြင်းသာဖြစ်ပါတယ်။ သူတို့ရဲ့ အကျိုးရရှိအောင်ဆောင်ရွက်တာမို့ သူတို့ဟာ ကိုယ့်အနောက်မှာ ရှိနေပြန်ပါတယ်။

နောက်ဆုံးအဆင့်ကိုတော့ ရောက်နိုင်အောင် မိမိကိုယ်တိုင်ဆောင်ရွက်နိုင်စွမ်းမရှိနိုင်ပါဘူး။ ကိုယ်လုပ်တာမဟုတ်ဘဲ သူများတွေကလက်ခံမှ ရောက်နိုင်တဲ့အဆင့်ဖြစ်ပါတယ်။ ကိုယ့်အပေါ်ယုံကြည်မှုအပြည့်နဲ့ လိုက်နာတာဖြစ်ပါတယ်။ ဒီခေါင်းဆောင်အဆင့်ငါးဆင့်အကြောင်း နားလည်သဘောပေါက်တဲ့အခါ ရာထူးရှိတာနဲ့ ဦးဆောင်မှုဆိုတာဟာ တိုက်ရိုက်ဆက်စပ်မနေတာကို သိရှိလာမှာဖြစ်ပါတယ်။

## အယူအဆအမှား နံပါတ် (၂)

ထိပ်ဆုံးကိုရောက်ရင် ကျွန်တော်ဦးဆောင်နိုင်မှာဖြစ်တယ်ဆိုတဲ့ အယူမှားဖြစ်ပါတယ်။ ဦးဆောင်မှုမပြုခင် ဦးဆောင်မှုနဲ့ ပတ်သက်တဲ့ကျွမ်းကျင်မှုတွေကို ပြုစုပျိုးထောင်သွားရမှာဖြစ်ပါတယ်။ ဦးဆောင်မှုနဲ့ ပတ်သက်တဲ့အသိ၊ ကျွမ်းကျင်မှုတွေကို နောက်လိုက်မှုအတွေ့အကြုံမှာ ရရှိနိုင်မှာဖြစ်ပါတယ်။ ဦးဆောင်မှုအတွေ့အကြုံရနိုင်သမျှ စုဆောင်းဖို့ လိုမှာဖြစ်ပါတယ်။ ဦးဆောင်နိုင်ဖို့ တစ်ဘဝလုံးကြိုးစားအားထုတ်ရမှာဖြစ်ပါတယ်။

အခုလို ဆောင်ရွက်တဲ့နေရာမှာ မိမိရဲ့အတွေးအခေါ်၊ ကျွမ်းကျင်မှုနဲ့အကျင့်ဖြစ်အောင် ကြိုးစားရမှာဖြစ်တယ်။ တစ်နေ့ကျရင် ခေါင်းဆောင်ဖြစ်မှာပဲဆိုပြီး စိတ်ကူးယဉ်နေရုံနဲ့မလုံလောက်ဘဲ မနက်ဖြန်အတွက် ကနေ့မှာ ပြင်ဆင်နေရမှာဖြစ်ပါတယ်။ အခွင့်အရေးပေါ်ပေါက်တဲ့အခါ ပြင်ဆင်ဖို့ အချိန်ရမှာမဟုတ်ပါဘူး။ အောင်မြင်တဲ့ ဦးဆောင်သူတစ်ယောက်ဖြစ်ဖို့အတွက် ရာထူးမရခင်မှာ ကြိုတင်ပြီး ပြင်ဆင်ထားဖို့ လိုအပ်ပါလိမ့်မယ်။

## အယူအဆအမှား နံပါတ် (၃)

ကိုယ်ရာထူးရှိရင် အပေါ်ရောက်နေရင် ကိုယ့်နောက်ကို သူတို့လိုက်လာကြမှာဖြစ်တဲ့ အတွေးအခေါ်များဖြစ်ပါတယ်။ ဦးဆောင်မှုအတွေ့အကြုံမရှိတဲ့သူတွေဟာ ဦးဆောင်မှုရာထူးနဲ့တွဲဖက်ပြီး ရလာတဲ့ ဩဇာလွှမ်းမိုးမှုကို လိုတာထက်ပိုပြီးတွက်ချက်ကြပါတယ်။ ဩဇာလွှမ်းမိုးမှုကို တခြားသူတွေကပေးလို့မရပါဘူး။ ရာထူးရပေမယ့် ဩဇာရဖို့ မသေချာပါဘူး။ ဩဇာလွှမ်းမိုးမှုဟာ ထိုက်တန်မှ ရမှာဖြစ်ပါတယ်။ ရာထူးရှိတဲ့အတွက် အခွင့်အရေးတစ်ခုတော့ ဖြစ်ပါတယ်။ ရာထူးရှိတာမို့ ကိုယ့်ရဲ့ဦးဆောင်မှုအရည်အသွေးကို ကျင့်ကြံနိုင်စွမ်းရှိပါတယ်။ ထက်မြက်ပြောင်မြောက်တဲ့

www.foreverspace.com.mm

ဦးဆောင်သူတွေဟာ သူတို့မှာရှိတဲ့ရာထူးထက် ပို၍သာလွန်သော သြဇာလွှမ်းမိုးမှု ပေးနိုင်ပါလိမ့်မယ်။ ဦးဆောင်မှုမကောင်းတဲ့သူတွေအနေနဲ့တော့ မိမိရာထူးထက် နိမ့်ကျတဲ့သြဇာလွှမ်းမိုးမှုရှိမှာဖြစ်ပါတယ်။ ရာထူးကြောင့် ဦးဆောင်မှု မပေးနိုင်ပေမယ့် ဦးဆောင်မှုကြောင့် ရာထူးရရှိနိုင်မှာဖြစ်တာကို သတိပြုဖို့ လိုအပ်ပါတယ်။

## အယူအဆအမှား နံပါတ် (၄)

ထိပ်ကိုရောက်ရင် ကျွန်တော် ဦးဆောင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်သာ ခေါင်းဆောင်ဖြစ်ရင် ဒီလိုလုပ်မှ ဒီလိုဖြစ်မှာ၊ အခြေအနေတွေဟာ ပြောင်းလဲသွားလိမ့်မယ်လို့ ယူဆလေ့ရှိကြပါတယ်။ အခုလို လုပ်ငန်းအဖွဲ့အစည်းကို ပြုပြင်တိုးတက်လိုတဲ့ ဆန္ဒရှိတာဟာ ကောင်းမွန်တဲ့ပမာဏ တစ်ရပ်ဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ်က ထိပ်မှာရောက်တိုင်း အဖွဲ့အစည်းကို ထိန်းချုပ်နိုင်စွမ်းရှိချင်မှ ရှိပါလိမ့်မယ်။

ထိပ်မှာရောက်ပေမယ့် လုပ်ငန်းတစ်ခုလုံးကို ထိန်းချုပ်နိုင်စွမ်း ရှိချင်မှ ရှိမှာဖြစ်ပါတယ်။ လုပ်ငန်းရဲ့ထိပ်ကိုရောက်ရင် ပိုပြီးလွယ်ကူပါမယ် ထင်နေရင် မှားယွင်းတဲ့ အယူအဆသာဖြစ်ပါတယ်။ အမှန်တော့ လုပ်ငန်းမှာ ဘယ်နေရာမှာပဲရှိရှိ သြဇာလွှမ်းမိုးမှုရှိဖို့သာ လိုအပ်ပါတယ်။

## အယူအဆအမှား နံပါတ် (၅)

ဦးဆောင်မှုနဲ့ပတ်သက်ရင် လူအများက တလွဲယူဆနေတာ တွေ့ရပါတယ်။ ဦးဆောင်သူဖြစ်ရင် လွတ်လပ်ပြီလို့ ထင်ကြပါတယ်။ ဦးဆောင်မှုဟာ အရာရာကို အဖြေပေးနိုင်မယ်လို့ ထင်ကြပါတယ်။ အမှန်က ဒါတွေဟာ တက်တက်စင်လွဲနေပါတယ်။ ထိပ်ပိုင်းဦးဆောင်သူဖြစ်တာကြောင့် ကိုယ့်မှာ အကန့်အသတ်မရှိတော့ဘူး၊ အတားအဆီးမရှိတော့ဘူးလို့ထင်လို့ မဖြစ်ပါဘူး။

**အဖွဲ့အစည်းအတွင်း ရာထူးအဆင့်တိုးလာတာနဲ့အမျှ တာဝန်တွေဟာပိုလာမှာ ဖြစ်ပါတယ်။ ကိုယ့်မှာ ပိုင်ဆိုင်တဲ့ အာဏာထက် ကိုယ့်ရဲ့တာဝန်ဝတ္တရားတွေဟာ ပိုတာတွေ့ရပါတယ်။ အပေါ်ရောက်လေလေ မိမိအပေါ် ဖိအားပေးမှုတွေဟာ များလေလေ ဖြစ်ပါတယ်။ အမှန်တော့ အဖွဲ့အစည်းတစ်ခုမှာ ဦးဆောင်သူရဲ့ ရပိုင်ခွင့်တွေနဲ့ သူ့ရဲ့ တာဝန်ဝတ္တရားတွေဟာ ဆန့်ကျင်နေပါတယ်။ ရာထူးကြီးလာလေလေ မိမိရဲ့ ရပိုင်ခွင့်တွေဟာ လျော့နည်းသွားပြီး မိမိရဲ့တာဝန်ဝတ္တရားတွေဟာ ပိုများလာပါတယ်။ ရာထူးအဆင့်နိမ့်လာလေလေ မိမိရဲ့ရပိုင်ခွင့်တွေ ပိုလာပြီး တာဝန်ဝတ္တရားတွေဟာ လျော့နည်းသွားမှာ ဖြစ်ပါတယ်။**

အဖွဲ့အစည်းအတွင်း ရာထူးအဆင့်တိုးလာတာနဲ့အမျှ တာဝန်တွေဟာ ပိုလာမှာ ဖြစ်ပါတယ်။ ကိုယ့်မှာ ပိုင်ဆိုင်တဲ့အာဏာထက် ကိုယ့်ရဲ့တာဝန်ဝတ္တရားတွေဟာ ပိုတာတွေ့ရပါတယ်။ အပေါ်ရောက်လေလေ မိမိအပေါ် ဖိအားပေးမှုတွေဟာ များလေလေ ဖြစ်ပါတယ်။

အမှန်တော့ အဖွဲ့အစည်းတစ်ခုမှာ ဦးဆောင်သူရဲ့ ရပိုင်ခွင့်တွေနဲ့ သူ့ရဲ့တာဝန်ဝတ္တရားတွေဟာ ဆန့်ကျင်နေပါတယ်။ ရာထူးကြီးလာလေလေ မိမိရဲ့ ရပိုင်ခွင့်တွေဟာ လျော့နည်းသွားပြီး မိမိရဲ့တာဝန်ဝတ္တရားတွေဟာ ပိုများလာပါတယ်။ ရာထူးအဆင့်နိမ့်လာလေလေ မိမိရဲ့ ရပိုင်ခွင့်တွေ ပိုလာပြီး တာဝန်ဝတ္တရားတွေဟာ လျော့နည်းသွားမှာ ဖြစ်ပါတယ်။

## အယူအဆအမှား နံပါတ် (၆)

ထိပ်ပိုင်းဦးဆောင်မှုအဆင့်ရောက်မှ မိမိရဲ့အလားအလာကို ဖော်ပြနိုင်စွမ်းရှိမှာဖြစ်ပါတယ်။ လူတိုင်းထိပ်ကို ရောက်နိုင်ဖို့ မဖြစ်နိုင်ပါဘူး။ များသောအားဖြင့် အလည်အပတ်အဆင့်တွေမှာသာ အချိန်ကုန်သွားကြတာ တွေ့ရပါတယ်။ အမှန်တော့ လူတွေဟာ လုပ်ငန်းရဲ့ထိပ်ပိုင်းကိုရောက်ဖို့ ကြိုးစားတာထက် ကိုယ်လုပ်နိုင်သမျှကို အစွမ်းကုန်ကြိုးစားနိုင်ဖို့ လိုအပ်ပါလိမ့်မယ်။ ကိုယ်ဖြစ်နိုင်စွမ်းရှိသလောက် ကြိုးစားအားထုတ်သွားရမှာ ဖြစ်ပါတယ်။ အမှန်တော့ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကိုယ်က ဦးဆောင်နိုင်စွမ်းရှိပါတယ်။

## အယူအဆအမှား နံပါတ် (၇)

ထိပ်ကိုမရောက်နိုင်ရင် သူများကို ဦးဆောင်ဖို့ မကြိုးစားတော့ပါဘူး။ ကိုယ်ဟာ ကိုယ်ရဲ့အဖွဲ့အစည်းကို ဦးစီးဦးဆောင်နိုင်မယ့်အခွင့်အရေးဟာ ရှားပါးလှပါတယ်။ ရောက်ဖို့မလွယ်ကူပါဘူး။ ဒီလိုမလွယ်ကူတဲ့အတွက် ဦးဆောင်တာကို စွန့်လွှတ်သင့်ပါသလား။ ထိပ်ကို မရောက်နိုင်တဲ့အတွက် စိတ်လျှော့လိုက်တဲ့သူတွေ အများကြီးရှိပါတယ်။ “ငါ ဘောလုံးအသင်းကို ခေါင်းဆောင်လုပ်ခွင့်မရရင် ငါ့ရဲ့ဘောလုံးကို ကန်ခွင့်မပေးဘူး”လို့ ပြောတဲ့ကလေးသူငယ်တစ်ဦးနဲ့တူနေပါတယ်။ ထိပ်တန်းမရောက်ရင် မအောင်မြင်ဘူးလို့ ထင်မှတ်နေကြပါတယ်။

အမှန်တော့ ထူးခြားပြောင်မြောက်တဲ့ ဆောင်ရွက်မှုတွေပေးဆောင်နိုင်ဖို့ ထိပ်မှာ ရှိစရာမလိုပါဘူး။ ဘယ်နေရာမှာပဲတာဝန်ယူသည်ဖြစ်စေ ထူးခြားပြောင်မြောက်အောင်ဆောင်ရွက်နိုင်စွမ်းရှိပါတယ်။ ဘယ်နေရာမှာဖြစ်ဖြစ် ဦးဆောင်ပေးနိုင်မှာ ဖြစ်တာကို ယုံကြည်ရမှာ ဖြစ်ပါတယ်။

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

■

www.foreverspace.com.mm



ဈေးကွက်အတွင်းတွင် ကုမ္ပဏီများစွာတို့သည် အောင်မြင်မှုရရှိရန် သူ့ထက်ငါ အလုအယက်ယှဉ်ပြိုင်ကြိုးပမ်းနေရသည်။ တိုးတက်ပြောင်းလဲလာသော ယနေ့ခေတ်တွင် ယှဉ်ပြိုင်မှုများ ပိုမိုမြင့်မားပြင်းထန်လာရာ နည်းပရိယာယ်များ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ ကျင့်သုံးကာ အောင်မြင်မှုရရှိရန် အားသွန်ခွန်စိုက်ကြိုးပမ်းကြရသည်။ ယှဉ်ပြိုင်ပွဲကြီးတွင် အနိုင်ရရှိသော ကုမ္ပဏီများရှိသကဲ့သို့ အောင်ဖျာလိပ်၍ အရှုံးကို နှလုံးနာစွာ ရင်ဝယ်ပိုက်ခဲ့ရသောကုမ္ပဏီများလည်းရှိပေသည်။

# အောင်မြင်သောကုမ္ပဏီတို့၏ ဝိသေသလက္ခဏာများ

မျိုးခန့်စံ



အမေရိကန်စာရင်းအင်းပညာရှင်များ၏ လေ့လာချက်အရ 'ကုမ္ပဏီဆယ်ခုတွင် တစ်ခုသာအောင်မြင်မှုအစစ်အမှန်ရရှိပြီး နှစ်ခု သို့မဟုတ် အများဆုံး သုံးခုသည် အောင်မြင်မှုအသင့်အတင့်ရရှိကြောင်း သိရသည်။ အခြားသောကုမ္ပဏီသုံးခုမှာ ရပ်တည်နိုင်ရေးအတွက် အသည်းအသန်လုံးပန်းကြရပြီး ကျန်ကုမ္ပဏီတို့မှာ ပျက်စီးဆုံးရှုံးကြရသည်' ဟူ၍ လေ့လာသိရှိရသည်။ အောင်မြင်သောကုမ္ပဏီနှင့် ဆုံးရှုံးသောကုမ္ပဏီတို့တွင် မတူညီသောခြားနားမှုများရှိနေပြီး ယခုဆောင်းပါးတွင် အောင်မြင်သောကုမ္ပဏီတို့၏ ဝိသေသလက္ခဏာများကို လေ့လာဆန်းစစ်ကြည့်ပါမည်။

အောင်မြင်မှု၏ ဆန့်ကျင်ဘက်သည် ရှုံးနိမ့်မှုဖြစ်ရာ ရှုံးနိမ့်ရခြင်း၏ အကြောင်းရင်းခံများကို သိရှိရှောင်ရှားနိုင်မည်ဆိုလျှင် အောင်မြင်မှုရရှိနိုင်ပေမည်။ SBA ဟု အတိုကောက်ခေါ်သည့် Small Business Administration ၏ လေ့လာမှုအရ စီးပွားရေးလုပ်ငန်းသစ်တို့၏ ၆၃ ရာခိုင်နှုန်းသည် ခြောက်နှစ်အတွင်း ရှုံးနိမ့်ပျောက်ကွယ်လေ့ရှိပြီး ရှုံးနိမ့်ပျောက်ကွယ်ရခြင်း၏ အဓိကအကြောင်းရင်းများမှာ ရင်းမြစ်များ အကန့်အသတ်ရှိခြင်း၊ စီမံခန့်ခွဲမှုအတွေ့အကြုံနည်းပါးခြင်း၊ ဘဏ္ဍာရေးတည်ငြိမ်အောင် စွမ်းဆောင်နိုင်မှုမရှိခြင်းနှင့် အပြောင်း

www.foreverspace.com.mm

အလဲများနှင့်အညီ သင့်တော်ဆီလျော်အောင် ပြုပြင်ပြောင်းလဲနိုင်စွမ်းမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ယနေ့ခေတ်စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများသည် နေ့စဉ်နှင့်အမျှ အခက်အခဲများ၊ ပြဿနာများကို ဖြေရှင်းနေရပြီး စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည်။ နိုင်ငံခြားသားလုပ်ငန်းရှင်တစ်ဦးက "စိန်ခေါ်မှုတွေကတော့ နေ့စဉ်နဲ့အမျှ ရင်ဆိုင်နေရတာပဲ။ မကျော်လွှားနိုင်ရင် ကျန်ခဲ့မှာပဲ။ အောင်မြင်ဖို့အတွက် အချိန်နဲ့စွမ်းအားတွေကို ပေးဆပ်နေရတယ်။ ရေရှည်အောင်မြင်ဖို့ဆိုရင် စနစ်တကျစီမံခန့်ခွဲနိုင်ဖို့လိုတယ်။ Frame ခိုင်မာဖို့ လိုအပ်ပြီး အနာဂတ်အမြင်ရှိဖို့လိုတယ်" ဟု သုံးသပ်ပါသည်။

"မန်နေဂျာအများစုအနေဖြင့် ကုမ္ပဏီ၏အနာဂတ်ကို ဟောကိန်းထုတ်ဖို့ အကန့်အသတ်ရှိတယ်ဆိုတာ ဝန်ခံပါတယ်။ သေချာတာကတော့ အရာရာဟာ ပြောင်းလဲနေတယ်။ ဗျူရိုကရေစီစနစ်ကျင့်သုံးတဲ့ အဖွဲ့အစည်းကြီးတွေတောင် လိုက်ပါပြောင်းလဲနေရတယ်။ ယှဉ်ပြိုင်မှုတွေ ပြင်းထန်လာပြီး နည်းပညာတွေမြင့်မားလာပြီ။ စည်းမျဉ်းဥပဒေတွေ ပြောင်းလဲနေပြီ။ မဟာဗျူဟာတွေပြောင်းလဲလာပြီ။ မတည်ငြိမ်တဲ့ကမ္ဘာမှာ ပြောင်းလဲနေရတယ်။ ပြောင်းလဲနေတဲ့ခေတ်မှာ ငြိမ်နေရင် ရှုံးနိမ့်မှာပဲ" ဟု Harward Business School စီးပွားစီမံပါမောက္ခတစ်ဦးဖြစ်သူ Leonard A Schlesinger က ဆိုပါသည်။

လုပ်ငန်းပမာဏကြီးထွားမှုမြန်လာလေလေ အပြောင်းအလဲကို ပိုမိုရင်ဆိုင်ရလေဖြစ်သည်။ အပြောင်းအလဲနှင့် အဖွဲ့အစည်း ညီညွတ်ကိုက်ညီအောင် 'ချိန်ညှိ' ရလေဖြစ်သည်။ ထို့ပြင် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲရန် လိုအပ်ပေသည်။ လုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် (၁) အပြောင်းအလဲများကို ကြိုတင်မြော်မြင်၍ စီမံခြင်း၊ မြန်မြန်ဆန်ဆန်ဆောင်ရွက်ခြင်း၊ (၂) သင့်လျော်သောတုံ့ပြန်မှုများကို လျင်မြန်စွာ ပုံဖော်ခြင်းနှင့် (၃) တုံ့ပြန်မှုများကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဆောင်ရွက်ရန်တို့လိုသည်။ သင့်တော်ဆီလျော်အောင် ပြုပြင်နိုင်စွမ်းရှိသည့် ဝန်ထမ်းများ၊ သုံးသပ်ဆုံးဖြတ်နိုင်စွမ်းရှိသည့် ထက်မြက်သောမန်နေဂျာများ၏ ဦးဆောင်မှုအောက်တွင် ဖော်ပြပါလုပ်ငန်းစဉ်များကို အောင်မြင်စွာလုပ်ဆောင်ကြရ မည်ဖြစ်ပါသည်။ ဝန်ထမ်းများအကြားတွင် အပြန်အလှန်ယုံကြည်မှု၊ ပွင့်ပွင့်လင်းလင်းရှိမှုနှင့် တစ်ဦး၏ထင်မြင်ယူဆချက်ကို အခြားလူများက အပြန်အလှန်လေးစားမှုရှိကြရမည်ဖြစ်ပါသည်။ အောင်မြင်သောကုမ္ပဏီတိုင်းတွင် အဆိုပါ ဝိသေသလက္ခဏာများကို တွေ့ရှိရပါသည်။

အောင်မြင်သောကုမ္ပဏီတို့တွင် တွေ့ရလေ့ရှိသည့် ထူးခြားသောဝိသေသမှာ ပရော်ဖက်ရှင်နယ်ပီသသော တတ်သိပညာရှင်များကို ထိုက်ထိုက်တန်တန်နေရာပေးပြီး ကျွမ်းကျင်ဝန်ထမ်းများကို တလေးတစားအလေးထားခြင်းဖြစ်သည်။ ဝန်ထမ်းများသည် စီမံခန့်ခွဲမှုကို စနစ်တကျနားလည်တတ်ကျွမ်းပြီး အတွေးအခေါ်မြင့်မားကြသူများဖြစ်သည်။ သဘောထားမှန်ကန်ပြီး အချင်းချင်းဖေးမကူညီတတ်ကြသည်။ မန်နေဂျာတို့သည် လုပ်ငန်းအဖွဲ့အစည်းဖွံ့ဖြိုးကြီးထွားမှုအဆင့်ဆင့်နှင့် တစ်ဆင့်ချင်းစီတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့် တာဝန်များကို ဂဃနဏနားလည်ပြီး စဉ်ဆက်မပြတ်စီစဉ်သုံးသပ်နိုင်စွမ်းရှိကြသည်။ ဝန်ထမ်းအများစုသည် မိမိတို့သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်မှုကိုယ်စီရှိကြပြီး ပူးပေါင်းဆောင်ရွက်နိုင်စွမ်း၊ ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိကြသည်။ ဝန်ထမ်းများသည် ပကတိအမှန်ကိုလက်ခံပြီး ပေးဆပ်ခြင်းနှင့် ရယူခြင်းကို ကောင်းစွာနားလည်သည်။ ကုမ္ပဏီ၏ အနာဂတ်ကို မြင်တွေ့နိုင်စွမ်းရှိကြသည်။

အောင်မြင်သောကုမ္ပဏီတို့တွင် စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများအကြား၌ အပြန်အလှန်ယုံကြည်မှုရှိပြီး ယုံကြည်မှုခိုင်မာမြင့်မားအောင်တည်ဆောက်ထားသည်။ ပွင့်လင်းမှုရှိပြီး သတင်းအချက်အလက်များကို လွတ်လပ်စွာ စီးဆင်းကြသည်။ ဌာနအချင်းချင်းဆက်ဆံရေးတွင် ပွင့်လင်းပြီး လိမ်လည်ကောက်ကွေ့မှုနည်းပါးသည်။ ဂုဏ်သိက္ခာရှိ၍ စာရိတ္တကို အလေးထားသည်။ ထိုသို့သော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကောင်းကိုတည်ဆောက်ရန် အပြောလွယ်သလောက် လက်တွေ့တွင် အင်မတန်ခဲယဉ်းပါသည်။ (ပွဲနင်းဦးထောင်၊ ဦးနင်းပွဲထောင်လူစားများက များပါသည်) စနစ်တကျစီမံချက်ရေးဆွဲ၍ စိတ်ရှည်ရှည် တည်ဆောက်ယူရန် လိုအပ်ပါသည်။ တာဝန်ရှိသူအသီးသီးသည် တစ်ဦးကိုတစ်ဦး အပြန်အလှန်လေးစားပြီး တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားစိတ်ကို မွေးမြူကြရသည်။

အောင်မြင်သောကုမ္ပဏီတို့၏ ထူးခြားသောလက္ခဏာတစ်ခုမှာ စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒလမ်းစဉ်များ နည်းပါးပြီး ဖွဲ့စည်းတည်ဆောက်ပုံတွင် ထိရောက်သောပူးပေါင်းဆောင်ရွက်မှုများကို ဦးစားပေးအလေးထားခြင်းဖြစ်သည်။ လုပ်ငန်းအဖွဲ့အစည်းအတွင်းဆောင်ရွက်မှုများ၊ ပြုပြင်ပြောင်းလဲမှုများ၊ စွမ်းဆောင်နိုင်မှုများနှင့်စပ်လျဉ်း၍ အချက်အလက်များစုစည်းခြင်း၊ ဖြန့်ဝေခြင်းနှင့်လုပ်ငန်းစဉ်များတွင် 'တိုင်းတာသောစနစ်' ကို ကျင့်သုံးလေ့ရှိသည်။ ပြုပြင်ပြောင်းလဲမှု၊ ဆန်းသစ်တီထွင်မှု၊ ထူးချွန်ပြောင်မြောက်မှု၊ စွမ်းစွမ်းတမံရှိမှုများကိုအားပေးပြီး ဆုပေးစနစ်ကို ကျင့်သုံးလေ့ရှိသည်။ စီမံခန့်ခွဲမှုအရည်အသွေးထူးချွန်မြင့်မားစေရန်နှင့် အရည်အသွေးမြင့်ဝန်ထမ်းပေါ်ထွက်လာစေရန် ရွေးချယ်ရေးနှင့်ဖွံ့ဖြိုးမှုစနစ်များ၊ အစီအစဉ်များ၊ ဌာနများ စနစ်တကျထားရှိကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သည်။ စိတ်ထားမြင့်မြတ်မှုနှင့် ကျယ်ပြန့်သောအမြင်များရရှိအောင် လေ့ကျင့်ပျိုးထောင်သည်။ စဉ်ဆက်မပြတ်လေ့လာဆည်းပူးစေသည်။

အပြောင်းအလဲကိုစိုးရွံ့သော၊ ဗျူရိုကရက်တစ်ဆန်သောအဖွဲ့အစည်းတို့သည် ဝန်ထမ်းများကို ဥပေက္ခာပြုသည်၊ ဖောက်

www.foreverspace.com.mm



သည်များကိုလျစ်လျူရှုသည်။ လူမှုတာဝန်များကို ထမ်းဆောင်ရန်ငြင်းဆိုသည်။ ထိုသို့သောအဖွဲ့အစည်းများ၊ ကုမ္ပဏီများကို လောကသစ္စာက ဒဏ်ခတ်ပေလိမ့်မည်။ အောင်မြင်သောကုမ္ပဏီတို့သည် ဖောက်သည်ကိုအလေးထားသည်၊ ဝန်ထမ်းကိုလေးစားသည်၊ လူမှုတာဝန်များကိုအရေးထားသည်။


အမြင်ကျယ်၍ပြုပြင်ပြောင်းလဲနိုင်စွမ်းမြင့်မားသည့် ကုမ္ပဏီအဖြစ်သို့ရောက်ရှိရန် အချိန်၊ ခေါင်းဆောင်ကောင်း၊ စွမ်းအင်နှင့် ငွေကြေးပြည့်စုံရန် လိုအပ်သည်။ အကျဘက်သို့ဦးတည်နေသော ကုမ္ပဏီများအနေဖြင့် ပြန်လည်တည့်မတ်ရန် (၁) အလယ်အလတ်နှင့် ထိပ်တန်းမန်နေဂျာများကို ပြုပြင်ပြောင်းလဲရန်၊ အားသစ်လောင်းရန်၊ မွမ်းမံအဆင့်မြှင့်ပေးရန်လိုသည်။ အတွေးအခေါ်ဟောင်းများ၊ မိရိုးဖလာ အတွေးအယူအဆများပေါ်တွင် စိတ်ကူးသစ်၊ ဉာဏ်သစ်၊ အမြင်သစ်များဖြင့် ဉာဏ်ရည်သစ်လောင်းပေးရန် လိုသည်။ (၂) အခြားအဆင့်ဝန်ထမ်းများကိုလည်း ပြန်လည်စိစစ်ရွေးချယ်၍မွမ်းမံပြီး အသစ်ထပ်မံဖွဲ့စည်းရန်လိုသည်။ (၃) ပူးပေါင်းဆောင်ရွက်၍ ရလဒ်ကောင်းများရရှိရန်အတွက် စံချိန်စံညွှန်းများနှင့်ကိုက်ညီဆောင်ရွက်ပြီး တိုင်းတာသောစနစ်များထားရှိရမည်။ (၄) မန်နေဂျာနှင့် ဝန်ထမ်းများကြားတွင် ကောင်းမွန်သော၊ အပြုသဘောဆောင်သော၊ ပွင့်လင်းသောလူမှုဆက်ဆံရေးစနစ်ကို မြှင့်တင်ဆောင်ရွက်ရမည်။

ထိုသို့ပြုပြင်ပြောင်းလဲရာတွင် ရင်းမြစ်မလုံလောက်မှုပြဿနာများ ကြုံတွေ့နိုင်သည်။ စနစ်သစ်သို့ ပြောင်းလဲရာတွင်ရှိသည့်ရင်းမြစ်များကို ခွဲဝေသုံးစွဲရန် ဖြစ်ပေါ်လာရာ အခက်အခဲများ ကြုံတွေ့နိုင်သည်။ အများစုသည်အပြောင်းအလဲကိုစိုးရွံ့ပြီး ငြင်းဆန်မှု၊ တွန်းလှန်မှုများ ဖြစ်ပေါ်လာနိုင်သည်။ လက်ရှိလုပ်ငန်းစဉ်များကို ချက်ချင်းလက်ငင်းရပ်စဲ၍ မဖြစ်နိုင်သေးရာ ရင်းနှီးမြှုပ်နှံမှုပမာဏများပြားရန်လိုအပ်သည်။ ရရှိထားနှင့်ပြီးသည့် ဈေးကွက်ဝေစုနှင့် ဝင်ငွေများကိုလည်း ထည့်သွင်းစဉ်းစားတွက်ချက်ရန်လိုသည်။ ရေရှည်အကျိုးကိုစဉ်းစားရမည်ဖြစ်သကဲ့သို့ လက်ရှိရပ်တည်နေမှုကို ချင့်ချိန်နေရ၍ နှောင့်နှေးနေလေ့ရှိသည်။ ဒုတိယအခက်အခဲမှာ မန်နေဂျာနှင့် ဝန်ထမ်းများ၏ အရည်အသွေးမပြည့်ဝမှုဖြစ်သည်။ တတိယအခက်အခဲမှာ လက်ရှိအခြေအနေနှင့်ပင် သင့်တင့်သော အကျိုးအမြတ်များရရှိနေ၍ စွန့်စားရန် ဝန်လေးနေလေ့ရှိခြင်းဖြစ်သည်။ စတုတ္ထအခက်အခဲမှာ ကျဆင်းနေသောအခြေအနေကို ရှောင်လွှဲမရခြင်းနှင့် ပဋ္ဌမအချက်မှာ အထက်ဖော်ပြပါဝိသေသလက္ခဏာများပေါ်တွင် သံသယရှိခြင်းဖြစ်ပါသည်။

မည်သို့ဆိုစေ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် မိမိလုပ်ငန်းအဖွဲ့အစည်းအတွင်းပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်လိုအပ်သည်ကို ကြိုတင်သိမြင်နိုင်စွမ်းရှိရန်လိုအပ်ပါသည်။ လိုက်လျောညီထွေရှိရန်ပြုပြင်ပြောင်းလဲခြင်းမပြုပါက ပြဿနာများကြုံတွေ့နိုင်ပါသည်။ နေ့စဉ်ဝင်ငွေများပြားမှုကို အာရုံရောက်ပြီး ဦးစားပေးလွန်းပါက စာရိတ္တပိုင်းအားနည်းပြီး ပူးပေါင်းဆောင်ရွက်မှုအားနည်းကာ ပြဿနာများပေါ်ထွက်လာလေ့ရှိသည်။ ညှိနှိုင်းဆောင်ရွက်မှုအားနည်းလျှင် ရည်မှန်းချက်ပျောက်ပြီး ရင်းမြစ်များ လေလွင့်နိုင်ပါသည်။

ပြောင်းလဲမှုသည် ရှောင်လွှဲမရသောကိစ္စဖြစ်သည်။ ရေရှည်အမြင်ဖြင့်ကြည့်ကာ ရင်းမြစ်များကို စနစ်တကျအသုံးချ၍ ထိရောက်အောင်မြင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ပြောင်းလဲလာသော အခြေအနေများနှင့်အညီ သင့်တော်ဆီလျော်အောင် စီမံခန့်ခွဲလျက် အပြောင်းအလဲနှင့်အတူ မြင့်တက်ကြရမည်ဖြစ်ပါသည်။ အောင်မြင်သောကုမ္ပဏီများ၏ ဝိသေသလက္ခဏာများကိုလေ့လာသိရှိပြီး ရေရှည်အောင်မြင်မှုရရှိအောင် အမြော်အမြင်ရှိစွာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**မှူးခန့်စံ**



**Ref : Characteristics of a highly effective organization; A Long run point of view by leanard A. Shlesigner. (The new portable MBA)**

www.foreverspace.com.mm



# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၈၁ | ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်

## စီးပွားရေးပညာရပ်ဆိုင်ရာသင်တန်းတချို့

ယခုအခါ တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးတဲ့ ကျောင်းသား၊ ကျောင်းသူအများစုဟာ မိမိတို့အမှတ်မီတဲ့ တက္ကသိုလ်များကို တက်ရောက်ခြင်းမရှိတော့ဘဲ အဝေးသင်တက္ကသိုလ် တက်ရောက်သင်ယူရင်း တစ်ဖက်က လုပ်ငန်းခွင်ထဲဝင်တဲ့အခါ အသုံးတည့်နိုင်မယ့်သင်တန်းတွေကိုပဲ ရွေးချယ်တက်ရောက်လာကြပါတယ်။ အဲဒီလိုသင်တန်းတွေထဲကမှ စီးပွားရေးဆိုင်ရာသင်တန်းတွေဟာလည်း ယခင်ကထက်ပိုပြီးများပြားလာတာကြောင့် မိမိလုပ်ငန်းနဲ့သက်ဆိုင်မယ့် စီးပွားရေးသင်တန်းတွေကို ရွေးချယ်တက်ရောက်နိုင်အောင် သင်တန်းကျောင်းတချို့ကို စုစည်းဖော်ပြလိုက်ပါတယ်။

- **Thames**
  ဒုတိယထပ်၊ မြေနီကုန်းပလာဇာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၅၀၁၄၅၀၊ ၅၂၅၉၇၁၊ ၇၀၆၇၄၀
- **MHR, Business & Management Institute**
  အခန်း-၉၀၅၊ ၉-လွှာ၊ သံဈေးကွန်ဒို၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၇၀၇၈၂၂၊ ၂၁၆၁၆၈၊ ၃၉၅၈၀၂၊ ၀၉-၅၀၄၅၅၅၁
- **MHR Center II (Accounting & Finance Centre)**
  အမှတ်-၃၉၊ ဖျာပုံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၅၂၆၇၀၆၊ ၀၉-၅၀၆၉၉၁၅
- **ဒေါ်ယုယုမြင့် (ACCA & LCCI)**
  - အမှတ်-၄၅၊ ပ-ထပ်၊ ၁၂လမ်း(လယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
  - အမှတ်-၁၁၇၊ ၆-လွှာ၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၂၂၃၁၇၇၊ ၀၉-၅၀၁၄၅၆၃
- **Career Pass Job Training Centre (Secretarial Skills & Introduction Business Communication)**
  အမှတ်-၁၂ (A)၊ မြေညီထပ်၊ မြဝတီလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
- **WISE (အရောင်းနှင့်ဈေးကွက်စီမံခန့်ခွဲမှုသင်တန်း)**
  အမှတ်-(၁၀၀၉)၊ ၁၀ လွှာ၊ ယုဇနတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၅၅၆၁၈၃၊ ၀၉-၅၁၅၇၀၃၂
- **Mr. Accounting**
  အမှတ်-၂၀၃၊ ဒုတိယထပ်၊ အိုလံပစ်တာဝါ၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၉၂၈၆၉၊ ၃၉၂၈၈၀၊ ၃၉၂၈၇၃
- **Tip Top Capacity Development Center**
  MGC တာဝါ၊ အခန်း-၇၀၂၊ ဗိုလ်အောင်ကျော်လမ်း၊ (အလာဒင်အပေါ်ထပ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၁၆၂၀၆၂
- **BCB (Business Capacity Building Centre)**
  အခန်း-၄၀၅၊ ၄ လွှာ၊ ပန်းခြံတာဝါ၊ ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၃၈၅၃၁ ■

## စာရေးကိရိယာ လိုအပ်သူတွေအတွက် Stationary ဆိုင်သစ်

ကျောင်းသုံး၊ ရုံးသုံး၊ စာရေးကိရိယာဆိုင်တော်တော်များများ ရှိတာကိုတွေ့ကြရမှာပါ။ ဒီနေ့ခေတ်မှာ Stationary ဆိုတာမရှိမဖြစ် လိုအပ်နေသေးတယ်လို့ ပြောလို့ရတဲ့အတွက်ကြောင့် Stationary ဆိုင်သစ်တစ်ဆိုင် ထပ်ဖွင့်လိုက်ပါတယ်။ အဲဒါကတော့ အာရုံသစ် Stationary ဆိုတဲ့ ဆိုင်လေးပဲဖြစ်ပါတယ်။ ဒီဆိုင်လေးမှာ ဈေးနှုန်းအစုံအလင်နဲ့ Stationary တွေအပြင် ဒီဇိုင်းလှလှစာရွက်စာတမ်းထည့် ဖိုင်လေးတွေကိုလည်း ရောင်းနေတာကိုတွေ့ခဲ့ရပါတယ်။ စိတ်ဝင်စားတဲ့သူတွေကအမှတ် ၂၆၇၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်မှာ သွားဝယ်လို့ရမှာပါ။

www.foreverspace.com.mm



# ကြေးအိုးကြိုက်သူများအတွက်

မိုးရာသီကို ပီပီပြင်ပြင် ရောက်ရှိလာတဲ့ ဇူလိုင်လမှာ ပူပူနွေးနွေးနဲ့ ဗိုက်ပြည့်အောင်စားချင်သူတွေအတွက် တရုတ်ရိုးရာအစားအစာကြေးအိုးဆိုင်တွေကို စုစည်းပေးလိုက်ပါတယ်။ မိုးကလည်းသည်း၊ ဗိုက်ကလည်း ဆာနေပြီဆိုရင်တော့ ကြေးအိုးပူပူလေးသောက်လိုက်ရင် ဗိုက်ပြည့်စေရုံသာမက စိတ်ကျေနပ်မှုပါရစေနိုင်မယ်ထင်လို့ ခုလိုညွှန်ပေးလိုက်တာပါ။ ဒါ့အပြင်မက ဆိုင်တချို့မှာ Internet Wifi ကြိုးမဲ့စနစ်လည်း ရှိသေးတာမို့ ကြေးအိုးသောက်ရင်း Internet လည်း သုံးနိုင်ပါလိမ့်မယ်။

- **YKKO**
  - အမှတ်–၁၁၀၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၂၁၉၆
  - အမှတ်–၂၈၊ ဆရာစံလမ်းမကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း ၅၄၁၉၉၈
  - အမှတ်–၂၈၆၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၆၁၅၃၇၉
  - အမှတ်–၂၊ ၃၊ ၄၊ ဗားကရာလမ်း၊ ပဒုမ္မာကစားကွင်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၄၂၆၉
  - တိုက်–၂၆/၃၊ အခန်း(၀၀၃)၊ လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၆၅၀၈၅၀
  - အမှတ်– ၃၅၊ အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၂၅၄၃
- **ရွှေတောင်တန်း**
  - အမှတ်–၄၆၁၊ သစ္စာလမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၆၅၆၄၄
  - အမှတ်–၁၆၇/စီ၊ မြေညီထပ်၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  - အမှတ်–၁၁၈၊ ရွှေတောင်တန်းလမ်း၊ အလယ်ဘလောက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **ဘုန်းကြီးလမ်း**
  အမှတ်–၂၀၀၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၀၇၂၇
- **ကောင်းထက်သာ**
  အမှတ်–၁၊ ကျားကွက်သစ်လမ်းနှင့်မလွှကုန်းလမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၂၂၄၉
- **ရွှေနဂါး**
  - အမှတ် ၂၀၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၂၇၁၂၊ ၀၉–၅၁၁၈၁၄၉
  - အမှတ်–၁၂၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၃၅၃၆
  - အမှတ်–၂၀၊ သီတာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၃၉၈၁၇။
  - အမှတ်–၁၅၂၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ၈၉ လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၇၉၆၉
  - အမှတ်–၄၂၊ သတိပဋ္ဌာန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၀၈၃၉။
- **စိန်သုံးလုံး**
  အမှတ်–၂၄၅၊ ဗိုလ်မြတ်ထွန်းလမ်း၊ Shine Tower ၊ (၁၀) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၆၃၄၉၊ ၀၉–၉၉၂၀၂၈
- **လပြည့်ဝန်း**
  အမှတ်–၃၂၈၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၁၁၉၂
- **ကသစ်ပန်း**
  အမှတ်–၄၃၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၀၀၆၄
- **A.K.O (အလုံကြေးအိုး)**
  တိုက်–၂၊ အောင်ဇေယျာအိမ်ရာ၊ အလုံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၄၁၄၈၊ ၂၁၅၁၅၀
- **ဇဒင်**
  အမှတ်–၃၈၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
- **ရွှေယုန်လေး**
  - အမှတ်–၁၂၊ ရှမ်းကုန်းလမ်းနှင့်မြဝတီလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  - အမှတ်–၇၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၇၇၃၀၊ ၆၆၇၇၇၃။
  - အမှတ်–၃၈–F၊ ပြည်လမ်း၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၉၉၂၄၅၆၀
- **Honey**
  ခ.ယ.က ရုံးဝင်း၊ မင်းကြီးလမ်း (ဗဟိုလမ်း)၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၇၄၉၉၅

www.foreverspace.com.mm

## Fancy ပစ္စည်းဆန်းဆန်းလေးတွေ ဝယ်လို့ရမယ်

Fancy ဆွဲကြိုး၊ နားကပ်၊ လက်စွပ်စသလို Fancy ပစ္စည်းတွေသုံးလာကြတဲ့အတွက် Fancy ဆိုင်လေးတွေလည်း ပေါပေါများများ ဖွင့်လာကြပါတယ်။ ချစ်စဖွယ်အရုပ်လေးတွေ Parting Gift လေးတွေကိုလည်း Fancy အရောင်းဆိုင်လေးတွေမှာ တစ်စုတစ်စည်းရောင်းချလာနေကြတဲ့ Fancy ဆိုင်ဈေးကွက်ထဲကို ဆိုင်သစ်လေးတစ်ဆိုင်တိုးလာပါတယ်။ အဲဒါကတော့ 7 Color ဆိုတဲ့ဆိုင်လေးပဲဖြစ်ပါတယ်။ ချစ်စဖွယ်သော့ချိတ်၊ ဖုန်းချိန်းလေးတွေ၊ အရုပ်လေးတွေအပြင် Fancy ပစ္စည်းလှလှလေးတွေကိုလည်း ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချနေတာကြောင့် Fancy ပစ္စည်းကြိုက်တတ်သူတွေအတွက် သတင်းပေးလိုက်တာပါ။ အမှတ် ၄၅(A)၊ မြေညီထပ်၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်မှာ စိတ်ဝင်စားသူတွေအနေနဲ့ သွားရောက်ဝယ်ယူလို့ရပါတယ်။

## Software ဝယ်လိုက

ကွန်ပျူတာ အသုံးများတဲ့ဒီနေ့ခေတ်ကြီးမှာ ကိုယ်လိုချင်တဲ့ Software လေးတွေကို ကိုယ့်ကွန်ပျူတာထဲမှာထည့်ပြီး အသုံးပြုလိုသူတွေအတွက် Software အရောင်းဆိုင်လေးတွေကို စုစည်းပေးလိုက်ပါတယ်။

- **Index net Solution**
  အမှတ်–၈၀၃၊ တတိယထပ်၊ မဟာဗန္ဓုလလမ်း၊
  ၁၁ လမ်းနှင့် ၁၂ လမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၂၆၃၀၅
- **National CD**
  – ဆိုင်အမှတ်–(၁)၊ အမှတ် (၁၆၁)၊ ၃၄ လမ်း (အပေါ်ဘလောက်)၊
  မြေညီထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၂၆၀၄၊ ၃၈၄၇၇၀
  – ဆိုင်အမှတ် (၂)၊ အမှတ် (၃၇၅)၊ ဗိုလ်ချုပ်လမ်း၊ လမ်း ၃၀ ထောင့်၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၈၂၂၅
  – ဆိုင်အမှတ် (၃)၊ အမှတ် (၃၀၁)၊ ၈၂လမ်းနှင့်၈၃လမ်းကြား၊
  မန္တလေးမြို့။ ဖုန်း–၀၂–၃၄၁၇၅၊ ၀၉–၂၀၀၁၇၇၈။
- **ADDA Systems**
  အမှတ်–၄၁၊ ပထမထပ်၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၀၉–၈၅၀၂၉၄၈
- **KMD (Softcomm Technology)**
  အဆောင်(၂)၊ အခန်းနံပါတ် (၂၊ ၁)၊ မြန်မာအင်ဖိုတက်ခ်၊
  လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၂၂၆၀၊ ၆၅၂၂၆၁
- **Active (Multimedia)**
  အမှတ်–(၁၁၈)၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊
  ရန်ကုန်မြို့။ ဖုန်း–၀၉–၈၆၄၁၂၅၅၊ ၀၉–၅၀၇၇၉၈၂၊ ၀၉–၅၅၀၂၂၈၇



www.foreverspace.com.mm



# ဆိုဖာခုံတွေ ပြင်မလို့လား

နေအိမ်ရုံးခန်းတွေက ဆိုဖာခုံတွေ အပေါ်ယံလေးပဲပြတာ အောက်ခံကကောင်းသေးတယ်၊ ဒါမှမဟုတ် ဘာမှမဖြစ်သေးဘူး ဒီဇိုင်းကိုပဲပြောင်းချင်တယ် အဲဒီလိုမျိုးစိတ်ကူးရှိနေသူတွေအတွက် ဝန်ဆောင်မှုလုပ်ငန်းလေးတွေကိုဖော်ပြပေးလိုက်တယ်။ ပြင်ဆင်ရမယ့်ပမာဏနဲ့ ပေးရမယ့်ဝန်ဆောင်ခ ကိုက် မကိုက်၊ အသစ်ဝယ်ရမှာနဲ့ ပြင်ရမှာ ဈေးနှုန်းကကွာမကွာ စတာတွေကိုတော့ ဖုန်းနဲ့ အသေးစိတ်မေးကြည့်တာ ကောင်းပါလိမ့်မယ်။ တော်တော်များများကတော့ ပြင်ရမယ့်ပစ္စည်းကိုကြည့်ပြီးမှ ဈေးနှုန်း ပြောကြတာများပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဝန်ဆောင်ခသင့်တော်ရင်တော့ ပရိဘောဂဒီဇိုင်း ပြောင်းတယ်ဆိုတာ စိတ်ကိုလန်းဆန်းစေမယ့်အပြုအမူမို့ စဉ်းစားနေမယ်ဆိုရင် လက်တွေ့အကောင်အထည်ဖော်လိုက်လို့ရအောင်ပါ။

- **Royal Modern Furniture**
  ဖုန်း-၂၀၅၇၃၈၊ ၂၀၀၇၆၇ လိုင်းခွဲ-၅၄၀၀
- **Hawk Group**
  ဖုန်း-၇၀၀၁၀၉၊ ၂၉၆၁၉၃၊ ၅၈၅၃၄၉
- **Q & D Sofa Furniture**
  အမှတ်-၄၅၂၊ သံလွင်လမ်း၊ (၆၄)ရပ်ကွက်၊
  တောင်ဒဂုံစက်မှုဇုန် (၂)၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၀၄၀၉၉၅၊ ၅၉၀၁၃၃
- **Hi - Vim**
  **SOFA & IRON BED Furniture**
  အောက်ပုဇွန်တောင်လမ်း၊ မီးရထားစက်ခေါင်းစက်ရုံ၊
  ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၀၁၂၃၇၄၊ ၇၀၁၂၁၄

# Mobile Handset ဆိုင်သစ်

ဆက်သွယ်ရေးတိုးတက်လာတဲ့ ဒီနေ့ခေတ်ကြီးမှာ လူတိုင်းနီးပါး Hand Phone ကိုယ်စီသုံးနေကြတဲ့အတွက် Handset အရောင်းဆိုင်အတော်များများ ဖွင့်လာကြပါတယ်။ ဒီနေ့ခေတ်ရဲ့ သတင်းစီးဆင်းမှုထဲမှာ ဆက်သွယ်ရေးအားကောင်းလာတာကြောင့် Handset အရောင်းဆိုင်တွေတိုးချဲ့လာကြတာပါပဲ။

အခု Handset ဆိုင်တွေထဲကို နောက်ထပ် ဆိုင်သစ်တစ်ဆိုင်တိုးလာခဲ့ပါတယ်။ အဲဒါကတော့ The Mobile Shop ဆိုတဲ့ဆိုင်ပဲ ဖြစ်ပါတယ်။ ဒီဆိုင်လေးက တခြား Mobile အရောင်းဆိုင်တွေလိုပဲ Handset ဒီဇိုင်းမျိုးစုံနဲ့ တံဆိပ်မျိုးစုံကို ရောင်းချနေတယ်လို့ဆိုတဲ့အတွက် စိတ်ပါဝင်စားတဲ့သူတွေက အမှတ် ၇၅၊ မြေညီထပ်၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်မှာ သွားလေ့လာပြီး ဝယ်လို့ရပါပြီ။



www.foreverspace.com.mm

# မိုးအေးအေးမှာ စာအုပ်ဖတ်

ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် Shopping ထွက်လေ့ရှိကြချိန်မှာ မိုးတွေရွာနေလို့ အပြင်ထွက်ဖို့ စိတ်ညစ်တဲ့သူတွေ၊ အိမ်မှာပဲ နားနားနေနေ နေချင်သူတွေအတွက် မိုးအေးအေးမှာ အပျင်းလည်းပြေ၊ ဉာဏ်လည်းရွှင်ဖို့ စာအုပ်တွေဖတ်မယ်ဆိုရင် အလွယ်တကူသွားဝယ်နိုင်ဖို့ စာအုပ်ဆိုင်လေးတွေကို ညွှန်ပေးချင်ပါတယ်။ ဒီဆိုင်လေးတွေမှာ သုတ၊ ရသစာအုပ်တွေအပြင် လစဉ်ထုတ်မဂ္ဂဇင်း၊ အပတ်စဉ်ထုတ်ဂျာနယ်တွေပါ ဝယ်လို့ရနိုင်မှာပါ။ တချို့ Shopping Mall ကြီးတွေမှလည်း စာအုပ်ဆိုင်တွေက မပါမဖြစ်ဆိုသလို ဖွင့်လှစ်ပေးထားကြပါတယ်။ အခု ညွှန်ပေးတာက Shopping Mall ကြီးတွေမှမဟုတ်ဘဲ သီးသန့်ဖွင့်ထားတဲ့စာအုပ်ဆိုင်လေးတွေဟာ စာအုပ်ချစ်သူတွေအတွက် မိုးအေးအေးမှာ ကော်ဖီတစ်ခွက်၊ စာအုပ်တစ်အုပ်နဲ့ဆိုရင် ကျန်တာ ဘာမှမလိုတော့ပါဘူးနော်။

- **အမေ့အိမ်**

အမှတ် (၈၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၂၁၀၀

- **ရာပြည့်စာအုပ်ဆိုင်**

– အမှတ် (၄၁၆)၊ မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၇၅၉၅၂၊ ၇၁၀၁၀၃
– အမှတ်–၂၇ (အေ)၊ အင်းစိန်လမ်းနှင့် ဇေယျာသီရိလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၀၁၁၁၄၅၊ ၀၉–၅၁၄၆၁၄၁

- **စာပေလောက**

– အမှတ်–၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၈၁၆၉၊ ၃၇၄၃၉၁
– အမှတ်–၄၇၀၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၀၉၆၈
– အမှတ်–၁၄၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၇၇၇၂
– ရန်ကင်း အ.ထ.က (၁) ရှေ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
– အမှတ်–၃၆၁–က၊ သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်။ ဖုန်း–၅၇၉၆၈၈
– အမှတ် (၈)၊ ခေမာသီလမ်း၊ (ဈ) ဈေးအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၇၉၈၁၂

- **ပညာရွှေတောင်စာအုပ်တိုက်**

အမှတ် (၉၀/၉၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၁–၂၄၀၆၉၀၊ ၀၁–၃၈၈၃၁၈

- **အင်းဝ**

တိုက် (ဘီ)၊ အခန်း (၇)၊ အနော်ရထာအိမ်ရာ (လှည်းတန်းလမ်းဆုံအနီး)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း– ၅၁၄၃၈၇

- **အရုဏ်သစ်**

– အမှတ်–၃၆၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ၃၁ လမ်းထိပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၁၂၆၃၊ ၇၀၃၀၄၇
– အမှတ်–၄၉၇၊ ကုန်သည်လမ်း၊ ၃၉ လမ်းထိပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၂၉၆၅

- **စိတ်ကူးချိုချို**

– အမှတ် (၂၀)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
– အမှတ် (၈၅)၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၂၉၇၃

# နေရာပြောင်း၊ လိပ်စာသစ်

- **စန်းသရဖူ မင်္ဂလာအခမ်းအနားပစ္စည်းရောင်းဝယ်ရေး**

အမှတ်–0-7၊ မြေညီထပ်၊ ဝင်ပေါက် ၂၂၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။

- **သဥ္စာအောင်အထည်ဆိုင်**

– အမှတ်–G-၂၇၊ မြေညီထပ်၊ အလယ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။
– အမှတ်–၃၀၂၊ မြေညီထပ်၊ မင်္ဂလာမွန်ဈေး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၁၄၁၅)၊
၀၉–၅၀၂၂၅၀၆၊ ၀၉–၅၃၉၆၆၂၄

- **ကေရီအထည်ဆိုင်**

အမှတ်–F-48/ 50၊ ဝင်ပေါက် ၈၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။

- **A-1 မဝတ်ချုပ်ထည် (ပင်ရင်း)**

– အမှတ်–၁၁၊ မြေညီထပ်၊ ၁၁၀ လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။
– အမှတ်–၁၁၅၊ ပထမထပ်၊ တော်ဝင်ပလာဇာ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၁၀၃၃၊ ၇၃၀၀၃၂၅၂

- **အောင်သော်တာ အမျိုးသမီးဝတ်အမျိုးမျိုး**

တိုက်–၅၊ မြေညီထပ်၊ စက်ရုံလမ်း (မင်္ဂလာဈေး၊ ကမ္ဘောဇဘဏ်ခွဲအနီး)၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၇၄၅၀)၊ ၀၉–၅၁၆၂၃၅၃၊
၀၉–၅၁၆၃၂၃၆

- **ထိပ်တင်စံ ဖန်စီနှင့် နိုင်ငံခြားကလစ်ရောင်းဝယ်ရေး**

– အမှတ်–၄၅၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊

www.foreverspace.com.mm



တာမွေမြို့နယ်၊ ရန်ကုန်။
- အမှတ်-၁၉၇၊ မင်္ဂလာဈေးသစ်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၅၁၀၁၄၀၃။ ၀၉-၅၀၄၆၄၄၉

**❑ ခေတ်ဆန်းနာရီဆိုင်**
အမှတ်-၁၉၊ ၁၃၈ လမ်း၊ မင်္ဂလာဈေးရှေ့၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၅၀၀၇၅၆၈၊ ၀၉-၅၀၂၂၇၉၀၊
၀၉-၈၆၅၀၅၂၃၊ ၅၆၁၆၄၆၊ ၅၇၁၅၈၇

**❑ မချိုစွပ်ကျယ်ဆိုင်**
- အမှတ်-L-12/14၊ ဝင်ပေါက် (၃)၊ ဝင်ပေါက် (၂၁)၊
မြေညီထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
- တိုက်-၂၇၊ အခန်း-၁၀၁၊ အောင်သပြေလမ်း၊
ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၈၆၃၂၀၂၂၊ ၀၉-၈၀၂၀၂၁၈၊ ၀၉-၅၀၁၇၀၀၈၊
၀၉-၅၁၀၅၅၉၃

**❑ ဦးဂနီ မိသားစုအထည်ဆိုင်**
အမှတ်-၈၊ ၁၃၅ လမ်း၊ မင်္ဂလာဈေးရှေ့၊ မြေညီထပ်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၉၉၂၀၂၅၀၊ ၀၉-၅၁၀၆၄၀၅

**❑ မိသားစုအထည်ဆိုင်နှင့် ကောင်းခန့်အထည်ဆိုင်**
အမှတ်-E-5၊ ဝင်ပေါက် ၁-၂၊ မြေညီထပ်၊ ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၅၄၉၁၁၊ ၀၉-၅၁၄၂၀၉၇၊ ၀၉-၅၀၅၀၆၁၇

**❑ လင်းဝင့်မိုရ် ဖက်ရှင်အင်္ကျီဆိုင်**
အမှတ်-၈၁၅၊ မြေညီထပ်၊ မင်္ဂလာမွန်ဈေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၅၁၅၉၆၂၀၊ ၀၉-၅၁၆၄၀၅၉

**❑ နီနီမျိုးမျိုးအထည်ဆိုင်**
ယိုးဒယားစပန့်၊ ချည်သားမျိုးစုံနှင့် ရယ်ဒီမိတ်မျိုးစုံပင်ရင်း
အမှတ်-၆၅/၆၈၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၂၀၁၁၄၉၊ ၀၉-၅၀၀၆၄၄၃

**❑ မြင့်သီဂီ အင်ဒိုနီးရှားပါတိတ်မြို့တော်**
အမှတ်-G-4 (306)၊ မင်္ဂလာမွန်ဈေး၊ မင်္ဂလာတောင်ညွန့်
မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၅၂၀၀၉၊ ၀၉-၅၀၅၄၉၈၁၊
၀၉-၅၀၃၂၄၉၈၊ ၂၀၀၇၄၇ (လိုင်းခွဲ-၁၉၇၉)

**❑ ကိုသိန်းမြင့်-ကိုစိုးမြင့်ဆေးဆိုင်**
အမှတ်-၃၅၊ ပထမထပ်၊ ၁၃၇ လမ်း၊ မင်္ဂလာတောင်ညွန့်
မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၅၀၀၉၈၂၃၊ ၀၉-၅၁၇၃၃၄၁၊
၀၉-၈၆၁၄၉၂၀၊ ၀၉-၅၁၀၇၆၉၃၊ ၀၉-၅၁၂၀၄၉၀

**❑ လိုတရ (ထီးဆိုင်) လက်လီလက်ကားထီးမျိုးစုံ ရောင်းဝယ်ရေး**
တိုက်အမှတ်-၇၀၊ မြေညီထပ်၊ မအူကုန်းလမ်းကျယ်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၃၀၂၈၂၆၆၊ ၀၉-၅၁၆၈၁၉၈၊ ၀၉-၅၅၀၆၀၉၆

**❑ 303 (Fancy Shop)**
အမှတ်-က/၅၊ ဝင်ပေါက်-၂၈၊ မြေညီထပ်၊ ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၀၅၄၉၂

**❑ ရှမ်းမ- ပါတိတ်၊ ချည်ထည်နှင့် အမျိုးသမီးဝတ်အင်္ကျီဆိုင်**
- အမှတ်-၁၂၈၊ (S-3/4)၊ စက်လှေကားရှေ့၊
တော်ဝင်ပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
- အမှတ်-၇၈၊ သိမ်ကြီးဈေး (ဘီ) ရုံ၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၉-၅၁၃၅၅၅၇၊ ၅၆၃၇၀၄၊ ၅၆၃၇၀၅

**❑ ရွှေအိုးကြီး (ပါတိတ်ဆိုင်)**
- အခန်း-၁၊ တိုက်-၁၁၊ နှင်းဆီလမ်း၊ ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၉၃၆၁၀၊ ၇၀၃၅၃၂၊ ၀၉-၅၀၁၅၇၅၆၊ ၀၉-၈၆၄၀၃၆၆
- အမှတ်-၂၄၈၊ သိမ်ကြီးဈေး (ဘီရုံ)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။ ဖုန်း-၂၄၀၆၀၀၊ လိုင်းခွဲ-၄၂၇၈
- အမှတ်-၈၄/၈၅၊ မြေညီထပ်၊ တော်ဝင်ပလာဇာ၊ မင်္ဂလာ
တောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၀၄၄၄၄

**❑ မီးမီးအထည်ဆိုင်**
အမှတ်-P-၂၃၊ ဝင်ပေါက် ၁၉၊ မြေညီထပ်၊ ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၂၈၁၈၄၊ ၀၉-၅၀၁၈၄၉၆

**❑ Sakura (ထီးဆိုင်)**
တိုက်အမှတ်-၂၀၊ မြေညီထပ်၊ မအူကုန်းလမ်းကျယ်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၃၀၄၀၂၉၅၊ ၀၉-၅၀၁၁၄၂၈၊ ၀၉-၅၁၂၂၆၃၈

**❑ STARS & MODELS INT'L**
အမှတ်-၉၀၊ ၈ လွှာ၊ အခန်း (A/B)၊ ကမ္ဘာအေးစေတီလမ်း၊
SONY Showroom နှင့် ပုလဲကွန်ဒိုကြား၊ ရွှေဂုံတိုင်စာတိုက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၅၃၇၁၁၊ ၅၅၁၁၄၃၊ ၄၀၀၇၆၀၊ ၀၉-၈၆၁၁၂၀၃၊
၀၉-၅၀၄၅၂၅၂

**❑ နေသစ်ဦးအထည်ဆိုင်**
တိုက်အမှတ်-၁၈၊ အခန်းအမှတ်-၇၊ နှင်းဆီလမ်း၊
ယုဇနပလာဇာ၊ ညာဘက်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၂၀၅၁၉၉၊ ၇၀၁၇၂၇၊ ၇၃၀၃၇၀၇၀၊
၀၉-၅၀၂၀၉၇၉၊ ၀၉-၅၀၂၉၁၁၈၊ ၀၉-၅၀၁၈၁၅၈၊
၀၉-၉၉၇၁၀၁၃၊ ၀၉-၈၅၀၁၅၀၃

www.foreverspace.com.mm

- **ကိုခင်ဦး ကုန်မျိုးစုံရောင်းဝယ်ရေး**
အမှတ်–(၂၇၊ ၁၉၊ ၁၆)၊ ၁၁၈ လမ်း၊ CB ဘဏ်အနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၀၂၈၉၊ ၂၉၉၈၉၁၊ ၇၃၀၁၇၃၉၁၊ ၇၃၀၁၇၃၉၂၊
၀၉–၉၉၂၂၁၆၂၊ ၀၉–၅၁၁၉၉၆၂

- **ဒေါ်မြသန်းနှင့် ညီမများမိသားစု**
– မြတ်ဗုဒ္ဓအင်ဒိုနီးရှားပါတိတ်အမျိုးမျိုးရောင်းဝယ်ရေး
အခန်း–၃၃၊ ၄၅၊ ၄၆၊ မြေညီထပ်၊ မင်္ဂလာမွန်ဈေး၊
မင်္ဂလာဈေးနှင့် ဘေးချင်းကပ်မျက်နှာစာတန်း၊ မင်္ဂလာ
တောင်ညွန့်မြို့နယ်၊ ရန်ကုန်။
– H–၂၈၊ မြေညီထပ်၊ စက်လှေခါးအနီး၊ ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၀၉၆၊
၂၀၅၇၃၃၊ ၃၉၄၂၉၄၊ ၃၇၄၉၆၆၊ ၀၉–၅၀၁၅၅၇၂၊
၀၉–၅၁၀၃၁၀၈

- **ကျော်ကြား ပလတ်စတစ်နှင့် အထွေထွေရောင်းဝယ်ရေး**
အမှတ်–၄၂ (A)၊ ၁၁၈ လမ်း၊ CB ဘဏ်လမ်း၊ မင်္ဂလာဈေး
အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၈၇၁၆၊ ၇၃၀၃၁၄၁၀၊ ၀၉–၅၀၂၉၃၈၉

- **ငွေချမ်းသာအထည်ဆိုင်**
အမှတ်–I- ၄၁၊ စက်လှေကားအောက်၊ မြေညီထပ်၊
ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၁၉၇၁)၊
၀၉–၅၀၃၈၃၆၉၊ ၀၉–၅၄၁၀၂၄၃

- **ဝင်းပပ (စပန့်ချပ်အထည်ဆိုင်)**
အမှတ်–J–၂၁၊ မြေညီထပ်၊ ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၂၃၉၁၊ ၂၀၀၇၄၇ (လိုင်းခွဲ–၁၃၅၉)

- **သုခချမ်းသာ မြန်မာဆေးမျိုးစုံဆိုင်ခွဲ**
အမှတ်–၄၅၊ ဒုတိယထပ်၊ ၁၂၂ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၁၅၅၀၆၅၊ ၇၃၀၂၄၆၄၀၊

- **ရဲထွန်းအောင်အထည်ဆိုင်**
အမှတ်–၄၈၊ ၁၂၁ လမ်း၊ ကျောင်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၆၉၀၀၊ ၀၉–၅၀၁၂၈၅၂၊
၀၉–၅၁၁၇၅၃၇၊ ၅၇၈၇၅၇

- **ညီညီ (ဆေးကိရိယာ ပစ္စည်းရောင်းဝယ်ရေး)**
ရုံ (၁)၊ ဆိုင်အမှတ် ၁၄၊ ဗိုလ်ချုပ်ဈေးသစ်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၈၀၂၄၄၄၃၊ ၀၉–၅၁၂၀၃၃၁၊
၀၉–၅၁၂၀၃၃၂၊ ၂၄၂၀၀၉ လိုင်းခွဲ–၇၀၂
၂၉၄၆၉၄

- **ကိုစောထူး Golden Baby ကလေးကစားစရာအရုပ်ဆိုင်**
အမှတ်–၁၇/ ခ၊ မြေညီထပ်၊ သင်္ဂဟာလမ်း၊ ကျောက်မြောင်း၊
သီတာမှတ်တိုင်နှင့် ကျောက်မြောင်းမှတ်တိုင်ကြား မီးပွိုင့်
အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၂၀၂၅၊ ၅၄၂၂၀၉၊
၀၉–၅၁၀၈၂၁၈၊ ၀၉–၈၅၆၈၇၅၉၊ ၇၀၅၃၆၃

- **V.I.P FASHION**
F-11၊ မြေညီထပ်၊ ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၀၉–၅၀၁၉၄၃၂၊ ၀၉–၅၀၁၇၃၄၁၊ ၂၀၀၇၄၇
(လိုင်းခွဲ–၁၁၄၀)

- **ညွန့်ညွန့်ရီ ထီးဆိုင်**
အမှတ်–C-44၊ မြေညီထပ်၊ ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၀၇၄၇၊ ၂၉၇၆၀၀ လိုင်းခွဲ–၁၆၅၀

- **ဟန်သာမြင့် ဒွေးဒွေးမြင့် အင်းဝအထည်ဆိုင်**
ဆိုင်အမှတ်–၁၁၄၊ ၁၂၆၊ ၁၂၇၊ မြေညီထပ်၊
မင်္ဂလာမွန်ဈေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၇၂၈၉၉၊ ၀၉–၉၉၂၆၄၄၁၊ ၀၉–၅၁၉၆၉၂၇

- **ဒေါ်မြိုင် စတီး၊ မယ်လမင်း Ocean ဖန်ခွက်အမျိုးမျိုး ဖြန့်ချိရေး**
အမှတ်–၃၀၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၀၉–၅၀၁၃၂၉၂၊ ၀၉–၅၁၆၆၄၈၇

- **ဒေါ်လှရှိန် (အထည်ဆိုင်)**
ဆိုင်အမှတ်–၇၆၊ ပထမထပ်၊ ၁၂၁ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉ ၅၀၃၃၀၈၂၊ ၀၉–၅၀၇၂၁၇၀

- **KAN GROUP အထည်ဆိုင်**
အမှတ်–၁၄/ ၅၊ စပယ်လမ်း၊ ယုဇနပလာဇာအနောက်
ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၃၀၀၂၆၂၃၊ ၂၀၀၇၄၇၊ ၂၉၇၆၀၀ လိုင်းခွဲ–၇၁၄၅
၀၉–၅၀၄၁၀၃၀၊ ၀၉–၉၉၂၃၅၂၈

- **ရွှေပင်ဆင့် (၁၊ ၂၊ ၃)**
**Perfect Lady Fashion အထည်ဆိုင်**
အမှတ်–P-29/30၊ မြေညီထပ်၊ ဝင်ပေါက် (၁၆)၊
ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၁၈၅၅)၊ ၂၅၀၅၂၈၊
၅၄၁၁၁၂၊ ၅၆၀၇၂၁၊ ၀၉–၅၁၀၃၄၁၈၊ ၀၉–၅၄၀၈၉၄၉

- **စိန်ခြူးအထည်ဆိုင်**
အမှတ်–၂၂၊ မြေညီထပ်၊ ၁၃၇ လမ်း၊
မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၃၀၀၆၇၈၆၊ ၀၉–၅၀၆၆၁၁၀ ■

www.foreverspace.com.mm



# ရဲတိုက်ကြီးတွေဆီသွားမယ်



ကမ္ဘာတစ်လွှားက ပုံစံအမျိုးမျိုးနဲ့ တည်ဆောက်ထားတဲ့ စိတ်ဝင်စားဖွယ် ရဲတိုက်ကြီးတွေအကြောင်း အင်တာနက်ကနေ လှည့်လည်လေ့လာနိုင်မယ့် www.castles.org အကြောင်း မိတ်ဆက်ဖော်ပြပေးချင်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ ကမ္ဘာလှည့်ခရီးသည်တွေက ကိုယ်သွားချင်တဲ့နိုင်ငံကို ရွေးချယ်သွားလာနေကြတဲ့ ခရီးစဉ်တွေလည်း အရင်ထက်စာရင် များလာပြီဆိုတော့ ကိုယ်သွားတဲ့ခရီးစဉ်မှာ ရဲတိုက်ကြီးတွေဆီသွားဖို့ ပါလာရင်ဖြစ်ဖြစ်၊ လမ်းကြောင်းသင့်အောင်လုပ်ပြီးသွားရင်ဖြစ်ဖြစ် ရဲတိုက်ကြီးတွေဆီသွားတဲ့အခါ လေ့လာစရာတွေကို ပိုသိထားရအောင်ပါ။ ဒါမှ ကိုယ်တကယ်ရောက်သွားတဲ့အခါ ဘယ်နေရာကဘာဆိုတာ ပိုသိထားတော့ စိတ်ဝင်စားဖို့ပိုကောင်းမယ်မဟုတ်လား။

အဲဒီဆိုက်မှာ ရဲတိုက်တွေကို နာမည်တစ်ခုချင်းစီနဲ့ရှာလို့ရတာအပြင် နိုင်ငံတစ်နိုင်ငံစီမှာရှိတဲ့ရဲတိုက်တွေကို စုစည်းပြီး ပြထားတာလည်းရှိလို့ ဝင်ရောက်ကြည့်ရှုရတာ အဆင်ပြေမှာပါ။ ရဲတိုက်တစ်တိုက်ကိုကြည့်ပြီဆိုရင် ဓာတ်ပုံတွေပြထားပြီး ရဲတိုက်အကြောင်းကိုပါ ရှင်းပြထားပါတယ်။

ပြီးတော့ ရဲတိုက်တွေရဲ့ရာဇဝင်၊ တည်ဆောက်ပုံ စတဲ့အချက်အလက်တွေကိုလည်း ခြုံငုံလေ့လာဖို့ သပ်သပ်စုစည်းဖော်ပြပေးထားပါတယ်။

ဒါတွေအပြင် ရဲတိုက်ကြီးတွေကို အပိုင်ဝယ်ချင်သူတွေအတွက်တော့ ရောင်းမယ့်ရဲတိုက်ကြီးတွေဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဝင်ကြည့်နိုင်ပါတယ်။ ပြီးတော့ ငှားရမ်းမယ့်ရဲတိုက်ကြီးတွေကိုလည်း ဖော်ပြထားပါသေးတယ်။ ဝယ်လို၊ ငှားလိုတာမဟုတ်ဘဲ ခရီးသွားရင်း ရဲတိုက်ကြီးတွေမှာဖွင့်ထားတဲ့ဟိုတယ်မှာမှ တည်းလိုတဲ့သူတွေအတွက်လည်း ကြိုလေ့လာထားနိုင်ပြီး ရဲတိုက်ကြီးတွေမှာမှ အခမ်းအနားတစ်ခုခုကျင်းပချင်တဲ့သူတွေအတွက်လည်း ပွဲကျင်းပလို့ရမယ့်နေရာတွေ ကြိုရှာထားနိုင်ပါတယ်ဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။

# ဘာနဲ့စားစား တစ်ပွဲ ၆၀၀

မော်လမြိုင်ဟင်းကောင်းကောင်းလေးတွေနဲ့ ထမင်းမြိန်မြိန်စားချင်သူတွေအတွက် မော်လမြိုင် ချိုမြိန်ဦးထမင်းဆိုင်ကို ညွှန်ချင်ပါတယ်။ ကိုယ်စားချင်တဲ့၊ မှာထားတဲ့ဟင်းအပြင် အရန်ဟင်းတွေနဲ့လည်း ဟင်းရည်မျိုးစုံအောင် ချပေးပါတယ်။ ငါးပိရည်၊ တို့စရာ အစုံနဲ့ စားချင့်စဖွယ်ရှိပြီး ထမင်းစားပြီးတဲ့အခါ အချိုတည်းဖို့ ထန်းလျက်ခဲလေးတွေလည်း စားနိုင်ပါသေးတယ်။ ဒီမြန်မာထမင်းဆိုင်လေးမှာ ဘာဟင်းနဲ့စားစား ကျပ် ၆၀၀ ဖြစ်ပါတယ်။ အလားတူ ဈေးသက်သက်သာသာနဲ့ ပုံစားလို့ရတဲ့ ရှမ်းထမင်းဆိုင်လေး နောက်တစ်ဆိုင်လည်းရှိသေးတာမို့ တစ်ပါတည်းညွှန်ပေးမယ်။ ဒီရှမ်းဆိုင်လေးက သက်သတ်လွတ်ကြိုက်နှစ်သက်သူတွေအတွက် ပုံစား ၆၀၀ ကျပ်ဖြစ်ပြီး အသားဟင်းနဲ့ စားမယ်ဆိုရင်လည်း ကျပ် ၇၀၀ ပဲ ကျတာမို့ ဈေးသက်သက်သာသာနဲ့ ရှမ်းထမင်း၊ ဟင်းကို စားနိုင်တာမို့ ညွှန်ပေးလိုက်ရတာပါ။

**ဒီဆိုင်လေးတွေရဲ့ လိပ်စာကတော့**

– မော်လမြိုင်ချိုမြိန်ဦးထမင်းဆိုင်
အမှတ် (၅၇)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။

– ရှမ်းထမင်း၊ ဟင်းဆိုင်
အမှတ်–၄၂၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ■

www.foreverspace.com.mm



## လုပ်ငန်းသစ်၊ ဆိုင်သစ်

- **QQလက်သည်းအလှဆင်**
  အမှတ်–၂၊ မြေညီထပ်၊ ဆရာထွန်းလမ်း၊
  မင်္ဂလာလမ်းနှင့် စမ်းရေတွင်းလမ်းကြား၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

- **Clear Sky Health Care**
  အမှတ်–၉၉၊ G-4 ဦးအောင်ကိန်းလမ်းသွယ်၊ သံလွင်လမ်း၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၀၂၁၀

- **Weight Reduction Centre**
  ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ FMI စင်တာ၊ ပန်းလှိုင်ဆေးခန်း၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

- **Asia Care**
  အမှတ်–၃၄/ C၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၀၂၆၅၄

- **Orchid Hotel**
  အနော်ရထာလမ်းနှင့်ဗိုလ်တထောင်ဘုရားလမ်းထောင့်၊
  ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

- **Helper Service & Sale**
  အမှတ်–၃၊ အင်းစိန်လမ်း၊ ဆင်ရေတွင်းမှတ်တိုင်အနီး၊
  (၉) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၇၅၈၉၆

- **CHERRY OO Watch Clinic**
  အခန်းအမှတ်–၇၂၈၊ ၇လွှာ၊ ကုန်သည်ကြီးများဟိုတယ်၊
  ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၃၀၃၂၉၇၁၊ ၂၄၂၈၂၈၊
  လိုင်းခွဲ–၆၄၃၇၊ ၇၇၂၈
  E - mail : cherryoo@Traters Hotel

## ဝိုင်ကောင်းကောင်း လှေလာဖို့

ပါတီတွေ၊ ညစ်ခံပွဲတွေမှာ အနောက်တိုင်းဆန်ဆန်ညစ်ခံ တတ်သူတွေက အဖျော်ယမကာနဲ့ ဝိုင်ကောင်းကောင်းတွေကို သုံး တတ်ကြပါတယ်။ ပြီးတော့ တချို့ဝိုင်ကြိုက်တတ်တဲ့သူနဲ့ လက် ဆောင်ပေးလိုတဲ့သူတွေအတွက် နိုင်ငံခြားဖြစ်ဝိုင်တံဆိပ်အတော်အ တန်စုံတဲ့ဆိုင်သစ်လေးတစ်ဆိုင်ကို ညွှန်ပေးချင်တယ်။

အဲဒါကတော့ PARIS ဆိုတဲ့ ဝိုင်အရောင်းဆိုင်ပဲ ဖြစ်ပါ တယ်။ ဝိုင်တင်မဟုတ်ဘဲ တခြားနာမည်ကြီးတံဆိပ် အဖျော်ယမကာ တွေကိုပါ ရောင်းချတယ်လို့ ဆိုထားပါသေးတယ်။ စိတ်ဝင်စား လို့ပဲဖြစ်ဖြစ်၊ လက်ဆောင်ပေးလိုတဲ့အတွက်ပဲဖြစ်ဖြစ် အမှတ် ၇၅၊ မြေညီထပ်၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်မှာ သွားရောက်လှေလာ ဝယ်ယူလို့ ရနိုင်ပါတယ်။

- **7 Color Fancy & Gifts Shop**
  အမှတ်–45 A၊ မြေညီထပ်၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊
  ရန်ကုန်။

- **Are Yone Thit Stationary**
  အမှတ်–၂၆၇၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

- **The Mobile Shop**
  အမှတ်–၇၅၊ မြေညီထပ်၊ ယောမင်းကြီးလမ်း၊ဒဂုံမြို့နယ်၊
  ရန်ကုန်မြို့။

- **PARIS Liquor and Wine Shop**
  အမှတ်–၇၅၊ မြေညီထပ်၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊
  ရန်ကုန်မြို့။

- **Life Style Fashion Shop**
  အမှတ်–၁၅၅၊ မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**LIVING COLOR MEDIA**

သမ္မတဟိုတယ် **(Business Suite)**
အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm

## ၂၀၁၀ ပြည့်နှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လအတွင်း ထွက်ရှိသည့်စာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ရှေးဟောင်း 'မွန်ခေါင်းလောင်းစာ' မှ . . .<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၇၄၈၀၇၀၈ | မြမြချို | ၅၀၀ | ၁၈၀၀ | ထွန်းဖောင် ဒေးရှင်းဘဏ် | ၂၀၁၀၊ ဇွန် (ပ-ကြိမ်) | သုတေသန |
| ၂။ | နိုင်ငံရေးယဉ်ကျေးမှု<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၇၂၀၈၀၉ | ဒဂုန်တာရာ | ၁၀၀၀ | ၁၇၀၀ | တိုးမြစ် | ၂၀၁၀၊ ဇွန် (ပ-ကြိမ်) | နိုင်ငံရေး |
| ၃။ | နှစ် ၅၀ ကျော် ကိုယ်တွေ့များ ပထမတွဲ (၁၉၄၂-၁၉၇၈)<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၁၇၀၀၃၁၀ | ဗိုလ်ထွန်းကြည် (မုံရွာ) | ၅၀၀ | ၆၀၀၀ | မုံရွေး | ၂၀၁၀၊ ဇွန် (ပ-ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၄။ | ကျွန်တော့်ဘ၀ နှစ်လောက<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၄၀၉၁၂၀၈ | မောင်ထွန်းသူ | ၅၀၀ | ၄၅၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ ဇွန် (ပ-ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၅။ | ဗဂျီအောင်စိုး<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၆၅၅၀၆၁၀ | ကလောင်စုံ | ၅၀၀ | ၅၀၀၀ | ဗဂျီအိမ် | ၂၀၁၀၊ ဇူလိုင် (ပ-ကြိမ်) | အမှတ်တရ |
| ၆။ | အပြစ်မဲ့မှုကမ်းခြေ<br>စာမူခွင့်ပြုချက်အမှတ်-၆၂၀၀၂၄၀၄၁၀ | စေတ | ၅၀၀ | ၂၀၀၀ | ကြယ်ရိုင်းများ | ၂၀၁၀၊ ဩဂုတ် (ပ-ကြိမ်) | ကဗျာ |
| ၇။ | လက်တွေ့အတ္ထဗေဒနိဒါန်း<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၁၃၆၀၉၀၉ | မောင်ခင်မင် (ဓနုဖြူ) | ၁၀၀၀ | ၁၅၀၀ | ဒေါင်း | ၂၀၁၀၊ ဩဂုတ် (ပ-ကြိမ်) | ဘာသာဗေဒ ပညာရပ် |
| ၈။ | မောင်စိန်သောင်း၊ မနှင်းရည်<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၂၃၉၀၈၀၉ | မောင်ဝဏ္ဏ | ၁၀၀၀ | ၁၂၀၀ | ပုဂံ | ၂၀၁၀၊ ဇူလိုင် (ပ-ကြိမ်) | ဝတ္ထုတိုများ |
| ၉။ | စုံထောက်ဝတ္ထုတိုအသစ်များ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၃၀၂၀၃၁၀ | ရွှေဥဒေါင်း | ၅၀၀ | ၃၂၀၀ | စိတ်ကူးချိုချို | ၂၀၁၀ ၊ ဩဂုတ် (ပ-ကြိမ်) | စုံထောက်ဝတ္ထု တိုများ |
| ၁၀။ | ဒီခေတ်မျိုးဆက်ရဲ့ပန်းတိုင်<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၄၉၁၀၅၁၀ | လူထုစိန်ဝင်း | ၅၀၀ | ၂၅၀၀ | နှစ်ကာလများ | ၂၀၁၀၊ ဇွန် (ပ-ကြိမ်) | အက်ဆေး |
| ၁၁။ | နိုင်ငံ့ဦးသျှောင်မင်းဇကေရာဇ်များ<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၄၇၀၆၀၉ | သန်းဝင်းလှိုင် | ၅၀၀ | ၆၅၀၀ | ကံ့ကော်ဝတ်ရည် | ၂၀၁၀၊ ဇူလိုင် (ပ-ကြိမ်) | သုတေသန |
| ၁၂။ | ခေါင်းဆောင်လမ်းညွှန်<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၃၁၅၀၃၁၀ | ဦးလှမင်း | ၅၀၀ | ၁၂၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ ဩဂုတ် (ပ-ကြိမ်) | ဘာသာပြန် |
| ၁၃။ | ရေခြားမြေခြားအတွေ့အကြုံ-၂<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၅၅၅၀၅၁၀ | မေတ္တာဦး | ၅၀၀ | ၂၅၀၀ | နန်းဒေဝီ | ၂၀၁၀၊ ဇွန် (ပ-ကြိမ်) | ခရီးသွားဆောင်း ပါးများ |

www.foreverspace.com.mm

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၄။ | ဒေါက်တာလွမ်းဝေ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၃၃၀၂၁၀ | ဗန်းမော်<br>တင်အောင် | ၅၀၀ | ၂၅၀၀ | နေရီရီ | ၂၀၁၀၊ ဇွန်<br>(၃–ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၁၅။ | တောကြောင်မောင်ကျောက်<br>ခဲနှင့် အခြားစာစုများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၂၁၂၀၂၀၈ | ကြည်စိုးထွန်း | ၅၀၀ | ၁၅၀၀ | စာပေလောက | ၂၀၁၀၊ မေ<br>(ပ–ကြိမ်) | ဆောင်းပါးများ<br>စုစည်းမှု |
| ၁၆။ | မိနစ် ၉၀ တစ်ရာသီ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၁၈၂၀၂၀၇ | စာရေးဆရာစုံ | ၅၀၀ | ၃၅၀၀ | Bookman | ၂၀၁၀၊ ဇွန်<br>(ပ–ကြိမ်) | ဘောလုံးဝတ္ထု<br>တိုများ |

# New Books

**‘တအုပ်စာပေလူ့မိတ်ဆွေ’ ဆိုတဲ့ ဆိုရိုးစကားအတိုင်း စာများများဖတ်လေ ကိုယ့်အတွက် အတွေ့အကြုံဗဟုသုတရလေမို့ စာဖတ်တဲ့အလေ့အထဟာ ကောင်းတဲ့အလေ့အထတစ်ခုလို့ဆိုရမှာပါ။ အဲဒါကြောင့် စာအုပ်ဖတ်ရတာကြိုက်နှစ်သက်တဲ့ စာချစ်သူတွေအတွက် နှစ်ခြိုက်ရာအကြောင်းအရာလေးတွေပါဝင်မယ့် စာအုပ်တွေကို ရွေးချယ်ဝယ်ယူလို့ရအောင် အသစ်ထွက်ရှိသမျှထဲက လက်လှမ်းမီရာစာအုပ်တချို့ကို ကောက်နုတ်ဖော်ပြပေးထားတာပါ။**

## မှတ်ဉာဏ် ထက်သန်စေလိုသော်

**ဦးသာညွန့်**

**စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၂၃၀၁၁၀**
**ထုတ်ဝေတိုက် – WISDOM House**
**တန်ဖိုး – ၁၈၀၀**

ဝိဇ္ဇာနှင့်ဥပဒေဝိဇ္ဇာဘွဲ့ရ ဦးသာညွန့် ရေးသားထားတဲ့စာအုပ်ပါ။ ၁၉၆၇ ခုနှစ်က စာပေဗိမာန်ကတစ်ကြိမ်၊ ၁၉၉၉ ခုနှစ်က ရာပြည့်စာအုပ်တိုက်က တစ်ကြိမ်ထုတ်ဝေခဲ့ဖူးပြီး အခု တတိယအကြိမ်မြောက်အဖြစ် ထုတ်ဝေလိုက်တာပါ။ ဒီစာအုပ်မှာပါရှိတဲ့၊ မှတ်ဉာဏ်ရင့်သန်စေနိုင်တဲ့ နည်းနိသယတွေဟာ မှတ်ဉာဏ်ပါရဂူကြီးတွေ၊ ပညာရှင်ကြီးတွေ ကျင့်သုံးလေ့ရှိတဲ့ နည်းနိသယတွေဖြစ်ပါတယ်လို့ စာရေးသူက ဆိုထားပါတယ်။ ဒါ့အပြင် ဒီစာအုပ်မှာပါတဲ့ နည်းလမ်းတွေက အညွှန်းမျှသာဖြစ်တာမို့ မှတ်ဉာဏ်အကြောင်း ဆက်လက်လိုက်စားလိုသူတွေအနေနဲ့ လေးနက်တဲ့ကျမ်းတွေကို ဆက်လေ့လာဖို့လိုပြီး ဒီစာအုပ်ပါအချက်တွေကိုမှီးပြီး တီထွင်တာမျိုး၊ လေ့ကျင့်တာမျိုးလုပ်ဖို့ လိုတယ်လိုလည်း ဦးသာညွန့်က နိဂုံးမှာဆိုထားပါတယ်။ ‘လှည်းဝင်ရိုးသံတညံညံ၊ ပုဂံဘုရားပေါင်း’ ဆိုသော ဆောင်ပုဒ်အရ ပုဂံပြည်ရှိ စေတီပုထိုးပေါင်း ၄,၄၄၆,၇၃၃ ဆူကိုရ၏။ ‘ရွှေလသာဝါဝါဝင်း’ ဆိုသော ဆောင်ပုဒ်အရ ဖိုးဝန်တောင်ရှိ စေတီပုထိုးပေါင်း ၄၄၆,၄၄၄ ဆူရ၏။ ‘ဥဩအော်စ၊ တန်ခူးလ၊ အင်းဝပျက်ခဲ့ပြီ’ ဆိုသော ဆောင်ပုဒ်အရ သက္ကရာဇ် ၁၁၁၃ ခု တန်ခူးလတွင် အင်းဝမြို့ပျက်ကြောင်း မှတ်သားနိုင်၏’ စသလို မှတ်သားပုံမျိုးတွေကိုလည်း ထည့်သွင်းရေးသားထားပါတယ်။ မှတ်ဉာဏ်အကြောင်းသိကောင်းစရာ၊ ဆက်သွယ်ပေါင်းစပ်၍ မှတ်သားနည်း၊ ကြည့်ရှုလေ့လာမှတ်သားနည်း၊ ဂဏန်းများကိုမှတ်သားနည်း၊ စာပေလေ့လာနည်း၊ မြန်မာပညာရှင်ကြီးများနှင့်မှတ်ဉာဏ် စသလို အခန်းကဏ္ဍခေါင်းစဉ်ခွဲပေါင်း ၁၀ ခုခန့်ပါဝင်ပါတယ်။ စာရေးသူ မှီငြမ်းထားတဲ့ စာအုပ်စာတမ်း ၂၈ ခုကိုလည်း ရေးသူပြုစုသူတွေနဲ့ စာအုပ်စာတမ်းနာမည်တွေကိုပါ အသေးစိတ်ဖော်ပြပေးထားလို့ မှတ်ဉာဏ်နဲ့ ပတ်သက်ပြီး စူးစူးနစ်နစ်ဆက်လက်လေ့လာလိုသူတွေအတွက် အသုံးတည့်နိုင်ပါလိမ့်မယ်။




## Myanmar Airline Timetable

## Novel Light Media Ltd.

**စာမူခွင့်ပြုချက်အမှတ်– ၄၀၀၃၇၇၀၄၁၀**
**ထုတ်ဝေတိုက်– Novel Light Media Ltd**
**တန်ဖိုး – Free Copy**

www.foreverspace.com.mm




လမ်းညွှန်စာအုပ်တွေထုတ်ဝေနေတဲ့ Novel Light Media က စီစဉ်တဲ့ (လေကြောင်းအချိန်ဇယား) Myanmar Airline Timetable စာအုပ်ပါ။ နိုင်ငံတကာ လေယာဉ်ခရီးစဉ်တွေပြောင်းလဲတဲ့အချိန်အတိုင်း နှစ်စဉ် ဧပြီလနဲ့ နိုဝင်ဘာလတွေမှာ ပုံမှန်ထုတ်ဝေတဲ့ စာအုပ်ပါ။ ဒီစာအုပ်မှာ ပြည်တွင်းလေယာဉ်ခရီးစဉ်တွေနဲ့ မြန်မာနိုင်ငံကနေ ပြည်ပနိုင်ငံတွေရဲ့ မြို့ ၅၃ မြို့ကို ပြေးဆွဲပေးတဲ့လေယာဉ်ခရီးစဉ်တွေကို မြို့အလိုက် ဆိုက်ရောက်ချိန်၊ ထွက်ခွာချိန် ပါထည့်သွင်းပြီးဖော်ပြထားတယ်လို့ ဒီစာအုပ်ထုတ်ဝေသူတွေက ဆိုတယ်။

ဒါ့အပြင် တခြားဆက်နွှယ်နေတဲ့ လုပ်ငန်းတွေ ဥပမာ–လေကြောင်းလိုင်းတွေ၊ ဟိုတယ်တွေ၊ ခရီးသွားလုပ်ငန်းတွေ၊ ကားအငှားလုပ်ငန်းတွေ၊ သံရုံးတွေ စသလို အဖွဲ့အစည်းတွေလုပ်ငန်းတွေရဲ့ လိပ်စာတွေပါ ဖော်ပြပေးထားတယ်။ ဒီစာအုပ်ကို သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့နေရာတွေမှာ အခမဲ့ဖြန့်ဝေပေးထားတာ တွေ့ရတယ်။ ဒီစာအုပ်နဲ့ပတ်သက်လို့ မေးမြန်းဆက်သွယ်လိုရင်တော့ ဖုန်း–၂၅၂၂၃၂၊ ၃၉၁၁၈၆ တို့ကို ဆက်သွယ်လို့ ရပါလိမ့်မယ်။

## ရေကြီးချိန်နှင့် နိုင်ငံတကာဝတ္ထုတိုများ

**စာရေးဆရာစုံ**

**စာမူခွင့်ပြုချက်အမှတ်– ၅၀၁၆၇၇၁၁၀၉**
**ထုတ်ဝေတိုက် – ယဉ်မျိုး**
**တန်ဖိုး – ၂၅၀၀**

နိုင်ငံတကာက ဝတ္ထုတိုအသီးသီးကို မြန်မာစာရေးဆရာတွေက ဘာသာပြန်ဆိုထားတာဖြစ်ပါတယ်။ ဒီထဲက ဝတ္ထုတိုအတော်များများကို မဂ္ဂဇင်းအသီးသီးမှာ ဖော်ပြခဲ့ဖူးပြီး မြန်မာဘာသာပြန်ထားတဲ့ မြန်မာစာရေးဆရာအသီးသီးရဲ့ ဘာသာပြန်လက်ရာတွေကို တစ်စုတစ်စည်းတည်းလေ့လာ ဖတ်ရှုနိုင်ပါလိမ့်မယ်။ ၁၉၃၅ ခုနှစ်လောက်ကတည်းက ကြီးပွားရေးမှာ ဖော်ပြခဲ့ဖူးတဲ့ မင်းသုဝဏ်ရဲ့ ကုလားထိုင်ပြင်သူ ဆိုတဲ့ ဝတ္ထုလေးကို စာအုပ်ရဲ့အဖွင့်မှာ တွေ့ရပါလိမ့်မယ်။ ဝတ္ထုတို အတော်များများရဲ့အောက်မှာ မူရင်းစာရေးသူနာမည်နဲ့ မူရင်းဝတ္ထုတိုအမည်လေးတွေကိုပါ ဖော်ပြပေးထားလို့ မူရင်းလက်ရာ ရှာဖွေဖတ်ချင်တဲ့တွေလည်း အဆင်ပြေနိုင်ပါတယ်။




မင်းသုဝဏ်၊ မြသန်းတင့်၊ မောင်ထင်၊ ဇော်ဂျီ၊ ဒဂုန်တာရာ၊ ပါရဂူ၊ လူထုဒေါ်အမာ၊ မောင်ပေါ်ထွန်း၊ ဇင်သန့်၊ တင်မောင်မြင့်၊ ခင်မြင့်အောင်၊ နေဝင်းမြင့်၊ တင့်ဇော်၊ လူချို စတဲ့ စာရေးဆရာပေါင်း ၂၅ ယောက်ရဲ့ ဘာသာပြန်လက်ရာ ဝတ္ထုတို ၂၅ ပုဒ် ပါဝင်ပါတယ်။

သစ္စာဖောက်၊ အိမ်အပြန်လမ်းဝယ်၊ ရမ္မက်မီးလျှံ၊ နံရံပေါ်က လက်တစ်ဖက်၊ ဗေဒင်ဆရာ၊ လူတစ်ကိုယ်လျှင် မြေမည်မျှလိုမည်နည်း စသဖြင့် ဝတ္ထုတိုတွေရဲ့ ခေါင်းစဉ်တွေကိုကြည့်ရတာ စာဖတ်သူကို ဆွဲဆောင်နိုင်တာ တွေ့ရတယ်။

စာချစ်သူတွေထဲကမှ ဘာသာပြန်လည်းကြိုက်တယ်၊ ဝတ္ထုတိုလည်းကြိုက်တယ်ဆိုသူတွေအတွက် ဖတ်ရှုဖို့သင့်တော်တဲ့ စာအုပ်ကောင်းတစ်ခုပါပဲ။

## လျှို့ဝှက်ချက်ကိုဖွင့်တဲ့သော့

**ညီညီနိုင်**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၀၅၂၉၀၅၁၀**
**ထုတ်ဝေတိုက် – မေတ္တာရွှေစင်**
**တန်ဖိုး – ၂၀၀၀**

စာရေးဆရာ Jack Canfield နဲ့ ပူးတွဲရေးသားသူ D.D Watkins တို့ရဲ့ 'Key to Living the law of Attraction' စာအုပ်ကို စာရေးဆရာ ညီညီနိုင်က ဘာသာပြန်ဆိုထားတာပါ။ ဒီစာအုပ်မှာ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကျင့်စဉ်တွေကို စနစ်တကျ အသေးစိတ် ထုတ်ဖော်ရေးသားထားပါတယ်လို့ 'ဘာသာပြန်သူရဲ့အမြင်' ခေါင်းစဉ်အောက်မှာ ရေးသားထားပါတယ်။ "ကျောင်းသားက သင်ယူဖို့ အဆင်သင့်ဖြစ်နေတဲ့အခါ ဆရာပေါ်လာလိမ့်မယ်" လို့ ဆိုရိုး ရှိပါတယ်။ ဒီစာအုပ်ကိုဖတ်ပြီးရင်

www.foreverspace.com.mm






နောက်တစ်ဆင့်တက်တဲ့ အနေနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ ထင်ထင်လင်းလင်း သိမြင်လာမှာပါ' လို့ နိဒါန်းမှာ ရေးသား ထားပါတယ်။ "ဘဝမှာ ဖြစ်ချင်တိုင်းဖြစ်ပါစေလို့ လျစ်လျူရှုထားလိုက်တာဟာ တာဝန်မဲ့ရာကျပါတယ်။ ကိုယ့်မှာနေကောင်းရက်သာတွေဖြစ်အောင် ဖန်တီးဖို့ဟာ သင့်ရဲ့မြင့်မြတ်တဲ့လုပ်ပိုင်ခွင့်ပါပဲ။' Ramth စသလို အဆိုအမိန့်မျိုးလေးတွေကိုလည်း အလျဉ်းသင့်သလို ပါဝင်တာတွေ့ရတယ်။ မူရင်းစာရေးသူဂျက်ကင်ဖီးလ်ကတော့ အခုလိုဆိုထားပါတယ်။ 'သင်လိုချင်တာမှန်သမျှ လက်တစ်ကမ်းမှာပဲရှိနေပြီး သင်တောင်းခံဖို့ စောင့်စားနေကြပါတယ်။ သင်လိုချင်တာမှန်သမျှကလည်း သင့်ကိုလိုချင်နေတာပါပဲ။ ဒါပေမဲ့ ရယူဖို့တော့ သင်လှုပ်ရှားရပါလိမ့်မယ်။ စကြဝဠာကြီးက သင့်ကို အောင်မြင်စေချင်တာ အမှန်ပါ။" ညှို့အားနိယာမ၊ သင်ဘယ်သူလဲ၊ တက်ကြွလှုပ်ရှားဇောစိတ်များ၊ ညှို့အားနိယာမကို အသက်သွင်းခြင်း၊ အလျှံပယ်ပေါကြွယ်ခြင်း၊ ယုံလိုက်စမ်းပါ၊ ဝတ်ပြုဆုတောင်းခြင်း၊ ဝတ်ပြုဆောင်းခြင်းနှင့် ကမ္မဋ္ဌာန်းထိုင်ခြင်းစတဲ့ ခေါင်းစဉ်ပေါင်း ၁၅ ခုအောက်မှာ အခန်းငယ်လေးတွေခွဲပြီး ရေးသားဖော်ပြထားပါတယ်။

## ပုံပြင်ကမ္ဘာ ကလေးရုပ်စုံစာစောင်

**ကာတွန်းဆရာစုံ**

**စာမူခွင့်ပြုချက်အမှတ်– ၅၄၀၅၃၉၈၀၆၁၀**
**ထုတ်ဝေတိုက် – ဆုပြည့်စုံထွန်း**
**တန်ဖိုး – ၁၂၀၀**

ပုံပြင်မပြောအားတဲ့ မိဘတွေနဲ့ ပုံပြင်ဖတ်ချင်တဲ့ ကလေးငယ်တွေအတွက် အထူးရည်ရွယ်ပြီး ထုတ်ဝေတာဖြစ်တယ်လို့ ဒီစာအုပ်စီစဉ်ထုတ်ဝေသူတွေက ဆိုပါတယ်။ ဒီ'ပုံပြင်ကမ္ဘာကလေးရုပ်စုံ' စာအုပ်ကို အမှတ် (၁) ဇူလိုင်လထုတ်အဖြစ် အခုမှစထုတ်ဝေတာဖြစ်ပြီး လစဉ် ၂၅ ရက်နေ့တိုင်း ဆက်လက်ထုတ်ဝေသွားမှာဖြစ်တယ်လို့ ဆိုတယ်။

ကလေးငယ်တွေ အလွယ်တကူ ဖတ်ရှုနိုင်အောင် ပုံပြင်အမျိုးအစားပေါင်းစုံကို ကာတွန်းအသွင်နဲ့ ဖော်ပြထားတာဖြစ်တယ်လို့ ပုံပြင်ကမ္ဘာ အယ်ဒီတာအဖွဲ့က အမှာစာမှာ ဆိုထားပါတယ်။

ကာတွန်းဝင်းမြင့်အောင်၊ ကာတွန်းဇာတိ၊ ကြည်နူး၊ ရေချမ်း၊ မိုးကြိုး၊ ကာတွန်းပေါ်ကာ စတဲ့ ကာတွန်းဆရာတွေက ပုံပြင်တွေကို သရုပ်ဖော်ပေးထားပါတယ်။ ဒီစာအုပ်မှာ နဂါးဥသုံးလုံး၊ စကားကြီးငါးခွန်း၊ နတ်ကလေးပိပိ၊ ဦးပေါ်ဦးနှင့် ထီးတော်မိုး၊ စကားအရာယဉ်ကျေးပါ၊ ကျေးဇူးသိသူ၊ ငှက်ယောင်ဆောင်တဲ့ကြက် စတဲ့ ပုံပြင်ပေါင်း ၁၇ ပုဒ် ပါဝင်ပါတယ်။



ရောင်စုံစာမျက်နှာတွေနဲ့ ဖော်ပြပေးထားလို့ ဖတ်ရသူကလေးတွေလည်း ကြိုက်ကြမယ်ထင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် စာဖတ်ဝါသနာကို မျိုးစေ့ချပေးလိုသူ မိဘတွေအတွက် ဝယ်ယူသင့်တဲ့ စာအုပ်တစ်အုပ်ပါ။

## စီမံခန့်ခွဲမှုသိပ္ပံခရီးစဉ်နှင့် အခြားဆောင်းပါးများ

**ဒေါက်တာအောင်ထွန်းသက်**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၀၄၄၅၀၄၁၀**
**ထုတ်ဝေတိုက် – အခွင့်အလမ်း**
**တန်ဖိုး – ၂၅၀၀**

ဒေါက်တာအောင်ထွန်းသက်ရဲ့ ဆောင်းပါးခေါင်းစဉ် ၁၂ ခုကို တစ်ပေါင်းတစ်စည်းထဲ စုစည်းထုတ်ဝေလိုက်တဲ့ စာအုပ်ပါ။ ဒီစာအုပ်မှာ ဦးဆောင်မှုအဓိပ္ပာယ်ဖွင့်ဆိုချက်ကို (၁) (၂) (၃) (၄) (၅) ဆိုပြီး ပိုင်းဆစ်ရေးသားထားတယ်။ အဲဒီလိုပဲ အလားတူ တချို့ခေါင်းစဉ်တွေကိုလည်း ထပ်ခွဲပြီး အသေးစိတ်ရေးသားထားတယ်။

". . . ဦးဆောင်သူတွေဟာ ကိုယ်မကြိုက်တဲ့သတင်းကို လက်မခံနိုင်ဘဲ ပစ်ပယ်တာကိုလည်း တွေ့ရတယ်လေသမီး။ . . . ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်နိုင်ဖို့ ဦးဆောင်သူတွေဟာ ရိုးသားဖို့လိုတယ်။ ကိုယ့်ကိုယ်ကိုယ်သိတဲ့ ဦးဆောင်သူဟာ သူများက ကိုယ့်ကိုမြှောက်ပြောတာ၊ လိမ်တာ၊ မဟုတ်တာပြောတာတွေ ခွဲခြားနိုင်မှာပါ . . ." စသလို စာသားတွေကို 'ဦးဆောင်မှုအဓိပ္ပာယ်ဖွင့်ဆိုချက်' ဆိုတဲ့ ဆောင်းပါးအောက်မှာ တွေ့ရလိမ့်မယ်။

ဒါ့အပြင် လူတွေဟာ အစည်းအဝေးတွေနဲ့ အချိန်ဖြုန်းနေကြကြောင်း၊ ၎င်း UN တွင်အလုပ်လုပ်စဉ်က အစည်းအဝေးအများအပြားတက်ခဲ့ရကြောင်း၊ တစ်ခါတစ်ရံ ဘာဖြစ်လို့ အစည်းအဝေးတက်ရတယ်ဆိုတာ မသိသလို အစည်းအဝေးပြီး

www.foreverspace.com.mm





ရင်တောင် ဘာကြောင့်တက်ခဲ့သလဲဆိုတာ မသိကြောင်း၊ အစည်းအဝေးဖြင့် အချိန်များစွာကုန်ခဲ့ကြောင်း 'အဆင်သင့်ခေါင်းဆောင်မှု' ဆိုတဲ့ခေါင်းစဉ်အောက်မှာ ရေးထားပါတယ်။ အဲဒီဆောင်းပါးမှာတော့ ဖြစ်သင့်ဖြစ်ထိုက်တဲ့အစည်းအဝေးတစ်ခု ဘယ်လိုလုပ်သင့်တယ်ဆိုတာကို ရေးထားပါတယ်။ ပညာရေးအသုံးစရိတ်၊ အသိတရားရှာဖွေခြင်း၊ တက္ကသိုလ်ပညာရေးပြောင်းလဲမှု၊ ရွှေ့ပြောင်းမှုနဲ့ နိုင်ငံရေးတိုးတက်ဖွံ့ဖြိုးမှု၊ သဘာဝလား၊ ပတ်ဝန်းကျင်လား၊ စွန့်ထွင်ဦးစီးမှုကို သင်လို့ရသလား စတဲ့ ဆောင်းပါးတွေ ပါဝင်ပါတယ်။ ဦးဆောင်မှုနေရာမှာရှိနေသူတွေ၊ ဦးဆောင်မှုလုပ်ချင်သူတွေ၊ ပညာဗဟုသုတလိုလားသူတွေနဲ့ ဆွေးနွေးပွဲတွေတက်ရောက်ဖို့ အခြေအနေမပေးသူတွေပါလေ့လာဖတ်ရှုသင့်တဲ့ စာအုပ်တစ်ခုပါ။

## အသုံးချ အီဒီယံစကားပြော


**WISDOM HOUSE**

**စာတည်းအဖွဲ့**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၀၁၆၅၀၂၁၀**
**ထုတ်ဝေတိုက် –** WISDOM HOUSE
**တန်ဖိုး – ၃၀၀၀**

Wisdom House စာတည်းအဖွဲ့က ပြုစုထားတာဖြစ်ပြီး ကြည်ရွှန်းက စီစဉ်တည်းဖြတ်ထားတဲ့ Everday Idioms လို့ဆိုတဲ့အသုံးချအီဒီယံစကားပြောစာအုပ်ပါ။ အင်္ဂလိပ် Expressions တွေကို မြန်မာဝေါဟာရတစ်ခု ဒါမှမဟုတ် စကားစုတစ်ခုတည်းနဲ့ ဘာသာပြန်ဖို့ ကြိုးစားတာမျိုးထက် Expression တစ်ခုကို ဘယ်လိုအခြေအနေမှာ ဘယ်လိုသုံးသင့်တယ်ဆိုတဲ့ နောက်ခံအကြောင်းအရာကို ဂရုတစိုက်ချဉ်းကပ်လေ့လာသင့်တယ်လို့ ဒီစာအုပ်က ဆိုထားပါတယ်။ အင်္ဂလိပ်စာလေ့လာနေသူတွေအတွက် အထူးအသုံးတည့်နိုင်တဲ့စာအုပ်ပါ။ တချို့ အီဒီယံတွေက ဒီအတိုင်းဘာသာပြန်ရန် မှန်သွားနိုင်ပေမယ့် တချို့အီဒီယံတွေကျတော့ စကားတစ်လုံးချင်း ဘာသာပြန်လိုက်ရင် လွဲသွားနိုင်တာကြောင့်ပါ။ ဒီစာအုပ်ကလည်း ဒီအတိုင်းဆိုထားပါတယ်။ ဒီလိုပါ "တချို့အီဒီယံတွေကျတော့ စကားတစ်လုံးချင်း တိုက်ရိုက်အဓိပ္ပာယ်ယူရင် လွဲသွားတာမျိုး၊ အဓိပ္ပာယ်မပေါ်တာမျိုးလည်း ရှိနိုင်ပါတယ်။ ဥပမာအားဖြင့် Fat Chance ဆိုတာ လုံးဝမဖြစ်နိုင်တာကို ပြောတာဖြစ်သလို That'll be the day, he'll be lucky တို့ဆိုရင်လည်း မဖြစ်နိုင်တာကိုပဲ ရည်ညွှန်းတာပါ။ Some Hope ဆိုရင်လည်း မထင်ပါနဲ့လို့ ပြောတာဖြစ်ပြီး"... စသလို လေ့လာသူများအတွက် အမှာစကားမှာ ဖော်ပြထားပါတယ်။

ဒီစာအုပ်မှာ "The day out that never happened စီစဉ်တာတွေ ဖြစ်မလာတဲ့နေ့တစ်နေ့"၊ Just a rumour ကောလာဟလ၊ Getting the sack အလုပ်ပြုတ်သွားပြီ၊ Trouble with Jack ပြဿနာဂျက်၊ Buying a brithday gift မွေးနေ့လက်ဆောင်ဝယ်ခြင်း စလို အခန်းပေါင်း ၃၀ ပါဝင်ပါတယ်။ "တစ်ခန်းစီကို အကြောင်းအရာတစ်ခု ဒါမှမဟုတ် အဖြစ်အပျက်တစ်ခုနဲ့ အစပျိုးထားပေးတယ်။ စကားပြောတိုင်းမှာ နေ့စဉ်သုံး Expression တစ်လုံးစီထည့်ပြောထားတယ်။ ပြီးတာနဲ့ နောက်ထပ် နမူနာဝါကျတွေနဲ့ ပြန်ရှင်းဖွင့်ဆိုထားပါတယ်" လို့




ဒီစာအုပ်ရဲ့ရှေ့ဆုံးမှာ ဖော်ပြပေးထားတယ်။ အီဒီယံဆိုတာဟာ ဘာသာစကားလေ့လာနေသူတွေအတွက် သိရှိနားလည်ထားသင့်တာမို့ အင်္ဂလိပ်စကားပြောလေ့လာလိုသူတွေအတွက် ဝေးဝေးလံလံသွားနေစရာမလိုဘဲ ထိုင်ရာမထ လေ့လာနိုင်တဲ့စာအုပ်ပါ။

## နိုင်ငံရေး၊ နိုင်ငံ့အရေးနှင့် သန်း ၅၀ ကိုအနိုင်ပေးပါ

**အောင်ထွန်း**

**စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၅၄၀၅၁၀**
**ထုတ်ဝေတိုက် – ပညာဦးသျှောင်**
**တန်ဖိုး – ၂၅၀၀**

The Voice Weekly မှာဖော်ပြခဲ့ပြီး အောင်ထွန်းရေးသားတဲ့ ခေါင်းကြီးနဲ့ ဆောင်းပါးများ စုစည်းထုတ်ဝေထားတဲ့ စာအုပ်ဖြစ်ပါတယ်။ ၂၀၀၉ နှစ်ဆန်းကနေ ၂၀၁၀ နှစ်လယ်ပိုင်းအထိ ရေးသားခဲ့တဲ့ ဆောင်းပါးတွေကို စုစည်းထားတာလည်း ဖြစ်ပါတယ်။ ခေါင်းကြီး ၅၁ပုဒ်၊ ဆွေးနွေးခန်း ၁၁ပုဒ်နဲ့ ဆောင်းပါး ၄၆ပုဒ် စုစုပေါင်း ၁၀၈ပုဒ်ပါဝင်ပါတယ်။

စာအုပ်ပါဆောင်းပါးတွေကို The Voice Weekly မှာ ဖော်ပြကတည်းက အမြင်မတူသူတွေရဲ့ ပြင်းပြင်းထန်ထန် ဝေဖန်

www.foreverspace.com.mm

ဖြစ်တင်မှုကို ကြားသိခဲ့ရပြီးဖြစ်ပါတယ်။ အဲဒီလိုဝေဖန်တဲ့သူတွေကို ကြည့်လိုက်တော့လည်း အများစုက အောင်ထွန်း့ရဲ့စာကို သေသေချာချာ မဖတ်ဖူးတဲ့သူတွေကများပြီး အောင်ထွန်း့ ဘယ်လိုလူစားလဲဆိုတာ ဖော်ထုတ်တူးဆွပြီး ပုဂ္ဂိုလ်ရေးသက်သက် မယဉ်မကျေးပြောဆိုနေကြတာဖြစ်ပါတယ်။ ဆိုလိုတာက အောင်ထွန်း့ရေးတဲ့ စာ၊ အောင်ထွန်း့ပြောတဲ့အကြောင်းအရာတွေက ဘယ်လောက်လက်တွေ့ကျကျ၊ ဘယ်လောက် ကျိုးကြောင်းဆက်စပ်မှုရှိရှိ 'အောင်ထွန်း့ရေးလို့ သဘောမတူတာ' ဆိုသူတွေက များပါတယ်။ သဘောမတူတွေရဲ့အသံကို နားထောင်ကြည့်တော့ အောင်ထွန်း့ ပြောတာကို သဘောမတူတာပဲရှိပြီး သူတို့ဆိုရင် လက်ရှိနိုင်ငံ့အရေးအရာ ကိစ္စရပ်တွေကို ဘယ်လို ရှုထောင့်ကနေ ဘယ်လိုအကောင်အထည်ဖော်မယ်၊ ပြေလည်သွားအောင် ဘာလုပ်မယ်၊ နောက်ဆုံး၊ အောက်ထစ်ဆုံးတစ်ခုပဲ လုပ်ခွင့်ရရင် ဘာလုပ်မယ် စသဖြင့် တိကျပြတ်သားတဲ့ မူဝါဒအကြံဉာဏ် အသင့်ရှိမနေကြပါဘူး။ တချို့ကတော့ အောင်ထွန်း့ရဲ့ ရေပက်မဝင် ကျိုးကြောင်းကျတဲ့ ဆောင်းပါးပါ အနှစ်သာရကို ဝေဖန်လို့မရတော့ အောင်ထွန်း့ရဲ့လေသံကို ဝေဖန်ကြပြန်ပါတယ်။ လေသံက အထက်စီးသိပ်ဆန်တယ်၊ ပြည်သူလူထုကို ဘာမှမသိတဲ့ အတုံးအအ,တွေလိုသဘောထားတယ် စသဖြင့် လူချင်းမနိုင်လို့ အဝေးကနေ ငယ်ကျိုးငယ်နာဖော်ဆဲတဲ့ပုံစံ၊ အပြစ်ရှာမရတဲ့အတွက် ပုဆိုးဝတ်တာအောက်နားမညီလို့၊ ကော်လံတစ်ဖက် အထဲဝင်နေလို့၊ ကြယ်သီးတစ်လုံး ပြုတ်နေလို့ဆိုတဲ့ သေးသေးဖွဲဖွဲ ဘာမှအရေးမကြီးတာကလေးတွေကို ပုံကြီးချဲ့နေကြတာ ဖြစ်ပါတယ်။

အောင်ထွန်း့ရဲ့လေသံက သူတို့ ဝေဖန်သလို မသိမသာအပေါ်စီးက ပြောနေသလိုဖြစ်ပေမယ့် သူပြောတဲ့ လေသံထဲမှာ စေတနာအပြည့်ပါနေတာကိုတော့ အဲဒီဝေဖန်တဲ့သူတွေ မမြင်နိုင်ကြပါဘူး။ ဒါကလည်း နိုင်ငံပြုအကြောင်းအရာတွေကို ရေးသားသူတစ်ယောက်အနေနဲ့ တစ်ခါတလေ ကရုဏာဒေါသအသံလည်း ပါကောင်းပါသွားနိုင်တာကို




နားလည်ပေးလို့ရပါတယ်။ ပြီးပြည့်စုံတဲ့လူဆိုတာ လောကမှာ တွေ့ဖို့မြင်ဖို့မလွယ်တဲ့အတွက် အောင်ထွန်း့ရဲ့ နိုင်ငံအပေါ်ထားတဲ့ စေတနာထုထည်နဲ့ ယှဉ်ကြည့်ရင် လေသံကို ဦးကာချဲ့နေစရာ လိုမယ်မထင်ပါဘူး။ နောက်တစ်ခုက သူရေးသားဖော်ပြနေတဲ့ အကြောင်းအရာတွေကို ဘယ်လောက်အထိ လေ့လာထားတယ်၊ ဘယ်လောက်အထိ နက်နက်နဲနဲ သဘောပေါက်ထားတယ်ဆိုတာ ဆောင်းပါးတွေကို သေသေချာချာ ဖတ်ကြည့်ရင် သိပါလိမ့်မယ်။

သူ့ဆောင်းပါးတွေအတွက် ရေးထားတဲ့ သူ့အမှာစာမှာပါတဲ့ သူ့အယူအဆ တချို့ကို ဖတ်ကြည့်ပါဦး။

*စာရေးသူ၏ နိုင်ငံရေးဆောင်းပါးများသည် ဖြစ်နိုင်ခြေနည်းသော အကောင်းဆုံးရလဒ်များအကြောင်း မဟုတ်ဘဲ Best Alternativeခေါ် ဖြစ်နိုင်ခြေများအကြောင်းဖြစ်သည်ကို စာဖတ်သူများ ရိပ်စားမိပါလိမ့်မည်။ Best Alternative များအကြောင်း ရေးသားခြင်းသည် အကောင်းဆုံးရလဒ်များကို လက်မခံပါဆိုသည့်သဘော မဟုတ်ဘဲ ဖြစ်နိုင်ခြေနည်းသောကြောင့် မဟာဗျူဟာ စိတ်ဝင်စားမှုမရှိသည့် သဘောသာဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ Best Alternative များ သက်သက်ကို ရေးသားခဲ့ခြင်းကြောင့် ပြစ်တင်ဝေဖန်မှု များစွာကိုလည်း စာရေးသူ ခံခဲ့ရပါသည်။*

*စာရေးသူ၏မိတ်ဆွေတစ်ဦးက အဘယ်သို့သော စိတ်ထားနှင့် ဤမျှအမုန်းခံ၍ ရေးနေသနည်းဟုမေးခဲ့သည်။ လက်မခံနိုင်သောသူများက တပ်မတော်အစိုးရအကြိုက် လိုက်ပြောပေးနေခြင်းသာဖြစ်ပြီး ကိုယ်ကျိုးစီးပွားရှိနေသောကြောင့်ဟု စွပ်စွဲခဲ့ကြပါသည်။ အမှန်အားဖြင့် အကြောင်းအရာတစ်ခုကို နှစ်ဖက်စလုံးမှ လက်ခံနိုင်အောင် ရေးဖို့ဆိုသည်မှာ များစွာခက်ခဲပါသည်။ အကြိမ်များစွာတို့တွင် နှစ်ဖက်စလုံး၏ အမုန်းကိုသာ ရရှိလေ့ရှိပါသည်။*

*အဓိကပြောလိုသည်မှာ လူကြိုက်မများသော စာများကို တစ်နည်းအားဖြင့် ဖြစ်နိုင်ခြေ Best Alternative များအကြောင်း နှစ်ခြိုက်စွာ စိုက်လိုက်မတ်တတ် ရေးသားခဲ့ခြင်းနှင့် ပတ်သက်၍ စာရေးသူ၏ခံယူချက်နှင့် ရပ်တည်ချက်ဖြစ်ပါသည်။*

စာရေးသူအောင်ထွန်း့ရဲ့ရပ်တည်ချက်ကို သိလိုသူတွေအနေနဲ့ စာအုပ်ပါ အမှာစာ အပါအဝင် ခေါင်းကြီးနဲ့ ဆောင်းပါးအားလုံးကို စာရေးသူအပေါ် ဘာစိတ်မှမထားဘဲ နိုင်ငံ့အကျိုးအတွက်ဆိုတဲ့ စေတနာကလေးထားပြီး ဖတ်ကြည့်ရင် ပေါ်လွင်လာပါလိမ့်မယ်။ အဲဒီလိုပေါ်လွင်လာပြီဆိုရင် စောစောကပြောတဲ့ မဆိုစလောက် အပြစ်အနာအဆာကလေးတွေကို ခွင့်လွှတ်စိတ်ဖြစ်သွားနိုင်ပါလိမ့်မယ်။ ဒီလိုမှမဟုတ်ဘဲ ဘယ်အကြောင်းအရာမဆို ငါပြောမှ၊ ငါလုပ်မှ၊ ငါ့ကိုထောက်ခံတဲ့သူ၊ ငါ့တပည့်လက်သား၊ ငါနဲ့အုပ်စုတူတဲ့သူပြောမှ အမှန်၊ လက်ခံမယ်ဆိုတဲ့သူ၊ အောင်ထွန်း့အပေါ်မှာ ပုဂ္ဂိုလ်ရေးမုန်းတီး၊ မနာလိုမှုရှိနေသူတွေကတော့ "ဟောရင်းသာ ပျံလွန်တော်မူသွားမယ် အကျွတ်တရားတော့ရမှာ မဟုတ်ဘူး" ဆိုတဲ့ ပုံပြင်နဲ့ ကွဲပါးစောင်းတီးနေသလိုပဲဖြစ်မှာပါ။

ရောင်းဈေး ၂၅၀၀ ကျပ်ဆိုတာ အထဲက စာတွေရဲ့တန်ဖိုးနဲ့ ယှဉ်ပြဖို့တောင်မလိုတဲ့ ပမာဏပါ။


■


www.foreverspace.com.mm




# Better World ဗလာစာအုပ်များ

**အရည်အသွေးမြင့် ပြည်တွင်းဗလာစာအုပ်ဈေးကွက်အတွင်း ကြော်ငြာအားကောင်းကောင်းဖြင့် ထိုးဖောက်လာသော ကျောင်းသုံးစာအုပ်များ ဖြစ်သည်။**




☆ Dalta Diamond International Co., Ltd.က ၂၀၀၆ ခုနှစ် မတ်လအတွင်း စတင်ထုတ်လုပ်ဖြန့်ချိ။

☆ ကုမ္ပဏီအကြီးအကဲမှာ ဒေါက်တာအောင်ဝင်းမောင်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်နှစ်ဦး၊ ဝန်ထမ်းအင်အား ၄၅ ဦးခန့်ရှိ။

☆ ကိုယ်ပိုင်နည်းပညာကို အသုံးပြု၍ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်နိုင်ကြောင်း သိရ။

☆ ပြည်တွင်းကုန်ကြမ်းများအပြင် အင်ဒိုနီးရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့မှလည်း ကုန်ကြမ်းများ ရယူ။

☆ တရုတ်နှင့်ဂျပန်နိုင်ငံမှစက်ပစ္စည်းများ၊ ပြည်တွင်းမှ စက်ပစ္စည်းများကို အသုံးပြုထုတ်လုပ်။

☆ လက်ရေးလှ၊ ဗလာစာအုပ် စသည့်ကျောင်းသုံးစာအုပ်များအပြင် စာရင်းစာအုပ်၊ Note-book၊ Drawing Book၊ Mini Notebook စသည့် စာအုပ်အမျိုးအစားပေါင်း ၂၆ မျိုးခန့် ထုတ်လုပ်နေကြောင်းသိရ။

☆ စာအုပ်အရည်အသွေး၊ အမျိုးအစားများအားပြဆိုသည့် 5 Stars (Super)၊ 10 Flowers (Super)၊ 2 Stars (Normal) စသည့် အမှတ်အသားများအား စာအုပ်တွင်ထည့်သွင်းရိုက်နှိပ်ပေးထား။

☆ အရည်အသွေးအလိုက်၊ စာရွက်ရေအလိုက်ပေါ်မူတည်၍ ဗလာစာအုပ်တစ်ဒါဇင်လျှင် အနိမ့်ဆုံး (ဥပမာ) 5 Flowers (Normal) စာမျက်နှာ ၆၀ ကို ၆၂၀ ကျပ်၊ အမြင့်ဆုံး 5 Stars (Super) စာမျက်နှာ ၈၀ ကို ၂၅၂၅ ကျပ် စသဖြင့် အသီးသီးသတ်မှတ်ထား။

☆ စာအုပ်ဝယ်ယူသူများကို ကျပ်နှစ်သိန်းဖိုးဝယ်ယူပါက သုံးရာခိုင်နှုန်း၊ ကျပ်နှစ်သိန်းနှင့် ငါးသိန်းကြားဝယ်ယူပါက လေးရာခိုင်နှုန်း၊ ကျပ်ငါးသိန်းနှင့် ဆယ်သိန်း ကြားဝယ်ယူပါက ငါးရာခိုင်နှုန်း၊ ကျပ်ဆယ်သိန်း အထက်ဝယ်ယူပါက ခြောက်ရာခိုင်နှုန်း စသဖြင့် အသီးသီး လျှော့ချရောင်းပေးဟုဆို။

☆ ရာသီအလိုက် အရောင်းမြှင့်တင်သည့်အစီအစဉ်များ အခါအားလျော်စွာပြုလုပ်ကြောင်း သိရ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဒေါ်ခင်မိုးကြည် (General Manager)
အမှတ်-၉၁/၉၃ ၊သိမ်ဖြူလမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၉၆၂၃၅၊ ၃၉၂၂၂၀၊ ၇၃၀၁၁၆၀၀ (ဖက်စ်)-၂၀၂၅၃၉
E-mail: gmi@baganmail.net.mm

www.foreverspace.com.mm

# Which & Why
# ဘယ်ပစ္စည်းဘာ့ကြောင့်



## ခြေနင်းစက်ဘီး

ခြေထောက်ကျန်းမာရေးလေ့ကျင့်လိုသူများအတွက် ခြေနင်းစက်ဘီးငယ်ဖြစ်။ လျှပ်စစ်မီးဖြင့် အသုံးပြုရခြင်းဖြစ်။ အလိုအလျောက် ခြေနင်းစေခြင်းဖြစ်ပြီး အနှေး အမြန် လိုသလို အတိုးအလျှော့လုပ်နိုင်။ မိနစ်၊ စက္ကန့်နှင့် အကွာအဝေးများကို ဖော်ပြသည့်စနစ်ပါရှိ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၁၅,၅၀၀ ကျပ်ဖြစ်။



## CHAN GHONG Aircon

CHAN GHONG အမှတ်တံဆိပ် CPC-09C/D01 မော်ဒယ်လ်အမျိုးအစား Aircon ဖြစ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရ။ Function သုံးမျိုး ပါရှိ။ အနှေးအမြန်သုံးဆင့်ဖြစ်။ ရေထည့်၍ အသုံးပြုရ။ အောက်ခြေတွင် ဘီးပါရှိ။ အာမခံ ၂ နှစ်ဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၄၅,၀၀၀ ကျပ်ဖြစ်။



## ဆိုဖာထိုင်ခုံ

ဒီဇိုင်းဆန်းဆန်း 040 မော်ဒယ်လ်အမျိုးအစား ဆိုဖာထိုင်ခုံဖြစ်။ စတီးဒေါက်ထိုင်ခုံကို ဆိုဖာဖြင့်ဖုံးအုပ်ထားခြင်းဖြစ်။ ဇစ်ပါရှိ၍ အထဲရှိဆိုဖာကို ထုတ်၍လျှော်ဖွပ်နိုင်။ ပုံစံမျိုးစုံရှိ။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၇,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm





## Wriggle Tri-Scooter

ခါးရှိ အဆီများကို ချပေးနိုင်သည့် Wriggle Tri-Scooter ဖြစ်။ ခါးကိုလှုပ်ယမ်းစေပြီး ရွေ့လျားစေခြင်းဖြစ်။ အရှိန်ထိန်းဘရိတ်ပါရှိ။ လက်ကိုင်ကို အနိမ့်အမြင့်ညှိ၍ရ။ သံကိုယ်ထည်ဖြင့် ပြုလုပ်ထား။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅,၀၀၀ ကျပ်ဖြစ်။



## Delux Speaker

Delux အမှတ်တံဆိပ် DLS 2112 မော်ဒယ်လ်အမျိုးအစား Speaker ဖြစ်။ Speaker နှစ်လုံးပါရှိ။ AC ဖြင့် တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ အသံအတိုးအကျယ် လိုသလိုညှိနိူင်းနိုင်။ အသံထွက်အားကောင်း။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၂,၅၀၀ ကျပ်ဖြစ်။

## SUNCA Spotlight

SUNCA အမှတ်တံဆိပ် CS-2202H မော်ဒယ်လ်အမျိုးအစား Spotlight ဖြစ်။ Rechargable ဖြင့် အားပြန်သွင်းနိုင်။ ကိုယ်ထည်ကို ပလတ်စတစ်ဖြင့် ပြုလုပ်ထား။ လက်ဖြင့် ဆွဲ၍ အသုံးပြုနိုင်။ ၉၀ ဒီဂရီအထိ လှည့်၍ရ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၅,၅၀၀ ကျပ်ဖြစ်။






## EVD Portable Player

1101B မော်ဒယ်လ်အမျိုးအစား EVD Portable Player ဖြစ်။ CD, VCD, DVD, EVD, SD Card, Memory Stick စသည်တို့ အသုံးပြုနိုင်။ TV ဖြင့်လည်း အသုံးပြုနိုင်။ FM ဖမ်းယူရရှိနိုင်။ ၁၀ လက်မအရွယ် TV Screen ပါရှိ။ လက်ဖြင့်လည်း ဆွဲ၍ယူသွားနိုင်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၀၆,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## TECSUN Digital Radio



TECSUN အမှတ်တံဆိပ် R 919 မော်ဒယ်လ်အမျိုးအစား Digital Radio ဖြစ်။ Timer, Alarm ပါရှိ။ လိုင်းစုံဖမ်းယူရရှိနိုင်။ AA ဓာတ်ခဲနှစ်လုံး အသုံးပြုရ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေးမှာ ၂၀,၅၀၀ ကျပ်ဖြစ်။



## Dunhill CCTV Camera ပိုက်ဆံအိတ်

Dunhill အမှတ်တံဆိပ် 593 မော်ဒယ်လ်အမျိုးအစား CCTV Camera ဖြစ်။ Rechargable ဖြစ်။ အသံဖမ်းယူမည်ဆိုပါက MP3, MP4 ကို အိတ် အတွင်းထည့်၍ ဖမ်းယူရရှိနိုင်။ ပိုက်ဆံအိတ်ကို သားရေသားဖြင့်ပြုလုပ် ထား။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၂၀,၀၀၀ ကျပ်ဖြစ်။



## အလှမီးအိမ်

ဖန်ထည်ဖြင့်ပြုလုပ်ထားသော အလှမီးအိမ်ဖြစ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရ။ အမွှေးဆီထည့်၍ အိမ်ခန်းအတွင်းရနံ့မွှေးအောင်ပြုလုပ်ရန်အတွက် အသုံးပြုနိုင်။ မီးအလင်းအမှောင်သုံးဆင့်ရှိပြီး အောက်ခြေစတီးခုံကို လက်ဖြင့်ထိလိုက်ရုံ မီးအလင်းအမှောင်ကို ရွေးချယ်နိုင်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆,၃၀၀ ကျပ်ဖြစ်။



## Muti-Mobile Speaker

CK-08 မော်ဒယ်လ်အမျိုးအစား Muti-Mobile Speaker ဖြစ်။ MP3, MP4 များဖြင့် တွဲဖက်အသုံးပြုနိုင်။ SD Card, Memory Card များစိုက်၍လည်း အသုံး ပြုနိုင်။ FM ဖမ်းယူနားထောင်နိုင်။ Speaker နှစ်ဖက်ပါရှိ။ AC/DC နှစ်မျိုး သုံးနိုင်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၃,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm





## Sony Ericsson GSM Handset

Sony Ericsson အမှတ်တံဆိပ် ELM မော်ဒယ်လ်အမျိုးအစား GSM Handset ဖြစ်။ 5 Mega-pixels Camera ပါရှိ။ SD Card ထပ်မံစိုက်၍ရ။ Blue-Tooth ပါရှိ။ စင်ကာပူနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၉၂,၀၀၀ ကျပ်ဖြစ်။



## Nokia Handset

Nokia အမှတ်တံဆိပ် X6 မော်ဒယ်လ်အမျိုးအစား Touch screen Handset ဖြစ်။ CDMA 800၊ GSM နှစ်မျိုး သုံးနိုင်။ Camera အဖြစ်ပါ အသုံးပြုနိုင်။ SD Card စိုက်၍သုံးနိုင်။ Speaker သုံးခု ပါရှိ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၁၀,၀၀၀ ကျပ်ဖြစ်။



## Mistral Air Cooler

Mistral အမှတ်တံဆိပ် MAC 1801 မော်ဒယ်လ်အမျိုးအစား Air Cooler ဖြစ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရ။ ရေခဲထည့်၍ အသုံးပြုရခြင်းဖြစ်။ Swing စနစ် ပါရှိ။ အနေးအမြန် သုံးဆင့်ဖြစ်။ Timer ခုနစ်နာရီအထိ အသုံးပြုနိုင်။ မလေးရှားနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၃၅,၀၀၀ ကျပ်ဖြစ်။



## Mistral Electronic Induction Cooker

Mistral အမှတ်တံဆိပ် MIC 208E မော်ဒယ်လ်အမျိုးအစား Electronic Induction Cooker ဖြစ်။ Digital Display ဖြစ်။ Hot Pot ပြုလုပ်နိုင်။ ဆန်ပြုတ်၊ ရေ နွေး၊ ထမင်း၊ ဟင်းများကို ချက်ပြုတ်အသုံးပြုနိုင်။ Timer ပါရှိ။ အပူလောင်ခြင်း၊ ဓာတ်လိုက်ခြင်းတို့မှကင်းဝေးဟုဆို။ မလေးရှားနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆၅,၀၀၀ ကျပ်ဖြစ်။

**ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ကုန်ပစ္စည်းများနှင့်ပတ်သက်သည့် အချက်အလက်များကို Ever Fine၊ စိန်ဂေဟာ Super Centre နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm



# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | FUJI Elevators (ကိုရီးယား) | UP 2 INDUSTRY CO., LTD.<br>အမှတ်-၁၆၈(C)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၅၀၅၀၅၇၊ ၅၂၄၄၁၂ | ဦးဇာလီဝင်းထွန်း (Marketing Manager) | မရှိ |
| ၂။ | Paper One စက္ကူ (အင်ဒိုနီးရှား) | MYANMAR WIN INTERNATIONAL CO., LTD.<br>အမှတ်-၁၇၃၊ ၃၁ လမ်း(အောက်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၄၆၄၀၅၊ ၂၄၃၉၇၆၊ ၃၈၁၁၈၄၊ ၃၈၇၈၇၂<br>ဖက်စ်-၂၄၆၄၀၆ | ဒေါ်လင်းလင်းသက် (Secretary) | မရှိ |
| ၃။ | PERTAMINA Lubricants (အင်ဒိုနီးရှား) | BEST LUCK CO., LTD.<br>အမှတ်-၁၂-B/၄၃၊ ရွှေကိန္နရီအိမ်ရာ၊ နဝနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၀၉-၅၁၅၀၃၁၆၆၊ ၅၁၇၄၃၉ | ဦးသန်းထွဋ် (Supervisor) | မရှိ |
| ၄။ | A take Mouse (ဂျပန်-တရုတ်) | CYBER CITY CO., LTD.<br>အမှတ်-၇၈/၈၂၊ အခန်းအမှတ်-၁၀၂၊ ပထမထပ်၊ ဗိုလ်တထောင်ဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၃၉၁၇၄၂၊ ၀၉၅၀၆၄၇၃၁ | ဦးပြည့်စုံ (Marketing Manager) | CYBER CITY CO., LTD.<br>အမှတ်-C (3)၊ R(23)၊ ပထမထပ်၊ ၇၇ × ၇၈ လမ်းကြား၊ ၃၂ လမ်း၊ မန္တလေး။<br>ဖုန်း-၀၉-၅၀၆၃၉၁၆ |
| ၅။ | GIBSON Lubricants (စင်ကာပူ) | KAUNG NAING KYAW TRADING CO., LTD.<br>အမှတ်-၆၊ ခတ္တာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၁၄၈၀၂၊ ၇၂၈၇၀၉၊ ၅၁၀၀၀၈၊ ၅၁၉၁၅၈ | ဦးထွန်းလွင်ဦး (Director) | KAUNG NAING KYAW TRADING CO., LTD.<br>တိုက်အမှတ်-၁၊ အခန်းအမှတ် (2-B)၊ ၃၅ လမ်း၊ ၈၀× ၈၁ လမ်းကြား၊ မန္တလေး။<br>ဖုန်း-၀၂-၃၂၉၅၄၊ ၀၉-၂၀၁၅၇၉၀ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm



# ကုန်ဈေးနှုန်း

၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သောကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၉-၇-၂၀၁၀)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (၈၈) | ၅၀ |
| Dagon Jeep | | (၈င) | ၁၀၀ |
| Toyota Publica | 84 | (၁က) | ၁၂၀ |
| Sunny Pickup | 81 | (ခ) | ၆၅ |
| Nissan Sunny Supersaloon | 86 | (၃က) | ၂၅၀ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၂၆၀/၂၇၀ |
| Suzuki Wagon $R^+$ | | ၁ဂ | ၃၂၀ |
| Suzuki Wagon $R^-$ | | ၁ဂ | ၁၄၀ |
| Tow Ace (ပုစဉ်းခေါင်း) 2000 | | (၈င) | ၂၁၀ |
| Toyota Corolla | CE 96 | (၃က) | ၃၂၀ |
| Corolla 1C Van ဒီဇယ် | CE96 | (၉က) | ၄၂၀ |
| Toyota MarkII | 92 | (၄ခ) | ၇၅၀ |
| Toyota MarkII | 94 | (၉ခ)ဒီဇယ် | ၇၈၀ |
| Mitsubishi Pajero V46(လေလံ) | 96 | (၃ဂ)လေလံ | ၁၁၅၀ |
| Toyota Hilux Surf S/W(လေလံ) | 97 | (၃ခ) | ၁,၅၈၀ |
| Land Crusier | 2000 | (၉ခ)ဒီဇယ် | ၂,၅၀၀ |
| Parado | 97 | (၃ဂ)လေလံ | ၁,၇၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။



www.foreverspace.com.mm

## တီဗီရောင်စုံ

(၂၈-၇-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SONY | KLV 22Bx300 | 22" | ၂၉၉,၀၀၀ |
| SONY | KLV 26Bx300 | 26" | ၃၆၉,၀၀၀ |
| SONY | KLV 32Ex400 | 32" | ၅၇၉,၀၀၀ |
| SONY | KLV 40Bx400 | 40" | ၈၂၉,၀၀၀ |
| T-Home | SA2127 | 21" | ၁၀၂,၀၀၀ |
| T-Home | TH3420 | 34" | ၂၉၀,၀၀၀ |
| T-Home | TH1400 | 14" | ၆၅,၀၀၀ |
| T-Home | TH1500 | 15" | ၇၅,၀၀၀ |
| LG | 42PJ250 (Plasma) | 42" | ၆၄၉,၀၀၀ |
| LG | 42LD460 (LCD) | 42" | ၇၇၅,၀၀၀ |
| LG | 42LD650 | 42" | ၁၀၄,၉၀၀၀ |
| LG | 32LH20R | 32" | ၄၃၉,၀၀၀ |

## ရေခဲသေတ္တာ

(၂၈-၇-၂၀၁၀)

| အမျိုးအစား | မော်ဒယ်လ် | နှုန်း(ကျပ်) |
|---|---|---|
| LG | GN.V191SL (1 door) | ၁၉၅,၀၀၀ |
| LG | GN.V231SL (1 door) | ၂၁၅,၀၀၀ |
| LG | GN.V212RL (2 door) | ၂၈၅,၀၀၀ |
| Samsung | RA20F17 | ၁၈၅,၀၀၀ |
| Hitachi | 19 AGV7 | ၂၈၀,၀၀၀ |
| LG | GN-V292RLC (2 door) | ၃၃၅,၀၀၀ |
| Panasonic | NR.BT222 | ၂၇၅,၀၀၀ |
| Panasonic | 222 (2 door) | ၃၀၀,၀၀၀ |
| Panasonic | 262 (2 door) | ၃၇၀,၀၀၀ |
| Panasonic | 302 (2 door) | ၄၄၀,၀၀၀ |

## DVD ပြစက်

(၂၈-၇-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | DV-522 | ၄၅၀,၀၀၀ |
| LG | DV-556 | ၄၉,၉၀၀ |
| LG | DV-497H (HDMI) | ၈၉,၀၀၀ |
| Sukura | EVD | ၃၅,၀၀၀ |
| Toshiba | DV380 | ၃၅,၀၀၀ |
| Daewoo | 1400S | ၄၉,၀၀၀ |

## လေအေးစက်

(၂၈-၇-၂၀၁၀)

| အမျိုးအစား | မော်ဒယ်လ် | နှုန်း(ကျပ်) |
|---|---|---|
| LG | HS.CO96QA3(1hp) | ၂၄၉,၀၀၀ |
| LG | Co964 SA3(1hp) | ၂၅၉,၀၀၀ |
| LG | HS-C 1264 SA4(1.5Hp) | ၃၂၅,၀၀၀ |

## အဝတ်လျှော်စက်

(၂၈-၇-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG(Fully Auto) | WF-T6515(7kg) | ၂၁၅,၀၀၀ |
| LG(Fully Auto) | WF-T7017(7.5kg) | ၂၄၅,၀၀၀ |
| LG(Semi) | WP-900R (6.5kg) | ၁၉၅,၀၀၀ |
| LG(Semi) | WP-1460 (10.5kg) | ၂၄၉,၀၀၀ |
| Panasonic | 70B1 (7kg) | ၂၆၀,၀၀၀ |
| Panasonic | 90H1 (9kg) | ၄၇၀,၀၀၀ |
| Panasonic | 80B1 (8kg) | ၃၇၀,၀၀၀ |
| Panasonic | 12T1 (12kg) | ၅၇၀,၀၀၀ |

## ဟောလစ်၊ မာတီဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၉-၇-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၅,၈၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၇၅၀ |
| Junior Horlick (400g) | ၂,၉၅၀ |
| Milo (285g) ခဲထုပ် | ၁,၈၅၀ |
| Milo (400g) (ပုလင်း) | ၃,၀၀၀ |
| Ovaltine (400g) နီ | ၂,၉၀၀ |
| Ovaltine (200g) နီ | ၁,၅၅၀ |
| Ovaltine 400g (ဖြူ) | ၃,၃၅၀ |
| Ovaltine 200g (ဖြူ) | ၁,၆၅၀ |
| Ovaltine 400g (စက္ကူဘူးနီ) | ၂,၈၀၀ |

## မုန့်ပုံးသံဘူး

(၂၉-၇-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၂၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Cream Crackers(Hup Seng) | ၅,၅၀၀ |
| (KHOAN GUAN) Top Choice | ၅,၈၀၀ |
| (HWA TA) Choice | ၄,၇၀၀ |
| Summer Biscuit Assorties | ၄,၇၀၀ |
| Lucky Love | ၄,၇၀၀ |

## ခေါက်ဆွဲခြောက်

(၂၉-၇-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၅၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ပုစွန်ချဉ်စပ်) | ၁၅၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၃၀၀ |
| Shin Shin (ကြာဆံ) | ၂၀၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၁၅၀ |
| Yum Yum ကြက်သားချဉ်စပ် | ၁၅၀ |
| MA MA ကြက်သားခေါက်ဆွဲ(စိမ်း) | ၁၅၀ |
| MA MA ကြက်ကင်ခေါက်ဆွဲ(နီ) | ၁၅၀ |

## သွားတိုက်ဆေး

(၂၉-၇-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/ ၇၅၀ |
| Best-T (125g) Gel | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၀၀ |
| Colgate (160g) Double Cool Stripe | ၁,၂၅၀ |
| Close-Up (New)(18 g) | ၁၅၀ |
| Close-Up (160g) ပြာ | ၁,၃၀၀ |
| Colgate Fresh Cool Mint 200g | ၁,၂၅၀ |
| Colgate Great Regular 200 g | ၁,၂၅၀ |
| Colgate Whitening 160g | ၂,၁၅၀ |
| Colgate gel (စိမ်း) 160g | ၁,၅၅၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၉-၇-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၅၀ |
| Imperial Leather (125g) | ၄၅၀ |
| Family Care 125g | ၄၀၀ |
| ASEPSO | ၆၀၀ |
| CAMAY | ၄၅၀ |
| Spa | ၂၅၀ |
| E-Lan | ၂၅၀ |
| KAO | ၃၅၀ |
| Parrot | ၂၀၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၂၅၀ |

## ခေါင်းလျှော်ရည်

(၂၉-၇-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၃,၆၅၀ |
| Head and Shoulder 200g | ၁,၉၅၀ |
| Head and Shoulder 90ml | ၇၀၀ |
| Pantene 400g | ၃,၅၅၀ |
| Pantene 200g | ၁,၉၀၀ |
| Pantene 90ml | ၆၅၀ |
| Clinic Clear 380g | ၃,၉၀၀ |
| Palmolive 100ml | ၉၀၀ |
| Palmolive 200 ml | ၂,၀၀၀ |
| Rejoice 360ml | ၃,၁၀၀ |
| Rejoice 90ml | ၄၅၀ |

## ခြင်ဆေးခွေ

(၂၉-၇-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Rainger | ၃၅၀ |
| Raid | ၄၀၀ |
| Fuji | ၃၀၀ |
| FIGHTER | ၂၅၀ |
| MOSFLY | ၂၅၀ |
| ဂေါ်ဇီလာ | ၄၀၀ |
| Baby Care(ယိုးဒယား) | ၅၀၀ |

www.foreverspace.com.mm

# ကွန်ပျူတာ ဈေးနှုန်းများ



( ၂၄-၇-၂၀၁၀)

**❑ Lucky Bird P4 Home & Office PC 775**

- Intel Pentium 4-775 Dual Core 2.6 GHz
- Memory 1 GB DDR2 800
- MSI Motherboard
- 250 GB HDD SATA
- AOPEN PS2 Keyboard & Optical Mouse & PAD
- P4 ATX Tower Casing
- Speaker

Price 229 US$

**❑ Acer Aspire 4741-331G32Mn Notebook**

- Intel Core i3 Processor (2.13 GHz/ 3MB L3 Cache)
- 2 G DDR 3 RAM
- 14" WXGA LED Back Light Display
- 320 GB HDD SATA
- Acer Notify 802.11 b/g/n
- DVD RW (Double Layer)
- HDMI Bluetooth
- Free DOS

Price 535 US$

**❑ KMD Classic Model**

- Intel Pentium Dual Core 2 Duo 2.93 GHz, E 7500 (3MB L2 Cache, 1066 MHz)
- Intel GM-41 Chipset Motherboard (775/DDR2/1333) with PCIE + Sound + LAN
- 320 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 18.5" LCD Color Digital Monitor (Acer, Wide View)
- Dual Layer Multiburner Drive (DVD-RW)
- Intel Graphics Media Accelerator X 4500
- Prolink Combo Super Slim Keyboard, Optical Mouse and Pad
- P4 Casing (Handle High)

Price 415,000 Ks

**❑ TOSHIBA Satellite L510 (PSLF8ML-002004) Notebook**

- Intel Dual Core 2 Duo T6570, 2.1 GHz Processor
- 14.0" WXGA HD 200 CSV Super Shine View screen
- Blacklight TFT Display, (Resolution 1, 366x768)
- 1GB DDR3 SDRAM
- 250GB HDD [SATA]
- DVD-RW Super Multi Double Layer Drive
- Wireless LAN 802.11 b/g, Bluetooth,
- Intel Graphics Media Accelerator 4500 M
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Web Cam, Card Reader, Mouse, Headphone

Price 599 US$

**❑ Lucky Bird P4 Accelerator PC 775**

- Intel Pentium 4-775 Core i3 530 2.93 GHz 4MB/ 1366MHz (775 CPU)
- ASUS 512MB PCI Express Graphic
- 2GB DDR 2 RAM
- 500 GB HDD SATA
- ASUS/MSI GIGABYTE Core i3 Motherboard
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad
- P4 ATX Tower Casing

Price 444 US$

**❑ KMD Innovator Model**

- Intel Pentium Core i3 2.93 GHz E 7400 (4 MB L2 Cache)
- Intel H55 Express Chipset Motherboard (1156/ DDR2/ 1333) (with PICE, Sound + LAN)

www.foreverspace.com.mm

- 2GB DDR3 RAM (PC 1333 MHz) Kingston
- DVD-RW Multi-Layer Drive (SATA)
- 320 GB HDD SATA
- nVidia Geforce GT 310 PCIE 512 MB Graphic
- 18.5" LCD Color Monitor LG/Acer (Wide View)
- Prolink Combo Super Slim Keyboard & Mouse (Myanmarsar)
- Optical Mouse Pad
- P4 Casing (Light High)

Price 475,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၂၄ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| 22 x DVD Writer (Samsung) SATA | 25,500 KS |
| 24 x DVD Writer (Sony) SATA | 29,000 Ks |
| 24 x DVD Writer (ASUS) SATA | 31,000 Ks |
| 24 x DVD Writer (Samsung) SATA External | 59,000 Ks |
| Microlab M 223 Speakers with sub woofer | 26,000 Ks |
| Microlab M 900 Speakers with sub woofer | 38,000 Ks |
| Microlab M 666 Speakers with sub woofer | 32,000 Ks |
| Microlab M-200 Speakers with sub woofer | 29,000 Ks |

### ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 24,500 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 43,000 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 50,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) Notebook RAM | 52,000 Ks |

### ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 43,000 Ks |
| 320 GB (Seagate) SATA | 46,000 Ks |
| 500 GB (Seagate) SATA | 48,000 Ks |
| 750 GB (Seagate) SATA | 63,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 43,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 49,000 Ks |
| 320 GB (Seagate) Notebook SATA | 55,000 Ks |

### ❑ Monitor

| | |
|---|---|
| 18.5" LCD Color Monitor (Viewsonic) | 126,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1932 wm | 140US$ |
| 20" LCD Color Monitor (Acer) | 136,000 Ks |
| 18.5" LCD Color Monitor (LG) Wide View | 121,000 Ks |
| 18.5" LCD Color Monitor (Acer)Wide View | 121,000 Ks |
| 32" LCD Monitor (Prolink) 3201TW with TV and Speakers | 420,000 Ks |

### ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 45 US$ |
| Canon PIXMA-iP6320 Printer (USB) | 47,000 Ks |
| Canon Laserjet 3050 Printer (USB) | 99,000 Ks |
| HP Laserjet 1215 Printer (USB) | 365,000 Ks |
| HP Desk Jet 2410 Printer | 62,000 Ks |
| HP Laserjet 1522N AIO Printer With Cable (3 in 1) | 425,000 Ks |
| EPSON Stylus T11 Printer With Cable | 49,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 198,000 Ks |
| Star Receipt Printer | 235,000 Ks |
| HP Laserjet M 212NF AIO Printer with cable (4in1) | 343,000 Ks |
| Fuji Xerox Colour Laser DPC 1110B | 420US$ |
| Fuji Xerox Multifunction WC PE 220 | 350US$ |

### ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 58,500 Ks |
| HP 1010/ 1320/ 1300 Toner | 66,500 Ks |
| HP 2015/ 1522 Toner | 73,000 Ks |
| Canon 2900 Toner/Canon 3050 Toner | 53,500 Ks |
| Canon 1120 Toner | 53,500 Ks |
| HP 2055 Toner | 74,000 Ks |

### ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| Canon Scanner Lide 100 | 53,000 Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree/ Prolink) Basic | 41,000 Ks |
| 1250 VA (Power Tree/ Prolink) | 72,000 Ks |
| IPS 1000 Long Time Inverter UPS (Prolink) | 72,000 Ks |

### ❑ External Hard Disk

| | |
|---|---|
| External USB HDD 320 GB Transcend | 65,000 Ks |
| External USB HDD 500 GB Transcend | 80,000 Ks |
| External USB HDD 320 GB Toshiba | 72US$ |
| External USB HDD 500 GB Toshiba | 98 US$ |
| External USB HDD 1000 GB Toshiba | 189 US$ |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .

၁၂၄ တစ်ခါတုန်းက ပန်းဂေါ်ဖီ
၁၂၈ ကုသိုလ်လည်းရ ဝမ်းလည်းဝ
၁၃၄ ကိုယ့်အလုပ် ကိုယ်လေးစားဖို့ လိုပါသည်
၁၄၀ လုံခြုံရေးဆိုတာ
၁၄၆ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၅)
၁၅၂ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ (၁၃)

**ပြီး ခဲ့တဲ့ ဇွန်လတတိယပတ်လောက်က ကိစ္စတစ်ခုနဲ့ သန်လျင်မြို့ကိုရောက်သွားပါတယ်။ သန်လျင်ကိုမရောက်တာ အတော်ကြာပါပြီ။ ကျွန်မတို့ မြန်မာနိုင်ငံ ပြန်ရောက်တာပဲ ခုနစ်နှစ် ပြည့်ပါပြီ။ ဒီခုနစ်နှစ်အတောအတွင်းမှာလည်း သန်လျင်ကို မရောက်ဖြစ်ပါ။**

# တစ်ခါတုန်းက ပန်းဂေါ်ဖီ

**မြသန်းသန်းနု**

စီးပွားရေးတက္ကသိုလ်က ၁၉၆၄–၆၈ ခု ပညာသင်နှစ်ကျောင်းသူ၊ ကျောင်းသားဟောင်းတွေ တစ်နှစ်တစ်ကြိမ် စုဝေးတွေ့ဆုံကြဖို့ ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့ကို သတ်မှတ်ထားပါတယ်။ ဒီနှစ်ပြည်ထောင်စုနေ့က သန်လျင်သွားပြီး ကျောက်တန်း ရေလယ်ဘုရားဖူး ကုသိုလ်ယူရင်း ပျော်ပျော်ပါးပါး စားသောက်ခဲ့ကြတယ်လို့ ပြောပြကြပါတယ်။ သန်လျင်သွားတဲ့ဒီနှစ်မှပဲ ကျွန်မမှာ တခြားဦးစားပေးရမယ့်ကိစ္စတွေရှိလို့ မလိုက်ဖြစ်ပါ။ မသွားဖြစ်တာကြာတော့လည်း သန်လျင်တံတားကြီးသာ မျက်စိထဲမြင်နေပေမယ် တံတားရောက်အောင်သွားတဲ့လမ်းကို မေ့နေပြီဖြစ်ပါတယ်။

သန်လျင်မြို့ကူးတံတားဆုံးပြီးမကြာခင်မှာပဲ ရှင်မွေးလွန်းဘုရားကို လှမ်းပြီးဖူးမြင်နိုင်ပါတယ်။ ကျွန်မတို့ငယ်စဉ် ကလေးဘဝက မရိုးတမ်းနားထောင်ခဲ့ရတဲ့ ရှင်မွေးလွန်း၊ မင်းနန္ဒာပုံပြင်လေးကို ပြန်ပြီးသတိရမိပါတယ်။ နေ့စေ့လစေ့ ကိုယ်ဝန်ရှိနေတဲ့ မိဖုရားကြီးနတ်ရွာစံသွားလို့ အလောင်းကို မီးသင်္ဂြိုဟ်ခဲ့ပေမယ့် ဝမ်းထဲမှာ ပဋိသန္ဓေတည်နေတဲ့ သတို့သမီးလေးကတော့ ဘုန်းကံရှိတာကြောင့် မိခင်ဝမ်းပိုက်ကနေ ပေါက်ထွက်လွင့်စဉ်သွားလို့ အသက်ရှင်ခဲ့ရပါတယ်။ ဒါ့ကြောင့် အရှင်မွေးပဲမွေးနိုင်လွန်းတယ်ဆိုပြီး ရှင်မွေးလွန်းလို့ နာမည်မှည့်ခေါ်ခဲ့တာပဲလို့ ပုံပြောသူက အစချီလိုက်ရင်ပဲ ပါးစပ်လေးတွဟပြီး တအံ့တသြနားထောင်ခဲ့ကြရပါတယ်။

ရှင်မွေးလွန်းမင်းသမီးလေးနဲ့ မေတ္တာမျှနေတဲ့ မင်းနန္ဒာမင်းသားလေးက ငမိုးရိပ်မိကျောင်းကြီးစီးပြီး မင်းသမီးလေးရှိရာ တစ်ဖက်ကမ်းကို ကူးရတယ်လို့ကြားရပြန်တော့လည်း အံ့သြခြင်းတွေပိုလာပြီး ပါးစပ်လေးတွေလည်း ပိုဟသွားခဲ့ရပါတယ်။ စာတွေ့ဗဟုသုတလေးတွေရလာတဲ့အခါ ရှင်မွေးလွန်းနဲ့ မင်းနန္ဒာဇာတ်လမ်းဟာ ဒဏ္ဍာရီပုံပြင်လား၊ ရာဇဝင်သမိုင်းကြောင်းလားဆိုတာ စဉ်းစားခဲ့မိပါတယ်။ ရှင်မွေးလွန်း (ရှင်မွေးနွန်း) မင်းသမီးလေးဟာ သန်လျင်မြို့ကို နောက်ဆုံးစိုးစံခဲ့တဲ့ ဘောဂသေနမင်းနဲ့ သုဝဏ္ဏာဒေဝီမိဖုရားကြီးတို့ရဲ့ သမီးဖြစ်ပါတယ်။ သုဝဏ္ဏာဒေဝီမိဖုရားကြီးဟာ သုဝဏ္ဏဘုမ္မိ သထုံဘုရင်ရဲ့သမီးတော် သုဝဏ္ဏာဒေဝီ မင်းသမီးပဲ ဖြစ်ပါတယ်။

အဲဒီနေ့က နေ့လယ်စာစားပြီးတဲ့အခါ ကျွန်မတို့မိတ်ဆွေတွေက သူတို့နဲ့ ရင်းနှီးတဲ့ သန်လျင်မြို့ခံတွေနဲ့ ကျွန်မတို့ကို မိတ်ဆက်ပေးပြန်ပါတယ်။ ကျွန်မက စကားပြောရင်း "ဒီမြို့ကို သန်လျင်လို့ခေါ်သလား (တညင်) လို့ခေါ်ပါသလား" လို့ မေးလိုက်ပါတယ်။ အိမ်ရှင်မိတ်ဆွေက "တညင်လို့ပဲ ခေါ်ကြ၊ ပြောကြပါတယ်။ စာလုံးပေါင်းရင်သာ သန်လျင်လို့ ရေးကြတာပါ" လို့ပြောပါတယ်။ မြို့ခံတွေထဲက အသက် ၈၀ ကျော်လောက်ရှိမယ့် ရှေးမီနောက်မီ ပုဂ္ဂိုလ်ကြီးကတော့ "ဘာဖြစ်လို့မေးတာလဲ" လို့ မေးခွန်းထုတ်ပါတယ်။ မေးမယ်ဆိုလည်း မေးစရာပါ။ 'သန်လျင်' လို့ရေးပြီး 'တညင်'လို့ လူတိုင်းပြောနေကြတာသိရက်နဲ့ ကျွန်မက ထူးထူးဆန်းဆန်းလုပ်ပြီးမေးရတဲ့ အကြောင်းရင်းကို သိချင်ပုံရပါတယ်။ "ကျွန်မ အရင်က အိန္ဒိယအသံလွှင့်ဌာနမှာ အလုပ်လုပ်ပါတယ်။ မြန်မာနိုင်ငံအနှံ့က သောတရှင်တွေဆီက သောတရှင် လိုရာ တေးသီချင်းတွေ တောင်းဆိုကြသလို၊ သူတို့သိချင်ကြတဲ့အကြောင်းအရာတွေကို ပြန်ကြားပေးရတဲ့ သောတရှင်ပြန်ကြားခန်းအစီအစဉ်လည်း ရှိပါတယ်။ သောတရှင်တွေထဲမှာ တညင်က သောတရှင်တွေလည်း ပါပါတယ်။ ကျွန်မက တညင်က သောတရှင် ဘယ်သူဘယ်ဝါအတွက်ဆိုပြီး သီချင်းလွှင့်ပေးရင်ဖြစ်ဖြစ်၊ ရေးသားမေးမြန်းလာတဲ့စာတွေကို လေလှိုင်းကတစ်ဆင့် ပြန်ကြားပေးရင်ဖြစ်ဖြစ်၊ ကျွန်တော်/ကျွန်မ

www.foreverspace.com.mm


တို့ရဲ့မြို့ကို စာလုံးပေါင်းအတိုင်း သန်လျင်လို့ အသံထွက်ပေးပါဆိုပြီး စာရေးလာကြလို့ပါ" လို့ ကျွန်မ ရှင်းပြလိုက်တာကို သဘောကျကြပုံရပါတယ်။ ရှေးမီနောက်မီ ပုဂ္ဂိုလ်ကြီးကပဲဆက်ပြီး "သန်လျင်မြို့လို့ ဖြစ်လာတာ ဒီမြို့ကို တည်ထောင်တဲ့ သေနှလျင်ကို အစွဲပြုပြီး မှည့်ထားတာပဲ။ သန်လျင်သမိုင်းမှာ ဒီအတိုင်း အတိအလင်း ပါတယ်လေ"။ ဂုဏ်ယူတဲ့လေသံနဲ့ အသံမြှင့်ပြီး ပြောလိုက်ပါတယ်။

"အခုကျောက်တန်းမြို့ဟာ ရှေးရှေးက ပါဒနေပြည်တော်ပေါ့။ ပါဒနောက်ဆုံး မင်းက အရိန္ဒရာဇာ။ ပါဒအရှေ့ဘက်မှာရှိတဲ့ ဘုရားကြီးရွာက တောင်သူဇနီးမောင်နှံမှာ ခွန်အားဗလ၊ ရဲစွမ်းသတ္တိ၊ ရုပ်ရည်လက္ခဏာနဲ့ပြည့်စုံတဲ့ သားတစ်ယောက်ရှိတယ်။ သူက သေနှလျင်ပဲ။ အစားအသောက်ကြီးတော့ ဆင်းရဲတဲ့မိဘတွေက ရှာဖွေမကျွေးနိုင်ကြဘူး။ ဒီပြဿနာထက်ဆိုးတာက ခွန်အားဗလကြီးတော့ မင်းကြီးသာသိရင် မင်းပြစ်မင်းဒဏ်ခံရမယ့် ပြဿနာက အဆိုးဆုံးပဲ"

ဒီနေရာရောက်တော့ လူငယ်တစ်ယောက်က စကားဖြတ်ပြီး "အဘ၊ တော်ပါတော့ဗျာ။ ဧည့်သည်လာတိုင်း ဒီအကြောင်းတွေပဲပြောပြနေတယ်။ ဧည့်သည်တွေလည်း ဒီအကြောင်းတွေသိပြီးသားပါ" လို့ တောင်းတောင်းပန်ပန်နဲ့ အသနားခံနေပုံရပါတယ်။ အဘဦးတောမောင်ကလည်း လျှော့မယ့်ပုံမပေါ်ပါ။ ကျွန်မကလည်း မေ့တေ့တေ့ဖြစ်နေတဲ့ သေနှလျင်အကြောင်း ကြားချင်နေတာကြောင့် "ကိစ္စမရှိပါဘူး။ ကျွန်မတို့ စိတ်ဝင်စားကြပါတယ်။ ဆက်ပြီးပြောပြပါဦး" လို့ ပြောလိုက်ပါတယ်။ အဘဦးတောမောင် ဝမ်းသာသွားပါတယ်။


"ခပ်ကျဉ်းကျဉ်းပဲ ပြောမှာပါ။ သေနှလျင်ရဲ့ အဖေက သူ့သား မင်းပြစ်မင်းဒဏ်ခံရမှာ စိုးရိမ်နေတယ်။ မင်းဆိုတာ သူသာ ဘုန်းတန်ခိုးအကြီးဆုံးလို့ ခံယူထားတာကြောင့် သူ့ထက်တော်တယ်၊ တတ်တယ်ဆိုရင်မကြားလို၊ မမြင်လိုဘူးပေါ့။ သေနှလျင်ရဲ့ အဖေက သူ့သားနဲ့အတူ သီဟဒီပဆိုတဲ့ ကျွန်းကိုသွားပြီး သားကို အဲဒီမှာထားခဲ့တယ်။ သေနှလျင်ရဲ့အဖေက သူ့ရွာကို တိတ်တိတ်ပြန်သွားတယ်။ သေနှလျင်က ဘုန်းရှင်ကံရှင်ဆိုတော့ ဘာမှမဖြစ်ပါဘူး။ အဲဒီကျွန်းကို တောဝက်ကြီးတစ်ကောင် နေ့တိုင်းပျံလာတယ်။ တောဝက်ကြီးက ကျွန်းပေါ်မှာ သဖန်းသီးလာစားတာပါပဲ။ တောဝက်ကြီးက သဖန်းသီးစားခါနီး ပါးစပ်ထဲငုံထားတဲ့ပတ္တမြားကို သစ်ပင်ခြေရင်းမှာ ချပြီးမှစားတယ်။ ဒီပတ္တမြားကြောင့်လည်း ဝက်ကြီးက တန်ခိုးရှိပြီး ပျံနိုင်တာဖြစ်ပါလိမ့်မယ်။ သေနှလျင်က အဲဒီပတ္တမြားကို လိုချင်တယ်။

ဒါ့ကြောင့် တစ်နေ့ သစ်ပင်ပေါ်တက်ပုန်းပြီး သဖန်းသီးတွေကို ခပ်ဝေးဝေးလှမ်းပစ်လိုက်တယ်။ ဝက်ကြီး သဖန်းသီးသွားစားတုန်း သေနှလျင် သစ်ပင်ခြေရင်းက ပတ္တမြားကိုကောက်ယူပြီး ဝက်ကြီးကိုလည်း သစ်ပင်နဲ့ ရိုက်သတ်လိုက်တယ်။ သေနှလျင်က ပတ္တမြားကိုငုံပြီး အနီးအနားမှာ



ဘီ[illegible]ာင်းသုံးတဲ့ ရသေ့ညီနောင်သုံးဦးကို သိကြားမင်းလှူထားတဲ့ ဓားမ၊ မြူတာအိုးနဲ့ စည်ငယ်တို့ကိုလည်း အရယူနိုင်ခဲ့ပါတယ်။ အဲဒီအချိန်က ပါဒနေပြည်တော်က အရိန္ဒရာဇာမင်းဟာ မင်းကျင့်တရားဆယ်ပါးနဲ့လည်း မညီ၊ သာသနာတော်ကိုလည်း မချီးမြှောက်၊ ရှေးအစဉ်အလာအတိုင်း သမ္မာဒေဝနတ်တွေကိုလည်းမပူဇော်တာကြောင့် ထီးဖြူစောင့်နတ်က လူအသွင်ဖန်ဆင်းပြီး သေန်လျင်ကို ပါဒနေပြည်တော်မှာ မင်းလုပ်အုပ်ချုပ်ဖို့ တောင်းပန်တယ်။ သေန်လျင်က နောက်ဆုံး ရသေ့ညီနောင်ဆီကယူထားတဲ့ စည်ငယ်၊ မြူတာအိုး၊ ဓားမ စတဲ့ ပစ္စည်းသုံးမျိုးကို အသုံးပြုပြီး ပါဒမင်းကို စစ်အောင်နိုင်ခဲ့တယ်။ မြို့တော်ကိုတော့ ပတ္တမြားရတဲ့ သီဟာဒီပကျွန်းမှာ တည်ခဲ့တယ်။ သူ့နာမည် သေန်လျင်ကိုအစွဲပြုပြီး မင်းနေပြည်ကို သန်လျင်လို့ မှည့်ခေါ်တာပါပဲ" လို့ အဘ ဦးတောမောင်က ခပ်ပြုံးပြုံးလေးနဲ့ သန်လျင်မြို့ ဇာတ်လမ်းကို နိဂုံးချုပ်ခဲ့ပါတယ်။

ကျွန်မတို့ သန်လျင်မြို့သွားမယ်ဆိုကတည်းက သန်လျင်ဇာတိ ကျွန်မတို့ရဲ့ မိတ်ဆွေ 'ကိုဒူရိုင်း'ကို သတိရနေမိပါတယ်။ မိတ်ဆွေရဲ့နာမည်ရင်းက 'ချယ်လာသိုရိုင်း'



ဖြစ်ပါတယ်။ ဘိုးဘွားတွေက အိန္ဒိယနိုင်ငံ တောင်ပိုင်း တမီလ်နာဒူးပြည်နယ် (Tamil Nadu State ) ကပါ။ ကျွန်မတို့က အစပိုင်းမှာ 'မစ္စတာသိုရိုင်း' (Mr. Thorai) လို့ ခေါ်ပါတယ်။ တစ်ခါတလေ မစ္စတာချယ်လာ (Mr.Chella) လို့လည်းခေါ်ပါတယ်။ နောက်ပိုင်း ရင်းနှီးလာတဲ့အခါ မြန်မာအသံနဲ့ မြန်မာဆန်ဆန် 'ကိုဒူရိုင်း' လို့ခေါ်ကြပါတယ်။ သူကလည်း မြန်မာဆန်ရတာ ကျေနပ်သူ ဖြစ်ပါတယ်။ ကိုဒူရိုင်းမိဘတွေက အိန္ဒိယနိုင်ငံကနေ ဆွေမျိုးသားချင်းတွေနဲ့အတူ သန်လျင်မှာလာပြီး အခြေစိုက်ကြပါတယ်။ ကိုဒူရိုင်းက အစ်ကိုအကြီးဆုံးဖြစ်ပြီး ညီအစ်ကိုငါးယောက် ရှိပါတယ်။

www.foreverspace.com.mm

> **ပါဒနေပြည်တော်က အရိန္ဒရာဇာ မင်းဟာ မင်းကျင့်တရားဆယ်ပါးနဲ့လည်းမညီ၊ သာသနာတော်ကိုလည်း မချီးမြှောက်၊ ရှေးအစဉ်အလာအတိုင်း သမ္မာဒေဝနတ်တွေကိုလည်း မပူဇော်တာကြောင့် ထီးဖြူစောင့်နတ်က လူအသွင်ဖန်ဆင်းပြီး သေန်လျှင်ကို ပါဒနေပြည်တော်မှာ မင်းလုပ်အုပ်ချုပ်ဖို့ တောင်းပန်တယ်၊ သေန်လျှင်က နောက်ဆုံးရသေ့ညီနောင်ဆီကယူထားတဲ့ စည်ငယ်၊ မြူတာအိုး၊ ဓားမ စတဲ့ ပစ္စည်းသုံးမျိုးကို အသုံးပြုပြီး ပါဒမင်းကို စစ်အောင်နိုင်ခဲ့တယ်။ မြို့တော်ကိုတော့ ပတ္တမြားရတဲ့ သီဟဒီပကျွန်းမှာ တည်ခဲ့တယ်။ သူ့နာမည် သေန်လျှင်ကိုအစွဲပြုပြီး မင်းနေပြည်ကို သန်လျင်လို့ မှည့်ခေါ်တာပါပဲ။**

၁၉၆၅ ခုနှစ်က အိန္ဒိယနွယ်ဖွားတွေ ရေလမ်းခရီးနဲ့ အိန္ဒိယပြန်တဲ့အခါ ကိုဒူရိုင်းတို့မိသားစုလည်း စိတ်မကောင်းကြီးစွာနဲ့ လိုက်ပါသွားခဲ့ကြပါတယ်။

အိန္ဒိယရောက်တော့ သားကြီးပီပီ ပထမဆုံးဘွဲ့ရအောင်ကြိုးစားရင်း အလုပ်ရှာရပါတယ်။ သန်လျင်မြို့အထက်တန်းကျောင်းက ဆယ်တန်းအောင်ထားတာကြောင့် တက္ကသိုလ်ဝင်ခွင့်ရဖို့ အလွတ်ပညာသင်အဖြစ်နဲ့ ကြိုးစားခဲ့ရပါတယ်။ ကိုဒူရိုင်း B.A ဘွဲ့ရပြီးတဲ့အခါ ဒေလီတက္ကသိုလ်မှာ ဗုဒ္ဓဝါဒပညာရပ်(Buddhism) အဓိကဘာသာအဖြစ် မဟာဝိဇ္ဇာ(M.A) တက်ရောက်သင်ကြားရင်း အလုပ်ရှာခဲ့ပါတယ်။ ကိုဒူရိုင်းတို့မိသားစု ရန်ကုန်ဆိပ်ကမ်းကနေ သင်္ဘောကြီးနဲ့ ထွက်ခွာလာချိန်မှာ ရန်ကုန်မှာ အခြေစိုက်ခဲ့တဲ့ အိန္ဒိယတောင်ပိုင်းက မျိုးနွယ်တူမိသားစုတစ်စုနဲ့ ရင်းနှီးခဲ့ပါတယ်။ အဲဒီမိသားစုရဲ့သမီးကြီး မီနတ်ရှိ(Meenakshi)နဲ့ ကိုဒူရိုင်းကို ထိမ်းမြားပေးဖို့ ကိုဒူရိုင်းဖခင်ကြီးက သင်္ဘောပေါ်မှာကတည်းက လျာထား ထားပုံရပါတယ်။ မီနတ်ရှိလည်း ကိုဒူရိုင်းလို M.A ဘွဲ့ရရှိသူ ဖြစ်ပါသည်။ ကိုဒူရိုင်းက မြန်မာစကား ရေရေလည်လည် ပြောတတ်တဲ့အပြင် မြန်မာစာ ရေးတတ်၊ ဖတ်တတ်ပြီး ဆယ်တန်းအောင်မြင်ထားသူဖြစ်တာကြောင့် အိန္ဒိယအသံလွှင့်ဌာန (All India Radio) မြန်မာပိုင်းအစီအစဉ်အတွက် 'စာရေး' အလိုရှိတယ်လို့ကြော်ငြာတဲ့အခါ သူ့အရည်အချင်းနဲ့ အံဝင်ခွင်ကျ ဖြစ်ခဲ့ပါတယ်။ ကိုဒူရိုင်းဇနီး မီနတ်ရှိကလည်း အိန္ဒိယအသံလွှင့်ဌာန ပြည်တွင်းအစီအစဉ်ပိုင်းမှာ စာရေးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်မ အလုပ်ဝင်ပြီး သုံးနှစ်အကြာ ၁၉၈၃ ခုနှစ်မှာ နေရာလစ်လပ်မှုရှိတာကြောင့် ကိုဒူရိုင်း စာမေးပွဲဝင်ဖြေခဲ့ပါတယ်။ အောင်မြင်တဲ့အတွက် စာရေးဘဝကနေ နေ့ချင်းညချင်း ဘာသာပြန်၊ အသံလွှင့်တာဝန်ခံဘဝ ကူးပြောင်းခဲ့ပါတယ်။ ဆယ်နှစ်ကြာအပြီး ၁၉၉၃ ခုနှစ်မှာ အဲဒီအချိန်က ကျွန်မတို့ရဲ့ မြန်မာပိုင်းကြီးကြပ်ရေးမှူး (Supervisor) အငြိမ်းစားယူခဲ့တဲ့အတွက် ဌာနတွင်းစာမေးပွဲဝင်ဖြေပြန်တဲ့အခါ ကိုဒူရိုင်း ကြီးကြပ်ရေးမှူး ဖြစ်ခဲ့ပါတယ်။ သူတို့ရဲ့ အားကျစရာကောင်းတဲ့စနစ်ကြောင့် အချိန်တိုကာလတစ်ခုအတွင်း ကျွန်မတို့ရဲ့ အကူစာရေးလေးဘဝကနေ ကျွန်မတို့ရဲ့ ကြီးကြပ်ရေးမှူးဖြစ်ခဲ့ပါတယ်။

ကိုဒူရိုင်းတို့ဇနီးမောင်နှံ နှစ်ယောက်စလုံး မြန်မာနိုင်ငံမှာမွေး၊ မြန်မာနိုင်ငံမှာ ကြီးပြင်းခဲ့ကြတာကြောင့် မြန်မာအစားအသောက် ငါးပိ၊ ငါးခြောက်၊ လက်ဖက် ပါမကျန် ခုံခုံမင်မင်စားတတ်ကြပါတယ်။ မီနတ်ရှိက ဟင်းချက်ကောင်းသူဖြစ်ပါတယ်။ သူချက်သမျှ အိန္ဒိယတောင်ပိုင်းအစားအစာတွေအားလုံး ကျွန်မတို့ အားပါးတရစားစမြဲပါ။ ကျွန်မတို့နဲ့ ထမင်းအတူတူစားတဲ့အခါ ကိုဒူရိုင်း ပြောလေ့ပြောထရှိတဲ့စကားက "ဒီနိုင်ငံမှာ ဟင်းသီးဟင်းရွက်တွေ စားလို့မကောင်းဘူး။ အထူးသဖြင့် ဂေါ်ဖီပန်း (တချို့က ပန်းဂေါ်ဖီ၊ ဂေါ်ဖီပွင့်လို့လည်း ခေါ်တတ်ကြပါတယ်) စားရင် သန်လျင်ကို သိပ်သတိရတယ်ဗျာ။ သန်လျင်မှာ ဂေါ်ဖီပန်းကို ပုစွန်ဆိတ်လေးတွေနဲ့ကြော်စားစား၊ ဘဲဥခေါက်ပြီး ဂေါ်ဖီပန်းကြော်နဲ့ပဲ မွှေစားစား ချိုနေတာပဲ။ နူးညံ့ပြီး အရသာရှိလိုက်တာ" ဆိုတာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ကြားရတဲ့စကားပါ။ တကယ်တော့ အိန္ဒိယနိုင်ငံမှာ ဟင်းသီးဟင်းရွက်တွေ လတ်လည်းလတ်၊ ကောင်းလည်းကောင်းပါတယ်။

ကျွန်မတို့ဆီမှာ ဂေါ်ဖီပန်း အရင်လိုမကောင်းတော့တဲ့အကြောင်း ပြောပြပါတယ်။ ဂေါ်ဖီပန်းက ကျွန်မတို့ငယ်ငယ်ကလို နုပြီးချိုနေတဲ့ပန်းခက်လေးလိုမဟုတ်တော့ပဲ မာဆတ်ဆတ်ဖြစ်နေပြီး ဟင်းသီးဟင်းရွက်တိုင်း အရွယ်ပမာဏက အကြီးကြီးတွေဖြစ်နေတယ်လို့ ကိုဒူရိုင်းကို ရှင်းပြပါတယ်။ သူက လက်မခံချင်ပါ။ လွန်ခဲ့တဲ့ ၂ နှစ်ခန့်က ကိုဒူရိုင်းတို့ညီအစ်ကိုတွေ မြန်မာနိုင်ငံ လာလည်ကြပါတယ်။ ကျွန်မတို့နဲ့တွေ့တဲ့အခါ ဂေါ်ဖီပန်းကြော်စားပြီး ကြောင်း မှတ်မှတ်ရရ ပြောပြပါတယ်။

"ဒေါ်သန်းသန်းပြောတာ မှန်တယ်ဗျာ။ ကျွန်တော်တို့ သန်လျင်မှာနေတုန်းကလို ဂေါ်ဖီပန်းတွေရော၊ တခြားဟင်းသီးဟင်းရွက်တွေပါ မချိုတော့ဘူး။ နူးနူးညံ့ညံ့လည်း မရှိတော့ဘူး။ သစ်ပင်စိုက်ရင် ကြင်နာယုယရတယ်။ မေတ္တာပွားရတယ်လို့ ကျွန်တော့်မိဘတွေ ပြောဖူးတယ်။ အခု မေတ္တာခေါင်းပါးနေကြပြီလား" ကိုဒူရိုင်းက အဲဒီလို မှတ်ချက်ချလိုက်ပါတယ်။

**မြသန်းသန်းနု**
**(၂၉-၆-၂၀၁၀)**

**Ref: မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၃)**

www.foreverspace.com.mm

**ကျွန်တော်သည် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ ‘ကိုယ်ကျင့်အဘိဓမ္မာ’ စာအုပ်ကို အကြိမ်ကြိမ်ဖတ်နေပြီးနောက် “ငါလုပ်နေတာတွေ၊ ငါတွေးနေတာတွေဟာ ဆရာတော်ဘုရားကြီးရေးသားဆုံးမလမ်းပြသော တရားတော်တွေနဲ့ ဘယ်လောက်နီးစပ်မှုရှိသလဲ” ဟု ကိုယ့်ကိုယ်ကိုယ် မေးမိပါသည်။ အဖြေက တော်တော်ဝေးနေပါသေးသည်။ ဒါဖြင့် နီးအောင် ဘယ်လိုလုပ်မလဲ။ ကြိုးစားတော့ ကြိုးစားကြည့်နေမိပါသည်။ အောင်မြင်မှုလမ်းစကိုတော့ တွေ့လာသည်။ သို့သော် ဘယ်လောက်အောင်မြင်အောင်လုပ်နိုင်မလဲဆိုသည်ကိုတော့ မပြောနိုင်သေးပါ။**

# ကုသိုလ်လည်းရ ဝမ်းလည်းဝ

## မောင်မောင်တင်

၁၉၇၆ ခုနှစ်တွင် သားသမီးသုံးယောက်မှာ မူလတန်းနှင့် အလယ်တန်းကျောင်းသားများ ဖြစ်လာသည်။ ကျွန်တော်က စက္ကူစာရေးကိရိယာဆိုင်မန်နေဂျာ (လစာက ရှုံးအုပ်လစာ) ကျွန်တော့်ဝင်ငွေသည် မိသားစုစရိတ်ကိုပြည့်မီအောင် အတော်ကြိုးစားနေရပါသည်။ ကျွန်တော် လမ်းဘေးတွင် ဘီလူးကျွန်းမှထုတ်သော ရော်ဘာဖိနပ်ရောင်းသည်။ သိမ်ကြီးဈေးဘီရုံမှ ပုဆိုးများယူ၍ ကျွန်တော့်ဆိုင်ရှေ့တွင်ရောင်းသည်။ ဈေးရောင်း၍ရသောအမြတ်ငွေမှာ ကျွန်တော့်လစာထက်များနေသည်။ ဤတွင် ကျွန်တော့်ဦးခေါင်းထဲ စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ရန် အသိတရားဝင်လာသည်။

ကျွန်တော် စီးပွားရေးတစ်ခုစ၍ထူထောင်လိုက်ပါသည်။ ကျွန်တော့်စီးပွားရေးသည် ကုန်ပစ္စည်းထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးမဟုတ်ဘဲ ကျန်းမာရေးအတွက် လူနာများကိုဆေးကုသရေး ဖြစ်ပါသည်။ ဆေးကုသရေးဖြစ်၍ မိမိအတတ်ပညာ၊ မိမိလုပ်ရည်နှင့်မပြီးဘဲ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများပါဝင်၍ စုပေါင်းဆောင်ရွက်ရသောလုပ်ငန်း ဖြစ်ပါသည်။ အတတ်ပညာရှင်များကို အားကိုးလုပ်ရသောလုပ်ငန်းဖြစ်၍ မူလအစတွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရပါသည်။ သို့ရာတွင် နောင်ကြာရှည်လာသောအခါ လုပ်ငန်းသည် အခြေတည်လာပြီး ဝင်ငွေအထိုက်အလျောက်ရရှိသောလုပ်ငန်း ဖြစ်လာပါသည်။



လုပ်ငန်းလုပ်သက်နှစ်အတန်ကြာလာသောအခါ ကျွန်တော့်လုပ်ငန်းကို ဆေးကုသရေးကုမ္ပဏီတစ်ခုအဖြစ် ထူထောင်လိုက်ရာ ဆရာဝန်အင်အား၊ သူနာပြုအင်အားနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူအင်အားများ ပြည့်စုံလာပါသည်။ အခြားဝန်ထမ်းများလည်း တိုးတက်များပြားလာပါသည်။ ဤတွင် လူများ၊ စိတ်များ၊ သဘောထားများလည်းမတူညီကြသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် စီးပွားရေးမှ ဝင်ငွေရလာသောအခါ လောဘပို၍ လိုချင်စိတ်ပို၍ရလိုသောသဘောဖြင့် နေ့၊ ညမအားအောင် အလုပ်ပို၍လုပ်နေပါသည်။

www.foreverspace.com.mm



တစ်ဖက်တွင် ကျွန်တော်နှင့်တွဲ၍လုပ်နေသော ပညာရှင်များမှာလည်း ပုထုဇဉ်များဖြစ်၍ ကျွန်တော်ကဲ့သို့ပင် လောဘသားများပါဝင်လာကြသည်ကိုတွေ့ရပါသည်။ ကျွန်တော်တို့စုပေါင်းဆောင်ရွက်နေသောအင်အား၏ ဆန့်ကျင်ဘက်တွင် ရောဂါခံစားနေရသော လူနာများသည် ဆေးခန်း၊ ဆေးရုံသို့ အချိန်မရွေးရောက်ရှိလာကြပါသည်။ လူနာလာလျှင် ဆေးကုရမည်ကိုသိသော်လည်း လူနာထံမှ ငွေကြေးရနိုင်မှု၊ မရနိုင်မှုတို့သည် အလိုအလျောက် စိတ်ထဲတွင်ပေါ်လာအောင် လောဘစိတ်သည် နှိုးဆွလှုံ့ဆော်ပေးလာပါသည်။ သို့ဖြစ်၍ လူနာများလေကောင်းလေဟု စိတ်ထဲတွင် မှတ်ယူခဲ့ပါသည်။

ဤသို့ဖြစ်လာသောလောဘစိတ်ကို တစ်နေ့သောအခါတွင် လူနာက သင်ခန်းစာပေးသွားပါသည်။ အသည်းအသန်ဖြစ်နေသောလူနာသည် ဆေးကုခန်းသို့ရောက်လာပါသည်။ ဆရာဝန်ကြီးက စမ်းသပ်ပြီး "ခု ဆေးရုံတက်မှဖြစ်မယ်၊ ခွဲစိတ်ကုသရမယ်။ အချိန်နှောင်းသွားရင် လူနာအသက်အန္တရာယ်စိုးရိမ်ရတယ်" ပြောလိုက်သောအခါလူနာကို ဆေးရုံတင်၍ နာရီပိုင်းအတွင်း ခွဲစိတ်ကုသလိုက်ရပါသည်။ လူနာသည် ကံကောင်းစွာဖြင့် အသက်ရှင်သွားပါသည်။ ကျွန်တော်တို့ အရေးပေါ်ခွဲစိတ်ကုသသောလူနာအား ကုန်ကျစရိတ်များ တွက်ချက်တောင်းခံပါသည်။ ကုန်ကျစရိတ်တစ်သိန်းပတ်ဝန်းကျင်ဖြစ်ပါသည်။ လူနာသည် တောမြို့နယ်မှ ရွာက ဖြစ်ပါသည်။ တောင်းခံသည့်ငွေ၏ ၅၀ ရာခိုင်နှုန်းကိုသာပေးနိုင်ပြီး ကျန် ၅၀ ရာခိုင်နှုန်းကို မပေးနိုင်ခဲ့ပါ။ ကျွန်တော် ဘာလုပ်ရမည်မသိ။ ပထမဆုံးတွေ့ကြုံရသော ငွေကြေးပြဿနာဖြစ်ပါသည်။ ကျွန်တော်က လိုချင်သည်။ လူနာက မပေးနိုင်။ ကျွန်တော့်လောဘစိတ်သည် ကျွန်တော့်ကိုထိခိုက်နေပါသည်။ လူနာက မြို့ကမဟုတ်၊ တောရွာက။ ကျွန်တော့်ဇာတိကလည်း မြို့ကမဟုတ်၊ တောရွာက။ သူ့

**ကျွန်တော့်လုပ်ငန်းကို ဆေးကုသရေးကုမ္ပဏီတစ်ခုအဖြစ် ထူထောင်လိုက်ရာ ဆရာဝန်အင်အား၊ သူနာပြုအင်အားနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူအင်အားများ ပြည့်စုံလာပါသည်။ အခြားဝန်ထမ်းများလည်း တိုးတက်များပြားလာပါသည်။ ဤတွင် လူများ၊ စိတ်များ၊ သဘောထားများလည်း မတူညီကြသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် စီးပွားရေးမှ ဝင်ငွေရလာသောအခါ လောဘပို၍ လိုချင်စိတ်ပို၍ရလိုသောသဘောဖြင့် နေ့ ညမအားအောင် အလုပ်ပို၍လုပ်နေပါသည်။ တစ်ဖက်တွင် ကျွန်တော်နှင့်တွဲ၍လုပ်နေသော ပညာရှင်များမှာလည်း ပုထုဇဉ်များဖြစ်၍ ကျွန်တော်ကဲ့သို့ပင် လောဘသားများ ပါဝင်လာကြသည်ကို တွေ့ရပါသည်။**

နေရာကို ဝင်၍ကျွန်တော်ခံစားကြည့်သည်။

တောရွာမှ တောသူတောင်သားများသည် တစ်နှစ်လျှင် တစ်ကြိမ်သာ ငွေကြေးရရှိသောသူများဖြစ်ပါသည်။ ကျွန်တော် ဘယ်လိုပြော၍တောင်းခံရမည်မသိ။ အချိန်ယူ၍ စဉ်းစားနေမိပါသည်။ ကျွန်တော် လူနာထံသို့ နောက်တစ်ကြိမ်သွားပါသည်။ "ဒီလိုလုပ်ရအောင်၊ ခင်ဗျားတို့ ပါသလောက်သာပေးထားပါ။ နောက်တစ်ကြိမ်လာပြီး ပေးပေါ့။ ချက်ချင်းတော့မဟုတ်ပါဘူး အားမှလာပေးပါ"။ ကျွန်တော့်ဘက်က အကောင်းဆုံးထင်ထားသောစီစဉ်မှုဖြစ်သည်ဟုထင်၍ ပြောလိုက်ခြင်းဖြစ်ပါသည်။ သို့သော် လူနာ ပြန်ပြောလိုက်သည်က "ဆရာရယ် ယခုလာတာ နွားရောင်းပြီးလာခဲ့တာပါ။ နောက်ထပ် ရောင်းစရာမရှိတော့ဘူး" ဟု ဆိုပါသည်။ ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။ နောက်ထပ် မတောင်းတော့ဘူး၊ ကျန်ငွေကို လှူလိုက်တော့မည်။ "ကဲကဲ စိတ်ချမ်းသာအောင်နေ၊ ရောဂါလုံးဝပျောက်မှဆင်း၊ ကျန်တဲ့ငွေကို ကျွန်တော်လှူမယ်" ပြောလိုက်ပါသည်။

လူနာ ဆေးရုံက ဆင်းသွားပါသည်။ ကျွန်တော်သည် ပထမဆုံးငွေကြေးအများဆုံးလျှော့ပေးလိုက်ရခြင်းအတွက် စိတ်ထဲတွင် တစ်ခုခုလုပ်လျှင်ကောင်းမည်ဟု စဉ်းစားနေမိပါသည်။ ကျွန်တော့်ဖခင်ကြီးအား အကျိုးအကြောင်းအလုံးစုံပြောပြရာ "လူလေး၊ တောရွာမှာငွေမရှိလို့ ဆေးမကုနိုင်သူတွေ အများကြီးပဲ။ တချို့တော့ တောရွာက ဆေးမြီးတို၊ ရမ်းကုတွေနဲ့ကုရင်း အသက်သေကြရတယ်။ မင်းပြောတဲ့လူနာက စွန့်စားပြီး မြို့တက်လာတာနဲ့တူတယ်။ ကုသိုလ်ရတယ်လို့ သဘောထားပါ။ ပြန်တွေးမနေပါနဲ့" ဟု ပြောပါသည်။ အဖေပြောတာ မှန်လှသည်။ ပြန်တွေးနေရင်လည်း ပြန်ရတော့မည်မဟုတ်ပါ။ စေတနာအပြည့်ထား၍လှူလိုက်ခြင်းကသာ စိတ်ကိုချမ်းသာစေပါသည်။

ကျွန်တော် နောင်တွင်တွေ့ကြုံရမည့် ဆေးကုသရေးမှ ငွေကြေးကိစ္စများအတွက် စဉ်းစားနေမိပါသည်။ အဖေပြောတဲ့ ကျေးရွာမှလူနာများ၊ မြို့ပေါ်မှဆင်းရဲသောလူနာများ ဆေးကုကြလျှင် ဘယ်လိုကူညီနိုင်မလဲ၊ ဘာလုပ်ပေးရင်ကောင်းမလဲ။ အတွေးများကြားတွင် နက်နက်နဲနဲ စဉ်းစားနေမိပါသည်။ ကျွန်တော်တို့ ဒါရိုက်တာအစည်းအဝေးလုပ်ကြသည်။ ကျွန်တော်က ပထမဆုံးငွေကြေးလှူဒါန်းလိုက်ရသောလူနာအကြောင်း တင်ပြဆွေးနွေးပါသည်။ ဒါရိုက်တာများက "လူနာက မပေးနိုင်တာဆိုရင်တော့ ဒီလိုမှ

www.foreverspace.com.mm


လျှော့မပေးရင် တခြားဘာမှလုပ်လို့မရဘူး။ လျှော့ပေးလိုက်တဲ့ငွေဟာ အလှူပဲပေါ့”။ ဒါရိုက်တာအဖွဲ့၏ သဘောထားကို သိရတော့မှ စိတ်အေးသွားပါသည်။ အားလုံး စိတ်ထားမြင့်မြတ်ကြပါပေသည်။ ကျွန်တော်က ရန်ပုံငွေ (Donation Fund) တစ်ခု ထူထောင်ရန် အဆိုပြုပါသည်။ ထိုရန်ပုံငွေမှ ဆေးရုံတွင်ရောက်ရှိလာသော ချို့တဲ့သည့် လူနာများကိုကူညီရန် ရှင်းလင်းပြောကြားပါသည်။ ဒါရိုက်တာအဖွဲ့က သဘောတူညီ၍ ပထမနှစ်တွင် ကျပ်သိန်း ၂၀ ကို Donation Fund အလှူငွေအဖြစ် စတင်တည်ထောင်လိုက်ပါသည်။

Donation Fund (အလှူငွေ) သိန်း ၂၀ ထူထောင်လိုက်သောအခါ အရေးပေါ်ဖြစ်လာသော ငွေကြေးကိစ္စအတွက် စိတ်အေးသွားရပါသည်။ သို့သော် သုံး၊ လေးနှစ်ကြာသောအခါ ဆရာဝန်ကြီး များများလာခြင်း၊ လူနာတိုးတက်လာခြင်းတို့ကြောင့် လှူရသောငွေကြေးပမာဏ များလာပါသည်။ ကျွန်တော် ဆရာဝန်ကြီးအချို့နှင့် တိုင်ပင်ဆွေးနွေးပါသည်။ ကျွန်တော်ဆွေးနွေးသည့် အဓိကအချက်က “ဆေးရုံပေါ်ရောက်ပြီးမှ ငွေကြေးအခက်အခဲဖြစ်လျှင် ဘယ်လိုလုပ်မလဲ” ဆိုသောအချက်ပင် ဖြစ်ပါသည်။ ဆရာဝန်ကြီးများ စဉ်းစားကြပါသည်။ လောလောဆယ်တော့ ဆရာဝန်ကြီးအချို့က တတ်နိုင်သည့်ငွေကြေးကိုလျှော့ပေးမည်၊ ဆေးကုခန်းကလည်း လျှော့ယူပါဟုဆိုလာသည်။ ကျွန်တော်က သဘောတူပါသည်။ လူနာများအတွက်နှင့် ဆေးကုခန်းအတွက်ပါ လောလောဆယ်အဆင်ပြေနေပါသည်။ ဆေးကုသရေးလုပ်ငန်းကြာရှည်လာသောအခါ ဆရာဝန်အတွင်းမှ အနည်းငယ်သောဆရာဝန်ကြီးများကိုသာ ပူးပေါင်းဆောင်ရွက်ဖို့ စည်းရုံး၍ရပါသည်။ ဤဆရာဝန်ကြီးများ သူတို့ထိုင်သော ဆေးခန်းများ၊ သူတို့လူနာများနှင့်သာ အလုပ်ရှုပ်နေပါသည်။ လူနာများ၏ သက်သာချောင်ချိရေးအတွက် ကျွန်တော် ဆွေးနွေး၍မရပါ။

ဒါရိုက်တာအဖွဲ့သည် လူနာများ၏ သက်သာချောင်ချိရေးကိစ္စများတွင် ဆရာဝန်ကြီးများပါလာလျှင် ကောင်းမည်ဟုဆုံးဖြတ်ကြပါသည်။ သို့ဖြစ်၍ ဆရာဝန်ကြီးများနှင့်တွေ့ဆုံဆွေးနွေးရန် ဖိတ်ကြားလိုက်ပါသည်။ ဆရာဝန်ကြီး ၁၀ ဦး ဆွေးနွေးပွဲတက်လာပါသည်။ ဆရာဝန်ကြီးအားလုံး၏ ၂၀ ရာခိုင်နှုန်းမပြည့်ပါ။ သို့ဖြစ်၍ ဆွေးနွေးပွဲသည် လူနာများသက်သာချောင်ချိမှုအတွက် မည်သည့်ဆုံးဖြတ်ချက်မှ ထွက်ပေါ်မလာခဲ့ပါ။ ကျွန်တော်တို့ ထပ်မံကြိုးစားကြပြန်ပါသည်။ ဒီတစ်ခါတော့ ပါမောက္ခဆရာဝန်ကြီးများ ပါဝင်သော ဆေးကုသရေးအကြံပေးအဖွဲ့ကို ဖွဲ့လိုက်ပါသည်။ ဒါရိုက်တာအဖွဲ့သည် လူနာများဆေးကုသရာတွင် ပိုမိုတိုးတက်ကောင်းမွန်ရေးကို ပါမောက္ခဆရာဝန်ကြီးများနှင့် တိုင်ပင်ဆွေးနွေးသည်။ လူနာများ၏ သက်သာချောင်ချိရေးကိစ္စများဆောင်ရွက်ရန် အကြံတောင်းသည်။ ကျွန်တော်တို့လိုချင်သော အကြံဉာဏ်များရပါသည်။ လူနာများ၏ ရောဂါပျောက်ကင်းရေး၊ ဆေးဝါးပြည့်စုံရေး၊ ငွေကြေးကုန်ကျမှုသက်သာရေးတို့သည် အကောင်အထည်ပေါ်လာပါသည်။

ကျွန်တော်တို့ဆေးကုသရေးလုပ်ငန်းတွင် ဆေးကုသရေးအကြံပေးအဖွဲ့သည် အလွန်အားကိုးအားထားပြုရသောအဖွဲ့ဖြစ်ပါသည်။ လူနာများနှင့်လူနာရှင်များ အကြံပြုလာသော အကြောင်းအရာများ၊ ဆရာဝန်ကြီးများတင်ပြလာသော လိုအပ်ချက်များနှင့် ဆရာဝန်ကြီးများကို ဒါရိုက်တာအဖွဲ့ကပြောကြားလိုသောအချက်များ၊ အလုံးစုံသောဆေးကုသရေးဆိုင်ရာ တိုးတက်ကောင်းမွန်စေလိုသော အချက်များကို ဒါရိုက်တာအဖွဲ့သည် ပါမောက္ခဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအကြံပေးအဖွဲ့နှင့် တိုင်ပင်ဆွေးနွေး၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြပါသည်။ ဤသို့ဆောင်ရွက်နေခြင်းဖြင့် တည်ငြိမ်အေးဆေးစွာဖြင့် ဆေးကုသရေးလုပ်ငန်းသည် တိုးတက်လာပါသည်။

ဒါရိုက်တာအဖွဲ့သည် လူနာများ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်နေရာ လူနာများထံမှ ငွေပိုမိုတောင်းခံရေးသည် များစွာခက်ခဲလှပါသည်။ ဆေးကုသရေးအကြံပေးအဖွဲ့နှင့် တိုင်ပင်ဆွေးနွေးသည်။ အထူးကုဆရာဝန်ကြီးများကို ဖိတ်ကြား၍ ဆွေးနွေးသင့်သည်ဟု အကြံပြုသည်။ ကျွန်တော်တို့ အထူးကုဆရာဝန်ကြီးအားလုံးကို ဆေးကုသရေးနှင့်ပတ်သက်သောဆွေးနွေးပွဲသို့ တက်ရောက်ပါရန် ဖိတ်ကြားလိုက်ပါသည်။ ဆရာဝန်ကြီးနှင့် တာဝန်ခံဆရာဝန် ၃၃ ဦး ဆွေးနွေးပွဲသို့ တက်ရောက်လာပါသည်။ ဒါရိုက်တာက



www.foreverspace.com.mm



အဖွင့်အမှာစကားအဖြစ် ဤဆေးကုသရေး လုပ်ငန်းတွင်တွေ့ကြုံရသော အားနည်းချက်၊ အားသာချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြဖို့လိုကြောင်း၊ လူနာများ၏သက်သာချောင်ချိမှုဆောင်ရွက်နေသည့်ကိစ္စကို အကူပေးစေလိုကြောင်း၊ ဝင်ငွေများတိုးတက်ရရှိရေးကို အကြံပြုစေလိုကြောင်း ပြောပြပါသည်။

ဆရာဝန်ကြီးများက ဒါရိုက်တာအဖွဲ့၏ ဆွေးနွေးချက်အပေါ် ဆရာဝန်ကြီးများက ပြန်လည်ဆွေးနွေးရာတွင် ဆေးရုံသုံးပစ္စည်းများ ပြည့်စုံလုံလောက်အောင်ရှိစေချင်ကြောင်း၊ လူနာ၏ စမ်းသပ်ခများကို ဆရာဝန်တစ်ဦးချင်း၏ ကျွမ်းကျင်မှုပညာအလိုက် ဆရာဝန်ကြီးများ၏ စိတ်တိုင်းကျယူစေခြင်းသည် သင့်တော်လျောက်ပတ်မည်ဖြစ်ကြောင်း၊ ဆရာဝန်ကြီးတစ်ဦးချင်း၏စမ်းသပ်ခများကို လူနာများသိအောင်ဆောင်ရွက်လျှင် သင့်မည်ထင်ကြောင်း၊ လူနာများက ဘယ်ဆရာဝန်နှင့်ကုသလိုသည်ကို လူနာကသာရွေးချယ်စေလိုကြောင်း ဆွေးနွေးတင်ပြပါသည်။ အခြားဆရာဝန်ကြီးတစ်ဦးကဆွေးနွေးရာတွင် စမ်းသပ်ခကို ညှိနှိုင်း၍ သင့်တော်သော ပုံသေတစ်ခုထားသင့်ကြောင်း၊ ဒါမှသာ လူနာများဆေးကုသရာတွင် ဆရာဝန်တစ်ဦးလျှင် ကုန်ကျစရိတ်တစ်မျိုးပေးနေရ၍ စိတ်အနှောင့်အယှက်ပေးမှုကိုသက်သာစေမည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

အချို့ဆေးရုံ၊ ဆေးပေးခန်းများတွင် သင့်တော်မည်ထင်သော ငွေကြေးပမာဏကို တိုးမြှင့်ကောက်ခံကြကြောင်း၊ ဤဆေးကုသရေးလုပ်ငန်းကလည်း အများနည်းတူဆောင်ရွက်သင့်ကြောင်း ဆွေးနွေးပြီး ဆေးကုသရေးဌာနအတွင်း အဆင်မပြေမှုများ နည်းနိုင်သမျှ နည်းသွားအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်ကို ဆွေးနွေးသွားပါသည်။

ဆရာဝန်ကြီးများ၏ ဆွေးနွေးချက်အပေါ် ဒါရိုက်တာအဖွဲ့၏သဘောထားတို့ ပြန်လည်ရှင်းလင်းပြောကြားရာတွင် ဆရာဝန်ကြီးများ၏ဆွေးနွေးချက်များမှ ပြုပြင်ရန်လိုအပ်သည်များကိုပြုပြင်ပေးသွားမည်ဖြစ်ကြောင်း၊ စမ်းသပ်ခများကို ဆရာဝန်တစ်ဦးချင်းဆန္ဒအလိုက် ကွဲပြားခြားနားစွာယူရန်ကိစ္စကိုတော့ ဒါရိုက်တာအဖွဲ့က သဘောမတူညီပါကြောင်း၊ ဆရာဝန်ကြီးတစ်ဦးချင်း၏ စမ်းသပ်ခများ မတူညီမှုကို လူနာများ ကြိုတင်သိအောင်ဆောင်ရွက်ဖို့ကိုလည်း ဆရာဝန်ကြီးများအချို့က သဘောမတူညီကြကြောင်း ပြောကြားပြီး ဆွေးနွေးပွဲကို ရပ်နားလိုက်ပါသည်။

ဆရာဝန်ကြီးများနှင့်တွေ့ဆုံဆွေးနွေးပွဲသည် မွန်းတည့် ၁၂နာရီတွင် ပြီးဆုံးသွားပါသည်။ ဆေးကုသရေးလုပ်ငန်းအတွက် ပြုပြင်စရာရှိသည်များကိုသိရသော်လည်း လူနာများ သက်သာချောင်ချိရေးအတွက် ငွေကြေးကူညီပံ့ပိုးရန်ကိစ္စကတော့ အကောင်အထည်မပေါ်ခဲ့ပါ။ ဆေးကုသရေးလုပ်ငန်းက နှစ်စဉ် ကျပ်သိန်း ၂၀၀ ခန့် လှူဒါန်းနေရာတွင် ဆရာဝန်ကြီးသုံး၊ လေးဦးကသာ ပါဝင်ကူညီနေခြင်းဖြစ်ပါသည်။ ဤသို့လှူရသည်ကို ကုမ္ပဏီက ညည်းညူနေခြင်းမဟုတ်ဘဲ ပိုမိုလှူဒါန်းနိုင်ရေးကို ဦးတည်ရည်ရွယ်ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဆရာဝန်ကြီးများအချို့က အလှူငွေကို ကန့်သတ်ထားရန်နှင့် လှူနိုင်သည့်ငွေကြေးကို ဘေးဒုက္ခကျရောက်နေသော နေရာတွင်သွားရောက်လှူဒါန်းရန် အကြံပေးပါသည်။ ဒါရိုက်တာအဖွဲ့၏ဆန္ဒသည် အကြံပေးသူဆန္ဒနှင့်မကိုက်ညီပါ။ ဤဆေးကုခန်းတွင် ဆေးကုသခံသူများကိုသာ လှူချင်ပါသည်။ ဆေးကုခံယူသူလူနာသည် ဆင်းရဲသူဖြစ်ရမည်။ ဤရည်ရွယ်ချက်သည် အချက်နှစ်ချက်ကို တစ်ပြိုင်တည်း ထိရောက်စေပါသည်။ လူနာလည်း ငွေကြေးသက်သာ၍ ရောဂါပျောက်ကင်းမည်။ ဆေးခန်း၏ စေတနာမေတ္တာကိုလည်း လူနာကသိသွားမည်။ ဤသို့စေတနာနှင့် လှူသောအလှူကို လောဘပါသောလှူဒါန်းမှုဟု မခေါ်နိုင်ကြောင်း မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကရေးသားထားသည်ကို ဖတ်ရှုရပါသည်။

ဒါရိုက်တာအဖွဲ့သည် ဆရာဝန်ကြီးများနှင့်ဆွေးနွေးပြီး နောက်တစ်ပတ်အကြာတွင် တွေ့ဆုံဆွေးနွေးကြပါသည်။ ဆရာဝန်ကြီးများဆွေးနွေးသွားသောအချက်များထဲမှ ချက်ချင်းပြုပြင်၍ရသောအချက်များကို ချက်ချင်းပြုပြင်ရန်နှင့် ရေရှည်ဆောင်ရွက်ရမည့်ကိစ္စများကို ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ လူနာများ၏ ငွေကြေးကုန်ကျမှုသက်သာရေးနှင့် ဆေးဝါးပြည့်စုံ၍ စိတ်ချမ်းသာရေး အထူးဂရုစိုက်ဆောင်ရွက်သွားရန် ဆွေးနွေးဆုံးဖြတ်ကြပါသည်။ ဆင်းရဲနွမ်းပါးသည့်လူနာများအတွက် Donation Fund (အလှူငွေ) ကို နှစ်ပတ်လည်အစည်းအဝေးတွင်ဆွေးနွေး၍ တိုးမြှင့်သွားရန်တို့ ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့သည် လုပ်ငန်းအတွင်းမှ အမြတ်အစွန်းရရေးကို အဓိကထားသော်လည်း မတော်လောဘမရှိရန် အထူးသတိထားကြပါသည်။ ကုသိုလ်လည်းရ ဝမ်းလည်းဝသော စီးပွားရေးလုပ်ငန်းဖြစ်အောင် ကြိုးစားလာခဲ့ရာ ယခုအခါ မျှော်မှန်းသည့်ပန်းတိုင်ကို လှမ်းကိုင်နိုင်သောအခြေအနေသို့ ရောက်ရှိလာပါသည်။ နိုင်ငံတော်သို့ပေးဆောင်ရမည့် အခွန်အခများသည် အကြွေးမရှိ နှစ်စဉ် အချိန်မီပေးပြီးဖြစ်သလို အစုရှင်များ၏ ရသင့်သည့်အကျိုးအမြတ်လည်း ပေးနိုင်ခဲ့ပါသည်။ ဝန်ထမ်းများ၏ သက်သာချောင်ချိရေး (Welfare) ကို မမေ့မလျော့ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ဤတွင် ဆောင်းပါးအစပိုင်းတွင် ကျွန်တော်ရေးသားဖော်ပြခဲ့သော မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒများနှင့်အညီ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများလက်ကိုင်ထား၍ လောဘကို နည်းနိုင်သမျှနည်းအောင်၊ ဒေါသကို ကင်းအောင် ရှေးရှု၍ ဆေးကုသမှုလုပ်ငန်းကို 'ကုသိုလ်လည်းရ ဝမ်းလည်းဝ' ဆောင်ပုဒ်လို ဆောင်ရွက်သွားရန် ဆွေးနွေးဆုံးဖြတ်လိုက်ရပါတော့သည်။

**မောင်မောင်တင်**

www.foreverspace.com.mm



# ကိုယ့်အလုပ် ကိုယ်လေးစားဖို့ လိုပါသည်

ဂျီအောင်ဘန်း

**ဒီခေတ်မှာ လက်ဖက်ရည်ဆိုင်ထိုင်တယ်ဆိုတာ မြို့ပြယဉ်ကျေးမှုတစ်ခုလိုဖြစ်နေတာ အတော်ကြာနေခဲ့ပါပြီ။ ကိုယ်နေထိုင်တဲ့အိမ်က ဧည့်သည်ကို ဧည့်ခံဖို့ မတင့်တယ်ရင်ပဲဖြစ်ဖြစ်၊ ကျဉ်းမြောင်းနေရင်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် လွတ်လွတ်လပ်လပ်စကားပြောလိုရင်ပဲဖြစ်ဖြစ် လက်ဖက်ရည်ဆိုင်ဟာ မြို့နေလူတန်းစားရဲ့ ဒုတိယဧည့်ခန်းအဖြစ် တဖြည်းဖြည်းအသုံးဝင်လာခဲ့ပါပြီ။ အထူးသဖြင့် ရပ်ကွက်တွေထဲမှာ ဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင်တွေဟာ ရပ်ကွက်ရဲ့ နားနဲ့မျက်စိ၊ ဒါမှမဟုတ် ခေတ်နဲ့စနစ်ရဲ့ ချို့ယွင်းချက်တွေကို ထင်သာမြင်သာရှိစေတဲ့ နေရာတွေပါ။ ဘယ်သူတွေက လက်ဖက်ရည်ဆိုင်ထိုင်ခြင်းနဲ့ ပတ်သက်ပြီး ဘယ်လိုပဲ မကောင်းမြင်သည်ဖြစ်စေ စာရေးသူကတော့ လက်ဖက်ရည်ဆိုင်နဲ့ပတ်သက်ပြီး အတိုင်းအတာတစ်ရပ်အထိ အကောင်းမြင်ပါတယ်။ ဘာလို့လဲဆိုတော့ စာရေးသူအတွက် ဒီလိုနေရာမျိုးတွေကနေ အတွေးတစ်စတလေရရှိလေ့ရှိလို့ပါပဲ။ ဒါကြောင့်မို့လည်း နေ့တိုင်း လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ပါတယ်။**

တစ်ရက်လက်ဖက်ရည်ဆိုင်ပိုင်ရှင်က ဆိုင်ထဲမှာလူမရှိသလောက်ပါးနေတော့ စာရေးသူတစ်ယောက်တည်းရှိနေတဲ့ စားပွဲမှာလာထိုင်ပါတယ်။ လာထိုင်ပြီးတဲ့နောက် ဒီနေ့ခေတ်ကျဆင်းတဲ့ အရောင်းအဝယ်ကို ပြောပြီးနောက်ဆုံး သူ့ဆိုင်လူပါးတာ၊ လူအဝင်ကျဲတာနဲ့ပတ်သက်ပြီး ညည်းပါတော့တယ်။ ပြီးတော့ မိတ်ဆွေအရင်းအချာတစ်ယောက်လိုသဘောထားပြီး သူ့ဆိုင်မှာ လိုအပ်ချက်၊ ချို့ယွင်းချက်ရှိရင် ဝေဖန်အကြံပေးပါလို့ ပြောတယ်။ သူဒီလိုပြောတာကို စာရေးသူအနေနဲ့တော်တော်လေး သဘောကျမိပါတယ်။ ဒီဘက်ခေတ်မှာ အရင်ခေတ်တွေကလိုမဟုတ်တော့ဘဲ စားသုံးသူရဲ့ အလိုဆန္ဒကို တလေးတစား စဉ်းစားတွက်ချက်လာကြတာ ကောင်းတဲ့လက္ခဏာမဟုတ်ပါလား။ သို့ပေမယ့် ဆိုင်ရှင်က လမ်းဖွင့်ပေးသည့်တိုင် စာရေးသူ မပြောဖြစ်ခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ စာရေးသူ ဒီရပ်ကွက်မှာနေထိုင်နေသမျှ ကာလပတ်လုံး ဒီဆိုင်မှာပဲ ထိုင်နေရမှာဖြစ်တဲ့အပြင် ကိုယ့်လူမျိုးတွေရဲ့ စိတ်ရင်းကိုလည်း သိလို့ပါ။ တခြားတော့မဟုတ်ပါဘူး၊ ဝေဖန်ပါ အကြံပေးပါဆိုပြီး တကယ်ဝေဖန်အကြံပေးရင် စိတ်ဆိုးပြီး စိတ်ပျက်တတ်တဲ့အတွက်ကြောင့်ပါ။ ဒါ့ကြောင့်မို့ "ကျွန်တော်ကတော့ မမြင်တတ်ဘူး။ တခြားလူတွေတော့ မြင်တတ်၊ အကြံပေးတတ်မယ်ထင်တယ်" ဆိုပြီး ခေါင်းရှောင်ခဲ့ပါတယ်။




တကယ်စိတ်မဆိုးကြေးဆို စာရေးသူ ပြောပြချင်ပါတယ်။ ဒီလိုပြောပြချင်တာကလည်း လုပ်ငန်းတူအနေအထားမတူတဲ့ အခြေအနေတစ်ခုကလာတဲ့ စကားနှစ်ခွန်းကြောင့်ပါ။ တစ်ခုက လုံခြုံရေးဝန်ဆောင်မှုပေး

www.foreverspace.com.mm

နေတဲ့ကုမ္ပဏီက ဝန်ထမ်းအချင်းချင်း ပြောတဲ့စကားပါ ဘာလဲဆိုတော့ “ငါ့ကွာ ကိုယ့်အလုပ်ကိုယ် Pro စစ်စစ်လုပ်ချင်တယ်။ လုံခြုံရေးဆို လုံခြုံရေးပေါ့၊ ရုံးဆိုရုံး၊ အိမ်ဆို အိမ်၊ လူပုဂ္ဂိုလ်ဆို လူပုဂ္ဂိုလ် သေသေချာချာ ကိုယ့်အလုပ် ကိုယ့်တာဝန် တိတိကျကျလုပ်ချင်တာ။ ခုတော့ လူကြီးမိန်းမ ဈေးဝယ်လည်း ဆွဲခြင်းပြေးဆွဲပေးရ၊ လူကြီးက တောက်တိုမယ်ရ ခိုင်းသမျှလုပ်ပေးရနဲ့ ကွာ။ အလုပ်လုပ်ချင်စိတ်ကိုကုန်တယ်” ဆိုတဲ့ တကယ်လက်တွေ့ဆောင်ရွက်နေရတဲ့ ဝန်ထမ်းတွေရဲ့အပိုင်းနဲ့ နောက်တစ်ခွန်းက လုပ်ငန်းခွင်ထဲမှာ ပစ္စည်းခိုးထုတ်တာကို စောင့်ဖမ်းနေရလို့ စိတ်တိုနေတဲ့ လုပ်ငန်းရှင်ရဲ့ “ဒီလစာ၊ ဒီလုပ်ခနဲ့ ဒီတာဝန် သူတို့ ကျေကျေနပ်နပ်လက်ခံနိုင်ပါတယ်ဆိုပြီး ဘာဖြစ်လို့ ဒီလိုတွေ လုပ်နေရတာလဲမသိဘူး။ တကယ်ဆို သူတို့ ကျေနပ်လောက်တဲ့ အတိုင်းအတာတစ်ရပ်လောက်အထိ ငါပေးထားရဲ့သားနဲ့” ဆိုသော စကားတစ်ခွန်းပင် ဖြစ်သည်။

သေသေချာချာကြည့်လျှင် ရှေ့က လက်ဖက်ရည်ဆိုင်ပိုင်ရှင်ပြောသည့်ကိစ္စနှင့် ယခုစကားနှစ်ခွန်းက ဘာမှမသက်ဆိုင်ဟု ထင်ပါလိမ့်မည်။ သို့သော် စာရေးသူတွေးမိသော အတွေးတစ်ခုရှိ၏။ ထိုအတွေးနှင့် များ သက်ဆိုင်နေမလားဟု တွေးမိ၏။ အခြားကားမဟုတ်။ ‘လူတွေ ရပိုင်ခွင့်ကို ပိုတိုး၍ လိုချင်လာကြပြီး ကိုယ့်ဘက်က ပေးရမည့်၊ စွန့်လွှတ်ရမည့်အပိုင်းမှာ ပို၍ မသိကျိုးကျွံပြုလာနေကြပြီ’ ဆိုသော ယူဆချက်ပင်။ တစ်နည်းအားဖြင့်ဆိုလျှင် ‘အပေါ်ကိုဆွဲချပြီး အောက်ကိုနင်းဖိထားချင်သည့်’ စိတ်ဓာတ်မျိုး ပို၍များပြားလာပြီဆိုသည့် သဘောပင်။

လူတွေက တစ်ပြိုင်နက်မှာ နေရာစုံ တော်ချင်၊ တတ်ချင်ကြသည်။ အခြား မကြည့်နှင့်ဦး။ ယနေ့တက္ကသိုလ်ဝင်တန်း ဖြေပြီးသူ အောင်မြင်ထားသူတွေ တက္ကသိုလ် ရွေးချယ်တဲ့နေရာပဲကြည့်ဦး။ အမှတ်ကောင်းတဲ့ကလေးငယ်တစ်ဦးသည် အသက်မွေးဝမ်းကျောင်းတက္ကသိုလ် (ဆေး၊ စက်မှု၊ ကွန်ပျူတာ၊ ရေကြောင်း စသည့်) ဘယ်နှခုကို တစ်ပြိုင်နက်လျှောက်ထားသလဲတော့မသိ။ ကွန်ပျူတာတက္ကသိုလ် ပထမနှစ်တက်နေရင်း၊ ဆေးတက္ကသိုလ် ပထမနှစ်တက်နေရင်း ဗိုလ်သင်တန်းသို့ ရွှေ့သွားတာ၊ ရေကြောင်းတက္ကသိုလ်သို့ ရွှေ့ပြောင်းသွားတာ၊ စင်ကာပူ၊ ဩစတြေးလျတို့မှာ ကျောင်းသွားတက်တာမျိုးတွေ တွေ့နေရ၊ ကြားနေရသည်။ ထိုကျောင်းတွေပြီးသွားပြန်တော့ ပထမတက်ခဲ့သည့် ကျောင်းတွေမှာ ပြန်တက်ကြပြန်သည်။ ဒီတော့ ရသည့်ဘွဲ့တွေက တလွဲတချော် ဗီလာဆန့်ကျင်ဘက်တွေ။ ကွန်ပျူတာဘွဲ့လည်းရပေမယ့် ရေကြောင်းဘွဲ့လည်းရ၊ တကယ့်တကယ်လုပ်စားတော့ အရောင်းအဝယ်သမား။ ရတာက သမားတော်၊ လုပ်ရတာ သားသတ်သမား ဆိုသလိုမျိုးပင်။ လိုချင်တာတွေ ပိုများနေသလားလို့။

**လောက၌ တကယ်တမ်း ထူးချွန်ပေါက်မြောက်သူတို့သည် သူတို့အလုပ်၌ စိတ်ရောကိုယ်ပါနှစ်၍ တီထွင်ကြံဆ၍ မီးပွတ်ယောက်ျားကဲ့သို့ ပြင်းပြသော လုံ့လတို့ဖြင့် ကြိုးစားအားထုတ်ခဲ့သူတို့သာဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ့်အလုပ် တိုးတက်ရာတိုးတက်ကြောင်း အမြဲတစေစဉ်းစား၍ ချို့ယွင်းချက်၊ ပျက်စီးနိုင်ရာပျက်စီးကြောင်းဟူသမျှကို ရှာဖွေပြင်ဆင်နေသူချည်းသာဖြစ်သည်။**

လောက၌ တကယ်တမ်း ထူးချွန်ပေါက်မြောက်သူတို့သည် သူတို့အလုပ်၌ စိတ်ရောကိုယ်ပါနှစ်၍ တီထွင်ကြံဆ၍ မီးပွတ်ယောက်ျားကဲ့သို့ ပြင်းပြသောလုံ့လတို့ဖြင့် ကြိုးစားအားထုတ်ခဲ့သူတို့သာဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ့်အလုပ်တိုးတက်ရာ တိုးတက်ကြောင်း အမြဲတစေစဉ်းစား၍ ချို့ယွင်းချက်၊ ပျက်စီးနိုင်ရာပျက်စီးကြောင်းဟူသမျှကို ရှာဖွေပြင်ဆင်နေသူချည်းသာ ဖြစ်သည်။ ထိုအလုပ်တစ်ခုတည်းပေါ်၌သာ တစ်စိတ်တည်းထားရှိသူများဖြစ်သည်။ ဒါကို ပရိစိတ်ထားဟုပဲ ခေါ်လေမည်လား။

သို့သော် ယခုခေတ်များမှာတော့ ဤသို့မဟုတ်။

ရှေးက ပြောခဲ့သလို လက်ဖက်ရည်ဆိုင်သမားက သူ့ဆိုင်မှာ ဘာလိုအပ်သနည်းဟုဆိုသောအခါ လိုအပ်သမျှပြောရလျှင် အများကြီး ဖြစ်သွားပေလိမ့်မည်။ တကယ့်တကယ့် အားလုံးကိုချုပ်၍ လိုရင်းသာဆိုရလျှင် ‘ကိုယ့်အလုပ်ကို ကိုယ်လေးလေးစားစားနှင့် အာရုံစူးစိုက်’ ဖို့သာဖြစ်ပေသည်။ ယနေ့ခေတ် တိုင်းရင်းသားပိုင်ဆိုင် အများစုပိုင်ရှင်တို့မှာ မလိုရာခွဆိုသလို ကိုယ့်လက်ငုတ်လက်ရင်းစားသောက်ကုန်လည်း စားသောက်ကုန်၊ အဖျော်ယမကာဆိုလည်း အဖျော်ယမကာ၊ ဝန်ဆောင်မှုဆိုလည်း ဝန်ဆောင်မှု စသည်တို့အပေါ် စိုက်လိုက်မတ်တတ်မရှိကြတော့ဘဲ လက်ဖက်ရည်ဆိုင်သမားက လောင်းကစားဒိုင်ကို အားကျ၊ ဆိုက်ကားသမားက ဈေးရောင်းဈေးဝယ်သမားကို အားကျ၊ ကုန်သည်က ဆရာဝန်ကို ၊ ဆရာဝန်က သင်္ဘောသားကို၊ သင်္ဘောသားက စစ်ဗိုလ်ကို၊ စစ်ဗိုလ်က နိုင်ငံရေးသမားဘဝကို အဆင့်ဆင့်လွဲချော်စွာ အားကျနေကြလေသည်။ ဒီတော့ ကိုယ့်အလုပ်ကိုယ် ကျကျနနလုပ်ချင်သူတို့အတွက် နေရာကား ရှားနေလေပြီ။

ဘယ်အရာမဆို ကိုယ်လုပ်နေသမျှ အလုပ်ဟူသမျှသည် လူ့လောက လူ့ယဉ်ကျေးမှု

www.foreverspace.com.mm

လူသားတို့အတွက် အနည်းနှင့်အများတော့ အကျိုးကျေးဇူးရှိကြသည်ချည်းပဲဖြစ်သည်။ တစ်ခါက နည်းပညာဟောပြောပွဲတွင် တာဝန်ရှိသူတစ်ဦးပြောသောစကားကို အကြောင်းတိုက်ဆိုင်၍ သတိရမိသည်။ အခြားတော့မဟုတ်။ တကယ်လို့ နည်းပညာရပ်တစ်ခု၊ ဒါမှမဟုတ် စက်ပစ္စည်းအသစ်အဆန်းတစ်ခုကို စမ်းသပ်တီထွင်ဖို့ စိတ်လည်းဝင်စားမယ်၊ ဇွဲရှိရှိနဲ့ အဖြေတစ်ခုခုရတဲ့အထိ ကြိုးစားအားထုတ်မယ်ဆိုရင် ကျွန်မတို့အသင်းကနေ ငွေရေးကြေးရေး ထောက်ပံ့မှုပေးပါမယ်။ ဒါပေမဲ့ ကျွန်မတို့ကို ရလဒ်တစ်ခုခုကိုပြနိုင်ရပါမယ်။ တင်ပြလာမယ့်စမ်းသပ်မှုက အောင်မြင်မှ ရလဒ်လို့ မသတ်မှတ်ပါဘူး။ မအောင်မြင်ဘူးဆိုရင်လည်း နောင်လုပ်လာမယ့်စမ်းသပ်မှုမှာ ဒီနည်းလမ်းက မအောင်မြင်ဘူးဆိုတာ အခိုင်အမာသတိပေးနိုင်တဲ့အတွက် ဒီလို အောင်မြင်မှုမရတဲ့ စမ်းသပ်တီထွင်မှုကိုလည်း အောင်မြင်မှုရတဲ့ရလဒ်လိုပဲ ကျွန်မတို့ အလေးထားသတ်မှတ် ထောက်ပံ့ပေးမှာပါ"ဆိုသောစကားကိုပင်။ ထိုစကားက ဘာကိုရည်ညွှန်းနေသည်လဲဆိုတော့ ကိုယ်လုပ်နေသည့်အလုပ်၏ ဆိုးရွားသောရှုံးနိမ့်မှု၊ ကျဆုံးမှုကပင် အချို့သောလူတွေအတွက် ကောင်းကျိုးဖြစ်စေသည်ဆိုတာ ပြဆိုနေ၍ပင်။ ဒါက ပရိသမားတွေအတွက် အားပေးမှုတစ်ခုပင်။ ကိုယ့်အလုပ် ကိုယ်လေးစားလို့ ရလာသည့်ရလဒ်တစ်ခုပင်။

ကားမောင်းသမားကလည်း ကိုယ့်ကားကို ကိုယ်မမောင်းခင် သေချာဂရုစိုက်စစ်ဆေး၊ မောင်းလျှင်လည်း သေချာအာရုံစူးစိုက်၍ သတိကပ်မောင်းလျှင် အနည်းဆုံးတော့ ယာဉ်စည်းကမ်းဖောက်သည်ဟု သတ်မှတ်ခံရ၍ ပေးရမည့်ဒဏ်ကြေးတော့ သိသိသာသာ လျော့နည်းသွားပေဦးမည်။ ဆရာဝန်ကလည်း ကိုယ့်အတတ်ပညာအပေါ်ဂရုစိုက်ကာ သေချာမှတ်သားစူးစိုက်၍ အမြဲတစေလေ့လာသင်ယူနေလျှင် အနည်းဆုံးတော့ မှားယွင်းကုသမှုမျိုးကို ရှောင်ကွင်း၍ တကယ်တတ်၊ တကယ်ကုသပေးနိုင်သောဆရာဝန်ကောင်းတစ်ယောက်ဖြစ်လာပေဦးမည်။ စာရေးဆရာဆိုလည်း ခေတ်နှင့်စနစ်အပေါ် မျက်ခြည်မပြတ်ဘဲ ကိုယ်စာရေးသားခြင်းအလုပ်ပေါ် တကယ့်ကို စိတ်နှစ်၍ ဘက်ကင်းစွာ ရေးသားအားထုတ်နေရင်းဖြင့် အနည်းဆုံးတော့ လူရိုသေ၊ ရှင်ရိုသေ လေးလေးစားစား ဆက်ဆံခံရပေဦးမည်။ ထို့အတူ အခြားအခြားသော



www.foreverspace.com.mm



**ဓာတုဗေဒနှင့်ဘွဲ့ရပြီး အိမ်သုံးဆား၏ သိပ္ပံအမည်ကို မသိတော့သူ၊ ကွန်ပျူတာဘွဲ့ရပြီး ဝင်းဒိုး (Windows) ကျသွားတာတောင် ပြန်မတင်တတ်သူ၊ စက်မှုနှင့်ဘွဲ့ရပြီး တွင်ခုံဘေးမှာ ငူငူကြီး တောင်ကြည့်မြောက်ကြည့် ဖြစ်နေသူ၊ ဆရာဝန်ဘွဲ့ယူပြီး စာရေးစားနေရတဲ့သူ၊ မီးသွေးရောင်းနေရသည့်သူ၊ စိတ်ပညာနှင့်မဟာဘွဲ့ရပြီး ဆိုက်ကားနင်းနေရသူ စသည်ဖြင့် ခုတ်ရာတခြား ရှရာတလွဲဖြစ်နေသည်ကား တစ်ပုံတစ်ပင်ဖြစ်နေတော့သည်။**

အသက်မွေးနေသောသူများသည်လည်း လက်ရှိလုပ်ကိုင်သင်ကြားနေသော အတတ်ပညာ၊ အသိပညာလုပ်ငန်းအပေါ် တလေးတစားလုပ်ကိုင်ကြဲဆနေခြင်းဖြင့် ထိပ်တန်းသို့ ရောက်နိုင်ကြပေသည်။ ထိုသို့မဟုတ်ဘဲ ရှေးကဆိုခဲ့သလို မလိုရာခွနေခဲ့ပါက အုတ်ထဲမှာ ကျောက်ပုံ၊ ကျောက်ထဲမှာ သဲပုံဆိုသလို အုတ်ရောရော ကျောက်ရောရောဘဝဖြင့် ဘဝနေဝင်ချိန်သို့ စောစီးစွာရောက်သွားနိုင်ပါသည်။ ဒီလိုဖြစ်မလာအောင် ပြင်ဆင်ရပေမည်။

အသင် စာဖတ်သူ တစ်ခါတလေ သတင်းစာမှာပါသည့်ထိမ်းမြားလက်ထပ်ခြင်းဆိုသည့် ကြော်ငြာတွေကိုဖတ်မိပေလိမ့်မည်။ ထိုကြော်ငြာတွေမှာပါလေ့ပါထရှိသော သတို့သား၊ သတို့သမီးနောက်ကဘွဲ့ထူးဂုဏ်ထူးတွေ တသီတတန်းကြီးကိုဖတ်ပြီး တစ်ခါတလေ ဒီလူ ဘယ်ဘွဲ့နဲ့အဓိကထားပြီး လူ့လောကကိုဖြတ်သန်းမှာလဲဆိုသော အတွေးတစ်စလေးများ မတွေးမိဘူးလားလို့။ တစ်ခါတစ်ရံတော့ တွေးမိမည်ဟု ထင်ပါသည်။ သူတို့ ဘယ်လောက်များဘွဲ့ထူးဂုဏ်ထူးတွေပေါ်များသလဲဆိုလျှင် ကိုးဘွဲ့ရ ဓမ္မာစရိယတရားဟောဆရာတော်ထက် နှစ်ဘွဲ့ပိုများသော လူပုဂ္ဂိုလ်တစ်ယောက်၏ မင်္ဂလာဆောင်ဖိတ်စာကို လက်ခံရရှိခဲ့ဖူးသည်။ ဘွဲ့တွေထဲမှာ ကွန်ပျူတာနက်ဝေ့ါကင်းလည်းပါသည်။ ကျောက်မျက်ဒီပလိုမာလည်းပါသည်။ စိတ်ပညာဒီပလိုမာလည်း ပါသည်။ စာရင်းကိုင်ဘွဲ့ကလည်း အထင်အရှား။ နောက် နိုင်ငံခြားဘာသာသင်သိပ္ပံကပြင်သစ်စာနှင့် ဒီပလိုမာကပါသေး။ နောက်တော့ ဒီလူ ဘာနှင့်နိုင်ငံခြားထွက်သွားသည်ဟု ထင်ပါသနည်း။ သင်္ဘောဘလက် (တရားမဝင်) တက်ရန် ထိုင်းသို့ထွက်သွားသည်တဲ့။ ရထားသည့်ဘွဲ့တွေကို နမြောလိုက်တာ။ ဒီလိုသာသင်္ဘောလိုက်မယ်လို့ဆုံးဖြတ်ထားခဲ့ရင် ငယ်ငယ်ကတည်းက သင်္ဘောကျင်းမှာ ဝင်လုပ်နေပါလားဟု ဒေါ်မနသယ်ပွားမိသည်။

တကယ်ဆိုလျှင် ထိုကဲ့သို့သော ပညာရေးလောဘကြီးတာလား၊ ငတ်သေမှာကြောက်လို့ ရှိသမျှလက်မှတ်မှန်သမျှ လိုက်ယူထားတာလားမသိသော လူတန်းစားတွေကြောင့် ကောင်းမြတ်သော ပညာရေးစနစ် အဆင့်အတန်းနိမ့်ကျလာရသလို ထိုလူတွေရယူလိုက်သော နေရာများကြောင့် အပတ်တကုတ်စိတ်ဝင်တစား လေ့လာသင်ယူချင်ကြသော လူငယ်လူရွယ်များ၏ အနာဂတ်လည်း လမ်းလွဲသွားရလေသည်။ ထို့ထက်ပို၍ဆိုသည်မှာ ယနေ့ခေတ် လူငယ်တွေ (အထူးသဖြင့် တက်လူတွေ) ၏ စိတ်ထဲ ဘွဲ့တစ်ခုတည်းရထားရုံဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရန် မလုံလောက်ဟူသောအစွဲမျိုး ဆိုးရွားစွာ စွဲမြဲသွားစေခဲ့မှုပင်ဖြစ်သည်။ သေသေချာချာ စဉ်းစားကြည့်လျှင် တော်တော်ရင်လေးဖွယ်ကောင်းသော အနာဂတ်ပင် ဖြစ်ပေသည်။

ဤနေရာတွင် ပြောစရာရှိလာပေပြီ။ တက္ကသိုလ်ကဘွဲ့တစ်ခုခုကိုယူသည်မှာ အလုပ်ရရာ ရကြောင်းအတွက် အထောက်အပံ့ဖြစ်စေလို၍ပဲလား၊ ဒါမှမဟုတ် အသိပညာတစ်ခု အတတ်ပညာတစ်ခုကို ဂဃနဏ သေသေချာချာ ရှာဆုံးရှာဖွေး သိလိုတတ်မြောက်လို၍လားဆိုသည့် မေးခွန်းမျိုးမေးဖို့ ပြောဖို့ လိုလာပေပြီ။ ဟိုးယခင်ယခင်တွေကတော့မသိ၊ ယခုခေတ်တွေမှာတော့ ဘာအသိ ဘာအတတ်မှ သိလိုတတ်လို၍ တက္ကသိုလ်တက်သည်လို့တော့ မတွေ့ရ။ ဘွဲ့တစ်ခုအဖြစ်သာ လူရှိသေ၊ ရှင်ရှိသေရသည့်နည်းနှင့် ယူလိုက်ကြတော့သည်သာများလာတော့သည်။ ဒီတော့ ဘာတွေဖြစ်လာကြမည်နည်း။

ထိုသို့ဖြစ်လာကြသည့်အတွက် အကျိုးဆက်ကား အဘယ်နည်း။ ဓာတုဗေဒနှင့်ဘွဲ့ရပြီး အိမ်သုံးဆား၏သိပ္ပံအမည်ကို မသိတော့သူ။ ကွန်ပျူတာဘွဲ့ရပြီး ဝင်းဒိုး (Windows) ကျသွားတာတောင် ပြန်မတင်တတ်သူ၊ စက်မှုနှင့်ဘွဲ့ရပြီး တွင်ခုံဘေးမှာ ငူငူကြီး တောင်ကြည့်မြောက်ကြည့် ဖြစ်နေသူ၊ ဆရာဝန်ဘွဲ့ယူပြီး စာရေးစားနေရတဲ့သူ၊ မီးသွေးရောင်းနေရသည့်သူ၊ စိတ်ပညာနှင့်မဟာဘွဲ့ရပြီး ဆိုက်ကားနင်းနေရသူ စသည်ဖြင့် ခုတ်ရာတခြား ရှရာတလွဲဖြစ်နေသည်ကား တစ်ပုံတစ်ပင်ဖြစ်နေတော့သည်။ အဘယ်မျှ ၎င်းတို့ဆုံးရှုံးကြသနည်း။ တကယ့်ကိုကြီးမားလှသော နစ်နာဆုံးရှုံးမှုပင်ဖြစ်သည်။ တိုင်းပြည်အတွက် ဘယ်လောက်တောင် ထိခိုက်နစ်နာရပါသနည်း။

အချို့ အချို့သော နေရာတွေမှာ လွဲချော်တာတွေက တော်သေးသည်။ တကယ်ကို အမှားမခံသောနေရာတွေ မှားယွင်းစွာ ရောက်ရှိခြင်းမျိုးက တကယ့်ကို အန္တရာယ်ကြီးလှပေသည်။ ဆရာဝန်က မီးသွေးရောင်းတာ သိပ်ပြဿနာမဟုတ်သော်လည်း မီးသွေးသည်မျိုးက တောလက်

www.foreverspace.com.mm

ကျေးရွာတွေမှာ ဒေါက်တာရမ်းကုတွေလုပ်လာလျှင် တကယ့်ပြဿနာ ဖြစ်လာပေပြီ။ ထို့အတူ အခြားခြားသောနေရာတွေမှာ ဖွတ်လိုသတ္တဝါမျိုးက မိကျောင်းဖြစ်လာခဲ့လျှင် မြစ်နှင့်တူသောလူထုအဖို့ အတော်ပင် နစ်နာဆုံးရှုံးရပေလိမ့်မည်။ ဒါက တော်တော်စဉ်းစားဆုံးဖြတ်ဆန့်ကျင်ရမည့် အခြေအနေတွင်ပင်။

တကယ့်တကယ်တော့ ဖွတ်ကလည်း ဖွတ်နေရာ၊ မိကျောင်းကလည်း မိကျောင်းနေရာ လူတိုင်းကလည်း ကိုယ့်နေရာ၊ ကိုယ့်မူလလုပ်ကိုင်ရာနေရာဌာနမျိုးတွင်သာ အထူးဝါယမစိုက်ထုတ်၍ ကျင့်ကြံနေထိုင်ကြလျှင် အဘယ်မျှကောင်းမည်နည်း။ ကိုယ်လုပ်နေသောအလုပ်ကို အခြားအခြားသော အလုပ်တွေနှင့်နှိုင်းယှဉ်ပြီး ဂုဏ်ငယ်သည်ဟုစိတ်အားမလျှော့သင့်။ ဆင်လည်း ဆင်အလျောက်၊ ပုရွက်ဆိတ်လည်း ပုရွက်ဆိတ်အလျောက် တန်ဖိုးရှိလေသည်။ ကိုယ့်အလုပ်အကိုင်အပေါ် တန်ဖိုးထားမြတ်နိုးမှုကသာ အခရာကျပေသည်။ တခြားမကြည့်နှင့်၊ ဘာသာရေးအရ စဉ်းစားကြည့်လျှင်ပင်ကိုယ့်အလုပ်ပေါ် တစ်စိတ်တည်းထားခြင်းကပင် ဝိပဿနာစိတ်ကို ဖြစ်ပေါ်စေသည်ဟု ဆိုကြသည်မဟုတ်ပါလား။

ရဟန္တာဟုသမုတ်ကြသည် စွန်းလွန်းဆရာတော် လူဝတ်ဘဝ နွားစာစဉ်းနေစဉ် နွားစာစဉ်းသည့်အပေါ် စိတ်ကိုနှစ်၍လုပ်သဖြင့် အလုပ်ပိုတွင်သလို ဝိပဿနာဉာဏ်ကိုလည်း ပို၍အားကောင်းရင့်သန်လာသည့်သဘောကို စွန်းလွန်းဆရာတော်၏ထေရုပ္ပတ္တိတွင် အထင်အရှား ဖော်ပြထားခဲ့လေသည်။ ဒါကား ကိုယ့်အလုပ်ပေါ် ကိုယ်အလေးထားခဲ့လို့ပင်။

ယခုတော့ သည်လိုမဟုတ်။ ကိုယ့်မအောင်မြင်မှု၊ ကိုယ့်ကို ပတ်ဝန်းကျင်က မလေးစားမှု၊ လက်မခံမှု၊ လက်ရှိအနေအထားကို လက်မခံနိုင်မှုတို့ကိုသာ အတင်းထိုးပြီး ပြောနေကြသည်။ ကိုယ့်ဘက်က လုပ်ရမည့်အပိုင်းကို မေ့နေကြသည်။ ယခုလက်ရှိ ကိုယ့်အလုပ်ကို ယခုထက်ပို၍ ဂရုတစိုက်လုပ်ဖို့၊ ကိုယ့်မူရင်းအလုပ်ပေါ် လေးလေးစားစား စိတ်ဝင်တစားလုပ်ဖို့ မေ့နေကြလေသည်။ အခြားမကြည့်နှင့်ဦး၊ မိသားစုတစ်စုအတွင်းမှာပင် သားသမီးများက မည်မျှကြီးမားလေးမြတ်သော နေရာဌာနန္တရများမှာ ရောက်ရှိနေနှင့်ဦး မိခင် ဖခင်တို့ထက်ပို၍ ကြီးမြတ်အရေးပါ၍မရ။ တန်ဖိုးချင်းတောင် မနှိုင်းယှဉ်အပ်။ မိဘက သားသမီးလုပ်ချင်၍မရသလို သားသမီးကလည်း မိဘလုပ်ချင်နေ၍မရ။ မိဘက မိဘနေရာ၊ သားသမီးက သားသမီးနေရာသာနေရပေမည်။ ကိုယ်ရောက်သင့်သည့်နေရာထက်ကျော်ပြီးနေ၍မရပေ။ ဒါကား လောကဓမ္မတာပင် ဖြစ်သည်။ ခုတော့ သည်လိုမဟုတ်။ အချို့အချို့တွေက ဒီသဘာဝကို ဆန့်ကျင်၍ ပိုလိုချင်နေကြလေပြီ။ ဒါက ကိုယ့်အလုပ် ကိုယ်မလေးစားသည့်သဘောပင်။ ကိုယ့်နေရာကိုယ် မေ့နေကြသည့်သဘောသဘာဝပင်။ ယခုလက်ရှိ ကိုယ်ဘယ်နေရာမှာရပ်မိနေသနည်းဆိုတာက ပို၍သတိထားဆင်ခြင်သင့်ပေသည်။

အချုပ်အားဖြင့်ဆိုလျှင်တော့ လူတိုင်းလူတိုင်းက ပရိစိတ်ထားဖို့၊ ပရိလိုကျင့်ကြံဖို့ ပြောနေကြသော်လည်း တကယ့်တကယ်ကျတော့ ပရိတစ်ယောက်ရမည့် အခွင့်အရေးကိုသာ လိုချင်မက်မောနေပြီး ပရိတစ်ယောက်ထားရှိရမည့် ကိုယ့်အလုပ်ကိုယ်လေးစားခြင်းဆိုသည့်အပိုင်းကို မေ့လျော့နေကြသည်။

လက်ဖက်ရည်ဆိုင်သမားက ဆိုင်လူဝင်များချင်လျှင် ကိုယ့်ဆိုင်အဖျော်လက်ရာမကောင်းလို့လား၊ ဆက်ဆံရေးမကောင်းလို့လား၊ ဆိုင်သန့်ရှင်းမှုမရှိလို့လား၊ ဈေးနှုန်းချိုသာမှုမရှိလို့လား၊ ပတ်ဝန်းကျင်အနံ့အသက်မကောင်းလို့လား၊ အခြားဆိုင်တွေက ကိုယ့်ဆိုင်မှာမပေးသည့် ဘာဝန်ဆောင်မှုကိုများပေးနေသလဲဆိုတာမျိုးကို စဉ်းစားရပေမည်။ ဒါက ကိုယ့်အလုပ်ကိုယ် လုပ်ခြင်းပေ။

ထို့အတူ လူကြီးမိန်းမ ဆွဲခြင်းပြေးဆွဲပေးရတာ သဘောမကျသည့် လုံခြုံရေးဝန်ထမ်းကလည်း ထိုသို့ဖော်လံဖားနေရခြင်းမှာ ကိုယ့်ဘက်က ဘာအားနည်းချက်ရှိလို့လုပ်နေရသလဲ၊ ကိုယ်ရဲ့အတတ်ပညာနဲ့ အတန်းပညာက လုံလောက်မှုမရှိလို့ ဒီလိုနည်းလမ်းမကျတာတွေနှင့် အလုပ်မပြုတ်ရအောင် ကျားကန်ထားပေးနေရတာလား၊ ဒီလိုမှမဟုတ်ဘဲ ကိုယ့်ဘက်က ချို့ယွင်းချက်မရှိဘူးဆိုလျှင် တိတိလင်းလင်း သဘောဆန္ဒ ကို ပြရပေမည်။ အခြားသောနေရာဌာနန္တရ သို့ ပြောင်းရွှေ့ခွင့်တောင်းရပေမည်။ ဒါမှလည်း ကိုယ့်အလုပ်ကိုယ် မြတ်နိုးရာမည်ပေမည်။

ဒီလိုပဲ ကိုယ့်လက်အောက်အလုပ်သမားတွေခိုးလို့ စောင့်ဖမ်းနေရသောလုပ်ငန်းရှင်ဆိုပါက ဘာကြောင့်ယခုကဲ့သို့ ဖြစ်နေရသလဲဆိုတာ သေချာဆန်းစစ်ရပေမည်။ ဒီလိုမျိုးဖြစ်နေရတာ အကျင့်စာရိတ္တကြောင့်ပဲလား၊ အလုပ်သမားတွေမှာ ရသည့်လခနှင့်မလောက်၍ လုပ်သည်ပဲလားဆိုတာ မှန်ကန်သောရှုထောင့်ကသာ ဆုံးဖြတ်၍ ရှဥ့်လည်းလျှောက်သော ပျားလည်းစွဲသာ အနေအထားမျိုး ဖော်ဆောင်ပေးရပေမည်။ ဒါမှ ကိုယ့်လုပ်ငန်း အရှည်တိုးတက်တင်ကျန်ဖို့ ဖြစ်ပေလိမ့်မည်။ တကယ်တော့ ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ ကိုယ်မကျွမ်းကျင် မသက်ဆိုင်သောအလုပ်ကိုလုပ်နေကြ၍သာ ယနေ့ တစ်ကမ္ဘာလုံး ကသောင်းကနင်းဖြစ်နေရခြင်း ဖြစ်ပေသည်။

ဤသို့ဆိုလျှင် ထိုလူတွေကို စကားလက်ဆောင်တစ်ခုပါးချင်ပါသည်။ အသင်စာဖတ်သူလည်း ကိုယ့်ဘေးမှာ ကြုံတွေ့ရလျှင် လက်ဆောင် လမ်းကြုံပါးပေးစေချင်ပါသည်။ အခြားတော့မဟုတ် 'ဒူးနေရာဒူး၊ တော်နေရာတော်' နေဖို့ကောင်းပြီဟုသာ။

**ဂျီအောင်ဘန်း**

■

www.foreverspace.com.mm

# လုံခြုံရေးဆိုတာ

ကိုဝမ်း

**နိုင်ငံတစ်ခု၊ ဒေသတစ်ခုတွင် လုံခြုံရေးကအရေးကြီးသည်။ နိုင်ငံပိုင်ပစ္စည်းဥစ္စာ၊ တစ်သီးပုဂ္ဂလပစ္စည်းဥစ္စာ၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရေးအတွက် လုံခြုံရေးဆိုတာကို ခန့်ထားရသည်။ ထားပြီးသည်နှင့် ယင်းလုံခြုံရေးကို တစ်စုံတစ်ရာ လုပ်ပိုင်ခွင့်၊ သော့၊ လက်နက် စသည်တို့ အပ်နှံထားသည်။ ယုံကြည်စိတ်ချ၍ ဤသို့တာဝန်နှင့် လုပ်ပိုင်ခွင့်ကို အပ်နှံထားခြင်းဖြစ်ပေရာ သက်ဆိုင်ရာလုံခြုံရေးက ယင်းယုံကြည်မှုကို အလွဲသုံးစားမပြုရ။ ယင်းတာဝန်နှင့် လုပ်ပိုင်ခွင့်အတွက် ထိုက်သင့်သော အခကြေးငွေ (လစာ) ကို ပေးအပ်ပြီးဖြစ်သည်။ လုံခြုံရေးသည် ယုံကြည်၍ အပ်နှံထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်ကို တလွဲအသုံးချခဲ့သော် လုံခြုံရေးဘဝမှ သူခိုး၊ ဓားပြအဖြစ်သို့ ချက်ချင်းပြောင်းလဲသွားမည်သာဖြစ်သည်။**

ကျွန်တော် ၁၉၉၅ ခုနှစ်လောက်က တရုတ်ပြည် ကွမ်တုန်ပြည်နယ် ကြုံစမ်းမြို့က အဖြစ်အပျက်တစ်ခုကို သတိရနေမိသည်။ ကြုံစမ်းရှိ ဘဏ်တစ်ခု၏ လုံခြုံရေးအစောင့်က နေ့ခင်းထမင်းစားရန် ဘဏ်ပိတ်ထားချိန်တွင် သူ့ဘဏ်ကိုသူက ဓားပြပြန်တိုက်ခဲ့သည်။ ဘဏ်ဝန်ထမ်းတွေကို သတ်ပစ်သည်။ ရာဇဝတ်ဘေးပြေးမလွတ်။ သူ့ကိုဖမ်းမိသည်။ တရုတ်ပြည်မှာ တရားစီရင်တာက ထိုစဉ်ကမြန်၏။ ဆယ့်ငါးရက်ကြာတော့ သူ့နောက်စေ့ထဲ ကျည်ဆန်တစ်တောင့်ပစ်သွင်းလိုက်လေသည်။ ယခုတော့ တရုတ်ပြည်တွင် သေဒဏ်ကို လျင်လျင်မြန်မြန်မစီရင်တော့ပါ။ ထိုစဉ်က ကျွန်တော်က မကာအိုတွင်ရှိနေခဲ့ရာ အဆိုပါ ကြုံစမ်းဘဏ်ဓားပြတိုက်မှုက ဟောင်ကောင်၊ မကာအိုဒေသတွင် အုတ်အော်သောင်းတင်းဖြစ်သွားခဲ့တာသိသည်။ မကာအိုနှင့် မိုင်



www.foreverspace.com.mm



၃၀ ခန့်သာ ဝေးလေသည်။

ကျွန်တော်သည် မကာအိုတွင် ၁၃ နှစ်ကြာ လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ လုံခြုံရေးဆိုတာ စစ်သားဟောင်း၊ ရဲသားဟောင်းတို့နှင့် ပို၍သင့်တော်သည်။ စည်းမျဉ်းစည်းကမ်းကို နားလည်ရသည်။ ကျွန်တော်က စစ်သားဟောင်းမဟုတ်ပါ။ သို့ပေမယ့် အမှတ် (၂) တက္ကသိုလ်လေ့ကျင့်ရေးတပ် (မန္တလေး) တွင် အခြေခံစစ်ပညာပြီးဆုံးခဲ့သည်။ စစ်လေ့ကျင့်ခန်းဆင်းဖူးသည်။ ဒီတော့ ဒီအလုပ်က ကျွန်တော့်အတွက်ခဲယဉ်းသောအလုပ်မဟုတ်။ ထူးဆန်းသောအလုပ်မဟုတ်တော့ပါ။

ကျွန်တော်တို့အရပ်တွင် လုံခြုံရေးဆိုတာ ခါးကောက်ကိုခါးတွင်ချိတ်ထားသော ဂေါ်ရခါးအစောင့်၊ ဝါးလုံးရှည်ကြီးနှင့် လက်တစ်ဖက်က မီးအိမ်ကိုင်ထားသော ကုလားလူမျိုးလောက်သာသိရှိကြသည်။ ကမ္ဘာပေါ်တွင် လုံခြုံရေးကုမ္ပဏီကြီးတွေရှိသည်။ ဆီကျူရီကော (Securicor) နှင့် ဂတ်ဒ်ဖို့စ် (Guard Force) လို ကုမ္ပဏီတွေဖြစ်သည်။ ဒီကုမ္ပဏီကြီးတွေ၏ ထိပ်တန်းအရာရှိကြီးများသည် အခြားသူများမဟုတ်ပါ။ စစ်တပ်ကအနားယူခဲ့သော ဗိုလ်ချုပ်ကြီးတွေ ဖြစ်သည်။ ဒီပုဂ္ဂိုလ်ကြီးတွေက အနားယူပြီးသော်ငြား အလုပ်မလုပ်တတ်။ သူတို့နားလည်သည်က လုံခြုံရေးကိစ္စသာဖြစ်သည်။ သို့နှင့် လုံခြုံရေးကုမ္ပဏီများတွင် ထိပ်တန်းအရာရှိကြီးတွေ ဝင်လုပ်သည်။ လုံခြုံရေးကုမ္ပဏီကလည်း သူတို့ကို လိုလိုလားလား ဖိတ်ခေါ်သည်။ ဥပမာပြရသော် တစ်ခါက မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)–North Atlantic Treaty Organization (NATO) တပ်ဖွဲ့၏ ဦးစီးတပ်မှူး ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားဟိဇ်သည် သမ္မတရေဂင်လက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းခဲ့ဖူးသည်။ ထို့နောက် လုံခြုံရေးကုမ္ပဏီတစ်ခုတွင် ထိပ်တန်းအရာရှိကြီးအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ခဲ့သည်။

> **ကမ္ဘာပေါ်တွင် လုံခြုံရေးကုမ္ပဏီကြီးတွေရှိသည်။ ဆီကျူရီကောနှင့် ဂတ်ဒ်ဖို့စ်လိုကုမ္ပဏီတွေ ဖြစ်သည်။ ဒီကုမ္ပဏီကြီးတွေ၏ ထိပ်တန်းအရာရှိကြီးများသည် အခြားသူများမဟုတ်ပါ။ စစ်တပ်ကအနားယူခဲ့သော ဗိုလ်ချုပ်ကြီးတွေဖြစ်သည်။ ဒီပုဂ္ဂိုလ်ကြီးတွေက အနားယူပြီးသော်ငြား အလုပ်မလုပ်တတ်။ သူတို့နားလည်သည်က လုံခြုံရေးကိစ္စသာ ဖြစ်သည်။ သို့နှင့် လုံခြုံရေးကုမ္ပဏီများတွင် ထိပ်တန်းအရာရှိကြီးတွေ ဝင်လုပ်သည်။ လုံခြုံရေးကုမ္ပဏီကလည်း သူတို့ကို လိုလိုလားလား ဖိတ်ခေါ်သည်။**

နိုင်ငံတကာမှာက လုံခြုံရေးကုမ္ပဏီ အသီးသီးရှိသည်။ နာမည်ကြီး နိုင်ငံတကာကုမ္ပဏီရှိသလို ဒေသခံကုမ္ပဏီလည်းရှိသည်။ (မြန်မာနိုင်ငံတွင်လည်း ယခုအခါရှိနေပါပြီ)။ ရုံးတွေ၊ ဘဏ်တွေ၊ ဈေးဆိုင်တွေက လုံခြုံရေးကုမ္ပဏီထံကနေ လူငှားရမ်းသည်။ ကိုယ့်လုံခြုံရေးနှင့် ကိုယ်ဆိုက ခွင့်ကိစ္စ၊ နှစ်တိုးကိစ္စတွေ ရှုပ်သည်။ သူ့လုံခြုံရေးကို တစ်နာရီ ဘယ်လောက်နှင့်ငှားတော့ ကိစ္စရှင်းသည်။ ခွင့်ယူ၍ ပျက်ကွက်လျှင် လုံခြုံရေးကုမ္ပဏီက ချက်ချင်းလူစားပေးရသည်။ မကြိုက်လျှင် လူလဲခိုင်းမည်။

လုံခြုံရေးကုမ္ပဏီက အဆောက်အအုံငှားရသည်။ မီးဖိုး၊ ရေဖိုး၊ စာရွက်စာတမ်း၊ ကွန်ပျူတာရုံးသုံးပစ္စည်း၊ အခြားဝန်ထမ်း (စာရင်းကိုင်၊ အော်ပရေးရှင်း၊ လုံခြုံရေးတွေလိုက်စစ်ရသည့် ကြီးကြပ်ရေးမှူး၊ မော်တော်ကား၊ ဆိုင်ကယ်၊ ဆီဖိုး) စရိတ်တွေ ရှိသည်။ ပြီးတော့ ယူနီဖောင်းစရိတ်ရှိသည်။ သက်ဆိုင်ရာရုံးကနေ လုံခြုံရေးတစ်ဦး ၁၂ နာရီအတွက်ကို တစ်လ ငွေလေးထောင်နှုန်းရယူမည်။ ယင်းလုံခြုံရေးကို လွှန်ရောကျွံရောပေးလျှင် သုံးထောင်ပဲဖြစ်သည်။ ကျန်တစ်ထောင်က အခြားအသုံးစရိတ်ထဲ ဝင်သွားမည်။ လူဦးရေများများနှင့် အော်ဒါများများရသော် ကုမ္ပဏီကကိုက်၏။ ကုမ္ပဏီတစ်ခု နာမည်ရလာလျှင်လည်း ငှားရမ်းသူပေါများ၏။ မကာအိုဆေးရုံကြီးတွင် ဂတ်ဒ်ဖို့စ်ကုမ္ပဏီက လုံခြုံရေးများငှားထားရာ တစ်ရက်ကို နေ့လူဦးရေ ၂၀ ခန့်နှင့် ည ၁၀ ဦးခန့် ရှိသည်။ သာမန်ဈေးဆိုင်မျိုးကတော့ နေ့ပိုင်းတစ်ဦးခန့်သာ ငှားသည်။ ဟိုတယ်တွေကလည်း အလားတူလုံခြုံရေးဦးရေခေါ်တာများသည်။ ဘဏ်တွေကတော့ ရုံးချုပ်တွင် နေ့တစ်ဦး၊ ညတစ်ဦးသာ ဖြစ်ပေသည်။ ဘဏ်ခွဲများလျှင်များသလို ဆယ်ဦးမှ ဆယ့်ငါးဦးခန့် (နေ့) အတွက်ငှားကြသည်။ ဘဏ်ခွဲတွေက ညကို တံခါးပိတ်၊ သော့ခတ်သတိပေးစက် (Alarm) ဖွင့်ထားခဲ့သည်။ လက်ကျန်ငွေကိုလည်း ဘဏ်က မီးအာမခံသေတ္တာမှာ များများမထားခဲ့ပါ။ နေ့ပိုင်းကျမှသာ ရုံးချုပ်ကနေ ငွေကိုလှမ်းမှာကြပေသည်။

ဤကဲ့သို့သော အစိုးရရုံး၊ ဘဏ်၊ ဈေးဆိုင်၊ ဆေးရုံ၊ ဟိုတယ်တွေက ငှားရမ်းသောလုံခြုံရေးတို့သည် လခစားမဟုတ်ပေ။ အမြဲတမ်းခန့်ထားခံရခြင်းမဟုတ်။ နေ့စားလရှင်းဖြစ်သည်။ တစ်ရက်ကို ၁၂ နာရီ၊ တစ်နာရီကို မည်မျှ။ ယင်း ၁၂ နာရီတွင် ၈ နာရီက ပုံမှန်။ ပိုသောအချိန်က အချိန်ပိုလုပ်ခအဖြစ်တွက်၍ပေးသည်။ ခွင့်တစ်ရက်ယူသော် တစ်ရက်စာမရ။ ခွင့်ခံစားခွင့်မရှိ။ နှစ်တိုးခံစားခွင့်မရှိပေ။

ဟောင်ကောင်နှင့် မကာအိုတွင် ထိပ်


www.foreverspace.com.mm

တန်းလုံခြုံရေးကုမ္ပဏီက ဂတ်ဒ်ဖို့စ်နှင့် ဆီကျူရီကော ဖြစ်သည်။ ယင်းကုမ္ပဏီက လုံခြုံရေးတွေကို အစိုးရရုံးများ၊ ဘဏ်များက အငှားများသည်။ ဖိလစ်ပိုင်တွေ လုပ်တာများသည်။ အင်္ဂလိပ်စကားတတ်၍ ရုံးတွေ၊ ဘဏ်တွေမှာ သုံးတာများသည်။ မြန်မာရောက်လာတော့ အင်္ဂလိပ်စကားအပြင် တရုတ်စကားကိုပါပြောတတ်၍ ဖိလစ်ပိုင်ထက်ပိုပြီး အသုံးတည့်သွားသည်။ ဂတ်ဒ်ဖို့စ်၏ တယ်လီဖုန်းအော်ပရေတာတွေသည် မြန်မာလူမျိုးတွေဖြစ်သည်။

ပြည်မကြီးက တရုတ်လူမျိုးတွေက အင်္ဂလိပ်လိုမတတ်၊ မတတ်တာမှ တစ်လုံးမှမတတ်။ သည်တော့ သူတို့ကို ပန်းခြံနှင့် ဆေးရုံလိုနေရာမှာပဲထားရသည်။ ဒေသခံလူငယ်တွေက ညအလုပ်ကို လစာနည်းပြီး အချိန်ရှည်၍ မလုပ်လိုကြ။ တရုတ်လုံခြုံရေးကုမ္ပဏီတွေရှိသည်။ တရုတ်လို တိုင်မာခေါ် ကွန်ဒိုအစောင့်တွေ ဖြစ်သည်။ လစာနည်းသည်။ ဒေသခံအသက်ကြီးသူတွေ လုပ်သည်။ ဘာမှမပင်ပန်း ထိုင်နေရုံသာပါပဲ။

မကာအိုရောက်ရောက်ချင်း မကြာမီ ဂတ်ဒ်ဖို့စ်မှာ စလုပ်ရတော့ ဂျူတီဖရီးဆိုင်ဈေးဆိုင်ကိုပို့သည်။ နေ့ခင်း ၁၂ နာရီမှ ည ၉ နာရီ 'ပင်မ'ဆိုင် ၃၁၉ မှ ၃၁၁၁ အထိ ဆိုင်ခွဲတာဝန်ထမ်းရသည်။ ပင်မဆိုင်မှာက မထိုင်ရ။ မထိုင်ရမှ လုံးဝကိုမထိုင်ရ။ နေ့ခင်း ၁၂ နာရီက စရပ်ခဲ့ရာ ညနေလေးနာရီတွင် ခြေထောက်တွေ ကွနေပြီ။ ကောင်တာမှီပြီးရပ်နေသော် အိပ်မက်တွေ ဘာတွေမက်သည်အထိ ဖြစ်သွားသည်။ ဒီဆိုင်မှာ ဘယ်သူမှမထိုင်ရ။ ညနေ ၆ နာရီမှ ၆ နာရီခွဲ ထမင်းစားချိန် နာရီဝက်ပဲထိုင်ရသည်။ ဘာမှမလုပ်ရပေ။ ဘာမှမလုပ်ရပေမဲ့ မလေးရှားတွင် သစ်ထမ်းရသည်ထက် ပင်ပန်း၏။

၁၉၉၂ ခုနှစ် ဇွန်လတွင် လူဝမ်ရှိ အီစီအမ်ဆက်သို့ပြောင်းရသည်။ ဒီအရပ်တွေမှာက ဘဏ်တွေ၊ အစိုးရရုံးတွေ၊ ဈေးဆိုင်တွေက နေ့ပိုင်းမှာ လေအေးစက်ရှိသည်။ လေအေးစက်ရှိတော့ နေရတာသက်သာသည်။ ဘဏ်မှာက ဓားပြလာမတိုက်အောင် အဟန့်ထားခြင်းဖြစ်သည်။ ဓားပြလာတိုက်ရင်လည်း ကိုယ့်မှာက ဘာသေနတ်မှမရှိ။ သူက သေနတ်ပါ၏။ ၁၉၉၃ ခုနှစ်လောက်တွင် ဘဏ်ခွဲတစ်ခုကို ဓားပြဝင်တိုက်ရာ ဓားပြက ဝင်ဝင်ချင်းပဲ အစောင့်၏ခေါင်းထဲကို ကျည်ဆန်ပစ်သွင်းလိုက်သဖြင့် ပွဲချင်းပြီး သေခဲ့ရသည်။ ထိုနှစ်က ကိုးလအတွင်း ဘဏ်ဓားပြမှု ဆယ်ကြိမ်ဖြစ်ခဲ့သည်။ ဘဏ်လုံခြုံရေးက မျက်မြင်သက်သေခံဖြစ်ထားခြင်းဖြစ်သည်။ ဓားပြတိုက်ခံရသော်ရဲက ဓားပြကို စုံစမ်းဖော်ထုတ်ပါက လုံခြုံရေးက လူဆွဲပြသရန် ဖြစ်သည်။ လုံခြုံရေးက သတိနှင့် တက်တက်ကြွကြွနေရသည်။ သို့မှ ဓားပြက လက်ရှောင်သည်။ လုံခြုံရေးအိပ်ငိုက်နေသောဘဏ်မျိုးသာ ဓားပြတိုက်ခံရပါသည်။ မကာအိုမြို့ ဆမ်းမာလူး (လမ်းသစ်) ပေါ်တွင် မြို့လယ်ခေါင်မို့ ရွှေဆိုင်တွေပေါသည်။ ရွှေဆိုင်က ဘဏ်ထက်အန္တရာယ်များသည်။ ဆိုင်ဖွင့်သည်နှင့် တံခါးဖွင့်ထားရသည်။ ရွှေဆိုင်နှစ်ဆိုင်တွင် တစ်ဆိုင်က ဖိလစ်ပိုင်လုံခြုံရေးက တက်ကြွသည်။ နောက်တစ်ဆိုင်က ပျင်းတိပျင်းရွဲ တိုင်မှီနေတတ်သည်။ ယင်းလုံခြုံရေးငပျင်းကို ဓားပြက ဝင်ဝင်ချင်း သေနတ်ဒင်



www.foreverspace.com.mm

နှင့်ရိုက်ကာ စားပြတိုက်သွားခဲ့လေသည်။

လုံခြုံရေးကုမ္ပဏီတွင် အော်ပရေးရှင်း ခေါ်လူအင်အားနေရာချမှုကအဓိကဖြစ်သည်။ ဖိလစ်ပိုင်ထားရသည့်နေရာ တရုတ်ထား၍ မရ။ ပြဿနာပေါ်တတ်၏။ တရုတ်ထားရသည့်နေရာ ဖိလစ်ပိုင်ထား၍မရ။ သူက တရုတ်စကားမတတ်၊ လုံးဝကိုမတတ်။ အော်ပရေးရှင်းအရာရှိက နေရာတွေနှင့် အချိန် Schedule တွေကို သိထားရသည်။ ခေါင်းထဲမှာ ပို့စ် Post ခေါ်သည့်နေရာတွေ အကြောင်း အမြဲစဉ်းစားထားရသည်။ သို့မှသာ ည ၈ နာရီ ဘယ်ပို့စ်က ပျက်ကွက်ဆိုသော် အော်ပရေးရှင်းအရာရှိက ဘယ်သူကို အစားထိုးဟု ပြောရသည်။ ထိုအခါ ကြီးကြပ်ရေးမှူးက ဆိုင်ကယ်နှင့် ကားနှင့် ခေါ်ကာ အစားထိုးသွားပို့ပေးရသည်။

လုံခြုံရေးကုမ္ပဏီလူခိုးပုံ ပြောပြပါမည်။ နှစ်ယောက်စောင့်သောပို့စ်မှ တစ်ယောက်ကိုခေါ်၍ ပျက်ကွက်နေရာကို တစ်ညတာပို့ရခြင်းကို မပြောပါ။ အရေးပေါ်အကြောင်းအရာ ဖြစ်သည်။ ယခုပြောမည့်ဟာက ရည်ရွယ်ချက်နှင့် လူခိုးခြင်းဖြစ်သည်။

၁၉၉၅ ခုနှစ် ဇူလိုင်လတွင် ကျွန်တော်သည် ဘဏ်တွင် တနင်္လာ၊ သောကြာ၊ စနေ နေ့ဝက် (အချိန်ပြည့်တာဝန်) စနေ ညနေပိုင်းနှင့် တနင်္ဂနွေနေ့ပိုင်းကို အစိုးရမော်ကွန်းတိုက်(အချိန်ပိုင်း) တာဝန်များရှိသည်၊ သို့သော် ဇူလိုင်လ ၁ ရက်နေ့တွင် မန်နေဂျာက တနင်္လာ၊ သောကြာ ဘဏ်တွင် ညနေ ၅ နာရီပြီးသော် ည ၉ နာရီအထိ လူဝမ်မြူနီစပယ် ဥယျာဉ်တွင် အချိန်ပိုင်း တစ်နေ့လေးနာရီဆင်းပါဆို၍ ဆင်းခဲ့ရသည်။ တကယ်တော့ လုံခြုံရေးတစ်ဦးတည်းကို ဤသို့ တာဝန်တွေအများကြီးမပေးရပါ။ ကျန်သူတွေလည်း မျှပေးရသည်။ သို့မှ သူတို့လည်း လစာကောင်းမည်။ ဘဏ်နှင့် ၁၀ မိနစ်ခရီးမို့ ကျွန်တော့်ကိုပေးခြင်းဖြစ်သည်။

ရုံးကအော်ပရေးရှင်းအရာရှိ ကိုအေးသိန်းအား "ကျွန်တော့်မှာ မော်ကွန်းတိုက်

**ညဘက်တွင် လုံခြုံရေးသည် အချို့နေရာ၌သာ အိပ်ရသော်လည်း အချို့နေရာ၌ မအိပ်ရပါ။ အချိန်ထိုးရသည်။ ကင်းလှည့်ရခြင်း ဖြစ်သည်။ ဆေးရုံတွင် နေရာ ၁၅ ခု၌ ပလတ်စတစ်ခုံလေးတွေတပ်ထားသည်၊ ယင်းကို အလှည့်ကျ အီလက်ထရွန်နစ်ကီးရီယာကိုင်၍ ကင်းလှည့်ရင်း အချိန်ထိုးရသည်။ အားလုံးပြီးသော် ယင်းကီးရီယာကို စက်နှင့်ဆက်ထားသည့်ခွက်မှာ တပ်သော် စက်က ကရိကရိနှင့် နေရာနှင့် အချိန်မိနစ်စက္ကန့်တို့ ရိုက်ထုတ်ပေးသည်။ တစ်ခါတလေ စက်က ကြောင်၍မရိုက်သော် နောက်တစ်ခါ ပြန်တိုးရသည်။**

အချိန်ပိုင်းရှိတာ မန်နေဂျာမသိဘူးလား"ဟု မေးသော် ကိုအေးသိန်းက "သိသားပဲ။ သူပေးချင်လို့ပေးတာ"ဟုပြော၏။ မဟုတ်ပါ။ မန်နေဂျာကလူခိုးချင်၍ ကျွန်တော့်အား ဤပန်းခြံအချိန်ပိုင်းထပ်ပေးခြင်း ဖြစ်သည်။

ဤပန်းခြံ၏ လုံခြုံရေးတာဝန်ကျချိန်က ညနေ ၅ နာရီမှ နောက်နေ့နံနက် ၉ နာရီ (၁၆ နာရီ) တာဝန်ဖြစ်၏။ ယင်းကို ၁၆ နာရီ နှစ်ယောက်၊ ၁၂ နာရီ ည ၉၊ နံနက် ၉ တစ်ယောက်အဖြစ် မြူနီစပယ်က ဂတ်ဒ်ဖို့စ်ကိုငှား၏။ ဂက်ဒ်ဖို့စ်က ယင်းအတိုင်း လူအပြည့်မထားခဲ့ပါ။ ၁၆ နာရီတစ်ယောက်၊ ၄ နာရီ တစ်ယောက်၊ ၁၂ နာရီ တစ်ယောက်ပဲ ထားခဲ့သည်။ ၄ နာရီသည် ကျွန်တော်ဖြစ်သည်။ ကျွန်တော့်ကို ၁၆ နာရီ ဟန်ပြထားခဲ့သည်။ ည ၉ သမားလာတော့ ကျွန်တော်ပြန်သည်။ တစ်နေ့ကို လူမထားဘဲ ၁၂ နာရီစာ အလကားယူခဲ့သည်။ မြူနီစပယ်တွင် မြန်မာလူမျိုး တိရစ္ဆာန်ဆရာဝန် ကိုကျော်ကျော်ထွန်းရှိသည်။ ကိုကျော်ကျော်ထွန်းက "ဦးဝမ်း ရုံးမှာ ကျွန်တော်တွေ့တော့ ရှေ့ထောင်က နှစ်ယောက်၊ နောက်ထောင်က တစ်ယောက်ပါလား" ဆို၍ ကျွန်တော် သိခဲ့ရခြင်းဖြစ်သည်။ ကိုကျော်ကျော်ထွန်းအား တိတ်တိတ်နေရန် ပြောလိုက်ရသည်။

တစ်ရက်ကို ၁၂ နာရီနှင့် တစ်လကို ၃၆၀ နာရီ ဤနေရာတွင် ဂတ်ဒ်ဖို့စ်က ၅ နှစ်နီးပါး တာဝန်ယူခဲ့သည်။ လူမထားဘဲနှင့် ငွေသုံးသိန်းကျော် အလကားစားခဲ့သည်။ ဤကား လုံခြုံရေးကုမ္ပဏီတို့၏ လူခိုးပုံတည်း။ အစိုးရရုံးညတာဝန်မို့ မည်သူမှမသိ။ ယင်းကို အခွင့်အရေးယူကာ လူခိုးခြင်းဖြစ်လေသည်။

ဤအရပ်က ဖဲဝိုင်း၊ ကာစီနိုပေါသည်။ သည်တော့ ဖဲသမားပေါသည်။ ကုမ္ပဏီကြီးကြပ်ရေးမှူးတွေက ဖဲရိုက်သည်။ အမြဲရှုံးသည်။ အမြဲငွေလိုသည်။ သူတို့က လူတစ်ယောက်ကို "ငါ့ကို ငွေ ၂,၀၀၀ ပေး၊ အိပ်ရတဲ့နေရာ တာဝန်ချပေးမယ်" ဆိုပြီး ခေါ်သည်။ တကယ်တော့ ယင်းနေရာက မအိပ်ရ၊ ပြဿနာတွေတက်ကုန်သည်။

နောက်ကြီးကြပ်ရေးမှူးတစ်ဦးက ဘယ်ကကောက်လာမှန်းမသိသော (လွယ်သည့်အိတ်) နာရီတွေကို လုံခြုံရေးတွေကို လာရောင်းသည်။ လုံခြုံရေးက သူ့ကို ကြောက်ရတော့ ဝယ်ရသည်။ လုပ်ပိုင်ခွင့်ကို စ၍စဉ်းစားပြုမှု (Power abase) ဖြစ်၏။ ကျွန်တော်က မော်ကွန်းတိုက်တွင် ညတာဝန်အမြဲတမ်းကျတော့ ဒီကောင်လာမည်ကို သိသည်။ သူလာပြီးအိတ်ရောင်းတော့ "ငါမှာ အိတ်တွေအများကြီးဝယ်ဖို့ မလိုဘူး။ ဒါပေမဲ့ မင်းကိုငါ လက်ဖက်ရည်

www.foreverspace.com.mm

တိုက်ပါ့မယ်” ဆိုပြီး သူ့အိတ်မယူပဲ ငွေတစ်ရာပေးလိုက်သည်။ အိတ်ကိုအတင်းထားပြီး ထွက်ပြေးသွားသည်။ နောက် ဘာပစ္စည်းမှ လာမရောင်းတော့ပေ။

ညဘက်တွင် လုံခြုံရေးသည် အချို့နေရာ၌သာအိပ်ရသော်လည်း အချို့နေရာ၌မအိပ်ရပါ။ အချိန်ထိုးရသည်။ ကင်းလှည့်ရခြင်းဖြစ်သည်။ ဆေးရုံတွင် နေရာ ၁၅ ခု၌ ပလတ်စတစ်ခုံလေးတွေ တပ်ထားသည်။ ယင်းကို အလှည့်ကျ အီလက်ထရွန်နစ်ကိရိယာကိုင်၍ ကင်းလှည့်ရင်း အချိန်ထိုးရသည်။ အားလုံးပြီးသော် ယင်းကိရိယာကို စက်နှင့်ဆက်ထားသည့်ခွက်မှာ တပ်သော် စက်က ကရိကရိနှင့် နေရာနှင့် အချိန်မိနစ်စက္ကန့်တို့ ရိုက်ထုတ်ပေးသည်။ တစ်ခါတလေ စက်ကကြောင်၍မရိုက်သော် နောက်တစ်ခါ ပြန်တိုးရသည်။ သို့သော် အောက်ခြေတွင် အားလုံးကင်းလှည့်ခြင်း မှန်ကန်ပါက Tour Complete ဟုစာရေးသားချက်ပေါ်လာသည်။ ယင်းစာပေါ်လာသော် ကိုယ့်လစ်ဟင်းမှုမရှိ၊ စက်၏ချွတ်ယွင်းမှုမှန်း သိသာသည်။ ကျွန်တော်က ယင်းစာသားကိုသာ အမိရယူသည်။

**လုံခြုံရေးကုမ္ပဏီတွေက ငွေသယ်ပေးသည်။ ဤဆိုင်က ရောင်းရသမျှကို ဘဏ်သို့ သွင်းပေးသည်။ ယင်းအတွက် အခကြေးငွေပေးရသည်။ လုံခြုံရေးက တစ်လုံးထိုးသေနတ်ကိုင်သည်။ သို့သော် ဓားပြက အေကေ ၄၇ နှင့်တိုက်တော့ ဘာမှ မတတ်နိုင်ပါ။ ၁၉၉၂ ခုနှစ်တွင် ဟောင်ကောင်၌ ဟောင်ကောင် ရှန်ဟိုင်းဘဏ်က ထိုင်ဝမ်သို့ ပို့ငွေ ဟောင်ကောင်ဒေါ်လာ ၁၆၅ သန်း ဤပုံနှင့် အတိုက်ခံရသည်။ ဤမျှငွေပို့သည်ကို ဓားပြက ဘယ်လိုသိသလဲ၊ လုံခြုံရေးကုမ္ပဏီမှာ ဓားပြက သူ့မယားကို ဝန်ထမ်းအဖြစ် သွင်းကာ သတင်းယူခဲ့၍ သိရသည်။ ရဲက ထိုမိန်းမကို ဖမ်းစစ်ပေးသည်။ သက်သေမခိုင်လုံသဖြင့် ပြန်လွှတ်ရသည်။**

လုံခြုံရေးကုမ္ပဏီတွေက ငွေသယ်ပေးသည်။ ဤဆိုင်က ရောင်းရသမျှကို ဘဏ်သို့သွင်းပေးသည်။ ယင်းအတွက် အခကြေးငွေပေးရသည်။ လုံခြုံရေးကုမ္ပဏီက အမ်းမတ်ကားနှင့်သယ်ခြင်းဖြစ်သည်။ လုံခြုံရေးက တစ်လုံးထိုးသေနတ်ကိုင်သည်။ သို့သော် ဓားပြက အေကေ ၄၇ နှင့်တိုက်တော့ ဘာမှ မတတ်နိုင်ပါ။ ၁၉၉၂ ခုနှစ်တွင် ဟောင်ကောင်၌ ဟောင်ကောင် ရှန်ဟိုင်းဘက်က ထိုင်ဝမ်သို့ ပို့ငွေ ဟောင်ကောင်ဒေါ်လာ ၁၆၅ သန်း ဤပုံနှင့် အတိုက်ခံရသည်။ ဤမျှ ငွေပို့သည်ကို ဓားပြက ဘယ်လိုသိသလဲ၊ လုံခြုံရေးကုမ္ပဏီမှာ ဓားပြက သူ့မယားကို ဝန်ထမ်းအဖြစ်သွင်းကာ သတင်းယူခဲ့၍ သိရသည်။ ရဲက ထိုမိန်းမကို ဖမ်းစစ်ပေသည်။ သက်သေမခိုင်လုံသဖြင့် ပြန်လွှတ်ရသည်။

နောက်တစ်ခုလုံခြုံရေးကုမ္ပဏီတာဝန်ယူသည်က ဘဏ်တွေ၊ ဈေးဆိုင်တွေ ညဘက်လုံခြုံရေး ဖြစ်သည်။ ဘဏ်ကို ဥပမာထားပြောပါမည်။ ညနေငါးနာရီဘဏ်ပိတ်သော် မန်နေဂျာက သတိပေးစက်လျှို့ဝှက်နံပါတ်နှိပ်၍ နောက်ဆုံးမှထွက်ရင်း ထိုအခါ စက်က ‘စီစီ’ ဟူ၍ အသံတိုးတိုး မြည်နေ၏။ ရှေ့ကသံလိပ်တံခါးက သံပြားနှင့် အောက်ခြေခုံတို့ထိသော် ယင်းသတိပေးစက်အသံ ရပ်သွားသည်။ ယင်းနှစ်ခုသည် ခလုတ်နှိပ်ပြီး တစ်မိနစ်အတွင်း ထိရသည်။ သို့မဟုတ်က အသံချဲ့စက်မှ ဥသြမြည်လာသည်။ သတိပေးစက်က မြည်သံကို အသံချဲ့စက်၌တပ်သော် ဥသြသံဖြစ်သည်။ ထိုအခါ လုံခြုံရေးကုမ္ပဏီ၏ ကွပ်ကဲရေးခန်းမ (Controlroom)တွင် ဤဘဏ်၏နေရာပြမီးလင်းလာမည်။ တာဝန်ကျက ဘဏ်ကို ဖုန်းဆက်မေးသည်။ အဖြေမမှန်သော် ရဲကို ဖုန်းဆက်မည်။ ရဲကားက ဆယ်မိနစ်အတွင်း ရောက်လာမည်။ တစ်ခါတလေဘဏ်တွင်မှား၍ သတိပေးစက်ခလုတ်နှိပ်မိသော် လုံခြုံရေးကုမ္ပဏီဆီသို့ ချက်ချင်းဖုန်းဆက်ကာ ပြောရ၏။

ကျွန်တော်သည် ဤအလုပ်တွင် ၁၃ နှစ်ကြာခဲ့သည်။ အချိန်ပိုင်းအဖြစ် အစိုးရရုံး၊ ဆောက်လုပ်ရေး၊ ဆေးရုံအစုံတာဝန်ကျခဲ့သည်။ ဆေးရုံရေခဲတိုက်မှာတောင် စောင့်ခဲ့ရဖူးသည်။ ၁၉၉၅ ခုနှစ် အသက် ၄၉ နှစ်ကျမှ လုံခြုံရေးစာမေးပွဲဖြေခဲ့ရသည်။ အင်္ဂလိပ်စာနှင့် သင်္ချာစစ်သည်။ အောင်တော့ အသိအမှတ်ပြုလုံခြုံရေးလိုင်စင်ကတ်ထုတ်ပေးသည်။ အစိုးရရုံးတွေ၊ ဘဏ်တွေမှာ စောင့်တာက ဒီလိုင်စင်ရှိမှဖြစ်သည်။ ကြုံစမ်းဘဏ်ဓားပြတိုက်ပြီးတော့ လူဝမ်ဘဏ်သို့ ရဲလာစစ်၏။ ကျွန်တော်က ပတ်စ်ပို့နှင့် အလုပ်လုပ်ခွင့် ဘလူးကတ်ထုတ်ပြတော့မယူ။ Police I.D ဟုတောင်း၍ လိုင်စင်ကတ်ကို ထုတ်ပြလိုက်ရသည်။ ဘဏ်တွေလို အရေးကြီးသောနေရာတွင် ရဲပြစ်မှုကင်းရှင်းသောလူကိုမှထားသည်။ အင်း လစာကသာ ဘာမှမဟုတ်တယ်၊ ဒီအရပ်မှာ လုံခြုံရေးလုပ်ရတာ တယ်ခမ်းနားပါလားဟု အောက်မေ့မိသည်။

မိုးတွေအုန်းအုန်းထရွာနေဆဲ အပေါ်ပိုင်းမိုးကာစွပ်၊ အောက်ပိုင်းတစ်ပိုင်းလုံး ရွှဲကာနစ်၊ နေ့ခင်းနှစ်နာရီ နေကျဲကျဲအောက် မတ်တတ်ရပ်ခဲ့ရတဲ့အဖြစ်၊ ဆောင်းရာသီ အအေးချိန် ၈ ဒီဂရီ၊ ၉ ဒီဂရီရှိနေချိန် လေတဟူးဟူးတိုက်တဲ့ကွင်းပြင်ထဲ မတ်တတ်ရပ်ခဲ့ရတဲ့အဖြစ် ဘယ်သူမှမသိ၊ ကိုယ်ပဲသိ၏။ ငွေလိုချင်တော့လည်း ရပ်ခဲ့ရ၏။

**ကိုဝမ်း**

www.foreverspace.com.mm

ယခင်လမှအဆက်


Mumbai

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၃၅

ဦးလှဝင်း (လေသူရဲတစ်ဦး)

သူ့အိမ်ကြီးအကြောင်းကို ဆက်တင်ပြရဦးမယ်။

ဒီအိမ်ကြီးပြဿနာက အိန္ဒိယတစ်နိုင်ငံထဲမဟုတ်ဘူးခင်ဗျာ။ တစ်ကမ္ဘာလုံး စိတ်ဝင်စားတဲ့ပြဿနာပါ။

အထပ်ပေါင်း ၆၀ ရှိတဲ့ အဆောက်အအုံကြီးရဲ့အမြင့်နဲ့တူတဲ့အိမ်ဆိုတော့ သူ့အိမ်အမြင့်က ပေ ၅၇၀ ရှိပါတယ်။

စဉ်းစားကြည့်ပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပျမ်းမျှ နှစ်ထပ်အိမ်တစ်လုံးရဲ့အမြင့်က ဘယ်လောက်ရှိပါသလဲ။

အများဆုံးရှိရင် ပေ ၃၀၊ ၃၅ ပေပေါ့ခင်ဗျာ။

ဒီကုလားသူဌေးကြီး မြူကစ်အာဗာနီရဲ့အိမ်အမြင့်က ကျွန်တော်တို့မြန်မာတွေရဲ့ နှစ်ထပ်အိမ် ၂၀ ရဲ့ စုစုပေါင်းအမြင့်လောက်ကို ရှိပါလိမ့်မယ်။

ဘုံဘိုင်မြို့ကြီးမှာ မိုးပေါ်ကိုထိုးထွက်နေမယ့် အိမ်ကြီးပေါ့ခင်ဗျာ။

ဘုံဘိုင်မြို့ဆိုတာ အိန္ဒိယနိုင်ငံမှာ အကြီးဆုံးစီးပွားရေးမြို့တော်။ ကုလားသူဌေးကြီးတွေအားလုံးစုနေကြတဲ့ မြို့ကြီးပါ။

မြေဈေးကလည်း အလွန်ကြီးပါတယ်။

တစ်စတုရန်းပေကို ရူပီးငွေ ၇၅,၀၀၀ ပေးရပါတယ်။ ကုလားသူဌေးကြီးမြူကစ်ရဲ့အိမ်ကြီးက စတုရန်းပေ ၄၈,၀၀၀ ကျယ်တဲ့ မြေကွက်အပေါ်မှာ ဆောက်ထားတဲ့ အိမ်ကြီး။

တွက်ကြည့်ပါ။

မြေကွက်ဝယ်ရမယ့်ကုန်ကျမယ့်ငွေက သူဘယ်လောက်တောင် ချသုံးထားသလဲဆိုတာ။

ဒီမြေကို သူ ၂၀၀၂ ခုနှစ်က ဝယ်ယူခဲ့ပါတယ်။

သာမန်အဆောက်အအုံမှာ အထပ် ၆၀ ဆောက်ရတဲ့ အိမ်အမြင့်ဖြစ်ပေမယ့် မြူကစ်က သူ့အိမ်ကို ၂၇ ထပ်ပဲ ဆောက်ခိုင်းပါတယ်။ တချို့အထပ်တွေကို သူအမြင့်ကြီးဆောက်ခိုင်းထားတယ်ဆိုပါတော့။


ဒီအိမ်နဲ့ပတ်သက်ပြီး ပြောပြစရာတွေက အများကြီးပါပဲ။ ငွေဖြုန်းထားတာတွေပေါ့ခင်ဗျာ။

အဲဒီအိမ်ကြီးမှာ ရဟတ်ယာဉ်ဆင်းနိုင်တဲ့ ကွင်းသုံးခုရှိပါတယ်။

အထပ်ပေါင်းခြောက်ထပ်ကို သူ့အိမ်သုံးမော်တော်ကားနဲ့ ဧည့်သည်ကားတွေရပ်ဖို့နေရာအဖြစ် သတ်မှတ်ထားပါတယ်။

www.foreverspace.com.mm





Azim Prenji

သူ့အိမ်ကြီးရဲ့ အထပ်တစ်ထပ်ကို မော်တော်ကားပြင်ဖို့၊ မော်တော်ကားကြံ့ခိုင်ရေးလုပ်ဖို့ နေရာအဖြစ် သတ်မှတ်ထားပါတယ်။

သူဒီအိမ်ကြီးမှာ ခိုင်းဖို့ အလုပ်သမား ၆၀၀ ခန့်ထားပါလိမ့်မယ်။

အိမ်ကြီးရဲ့အပေါ်ဆုံးအထပ်က ပတ်ဝန်းကျင်ကိုကြည့်လိုက်ရင် ဘုံဘိုင်မြို့ကြီးတစ်မြို့လုံးကိုသာမဟုတ်ဘူး။ အာရေးဗီးယားပင်လယ်ကိုလည်း လှမ်းမြင်နေရပါလိမ့်မယ်။

ဒီအိမ်ကြီးက သူနေဖို့သပ်သပ်ဆောက်တာ။ သူ့ရုံးခန်း လုံးဝမထားဘူး။

ဒီအိမ်ကြီးမှာ နေကြမယ့် သူ့မိသားစုကဘယ်နှယောက်ရှိလိမ့်မယ်လို့ထင်ပါသလဲ။

ခြောက်ယောက်ပဲရှိတယ်ခင်ဗျား။

သူ၊ သူ့မယား၊ သူ့အမေ။

နောက် သူ့ကလေးသုံးယောက်။

ဒီမိသားစုခြောက်ယောက်နေဖို့အတွက် သူဘာကြောင့် ဒီလောက်တောင်ကြီးတဲ့အိမ်ကြီးကို ဆောက်ခဲ့ရတာလဲ။

အလွန်ကြွားချင်၊ ဝါချင်တဲ့စိတ်ကြောင့်ပေါ့ခင်ဗျာ။

ဒီနေ့ကုလားလူမျိုး သန်းပေါင်းများစွာက တစ်နေ့ နှစ်ဒေါ်လာနဲ့ နှစ်ဒေါ်လာအောက်လုပ်ခရပြီး ခက်ခက်ခဲခဲအသက်ရှင်နေထိုင်နေကြရပါတယ်။

ဘုံဘိုင်မြို့ပေါ်မှာကို အိမ်နေစရာမရှိဘဲ ဖြစ်သလို နေထိုင်နေတဲ့ လူတွေအများကြီးရှိတယ်ခင်ဗျာ။ ဒီလူတွေရဲ့ဘဝကို လွန်ခဲ့တဲ့ ၂နှစ်၊ သုံးနှစ်လောက်ကတောင် ရုပ်ရှင်ရိုက်ကူးပြီး အော်စကာဆုရခဲ့ဖူးသေးတယ်။

ကျွန်တော်လည်း အဲဒီရုပ်ရှင်ကို ကြည့်ဖူးပါတယ်။

"ဟဲ့ အလွန်လှပါတယ်ဆိုတဲ့ ဘုံဘိုင်မြို့မှာ ကုလားကလေးတွေ ဒီလိုပဲ ဆင်းဆင်းရဲရဲနေကြရသလား"

အဲဒီရုပ်ရှင်ကိုကြည့်ပြီး အဲဒီလိုပဲ ပြောခဲ့မိပါတယ်။

ဒါပေမဲ့ သူဌေးမြူကစ်အာဇာနီကတော့ ဘုံဘိုင်မြို့မှာပဲ နတ်ဘုံနတ်နန်းကြီးနဲ့တူတဲ့ အိမ်ကြီးကိုဆောက်ပြီး နေနေပါတယ်ခင်ဗျာ။

တကယ်တော့ သူ့ဖခင် ဒီရပ်ဟေးအာဇာနီက သူ့ကိုမွေးတဲ့အချိန်မှာ သူဌေးမဟုတ်သေးပါဘူး။ ရေမင်းနိုင်ငံ အေဒင်မြို့က ခါတ်ဆီဆိုင်တစ်ခုမှာ အရောင်းစာရေးလုပ်နေရတဲ့ဘဝ။ အဲဒီဘဝမှာ သူ့ကို မွေးခဲ့တာ။

မြူကစ်အာဇာနီကို ၁၉၅၇ ခုနှစ် ဧပြီလ ၁၉ ရက်နေ့ အေဒင်မြို့မှာ မွေးပါတယ်။

သူ့ကိုမွေးပြီး သိပ်မကြာပါဘူး။ သူ့ဖခင် အိန္ဒိယနိုင်ငံကို ပြန်လာတယ်။ ကိုယ်ပိုင်စီးပွားရေးစလုပ်တယ်။ ဘုံဘိုင်မြို့မှာနေတယ်။

အဲဒီတုန်းက ဘုံဘိုင်မြို့က သူတို့အိမ်က အိပ်ခန်းနှစ်ခန်းထဲ ရှိပါတယ်။

သူအိန္ဒိယမှာပဲ ပညာစသင်တယ်။

ဘုံဘိုင်တက္ကသိုလ်ကို တက်တယ်။

Chemical အင်ဂျင်နီယာပညာကို သင်တယ်။ Chemical အင်ဂျင်နီယာဖြစ်

www.foreverspace.com.mm

လာတယ်။ နောက် သူအမေရိကန်ပြည်ထောင်စု Stanford တက္ကသိုလ်ဆက်တက်ပြီး MBA ဘွဲ့ရဖို့ ကြိုးစားတယ်။ မအောင်မြင်ဘူး။ တစ်ဝက်နဲ့ထွက်ခဲ့တယ်။

ဖခင်ရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ဝင်လုပ်တယ်။

သူဌေးသားဘဝက သူဌေးဖြစ်လာတာ။ တကယ်တော့ သိပ်မဆန်းပါဘူး။ တကယ်တော်တာက သူ့ဖခင် ဒီရပ်ဟေးအာဗာနီပါ။

ဓာတ်ဆီဆိုင်စာရေးဘဝက သူဌေးကြီးဖြစ်အောင် ကြံဆောင်နိုင်ခဲ့တဲ့ပုဂ္ဂိုလ်။

ဒီရပ်ဟေးကွယ်လွန်ပြီးတဲ့နောက်မှာ မြူကစ်ရော သူ့ညီ အနဲပါ ချက်ချင်း အိန္ဒိယနိုင်ငံမှာ အချမ်းသာဆုံး သူဌေးကြီးတွေထဖြစ်လာကြပါတယ်။ ကုလားသူဌေးကြီး မစ်တယ် (Lakshmi Mittel)ပြီးရင် သူတို့နှစ်ယောက်က အချမ်းသာဆုံး။

ဒါပေမဲ့ ကုလားသူဌေးမြူကစ်နှင့် အနဲကြားမှာ ကုလားသူဌေးကြီးတစ်ယောက် ရှိသေးတယ်ခင်ဗျာ။ သူက ဘယ်သူမှ သိပ်သတိမထားမိဘဲ သူဌေးကြီးဖြစ်ခဲ့တာ။ ဒီပုဂ္ဂိုလ်က ဒီနေ့ အိန္ဒိယနိုင်ငံမှာ အနဲအာဗာနီထက် ပိုချမ်းသာပါတယ်။



**Wirnpoego Notebook**

ဒီပုဂ္ဂိုလ်နာမည်က အာဇင်ပရင်ဂျီ (Azim Prenji)။

သူ့ရဲ့ ကြွယ်ဝချမ်းသာမှုက အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံရှိတယ်လို့ပြောပါတယ်။ ဒီကုလားသူဌေးကတော့ မြူကစ်တို့၊ အနဲတို့ညီအစ်ကိုနှင့် လုံးဝမတူဘူးခင်ဗျာ။

သူချမ်းသာသမျှကို အိန္ဒိယပြည်သူတွေအတွက်ပဲ အသုံးချဖို့ စိတ်ကူးနေပါတယ်။

ကျွန်တော်တင်ပြခဲ့ပြီးဖြစ်တဲ့ စံပြကုလားသူဌေးကြီး တာတာအတိုင်းပါပဲ။

**Wipro Software Co.**



တာတာထက်တောင် ကုလားပြည်သူဘဝနဲ့ ပိုနီးကပ်မှုရှိသေးတယ်။ ကုလားတွေသုံးနေတဲ့ စကားနဲ့ဆိုရင်တော့ down to.earth ပိုဖြစ်သေးတယ်လို့ ပြောကြပါတယ်။

မှန်တယ်ခင်ဗျာ။

သူက ဒီနေ့ကြေညာထားတယ်။ သူသေရင် သူချန်ထားခဲ့မယ့် အမွေတွေကို သူ့ကလေးတွေကို အကုန်မပေးဘူး။ ပေးသင့်သလောက်ပဲပေးပြီး ကျန်ငွေတွေကို ကုလားလူထုကောင်းစားရေးအတွက် အကုန်သုံးပစ်မယ်တဲ့။

အံ့စရာမကောင်းဘူးလားခင်ဗျာ။

သူဌေးကြီးအာဇင်ပရင်ဂျီကို ၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှာ မွေးပါတယ်။ သူဌေးမြူကစ်အာဗာနီထက် အသက် ၁၂ နှစ် ပိုကြီးပါတယ်။

သူ့ကို လူအများက အိန္ဒိယနိုင်ငံက Bill Gates. . . အဲ . . . Indian Bill Gate လို့ ခေါ်ကြပါတယ်။

မှန်တယ်ခင်ဗျာ။

အမေရိကန်ကွန်ပျူတာပညာရှင်သူဌေးကြီး Bill Gates လိုပဲ အာဇင်ပရင်ဂျီဟာလည်း Solfware နဲ့ပတ်သက်ပြီး ချမ်းသာခဲ့တဲ့ပုဂ္ဂိုလ်ပါ။ သူဟာ အိန္ဒိယနိုင်ငံရဲ့ နာမည်ကြီး Wipro Solfware ကုမ္ပဏီရဲ့ဥက္ကဋ္ဌကြီးပါ။ Forbes မဂ္ဂဇင်းကြီးကတော့ သူ့ကို အိန္ဒိယနိုင်ငံရဲ့ ဒုတိယအချမ်းသာဆုံးသူဌေးကြီးလို့တောင် သတ်မှတ်ထားပါတယ်။

Asiaweek မဂ္ဂဇင်းကြီးကလည်း ၂၀၀၀ ပြည့်နှစ်က တစ်ကမ္ဘာလုံးရဲ့ အာဏာအရှိဆုံးပုဂ္ဂိုလ် ၂၀ . . . 20 most powerful men in the world ထဲမှာ တစ်ဦးအဖြစ်ပါဝင်တဲ့ပုဂ္ဂိုလ်လို့ ရွေးချယ်ထားပါတယ်။

Forbes မဂ္ဂဇင်းကြီးကပဲ သူ့ကို ၂၀၀၁ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်အတွင်း ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီး ၅၀ ထဲမှာ တစ်ဦးအဖြစ် ပါဝင်သူလို့ပြောပါတယ်။

နောက် ကမ္ဘာကျော် Time မဂ္ဂဇင်းကြီးကလည်း သူ့ကို ကမ္ဘာ့သြဇာအရှိဆုံး ပုဂ္ဂိုလ်တစ်ရာ (the 100 most influential

www.foreverspace.com.mm



people in the world) ထဲမှာတစ်ဦးအဖြစ် ပါဝင်တယ်လို့ ရွေးချယ်ထားပါတယ်။

အိန္ဒိယနိုင်ငံ Wipro ကုမ္ပဏီကြီးရဲ့ ရှယ်ယာ ၇၄ ရာခိုင်နှုန်းကို သူပိုင်တယ် ခင်ဗျာ။ ကျန်တဲ့ ၂၆ ရာခိုင်နှုန်းကိုတော့ ပူးတွဲကုမ္ပဏီစတင်တည်ထောင်သူ အဲ. . . Cofounder က ပိုင်ပါတယ်။

အာဇင်ပရင်ဂျီဟာ Wipro ကုမ္ပဏီကြီးရဲ့ကြွယ်ဝမှုကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းသာရှိတဲ့ဘဝက ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရှိတဲ့ဘဝကိုရောက်အောင် ဦးဆောင်ပေးနိုင်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။

ဒီနေ့ Wipro ကုမ္ပဏီဟာ အိန္ဒိယနိုင်ငံရဲ့အကြီးဆုံးဆော့ဖ်ဝဲကုမ္ပဏီကြီးပါ။ ဒီနေ့ ကမ္ဘာ့ရဲ့အကြီးဆုံးစက်မှုနဲ့ အသုံးချသိပ္ပံကုမ္ပဏီ (Technology Companies) ၁၀၀ မှာ ကုမ္ပဏီကြီးတစ်ခုအဖြစ် ပါဝင်ပါတယ်။

ဒီပုဂ္ဂိုလ်ကလည်း သူဌေးကြီးဂျေအာဒီတာတာလိုပဲ အမျိုးအနွယ်လိုက်ကို တော်တဲ့ပုဂ္ဂိုလ်ပါ။ သူ့အဘိုးက ကုလား ဆန်ကုန်သည်ကြီးပါ။

သူ့ခေတ်ရဲ့ မြန်မာနိုင်ငံကထွက်တဲ့ ဆန်ဈေးကွက်ကို လက်ဝါးကြီးအုပ်ထားနိုင်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ အင်္ဂလိပ်ခေတ်က သူ့အဘိုးကို ကုလားတွေက The rice king of Burma လို့ နာမည်ပေးထားကြပါတယ်။

သူ့အဖေက အိန္ဒိယနိုင်ငံမှာ အလွန်အောင်မြင်တဲ့ဆီ (Oil) နှင့် အဆီ (Fat) ကုန်သည်ကြီးပါ။ ဘယ်လောက်တောင် အောင်မြင်သလဲဆိုရင် ပါကစ္စတန်ခေါင်းဆောင်ကြီး M.A Jinnal က ပါကစ္စတန်နိုင်ငံကိုပြောင်းရွှေ့လာပြီး စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်လုပ်ကိုင်ဖို့ ဖိတ်ခေါ်ဖူးပါတယ်။

သူ့ဖခင်က လက်မခံဘူး။ ငြင်းခဲ့တယ်။ အိန္ဒိယနိုင်ငံမှာ ဆက်အခြေချစီးပွားရှာခဲ့တယ်။

အာဇင်ပရင်ဂျီဟာ အထက်တန်းပညာကို အိန္ဒိယနိုင်ငံမှာ သင်ခဲ့တယ်။ တက္ကသိုလ်ပညာကျတော့ သူ့ဖခင်က သူ့ကို အမေရိကန်ပြည်ထောင်စုကို အဓမ္မလွှတ်ပြီး ကမ္ဘာကျော် Stanford တက္ကသိုလ်ကြီးကို တက်ခိုင်းတယ်။ လျှပ်စစ်အင်ဂျင်နီယာ (Eelectrical Engineering) ကို သင်ခိုင်းတယ်။


ဒါပေမဲ့ ဘွဲ့ရတဲ့အထိ သင်ခွင့်မရလိုက်ဘူး။ သူ့ဖခင်ရုတ်တရက်သေဆုံးသွားတဲ့အတွက် အိန္ဒိယနိုင်ငံကို ချက်ချင်းပြန်လာပြီး မိသားစုရဲ့ စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်လုပ်ကိုင်ရပါတယ်။

အဲဒီအချိန်က ၁၉၆၆ ခုနှစ်။

သူ့အသက်က ၂၁ နှစ်ပဲ ရှိပါသေးတယ်။

သူဟာ သူ့ဖခင်ရဲ့ ဆီနဲ့ အဆီလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်ပြီး ဘာမှမကြာဘူး ဟိုက်ဒရိုဂျင်ဓာတ်အားသွင်း ဟင်းချက်အဆီ (Hydrogenated Cooking Fat) ထုတ်လုပ်ပြီး ဈေးကွက်ဝင်တိုးတယ်။

**Lakshmi Mittal**



www.foreverspace.com.mm




**Azim Prenji**

နောက် မုန့်ဖုတ်တဲ့အဆီ (Bakery Fat) ထုတ်တယ်။ နောက် ဆပ်ပြာအမျိုးအမျိုး ထုတ်တယ်။ နောက် ဆော့ဖ်ဝဲ (Software) ခေတ်ရောက်တော့ (ဆော့ဖ်ဝဲ) လိုင်းကို ကူးသွားတာပေါ့ခင်ဗျာ။

အာဇင်ပရင်ဂျီက စီးပွားရှာတဲ့ဆီမှာ ပိုင်တဲ့အလုပ်တစ်ခုထဲကိုပဲ လုပ်မယ်ဆိုတဲ့ လူစားမျိုးမဟုတ်ဘူး။ ခေတ်နဲ့အတူ အသစ်ပေါ်လာတဲ့ စီးပွားရေးလုပ်ငန်းသစ်တွေ စိတ်ဝင်စားတယ်။

စမ်းသပ်ပြီး လုပ်ချင်ကိုင်ချင်တဲ့စိတ် ရှိတယ်။

တစ်နည်းအားဖြင့်တော့ စီးပွားရှာတဲ့ဆီမှာ သတ္တိရှိတာပေါ့ခင်ဗျာ။

မူလလက်ငုတ်လုပ်ငန်းတစ်ခုထဲကို သာ မဲပြီးမလုပ်ဘဲ လုပ်ငန်းသစ်တွေကို လုပ်ဖို့ အမြဲစဉ်းစားတယ်။

စွန့်ရဲတယ်။

၁၉၈၀ ပြည့်နှစ်တွေအတွင်းမှာ သူ အိုင်တီနယ်ပယ်ကိုစဝင်တယ်။ အဲဒီအချိန် ဖြစ်ချင်တော့ အိန္ဒိယဈေးကွက်ကို လက်ဦးမှု ယူထားတဲ့ ကမ္ဘာကျော်အိုင်ဘီအမ် (IBM) ကုမ္ပဏီကြီးက အိန္ဒိယဈေးကွက်က ပြန်ဆုတ်နေပြီ။

အာဇင်ပရင်ဂျီက အိုင်ဘီအမ်နေရာကိုဝင်ယူတယ်။ ကွန်ပျူတာနဲ့ နွယ်နေတဲ့ ထုတ်လုပ်မှုလုပ်ငန်းတွေကို စလုပ်တယ်။ အချိန်ကောင်းကို မိလိုက်တယ်လို့ပဲဆိုပါတော့။

သူချက်ချင်း ချမ်းသာသွားတယ်။

သူ့ရဲ့ မူလမိသားစုလုပ်ငန်းရဲ့ ရင်းနှီးလှည့်ပတ်ငွေက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းလောက်ပဲရှိတယ်။ အိုင်တီလောကကိုဝင်ပြီး နှစ်အနည်းငယ်အတွင်းမှာပဲ သူ့ကုမ္ပဏီရဲ့ လှည့်ပတ်ငွေက အမေရိကန်ဒေါ်လာ ၆၆၂ သန်းအဆင့်ကိုရောက်သွားတယ်။


သူ့ရဲ့အောင်မြင်မှုက မြန်လွန်းတဲ့အတွက် သူသိပ်ချမ်းသာသွားပြီ ဆိုတာကို ဘယ်သူမှ မသိလိုက်ဘူး။

သူကလည်း နေတတ်တယ်။

သူဌေးကြီး ဒီရပ်ပေးရဲ့သား မြူကစ်တို့၊ အနဲတို့နဲ့ လုံးဝမတူဘူး။

လိမ္မာတယ်ဆိုပါတော့။

**Mumbai**



ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

www.foreverspace.com.mm

ပြီးခဲ့သောလမှအဆက်

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

(ဆူဟာတိုပြောသည့် သူ့သမိုင်း)

အခန်း (၁၃)

တင်ညွန့်



## တောင်ဆူလာဝီစီသို့ တာဝန်ပေးအပ်ခံရခြင်း

၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ဒတ်ချ်တို့က 'အချုပ်အခြာအာဏာကို လွှဲပြောင်းပေးအပ်ကြောင်း' ကြေညာခဲ့သည်။ သူတို့ပေးမှရမည့်ပုံပေါ်နေသည်။ အမှန်တကယ်တော့ ကျွန်တော်တို့ အချုပ်အခြာအာဏာကို အသိအမှတ်ပြုပြီးသားဖြစ်သည်။ ဒတ်ချ်တို့၏ အဆင့်မြင့် ကော်မရှင်နာမင်းကြီးအသစ်က တရားဝင်လွှဲပြောင်းစာချွန်လွှာကို နဝမမြောက် စူလ်တန်ဘုရင် ဟာမန်ကူဘူဝိုနိုလက်သို့ လွှဲပြောင်းပေးအပ်သည်။ အလားတူ ဗိုလ်ချုပ်အက်ဖ်မော်လင်ဂါကလည်း ဗိုလ်မှူးကြီး ဂါတော့ဆိုဘရိုတိုလက်သို့ လွှဲပြောင်းစာများပေးအပ်ခဲ့သည်။

ဒုဗိုလ်မှူးကြီး အာမက်ဂျူနုစ်မိုကိုဂင်တာသည် မာကာဆာ၌ လွှဲပြောင်းပေးအပ်သည့်အာဏာကို လက်ခံရရှိချိန်တွင် သူ့ထံ၌ ဝန်ထမ်းအနည်းငယ်နှင့် စစ်ရဲတပ်ဖွဲ့လေးတစ်ဖွဲ့သာ ရှိသည်။ ၁၉၅၀ မတ်လ ၃၀ ရက်နေ့တွင် KNIL တပ် (ဒတ်ချ်တော်ဝင်တပ်) မှ စေတနာ့ဝန်ထမ်းတပ်ဖွဲ့ဝင်များသည် RIS တပ်မတော်သို့ ကူးပြောင်းဝင်ရောက်လာကြသည်။ ဗိုလ်ကြီးအန်ဒီအဇစ်၏တပ်ဖွဲ့လည်း RIS ကို ပူးပေါင်းမည်ဟု ဆိုလာသည်။

www.foreverspace.com.mm





တောင်ဆူလာဝီစီတွင် TNI တပ်ကို အမြန်ဆုံးရုပ်သိမ်းရန် လိုအပ်နေသည်။ ထိုတပ်ဖွဲ့ဝင်များကို မာကာဆာသို့ သင်္ဘောများဖြင့် အမြန်ဆုံးပို့ပေးရန်ဖြစ်သည်။ သို့သော် သူတို့မရောက်မီ မာကာဆာမြို့တွင် နိုင်ငံရေးပြဿနာများကြောင့် အခြေအနေကတင်းမာနေသည်။ အဓိကပြဿနာမှာ ပြည်နယ်များကို ပူးပေါင်းပြီး သမ္မတနိုင်ငံ ထူထောင်မလား၊ ပြည်နယ်တွေခွဲပြီး အခွင့်အာဏာခွဲဝေပေးသည့် သမ္မတစနစ်ကို ထူထောင်မလား ဝိဝါဒများ ကွဲပြားနေသောကြောင့်ဖြစ်သည်။

ထိုပြဿနာမှာ ဒတ်ချ်တို့စိုးမိုးအုပ်ချုပ်ချိန်ကလည်း ဖြစ်ပွားခဲ့ဖူးသည်။ အချို့ဆိုလျှင် ပြည်နယ်များ ခွဲထွက်ရေးအတွက် လမ်းတွေပေါ်ထွက်ပြီး ဆန္ဒပြနေကြသည်။

၁၉၅၀ ဧပြီလ ၅ ရက်နေ့တွင် ဒုဗိုလ်မှူးကြီး မိုကိုဂင်တာသည် ဗိုလ်ကြီးအန်ဒီအဇစ်ကိုဖမ်းရန် အမိန့်ထုတ်လုနီးပါးဖြစ်သွားခဲ့ရသည်။ ထိုအချိန်တွင် မာကာဆာရှိ စစ်ရဲများထံမှ လက်နက်များကို ယခင် KNIL တပ်နှင့် KL (ဒတ်ချ်ဘုရင့်တပ်) မှ သိမ်းပိုက်ထားလိုက်သည်။ နောက်ပိုင်း မာကာဆာကို ဗိုလ်ကြီးအန်ဒီအဇစ်နှင့် သူ့တပ်ဖွဲ့များက ထိန်းသိမ်းလိုက်ပြီး အင်ဒိုနီးရှားတပ်မတော် RIS ကိုပင် ဆန့်ကျင်ကာ တောင်ဆူလာဝီစီသို့ တပ်များမစေလွှတ်ရန် သတိပေးသည်အထိ အတင့်ရဲလာသည်။ သူ့အပြောသည် ဖြီးလုံးလုန့်လုံးများမဟုတ်ကြောင်း ထင်ရှားစေလိုသဖြင့် ဗိုလ်ကြီးအဇစ်သည် သူ့တပ်ကို လက်နက်ကြီးများအပြင်၊ ဖုံးကြဲလေယာဉ်ကိုပါ ဖြည့်ဆည်းထားလိုက်သေးသည်။

ဂျာကာတာရှိ အစိုးရအနေဖြင့် 'အန်ဒီအဇစ်အရေး' ကို ပထမဦးဆုံးဖြေရှင်းသည့်အနေဖြင့် အဇစ်ကို နေပြည်တော်သို့ ခေါ်တွေ့ရန် ကြိုးပမ်းရသည်။ သူကလည်း လာရန်သဘောတူပြီးမှ မလာသဖြင့် သူ့ကိုသောင်းကျန်းသူအဖြစ် ကြေညာလိုက်ရသည်။ ကာကွယ်ရေးဝန်ကြီးဌာနက သူ့ကို တရားဥပဒေချိုးဖောက်မှု၊ စစ်စည်းကမ်းဖောက်ဖျက်မှု၊ စစ်သည်ကျင့်ဝတ်မလိုက်နာမှုများဖြင့် အရေးယူရန် ဆုံးဖြတ်လိုက်သည်။ သမ္မတ ဆူကာနိုကိုယ်တိုင်ပင် အဇစ်ပုန်ကန်မှုကို ရေဒီယိုသတင်းမှ ပြန်ကြားရခြင်းဖြစ်သည်။

ဧပြီလ ၇ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးက ထိုပုန်ကန်မှုကို နှိမ်နင်းရန် ဆုံးဖြတ်လိုက်သည်။ ထိုစစ်ဆင်ရေးကို ဦးဆောင်သူမှာ ဗိုလ်မှူးကြီး ကာဝီလာရန် ဖြစ်ပြီး၊ မြောက်ဆုမာတြတိုင်း တပ်မှူးကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။ ထို သူပုန်နှိမ်နင်းရေးတပ်တွင် အမှတ် ၁၈ တပ်ရင်း၊ ကျွန်တော်အုပ်ချုပ်သည့် ဂျာဗားအလယ်ပိုင်းတိုင်းတပ်ရင်း၊ အမှတ် ၁၃ တပ်ရင်းနှင့် ဂျာဗားအရှေ့တပ်ရင်းများပါဝင်သဖြင့် ခိုင်မာတောင့်တင်းသည့် တပ်ဖွဲ့ကြီးဟု ဆိုနိုင်သည်။

www.foreverspace.com.mm

ဧပြီလ ၈ ရက်နေ့တွင် ကျွန်တော်သည် အမှတ် ၃ ဒီပိုနီဂိုရို တပ်ရင်း၏ တပ်ရင်းမှူးအနေဖြင့် ဦးဆောင်ချီတက်ရသည်။ ကျွန်တော့်တပ်ရင်း၏တာဝန်မှာ တံတားအရှင်များကို ထိုးရန်ဖြစ်ပြီး တပ်ရင်းနှစ်ရင်းကို ဦးစီးလုပ်ကိုင်ရမည်ဖြစ်သည်။ ဒတ်ချ်တို့နှင့် ဒုတိယအကြိမ်စစ်ဆင်ရေးပြီးကတည်းက ကျွန်တော့်အုပ်ချုပ်မှုအောက်တွင်ရှိသည့် အမှတ် ၁၀ တပ်ကို မာတရမ်တပ်ဟူ၍ အမည်ပေးထားသည်။ တပ်အလံတွင် အဝါရောင် လူတစ်ပိုင်းငှက်တစ်ပိုင်းအရုပ်နှင့် 'Mataram' ဆိုသည့် စာတန်းကို ရေးထိုးထားသည်။ နောက်ပိုင်း ဂရုဒါမာတရမ်တပ်ဟူ၍ အမည်တွင်သွားသည်။

ကျွန်တော်ဦးစီးရသည့် တပ်ရင်းကြီးနှစ်ရင်းသည် ကရက်စ်နိုတပ်ဖြစ်ပြီး ဒါယက်မို၏လက်အောက်တွင်ရှိသည်။ ဆီနိုတပ်က ဗိုလ်မှူး ဆူဂျိုနိုလက်အောက်တွင်ရှိသည်။ အခြားတပ်များကဲ့သို့ပင် ကျွန်တော့်မာတရမ်တပ်ကလည်း ခိုင်မာတောင့်တင်းသည့် တပ်တစ်တပ် ဖြစ်သည်။ ကျွန်တော်တို့ စစ်ချီရန်ပြင်ဆင်ချိန် ငါးရက်သာရပြီးနောက် စစ်ထွက်ခဲ့ကြသည်။



အရာရှိများအတွက် ပစ္စတိုနှင့် တောလိုက်ရိုင်ဖယ်များ ကိုင်ရသည်။ ခြေလျင်တပ်အတွက် စတင်းနှင့်ဘရင်း သေနတ်များ ကိုင်ဆောင်ခွင့်ပြုထားသည်။ အပေါ့စားမော်တာများကို ကျန်တပ်သားများက သယ်ဆောင်လာရသည်။ လက်နက်ကြီးများအနေဖြင့် ၁၂ ဒသမ ၇ မီလီမီတာ လေယာဉ်ပစ်သေနတ်ကြီးများသာ ပါသည်။

အရှေ့အင်ဒိုနီးရှားမှ ခွဲထွက်ရေးဝါဒီများ ဆူပူကန့်ကွက်နေသည့်ကြားမှ ၁၉၅၀ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် RIS ယာယီအောက်လွှတ်တော်က အင်ဒိုနီးရှားပြည်ထောင်စုသမ္မတနိုင်ငံကို ထူထောင်ရန် ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်သည် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့ကတည်းက လွတ်မြောက်ရေးကြေညာစာတန်းတွင် ဖွင့်ဟကြေညာထားပြီးသားဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ကျွန်တော်တို့ တောင်ဆူလာဝီစီသို့ စစ်ချီထွက်လာခဲ့ကြခြင်း ဖြစ်သည်။ ကျွန်တော် မာကာဆာသို့ရောက်ပြီး ၁၉၅၀ ပြည့်နှစ် ဩဂုတ်လ ၁၇ ရက်နေ့မှ RIS ကို အင်ဒိုနီးရှားသမ္မတနိုင်ငံအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

ဧပြီ ၁၄ ရက်နေ့တွင် မာတရမ်တပ်သည် ရှေ့တန်းဌာနချုပ်တွင် အပြီးသတ်ပြင်ဆင်ပြီးကြောင်း သတင်းပို့နိုင်ခဲ့သည်။ ယိုဂျာမှ ကျွန်တော်တို့ ထွက်ခွာလာကြပြီး မိသားစုနှင့်ပြန်ဆုံနိုင်ရေးမှာလည်း မရေရာမသေချာလှပေ။ လွတ်မြောက်ရေးတိုက်ပွဲဆင်နွှဲရန် ကျန်နေသေးသည်မဟုတ်ပါလား။

ဘီဒိုနိုမှ ဆီမာရန်သို့ချီတက်ရာလမ်းတစ်လျှောက်တွင် အနီ၊ အဖြူနှင့် အပြာရောင် ဒတ်ချ်အလံများကို တွေ့နေရသည်။ KL တပ်နှင့် KNIL တပ်များသည် နောက်ထပ်အမိန့်များကို စောင့်စားနေကြ

www.foreverspace.com.mm

သည်။ ချီတက်ရာလမ်းကြောင်းတစ်လျှောက် တိုက်ပွဲတွေနှင့် မကြုံတွေ့ရသေးပေ။ သို့သော် ကျွန်တော်တို့ ကိုယ့်စည်းကမ်းနှင့်ကိုယ် နေခဲ့ကြသည်။

ဧပြီ ၁၇ ရက်နေ့တွင် ကာကွယ်ရေး ဦးစီးချုပ် ဆီမာရန်၊ ဒုဗိုလ်ချုပ်ကြီး ဆန်တော့ အစ္စကန်ဒါဒီနာတာက ကျွန်တော့်ကို ခေါ်ပြီး မာတရမ်တပ်ကို ဘွန်တိန်းသို့ ချီတက်ရန် တာဝန်ပေးသည်။ ဘွန်တိန်းကို သိမ်းပြီးလျှင် ထိုမြို့ကိုအုပ်ချုပ်ရန်ပါ တာဝန်ပေးလိုက်ခြင်း ဖြစ်သည်။ နောက်ပိုင်း အမိန့်အရ မာကာဆာသို့ ကျွန်တော့်တပ်ရင်းဖြင့် ထွက်ခွာခဲ့ရသည်။

နောက်တစ်နေ့တွင် ဗိုလ်မှူးကာဝီလရန်၊ ဗိုလ်မှူးဂါတော့ဆိုဘရိုတိုတို့နှင့် ပူးပေါင်းပြီး ကရက်စ်နိုနှင့် ဆီနိုတပ်ရင်းများကိုစစ်ဆေးရန် ထွက်ခွာခဲ့သည်။ အားလုံးထွက်ခွာရန် အသင့်အနေအထားတွင်ဖြစ်နေသည်။

နှိမ်နင်းရေးတပ်အနေဖြင့် ကျွန်တော့်တွင်အပြည့်တာဝန်ရှိနေပြီး ရရှိသည့်သတင်းအချက်အလက်က နည်းသည်ဆိုစေ ကျွန်တော့်တွင် လူအင်အား၊ လက်နက်အင်အားအပြည့်ဟု ဆိုနိုင်သည်။ ဧပြီ ၁၉ ရက်နေ့တွင် မာတရမ်တပ်ရင်းကို လက်နက်အပြည့်အစုံဖြင့် ဝေဝီရမ်သင်္ဘောပေါ်သို့ အရောက်ပို့နိုင်ခဲ့သည်။ နောက်တစ်နေ့တွင် ရေယာဉ်များ အသင့်ပြင်ဆင်ကာ ၂၁ ဧပြီ ညနေ ၆ နာရီတွင် သတ်မှတ်နေရာ အရောက် ချီတက်နိုင်ခဲ့သည်။ စစ်ဆင်ရေး၏ စကားဝှက်မှာ 'မာကန်'ဖြစ်ပြီး အဓိပ္ပာယ်မှာ 'ကျား' ဖြစ်သည်။ ကျွန်တော်တို့၏ပစ်မှတ်မှာ 'ကီလာပါ'(အုန်းသီး) ဖြစ်သည်။

ဧပြီလ ၂၄ ရက်နေ့ ည ၁၁ နာရီခွဲခန့်တွင် ဟန်တောစစ်ရေယာဉ်ပေါ်တွင် ဗိုလ်မှူးကြီး ကာဝီလရမ်က စစ်ဆင်ရေးကို ပြောင်းလိုက်ကြောင်း မိန့်ခွန်းပြောကြားသည်။ ထိုအချိန်တွင် ဒီဘရေးကျွန်းနှင့် နီးကပ်နေပြီဖြစ်သည်။ ဗိုလ်ကြီးအန်ဒီ အဇစ်သည် ဂျာကာတာအစိုးရထံတွင် လက်နက်ချလိုက်သောကြောင့်ဖြစ်သည်။ ဝိုရမ်တပ်ရင်းက ဂျီနီပွန်တိုတွင်ဆင်းပြီး မာကာဆာကို သိမ်းပိုက်လိုက်တော့သည်။

ကျွန်တော့်တပ်ရင်းလည်း မာကာဆာသို့ တိုက်ရိုက်သွားရတော့သည်။ ကျွန်တော့်ကို မာကာဆာဒေသတွင် တပ်ရင်းမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ မာကာဆာဒေသသည် ဂျီနီပွန်တိုမှ လွန်ပိုဘာတန်တောင်ကုန်းအထိ ကမ်းရိုးတန်းဒေသကိုခေါ်ဆိုခြင်းဖြစ်သည်။ မြောက်ပိုင်းမှဆိုလျှင် ပန်ကာနာအရှေ့စူးစူးအထိ ပေါက်သည်။ မာကာဆာမြို့တော်သည် KMK မြို့စောင့်တပ်လက်အောက်တွင် ရှိသည်။

ကျွန်တော့်တပ်သည် ဧပြီလ ၂၆ ရက်နေ့တွင် ကုန်းပေါ်သို့တက်ခဲ့ရာ ပြည်သူတို့ လှိုက်လှဲစွာကြိုဆိုကြသည်။ KNIL နှင့် KL တပ်များ၏ လူမဆန်စွာ ဖိနှိပ်မှုများကို သူတို့အောင့်အည်းသီးခံနေခဲ့ရသည်မဟုတ်ပါလား။ ယခင် KNIL နှင့် KL တပ်ဖွဲ့ဝင်ဟောင်းများသည် ကျွန်တော်တို့ရောက်လာခြင်းကို အတော်လေးမကျေမချမ်းဖြစ်နေကြသည်။ အဇစ်က လက်နက်ချလိုက်၍ သူတို့ဘဝပျက်ခဲ့ရသည်ဟု ယူဆနေကြသည်။ မလိုမုန်းတီးမှုများကြောင့် ဆူပူအကြမ်းဖက်မှုများဖြစ်ပွားပြီး အသက်ဆုံးရှုံးမှုတွေလည်း ဖြစ်ပွားခဲ့ရသည်။

KNIL နှင့် KL တပ်ဖွဲ့ဝင်ဟောင်းများအပြင် အခြားလုံခြုံရေးဆိုင်ရာပြဿနာတွေကလည်း အများကြီးရှိသေးသည်။ အကြမ်းဖက်အုပ်စုတစ်စုဖြစ်သည့် ပါစူကန်ဂျရေးလျှအဖွဲ့သည် မထင်မရှား ဆူပူအုံကြွနေပြီး RIS တပ်မတော်တွင် လက်နက်ချရန် ငြင်းဆန်နေကြသည်။

ကျွန်တော်တာဝန်ကျရာဒေသတွင် ဟာဘီဘီမိသားစုကို ကျွန်တော်သိကျွမ်းခဲ့ရသည်။ မာတရမ်တပ်စခန်းချရာနေရာနှင့် မျက်နှာချင်းဆိုင်လမ်းတစ်ဖက်တွင် နေထိုင်ကြသူများဖြစ်သည်။ ကျွန်တော် သူတို့ကို အမြဲအမှတ်ရနေမိသည်။ ဟာဘီဘီအိမ်သည် ကျွန်တော်တို့ကို အိမ်ပြန်ပြီးအမှတ်ရစေသည်။ အဘူဟာဘီဘီသည် ယိုဂျာမှ လာသူဖြစ်ပြီး ဂျာဗားဘာသာစကားကို ကောင်းစွာပြောတတ်သည်။ ဂျာဗားကျွန်းမှ ဇာတ်လမ်းများကို အဘွားဟာဘီဘီ ပြောပြသည်ကို နားထောင်ရသည်မှာ ကျွန်တော်တို့လို အိမ်နှင့်ဝေးနေရသူတွေအတွက် ဆွေးစရာဖြစ်နေသည်။

တစ်ညတွင် တပ်ရင်းတပ်ဖွဲ့ဝင်များ အိပ်ပျော်နေခိုက် ဟာဘီဘီ၏ ကလေးနှစ်ယောက်က ကျွန်တော်တို့ဘားတိုက်သို့လာပြီး ၎င်းတို့ဖခင်ဖြစ်သူ အတော်လေးအသည်းအသန်ဖြစ်နေကြောင်း ပြောကြသည်။ ဒေါက်တာအစ္စရမ်းနှင့်အတူ ကျွန်တော်လည်း လိုက်သွားပြီး လူနာကို သွားကြည့်ကြသည်။ တတ်နိုင်သလောက် ပြုစုကုသပေးကြသော်လည်း အရှင်မြတ်က မျက်နှာသာမပေးတော့။ ဘာပတ်ဟာဘီဘီသည် ညနေခင်းဝတ်ပြုဆုတောင်းချိန်တွင် နှလုံးရောဂါဖောက်လာပြီး အသက်ပျောက်သွားတော့သည်။ ဆရာဝန်နှင့် ကျွန်တော်အပါအဝင် မိသားစုများရှေ့မှောက်တွင် ကွယ်လွန်သွားခြင်းဖြစ်သည်။ သူ့ကို အမှားလုပ်မိလျှင် ခွင့်လွှတ်ပါမည့်အကြောင်း အရှင်မြတ်ထံခွင့်ပန်ကာ မျက်လုံးများကို ပိတ်ပေးလိုက်သည်။

ဟာဘီဘီမိသားစုသည် အတော်လေး စိတ်မကောင်းဖြစ်နေကြသည်။ အဘူ ဟာဘီဘီသည် သူတို့သားတစ်ယောက်ဖြစ်လာမည့် ဘီဂျေဟာဘီဘီ၏ ကိုယ်ဝန်ကို လွယ်ထားရသည်။ နောင် ဘီဂျေဟာဘီဘီသည် အစိုးရအဖွဲ့တွင် အရေးပါသူတစ်ယောက်ဖြစ်လာသည်။ မာတရမ်တပ်ရင်းသည် အသုဘအခမ်းအနားကို တက်ရောက်ပြီး ကောင်းစွာသဂြိုဟ်ပေးခဲ့သည်။

ဟာဘီဘီမိသားစုနှင့် ကျွန်တော်တို့ ပိုပြီးရင်းနှီးရန် အကြောင်းဖန်လာခဲ့သည်။ ကျွန်တော့်တပ်မှအရာရှိတစ်ဦးသည် ထိုမိသားစုမှ တစ်ဦးနှင့် ပတ်သက်ငြိစွန်းကြသည်။ ဘီဂျေဟာဘီဘီ၏ အစ်မတစ်ဦးနှင့် ဗိုလ်ဆူဘိုနိုတို့ လက်ထပ်လိုက်ကြသည်။ ကျွန်တော်က တပ်ရင်းမှူးတစ်ယောက် အနေဖြင့် ယောက္ခမနေရာတွင် မတ်တတ်ရပ်ပေးခဲ့ရသည်။

www.foreverspace.com.mm

မာကာဆာရှိ ဈေးတစ်ခုဖြစ်သည့် ပါဆာဆမ်ဘန်ဂျာဝါတွင် မေလ ၁၄ ရက်နေ့၌ အကြမ်းဖက်မှုတစ်ခုဖြစ်ပွားခဲ့သည်။ ဆီလီဝမ်ဂီတပ်ရင်းမှ သတင်းတစ်ခုရလိုက်သည်။ APRIS နှင့် ဒတ်ချ်တို့ လွှတ်လိုက်သည့်စစ်ရဲများသည် မကြာမီ ထိုအကြမ်းဖက်မှုကို လာရောက်နှိမ်နင်းတော့မည်ဆိုသည့်သတင်း ဖြစ်သည်။ ထိုသတင်းကို KNIL/KL စစ်သားတစ်ယောက်ထံမှ ရရှိခြင်းဖြစ်သည်။

နောက်တစ်နေ့တွင် ကမ်ပန်ဘွန်း၌ ဆူပူမှုတစ်ခု ထပ်မံဖြစ်ပွားပြန်သည်။ KNIL/KL စစ်သားများ ဆူပူမှုကို မထိန်းနိုင်တော့။ ထရပ်ကားများပေါ်မှ ကန့်ကွက်သူတစ်ယောက်ကို သေနတ်ဖြင့်ပစ်သတ်လိုက်ကြသည်။ ဆီလီဝမ်ဂီမှပြည်သူများသည် ချက်ချင်းလက်တုံ့ပြန်ကြသဖြင့် မာကာဆာအနေအထားက ပေါက်ကွဲလုနီးပါးဖြစ်သွားသည်။ ကျွန်တော်က ပြဿနာကိုဖြေရှင်းသည့်အနေဖြင့် KNIL/KL တပ်များကို ဘားတိုက်သို့ ပြန်သွားစေချင်သည်။ ပြည်သူတွေကလည်း ပေါင်းစည်းမိရာမှ အင်အားစုကြီးတစ်ခုဖြစ်သွားသည်။ မြို့စောင့်တပ်မှူးတစ်ယောက်အနေဖြင့် ကျွန်တော့်တွင် တာဝန်ရှိသောကြောင့် အရေးပေါ်အခြေအနေကို ထုတ်ပြန်လိုက်ရသည်။ စစ်တပ်အားလုံး လှုပ်ရှားမှုနှင့် လက်နက်အသုံးပြုမှုများကို တားဆီးလိုက်ရသည်။ သို့သော် အရေးအခင်းဖြစ်ပေါ်နေမှုကိုကား မတားဆီးနိုင်ခဲ့ပေ။

မေလ ၁၆ ရက်နေ့တွင် ပြင်းထန်သော အကြမ်းဖက်တိုက်ခိုက်မှုကြီးတစ်ခု ထပ်မံဖြစ်ပွားပြန်သည်။ ကျွန်တော်က ရပ်ကွက်တစ်ခုကို တပ်ခွဲတစ်ခွဲလွှတ်ပြီး ထိန်းရသည်။ နောက်နှစ်ရက်အကြာတွင် တိုက်ခိုက်မှုများ ရပ်စဲသွားသည်။ သို့သော် နှစ်ဖက်စလုံး အသက်တွေ ဆုံးရှုံးကြရသည်။

APRIS နှင့် KNIL/KL တပ်များကြားတွင် တွေ့ဆုံဆွေးနွေးပွဲတွေ စီစဉ်ရတော့သည်။ ဒတ်ချ်စစ်ရဲများနှင့် APRIS တပ်ဖွဲ့ဝင်များသည် KNIL/KL တပ်ဖွဲ့များကိုစောင့်ကြည့်ရန် သဘောတူညီမှု ရရှိခဲ့သည်။ တပ်ဖွဲ့နှစ်ဖွဲ့ကြားတွင် စည်းခြားထားလိုက်နိုင်သော်လည်း တစ်ဦးနှင့်တစ်ဦး လက်စားချေလိုစိတ်ကိုတော့ စည်းခြားမသတ်မှတ်နိုင်ခဲ့ပေ။

အခြေအနေက အေးဆေးတည်ငြိမ်သွားသည်ဆိုသော်လည်း စိုးရိမ်ပူပန်မှုတွေကတော့ ရှိနေဆဲဖြစ်သည်။ ဩဂုတ်လ ၁ ရက်နေ့တွင် နောက်ထပ်ဆူပူမှုတစ်ခု ထပ်မံဖြစ်ပွားပြန်သည်။ Q တပ်ဖွဲ့မှ ဗိုလ်ယန်အီကဲဆိုသူသည် ခွင့်နှင့်ပြန်သွားရာမှ ပြန်ရောက်လာသည်။ သူသည် မာကာဆာတွင် ဖြစ်ပျက်နေသည့် အခြေအနေတွေ



www.foreverspace.com.mm

ကိုမသိ။ သို့ဖြစ်ရာ အမှုမဲ့အမှတ်မဲ့ KNIL/KL ဧရိယာအတွင်းသို့ ရောက်သွားခဲ့သည်။ သူ့ကို သတိပေးတားမြစ်ခြင်းမရှိ ပစ်သတ်လိုက်ကြသည်။ ယန်အီကဲ ဈာပနတွင် အားလုံး၏မျက်နှာများ၌ ဒေါသမီးတွေ တောက်လောင်နေကြသည်။

ဩဂုတ်လ ၅ ရက်နေ့တွင် မာတရမ် တပ်ရင်းဌာနချုပ်ရှိ အုန်းပင်တန်းကို KNIL/KL တပ်များက တင့်ကားများသုံးကာ ဝင်ရောက်တိုက်ခိုက်တော့သည်။ သူတို့တွင် သံချပ်ကာကားနှင့် ဘရင်းကယ်ရီယာများပင်ပါလာသည်။ သေနတ်သံတွေကို တစ်မြို့လုံးကြားနေရသည်။ ကျည်ဆန်တွေက ကျွန်တော်တို့ခေါင်းပေါ်တွင် လျှပ်ပျံနေကြသည်။ ကျွန်တော် ဂျာကာတာမှပြန်ရောက်ပြီး တစ်နာရီခန့်တွင် ဌာနချုပ်ကို အတိုက်ခံရခြင်းဖြစ်သည်။ ကျွန်တော့်ကို မာကာဆာရှိ ကာဟာမူဇတ်ကာထံ တာဝန်များလွှဲပြောင်းခဲ့ရန်အတွက် စစ်ဦးစီးချုပ်ရုံးမှ ဆင့်ခေါ်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ကျွန်တော်က ထိုအစီအစဉ်ကို ရွှေ့ဆိုင်းထားရန် ပြန်လည်ဆွေးနွေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ယိုဂျာတွင်ရှိစဉ်က မူဇတ်ကာ၏ အကျင့်စရိုက်ကို ကျွန်တော်က သိထားသောကြောင့်ဖြစ်သည်။ သူသည် စစ်စည်းကမ်းကိုလိုက်နာသူမဟုတ်သည်သာမက တစ်ချိန်က သူ့ကို လက်နက်ကိုင်ဆောင်ခွင့် ပိတ်ပင်ခဲ့ဖူးသောကြောင့်ဖြစ်သည်။

ရန်သူ၏လှုပ်ရှားမှုများကို KL အရာရှိတွေက အမိန့်ပေးနေခြင်းဖြစ်သည်။ သူတို့အထဲတွင် ဗိုလ်မှူးကြီး မော့စ်ထရစ်နှင့် ဒုဗိုလ်မှူးကြီး တစ်မန်းတို့က ဦးဆောင်နေကြောင်းသိရသည်။

ကျွန်တော်က အမြောက်တစ်လက်ဖြင့် တယ်လိုကို တိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။ စစ်ရေယာဉ်များမှလည်း KNIL/KL တပ်ရင်းများတပ်စွဲထားသည့်နေရာသို့ အမြောက်များဖြင့် ကူပစ်ပေးကြသည်။ ရန်သူများ ရှေ့မဆက်နိုင်စေရန် ကျွန်တော်တို့ ပြန်လည်ထိုးစစ်ဆင်နိုင်သဖြင့် သူတို့ဘားတိုက်များဆီသို့ ပြန်ဆုတ်သွားကြတော့သည်။

ကျွန်တော်တို့က တန်ပြန်စစ်ဆင်ရေးကို ဩဂုတ်လ ၆ ရက်နေ့တွင် ပြန်လည်ပြုလုပ်ခဲ့သည်။ တကယ့်ရက်စက်ကြောက်မက်ဖွယ်ကောင်းသည့် တိုက်ပွဲကြီးတစ်ခုဖြစ်သွားခဲ့ရသည်။ ရန်သူများသည် ခံစစ်ဖြင့် ဘားတိုက်များဆီတွင် အသေအလဲ ပြန်လည်ခုခံနေကြသည်။ နောက်တစ်နေ့တွင် KNIL/KL တပ်က ပြန်လည်ထိုးစစ်ဆင်ရန်ကြိုးစားသော်လည်း ကျွန်တော်တို့က ပြန်တိုက်ထုတ်လိုက်နိုင်ပြီး အပြီးတိုင်ချေမှုန်းရန် ကျွန်တော်က အမိန့်ပေးလိုက်သည်။

ကျွန်တော်တို့က KNIL/KL တပ်များကို ချေမှုန်းနေစဉ် ဂျာကာတာရှိအစိုးရထံ တိုက်ခိုက်မှုများရပ်စဲပေးရန် သူတို့က ဖိအားတွေပေးပြန်သည်။ ဩဂုတ်လ ၈ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရန် အမိန့်ထွက်လာသည်။ ပိုထူးဆန်းသည်က ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးရန် ဒတ်ချ်တွေ ပါလာခြင်းဖြစ်သည်။ ကျွန်တော် အတော်လေးသံသယဖြစ်သွားမိသည်။ အတွေ့အကြုံအရ ကျွန်တော်က KNIL/KL တပ်များကို မာကာဆာမှထွက်သွားပြီး လက်နက်များကိုထားခဲ့ရန်မှတစ်ပါး အခြားမရှိဟု ယူဆသည်။

ဗိုလ်မှူးကြီး ကာဝီလာရန်သည် ရန်သူများနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်သာ ညွှန်ကြားလာသည်။ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးရန်သာရှိတော့သည်။

ဆွေးနွေးသည်ဆိုခြင်းထက် ညှိနှိုင်းခြင်းသဘောကို မာကာဆာ စီတီးဟိုတယ်တွင် ဆက်လက်ကျင်းပကြသည်။ ကျွန်တော်တို့အဖွဲ့ကိုဦးဆောင်သူမှာ ဗိုလ်မှူးကြီး ကာဝီလာရန်ဖြစ်သည်။ ဒတ်ချ်ပြောရေးဆိုခွင့်အဖွဲ့ကိုဦးဆောင်သူမှာ ဗိုလ်ချုပ်ရုက်ဖယ်လားဖြစ်သည်။ KNIL/KL တပ်အားလုံး မာကာဆာမှ ဆုတ်ခွာသွားရန်နှင့် သူတို့လက်နက်များ၊ ယာဉ်များကို စွန့်ခွာသွားရန် သဘောတူညီလိုက်ကြသည်။

ဩဂုတ်လ ၉ ရက်နေ့ ညနေ ၃ နာရီခွဲတွင် KNIL/KL တပ်များသည် လက်နက်များအပါအဝင် သံချပ်ကာကား၊ ဘရင်းကယ်ရီယာကားနှင့် ကင်းထောက်ကားများကို RIS တပ်မတော်သို့ လွှဲပြောင်းပေးအပ်သည်။ U.N.C.I ကကြားဝင်ပြီး ဆောင်ရွက်ပေးသည်။

လက်နက်ချထားသည့် KNIL/KL တပ်သားများကို မာကာဆာမှ ဩဂုတ်လ ၁၄ ရက်တွင်စတင်ပြီး ၂၂ နေ့အထိ သယ်ယူပို့ဆောင်ပေးမည်ဖြစ်သည်။ သူတို့ထွက်ခွာသွားသည်နှင့် အန်ဒီအဇစ်၏ သောင်းကျန်းပုန်ကန်မှုလည်း ချုပ်ငြိမ်းသွားတော့သည်။ ၁၉၅၃ ခုနှစ်တွင် ယိုဂျာတွင် စစ်ခုံရုံးဖွဲ့ကာ အဇစ်ကို ထောင်ဒဏ် ၁၄ နှစ် ချမှတ်လိုက်လေသည်။

ထိုအချိန်တွင် စစ်တပ်ခေါင်းဆောင်များက ကာဟာမူဇတ်ကာကို မာကာဆာသို့ပို့ရန် ဆုံးဖြတ်လိုက်ကြသည်။ ဘာကြောင့်သူ့ကို ဤနေရာသို့ပို့မည်ကို နားမလည်နိုင်လောက်အောင်ဖြစ်နေသည်။ သူ ဘယ်လိုလူစားဆိုတာ ကျွန်တော်ကောင်းကောင်းသိသည်။ စစ်တပ်၏ ဆုံးဖြတ်ချက်ကို ကျွန်တော် ကန့်ကွက်သည်။ မူဇတ်ကာသည် ယုံကြည်စိတ်ချရသူမဟုတ်။ တောင်ဆူလာဝီစီတွင် သူကောင်းကောင်း မွှေနိုင်သည်။ ကျွန်တော်ထင်သည့်အတိုင်း ဖြစ်လာသည်။ နှစ်ပေါင်းများစွာ ထိုနေရာတွင် ပြဿနာရှာသွားခဲ့သည်။

၁၉၅၀ ပြည့် စက်တင်ဘာလကုန်လောက်တွင် မာတာရမ်တပ်ရင်း ဂျာဗားအလယ်ပိုင်းသို့ပြန်လာသည်။ ကျွန်တော့်ရဲဘော် ၁၇ ယောက် နိုင်ငံ့သူရဲကောင်းများအဖြစ် ကျဆုံးခဲ့ရသည်။ ကျွန်တော် သူတို့ကိုအလေးအမြတ်ပြုလိုက်ပါသည်။ အရှင်မြတ်ကောင်းချီးပေးပါစေသော်။

ထို့နောက် ကျွန်တော် ယိုဂျာရှိ မိသားစုထံသို့ပြန်ခဲ့သည်။

**တင်ညွန့်**

■